www.burmeseclassic.com

မဟိဒ္ဒိစာပေ

# ပြစ်မှု မဂ္ဂဇင်း






## လက်ဗွေ နှင့် လူသတ်မှု




- ခင်မောင်ထွန်း(လမ်းမတော်)၏ ဘိုးတော်ဆိုတိုင်း..(စာ - ၄၁)
- လူသတ်မှု၌ ဆရာဝန်နှင့် ဝတ်လုံ (စာ - ၄၇)
- သေရွာပြန်တစ်ဦးရဲ့ ကြောက်လန့်ဖွယ်ရာ (စာ - ၆၅)
- လေးမောင်၏ ဆားကျင်းအန္တရာယ် (စာ - ၉၄)
- ကရင်မလင် နန်းတော်မှ အထူးစားပွဲ (စာ - ၁၁၂)


www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်မှ စတင်၍ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး တည်ထောင်ခဲ့သည်

မောင်မောင်မြင့်အား စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့

BURMESE CLASSIC

သော်ကြားမှ ဆားညှပ်မီးရှူး(......ရွှေ)၊ နန္ဒာမိုးကြယ်၊ ကေလတ်၊ စိုးစိုး။

---

ဒေါ်ပြုံး(မြဲ-၀၂၉၆၀)၊ အမှတ်-၁၀၃(ပ)၊ တိုက်-၂/၄၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ ဒေါ်မြတ်ဇင်ဇင်မိုး၊ စန္ဒာညွှန့် ပုံနှိပ်တိုက်(ယာယီ-၁၀၇၆၀)၊ အမှတ်-၁၇၁၊ မြေညီထပ်၊ လမ်း(၄၀)၊ အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

(အုပ်ရေ - ၁၀၀၀ ၊ တန်ဖိုး - ၁၃၀၀ ကျပ်ဖြင့် ဖြန့်ချိသည်)

အယ်ဒီတာအဖွဲ့ နှင့် ကြော်ငြာ ဖြန့်ချိရေး

လာဘ်မိုးရွှေစင်ပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

www.burmeseclassic.com

www.burmeseclassic.com

# ပြစ်မှု

မဂ္ဂဇင်း

## မာတိကာ

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ အမှတ်(၂၂၉)

### ကဗျာ ပြစ်မှု

မင်းရွှေမိုး၊ ကိုကြီးသိန်း(ချောက်)၊ ခိုင်သက်အောင်၊ ကျော်မြင့်(မြောင်းမြ)၊ ကျော်လွင်ဦး(ပျဉ်းမနား)၊ ထွန်းအောင်ရင်၊ ခသောင်းဆင့်(အိုင်မခေါင်)၊ မင်းထက်သားညီ(တောင်ငူ)

### ကာတွန်း ပြစ်မှု

မြေဇာ၊ မြေရိုင်း၊ ဥညညို(သံတွဲ)၊ စိုးလွင်အောင်၊ ရန်ကြီးအောင်၊ လင်းထူးဇော်၊ ရွှေကိုဦး၊ သူရိန်။

### စာပေသုခမ သတင်းလွှာ


ပြစ်မှုစာအုပ်စင်

ကာသစ်နီ ---------- ၂၅

သုခုမသတင်းလွှာ

အမ်ဏေ ---------- ၂၇


### နိုင်ငံရပ်ခြားသတင်း ပြစ်မှု


ထိပ်တန်းသိပ္ပံပညာရှင်များက အီးစီးကရက်နှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ သတိပေး

မောင်မောင်စန်းထွေး ---------- ၅

မော်တော်ယာဉ်မောင်းသူများအတွက် ဘေးအန္တရာယ်များ

ဦးဦးသိန်း ---------- ၁၇

ခိုးယူခြင်းခံနေရသော ရှေးဟောင်းအမွေအနှစ် အနုပညာလက်ရာများ

မြသိန်း ---------- ၂

အလုပြင်ရာမှ အလုပျက်သွားသူများ

ဦးဦးသိန်း ---------- ၂


### ရယ်စရာ ပြစ်မှု


ပြစ်မှုဆိုင်ရာ ရယ်စရာ

ကိုရွှေတောသား ----------


www.burmeseclassic.com

www.burmeseclassic.com

26 AUG 2014

## ရသ ပြစ်မှု

ပြုတ်ဆိုး(သို့မဟုတ်)အနက်ထည်
သောင်(ရမည်းသင်း) ——— ၇၂
ကမ်မတင်လေး
တင်သိန်းဇော်ဇ ——— ၈၀
စေတနာသည်ပင်လျှင် တစ်ခါတစ်ရံ အမှားဖြစ်တတ်သည်
ဦး ——— ၈၈
သားကျောင်းအန္တရာယ်
ခင် ——— ၉၄
င်းသမီး၏ သက်တော်စောင့်
လျှမ်းဟိန်းထက် ——— ၁၀၄
တော်ခေါင်းဆောင်သော စားပြမှု
နောက်(အငြိမ်းစား) ——— ၁၅၀
လုပ်ကြားမှ ဆားညှပ်ခံရသူ
ကိုင် ——— ၁၆၈
သတင်းထောက်ဒီပဇော်နှင့် ပန်းတစ်ပွင့်အမှန်း
ဦး(အိမ်မဲ) ——— ၁၇၄
မှောင်ထဲမှ ခေါ်သံ
ဇော်(သုံးဆယ်) ——— ၁၇၈
သေသားလည်း အသားပါပဲ
ခဲ့ကျော် ——— ၁၈၂
ထွက်ခြင်း အလင်္ကာ
င်သာမန်(ဦးကုန်း) ——— ၁၈၈
ယ်သူ မှန်သလဲ
အောင်စကြာ ——— ၂၂၄
လွင့်လိပ်ပြာ
သ ——— ၂၄၀
ရှိမှာန ရှိမှာန
တွန်းကြည်ဝင်း ——— ၂၄၆
တဲ့စေတမန် လာပြန်လေတော့
တင်သိန်းဇော်ဇ ——— ၂၅၁

## ဆောင်းပါး ပြစ်မှု

ဘိုးတော်ဆိုတိုင်း ယုံသင့်မှယုံပါ
ခင်မောင်ထွန်း(လမ်းမတော်) ——— ၄၁
ခေါင်းဆောင်ဟူသည် မာလိန်မှူး
ဂျေဗုချစ် ——— ၆၃
အဝတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ
လှမိုး(ပညာရေး) ——— ၆၇

## အခန်းဆက် ရသပြစ်မှု

မှေ့တတ်သော အမွှေ(၃)
ကျော်မြသန်း ——— ၁၃၈
ထောင်မှူးများ အလိုရှိသည်(၉၀)
ဗဟိုစော ——— ၁၅၈
နယ်မြို့လေးထဲက သားရဲ(၅)
သစ်ထူးအိမ် ——— ၁၉၆
အဖော်ကောင်းရင် ငရဲအထိလိုက်မယ်(၁၀)
မောင်ရွှေစွန် ——— ၂၀၄
ကြက်ခြေခတ်လမ်းကို စွန့်ပြီးသော...(၅)
ကျော်ဆွေဝင်း(ရွှေအင်း) ——— ၂၀၄
အဝတိတ်အနကြောင်း ဟောင်းသည်မရှိ(၁၆)
မင်းဟိန်းထိဝ် ——— ၂၃၀

## တစ်မျက်နှာ ပြစ်မှု

ခြားနားခြင်း သီအိုရီ
မိုးသား(သမိုင်း) ——— ၃၃
စေတနာအလွှမ်း
အောင်လံသား ——— ၃၆
အသွင်တူ အိမ်သူ
ကိုကိုလှ(ကမာမြေ) ——— ၃၇
ပွဲသိမ်း
နိုင်မမ(ပညာရေး) ——— ၃၈

www.burmeseclassic.com

www.burmeseclassic.com


ကိုသာခိုး
ဘုန်းလက်ျာအောင် ——— ၃၉
ကိုင်း • • •ဘာရမလဲ
မောင်မောင်မျိုးသစ်(ရန်ကုန်တက္ကသိုလ်) ——— ၄၀
နာမည်ပြောင်းခနှင့် ခေါင်းမူးခ
မောင်မြင့်မား(ဘိုကလေး) ——— [illegible]


## နိုင်ငံရပ်ခြား ပြစ်မှု


သေရွာပြန်တစ်ဦး၏ ကြောက်လန့်ဖွယ်ဖြစ်ရပ်
KMTW ——— ၆၅
ကိုယ်စားပြုမိခင်အဖြစ် မောင်လေးကို ကိုယ်ဝန်လွယ်၍ မွေးပေးခဲ့သည့် အမွေ
KMTW ——— ၇၅
ကာရင်မလင်နန်းတော်ကြီးမှ အထူးစားသောက်ပွဲကြီး
သန်းဝင်း(ဘဏ်) ——— ၁၁၂
သတ်၍မသေသူကို အသေသတ်ပြီးနောက်
မင်းသဏ်းဝင်း ——— ၁၁၅
လျှို့ဝှက်သည်းဖို ဂမ္ဘီရဇာတ်လမ်းနှင့် အဂ္ဂါအလန်ပိုး
ကိုမောင်သန်းဝင်း ——— ၁၁၈


## ဗေဒင် ပြစ်မှု

BURMESE CLASSIC


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာ စောယုနွယ် ——— ၂၅၆


မျက်နှာဖုံးဂရပ်ဖစ် - အောင်မျိုးသန့်
အတွင်းဖလင် - မျိုးဝင်းကျော်
ကွန်ပျူတာစာစီ - တင်မိုးခိုင်။
စာအုပ်ချုပ် - ရှုကီး(၁၁၄) လမ်း။
အတွင်းပန်းချီ - ကျော်ဦး၊ ပညတ်၊ အောင်နိုင်လတ္တ်၊ သန့်ဇော်သစ်၊ လှသစ်အောင်၊ ဖိုးအောင်၊ စကွ။ .စံလွင်မောင်၊

## ဥပဒေ ပြစ်မှု


လက်ဖွဲ့
စီအိုင်ဒီလေးမြင့် ——— ၄၄
လူသတ်မှု၌ ဆရာဝန်နှင့် ဝတ်လုံ ပညာစွမ်းပြိုင်မှု
ဦးခင်မြင့်၊ မြို့မရဲဝန်ထောက်(ထောက်ပံ့ရေး) ——— ၄၇
သေကြောင်းကြံစည် အားထုတ်မှု
ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ) ——— ၄၉
တရားခွင်လောက တစ်စွန်းတစ်စ သိစေချင်
ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ) ——— ၅၃
မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ
စလင်းဦးအောင်သိန်း ——— ၅၇
သူတို့ဆီက ယာဉ်စည်းကမ်း
မောင်နေမျိုး ——— ၆၁
ကိုးကွယ်သည့်ဘာသာ ကူးပြောင်းမှုဥပဒေ
ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်) ——— ၁၂၆
အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ
ဦးစောလှိုင် ——— ၁၃၅
စီတန်းလှည့်လည် စုဝေးခွင့်(ဆန္ဒပြဥပဒေ)နှင့် • • •
ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်) ——— ၁၃၇


အယ်ဒီတာအဖွဲ့နှင့် ကြော်ငြာဖြန့်ချိရေး

**လာဘ်မိုးဇွေ စာပေ**

အမှတ် - ၂၁၂၊ (ပထမထပ်)၊
၃၆-လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၀၅၉၂၅

www.burmeseclassic.com

www.burmeseclassic.com

" ဒီကောင် အနိုင်ကျင့်တာကို
တာဝန်မှူး ကင်းမှူးတွေကို
မတိုင်ဘူးလား၊
တာဝန်ကျဆရာတွေက မသိဘူးလား"
ခင်းသောင်(ရမည်းသင်း)---------------၇၂





" ကျွန်မတို့
နုကွရောက်လိုက်ရတာ
မပြောပါနဲ့တော့ ကိုပန်းရေ...
သမီးကို လွမ်းတာတစ်မျိုး...."
မော်တင်သိန်းဇော်ဇ---------------၈၀

" ဆရာကြီး တော်တော်ကြီးကို
စိတ်မကောင်း ဖြစ်ရပါတယ် တပည့်ရာ
တစ်ဆက်တည်း ဆရာကြီးကို
ခွင့်လွှတ်ဖို့လည်း တောင်းပန်ပါတယ်"
ယိုး---------------------၈၈



www.burmeseclassic.com



"အေးပါဟာ
ငါ ဘယ်လိုပစ်ရမလဲဆိုတာ
စဉ်းစားနေတာပါဟာ၊
ခေါင်းကမငြိမ်တော့ ပစ်ဖို့ခက်နေလို့ပါ"
လေးမောင်------------------------၉၄

"ဘာပဲဖြစ်ဖြစ်
အခုထိ မင်းသမီးကို
ဘယ်သူမှ ရန်မပြုနိုင်သေးဘူးလေ
ဘာမှ မဖြစ်သေးတာကို..."
ဝသုန်ဟိန်းထက်-----------၁၀၄





"ဟာ...ဦးလေးကလည်း
အရိပ်မည်းကြီး မြင်တာနဲ့
အော်ရတယ်လို့မျာ
ဟား...ဟား...ဟား...ဟား"
ဝင်းဇော်(သုံးဆယ်)-----------၁၂၈

www.burmeseclassic.com

www.burmeseclassic.com






မှောင်ရိပ်ဖုံးစအချိန်နှင့်
အမှောင်လွှမ်းသောအချိန်
လူရိပ်ကို သတိထား
သူတို့ လှုပ်ရှားတတ်သည်။
ကျော်မြသန်း------------------၁၃၈



"ဟော့...ကိုမလ
ခင်များတို့လူတွေ
အလုပ်မရှာကြတော့ဘူးလား၊
ဒီလိုပဲ နေကြတော့မှာလား"
ရဲဝန်ထောက်(အငြိမ်းစား)----------၁၅၀



...ဘာပဲပြောပြော အေးကတော့
သတ်မှတ်ရက်အတိုင်း
ကျောက်ကပ်
ဖုန်ဖုန်ဆေးနေတာကြောင့်...
ဗဟိုစော-------------------၁၅၈


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် စိန်းမ
သူ့ကိုလည်း အဝတ်အစားလေး ဘာလေး
ဝယ်ပေးဦးမှပေါ့၊
ယော်ယော်က အဝတ်တွေနဲ့…"
မြမြလှိုင်——————၁၆၈



"ဒါ…ဒေဝီပဲ၊
သူ့နဘေးမှာလည်း
ယောကျ်ားတစ်ယောက်
ဟာ…ဘာတွေဖြစ်ကုန်ပြီလဲ"
ဗညားဦး(အိမ်မဲ)——————၁၇၄



"ကဲ…ဒီအတိုင်းမစားနဲ့၊
တို့သုံးယောက် ငှက်ပျောသီးကိုင်ပြီး
ပထမ ဖြတ်မုန္တ ကပ်လှူ၊
ဒုတိယ ရဟန္တာကြီးတွေ လှူကွာ…"
မင်းရဲကျော်——————၁၈၂

www.burmeseclassic.com

www.burmeseclassic.com

# တရားခံ

မင်းရွှေမိုး



- ဒေါသကို အရင်းခံ
မချင့်သူ့စကားကြောင့်
အမှားပါရဲ့။

- ရန်ကို ရန်ချင်း
တုန့်ပြန်နှင်းသော
သွေးခင်းတဲ့ သည်ဇာတ်လမ်းမှာ
ထောင်နန်းစံကြ။

မင်းရွှေမိုး

ပြစ်မှု ၉

www.burmeseclassic.com

www.burmeseclassic.com

# မပြောင်နိုင်တဲ့ အကောက်

ကိုကြီးသိန်း(ချောက်)



● ဝတာ. . . ပိန်တာ
ရုပ်ဆိုးတာ ရုပ်လှတာက
သူ့အမြင် ကိုယ့်အမြင်
ရှင်းရှင်းလင်းလင်း သိပေမယ့်
အပြောချိုချိုနဲ့
အဝတ်အစား ပြောင်းထားတော့
လူကဲခတ်ရတာ ခက်တယ်။

● လုပ်ရဲရင် ခံရဲတယ်
ဒါ. . . လူပီသတဲ့စကား
မုသာဝါဒ မပါဘူး။

● မှားပါတယ် မှန်ပါတယ်
နှစ်ခုအနက်
မှားပါတယ်ဆိုတဲ့စကားကို
ဝန်ခံချင်တဲ့စိတ်
တောင်းပန်ချင်တဲ့စိတ်တွေ
ပယ်ဖျက်ပြီး
ဘူးတစ်လုံးဆောင်
အိုတောင်မဆင်းရဲဘူးဆိုတဲ့
လူတွေ. . .
ပတ်ဝန်းကျင်နေရာအနှံ့
တစ်ပုံကြီး ပြန့်လို့မို့လားကွယ် ။ ။

ကိုကြီးသိန်း(ချောက်)



www.burmeseclassic.com

www.burmeseclassic.com

# ကြား

ခိုင်သက်အောင်



• တစ်ဖက်မှာ
သောင်ထွန်းဘဝ
အားကျစရာ ဖြစ်ပေမယ့်။

• တစ်ဖက်မှာက
ပြိုကျတိုက်စား
ဖြစ်သွားရတဲ့ဘဝ
ငဲ့ကြည့်ကြပါဦးကွယ် ။ ။

ခိုင်သက်အောင်



www.burmeseclassic.com

www.burmeseclassic.com

# "မဲ့" ဘဝ

ကျော်မြင့်(မြောင်းမြ)



● ပညာမဲ့
ငွေကြေးမဲ့. . .
ဂုဏ်မဲ့
မေတ္တာမဲ့. . .
သစ္စာမဲ့
အကြင်နာမဲ့. . .
စေတနာမဲ့
. . .မဲ့. . .
စတဲ့ 'မဲ့' တွေကို
မလိုချင်ပေမဲ့
ဘဝကပေးတဲ့
'မဲ့' တချို့ကိုတော့
ခါးခါးသီးသီး
လက်ခံလိုက်ရတယ်။

● မတတ်သာတဲ့
အဲဒီ 'မဲ့' ဘဝမှာ
ကိုယ့်ကိုယ်ကိုယ် 'မဲ့' ပြုံး ပြုံးရင်း
အံကြိတ်ကျေနပ်လိုက်ရတယ်။

ကျော်မြင့်(မြောင်းမြ)



www.burmeseclassic.com

www.burmeseclassic.com

# လူ့သစ်တုံး

ကျော်လွင်ဦး(ပျဉ်းမနား)



● လောဘမင်ပြီး၊ အလိုကြီး
အရနည်းတတ်သည်
ငါစွဲအားကြီး၊ အယူသီး
ခရီးလမ်းလွဲပြီ။

● အယူမမှန်၊ အကျင့်သန်
ရေဆန်လိုက်သူသည်
ဝါဒချွတ်ခြုံ၊ ကြွင်းမဲ့ယုံ
ရေစုန်မျောလိမ့်မည်။

● သူကောင်းကျင့်ပျက်၊ ကိုယ့်အောက်ယက်
သောင်ဆက်တင်ချေပြီ။
ကိုယ်ကောင်းစိတ်ပျောက်၊ ရှေ့မရောက်
လူ့အောက်ကျလိမ့်မည်။

● ကမ်းကပ်မှားပြီး၊ သစ်တုံးကြီး
ခရီးမချောပြီ။
မျောလေနစ်လေ ပင်လယ်ရေ
လေထွေဩဃဆီ။

● အဟောဝတ၊ ရခဲစွ
ဒုလ္လဘလူသည်
မသေမီ လူဖြစ်ရှုံး
သစ်တုံး မခြားပြီ။

ကျော်လွင်ဦး(ပျဉ်းမနား)




www.burmeseclassic.com

www.burmeseclassic.com

# ဆန္ဒ

ထွန်းအောင်ရင်



● ရွှေရောင်ဝင်းတဲ့ မှန်ဘောင်ထဲမှာ
ပန်းချီကားတစ်ချပ် ရှိနေတယ်။

● လွန်ခဲ့တဲ့ အနှစ်(၆၀)ကျော်က
ရေးခဲ့တဲ့ ပန်းချီကားပါ။

● ထိပ်ပိုင်းမှာ
အစိမ်းရောင် တောင်တန်းကြီးတွေနဲ့
ကာထားတယ်။
အထက်အောက် ကန့်လန့်ဖြတ်မှာ
အပြာရောင်မြစ်ချောင်းတွေ စီးဆင်းနေပြီး
အဖိုးတန်ဓာတ်သတ္တုတွေထွက်နေတဲ့ နေရာမှန်သမျှ
အနီရောင်စုတ်ချက်တွေနဲ့ ခြယ်သထားပြန်တယ်။
အလယ်မှာ
အဖြူရောင် ဘုရားပုထိုးတွေက အများကြီးပါ
အောက်ဆုံးပိုင်းမှာ
အဝါရောင် စပါးခင်းကြီးတွေနဲ့
အနားသတ်ထားတဲ့
ဗိုလ်ချုပ် ရေးခဲ့တဲ့ ပန်းချီကားတစ်ချပ်။

● ဆီဆေးမပါ
ရေဆေးမသုံးဘဲ
အနီရောင် နှလုံးသွေး
အစိမ်းရောင် အားမာန်
အပြာရောင် မျက်ရည်များ
အဝါရောင် ဘာသာတရားတွေနဲ့
ဆေးခြယ်ထားတဲ့ ပန်းချီကားတစ်ချပ်
ပြည်သူ့လက်ထဲ အပ်ခဲ့ပါတယ်။
ဗိုလ်ချုပ်ရေးတဲ့ ပန်းချီကား
မှုန်ဝါးဝါးတော့ မဖြစ်ပါစေနဲ့
အရှင်းသားထင် အထင်းသားမြင်အောင်
သူ့နေရာနဲ့သူ
ဒီအတိုင်းလေးပဲ ရှိပါစေ။

ထွန်းအောင်ရင်



www.burmeseclassic.com

www.burmeseclassic.com

# လွဲမှားမှု

သောင်းဆင့်(အိုင်မဒေါင့်)



● တိုင်းပြည်အုပ်ချုပ်၊ မင်းလုပ်ခဲ့ တစ်ခါက
မဃဒေဝ အမည်တွင်၊ ပြည်သူတို့ရဲ့ဘုရင်
ဆံတစ်ပင် ဖြူတဲ့အပေါ်၊ သံဝေဂ ယူတော်မူခဲ့တယ်။

● ယနေ့ခေတ်မျက်မှောက်
ဖြူချင်သလောက် ဖြူပါစေ
သတိသံဝေဂလည်း မရောက်
သေရမှာလည်း မကြောက်
လောဘနောက် ကောက်ကောက်ပါ
ဩော်. . .'အဖြူဟာ မည်းစေသတည်း' တဲ့ ။ ။

သောင်းဆင့်(အိုင်မဒေါင့်)

www.burmeseclassic.com

www.burmeseclassic.com

# သိက္ခာတရားနဲ့ လင်းတဲ့ကြယ်

မင်းထက်သားညီ(တောင်ငူ)

● လင်းနေတဲ့လမ်းဟာ
တောင်းတင်ပေါ်က နတ်ပြည်ခြောက်ထပ်အလား
သိက္ခာတရားတွေဟာ အဲဒီလမ်းပေါ်မှာ
ရယ်ပြုံးလို့
အာလာဒင်ရဲ့မီးခွက်ကို ယူဆောင်လာရဲ့
ပြောရရင်
သိက္ခာတရားဟာ
ရိက္ခာများကို သူ့အလိုလို ယူဆောင်လာတယ်. . .။

● အခုတော့
ဒီလိုမဟုတ်. . .
ရိက္ခာအတွက် သိက္ခာကို လဲလှယ်လို့
ရိက္ခာအတွက် အရှက်တရားကို
ရောင်းစားလို့
လူတချို့ ခရီးဆက်နေကြ
လူတချို့ ရယ်ပြုံးနေကြ
ကြက်ခြေခတ်ကိုမှ ကြိုက်သူတွေကို
ကမ္ဘာ့လမ်းတွေပေါ်မှာ
မျက်ရည်ကျရလောက်အောင် တွေ့ရရဲ့
မိုက်မဲမှု မီးလျှံကိုမှ
မျိုချချင်သူတွေပါပဲ. . .။

● အဲဒီလို ဝါဒအမှား
လုပ်ဆောင်ချက်အမှား အသက်ရှင်နေသမျှ
ငြိမ်းချမ်းရေး လေနုအေး
အပြည့်အဝ မရှူရှိုက်သာ
ဘဝအဆင့်ဟာလည်း
ကမ္ဘာ့အဆင့် သတ်မှတ်ချက်မှာ နိမ့်ကျ
မြတ်ဗုဒ္ဓရဲ့ ဝါဒအရ
အကုသိုလ်နွံထဲက ငရဲလားမယ့်သူစာရင်းထဲ
အမည်သညာ ပါရှိသွားရတာပါပဲ. . .။



● အရှက်တရားမပါတဲ့ ခန္ဓာကိုယ်
သိက္ခာမဲ့တဲ့ ခန္ဓာကိုယ်
ဘယ်လို နူနယ်ပျိုမျစ် အလှစစ်စစ်
ဘယ်လို စိန်တွေ ရွှေတွေ ပတ်ရစ်ရစ်
'ထွီ'ခနဲထွေးထုတ်
'ဝေါ့'ခနဲ အန်မိသွားမှာ အမှန်ပါပဲ ။ ။

မင်းထက်သားညီ(တောင်ငူ)



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




ကာတွန်း ဝန်ကြီးအောင်..



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## ရသစုံ ရင်ခုန်းမြား အမှတ်(၃)

အောင်အေးချမ်းစီစဉ်သည့် "ရသစုံရင်ခုန်းမြား" သည် အရှိန်အဟုန်ကောင်းကောင်းဖြင့် စာဖတ်သူတို့ ရင်ကို ထိုးဖောက်လာခဲ့သည်မှာ ယခုဆိုလျှင် အမှတ်(၃) သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ဤစာအုပ်တွင် နာမည်ကျော်၊ နာမည်ရ ကလောင်ရှင်ကြီးများ၏ လက်ရာများ ပါဝင်သကဲ့သို့ စာပေပွဲအားသန်သန်ဖြင့် ကြိုးစားလျက်ရှိသည့် ကလောင်ရှင်များ၏ လက်ရာများကိုလည်း ဖော်ပြထားရာ အားပါး တရ တဝကြီး ဖတ်ရှုခံစားရမည်ဖြစ်သည်။ ဤစာအုပ်တွင် ပုသိမ်မောင်သောင်းယဉ်၊ လင်းလက်နိုင်၊ မင်းသျှင်၊ ခိုင်လေး(ရွှေတောင်)၊ နတ်ရဲ(ရူပဗေဒ)၊ ခေးဟောသာ၊ အထင်ကရ၊ အလွမ်းကောသရီ၊ ဟမ်စိုင်း(ဆေး/မန်း)၊ ညီဆူးသစ်၊ သံစဉ်ဖြူဖြူ၊ လင်းသုတ၊ အုံ့ပြည့်အောင်၊ စေပိုင်ထွဋ်(ပုသိမ်)၊ မြရွှန်းလဲ့ယဉ်၊ မေငှူး၊ ရဲသျှမ်း၊ နေနော်၊ မောင်ညိုမှိုင်း(သန်လျင်)၊ ဖွန်မှူး၊ သီဟသက်တံ၊ နိုင်စိုးမိုး(ကွမ်းခြံကုန်း)၊ အလင်းငှက်၊ မိုးမခ၊ ခက်ဆစ် ရဲခေါင်၊ ယဉ်မေဦး၊ သိင်္ဂရလှိုင်(ကမ္ဘာမြေသား)၊ နှင်းနုလွှင်၊ ကြာဖြူနွယ်၊ ကဥ္စနာ၊ ဇော်ညီညီ(နေပြည်တော်)၊ မနှင်းဆီ၊ သန္တိမ(ဆေးဆက်)၊ မခိုင်ဝါ(မြန်အောင်)တို့၏ ရသ မြောက် ကဗျာဝတ္ထုတိုများ ပါဝင်ပြီး စိတ်ကူးသစ်စာပေမှ တန်ဖိုး ၂၀၀၀/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## မွန်ပြည်နယ်မှ ဆရာဝန်ကဗျာဆရာလေးဦး၏ ၄ × ၁၅ = ၆၀ (သို့မဟုတ်) နှစ်သုံးဆယ် မလုပ်ဖြစ်ခြင်းအထည်ရဲ့ မသိရသေးသောပီတိ ကဗျာစာစု

မွန်ပြည်နယ်မှ ဆရာဝန်ကဗျာဆရာလေးဦးမှာ ကမ်လူဝေး၊ ဆု၊ ခက်ဖြာနှင့် မင်းလွင်တို့ ဖြစ်ကြသည်။

ဤကဗျာစာအုပ်တွင် ကဗျာဆရာဆုက "နှစ်သုံးဆယ်ကဗျာစု"၊ ကဗျာဆရာ ခက်ဖြာက "မလုပ်ဖြစ်ခြင်းအထည်ကဗျာစု"၊ ကဗျာဆရာမင်းလွင်က "မသိရသေးကဗျာစု" နှင့် ကဗျာဆရာ ကမ်လူဝေးက "ပီတိကဗျာစု" စသဖြင့် ကဗျာကလေးများခွဲကာ ရင်တွင်းခံစားချက်များကို ဖောက်ခွဲသီဖွဲ့ထားပေသည်။ ၎င်းကဗျာစာအုပ်နှင့် စပ်လျဉ်း၍ ဆရာနန္ဒာမိုးကြယ်က "လူငယ်ဆရာဝန် ကဗျာဆရာလေးဦးကတော့ အားကောင်းမောင်းသန်ဖြင့် ကဗျာမြားတစ်ချောင်းစီကို ပစ်လွှတ်လိုက်ပေပြီ။ ထိုမြားတို့သည် ဦးတည်ရည်ရွယ်ထားသောတောင်အား စိုက်ဝင်ဖောက်ထွင်းခဲ့တာတော့ သေချာသည်။ ထိုတောင်ကြီး ပြိုလဲသွားမသွားကတော့ အချိန်အခါက ဆုံးဖြတ်ပေလိမ့်မည်။ မည်သို့ဆိုစေ ထိုထိုသေ ကဗျာဆရာ လေးဦးကတော့ဖြင့် ကဗျာတာဝန် ကျေပွန်ပြီဖြစ်ကြောင်း မုဒိတာစိတ်ထားဖြင့် ကောက်ချက်ချလိုက်ပါသတည်း" ဟု ဆိုထားပေသည်။ သပ်ရပ်ခံ့ညားလှစွာသော အဆိုပါ ကဗျာစာအုပ်အား ကျော်စွာစာပေမှ ပန်းချီကေလတ်၏ မျက်နှာဖုံးသရုပ်ဖော်ဖြင့် တန်ဖိုး ၁၀၀၀/-ကျပ် သတ်မှတ်ကာ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## ကြောက်တတ်သူမဖတ်ရဟုဆိုသည့် ကဝေပုရပိုက်

ပရိသတ်အကြိုက် သုတ-ရသ စာအုပ်များကို စဉ်ဆက်မပြတ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် အရှေ့ဘက်ကောင်းကင် စာပေမှ စာရေးဆရာ တာတေ၊ နန်းကြေ့ရှင်၊ မင်းဟိန်းထိဒ်၊ ရွှေဘုန်းကံတို့ စုပေါင်းရေးသားထားသည့် စာအုပ်တစ်အုပ်မှာ ကဝေပုရပိုက် အမည်ဖြင့် ထွက်ရှိလာခဲ့ပြီ ဖြစ်သည်။

ကြောက်တတ်သူမဖတ်ရဆိုသည့်အတိုင်း ဂမ္ဘီရ သရဲတစ္ဆေ အမျိုးအစားဝတ္ထုများပင် ဖြစ်ပေရာ ဤစာအုပ်၌ တာတေ၏ ကဝေပုရပိုက်၊ နန်းကြေ့ရှင်၏ မှန်တိုင်းသရဲ၊ မင်းဟိန်းထိဒ်၏ တောကြီးတစ္ဆေ၊ ရွှေဘုန်းကံ၏ အင်းကြီးအော်သံတို့ကို ဖတ်ရှုရမည်ဖြစ်သည်။ ဤစာအုပ်ကို တန်ဖိုး ၁၃၀၀/-ကျပ် သတ်မှတ်လျက် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

စာစုများ ဖြစ်ပေသည်။ ဤစာအုပ်သည် (၂)ဖြစ်လေရာ ဆက်လက်၍ အတွဲများ ထွက်လိမ့်ဦးမည်ဟု ယူဆစရာ ရှိပေသည်။

ဤစာအုပ်တွင် နန္ဒာမိုးကြယ်၊ ရန်မိုးအောင် (အင်းစိန်)၊ ထက်ဦးလှိုင်(ကမ္ဘာအေး)၊ တေဇာဂုဏ်၊ စိုးလေး(အင်းစိန်)၊ တင့်လွင်(ဘုရားနီ)၊ အေးချစ်မွန် (လေတပ်)တို့၏ လက်ရာစုံပါဝင်ပေသည်။ ဤစာအုပ်အား တန်ဖိုး ၁၀၀၀ိ/-ကျပ် သတ်မှတ်လျက် သုံးလောက မဂ္ဂဇင်းတိုက်မှ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## ဆရာရန်မိုးအောင်(အင်းစိန်)၏ ခုနစ်ရက်သားသမီးများအတွက် တစ်သက်တာ စံပြဟောကိန်းများ

ဗေဒင်ဆရာ၊ စာရေးဆရာ ရန်မိုးအောင် (အင်းစိန်) ရေးသားပြုစုလိုက်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

ဤစာအုပ်တွင် နာမည်လှလှပေးနည်းနှင့် ကျောင်းသားကျောင်းသူများအတွက် ပညာရေးဟောကိန်းနှင့် အဆောင်ယတြာများ ပါဝင်ရာ ဤစာအုပ်အား ဆောင်ထားခြင်းအားဖြင့် မိမိ၏အကြွင်း၊ မိမိ၏ ဂဏန်း၊ မိမိ၏ အဖွား၊ မိမိ၏ နက္ခတ်၊ မိမိဖွားမြင်သော ရာသီတို့ကို အလွယ်တကူသိမြင်နိုင်ရုံမက ၁၂ လရာသီ ဟောကိန်းများကိုပါ ဖတ်ရှုသိရှိနိုင်မည် ဖြစ်သည်။ သို့ဖြစ်၍ လူတိုင်းပင် ဤခုနစ်ရက်သားသမီးများအတွက် တစ်သက်တာ စံပြဟောကိန်းများစာအုပ်ကို ဆောင်ထားသင့်ပေသည်။ ဤစာအုပ်အား မိတ်ဆွေစာပေမှ တန်ဖိုး ၅၀၀ိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## နိုင်မျိုးသစ္စာ(နမ္မတူ)၏ အနာဂတ်အလုပ်နီးများ ကဗျာပေါင်းချုပ်

စာပေအမျိုးအစားပေါင်းများစွာရှိသည့်အနက် ထွက်ရှိမှုအင်အား အနည်းဆုံးမှာ ကလေးစာပေဖြစ်သည်။ ဤတွင် ဆရာနိုင်မျိုးသစ္စာ(နမ္မတူ)က “ကဗျာလေးထဲကနေ ဗဟုသုတတွေ၊ အသိပညာတွေ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေ ရရှိစေချင်ကြောင်း” ဆိုထားပေသည်။ ဤစာအုပ်၌ ကဗျာဆရာ မင်းရွှေမင်း (အင်းစိန်)က အမှာစာ ရေးသားပေးထား၏။ ပညာရေးရာ ကလေးကဗျာများ၊ သုတလိမ္မာ ကလေးကဗျာများ၊ ကုသိုလ်ရေးရာ ကလေးကဗျာများ၊ ပွဲတော်ချိန်ခါ ကလေးကဗျာများ၊ နေ့မြတ်မဟာ ကလေးကဗျာများ၊ ရွှတ်ကြမယ်လေ ကလေးကဗျာများ • • •စသည်ဖြင့် ကဏ္ဍအသီးသီးခွဲကာ ကဗျာအပုဒ်ပေါင်း တစ်ရာကျော် ဖော်ပြပေးထားရာ ကဗျာရေးဖွဲ့သူ၏ စေတနာကို အသိအမှတ်ပြုရမည်သာ ဖြစ်သည်။

ဤစာအုပ်ကို သပ်ရပ်ခံ့ညားသော အဆင်အပြင်ဖြင့် ခြယ်မှုန်းထားပြီး နိုင်ငံ့ဂုဏ်ရည် စာပေတိုက်မှ တန်ဖိုး ၁၅၀၀ိ/-ကျပ် သတ်မှတ်လျက် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## ကဿစ်နီ





www.burmeseclassic.com

www.burmeseclassic.com

## ရုရှားနိုင်ငံမှာ ဘုန်းကြီးကျောင်းဆောက်လှူဒါန်းမည့် မြန်မာအလှမယ် မိုးစက်ဝိုင်

မြန်မာအလှမယ် မိုးစက်ဝိုင်ဟာ ရုရှားနိုင်ငံမှာ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်လှူဒါန်းမယ်လို့ သတင်းထွက်ပေါ်နေပါတယ်။ အဲသည်အလှူအတွက် မိုးစက်ဝိုင်က မတည်လှူဒါန်းထားခြင်းဖြစ်ပြီး ကျန်လိုအပ်တာတွေအတွက် ကောက်ခံနေတယ်လို့လည်း သိရပါတယ်။ ဘုန်းကြီးကျောင်းကို သည်နှစ်ထဲမှာပဲ ဆောက်လုပ်ဖြစ်မယ်လို့ ဆိုပါတယ်။

မိုးစက်ဝိုင်ဟာ ကျောင်းသူသုံးဦးကိုလည်း ရွေးချယ်ပြီး ပညာသင်ကြားရေးအတွက် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိတဲ့အကြောင်း သတင်းရရှိပါတယ်။

## ကွယ်လွန်သူဒွေးအတွက် ကောင်းမှုဒါနပြုလုပ်

သရုပ်ဆောင် အကယ်ဒမီဒွေး ကွယ်လွန်ခြင်း ခုနစ်နှစ်ပြည့်အမှတ်တရအဖြစ် ဇူလိုင်လ ၁၁ ရက်နေ့က မန်နေဂျာ ကိုစတီးလ်က ရွှေဂုံတိုင်ရှိ မိဘမဲ့ကလေးဂေဟာမှာ အလှူဒါနပြုလုပ်ခဲ့တဲ့အကြောင်း သိရှိရပါတယ်။ အဲသည်အလှူဒါနဟာ ကလေးငယ်တွေကို နံနက်စာတာဝန်ယူကျွေးမွေးခြင်းဖြစ်ပြီး ဘုန်းကြီးကျောင်းမှာ နေ့ဆွမ်းသွားရောက်ဆက်ကပ်လှူဒါန်းခြင်း ဖြစ်ပါတယ်။

သရုပ်ဆောင် အကယ်ဒမီဒွေးဟာ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှာ ကွယ်လွန်ခဲ့တာဖြစ်ပြီး ကွယ်လွန်ပြီး သုံးနှစ်ဝန်းကျင်ခန့်ထိ သူရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ဗီဒီယိုဇာတ်ကားတွေ များစွာ ကျန်ရစ်ခဲ့တယ်လို့ သိရှိရပါတယ်။

## ပန်းချီဝလုံးရဲ့ တစ်ကိုယ်တော်ပန်းချီပြပွဲ

မြန်မာ့ရိုးရာ ပန်းချီဟန်နဲ့ ရေးဆွဲထားတဲ့ ပန်းချီဝလုံးရဲ့ တစ်ကိုယ်တော် ပန်းချီပြပွဲကို ဇူလိုင်လ ၇ ရက်မှ ၁၂ ရက်ထိ ရန်ကုန်မြို့ ကုန်သည်လမ်းနဲ့ ပန်းဆိုးတန်းလမ်းထောင့်ရှိ လောကနတ်ပန်းချီပြခန်းမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

I ma music legend အမည်ရှိ အဆိုပါ ပန်းချီပြပွဲမှာ မြန်မာ့ရိုးရာ ပန်းချီရေးဟန်ဖြစ်တဲ့ ကနုတ်ရေးဟန်ကို အခြေခံပြီး ရေးဆွဲထားတဲ့ ရေဆေးပန်းချီကား ၅၀ ကားနဲ့ အခရိုင်းလစ် ပန်းချီကားတစ်ကားကို ပြသထားခဲ့တယ်လို့ သိရတဲ့အပြင် ကာတွန်းပြကွက်များ၊ ပုံတူရေးဆွဲထားတဲ့ ပန်းချီကားတွေကိုပါ ပြသခဲ့ကြောင်း သတင်းရရှိပါတယ်။

## လှူရှင်တော်အသင်း(ရန်ကုန်)၏ သက်ကြီးလှူရှင်တော်ကန်တော့ပွဲ ကျင်းပ

လှူရှင်တော်အသင်း(ရန်ကုန်)ရဲ့ သက်ကြီးလှူရှင်တော်များ ကန်တော့ပွဲအခမ်းအနားကို ဇွန်လ ၂၆ ရက်က ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park မှာ ကျင်းပခဲ့ပါတယ်။ ကန်တော့ပွဲမှာ ရန်ကုန်မှ လှူရှင်တော်ကြီး ၁၈ ဦးနဲ့ မန္တလေးမှ လှူရှင်တော်ကြီး ၁၇ ဦး စုစုပေါင်း ၃၅ ဦးကို ကန်တော့ခြင်းဖြစ်ပြီး တစ်ဦးလျှင် ကျပ် ၃ သိန်း ၈ သောင်း၊ ခင်လှိုင်နဲ့ ဒိန်းခေါင်တို့က ပုဆိုးနဲ့ ရှပ်အင်္ကျီတစ်စုံစီ၊ လွင်မိုးမိသားစုက ကြွေရည်သုတ်အိုးခွက်ပန်းကန်တစ်စုံစီတို့ကို ပေးအပ်လှူဒါန်းခဲ့ပါသည်။

www.burmeseclassic.com

ကန်တော့ခံ သက်ကြီးလူရွှင်တော်တွေမှာ ဦးပလာတာ၊ ဦးစံမတ္တု၊ ဦးမိုးကျော်၊ ဦးမိုးဒီ၊ ဦးစိန်ရီ။ ဦးဝင်းနိုင် (အနုပညာ) စသူတို့နဲ့ မန္တလေးမြို့မှ ဦးဆန်နီ၊ ဦးမြတ်သာ၊ ဦးပြုံးချိုတို့ ပါဝင်ခဲ့ကြောင်း သိရှိရပါတယ်။

## ဒါရိုက်တာမောင်မျိုးမင်း ဦးစီးသင်ကြားမည့် သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းသင်တန်း

ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်) ဦးစီးတည်ထောင်တဲ့ သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းသင်တန်းကို ရန်ကုန်မြို့မှာ ဖွင့်လှစ်ဖို့ စီစဉ်ထားပြီး သင်တန်းတစ်ခုမှာ သင်တန်းသား ၂၀ ဦးသာ လက်ခံသွားမယ်လို့ သိရှိရပါတယ်။

အဆိုပါသင်တန်းမှာ အနုပညာကို ဝါသနာပါမြတ်နိုးကြတဲ့ မျိုးဆက်သစ်အနုပညာရှင်များကို ရွေးချယ်လက်ခံသွားမှာဖြစ်ပြီး သင်တန်းကာလအတွင်း စာတွေ့သင်ခန်းစာများအပြင် ရိုက်ကွင်းတွေမှာပါ လက်တွေ့သင်ကြားပို့ချသွားမယ်လို့ ဆိုပါတယ်။ အဆိုပါသင်တန်းကျောင်းကို 3H Art Academy လို့ အမည်ပေးထားပြီး Head, Hand, Heart လို့ ရည်ရွယ်အမည်ပေးထားကြောင်း သိရှိရပါတယ်။

## အနော်မာသုခုမ ဖျော်ဖြေရေးဝန်ဆောင်မှုကုမ္ပဏီမှ ရိုးရာအနုပညာများဖြင့် ဖျော်ဖြေမည်

အနော်မာသုခမဖျော်ဖြေရေးဝန်ဆောင်မှုကုမ္ပဏီဟာ အနုပညာနဲ့ ဖျော်ဖြေရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွေအပြင် ရိုးရာအနုပညာဖျော်ဖြေပွဲကြီးတွေကိုလည်း ပြုလုပ်သွားဖို့ရာ စီစဉ်ထားတယ်လို့ ဆိုပါတယ်။

အနော်မာသုခမအဖွဲ့ဟာ စက်တင်ဘာလအတွင်းမှာ မြန်မာ-ဥရောပ သာသနာပြုအသင်းရဲ့ ရန်ပုံငွေဖျော်ဖြေပွဲကို မန္တလေးမြို့ အမျိုးသားကဇာတ်ရုံမှာ ပြုလုပ်ဖို့ စီစဉ်ထားကြောင်း သိရပါတယ်။ နိုဝင်ဘာလအတွင်းမှာလည်း ဂျပန်-မြန်မာအသင်းမှ စီစဉ်တဲ့ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် ၆၀ ပြည့် အထိမ်းအမှတ် ဖျော်ဖြေပွဲကို တင်ဆက်သွားမယ်လို့ ဆိုပါတယ်။

အနော်မာသုခုမ ဖျော်ဖြေရေးဝန်ဆောင်မှုကုမ္ပဏီက စီစဉ်ကပြမယ့် ဖျော်ဖြေပွဲကိုလည်း ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွင်း ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံမှာ ပြုလုပ်ဖို့ စီစဉ်ထားတဲ့အကြောင်း သိရှိရပါတယ်။

## မိစန္ဒီ၏ ပစ်တိုင်းထောင်တေးစီးရီး လက်မှတ်ရေးထိုးဖျော်ဖြေပွဲကျင်းပခဲ့

အဆိုတော်မိစန္ဒီရဲ့ ပစ်တိုင်းထောင်တစ်ကိုယ်တော် တေးစီးရီးထွက်ရှိခြင်းအတွက် လက်မှတ်ရေးထိုးဖျော်ဖြေပွဲကို ဇွန်လ ၂၉ ရက်၊ ညနေ ၃:၀၀ နာရီမှ ၆:၀၀ နာရီထိ ရန်ကုန်မြို့ Janction Square မှ ကျင်းပသွားခဲ့ပါတယ်။

အဆိုပါ ပစ်တိုင်းထောင်တေးစီးရီးမှာ စိုးကြီး၊ ရဲရင့်အောင်၊ ဟိတ်ထားသစ်၊ X-box၊ နီနီခင်ဇော်၊ Bobby Soxer နဲ့ မိခတ္တာတို့က Featuring ပါဝင်သီဆိုဖျော်ဖြေပေးထားပြီး ဘန်နီဖြိုး၊ သားသား၊ ရဲရင့်အောင်၊ စိုးကြီး၊ Bobby Soxer နဲ့ မိစန္ဒီကိုယ်တိုင် ပါဝင်ရေးသားထားတဲ့ သီချင်းတွေ ပါဝင်တဲ့အကြောင်း သိရှိရပါတယ်။

**အမ်ဇေ** (စုစည်းတင်ပြသည်)



www.burmeseclassic.com

www.burmeseclassic.com




### သတိရလွန်းလို့

"အမျိုးသားရုပ်အင်္ကျီ" ချည်းသာ သီးသန့်ရောင်းချသော ဆိုင်အတွင်းသို့ ဝင်ရောက်ခိုးမှုဖြင့် ဖမ်းဆီးချုပ်နှောင်ထားသော သူခိုးဖြစ်သူအား တရားရုံးထုတ်စဉ်က ဖြစ်သည်။

ဥပဒေရုံးမှ တည်ဆောက်စွဲချက်တင်ထားသော အမှုဒိုင်တွဲအား တရားသူကြီးသည် စေ့စေ့စပ်စပ် ဖတ်ရှုလျက်ရှိ၏။ ပြီးလေသော် တရားခံဖြစ်သူ အောင်မင်းအား စေ့စေ့စပ်စပ်ကြည့်ရင်း . . .

"မောင်မင်း . . . ခိုးမှုကျူးလွန်နေတုန်းအချိန်မှာ ညားတာ သိပ်မကြာသေးတဲ့ မောင်မင်းရဲ့မိန်းမကို သတိရသွားလား"

ဟု မေးလိုက်၏။ ဤတွင် တရားခံကလည်း -

"သတိရပါတယ် တရားသူကြီးမင်းခင်ဗျား"

ဟု ဖြေလေ၏။

"မောင်မင်းနယ်ကွယ်။ ကိုယ်နဲ့ညားခါစ မိန်းမကို သတိရပါရဲ့သားနဲ့ ဘာဖြစ်လို့များ ရာဇဝတ်သင့်စေမယ့် အမှုကို ကျူးလွန်ရသလဲကွယ်။ ဆိုင်ထဲက ပြန်လှည့်ခဲ့၊ ပြန်ထွက်ခဲ့ပါတော့လား"

"တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော်ဟာ မိန်းမကို သတိရလို့ ဆိုင်အတွင်းနေရာအနှံ့ စေ့စေ့စပ်စပ် ရှာဖွေရေးလုပ်နေတာကြောင့် အချိန်တွေလင့်သွားရတာပါ။ ဆိုင်ထဲမှာကလည်း ဘုရားစူးရပါစေရဲ့ . . . မိန်းမဝတ်ဆိုလို့ တစ်ထည်တလေတောင် မရှိဘူး။ အားလုံး ယောကျ်ားဝတ်တွေချည်းပါပဲခင်ဗျား . . ."

"အယ် . . ."

### ငွေတွင်းကြီးဖြစ်နေလို့

စွဲလန်းစားသောက်ဆိုင် ပိတ်ချိန်သို့ ရောက်ပေပြီ။ ဤတွင် ထောင့်ကျကျ စားပွဲတစ်လုံးတွင်ကား သူ့ကိုယ်သူ "မြန်မာပြည်၏ တစ်ဦးတည်းသော ပြဇာတ်စာရေးဆရာ"၊ "ဂမ္ဘီရမှုဆိုး စာရေးဆရာ" ဟု ရိုက်မစစ်ရပါဘဲနှင့် ကျွဲခိုးပေါ်လေ့ရှိသော သန်လျင်သား စာရေးဆရာတစ်ဦးသည် အနီးစားထားသော ခေါင်းပြောင်ကြီးကို စားပွဲပေါ်တင်လျက် တခေါခေါနှင့် အိပ်ပျော်နေလေ၏။

ဤတွင် စားပွဲထိုးတစ်ယောက်က ဆိုင်ပိတ်ပြီဖြစ်ကြောင်း သွားရောက်ပြောဆိုကာ အိပ်နေရာမှ နှိုးလေ၏။

www.burmeseclassic.com

ဤတွင် သန်လျင်သား စာရေးဆရာသည် တောကို ဗလုံးဗထွေးနှင့် ပြန်ပြောကာ စားပွဲပေါ် ပြန်မှောက်ကျသွားလေတော့၏။

ထိုအခါ ကောင်တာတွင် ထိုင်နေသော ဂျာလေးက အဆိုပါစားပွဲအတွက် တာဝန်ကျသော စားပွဲထိုးအား -

"ဟော့ကောင်…မင်း သူ့ကို သွားနှိုးပြီး ဘာဖြစ်လို့ ပြန်မလွှတ်ရတာတဲ့လဲ"

ဟူ၍ မကျေမနပ်သံနှင့် မေးလေ၏။ ထိုအခါ စားပွဲထိုးလည်း -

"ဒီလိုပါ ဂျာလေးရာ၊ သူ့ကို နှိုးတော့နှိုးပါတယ်။ အဲ…သူနိုးလာပေမဲ့ ဘာဖြစ်လို့ ပြန်မလွှတ်မိသလဲဆိုတော့ သည်လူက နိုးလာတဲ့အခါတိုင်း 'ဟော့··ငါ့နာမည် ဘိုကလေး မြောင်းပုပ်'ကွ။ သန်လျင်မှာနေတယ်။ အငြိမ်းစားအရာရှိကွ။ ကိုင်း…ငါ့ဘီလ် ဘယ်လောက်ကျသလဲ' ဆိုပြီး ပိုက်ဆံတွေ ထုတ်ထုတ်ပေးနေလို့ပါ"

ဟု ဖြေဆိုလိုက်လေရာ ဂျာလေးခမျာမှာတော့ ပါးစပ်အဟောင်းသား။

## ကိုယ်မမေ့ပြီ

စလောင်းမှထုတ်လွှင့်နေသော ကမ္ဘာ့ဖလား ဘောလုံးပွဲများအား ဖမ်းယူကြည့်ရှုလျက် လောကကြီးကို မေ့လျော့နေသည့် လင်သားဖြစ်သူအပေါ် ဇနီးသည်သည် မကျေမနပ်ဖြင့် မြည်တွန်တောက်တီးလျက် ရှိ၏။

"ရှင်ကတော့လေ…တကယ့်ကို နမူနာပါပဲနော်။ ဘောလုံးကစားနေရမယ်၊ ဘောလုံးပွဲများ ကြည့်နေရမယ်ဆိုရင် ဘာကိုမှ သတိမရတော့ဘူး"

"ဟာ…အဲ့သလိုတော့ မပြောပါနဲ့ကွာ။ သတိရတာပေါ့"

"ကိုင်း…သည်လိုဆိုရင် ရှင်နဲ့ကျွန်မ ရုံးတက်လက်မှတ်ထိုးတဲ့နေ့ကို ရှင်သိသလား"

"အပေါ်း…ဟာ။ ဒါလေးများကွယ်၊ ဘယ်မေ့မှာတဲ့လဲ။ အဲသည်နေ့က ငါတို့အသင်းနဲ့ ကိုချက်ကြီးတို့အသင်း ဘောလုံးချိန်းကန်ကြတာ ကိုချက်ကြီးက သူ့ဂိုးကိုသူ မထင်မှတ်ဘဲ ပြန်သွင်းမိလို့ ရှုံးသွားတာလေ။ အဲသည်နေ့မှာ မင်းနဲ့ငါ ရုံးတက်လက်မှတ်ထိုးကြတာပေါ့။ အဟဲ…ဟဲ…ကိုင်း မှတ်မိပြီလား။ ငါဘယ်လောက် သတိကောင်းတယ်ဆိုတာ"

"မှားပါတယ်ရှင်"

## သေချာသပ လေညာက

သည်ယနေ့မှ အလုပ်စဝင်သော စာရင်းကိုင် အမျိုးသမီးဝန်ထမ်းအသစ်အား ရုံးဆင်းခါနီးတွင် မန်နေဂျာက သူ့ထံသို့ စာရင်းဇယားများကို လာပို့ရှင်းလင်းရန် ရုံးစေအားခိုင်းလိုက်၏။ သို့ဖြင့် မိနစ်အနည်းငယ်မျှပင် စာရင်းကိုင်မလေးသည် ဖိုင်တွဲအချို့ကို ယူငင်၍ မန်နေဂျာ၏ အခန်းတွင်းသို့ ဝင်ခဲ့လေ၏။

"ဟောဒီမှာ စာရင်းဇယားတွေပါ ဆရာ"

"ဪ…အေး··အေး။ သေသေချာချာကောင်းပေါင်းကြည့်ခဲ့ပြီးပြီလား"

"သေချာသထက် သေချာအောင် သုံးလေးကြိမ်တောင် မကပါဘူး။ ဆယ်ကြိမ်တိတိ ပေါင်းပါတယ်ဆရာ"

"ဟား…ဟုတ်ပြီပေါ့။ အဲဒါမျိုးမှပေါ့။ ဆရာက အလုပ်တစ်ခုကို ဇွဲရှိရှိနဲ့ အခုလိုမျိုး စေ့စေ့စပ်စပ်လုပ်တာမျိုး သိပ်သဘောကျတာ။ ကိုင်း…ပြစမ်းပါဦး၊ အဖြေဘယ်လောက်ထွက်သလဲဆိုတာ"

"ဟုတ်ကဲ့၊ အဖြေက ဆယ်မျိုးတိတိ ထွက်နေပါတယ်ဆရာ"

အယ်…"

## မေး၍ ဖြေသည်

အလုပ်ခွင်စာမေးပွဲအတွက် လူတွေ့အင်တာဗျူးတစ်ခုတွင် ဖြစ်သည်။ အလုပ်လျှောက်ထားသူတစ်ယောက်အား အင်တာဗျူးအဖွဲ့ဝင်လူကြီးတစ်ဦးက နှုတ်မေးခွန်းတစ်ခုကို မေးလေ၏။

"ကိန်းလေးလုံးဖြစ်တဲ့ ၉၈၇၆ ကို ၆၇၈၉ နဲ့ပေါင်းပြီး ၁၅ နဲ့စား၊ ပြီးရင် ၂ ထပ်ကိန်းလုပ်၊ သည်အထဲကမှ တ… ကိန်းထဲကနေ ၄၃၂၁ ကို နုတ်မယ်ဆိုရင် အဖြေဘာ…"

ဖြေဆိုမည့်သူသည် ခေတ္တမျှ မျက်လုံးမှိတ်… အဖြေကို ချက်ချင်းထုတ်ဖော်လိုက်လေရာ အင်တာဗျူးအ…

www.burmeseclassic.com

ဝင်လူကြီးများ ပါးစပ်အဟောင်းသား ဖြစ်သွားရလေ၏။ အလုပ်လျှောက်ထားသူ ဖြေလိုက်သည်ကား -

"ခေါင်းသိပ်ကိုက်တာပဲ ဆိုတဲ့အဖြေ ရပါတယ်ခင်ဗျ" ဟူသတည်း။

## အိမ်ထောင်ရေးရဲ့ သာယာချိန်

မကြာမတင် ကာလ၌ အိမ်ထောင်ပြုတော့မည့် သတို့သားလောင်းလျာက အိမ်ထောင်သက်ဝါရင့်နေပြီ ဖြစ်သူထံ ရောက်ရှိသွား၏။ ရောက်သည်နှင့် -

"မိန်းမနဲ့ ယောက်ျား အိမ်ထောင်ပြုပြီးတဲ့နောက် အိမ်ထောင်ရေးသာယာချိန်ဆိုတာ ဘယ်အချိန်တဲ့လဲဟင်"

ထိုသို့ မေးသည်ရှိသော် ဝါရင့်အိမ်ထောင်ရှင်က-

"မသေမချင်း မှတ်ထား ငါ့တူ။ ယောက်ျားလုပ်သူ ခြံမှာ မူးရူးပေတေပြီး လောင်းကစားလုပ်နေတာ၊ မြာ နေတာကို မိန်းမဖြစ်သူ မမြင်တဲ့အချိန်နဲ့ မိန်းမဖြစ်သူ ဖြန်းနေတာ၊ ခေတ်ပေါ်အသစ်အဆန်းမုန်သမျှ လက်ဖွာ ဝယ်ခြမ်းနေတာ၊ နားကြားပြင်းကတ်လောက်အောင် ပွစိလုပ်ပြီး အော်ဟစ်ဆူပူမြည်တွန်တောက်တီးနေတာ ယောက်ျားဖြစ်သူ မမြင်,မကြားရတဲ့အချိန်တွေဟာ အိမ်ထောင်ရေးသာယာချိန်ပေါ့ကွယ်··အဟက်···ဟက်"

"ဟောဗျာ၊ မှတ်သားလောက်ပါပေတယ်နော်"

## လွဲချော်ပုံပြင်

စုံတွဲတစ်တွဲသည် ကန်စောင်းတစ်နေရာ၌ ရောက်ရှိကြ၏။

အမျိုးသားဖြစ်သူသည် ပုဂ္ဂလိက ဘောလုံးကလပ်ခန့် ပါဝင်ကစားလျက်ရှိသော ဂိုးသွင်းချန်ပီယံ ဘောလုံးသမားတစ်ဦး။ သူသည် ဇနီးအသစ်စက်စက်ကလေးအား မြန်ခြစွမ်းမည့်မှုထက်ကြောင်း ဝါကြွားလိုသည့်သဘောဖြင့် ဘောလုံးပညာစွမ်းတို့ကို ပြသလျက်ရှိ၏။ ဤတွင် ၎င်း၏ စွမ်းပြကောင်းမှုကြောင့် ဘောလုံးသည် အရှိန်ပြင်းစွာ ထုကို ဖြိုခွင်းလျက် မမျှော်လင့်ဘဲ ကန်စောင်းရှိ တိုက်အိမ် အိမ်၏ ပြတင်းပေါက်မှန်အား ဖောက်ခွဲသွားခဲ့လေရာ စွာမှ ကြောက်ရွံ့တုန်လှုပ်သွားကြလေ၏။

"ဟော···မောင်၊ အဲသည်အိမ်ရဲ့ ခြံဝင်းထဲကနေ လူတစ်ယောက် ထွက်လာပြီ။ ဘယ်လိုလုပ်ကြမလဲဟင်။ ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ရမှာလဲ ခင်ရယ်။ ပြေးလို့လည်း လွတ်မှာမှ မဟုတ်တဲ့ဟာ မီးစင်ကြည့်ပြီး ကရတော့မှာပေါ့"

ထိုစဉ်မှာပင် ခေါင်းကို အုပ်ပေါင်းပေါင်းလျက် နှုတ်ခမ်းမွေးစစနှင့် လူသည် စုံတွဲအပါးသို့ ရောက်ရှိလာလေ၏။ ဤတွင် ခြေစွမ်းပြကောင်းသော ဘောလုံးလုလင်လည်း ပျာပျာသလဲဖြင့် -

"ကျွန်တော် တမင်ရည်ရွယ်တာ မဟုတ်ပါဘူးဗျာ။ တကယ့်ကို မမျှော်လင့်ဘဲနဲ့ မတော်တဆ ဖြစ်သွားရတာပါ။ တောင်းပန်ပါတယ်ခင်ဗျာ"

ဟူ၍ ရှင်းပြတောင်းပန်နေစဉ် ဇနီးသည်ကလည်း-

"ဟုတ်ပါတယ် ဆရာကြီးရယ်။ ကိုကို မတော်တဆ ဖြစ်သွားရတာပါ။ အခုလို မှန်ပြတင်းချပ် ကွဲသွားရတဲ့အတွက် ကိုကို့လိုပဲ ကျွန်မလည်း စိတ်မကောင်းပါဘူး။ သည့်အတွက် လျော်ပေးဆို လျော်ပေးပါ့မယ်ရှင်။ ကျသင့်တဲ့အဖိုးအခကို ပြောပါ"

ဟူ၍ ဝင်ရောက်ဖြည့်စွက်ပြောဆိုလေ၏။ ဤတွင် အိမ်ကြီးရှင် ဖြစ်ဟန်တူသူက -

"ဟာ···သည်လောက်တောင်လည်း မဟုတ်ပါဘူးကွာ။ တောင်းပန်တာနဲ့တင် ကျေနပ်ရမှာပေါ့။ မတော်တဆ ဖြစ်သွားတဲ့ ကိစ္စရပ်ပေပဲ"

"ဟုတ်ပါတယ်ဗျာ"

"ဟုတ်ပါတယ်ရှင်"

"ဘာပဲပြောပြော ကျုပ်က မောင်ရင်တို့ဇနီးမောင်နှံကို စိတ်မဆိုးတဲ့အပြင် ကျေးဇူးတောင်မှ တင်သေးတယ်ဗျ"

"ဗျာ···ဘယ်···ဘယ်လို"

"ဩော်···မောင်ရင်တို့ နားမရှင်းဘဲကိုး။ သည်တော့လည်း အဖြစ်မှန်ကို ပြောရသေးတာပလေ။ ကျုပ်ဟာ နှစ်ပေါင်းငါးရာ အကျဉ်းကျခံရမယ်လို့ ကျိန်စာအတိုက်ခံရတဲ့ မှော်ဆရာပါ။ ကျိန်စာအတိုင်း ပုလင်းတစ်လုံးထဲမှာ အကျဉ်းကျခံနေရတာ"

"အို···ဖြစ်မှဖြစ်ရလေ မှော်ဆရာကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်တတ်နိုင်မလဲကွယ်။ ကြွေတစ်လက် ကြက်တစ်ခုန်၊ သစ်ငုတ်မြင့်တဲ့ မြက်မြင့်တဲ့၊ ဖုံလုံတစ်လုံးညှိ ငါးပျံတစ်လုံညှိ ဆိုတာ ရှိတယ်မဟုတ်လား။ ကျုပ်ထက် တန်ခိုးပါဝါကြီးတဲ့သူက ဦးသွားတော့လည်း ခံရတာပဲပေါ့။ အဲသည်မှာ ပြတင်းပေါက်က ဝင်လာတဲ့ ဘောလုံးဟာ ကျုပ်အကျဉ်းခံနေရတဲ့ ပုလင်းကို ထိမှန်တိုက်ချပြီး ကွဲသွားစေတဲ့အတွက် ကျုပ်ဟာ အကျဉ်းစံဘဝက လွတ်မြောက်ခဲ့ရပါပြီ။ ကျေးဇူးတင်ချင်းတင်ရရင် ကျုပ်ကပဲ မောင်ရင်တို့ကို တင်ရမှာပါ။ သည်ကျေးဇူးကို တုံ့ပြန်ပေးဆပ်ချင်လွန်းလို့ မောင်ရင်တို့ဆီ ရောက်လာခဲ့တာပါ။ ကဲ···ဘောဆုံးဆရာ၊ ပြောပါ ဘာများ ဖြစ်ချင်တဲ့ဆန္ဒရှိတုံး"

ဘောလုံးလုလင်လည်း ကြောက်ရွံ့စိတ်ကဲနေရာက နေ ဝမ်းသာအားရ ဖြစ်လာပြီး···

"ဩော်···လက်စသတ်တော့ ဆရာကြီးက နယ်နယ်ရရ ပုဂ္ဂိုလ်မှမဟုတ်ပါပဲကလား။ တကယ့် ရောမတန်ခိုးရှင် မှော်ဆရာကြီး ဖြစ်နေတာကိုး။

ကိုင်း···ဒါဖြင့်ရင် ကျွန်တော်ဖြစ်ချင်တဲ့ဆန္ဒက ရှေ့အပတ်မှာ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဂ၁ ဘောလုံးအသင်းနဲ့ ဗိုလ်လုပွဲရှိတယ်။ အဲသည်ပွဲမှာ ကျွန်တော်ကချည်း ဂိုးပေါင်း ၂၀ တိတိ စံချိန်တင်သွင်းလိုက်နိုင်သူ ဖြစ်ချင်ပါတယ် ဆရာကြီး"ဟု ဆိုလိုက်လေရာ မှောက်ဆရာဆိုသူကလည်း လက်ဖျောက်တစ်ချက်တီးပြီး -

"ပြည့်စေဗျာ၊ ပြည့်စေ"

ဟု ဆုပေးရင်းနှင့် ဘောလုံးလုလင်၏ ဇနီးသည်ဆန္ဒကိုလည်း မေးလိုက်ပြန်၏။

"ကျွန်မကတော့ ကိုကိုတက် ချမ်းသာချင်တာပါပဲ ဆရာကြီး"

"ဟာ···ပြည့်စေဗျာ ပြည့်စေ။ ဒါတင်မကဘူး။ မြို့ထဲမှာရှိကြတဲ့ ဘဏ်အသီးသီးထဲမှာ သူ့ငယ်မနာမည်နဲ့ သိန်းတစ်ထောင်စီ သွင်းထားပေးဦးမယ်"

"ဝမ်း···ဝမ်းသာလိုက်တာ ဆရာကြီးရှင့်"

"ဟုတ်ပါတယ်ဆရာကြီးရယ်။ ကျွန်တော်တို့ လင်မယားရဲ့ လိုအင်ဆန္ဒကို ခုလိုမျိုး ဖြည့်ဆည်းပေးတဲ့အတွက် ဘယ်လိုမျိုး ကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူး။ ဆရာကြီးခင်ဗျား ဘာများအလိုရှိပါသလဲ။ အမိန့်ရှိပါဆရာကြီး"

သည်တော့ မှော်ဆရာကြီးဆိုသူလည်း ဘောလုံး လုလင်ကို လက်တို့ပြီး မနီးမဝေးကို ခေါ်သွားလေ၏။ ပြီး တော့မှ -

"အင်း···ကျေးဇူးဆပ်ချင်ရင် ဆပ်နိုင်တာတစ်ခုတော ရှိပါတယ်။ ကျုပ်က နှစ်ပေါင်းရာချီပြီး အကျဉ်းကျခံနေရတာ ဆိုတော့ မိန်းမနဲ့ အထိအတွေ့ကင်းကွာနေရတယ်ဗျာ။ အဲ မောင်ရင် ကူညီပေးနိုင်မလား"

ဟု ဆိုလေရာ ဘောလုံးလုလင်လည်း သဘောပေါ သွားပြီး သူ့ဇနီးသည်နှင့် ျပင်ဆိုင်ဆွေးနွေးလေတော့၏။

"မတော်···ပွေ့ဖက်ရုံလောက်ပဲ ရှိမှာပါကွာ"

"ဟုတ်ပါတယ်လေ။ သူ ကျွန်မတို့အပေါ် ဖြည့်ဆည်း ပေးမှာတွေက နည်းမှမနည်းဘဲဟာ။ သည်လောက်ကတေ ကိုကို့အနေနဲ့ ခွင့်လွှတ်ရင် ကျွန်မဘက်က ဖြည့်ဆည်း နိုင်ပါတယ်"

"ခွင့်လွှတ်တယ်ဟေ့၊ ခွင့်လွှတ်တယ်"

သည်လိုနှင့် ဘောလုံးလုလင်၏ ဇနီးသည်လ မှော်ဆရာကြီး၏ နောက်သို့ လိုက်ပါသွားလေ၊ နာရီဝက်ေ ကျော်အကြာတွင် ဇနီးသည်မှာ အဝတ်အစား ကပိုကရို ဘောလုံးလုလင်ထံ ပြန်ရောက်လာ၏။ ထိုအခါ···

"ဟေ့···ဘာများဖြစ်ခဲ့သတုံး ပြောစမ်းပါဦးကွ"

"မပြောပါရစေနဲ့တော့ ကိုကိုရယ်။ ဆရာကြီး ကိုကို့အတိုင်းပဲ။ အဲ···ကျွန်မပြန်ခါနီးတော့ ကိုကို့အသ ကျွန်မရဲ့အသက်ကို မေးတယ်"

"သည်တော့···"

"သည်တော့ အမှန်အတိုင်းပဲ ကိုကိုက ၂၅ ကျွန်မက ၂၀ လို့ ပြောလိုက်တာပေါ့"

"သည့်တော့ ဆရာကြီးက ဘာပြောသလဲ"

"ဘာပြောရမှာလဲ။ အင်း···လူတွေများ အကြေ စိတ်တွေ၊ လောဘစိတ်တွေ ဖုံးလွှမ်းလာရင် အမှားအမှ မခွဲခြားနိုင်တော့ပါလားနော်လို့ ပြောပြီး ထွက်သွားပါလေ"

"အီး··ဟီး··ဟီး··သေပြီဟေ့၊ သေပြီ"

မြို့မေစ္ဆာယ
ကိုရွှေတော



www.burmeseclassic.com

www.burmeseclassic.com



# ခြားနားခြင်း သိအိုရီ

✷ မိုးသား(သမိုင်း) ✷

"တပည့်တို့ နားမလည်တာရှိ
ရင် ဆရာ့ကိုပြောပါ"

"ကျွန်တော် ဒီပုစ္ဆာ မရှင်းဘူး
ဆရာ"

သူ မတ်တတ်ရပ်ပြီး ဆရာ့ကို
ပြောသည်။ ဆရာက နွေးထွေးစွာ
ပြုံးရင်း လှမ်းလာ၏။

"ဒီပုစ္ဆာလား"

"ဟုတ်ပါတယ် ဆရာ"

အကြိမ်ပေါင်းများစွာ ဆရာရှင်း
ပြခဲ့သော ပုစ္ဆာ။

ဆရာကထပ်ပြီး စိတ်ရှည်လက်
ရှည် ရှင်းပြနေ၏။ ဆရာ့ကိုကြည့်ပြီး
သူ အားကျစိတ်တွေဝင်လာသည်။

တစ်နေ့ ...

ဆရာ့လို စိတ်ရှည်လက်ရှည်
ရှင်းပြနိုင်သော၊ သဘောမနော
ကောင်းသော ဆရာတစ်ယောက်ဖြစ်
ရမည်ဟု ရင်ထဲက ကြုံးဝါးရင်း ...

• • •

"မင်းတို့ ... အစည်းအဝေးမှ
မတက်ဘဲ။ ဘယ်လိုလုပ် နားလည်
မှာလဲ။ တောက် ... ဘာလို့ အစည်း
အဝေး မတက်တာလဲ"

"ဒီလိုပါဆရာ။ (ခွဲ)ကျောင်းတွေ
က ပင်မကျောင်းဆရာမတစ်ယောက်
အစည်းအဝေးတက်ရင် တက်စရာ
မလိုဘူးဆိုလို့ပါ။ အစည်းအဝေးတက်
တဲ့ ဆရာမကလည်း ခုမှနေ့စားလ
ပေးဆိုတော့ လုပ်ငန်းသဘောတရား
မသိလို့ပါ"

"မင်းတို့ပြောလိုက်ရင် ဆင်ခြေ
ပဲ။ ပျင်းတဲ့လူဆိုတာ အကောင်းဆုံး
ဆင်ခြေပေးမှာပဲ။ နားမလည်ရင်
ကိုယ့်ဟာကိုယ် နားလည်အောင်လုပ်။
ဘာမှ လာမမေးနဲ့။ တစ်ခါပြောတာ
ရအောင်မှတ်"

ငယ်ငယ်က ကျောင်းသားဘဝ
ကို သူပြန်လွမ်းသွားသည်။

ဆရာနဲ့တပည့် ...။

အခု ....။

ဆရာ ဘယ်လိုဖြစ်သွားပါလိမ့်
ဟုသာ တွေးရင်း ...။


---

မိုးသား(သမိုင်း)

---

www.burmeseclassic.com

www.burmeseclassic.com



# နာမည်ပြောင်းနှင့် ခေါင်းမူးခ

■ မောင်မြင့်မား(ဘိုကလေး)

တနင်္ဂနွေ အားလပ်ရက် တစ်ရက်မှာ အေးအေးဆေးဆေးအနား ယူနေတုန်း ဧည့်သည်တစ်ယောက် ဝင်လာသည် ..။ တခြားလူတော့ မဟုတ်။ ကျွန်တော့်သားနှင့် စီးပွားရေး လုပ်ဖော်ကိုင်ဖက် သူ့မိတ်ဆွေ ဖြစ်သည်။ ကျွန်တော့်သားက ရေခဲသေတ္တာများ ပြင်တတ်တော့ သူ့မိတ်ဆွေက အဟောင်းပျက်၊ အသစ်ပျက်များကို လျှော့ဈေးနှင့် လိုက်ဝယ်ကာ ကျွန်တော့်သားဆီယူလာ၊ သားကပြင်ပေး၊ ကောင်းလာတော့ ပြန်ရောင်း၊ အကျိုးအမြတ် တစ်ဝက်စီယူ။ ထိုကဲ့သို့ စီးပွားရေးလုပ်ဖော်ကိုင်ဖက် ဖြစ်သည်။

သူရောက်လာပြီး သိပ်မကြာ။ အိမ်ရှေ့ကို ရေခဲသေတ္တာတစ်လုံး ဆိုက်ကားနှင့် ရောက်လာသည်။

"သူရိန်ရေ ..ရေခဲသေတ္တာကိုကြည့်ပါဦးကွ။ ချောင်တယ်ထင်လို့ ငါဆွဲလာတာ"

ကျွန်တော့်သားကြီး သူရိန်က ရေခဲသေတ္တာကို စမ်းသည်။ စမ်းဆေးသည်။ ပြီးမှ ...

"ကိုသက်ထွန်း ...ဘယ်လောက်ပေးခဲ့ရလဲ"

"နှစ်သောင်းနှစ်ထော



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုရင်တော့ ... ဒီတစ်ခါ ခင်ဗျားခံပေတော့"

"ဟေ ... ဘာဖြစ်လို့လဲကွာ"

ထိုအချိန်တွင် အိမ်ရှေ့ကို 'ကက' တစ်စီးရောက်လာသည်။ ကားပေါ်က လူ ၄–၅ ယောက် ဆင်းလာသည်။ မိန်းမအက်ကအမျိုးများဖြစ်သည်။ ရောက်လာရသောအကြောင်းက ကျွန်တော့်ယောက္ခမ(အထီး) ကျန်းမာရေးတော်တော်ဆိုးနေသောကြောင့် ကျွန်တော့်ဇနီးကို လာခေါ်ခြင်း ဖြစ်သည်။ ကျွန်တော့်ဇနီးနှင့် သူ့မောင်တွေ၊ သူ့ညီမတွေက ယောက္ခမကြီး၏ ကျန်းမာရေးအခြေအနေကို တစ်ယောက်တစ်ခွန်းပြောနေကြရင်း စိတ်ဝင်စားစရာ စကားတစ်ခုက ကျွန်တော့်နားထဲကို ဝင်လာသည်။

ခယ်မတစ်ယောက်က သူ့အဖေ၏ကျန်းမာရေးအတွက် ဗေဒင်မေးကြည့်သောအကြောင်းဖြစ်သည်။ ယခုလပိုင်းတွင် ဗေဒင်အရ အညံ့ပိုင်းသို့ရောက်နေကြောင်း၊ အသက်အတွက် စိုးရိမ်ရကြောင်းနှင့် ယတြာအရ ယောက္ခမကြီးကို နာမည်ပြောင်းသင့်ကြောင်းဖြစ်သည်။ နာမည်က လူကို ဒုက္ခပေးနေသောကြောင့် အမြန်ပြောင်းသင့်ကြောင်းဖြစ်သည်။ ကျွန်တော် ပြုံးမိသည်။ နာမည်ပြောင်းရမည့် ယောက္ခမကြီးအသက်က ၇၂ နှစ်။

ထိုနေ့က သူတို့မောင်နှမတစ်စု နာမည်ကြီးဗေဒင်ဆရာ တစ်ဦးထံ ချက်ချင်းသွားရောက်၍ နာမည်ပြောင်းကြခြင်းဖြစ်သည်။ နာမည်ပြောင်းခက တစ်သောင်းတိတိတဲ့။

နောက်တစ်ခါ ပြုံးစရာတစ်ခုက နားထဲကိုဝင်လာပြန်သည်။ ကျွန်တော့်သားနှင့် သူ့မိတ်ဆွေတို့၏ အချီအချစကားပြောသံဖြစ်သည်။ သားကြီးက –

"ခင်ဗျားက ကျွန်တော့်ကို မတိုင်ပင်ဘဲနဲ့ လုပ်တာကိုး ဗျ။ ခင်ဗျားရခဲ့သေတ္တာက အပြင်ပန်းသာကြည့်ကောင်းနေတာ။ စမ်းကြည့်လိုက်တော့ ကွန်ပရက်ဆာလည်း မကောင်း။ အပူကွိုင်ရော၊ အအေးကွိုင်ရော မကောင်း။ ကောင်းတာက အခွံပဲရှိတယ်။ ပြန်ပြင်ရင်တောင် ငါးသောင်းခြောက်သောင်းလောက် အနည်းဆုံးကုန်မှာ။ ဒီတစ်ခါတော့ ခင်ဗျားခံပေတော့"

"အေး ... ငါက အပြင်က သန့်တော့ ကောင်းမယ်ထင်ပြီး ယူလာတာ။ ကားနဲ့ရော ဆိုက်ကားနဲ့ရော၊ လူကိုယ်တိုင်ထမ်းရတာလည်း ပါသေးတယ်။ နေကပူတော့ ခေါင်းကိုမူးနေတာပဲကွာ။ အဲဒီတော့ ပြင်ပြီးရောင်းရင် မကိုက်ဘူးလားကွာ"

"ခင်ဗျားဝယ်လာတာက နှစ်သောင်း၊ ပြင်တာကခြောက်သောင်း၊ ပေါင်းရှစ်သောင်းထား။ ပြင်ပြီး ဒီအဟောင်းကြီးကို ဘယ်သူက ရှစ်သောင်းပေးဝယ်မှာတုန်း။ နောက်ပြီး ခင်ဗျားဟာကြီးက ၁၁၀ ဘို့စက်ကြီး"

"ဒါဆို ငါ့အရင်းနှစ်သောင်း နှစ်ထောင်တောင် ပြန်မရနိုင်ဘူးပေါ့"

"အခွံကြီးပဲကောင်းတာ။ ဒီအခွံကြီးကို ဘယ်သူက နှစ်သောင်းနှစ်ထောင်ပေးမှာလဲ။ ခင်ဗျားသာနားမလည်ဘဲ အဲဒီဈေးနဲ့ယူလာတာ"

"အေးကွာ။ ငါ့မှာ ကားခရော၊ ဆိုက်ကားခရော စိုက်ရသေး။ ထမ်းပိုးရတာလည်းပါသေး။ နေပူကြီးထဲမှာဆိုတော့ ခေါင်းတောင်မူးတယ်။ ဒီလိုလုပ်ပါကွာ။ မင်းကနားလည်တော့ မင်းယူထားပြီး အဆင်ပြေသလိုသာပြင်ပြီး ရောင်းလိုက်ပါကွာ။ ငါ့ကိုတော့ အရင်းအတိုင်းသာပေးပါ။ အားကိုးပါရစေ"

"ခင်ဗျားဗျာ။ ကျွန်တော်ပြင်ပြီး ရှစ်သောင်းလောက်နဲ့ ဘယ်သူက ဝယ်မှာတုံး။ နားမလည်တဲ့လူပဲ အမိုက်ခံပြီးယူမှာ။ မထွက်မချင်း ကျွန်တော့်ငွေတွေ အိပ်နေမှာ"

"လုပ်ပါ ငါ့ညီရာ။ ငါ့မှာ ဒီငွေကလေးနဲ့ လည်ပတ်စားသောက်နေရတာ။ ငါ့အကြောင်း မင်းသိပါတယ်။ မင်းက ပြင်တတ်တာရော၊ အပြောအဆိုတတ်တာရောဆိုတော့ ပြင်ပြီးရင် ပစ္စည်းက မြန်မြန်ထွက်မှာပါ။ ငါ့ကို အရင်းအတိုင်းသာပေးပါ"

"အဲဒီတော့ ဘယ်လောက်ပေးရမှာလဲ"

"နှစ်သောင်းသုံးထောင်"

"ဗျာ ... ခင်ဗျားဝယ်လာတာ စောစောကပြောတုန်းက နှစ်သောင်းနှစ်ထောင်ဆို"

"အေး ... တစ်ထောင်က ခေါင်းမူးခလေးပါကွာ"

ကျွန်တော်ပြုံးမိပါသည်။ ခေါင်းမူးခက တစ်ထောင်ဆိုပါလား။

■ မောင်မြင့်မား(ဘိုကလေး)



www.burmeseclassic.com

www.burmeseclassic.com



# စေတနာအလှူမ်း

❒ အောင်လံသား

သိပ်မကြာသေးခင်က စာအုပ်အငှားဆိုင်လေးတစ်ဆိုင်ကို တွေ့လိုက်ရ၍ ဝမ်းသာမိသည်။

ကျွန်တော်တို့ သူငယ်ချင်းတစ်စုက စာပေဝါသနာပါကြသည့်အတွက် စာအုပ်ဆိုင်လေးကို မိတ်ဖွဲ့ကမ်းလှမ်းထားခဲ့သည်။ လစဉ်မဂ္ဂဇင်းများ အသစ်ထွက်ပြီဆိုရင် ထိုဆိုင်လေးက ကျွန်တော့်အတွက် ဦးဦးဖျားဖျား ချန်ပေးထားသည် လတိုင်းနီးပါး အရင်စာဖတ်ခွင့်ရသည့်အတွက် ပိုပြီးစေတနာထားကာ လမ်းညွှန်၍ အကူအညီပေးခဲ့သည်။

"အစ်ကိုရေ ဒီလ(---)မဂ္ဂဇင်းထဲမှာပါတဲ့ အစ်ကိုကဗျာလေးကို ကျွန်တော်ခိုက်တယ်ဗျာ။ နောက်ဆုံးအပိုဒ်လေးက ပိုခိုက်တယ်။ ဘာတဲ့ ဩော် . . သိပြီ၊ သိပြီ။ 'ချစ်သူပါးပြင်ပေါ်က ကျခဲ့တဲ့မျက်ရည် မောင်သာဖြစ်နေပါစေလေ' ဆိုတာလေ"

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ရဲ့ စာ၊ ကဗျာလေးတွေအပေါ် ဝေဖန်မှုမျိုးလေးတွေ ပေးလာတော့ အားဖြစ်ခဲ့သည်။ အဲဒီလိုနဲ့ လတွေထပ်လာသည့်အခါ ထိုဆိုင်လေးလည်း အငှားသွက်လာခဲ့သည်။ လူဝင်လူထွက် များလာသည်။ ကျွန်တော့်အဖို့တား မိသားစုလိုဖြစ်နေသဖြင့် လူရှင်းမှပင် ဝင်ခဲ့သည်။

"ညီ . . . အစ်ကိုမှာထားတဲ့ စာအုပ် ချန်ထားသေးလား"

"ဟာ . . . ဆောရီး အစ်ကို။ မေ့သွားလို့ စိတ်မရှိပါနဲ့"

နောက်ရက်တွေ၊ လတွေမှာလည်း မရောက်သေးလို့၊ မလာဘူးထင်လို့၊ မေ့သွားလို့ဟု အကြောင်းပြတာ ပြန်လာခဲ့ရသည့်ရက်တွေ မရေမတွက်နိုင်တော့။

"ညီလေးကလည်းကွာ။ အစ်ကိုဖတ်နေကျ မဂ္ဂဇင်းတွေ မင်းသိနေသားပဲ ခဏခဏမေ့ရတယ်လို့"


စိတ်ထဲမချင့်မရဲနှင့်မို့ ကျွန်တော့်ရင်ထဲက အန်ကျလာတဲ့ စကားလေးတွေကို ပုံဖော်ပြောလိုက်တဲ့အခါမှာ အနှီသူငယ်လေးရဲ့ တုံ့ပြန်ပြောဆိုလိုက်တဲ့ စကားဟာ ကျွန်တော့်ရင်ထဲတွင် ဝေဒနာလေးတစ်ခုဖြစ်သွားခဲ့ရသည်။ ထိုစကားလေးသည် သံရည်ပူနှင့် လောင်းချလိုက်သလိုပင်။

"ဒီမယ် . . . ကျွန်တော်တို့က အများနဲ့ အလုပ်လုပ်နေရတာဗျ။ ခင်ဗျားစာအုပ်ချန်ထားဖို့ မပြောနဲ့၊ ထမင်းစားဖို့တောင် အချိန်မပေးနိုင်ဘူး" . . . တဲ့။

အောင်လံသား

www.burmeseclassic.com

www.burmeseclassic.com



# အသွင်တူ အိမ်သူ

■ ကိုကိုလှ(ကမာမြေ)

စည်းကမ်းနှင့် ပတ်သက်လာလျှင် အမေဒေါ်မြကြည်၊ မည်သူ့ကိုမျှ အလိုမလိုက်။ အရေးမပေး၊ ယုတ်စွအဆုံး သားသမီး၊ ချွေးမ၊ အောက်ဆုံးအဆင့် အိမ်ဖော် အေးမေကို ထောင်မှ ချစ်သာချစ်သည်၊ အားကိုးသာ အားကိုးသည်။ အပြစ်ဖို့စရာ စကားဆိုရမည်ဆိုလျှင်တော့ မည်သူ့မျက်နှာမှုမထောက်။ အထူးသဖြင့် သူအားကိုးအားထား ပြုနေရသူ အေးမေကို –

"ဟဲ့ ... အခုအချိန်ထိ ပြန်ရောက်ကြသေးဘူးလား"

"ဟုတ် ... ဟုတ်ကဲ့မေမေကြီး ကိုကိုလေး မရောက်သေးဘူး ကျန်တဲ့လူတွေ ရောက်နေကြပါပြီ"

"အေး ... သူ့မိန်းမကိုသွားခေါ်"

"ဟုတ်ကဲ့"

"မမလေး၊ မေမေကြီးခေါ်နေတယ်"

"ဘာကိစ္စလဲ။ ငါနေမကောင်းလို့ အိပ်နေတယ် ပြောလိုက်"

"ကိုကိုလေး ဘာကြောင့်ပြန်မရောက်သေးလဲလို့ မေးနေတယ်"

"အေးအဲသည့် နင့်မိထွေးကို ပြောလိုက်၊ ငါမသိဘူးလို့။ တွေ့ချင်ရင် ကိုယ့်ဟာကိုယ်လိုက်ရှာလို့ ..."

အိမ်ဖော်မလေးအေးမေ ကြားရသည့် စကားသံကြောင့် အမေကြီး၏ မျက်နှာပြန်မြင်မိသလို၊ မှားနေသည့် ရုပ်ဝန်းတစ်ခုသို့ ရောက်နေသည့်ပမာ ခံစားလိုက်ရသည်။ ထို့နောက် ဒေါ်မြကြည်ထံသွားလျက်။

"မေမေကြီး ... မမလေးက အစ်ကိုလေးကိုတွေ့ချင်ရင် မေမေကြီး ကိုယ်တိုင်သွားရှာတဲ့"

"အေး ... သူက ပြည်သူ့နီတိဆိုတဲ့ ဘာသာရပ်မသင်ခဲ့ရဘူးပဲ။ ဒါ့အပြင် အမှောင်တိုက်ထဲမှာ သူ့အမေကိုလုပ်ကြံမှုနဲ့ အနှစ်နှစ်ဆယ် ဝင်နေရတယ်ဇလ"

"ဟုတ်လား။ သူ့အမေကို တောင် လုပ်ကြံရက်တယ်"

အိမ်ဖော်မလေး အေးမေသည်လည်း အတွေးတစ်ချက် ဝင်မိသည်က အစ်ကိုလေးတို့ အိမ်ထောင်ရေးသည် အသွင်တူသောအိမ်သူ ဖြစ်နေပါသကော။

ကိုကိုလှ(ကမာမြေ)



www.burmeseclassic.com

www.burmeseclassic.com



# ပွဲသိမ်း

ခိုင်မမ(ပညာရေး)

မြန်မာပြည်ဖွား ဖြစ်သော်ငြား မှည့်ခေါ်ထားသည့် နာမည်တွေက မြန်မာမဆန်။ ဘိုနံ့မှ . . . ဘိုနံ့။

တစ်ဦးက စင်သီယာ။ နောက် တစ်ဦးက ပင်မလာ။

နှစ်ဦးစလုံးက ညွန်ကြားရေး မှူးချုပ် ကတော်တွေ။

လင်သားတွေက အေးဆေး တည်ငြိမ်ကြသလောက် စင်သီယာ နှင့် ပင်မလာတို့မှာမူ တစ်ဦးနှင့် တစ် ဦးကို ကြောသွားမှာ စိုးကြသည်။

ယခု ပါတီညစာစားပွဲတစ်ခု၌ သူ တို့နှစ်ဦး တစ်ဝိုင်းတည်းကျကာ စကားလက်ဆုံကျနေကြပါပြီ။ လင် သားနှစ်ဦးကမူ ယမကာကောင်တာ သို့ ရောက်နေ၏။ ဤတွင် ရင်တွင်း အဖွဲ့တွေတို့မှာ မသိမသာပေါ်ထွက် လာကြသည်။ ပထမဦးဆုံး စင်သီ ယာက အကြောစကားလုံးများဖြင့် စတင်သည်။

"အိုင်တော့လေ ဝတ်ထားတဲ့ စိန်နားကပ် အရောင်မှိန်လာရင် ပိုးစ ကလေးနဲ့ ပွတ်ပွတ်ပေးတယ်။ ပတ္တမြားလက်စွပ် မှိန်လာပြီဆိုရင် လည်း ဝိုင်အရက်နဲ့ ဆေးပစ်လိုက် တာပဲ။ နီလာလက်စွပ် အရောင်မှိန် လာတဲ့အခါ နွားနို့နဲ့စိမ်ပြီး အရောင် ပြန်တင်ပေးလိုက်တာပဲ။

အဲ . . . ယူ့ရဲ့လက်ဝတ်လက် စားတွေ အရောင်မှိန်ရင်ကော ဘယ် လိုလုပ်သလဲဟင် . . ."

ဤတွင် ပင်မလာက ရိုက်ချက် တစ်ချက်တည်းဖြင့် ပွဲသိမ်းပစ်လိုက် သည်။

"အိုင်လား . . . လက်ဝတ် လက်စားတွေ အရောင်မှိန်လာလို့က တော့ ယူ့လို နှမြောပြီး အလုပ်ရှုပ် မခံတော့ဘူး။ တစ်ခါတည်းကို အမှိုက်ပုံးထဲ လွှင့်ပစ်လိုက်တော့တာ ပဲလေ . . ."

"အယ် . . ."

ခိုင်မမ(ပညာရေး)

www.burmeseclassic.com

www.burmeseclassic.com



# ကိုသာဆိုး

✦ ဘုန်းလက်ျာအောင်

ကိုကျွဲသိုးအား သူ့မယား မပန်းလှိုင်က စွန့်ပစ်သွားပြီဆိုသည့်သတင်းတ မိတ်ဆွေသူငယ်ချင်း ကိုညွှန့်တင်ကို အံ့အားတသင့် ဖြစ်သွားစေခဲ့သည်။ သည့်အတွက် မိတ်ဆွေသူငယ်ချင်းကောင်းပီသစွာ ဖုန်းဖြင့်လှမ်း၍ သတင်းမေးရပါလေ၏။

"ဘယ်လိုဖြစ်ရတာလဲ ကျွဲသိုးရာ . . .။ မင်းသတင်းကြားရတာ စိတ်မကောင်းစရာပဲ။ နေစမ်းပါဦး၊ မသိလို့ မေးစမ်းပါရစေ။ မင့်မိန်းမ မပန်းလှိုင်က မင့်မှာ ဘာပြစ်ချက်ရှိလို့ စွန့်ပစ်သွားရတာတဲ့လဲ"

"ဘာဖြစ်ရမလဲကွာ . . ။ ငါက အိမ်မကပ်ဘဲ အိမ်လည်ချည်း ထွက်နေတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ပဲပေါ့ . . ."

"ဖြစ်ရလေတယ်ကွာ။ မင်းနဲ့ ငါက ပြောင်းပြန်ဖြစ်နေပြီ။ ငါ့ကျတော့ အိမ်ထဲမှာချည်းနေလို့ဆိုပြီး ငါ့မိန်းမ ခင်နှင်းက ပစ်သွားတာပဲ"

"ဟာကွာ . . . အိမ်မြဲတဲ့ မင်းကို တျော့ထူးမတင်တဲ့အပြင် စွန့်တောင်ပစ်သွားတယ်ဆိုတော့ မင်းမိန်းမ ခင်နှင်းဟာ တော်တော်မကောင်းတာပဲ"

ဤတွင် ကိုညွှန့်တင်လည်း –

"ဟကောင် ကျွဲသိုး။ တကယ်တော့ ငါ့မိန်းမ ခင်နှင်းက မဆိုးပါဘူး။ ဆိုးတာက ငါပါ။ ငါကအိမ်ထဲမှာနေပြီး ပုလင်းထောင်တယ်ကွာ၊ ဖဲဝိုင်းလုပ်တယ်ကွာ . . ."

"သေလိုက် . . ."

ဘုန်းလက်ျာအောင်



www.burmeseclassic.com

www.burmeseclassic.com



# ကိုင်း . . . ဘာရမလဲ

○ မောင်မောင်မျိုးသစ်(ရန်ကုန်တက္ကသိုလ်)

မြို့နယ်တစ်ခု၌ ဘုရားဂေါပကအဖွဲ့ဝင်တစ်ဦး လစ်လပ်နေသည့်အတွက် ရွေးချယ်ပွဲလုပ်ရန် အစည်းအဝေးလုပ်နေကြသည်။ ဤတွင် အစည်းအဝေးတက်ရောက်သူ တစ်ဦးက နေရာမှထကာ . . .

"သဘာပတိကြီးခင်ဗျား။ လစ်လပ်နေတဲ့ ဘုရားဂေါပကအဖွဲ့ဝင်တစ်ဦးရဲ့နေရာအတွက် ပင်စင်စားတစ်ဦးဖြစ်တဲ့ ဦးမုတ်ဆိတ်ကို အဆိုတင်သွင်းပါတယ် . . ."

ဟူ၍ ဆန္ဒသဘောထားကို ထုတ်ဖော်လေ၏။ ဤတွင် ကျောက်ဖြူ-မေနှင်း အမည်ဖြင့် စာများရေးနေသော အမျိုးသမီးကြီးသည် နေရာမှထလျက် လူမမာနာလန်ထစအသံဖြင့် –

"သဘာပတိကြီးရှင့် စောစောက အဆိုတင်သွင်းတဲ့ ဦးမုတ်ဆိတ်ကို ဂေါပကအဖွဲ့ဝင်အဖြစ် ရွေးချယ်ဖို့ရာ ကန့်ကွက်ပါတယ်ရှင့်။ သည်လိုနေရာမျိုးဆိုတာ ငါးပါးသီလလုံခြုံတဲ့သူနဲ့သာ အသင့်တော်ဆုံးဖြစ်ပါတယ်။ ဘာ့ကြောင့်ကန့်ကွက်ရသလဲဆိုတော့ ဦးမုတ်ဆိတ်ဟာ သူ့ကားကို ယမင်းဘီယာဆိုင်မှာ မိုးအလင်း ရပ်ထားတာကို ကျွန်မတည်းခိုပြီးစာရေးနေတဲ့ တိုက်ခန်းကနေ ကိုယ်တိုင်မြင်ရလို့ပါပဲ။ သူဟာ ယမင်းဘီယာဆိုင်မှာ တစ်ညလုံး အရက်ဝင်သောက်နေမှာ သေချာပါတယ်"

သို့ဖြင့် . . . အစည်းအဝေးမှာ နောက်ဆုတ်သွားရ၏။ ထိုနေ့ညဉ့် ဂေါပကဝင်အဖြစ်မှ ကန့်ကွက်ခြင်းခံရသော ဦးမုတ်ဆိတ်သည် သူ၏ကားကို အဆိုပါ စာရေးဆရာမကြီး၏ တိုက်ခန်းအရှေ့၌ တစ်ညလုံးရပ်ထားကာ မနက်မိုးလင်းမှ ပြန်မောင်းထွက်သွားပါလေတော့၏။

မောင်မောင်မျိုးသစ်
(ရန်ကုန်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# ဘိုးတော်ဆိုတိုင်း ယုံသင့်မှ ယုံပါ

ခင်မောင်ထွန်း(လမ်းမတော်)

ဆယ်ရာစု(၂)စု၏ ဟိုဘက်ဆီက ဖြစ်တယ်။ စာရေးသူ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် 'ဘိုးတော်' အတုယောင်များကို သက်သေအထောက်အထားများ ရှာဖွေဖော်ထုတ်ပြီး တရားစွဲတင်ပို့နေစဉ်ကာလက ဖြစ်ပါတယ်။ ထိုစဉ်က ရန်ကုန်တိုင်း အပါအဝင် နယ်မှ ဘိုးတော်အမည်ခံ လူလိမ်အချို့ ဥပဒေအရ အပြစ်ပေးခံနေရချိန် ဖြစ်ပါတယ်။

ထိုကာလကလည်း ဘိုးတော်အမည်ခံ လူလိမ်လူညာများ ခေတ်စားခဲ့ကြပါတယ်။ ရှေ့ဖြစ် နောက်ဖြစ်ကို ဟောရာ၌ လက်ကိုမြှောက်လိုက်လျှင် လက်ထဲမှာ အဆောင်ပစ္စည်း စီးကရက်၊ ရုပ်ပွားတော်၊ အင်းကွက်၊ ဓာတ်စာသည်တို့ကို ထွက်ပေါ်လာစေသည့် လက်လှည့်ပညာများကိုလည်း သုံးစွဲလာကြပါတယ်။

အတတ်ဟောပညာကို အနည်းငယ် တတ်ရုံသင်ပြီး လက်လှည့်၊ မျက်လှည့်တွေ ပူးတွဲသုံးလိုက်တော့ ပြဿနာဖြစ်နေသူ၊ ချို့တဲ့နေသူ၊ စိတ်ဆင်းရဲနေသူ၊ အားငယ်နေသူ၊ ကြီးပွားချင်သူတွေ တကယ်ယုံပြီး ဘိုးတော်အတုအယောင်တွေဆီ အလုအယက်သွားကာ အားကိုးတကြီး ဖြစ်လာတတ်ပါတယ်။ အဲဒီနေရာမှာ အမျိုးသမီးတွေက ပိုများတယ်ပေါ့။ အတုအယောင်တွေက အဲဒီအားနည်းချက်ကိုယူပြီး ငွေ၊ ပစ္စည်း၊ အဲဒီကနေ အချို့ဘိုးတော်အတုတွေက လူမှုရေးဖောက်ပြန်တဲ့အထိ လုပ်လာကြတယ်။ အဲဒီအမှုတွေထဲက တစ်ခုကို တင်ပြရရင်တော့. .

စာရေးသူ၏ အထက်အရာရှိကြီးတစ်ဦးက သူ့ရုံးခန်းကို အခု လာခဲ့ပါဆိုလို့ အနော်ရထာလမ်းနှင့် ၄၇-လမ်းမှာရှိတဲ့ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ရုံးကနေ သိမ်ဖြူလမ်းမှာရှိတဲ့ ဌာနကြီးများရုံးကို ချက်ချင်းပဲ သွားခဲ့ပါတယ်။

အရာရှိကြီးရုံးခန်းရောက်တော့ စာရေးသူကို တိုင်စာတစ်စောင် ထုတ်ပေးရင်း. . .

"ရော့ ဒီမှာ တိုင်စာတစ်စောင် အထက်က ပို့လိုက်တယ်၊ 'ဘိုးတော်လိမ် မောင်ချစ်' တဲ့၊ တာမွေဘက်မှာရှိတယ်၊ မင်းလက်အောက်ကအဖွဲ့နဲ့ သေချာစစ်ဆေးပြီး အမှန်ကို ဖော်ထုတ်ပါ၊ အခြေအနေကို ပြန်ပြီးတင်ပြပါ။

"ဟုတ်ကဲ့"

စာရေးသူ ပြန်လာခဲ့ပါတယ်။ ရုံးခန်းရောက်တော့ တိုင်စာကို ဖတ်ကြည့်မိပါတယ်။ တိုင်ထားသူက အမျိုးသားတစ်ယောက်ပါ။ သူ့ဇနီးဟာ ဘိုးတော်လိမ် မောင်ချစ်ကို သွားမေးရင်း မောင်ချစ်၏ လှည့်ဖြားမှုခံရကြောင်း၊ သူ့ဇနီးအပြင် အခြားအမျိုးသမီးများကိုလည်း လိမ်လည်လှည့်ဖြား အယုံသွင်းနေကြောင်း၊ မကြာခင် လူမှုရေး ဖျက်ဆီးခံရမည် စိုးရိမ်၍ တိုင်ကြားပါကြောင်း ဖော်ပြထားပါတယ်။

မောင်ချစ် ဆိုသူအကြောင်း စာရေးသူ သတင်းရ,ထားပြီး ဖြစ်ပါတယ်။ သူ့ကိုလည်း အနီးကပ် လေ့လာစုံစမ်းနေသောအဖွဲ့ ရှိနေပါတယ်။ သူတို့နဲ့ ဆက်သွယ်ပြီး စာရေးသူကိုယ်တိုင် တွေ့ဆုံခဲ့ပါတယ်။ တိုင်စာတိုင်ကြားသူကို အဖွဲ့တစ်ဖွဲ့ စေလွှတ်ပြီး စစ်ဆေးဖို့ တာဝန်ပေးခဲ့ပါတယ်။ သူတို့ထံက အစီရင်ခံချက်အရ လူတွေကို အယုံသွင်းပြီး ညာစားနေသည်ဟု သံသယရှိကြောင်း သိရပါတယ်။ စာရေးသူလည်း ကိုယ်တိုင်လေ့လာချင်တာနဲ့ ရဲမှန်းမသိအောင် ဗေဒင်မေးသူ ဟန်ဆောင်ပြီး သွားတွေ့ခဲ့ပါတယ်။

စာရေးသူ ရောက်သွားချိန်မှာ လူပါးသော နေ့ခင်း ထမင်းစားချိန် ဖြစ်ပါတယ်။ နေ့ခင်း တစ်နာရီခန့်ဆိုတော့ မောင်ချစ် ထမင်းစားပြီး ပက်လက်ကုလားထိုင်မှာ ထိုင်ကာ အချိုပွဲစားနေချိန် ဖြစ်ပါတယ်။

စာရေးသူနဲ့ တပည့်တစ်ဦး သူ့ထံ ရိုရိုသေသေ ပုံစံပြပြီး ဝင်သွားပါတယ်။ မောင်ချစ်က စာရေးသူကို လှမ်းကြည့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com

"ညီတော်မောင် လာ ရှေ့တိုးလာခဲ့၊ ဒီဆက်တီကုလားထိုင်မှာ ထိုင်ကြပါ"

စာရေးသူနှင့် တပည့်တို့ ဆက်တီကုလားထိုင်တွင် ဝင်ထိုင်ကြတယ်။ မောင်ချစ်က ပက်လက်ကုလားထိုင်မှထပြီး စာရေးသူတို့နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံသို့ ရွှေ့ထိုင်လာပါတယ်။

သိရှိထားသော မေးမြန်းသူတို့ ထုံးစံအတိုင်း စာရေးသူက စာအိတ်နှင့် ထည့်လာသော ငွေကျပ် ၁၀၀၀ ကို မောင်ချစ်ရှေ့ရှိ စားပွဲပေါ်သို့ တင်ပေးလိုက်ပါတယ်။ မောင်ချစ်က စာအိတ်ကို လက်နဲ့ ဖိရုံဖိလိုက်ပါတယ်။

"ကဲ ညီတော်မောင်ရဲ့ မွေးသက္ကရာဇ်၊ နာမည်ပြော. . ."

စာရေးသူက တလွဲတွေကို ပြောပြလိုက်ပါတယ်။

မောင်ချစ်က စာရွက်ပေါ်ရေးပြီး တွက်ချက်ပါတယ်။

ပြီးတော့ 'ညီတော်မောင် အဓိက ဘာမေးချင်ပါသလဲ'။

"ကျွန်တော် စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ချင်ပါတယ်၊ အဲဒါ ဘိုးတော် အောင်မြင်အောင် ဆောင်ရွက်ပေးပါ"

"အင်း ညီတော်မောင် အညွှံ့ထဲ ရောက်နေတယ်၊ ပြီးတော့ ညီတော်မောင်က သိုက်က လာတာဆိုတော့ အသက်အန္တရာယ် ရှိနိုင်တယ်၊ ဒါပေမဲ့ ကျုပ် အကောင်းဆုံး ယတြာတွေ လုပ်ပေးရမှာပေါ့၊ ဒါပေမဲ့ ဒီနှစ်ကုန်ရင်တော့ အညွှံ့လွတ်ပြီ၊ ဒီအတွက် ယတြာအပြင် အဆောင်ပါ ပေးလိုက်မယ်၊ အဲဒါဆောင်ရင် မင်းလုပ်ချင်တဲ့ အလုပ်တွေ အောင်မြင်လိမ့်မယ်။

ရော့ ဒီရေနွေးကြမ်း ထည့်ထားတဲ့ ပန်းကန်ကို မင်း ကိုင်ထား၊ မျက်စိမှိတ်ပြီး ဘုရားကိုဆုတောင်း၊ မင်းရဲ့ သိုက်က အစောင့်တွေနဲ့ တိုင်ပင်ပြီး အဆောင်ပေးမယ်၊ မျက်စိမှိတ်ထားတော့"

စာရေးသူက သူ ပေးလာသော ရေနွေးကြမ်းပန်းကန်ကိုယူပြီး လက်နှစ်ဖက်နှင့် ကိုင်ပါတယ်။ မျက်စိမှိတ်ခါနီး တပည့်ကို လှမ်းကြည့်လိုက်တယ်။ တပည့်က သဘောပေါက်ကြောင်း ခေါင်းညိတ်ပြပါတယ်။ ဆရာတပည့် အတိုင်အဖောက် လုပ်ထားသည်မှာ သူ ဘာကို လိမ်သလဲဆိုတာ စောင့်ကြည့်ရန် ဖြစ်ပါတယ်။

"ကဲ ညီတော်မောင် မျက်စိမှိတ် ဘုရားအာရုံပြု"

စာရေးသူ မျက်စိမှိတ်လိုက်ပါတယ်။ တစ်အောင့်အကြာလောက်မှာ. . .

"ကဲ မျက်စိဖွင့်ပြီး ပန်းကန်ထဲ ကြည့်လိုက်ပါ၊ ရေနွေးပန်းကန်ထဲတွင် သေးငယ်လှသော ရှင်သီဝလိ ရုပ်ပွားတော် အဖြူရောင်လေးတစ်ဆူ ရောက်နေပါတယ်"

စာရေးသူက တပည့်ကို လှမ်းကြည့်ရာ ခေါင်းခါပြသည်။ မမြင်တွေ့လိုက်ကြောင်း ပြောပြခြင်းပင်။ သူ သိလိုက်ပုံ မပေါ်ပါ။

"ကဲ ညီတော်မောင်ရဲ့ သိုက်ဆက်တွေကိုလည်း တိုင်တည်ပြီးပြီ၊ စောင့်ရှောက်ကြလိမ့်မယ်၊ အကြံအစည်အတိုင်း ဆက်လုပ်ပေတော့၊ အဘကလည်း ယတြာအတွက် အိမ်မှာ သာသနာပွဲတင်ပေးမယ်၊ အဲ သာသနာပွဲအတွက်ကတော့ ငွေကျပ် ၁၅၀၀ ကုန်မယ်၊ အခုပါရင်လည်း ပေးခဲ့၊ မပါရင်လည်း ညနေ လာပို့ပေါ့"

"ဟုတ်ကဲ့၊ ညနေ လာပို့ပါမယ်"

စာရေးသူတို့ ပြောဆိုနေချိန်မှာပင် အသက်(၃၀) ခန့် အမျိုးသမီးတစ်ဦး ဝင်လာပါသည်။

"ဩော်. . . ကြည်မေနွယ် သမီး ရောက်လာပြီကိုး"

"ဟုတ်ကဲ့ အဘ၊ အဘစားဖို့ ကြက်သား ပလာတာလည်း ဝယ်လာတယ်"

"ညက အဘပြောတာ လုပ်ဖြစ်ရဲ့လား သမီး"

"ဟုတ်ကဲ့ လုပ်ပါတယ် အဘ"

"အေး. . ထူးခြားလာမယ် သမီး၊ သမီးကလည်း သိုက်ဆက်ထဲကပဲ"

စာရေးသူ မထသေးဘဲ နားထောင်နေမိတယ်။ နောက်ထပ် အမျိုးသမီး(၂)ဦး ထပ်ရောက်လာတယ်။

"ကဲ ညီတော်မောင်တို့ ပြန်ပြီး လုပ်စရာရှိတာ လုပ်ကြတော့"

စာရေးသူ ဆက်မနေတော့ဘဲ နှုတ်ဆက်ပြီးပြန်ခဲ့ပါတယ်၊ ကားပေါ်ရောက်တော့ တပည့်ဖြစ်သူ ရှင်



www.burmeseclassic.com

www.burmeseclassic.com

ဝလီ ရှပ်ပွားတော် ဘယ်လိုပန်းကန်ထဲ ထည့်လိုက်တာလဲ ဟု မေးကြည့်ရာ သူ သေချာအာရုံစိုက်ကြည့်နေသော်လည်း မမြင်မိကြောင်း ပြောပါတယ်။ လိမ်တာတော့ လိမ်ခြင်းပင်။ ပိရိသေသပ်စွာ လိမ်ခြင်းဟု စာရေးသူ မှတ်ချက်ချမိပါတယ်။

စာရေးသူ ရုံးခန်းရောက်တော့ တိုင်စာပို့တဲ့သူကို သွားစစ်တဲ့အဖွဲ့ ပြန်ရောက်နေပါပြီ။ တိုင်ကြားသူထံမှ အချက်အလက်မှာ အခိုင်အမာ ရခဲ့ပါတယ်။ ဒါနဲ့ ည(၇)နာရီလောက်မှာ 'ဘိုးတော်လိမ် မောင်ချစ်' ကို သွားခေါ်ပြီး ရရှိတဲ့ အချက်အလက် အခိုင်အမာနဲ့ စစ်ဆေးခဲ့ရပါတယ်။

မောင်ချစ်ကို အချက်အလက် အခိုင်အမာတွေ စစ်ဆေးရရှိထားကြောင်းပြောတော့ မောင်ချစ်က ဘူးတွယ်မနေတော့ဘဲ အမှန်အတိုင်း ဝန်ခံပါတယ်။ အဲဒီအချိန်က မောင်ချစ် ပြောဆိုခဲ့တဲ့ အချက်အချို့ကို တင်ပြရမယ်ဆိုရင်တော့...

"ကျွန်တော် ဗေဒင်ပညာကို (၂)နှစ် သင်ခဲ့ပါတယ်၊ လူတွေ ပိုပြီးယုံကြည်လာအောင် ဗေဒင်ပညာနဲ့ ရောပြီး လက်လှည့် မျက်လှည့်ပညာကို သင်ဖို့လိုတယ် ထင်လို့ မျက်လှည့်ပညာကိုတော့ (၃)နှစ် လေ့ကျင့်ခဲ့ပါတယ်။

ကျွန်တော့်လက်ထဲက အဆောင်တွေ ထွက်လာအောင် လုပ်တာကတော့ ကျွန်တော်က တိုက်ပုံခပ်ပွပွချုပ်ပြီး ဝတ်ပါတယ်၊ လေ့ကျင့်ထားတဲ့အတိုင်း တိုက်ပုံတံတောင်ဆစ်တွေရဲ့အောက်မှာ စီးကရက်ဘူးကို လက်မောင်းက ညှပ်ထားပါတယ်၊ လိုချင်တဲ့အခါ ထွက်လာအောင် လက်ကို ဝှေ့ရမ်းလိုက်ရင် တံတောင်ဆစ်နားက စီးကရက်ဘူးက အလိုလိုထွက်လာကြတော့ လှမ်းဖမ်းလိုက်ပါတယ်၊ မြင်တွေ့ရသူက အံ့သြသွားစေခဲ့ပါတယ်။

ရှင်သီဝလီ ဆင်စွယ်ရုပ်တုငယ်လေးတွေနဲ့ ကျောက်အနီ အပြာရောင်စုံ အသေးဆုံးလေးကို ရွှေတိဂုံဘုရားဈေးနဲ့ ရွှေဘုံသာလမ်းက ဝယ်ပါတယ်။ ကျွန်တော့်လက်ဆယ်ချောင်းကို ကြည့်ပါ။ လက်သည်းအောက်က အသားကို လက်သည်းနဲ့ ကွာပြီး ဟောင်းလောင်းဖြစ်အောင် ပင်အပ်နဲ့ ထိုးထိုးပြီး ပြုပြင်တော့ လက်သည်းတွေ ထိုညိုပြီး အောက်ကအသားနဲ့ ကပ်နေရာက ကွာပြီး ဝလိုင်လို ဖြစ်နေတယ်။ အဲဒီကွာဟနေတဲ့ လက်ဆယ်ချောင်းရဲ့ ဝလိုင်ထဲမှာ ရှင်သီဝလိရုပ်နဲ့ ရောင်စုံကျောက်ကလေးတွေ တစ်ခုစီ ထည့်ထားပြီး လာမေးတဲ့သူတွေယုံအောင် လက်ကိုဝှေ့ရမ်းလိုက်ပြီး လေ့ကျင့်ထားတဲ့အတိုင်း ထုတ်ယူလိုက်ပါတယ်။ ပြီးတော့ အဆောင်အဖြစ် ပေးပါတယ်။ ကြည့်နေသူတွေက တကယ်ပဲ အစောင့်တွေက ပေးလိုက်လို့ ရောက်လာတယ်ဆိုပြီး ထင်ကြ အံ့သြကြတာ တွေ့ရပါတယ်။

အချို့ကိုတော့ ရေနွေးကြမ်းပန်းကန် ကိုင်ထားစေပြီး မျက်စိမှိတ်ခိုင်း၊ ဘုရားအာရုံပြုခိုင်းထားပြီး ပေးမယ့်အဆောင်ပစ္စည်းကို လက်သည်းကြားကထုတ် လက်ညှိုးပေါ်တင်ကာ လက်မနဲ့တောက်ပြီး ပန်းကန်ထဲကျအောင် လုပ်ပါတယ်။ အဲဒါလည်း (၃)နှစ်လောက် လေ့ကျင့်ခဲ့ရပါတယ်။

စာရေးသူနဲ့ အဖွဲ့က လက်တွေ့လုပ်ခိုင်းကြည့်ပါတယ်။ အချို့ကို အသက်အန္တရာယ်ထိ ရှိတယ်ဟု ပြောခြင်းမှာလည်း လာမေးသူ၏ စိတ်ဓာတ်ကို ကျစေပြီး ယုံကြည်လာအောင် ပြောနေကျ သုံးနေကျ စကားများပင် ဖြစ်ကြောင်း သိရပါတယ်။

ယတြာအတွက် ပွဲထိုးရပါမယ်ဟုပြော၍ ငွေတောင်းခြင်းမှာ ထိုးထားသောပွဲကို လူတိုင်းပြ၍ ငွေလိမ်ယူခြင်းဖြစ်ကြောင်း ဝန်ခံပါတယ်။

လာမေးတဲ့သူများထဲမှ အမျိုးသမီးများမှာ အထူးသဖြင့် ယုံလွယ်ကြ၍ ယုံသည်ထက်ယုံအောင် မြှူဆွယ်ခဲ့ကြောင်းကိုလည်း ဝန်ခံခဲ့ပါတယ်။

မောင်ချစ်က နောက်ဆုံးပြောတဲ့ ဝန်ခံချက်ကတော့-

"ကျွန်တော် လူလိမ်ပါ" ဝန်ခံပါတယ်။

"လူတွေကို ကျွန်တော် လိမ်တာ ကျွန်တော့်မှာ အပြစ်ရှိပါတယ်၊ ဒါကို ကျွန်တော် မငြင်းလိုပါဘူး။ လိမ်တဲ့ ကျွန်တော့်မှာတင် အပြစ်ရှိသလား၊ ကျွန်တော့်ဆီလာပြီး ကျွန်တော် လိမ်သမျှ အလိမ်ခံကြတဲ့ လူတွေမှာကော အပြစ်မရှိဘူးလားတဲ့"

ယုံသင့်မှ ယုံကြပါဟု စာရေးသူ အကြံပြုပါရစေ။

**ခင်မောင်ထွန်း(လမ်းမတော်)**

www.burmeseclassic.com

www.burmeseclassic.com



# လက်ဗွေ

■ စီ–အိုင်–ဒီ–လေးမြင့်

### လက်ဗွေ

လက်ထိပ်ဗွေနှိပ်ရာများအားဖြင့် မည်သူမည်ဝါ ဖြစ်ကြောင်း ခွဲခြားခြင်း၌ အသုံးဝင်အဖိုးတန်သည်ကို တိုးတက်သော တိုင်းပြည်များ၌ အသိအမှတ်ပြုလေသည်။ လက်ထိပ်ဗွေနှိပ်မှတ်များသည် ရာဇဝတ်မှုစုံထောက်ရာ၌ အရေးကြီးသောအချက်ကို လုံလောက်စွာ ဆောင်ရွက်သည်သာမက၊ အခြားနေရာများတွင်လည်း အသုံးဝင်လေသည်။ မြန်မာပြည် လက်ထိပ်ဗွေနှိပ်မှတ်များကို အင်းစိန်စုံထောက်ရုံးကြီး လက်ဗွေဌာနတွင် သိမ်းဆည်းသိုမှီးထားရှိသည်။

### လက်ဗွေများ ဖြစ်လာပုံ

လက်ဗွေများသည် လက်ချောင်းကလေးများ၏ ဗွေနှိပ်မှတ်များကိုသာ မဆိုလိုဘဲ လက်မ၏ ဗွေနှိပ်မှတ်များကိုပါ ယူရမည်။ ၎င်းတို့၏ လက်မှတ်နှင့် လက်ချောင်းကလေးများတို့၏ အတွင်းလက်ဘက်လက်ဖျားမှနှိပ်ယူသော ပုံစံဖြစ်သည်။ ကန်သင်းကဲ့သို့ ချွန်းပေါက်ရှိသော အကြောင်းကလေးများသည် လက်ဝါးပေါ်တွင် အမြောက်အမြားရှိ၍ ၎င်းလက်ဖျား၌ ပုံစံအမျိုးမျိုးသော ဗွေလက္ခဏာများ ဖြစ်လာစေသည်။

www.burmeseclassic.com

## လက်ဗွေ၏ ရာဇဝင်

လက်ဗွေကို ပထမဦးစွာ စတင်အသုံးပြုသော ပုဂ္ဂိုလ်မှာ မည်သူမည်ဝါဖြစ်ကြောင်းကို ယခုတိုင် မသိသေးချေ။ သို့သော် လွန်ခဲ့သော ၁၂၀၀ ခုနှစ်က တရုတ်ပြည်၊ ဂျပန်ပြည်နှင့် ကိုရီးယားကျွန်းများ၌ အသုံးပြုကြသည်ဟု သိရှိရလေသည်။ ရှေးအခါကာလက လက်ချောင်းများ၏ အဖျား၌ ကောင်းမွန်ထင်ရှားသော ဗွေလက္ခဏာများရှိကြောင်းကို မည်သူမျှ မသိကြချေ။ သို့သော်လည်း ၎င်းတို့အသုံးပြုနည်းမှာ ၎င်းတို့ခေတ်တွင် စာပေမတတ်သောကြောင့် ယခုခေတ် တစ်ဦးနှင့်တစ်ဦး လက်မှတ်ရေးထိုးကြသကဲ့သို့ အမှတ်အသားအဖြစ်သာ အသုံးပြုကြ၏။

နှစ်ပေါင်းများစွာ ရှာဖွေနေသည့်အတွင်း နောက်ဆုံး၌ လက်ချောင်းကလေးများ၏ အဖျားတွင် ထင်ရှားသော လက္ခဏာများသည် တစ်ယောက်နှင့်တစ်ယောက် မတူ၊ ထူးခြားကွဲပြားကြောင်းကို ရှာဖွေစုံစမ်းသည့် ပုဂ္ဂိုလ်ကြီးများက တွေ့ရှိကြလေသည်။

၁၈၂၃ ခုနှစ်တွင် (Breslau) ဘလက်စလောမြို့၌ J.E. Purkiye ဆိုသော နာမည်ကျော်ပုဂ္ဂိုလ်တစ်ဦးသည် လက်ပုံစံခွဲခြားနည်းများကို သေချာကျနစွာ တီထွင်ခွဲခြားလေသည်။ ၎င်းတီထွင် လက်ဗွေပုံစံများကို ၉ မျိုးခွဲခြားထားလေသည်။ ၎င်းနည်းများကို ယခုတိုင် Sir Edward Henry ၏ လက်ထိပ်ဗွေနှိပ်မှတ် နည်းနာနိသျှများတွင် အသုံးပြုလျက်ရှိလေသည်။

၁၈၅၈ ခုနှစ်ကစ၍ အိန္ဒိယပြည်တွင် William Hershel ဆိုသူသည် လက်ဗွေများကို အသုံးပြုခဲ့သည်။ သို့သော် လက်ဗွေပုံသဏ္ဍာန်များကို အမျိုးမျိုးခွဲခြား၍ အသုံးမပြုခဲ့ပေ။ သူ၏နည်းမှာ အလုပ်သမား၊ လခစားများ၏ လက်ဗွေများကို စာရင်းစာအုပ်များတွင် မှတ်ယူနှိပ်ထား၍ တစ်ဦးတစ်ယောက်၏ လက်ဗွေ ဟုတ်မဟုတ် တိုက်ဆိုင်ကြည့်ရှုစစ်ဆေးခြင်းမျှသာ ဖြစ်ပေသည်။ ၎င်း၏နည်းသည် ရှေးတရုတ်များ၏ ကိုယ်ပိုင်ရေးထိုးထားသော လက်မှတ်ထိုးနည်း၊ လက်ထိပ်ဗွေနှိပ်မှတ်များနှင့် တူလေသည်။ Hershel သည် အချင်းဖြစ်ပွားရာဌာန၌ ကိုင်တွယ်မိ၍ ကျန်ရစ်ခဲ့သော လက်ဗွေများကို မည်ကဲ့သို့ အသုံးပြုနိုင်ခြင်း၊ လက်ဆယ်ချောင်းတို့၏ လက်ထိပ်ဗွေနှိပ်မှတ်များကို နှိပ်ယူခြင်းနှင့် အမျိုးခွဲခြား စုံစမ်းကြည့်ရှုနိုင်သည့် နည်းနိသျှများကို မပေးခဲ့ချေ။ Hoogly နယ်တွင် အကောက်ဝန်ကြီးဖြစ်စဉ်အခါ ၎င်းနယ်အတွင်းတွင် စတင်အသုံးပြု၍ တစ်ခရိုင်လုံးအသုံးပြုရန်ကိုလည်း အစိုးရထံ ထောက်ခံချက်များ တင်ဆက်လေသည်။ သို့ရာတွင် ၎င်း၏ အကြံပေးချက်ကို အစိုးရက လက်မခံခဲ့ပေ။

၁၈၈၀ ပြည့်နှစ်တွင် Dr. Henry Feulds ဆိုသော ပုဂ္ဂိုလ်ကြီးတစ်ဦးသည် လက်ဗွေများခွဲခြားနည်းကို ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ပြီး လက်ဆယ်ချောင်းကိုအသုံးပြုလေသည်။ ၎င်းပြင် လက်ထိပ်ဗွေနှိပ်မှတ်အားဖြင့် လူဆိုးများ မည်သူမည်ဝါ ဖြစ်ကြောင်း ခွဲခြားခြင်းပြုနိုင်ကြောင်းကို ပထမဦးဆုံး ထုတ်ဖော်ရေးသားခဲ့လေသည်။ အချင်းဖြစ်အရပ်တွင် ကိုင်တွယ်မိ၍ကျန်ခဲ့သော လက်ဗွေများကို သိမ်းသိမ်းဆည်းနည်းကိုလည်း ထွင်ခဲ့သည်။

၁၈၈၂ ခုနှစ်တွင် နာမည်ကျော် စုံထောက်အရာရှိကြီး Bertillon သည် Paris မြို့၌ ကိုယ်လက်အင်္ဂါတိုင်းထွာနည်းအားဖြင့် တစ်ယောက်နှင့်တစ်ယောက် တူမတူကို စုံစမ်းရှာဖွေသော ဌာနကြီးတစ်ခု ဖွင့်လေသည်။ ၎င်း၏နည်းကို ၁၈၉၂ ခုနှစ်အတွင်း အိန္ဒိယပြည်ရဲအဖွဲ့က စတင်အသုံးပြုသည်။ Henry သည် ဘင်္ဂလားနယ်ရဲအဖွဲ့မင်းကြီးအဖြစ်နှင့် အမှုထမ်းရွက်နေစဉ် ၎င်း၏နည်းများကို များစွာ လိုက်စားအသုံးပြုခဲ့သည်။

၁၈၈၄ ခုနှစ်တွင် ဩစတြေးလျပြည်သား Juan သည် အာဂျင်တီးနားနယ်သို့ သွားရောက်၍ ၁၈၈၈ ခုနှစ်တွင် Laplata မြို့ရဲအဖွဲ့တွင် ဝင်ရောက်အမှုထမ်းလေသည်။ ၁၈၉၁ ခုနှစ်တွင် Bertillon ၏ နည်းများကို စတင်အသုံးပြုခဲ့လေသည်။ ထိုအချိန်တွင် လက်ဗွေယူနည်း၊ အသုံးပြုနည်းများကို စိတ်ဝင်စားစွာ လေ့ကျင့်ဆောင်ရွက်ကြသည်။

၁၈၉၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် ပထမဆုံးအကြိမ်အဖြစ် လူသတ်မှုတစ်ခု၌ ကျန်ရစ်ခဲ့သော လက်ဗွေရာဖြင့် ကျူးလွန်သော မိန်းမတစ်ယောက်ကို ဖမ်းဆီးအပြစ်ပေးခဲ့လေသည်။

၁၈၉၂ ခုနှစ်တွင် Vueetich သည် Bertillon ၏



www.burmeseclassic.com

www.burmeseclassic.com

နည်းများကို စွန့်ပယ်၍ မိမိ၏နည်းများကိုပင် အသုံးပြုပြန်သည်။ ၎င်းသည် အိန္ဒိယပြည်တွင် လက်ဗွေယူနည်းများကို Henry အသုံးမပြုခင် ခြောက်လစော၍ အသုံးပြုခဲ့လေသည်။ သို့သော် Henry နှင့် Vueetich တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ခြင်းမရှိသည့်ပြင် တစ်ဦး၏နည်းများကို တစ်ဦးက မသိကြချေ။

Sir Francis Galtno သည် လက်ဗွေများကို လေ့လာလိုက်စားခဲ့သော်လည်း အသုံးပြုသော လက်ဗွေပုံစံများနှင့် အမျိုးအမည်ကို ကောင်းမွန်စွာ ခွဲခြားခြင်းမရှိပေ။ ၎င်းပုံစံများကို သိမ်းထားရာ၌ နည်းနိသျှ ကျနစွာမရှိပေ။

လက်ဆယ်ချောင်းတို့အား အသုံးပြုခွဲခြားခြင်းနည်းနှင့် အချင်းဖြစ်ပွားရာတွင် ကိုင်တွယ်မိ၍ ကျန်ရစ်ခဲ့သော လက်ထိပ်ဗွေမှတ်များကို အသုံးပြုနည်းကိုလည်း နားလည်ခြင်းမရှိခဲ့ပေ။

၁၈၉၂ ခုနှစ်တွင် Galton သည် ၎င်းအကြောင်းနှင့် ပတ်သက်၍ ဗြိတိသျှပြည်ထဲရေးဌာနက Asqaith ကော်မတီတစ်ခု ဖွဲ့စည်း၍ လက်ဗွေမှတ်နည်းနာများကို စုံစမ်းလေသည်။ ထိုကော်မတီသည် Galton ၏ နည်းများကို စုံစမ်းစစ်ဆေးပြီးလျှင် ၎င်း၏နည်းသည် မည်မျှပင်ကောင်းစေကာမူ မှုရင်းခွဲခြားခြင်းကို သေချာစွာ မပြနိုင်။ ကော်မတီများ၏ တွေ့ရှိအစီရင်ခံချက်များကို အထက်အစိုးရက လုံးဝကျေနပ်ခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် Galton နည်းနှင့် Bertillon ခေါ် ကိုယ်လက်အင်္ဂါအစိတ်အပိုင်း တိုင်းထွာခြင်းနည်းနိသျှ နှစ်မျိုးစလုံး တွဲပြီးအသုံးပြုခြင်းကြောင့် Bertillon ၏ နည်းကိုသာ အတည်ပြုရန် အစိုးရထံ တိုက်တွန်းလေသည်။

Galton, Henry နှင့် Vueetich တို့သည် ထိုအချိန်က လက်ဗွေမှတ်ပုံသဏ္ဌာန်များကို ခွဲခြားခြင်းနည်းများကိုသာ စမ်းသပ်လျက်ပင် ရှိနေချေသည်။ ကျနစွာ သိုလှောင်သိမ်းဆည်းခြင်းကား မရှိပေ။

လက်ဗွေများကို သိမ်းထားရာတွင် များပြားသော ပုံစံများမှ လွှနာမည်အမှတ်အသားများ မပါဘဲ လက်ထိပ်ဗွေနိုပ်မှတ်များကို စုံစမ်းရှာဖွေ၍ လွယ်လင့်တကူ ကြည့်ရှုနိုင်သည်။ Henry နှင့် Vueetich တို့သည် Galton ၏ မူလလက်ဗွေပုံသဏ္ဌာန် သုံးမျိုးမှ လေးမျိုးအထိ တိုးချဲ့တီထွင်ကြပြန်သည်။ Henry ၏ စတုတ္ထမြောက် တီထွင်မှုသည် ခရုပတ်ဗွေအမျိုးအစားမှ ခွဲခြားပိုင်းစိတ်ပြီး ဗွေပူးဟူ၍ အမည်ပေးပြန်လေသည်။

၁၈၉၇ ခုနှစ် Henry သည် ဘင်္ဂလားနယ်ရဲအဖွဲ့မင်းကြီးအဖြစ်ဖြင့် အမှုထမ်းရင်း မနားမနေ ကြိုးစားမှုကြောင့် ၎င်းနှစ်တွင် အစိုးရက Straham ကော်မတီတစ်ခု ဖွဲ့စည်း၍ Henry ၏ လက်ဗွေမှတ်နည်းနိသျှည်းများကို စုံစမ်းစစ်ဆေးလေသည်။


၎င်းကော်မတီက Henry ၏ လက်ထိပ်ဗွေနိုပ်အမှတ်ပုံစံပေါင်း ၇၀၀၀ ကျော်ကို စုံစမ်းစစ်ဆေး၍ မည်သည့်လက်ထိပ်ဗွေနိုပ်မဆို ငါးမိနစ်အတွင်း ရှာဖွေရရှိနိုင်ကြောင်းကို တွေ့ရှိသောကြောင့် Bertillon ၏ နည်းများထက်သာကြောင်းကို ထောက်ခံလေသည်။

၎င်းနှစ် ဇွန်လ ၁၂ ရက်နေ့တွင် Henry ၏ လက်ဗွေယူနည်းကို အသုံးပြုရန် အိန္ဒိယဘုရင်ခံချုပ်က အမိန့်ထုတ်ပြန်လေသည်။ ၁၉၀၀ ပြည့်နှစ်တွင် E.R. Henry သည် မိမိ၏ လက်ဗွေယူနည်းနိသျှည်းကို စာအုပ်ထုတ်ဝေလိုက်သည်။ ၁၉၀၁ ခုနှစ်တွင် အင်္ဂလန်ပြည်၊ စကော့တလန်ယာဒ်စုံထောက်အဖွဲ့တွင် မင်းကြီးဖြစ်လာသောအခါ ၎င်း၏နည်းများကိုပင် အသုံးပြုရန် ညွှန်ကြားလေသည်။

Henry သည် ရဲအဖွဲ့မှ နုတ်ထွက်သွားသော်လည်း မိမိ၏ လက်ဗွေယူနည်း၊ သိမ်းဆည်းနည်းများကို ဖြန့်ဖြူးပေးရုံမက အားပေးထောက်ခံမှုကြောင့် လက်ဗွေနိုပ်ဌာနဟု ပေါ်ပေါက်လာခဲ့တော့သည်။

စီ–အိုင်–ဒီ–လေးမြင့်

(ရဲကြေးမုံစာစောင်၊ ၁၉၆၂ ခုနှစ်၊ ဩဂုတ်လ)





www.burmeseclassic.com

www.burmeseclassic.com

# လူသတ်မှု၌ ဆရာဝန်နှင့် ဝတ်လုံ ပညာစွမ်းပြိုင်ပုံ

**ဦးခင်မြင့်၊ မြို့မရဲဝန်ထောက်(ထောက်ပံ့ရေး)**

အဖြစ်အပျက်မှာ ၁၉၆၀ ပြည့်နှစ်အတွင်းလောက်က အမေရိကန်ပြည်ရှိ ဝါရှင်တန်မြို့တော် တရားလွှတ်တော်ချုပ်ရုံးမှ ဖြစ်ရပ်တစ်ခု ဖြစ်လေသည်။

### အမှုဖြစ်ပွားခြင်း

အမေရိကန်ပြည်၊ ဝါရှင်တန်မြို့တော်တွင် မီလီယံနာ၏ ပစ္စည်းကြွယ်ဝသော သူဌေးလင်မယားနှစ်ယောက်မှာ တင့်တောင့်တင့်တယ် လူ့လောကအလယ်တွင် ချစ်ခင်ပေါင်းသင်း ဆက်ဆံနေထိုင်လာခဲ့ရာ စိတ်ဓါတ်ဖောက်ပြန်မှုကို မလွန်ဆန်နိုင်သော လင်ယောကျ်ားမှာ စိတ်ရူးစိတ်မိုက်ပေါက်ကာ အပြစ်ကင်းသော ချစ်ဇနီးသည်အား တစ်နေ့သော နေ့လယ်တာ စားသောက်ချိန်ဝယ် ကိတ်မုန့်ထဲတွင် လူသေစေသည့် အဆိပ်ထည့်၍ ဇနီးသည်အား ကျွေးခဲ့လေသည်။ ဇနီးသည်မှာ နာရီပိုင်းအတွင်း သေဆုံးသွား၍ ရဲအရာရှိများက ထိုအမှုကို လက်ခံစစ်ဆေးရသောအခါ လူသေအလောင်းကို ရဲဝတ္တရားအရ ရဲဘက်ဆိုင်ရာ ဆရာဝန်ကြီးထံသို့ သေရခြင်းအကြောင်းရင်း ထင်မြင်ချက် ဆေးစာရရှိရေး ပေးပို့ခဲ့ကြသည်။ ရဲဘက်ဆိုင်ရာ ဆရာဝန်ကြီးက အလောင်းကိုစစ်ဆေး

www.burmeseclassic.com

ပြီး အစာအိမ်အတွင်းမှ ကိတ်မုန့်တွင် အဆိပ်အတောက် မတွေ့ရသော်လည်း အဆိပ်အနံ့ရနိုင်၍ အဆိပ်ကြောင့်သေသည်ဟု ထင်မြင်ချက်ကို ဆေးစာတွင် ရေး၍ အမှုစစ်ရဲအရာရှိထံ ပြန်ကြားခဲ့လေသည်။

အမှုစစ်ရဲအရာရှိများမှာလည်း မိမိနေအိမ်အတွင်း နေ့လယ်စာစားပြီးချိန်ဝယ် ဤကဲ့သို့သော ထူးဆန်းစွာ သေဆုံးသွားရသည့် လူသတ်မှုဖြစ်သဖြင့် မနားမနေ တရားရုံးတော်အထိ တရားခံအား တရားစွဲတင်နိုင်အောင် ကြိုးပမ်းစုံစမ်းစစ်ဆေးခဲ့ရာ တိုက်ရိုက်သက်သေခံချက်များ မရလင့်ကစား ပတ်ဝန်းကျင်သက်သေခံချက်များနှင့် စပ်ဆိုင်သော အချင်းအရာများမှာ -

(၁) သေသူသည် မိမိယောက်ျားနှင့်သာ အတူနေ့လယ်စာ စားသောက်ခြင်း။

(၂) နေ့လယ်စာတွင် ကိတ်မုန့်စားပြီး နာရီပိုင်းအတွင်း သေဆုံး၍ လင်ယောက်ျားမှတစ်ပါး တစ်အိမ်တည်း၌ အပြင်လူ မည်သူတစ်ဦးတစ်ယောက်မျှ မရှိခြင်း၊ နေ့စဉ်စားသုံးသော ကိတ်မုန့်မှာလည်း ကိတ်မုန့်ဆိုင်မှ ထာဝစဉ်ဝယ်ယူနေသော ကိတ်မုန့်ဖြစ်ရာ ထိုကိတ်မုန့်တိုက်မှ မုန့်များမှာ အဆိပ်အတောက်မရှိခြင်း၊ သေဆုံးမည့်နေ့မှာ သေသူနှင့် လင်ယောက်ျားနှစ်ဦးသာ ရှိ၍ လင်ယောက်ျားကိုယ်တိုင် ကိတ်မုန့်လှီး၍ သေသူဇနီးနှင့် စားသောက်ခြင်း။

(၃) တရားခံသည် ဇနီးသည်သေဆုံးမှ ပစ္စည်းများအကုန်ပိုင်ဆိုင်၍ တိတ်တိတ်ပုန်းမယားငယ်နှင့် ပေါင်းသင်းနိုင်မည်ဖြစ်၍ သတ်ဖြတ်ရသော အကြောင်းအချက်များ ရရှိခြင်း။

(၄) ရဲဘက်ဆိုင်ရာ ဆရာဝန်ကြီး၏ ဆေးစာအရ သေသူ၏ အစာအိမ်တွင် ကိတ်မုန့်ဖတ်များ တွေ့ရပြီး အဆိပ်မတွေ့ရသော်လည်း ကိတ်မုန့်ဖတ်၌ အဆိပ်နံ့တွေ့ရကြောင်း ထင်မြင်ချက်ရရှိခြင်း စသည့် အထောက်အထားများအရ တရားခံလင်ယောက်ျားအား လူသတ်မှုဖြင့် တရားလွှတ်တော်ရုံးသို့ စွဲချက်တင်ခဲ့လေသည်။

တရားခံမှာ ပစ္စည်းကြွယ်ဝသူဖြစ်၍ လူသတ်မှုများ၌ နာမည်ထင်ရှား ကျော်ကြားသော ပညာရှိဝတ်လုံကြီးတစ်ဦးထံ ချဉ်းကပ်၍ ဤလူသတ်မှု လွှတ်မြောက်ပါက တောင်းဆိုသည့် အခကြေးငွေများပေးရန် သဘောတူကြောင်း စာချုပ်ချုပ်ဆိုလျက် ဝတ်လုံငှား၍ တရားလွှတ်တော်ရုံးရှေ့ဝယ် ရင်ဆိုင်ကြလေသည်။

## လူသတ်မှုစီရင်ချက်ချခြင်း

တရားသူကြီး၊ ဂျူရီလူကြီးများ၊ တရားလိုပြ၏ အဓိက အရေးကြီးသော ရဲဘက်ဆိုင်ရာ ဆရာဝန်ကြီးရှေ့၌ ပညာရှိဝတ်လုံကြီးသည် ကြိုတင်စီစဉ်ထားသည့်အတိုင်း နှင်းဆီနံ့၊ ငှက်ပျောနံ့၊ နာနတ်နံ့၊ လိမ္မော်နံ့၊ ရှောက်နံ့ စသော အနံ့ငါးမျိုးကို ယူလာပြီး ဂျူရီလူကြီးများအား အနံ့တစ်မျိုးစီ ခွဲခြားအနံ့ခံစေလျက် မည်သည့်အမျိုးအစားဖြစ်ကြောင်း ထုတ်ဖော်စေလေသည်။ ဂျူရီလူကြီးများမှာ အနံ့ဖြင့် အဖြေမှန်ငါးမျိုးသော ပစ္စည်းမှန်ကို ဖြေနိုင်ခဲ့ရာ နောက်ဆုံးတွင် ခရိုင်ဆေးဆရာဝန်ကြီးတစ်ဦးကိုသာ အဆိုပါ အနံ့ငါးမျိုးကို အနံ့မခံစေသေးဘဲ အနံ့စူးရှသော ဓာတ်ဆီနံ့ကို ဦးစွာပထမပေး၍ အနံ့အားဖြင့် အဖြေတောင်းပြီး ကျန်အနံ့ငါးမျိုးပါရှိသော ပစ္စည်းကို ဆက်လက်တစ်ပြိုင်တည်း အနံ့အားဖြင့် ခွဲခြားထုတ်ဖော် အဖြေပေးစေရာ ဆရာဝန်ကြီးမှာ ဦးစွာရှူရှိုက်ထားရသော စူးရှလှသည့် ဓာတ်ဆီနံ့ နှာခေါင်းတွင် စွဲနေခြင်းကြောင့် အနံ့ငါးမျိုးပါသော ပစ္စည်းငါးမျိုး၏ အနံ့များခွဲခြားချက်မှာ အလွဲလွဲအမှားမှား အဖြေပေးလေသည်။ အမှားကိုစောင့်နေသည့် ပညာရှိဝတ်လုံကြီးသည် တရားစီရင်မည့် တရားသူကြီးအား လူသတ်မှု၌ အနံ့အားဖြင့် ထင်မြင်ချက်ပေးထွက်ဆိုသော ရဲဘက်ဆိုင်ရာ ဆရာဝန်ကြီး၏ ထွက်ဆိုချက်မှာ လုံးဝမယုံကြည်ထိုက်ကြောင်း လျှောက်လဲချက်ပေးရာမှ တရားခံသည် လူသတ်မှု၌ လုံးဝလွှတ်မြောက်သွားခဲ့ရကြောင်း အမေရိကန်ပြည်၊ ဝါရှင်တန်မြို့တော်တွင် ဖြစ်ပွားခဲ့သည့် လူသတ်မှုတစ်မှု စီရင်ချက်အရ ဖတ်ရှုသိရသော အကြောင်းကို ဗဟုသုတအဖြစ် တင်ပြခြင်းဖြစ်ပါသည်။

ဦးခင်မြင့်၊ မြို့မရဲဝန်ထောက်(ထောက်ပံ့ရေး)

(ရဲကြေးမုံစာစောင်၊ ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ)

www.burmeseclassic.com

# သေကြောင်းကြံစည် အားထုတ်မှု

❑ ဦးဝင်းလှိုင်[တရားရုံးချုပ်ရှေ့နေ]

၁၈. ၄. ၂၀၁၄ ရက်နေ့ထုတ် စံတော်ချိန်သတင်းစာတွင် အမျိုးသမီးတစ်ဦး အဆိပ်သောက်သေဆုံးသည့် သတင်းကို ဖတ်ရှုရသည်။ ထိုအမျိုးသမီး ဘာကြောင့် ထိုသို့ အဆိပ်သောက်သေဆုံးရန် စိမ်ရလေသနည်း။ သတင်းစာတွင် ဖော်ပြပါချက်များအရ စိတ်မကောင်းဖြစ်မိသည်။

အရွယ်တွက်စစ် အသက် ၂၀ နှစ်မျှသာ ရှိသေးသည်၊ ခင်ပွန်းဖြစ်သူနှင့် သကြံန်ရေကစားကြသည်။ ခင်ပွန်းဖြစ်သူက အခြားမိန်းကလေးတစ်ဦးကို ရေလောင်းသည်။ ဤသည်ကို သေဆုံးခဲ့သော ဇနီးမယားက စိတ်ဆိုးသည်။

ကျွန်တော် မိဖုရားစောလုံကို သတိရ၏။ ဘုရင်နှင့် ရေကစားရာမှ စိတ်ဆိုးပြီး ဘုရင်ကို အဆိပ်ခတ်ခဲ့သည့် ဇာတ်လမ်း ရာဇဝင်တွင် ရှိခဲ့သည် မဟုတ်ပါလား။ ယနေ့သတင်းစာဇာတ်လမ်းတွင်တော့ ထိုသို့မဟုတ်။ ခင်ပွန်းဖြစ်သူကို စိတ်ဆိုးပြီး နေအိမ်သို့ပြန်ကာ ပိုတက်ဆေးမှုန့်များ သောက်၍ သေပွဲဝင်သည်။ ခင်ပွန်းအပေါ် ချစ်ခြင်းမေတ္တာကြီးကြောင်း အသက်နှင့် သက်သေပြခဲ့လေသလားဟု တွေးမိသည်။ မည်သို့ဆိုစေ သကြံန်ကာလ ရောက်လေတိုင်း ခင်ပွန်းဖြစ်သူ မျက်ရည်ဝိုင်းမိမည်ကို မြင်ယောင်မိပေသည်။

အထက်တွင် ကျွန်တော်တင်ပြခဲ့သည့် မိန်းကလေးကား သူကြံစည်သည့် အကြံအစည်အတိုင်း အထမြောက်အောင်မြင်သွားခဲ့သည်။ ရဲစခန်းမှ သေမှုသေခင်းဖွင့်လှစ်အရေးယူရပေသည်။ ထိုမိန်းကလေး အနေဖြင့် ခင်ပွန်းသည်နှင့် ရေကစားရင်းမှ စိတ်ဆိုးပြီး နေအိမ်သို့ မပြန်မီ ခင်ပွန်းဖြစ်သူကိုဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ အိမ်ပြန်ပြီး အဆိပ်သောက်သေပစ်မယ်ဟု ပြောဆိုခဲ့သည်ကို ကြားသိသူတစ်စုံတစ်ဦးက တားဆီးသဖြင့် အဆိပ်ဆေးများ ပြင်ဆင်ပြီး မသောက်မီ တားမြစ်နိုင်ခဲ့သည်ရှိအံ့။ ဥပဒေအရ မည်သို့ဖြစ်လေမည်နည်း။

စာရှုသူတို့ခင်ဗျား။ ကျွန်တော့်အား ကြံကြံဖန်ဖန် အလုပ်ရှာလို့ဟု ဆိုလျှင်လည်း ခံရမည်သာဖြစ်ပါသည်။ ကျွန်တော်ကား ရှေ့နေတစ်ပိုင်း၊ စာရေးဆရာတစ်ပိုင်း၊ နှစ်ပိုင်းပေါင်းမှ တစ်ဘဝဖြစ်နေသောကြောင့်သာဟု ဆိုရပါမည်။ မှုခင်းသတင်းဖတ်ပြီးတိုင်း မနေနိုင်၊ မထိုင်နိုင် အဖြေရှာမိသည်။ အဖြေရလာလျှင် စာဖတ်သူတို့



www.burmeseclassic.com

www.burmeseclassic.com

အတွက် ဝေငှလိုပြန်သည်။ ဤသို့ဖြင့် မုန့်လုံးစက္ကူကပ် ဖြစ်နေရသည်မှာ နှစ်ပေါင်းမနည်းတော့။

လူတစ်ဦးတစ်ယောက်အနေဖြင့် မိမိကိုယ်မိမိ သတ်သေရန် အားမထုတ်သင့်ကြောင်း ကျွန်တော်တို့ ဗုဒ္ဓဘာသာတရားတော်ဖြင့် "အဖန်ငါးရာ ငါးကမ္ဘာ"စကားရပ်ဖြင့် ဟန့်တားထားသည်။ ထို့အတူ လက်ရှိတည်ဆဲ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၉ ဖြင့်လည်း "မည်သူမဆို မိမိကိုယ်မိမိ သတ်ရန်အားထုတ်၍ ထိုပြစ်မှုကို ကျူးလွန်ရန် ရှေ့ရှုသောပြုလုပ်မှုတစ်ခုခုကို ပြုလျှင် ထိုသူကို တစ်နှစ်အထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"ဟု ပြဋ္ဌာန်းတားမြစ်ထားပေသည်။

ဤပုဒ်မဖြင့် အရေးယူခံရသော တရားခံတို့အား တရားရုံးတော်များအနေဖြင့် အထူးသတိဝီရိယဖြင့် ဆုံးဖြတ်ပေးရလေ့ရှိပေသည်။ တရားခံ၏ ပြုလုပ်မှုသည် ပြင်ဆင်မှုအဆင့်၌သာ ရှိသလား၊ အားထုတ်မှုအဆင့်၌ ရောက်ရှိသွားပြီလော၊ ဥပဒေပြဋ္ဌာန်းချက်ကား ဝါကျတစ်ကြောင်းတည်းသာ ရှိသည်။ သို့တိုင် သတိကား ပိုသည်မရှိ။ ပြဋ္ဌာန်းဥပဒေအင်္ဂါရပ်နှင့် ညီညွတ်ရန် အတွက် တရားခံ၏ ပြုလုပ်မှုသည် အားထုတ်မှုဖြစ်ရန် လိုအပ်ပေသည်။ အားထုတ်မှုမြောက်မှသာ တရားခံအား အပြစ်ပေးနိုင်ပေမည်။ သို့တိုင် စဉ်းစားရန်အချက်များ ကျန်ရှိပေသေး၏။

လူတစ်ခု ပွမှုရယ် ဆယ်ကုဋေဟု ဆိုကြသည် မဟုတ်ပါလား။ တရားခံ ဘာကြောင့် မိမိကိုယ်မိမိ သေကြောင်းကြံစည်အားထုတ်ရပါသနည်း။ တရားခံ၏ အသက်အရွယ်ကိုလည်း ထည့်တွက်ရ၏။ စိတ်အခြေအနေကိုလည်း ခန့်မှန်းရ၏။

ဘဝပေးအခြေအနေအရ မြေသိမ်းခံရ၍လော၊ အိမ်ဖျက်ခံရ၍လော၊ ဈေးမီးလောင်ခံရ၍လော၊ ရပ်ကွက်လူကြီး အရွေးမခံရ၍လော၊ ဓမ္မာရုံလူကြီး မလုပ်ရ၍လော၊ ချစ်သူအပစ်ခံရ၍လော၊ ခင်ပွန်းသည် ကေတီဗီ၌သာ အချိန်ကုန်နေ၍လော၊ အေအိုင်ဒီအက်ရောဂါ ဝေဒနာ ရရှိခံစားနေရ၍လော၊ အခြားစိတ်ရောဂါတစ်မျိုးမျိုး ခံစားနေရ၍လော။ တရားသူကြီးတို့ တာဝန်ရှိသည့်အတိုင်း တွေးရပေသည်၊ ဆရပေသည်၊ သတိကြီးစွာဖြင့် ဆုံးဖြတ်ရပေသည်။

လူတစ်ဦးသည် မိမိကိုယ်မိမိ သတ်သေရန် ကြံရွယ်၍ ရေတွင်းဆီသို့ ပြေးသွားသည်။ ထိုအမှုဖြင့် တရားရုံး၌ ကြားနာ၏။ ရေတွင်းဆီသို့ ပြေးသွားခြင်း ပြုလုပ်ခြင်းကြောင့် ဘေးအနီးရှိသူများက ဝိုင်းဝန်းဆွဲထားလိုက်ကြရသည်။ သတ်သေရန် ပြင်ဆင်ခြင်းကား ယုံမှားသံသယမရှိအောင် ခိုင်လုံနေပေသည်။ သို့သော် ရေတွင်းဝမှ ခုန်မချရသေး။

ထိုသူ ရေတွင်းဝမှ ခုန်မချမီ ဘေးလူများ ဝိုင်းဆွဲထားနိုင်သည့် အခြေအနေတွင် စိတ်အပြောင်းအလဲဖြစ်နိုင်ပေသည်။ ပြစ်မှုမြောက်ရန် အားထုတ်ခြင်းအဆင့်သို့ မရောက်သေးပေ။

အလားတူ အဆိပ်သောက်၍ သေကြောင်းကြံစည်သည့် မှုခင်းတွင်လည်း အဆိပ်များ ဝယ်ယူဆောင်ထားရုံမျှဖြင့် ပြစ်မှုမမြောက်ပေ။ ပြင်ဆင်မှုအဆင့်သာ ရှိပေသည်။ ကျွန်တော်ဖတ်ရှုရသည့်သတင်းတွင် ခင်ပွန်းဖြစ်သူ ငှက်ဖမ်းရာတွင် အသုံးပြုသည့် ပိုတက်ဆေးမှုန့်က အသင့်ရှိနေသည်။ ဇနီးဖြစ်သူက ထိုဆေးမှုန့်ကို သောက်၍ မိမိကိုယ်မိမိ သတ်သေရန် အားထုတ်ခဲ့သည် တကား။

ဦးဝင်းလှိုင် (တရားရုံးချုပ်ရှေ့နေ)

**ကိုးကား**

- ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၉
- ၁၈. ၄. ၂၀၁၄ ရက်နေ့ထုတ် စံတော်ချိန်သတင်းစာပါ သတင်းတစ်ပုဒ်
- နိုင်ငံတော်နှင့် ရာမက်တာ (အိုင်အယ်လ်အာရ် မဒရပ်စ်(စ်) အတွဲ-၈၊ စာ-၅)



www.burmeseclassic.com

www.burmeseclassic.com



# တရားခွင်လောက

# တစ်စွန်းတစ်စ သိစေချင်

✦ ဦးဝင်းလှိုင် [တရားရုံးချုပ်ရှေ့နေ]

တရားခွင်ဝန်းကျင်တွင် နှစ်ပေါင်းသုံးဆယ်ကျော် ကျင်လည်ခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်၍ တရားခွင်၊ တရားရုံး၏ သဘာဝကို နားလည်ခွင့်ရခဲ့သည်။ ကျင်လည်ရသည့် ပတ်ဝန်းကျင်အလျောက် နားလည်ခွင့်ရခြင်းဟု ဆိုရပေသည်။ ကျွန်တော်ကဲ့သို့ တရားရုံးဝန်းကျင်တွင် ကျင်လည်သည့် အရေအတွက်နှင့် နိုင်ငံတစ်ဝန်းရှိ လူဦးရေအချိုးအစား တွက်ကြည့်ပါက အဆပေါင်းများစွာ ကွာခြားပေသည်။ ထို့ကြောင့်လည်း တရားရုံး၏ အဆုံးအဖြတ်အပေါ် ရေများရေနိုင်၊ မီးများမီးနိုင် ပြောဆိုနေကြလေရော့သလားဟု ရံဖန်ရံခါ တွေးမိ၏။ ဤသို့ဆိုခြင်းအတွက် ကျွန်တော့်အနေဖြင့် တရားရုံးများအား ကာကွယ်သည်ဟု ထင်မှတ်ခြားအံ့ ကျွန်တော့်တွင် ကာကွယ်နိုင်သည့်အားလည်း မရှိပါ။ နေ့စဉ် အမှုသည်များနှင့် တွေ့ကြုံနေရသည့် သင်္ခန်းစာများမှ ကောက်နုတ်လျက် အမှန်ကို သိမြင်ကြစေလို

www.burmeseclassic.com

[illegible]

[illegible] သဘောသဘာဝကို တရားရုံးထဲတွင် [illegible] ခွင့်ရထားသော မြို့နယ်တရားသူကြီး အငယ်စားတိုင်း အကုန်အစင်မသိနိုင်ဟုဆိုပါက စာရှုသူ အံ့ဩကောင်း အံ့ဩပေမည်။ ဒီရုံးမှာ အလုပ်လုပ်နေသူပဲ၊ သိရမှာပေါ့ဟုသာ လွယ်လွယ်မှတ်ချက်ပြုပေလိမ့်မည်။ ကျွန်တော်တို့ ပြင်ပရှေ့နေတို့သည်ကား ရုံးပေါင်းလည်းစုံ၏။ မြို့နယ်တရားရုံးအမိန့်ကို မကျေနပ်ပါက ဥပဒေနှင့်အညီ အထက်အဆင့်မြင့်ရုံးများသို့ အယူခံ ပြင်ဆင်တင်သွင်း၏။ ထို့ကြောင့် အထက်ရုံးများ၏ လုပ်ငန်းသဘာဝတို့ကိုလည်း ကြုံဆုံသိမှတ်ခွင့်ရပေသည်။ ဤသို့ဆိုသဖြင့် ပညာကုလုံ ပြည့်စုံပြီဟု မမှတ်ယူစေလိုပါ။ သင်ကြားနေရဆဲ ဖြစ်ပါသည်။

မကြာခဏ ကြုံရမှုလေးတစ်ခုဖြင့် သာဓကဆောင်လို၏။ မြို့နယ်တရားရုံး အမိန့်အပေါ် တရားရုံးချုပ်သို့လည်းကောင်း၊ တရားလွှတ်တော်သို့လည်းကောင်း အယူခံ၊ ပြင်ဆင်မှု တင်သွင်းသောအခါ ထိုအဆင့်မြင့်ရုံးက အမှုလက်ခံပါက မူလရုံးအမှုတွဲကို တောင်းခေါ်ပေသည်။ မူလရုံးကလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲကို ပို့ပေးရ၏။ အဆင့်မြင့်ရုံးက အမှုတွဲစုံပြီးနောက် နှစ်ဖက်အမှုသည်များ စုံသည့်အခါ ကြားနာမည့်နေ့ရက်ကို သက်ဆိုင်ရာ တရားလွှတ်တော်၊ တရားလွှတ်တော်ချုပ်တို့တွင် ကြော်ငြာဘုတ်၌ ကပ်လျက် ကြော်ငြာ၏။ ယေဘုယျအားဖြင့် ကြားနာမည့်နေ့ရက်ထက် ရက်သတ္တနှစ်ပတ်ခန့်စော၍ ကြော်ငြာပေးသည်။ ကျွန်တော်တို့ရှေ့နေများက မိမိလိုက်ပါသည့် အမှုအတွက် ကြော်ငြာဘုတ်ကို မလစ်ဟင်းအောင် ကြည့်ရပေသည်။

တရားလွှတ်တော်၊ တရားလွှတ်တော်ချုပ်တို့၌ အပြီးသတ် ကြားနာခြင်းနောက်၌ သက်ဆိုင်ရာ တရားသူကြီးတို့က စီရင်ချက်ချမှတ်၏။ ထိုစီရင်ချက်ချမှတ်ခြင်းကိုကား သက်ဆိုင်ရာတရားသူကြီးတို့က စီရင်ချက် အသင့်ဖြစ်သောနေ့တွင် ချမှတ်ခြင်း ဖြစ်ပေသည်။ ချမှတ်သည့် စီရင်ချက် မိတ္တူတစ်စောင်ကိုလည်း စီမံဌာန မူလရုံးအမှုတွဲ၌ တစ်စောင်တွဲချုပ်၏။ ထို့နောက်မှ စီမံရေးရာဌာနသည် သက်ဆိုင်ရာ မူလရုံးသို့ ပြန်ပို့ပေးပေသည်။ မူလရုံးအမှုတွဲအား အတုံးဖိုင် ဖွင့်လှစ်ဆောင်ရွက်ကြရသည်။ သက်ဆိုင်ရာအမှုသည်တို့ကလည်း မူလရုံး ရုံးချိန်းရက်များ၌ ရုံးတက်ကြရသည်။ မူလရုံး တရားသူကြီးကလည်း အတုံးဖိုင် နေ့စဉ်မှတ်တမ်းတွင် ဖော်ပြမှတ်တမ်းပြုရပေသည်။

ရံဖန်ရံခါ၌ မူလရုံး တရားသူကြီးငယ်တို့သည် သက်ဆိုင်ရာအမှု၏ ရှေ့နေတို့အား မေးစမ်းတတ်လေ၏။ "အပေါ်ရုံးက ဘယ်နေ့ချိန်းထားသလဲ"၊ "အပေါ်ရုံးမှာ လျှောက်လဲချက် ပေးပြီးပြီလား"၊ "အမိန့်ချဖို့ ဘယ်နေ့ပြန်ချိန်းထားသလဲ" စသဖြင့် မေးတတ်ပေသည်။ ဤမေးခွန်းများသည် သာမန်အားဖြင့် ဘာမျှမဟုတ်သလို ရှိပေ၏။ ဝါရင့်ရှေ့နေတို့အနေဖြင့်မူ ဒီတရားသူကြီးလေးအပေါ် ရုံး၏ လုပ်ထုံးလုပ်နည်းကို မသိသေးပါကလားဟု ကောက်ချက်ချနိုင်ပေသည်။

မှန်ပေသည်။ တရားသူကြီးငယ်သူတို့အနေဖြင့် တရားရုံး(အဆင့်မြင့်ရုံးများ)၏ လုပ်ငန်းသဘာဝ ဆောင်ရွက်ချက်နှင့် ဝေးကွာနေပေသေးသည်။ ထိုရုံးကြီးထဲသို့ ရောက်ဖူးကြသည်မှာလည်း လုပ်ငန်းလေ့လာရေးအတွက် မဟုတ်နိုင်။ အထက်လူကြီးများအား ကန်တော့ပွဲနှင့် မိမိ၏ ကိုယ်ရေးကိစ္စအတွက်သာ ရောက်ကြပေမည်။ မသိခြင်းကို အပြစ်မဆိုသာပေ။ ကျွန်တော်တို့၏ အမှုသည်များကား ထိုသူများထက် ပိုဝေးကြသူများ ဖြစ်ပေသည်။ ကျန်ပြည်သူများကား ထို့ထက်ဝေးပေမည်။

ကျွန်တော်တို့ လူမျိုးစရိုက်ကပင် ရုံး၊ သူကြီးအိမ် မရောက်ဖူးခြင်းကို ဂုဏ်ယူပြောတတ်ကြသည်။ အမှုအခင်းနှင့် ကင်းကင်းရှင်းရှင်းနေလိုကြသည်။ ပြဿနာတစ်ရပ်ကို မိမိဝန်းကျင်မှ ဖျန်ဖြေညှိနှိုင်းပေးခြင်းဖြင့် ပြေလည်လိုကြသူများ ဖြစ်ပေသည်။ မလွှဲမရှောင်သာ ဖြစ်လာကြပြီဆိုတော့လည်း တရားရုံး၏သဘာဝကို ချက်ချင်းနား ပေါက် မဟုတ်ခြင်းကား အပြစ်မဆိုသာတော့။ ကျွန်တော် ဆိုလိုသည်ကား သန်း ၆၀ ပြည်သူတစ်ရပ်လုံးနှင့် မူ ဆိုခြင်း ဖြစ်ပေသည်။

သန်း ၆၀ ပြည်သူတိုင်း စာမဖတ်ကြဟုဆိုလျှ မည်သူငြင်းပါမည်နည်း။ ထိုသန်း ၆၀ အနက်မှ မိမိယ



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းခွင်မှ ပုဂ္ဂိုလ်များ၏ အရေအတွက်ကား လွန်စွာမှ နည်းပါးလှပေ၏။ ထိုပုဂ္ဂိုလ်တို့သည်ပင် တရားဥပဒေ၏ သဘောသဘာဝကို ပြည့်စုံစွာ မသိကြပေ။ သိသူကား နည်းပါးလှပေ၏။ ကျွန်တော် တစ်ဖက်သတ် ပြောနေခြင်း မဟုတ်၊ ရေးနေခြင်းမဟုတ်။ မီဒီယာလောကမှ ထိုသို့မသိခြင်းကြောင့် ပြစ်ဒဏ်ကျခံရသော သတင်းထောက်တစ်ဦးကိစ္စဖြင့် မိတ်ဆက်ပေးလိုပေသည်။ သတင်းထောက်မလေး "မနိုင်" . . .။

ယနေ့ကာလတွင် စာနယ်ဇင်းများ အထိုက်အလျောက် လွတ်လပ်စွာ ရေးသားခွင့်ရှိနေသည့်အလျောက် သတင်းထောက်မလေးအား ရာဇဝတ်ပြစ်မှု ကျူးလွန်ခြင်းအပေါ် သက်ဆိုင်ရာ တရားရုံးက ထောင်ဒဏ်စီရင်လိုက်သည်။ ထိုသတင်းနှင့်ပတ်သက်ပြီး မီဒီယာလောကမှ ပြင်းထန်စွာ ကန့်ကွက်မှုကို ဖတ်ရ၏။ ကျွန်တော်သည် ဥပဒေသမားပီပီ စေ့ငု၏။ မီဒီယာက တရားရုံးကို တိုက်ခိုက်သည်။ မီဒီယာ၏ ကန့်ကွက်မှုသည် တရားရုံး၏ စီရင်ချက်အပေါ် မည်မျှ အကျိုးသက်ရောက်နိုင်ပါမည်နည်း။

ထိုအမှုတွင် တရားလိုက အထက်တန်းရှေ့နေ၊ တရားခံက သတင်းထောက်။ တရားလိုကလည်း မိန်းမသား၊ ငယ်ရွယ်သူ။ တရားခံက တရားလိုနေအိမ်ပေါ်တက်ရောက်ခဲ့သည်။ တရားလိုနှင့် တရားခံ စကားအချေအတင်ဖြစ်သည်။ နောက်ဆုံး တရားလိုက တရားခံကို အိမ်ပေါ်မှဆင်းရန်ပြောသည်ကို မပြန်ဘဲ ဆက်ထိုင်နေသဖြင့် နယ်ထိန်းရဲကိုခေါ်ပြီး ဆွဲထုတ်ရမလား မေးသည်အထိ ဖြစ်ခဲ့ရသည်။ ချုပ်၍ဆိုရလျှင် တရားလိုက တရားခံကို တရားစွဲသည်။ ပြစ်မှုဆိုင်ရာ ပုဒ်မ-၄၅၁ (ပထမပိုင်း) အိမ်ကျော်နင်းမငြ၊ ပုဒ်မ-၂၉၄(ခ) အိမ်ရှေ့လမ်းမပေါ်မှ အော်ဟစ်ဆဲဆိုမှု၊ ပုဒ်မ-၅၀၀ လူတစ်ဦး၏ ဂုဏ်သရေကို ထိခိုက်စွပ်စွဲပြောဆိုမှု။

အမှု၏ တရားသူကြီးကား အခင်းဖြစ်နေရာတွင်ရှိနေသူမဟုတ်ပေ။ တရားရုံးရှေ့တွင် တရားလိုနှင့် သက်သေများ၏ ထွက်ဆိုချက်များအပေါ်၌သာ သိရှိရသူဖြစ်သည်။ စစ်ဆေးပေါ်ပေါက်ချက်တို့အရ တရားခံသတင်းထောက်မနိုင်အား စွဲချက်တင်သည်။ စွဲဆိုသည့် ပုဒ်မပေါင်း သုံးခုဖြင့် စွဲချက်တင်ခြင်း ဖြစ်သည်။ စွဲချက်တင်ခြင်းအား တရားခံကို ဖြေရှင်းစေခြင်း ဖြစ်ပေသည်။

ပုဒ်မ-၄၅၁ (ပထမပိုင်း)အရ ထောင်ဒဏ် သုံးလ၊ ပုဒ်မ-၅၀၀ အရ ထောင်ဒဏ် တစ်လ၊ ပုဒ်မ-၂၉၄(ခ)အရ ထောင်ဒဏ် တစ်လ၊ ပြစ်ဒဏ်များ ချမှတ်သည်။ ပြစ်ဒဏ်များကို တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချခဲ့လေသည်။

တစ်ပေါင်းတည်းဟုဆိုခြင်းမှာ ပုဒ်တစ်ခုစီမှ ချမှတ်ခဲ့သော ပြစ်ဒဏ်တစ်ခုပြီးမှတစ်ခု ကျခံစေခြင်းမဟုတ်ဘဲ တစ်ပြိုင်နက်တည်း ကျခံစေခြင်း ဖြစ်ပေသည်။ တရားသူကြီးက ဥပဒေဘောင်အတွင်းမှ သတင်းထောက်မိန်းကလေးအပေါ် သက်ညှာနိုင်သမျှ သက်ညှာပေးခြင်းဟု ဆိုရပေမည်။ "သီးခြားစီကျခံစေ"ဆိုပါက ထောင်ဒဏ်စုစုပေါင်း ၅ လ ကျခံရမည် ဖြစ်ပေသည်။ ဤသို့သော အမှုစစ်ရုံး၏ စီရင်ချက်အပေါ် ဥပဒေနှင့်အညီ အထက်အဆင့်မြင့်ရုံးသို့ အယူခံ၊ ပြင်ဆင်မှုများ တင်သွင်းခွင့်များကို တရားခံဘက်မှ ဆောင်ရွက်နိုင်ပေသည်။ မူလရုံး၏ စီရင်ချက်အပေါ် သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဝေဖန်ခြင်း ပြုနိုင်သူကား အမှုစစ်ရုံး၏ အထက်အဆင့်မြင့်ရုံး တရားသူကြီးဖြစ်ပေသည်။ မီဒီယာမှ ကန့်ကွက်ရုံမျှဖြင့် အကျိုးသက်ရောက်နိုင်မှု မရှိနိုင်ပါပေ။

"သတင်းမြစ်ဖျား"ဟု "သီချင်းမြစ်ဖျား"မှ ဟားယူသုံးစွဲပါရစေ။ သတင်းစာ၊ ဂျာနယ်တို့တွင် သတင်းတစ်ပုဒ်၏ မြစ်ဖျားရှိပေမည်။ ထောင့်စုံမှ ခိုင်လုံတိကျမှ ရေးသားဖော်ပြလျှင် ပို၍ သင့်တော်ပေမည်။ သတင်းထောက် မနိုင်ပြစ်ဒဏ်ချမှတ်ခံရခြင်းနှင့်ပတ်သက်၍ တရားရုံး၏ စီရင်ချက်၊ ထွက်ဆိုချက်များ မသိရှိရဘဲ မီဒီယာမှ လွန်လွန်ကျူးကျူးရေးခဲ့သည်ကို တွေ့ရသည်။ Daily Eleven သတင်းစာ ရေးသားချက်အရဆိုလျှင် အမှုစစ်တရားသူကြီးအဖို့ အိပ်ပျော်နိုင်ဖွယ်ပင်မမြင်။ Eleven Media Group ၏ ဂုဏ်သိက္ခာကို ထိပါးနစ်နာမှုအတွက် သက်ဆိုင်သူများအားလုံးကိုလည်း ဥပဒေကြောင်းအရ ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဟု ဆိုသည်။ တစ်မီးငြိနှစ်မီး ပွားစေခဲ့ပေသည်။ အမှုစစ်ရုံးအမှုတွဲကို သေချာချိန်စစ်ခွင့်ရလျှင်သော်လည်းကောင်း၊ တရားရုံးသဘာဝကို



www.burmeseclassic.com

www.burmeseclassic.com

သိနားလည်လျှင်သော်လည်းကောင်း ထိုသို့ စကားမကျွံ တန်ရာဟု ယူဆမိပေသည်။

ကျွန်တော် လေ့လာမိသမျှ ဆရာဝန်များ ဆေးပညာသင်ယူသည့် သင်ခန်းစာများထဲတွင် မှခင်းဆေးပညာရပ်များကိုလည်း သင်ကြားပေးလေ့ရှိသည်ဟု မှတ်သားဖူးပါသည်။ ထို့အတူ မီဒီယာလောကသားများအနေဖြင့်လည်း သတင်းယူကြရမည့် သတင်းထောက်များအား စောင့်ထိန်းလိုက်နာကြရသည့် မီဒီယာကျင့်ဝတ်များနှင့်အတူ သတင်းယူကြရမည့်နယ်ပယ်၊ သိသင့်သိထိုက်သော ဥပဒေများကို သက်ဆိုင်ရာ သတင်းစာ၊ ဂျာနယ်တိုက်တို့အနေဖြင့် ဖြန့်ဖြူးပေးထားသင့်သည်ဟု ယူဆမိပေသည်။

ယနေ့ကာလတွင် ရှေးလူကြီးများ ထားလေ့ရှိသော သျှောင်တစောင်းနှင့် ပုရိသယောက်ျားများ မတွေ့သလောက်ရှားပါးသွားပြီဖြစ်သည်။ မ·ဆ·လ ခေတ်ဦးက ရန်ကုန်တိုင်း တရားသူကြီးရုံးတွင် ထိုသျှောင်တစောင်း အမှုသည် ပုဂ္ဂိုလ်ကြီးနှင့် ကျွန်တော်ဆုံခဲ့ဖူးပါသည်။ ကျွန်တော့်နားတွင် ထိုလူကြီး၏ ညည်းတွားသံကို ကျွန်တော်မှတ်မိနေဆဲ။ "ငါ့အမှုက ငါသေပြီးနောက်တောင် ပြီးပါ့မလား"တဲ့ဗျာ။

မှန်ပါသည် ထိုပုဂ္ဂိုလ်ကြီး ညည်းတွားခြင်းကို ကျွန်တော်အပြစ်မမြင်ပါ။ ထိုအချိန် မ·ဆ·လ အစိုးရက အမှုများကို မှန်မှန်နှင့် မြန်မြန် စီရင်ရန် ဆော်ကြသည်။ တရားသူကြီးတို့ကို လချုပ်၊ နှစ်ချုပ် စာရင်းများတင်ပြပြီး ကြပ်မတ်၏။ တရားသူကြီးတို့ကား တစ်လ တစ်လလျှင် ပြီးပြတ်မှု၊ အသစ်တက်လာသည့်အမှု၊ လက်ကျန်အမှု စာရင်းပြုစုကြရသည်မှာ သူတို့ သူတို့ ဖတ်ဖတ်မော။ အစိုးရက အမြန်ဆုံးဖြတ်စေချင်သည်။ တရားသူကြီးများက မြန်ချင်တိုင်းမြန်၍ မဖြစ်။ အဖွဲ့ဝင်စုံမှ ရုံးထိုင်နိုင်သည်။ သုံးဦးထိုင် တရားစီရင်ရေးစနစ် မဟုတ်ပါလား။ အခြားအကြောင်းမျိုးစုံကလည်း ရှိနေသေးသည်။

မှုခင်းတစ်ခု ကြားနာနိုင်ရေးသည် ထိုစဉ်က အဖွဲ့စုံဖို့လိုသလို၊ နှစ်ဖက်ရှေ့နေ၊ အမှုသည်များ၊ သက်သေစသဖြင့် စုံဖို့လိုပေသေးသည်။ တစ်စုံတစ်ခု ပျက်ယွင်းပါက အလုပ်မဖြစ်တော့။ ရုံးချိန်းပေးသည့်အခါ ထိုင်းရုံးအဆင့်ဆိုလျှင် တစ်ကြိမ်ချိန်းပါက သုံးလေးလ ခွာချိန်းရ၏။ စုစုပေါင်း ရန်ကုန်တိုင်းတရားရုံး၌ အဖွဲ့ရုံ ငါးခုသာရှိသည်။ မှုခင်းများက သောင်းခြောက်ထောက်။ သျှောင်တစောင်းနှင့် ပုဂ္ဂိုလ်ကြီး ညည်းခြင်းကို သဘောသရုပ်ပေါ်နိုင်အံ့ထင်သည်။ မြန်မြန်ဆိုတိုင်း မြန်မရသည်ကိုလည်း နားလည်နိုင်ပေအံ့။ ထိုခေတ်က အပြစ်ရသူများကား ကျွန်တော်တို့ ရှေ့နေများသာ ဖြစ်ပေသည်။ ပြောဆိုပိုင်ခွင့်ရှိသူတို့က ကျွန်တော် ယခုတင်ပြသော အချက်အလက်များဖြင့် ပြောသံမကြားရ။ ရှေ့နေများကြောင့် အမှုများကြန့်ကြာရသည်ဟုသာ အစီရင်ခံကြပေသည်။ ကျွန်တော်တို့ ရှေ့နေများအဖို့ ထိုစဉ်က ပြောဆိုနိုင်သည့် စင်မရှိ။ ဘာများတတ်နိုင်ဦးမည်နည်း။

တရားရုံးများဆိုသည်က ပြဋ္ဌာန်းဥပဒေများအတိုင်း ဆုံးဖြတ်ကြသည့် အလုပ်လုပ်ကြခြင်း ဖြစ်ပေသည်။ သက်သေခံ ဥပဒေအပါအဝင် ကျင့်ထုံးဥပဒေများ၊ တရားရုံးများလက်စွဲ စသဖြင့် ဘောင်ခတ်ထားသည်။ တရားခွင်ရှေ့မှောက် သက်သေတို့၏ ထွက်ဆိုချက်များ၊ သက်သေခံအထောက်အထား စာရွက်စာတမ်းများအပေါ် အခြေပြုလျက် ဆုံးဖြတ်ကြခြင်းဖြစ်ပေသည်။ မ·ဆ·လခေတ် တစ်လျှောက်လုံး သုံးလာသည့် စကားလုံးအငှားယူသုံးဆိုရလျှင် "ဆင်ခြင်တုံတရား"လည်း ပါရှိပေမည်။ စစ်ဆေးပေါ်ပေါက်ချက်များ၊ သက်သေခံအထောက်အထားများ၊ ရသမျှ ကွန်ပျူတာထဲထည့် ခလုတ်နှိပ်၊ ထွက်လာသည့်အဖြေကို အမှုသည်များသို့ ဖတ်ပြနိုင်သည့် အဆင့်တိုင်တိုးတက်မှု မရှိသေး။ ကမ္ဘာတွင်လည်း မရှိသေး။ တရားစီရင်ရေးအလုပ်ကား တရားစီရင်ရေးအလုပ်ဟုသာ ဆိုရမည်။

ကျွန်တော် တွေ့ကြုံသမျှဖြင့် တရားစီရင်ရေးလုပ်ငန်းသဘာဝကို တင်ပြလိုရင်း ဖြစ်ပေသည်။ ဥပဒေရေးရာကိစ္စများကား လူနှင့်လူချင်း ဆက်ဆံရေးတွင် ပါဝင်ပတ်သက်နေသောကြောင့် လူတိုင်းနှင့် ရင်းနှီးသင့်သည်ဟု ယူဆမိပေသည်။ မိမိကိုယ်တိုင် သိတတ်ထားခြင်းဖြင့် အနည်းဆုံး အလိမ်ခံရခြင်းမှ ကင်းဝေးစေနိုင်ကြောင်း ဆေးဝါးတစ်လက်ဟုသာ ဆိုလိုက်ပါရစေ။

ဦးဝင်းလှိုင် (တရားရုံးချုပ်ရှေ့နေ)



www.burmeseclassic.com

www.burmeseclassic.com

# ထိပ်တန်းသိပ္ပံပညာရှင်များက အီး-စီးကာရက်နှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ သတိပေး

■ မောင်မောင်စန်းထွေး



ယခုအခါ အီးခေါ် အီလက်ထရွန်းနစ် (Electronic) ခေတ် ဖြစ်သည်နှင့်အညီ ခေတ်လည်းစားလျက်ရှိသည်။ ယခုလို အီလက်ထရွန်းနစ်ခေတ်စားနေချိန်တွင် အီး-စီးကာရက် (e-Cigarette) သည်လည်း ပါဝင်ပြီး ခေတ်စားလျက်ရှိသည်။ အီး-စီးကာရက်သည် ဆေးရွက်ကြီးမှ ထုတ်လုပ်သော စီးကာရက်နှင့် မတူကွဲပြားသည်။ အီး-စီးကာရက် တီထွင်ရခြင်းမှာ ဆေးလိပ်သောက်သူများ၏ အသက်ပေါင်းမြောက်မြားစွာ ဆုံးရှုံးမှုမှ ကာကွယ်ရန်ဖြစ်သည်။ ဆေးရွက်ကြီးမှ ထုတ်လုပ်သော ဆေးလိပ်တွင် လူများကို စွဲလမ်းစေသည့် နီကိုတင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် လူ့အသက်ဆုံးရှုံးမှုမှ ကာကွယ်ရန်၊ တစ်နည်း ဆေးလိပ်ဖြတ်လိုသူများအတွက် အီး-စီးကာရက်ကို တီထွင်ခြင်းဖြစ်သည်။ အီး-စီးကာရက်ကို မီးညှိစရာမလိုဘဲ ဘက်ထရီနှင့် လုပ်ထားသော ခလုတ်ကို နှိပ်ရုံဖြင့် ဆေးလိပ်ကို သောက်ရှူ၍ရပြီး မီးခိုးဖွာခနဲထွက်လာသည်။ ရိုးရိုးစီးကာရက်ကို နေရာတိုင်းတွင် သောက်၍မရဘဲ သတ်မှတ်ထားသောနေရာတွင်သာ သောက်ရသည်။ သို့ရာတွင် အီး-စီးကာရက်ကို ဘယ်နေရာတွင်မဆို သောက်၍ရသည်။

www.burmeseclassic.com

အီး-စီးကရက်တွင်လည်း နီကိုတင်းပါဝင်သည်။ ၎င်းမှာ Propylene Glycol ဆိုသည့် အရည်တစ်မျိုးဖြစ်ပြီး ၎င်းမှ အငွေ့ပျံစေရာမှတစ်ဆင့် မီးခိုးများထွက်လာခြင်း ဖြစ်သည်။

အီး-စီးကရက်နှင့် ပတ်သက်၍ အဖွဲ့ဝင် ၅၃ ဦးပါဝင်သည့် ထိပ်တန်းသိပ္ပံပညာရှင်များက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သို့ အီး-စီးကရက်ကို ဆေးရွက်ကြီးမှ ထုတ်လုပ်သော စီးကရက်နှင့် အတန်းအစားတစ်မျိုးတည်း မသတ်မှတ်ရန် သတိပေးထားသည်ဆို၏။ ဤသို့ အီး-စီးကရက်ကို ဆေးရွက်ကြီးမှ ထုတ်လုပ်သော စီးကရက်နှင့် အမျိုးအစားတစ်ခုတည်း သတ်မှတ်ခြင်းကြောင့် ရောဂါကြီးများ ဖြစ်ပေါ်လာပြီး အသေအပျောက်နှုန်းများနှင့် တွေ့ရမည်ဟု သတိပေးရာတွင် ဖော်ပြထားသည်။ ကုလသမဂ္ဂ၏ အေဂျင်စီတစ်ခုဖြစ်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် နီကိုတင်းပါဝင်သည့် မည်သည့်စီးကရက်ကိုမဆို ကန့်သတ်ချုပ်ချယ်ထားရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ သိပ္ပံပညာရှင်များက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာဂရက်ချန်း(Dr. Margaret Chan) ထံ အိတ်ဖွင့်ပေးစာ ရေးပို့ခဲ့သည်။ အဆိုပါ ထိပ်တန်းသိပ္ပံပညာရှင်ကြီးများမှာ ဥရောပ၊ မြောက်အမေရိက၊ အာရှနှင့် ဩစတြေးလျမှဖြစ်ပြီး လူ့အသေအပျောက်နည်းသည့် အီး-စီးကရက်ကဲ့သို့သော ပစ္စည်းမှာ ဆေးလိပ်တိုက်ဖျက်ရေး၏ အဖြေတစ်ခုဖြစ်ပြီး ပြဿနာတစ်ခုမဟုတ်ဟု ဆိုသည်။

“ဒီထွက်ကုန်ပစ္စည်းတွေဟာ ၂၁ ရာစုမှာ ကျန်းမာရေးအတွက် အသစ်အဆန်း တီထွင်မှုဖြစ်ပြီး ထူးခြားတဲ့အရာ ဖြစ်ပါတယ်။ လူ့အသက်ရာပေါင်း သန်းချီပြီး ကယ်တင်နိုင်ပါတယ်။ ဒီလို ထိန်းချုပ်မှုနဲ့ နှိမ်နင်းမှုတွေကြောင့် ဆေးရွက်ကြီးထွက်ကုန်ပစ္စည်းတွေ ရပ်တန့်စေမှာ မဟုတ်ဘူး”ဟု ကျွမ်းကျင်သူများက ရေးသားဖော်ပြခဲ့သည်။

ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ကျင်းပခဲ့သော အစည်းအဝေးတွင် အီး-စီးကရက်ကို “ခြိမ်းခြောက်မှု” အဖြစ် ထင်မြင်တင်ပြချက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ထံ တင်သွင်းသော စာရွက်စာတမ်း ပေါက်ကြားမှုဖြစ်ခဲ့သည်။ ၎င်းအကြံပြုချက်မှာ အီး-စီးကရက်ကို ဆေးရွက်ကြီးမှ ထုတ်လုပ်သော သာမန်စီးကရက်အဖြစ် ဆေးရွက်ကြီးထိန်းချုပ်မှုဘောင်အတွင်း ကျင်းပခြင်းအဖွဲ့ (Framework Convention on Tobacco Control-FCTC) အဆင့် သတ်မှတ်ပေးရန်ဟု ပါရှိခဲ့သည်ဆို၏။

ထိုပေါက်ကြားမှုကြောင့် ဆေးရွက်ကြီး ကျွမ်းကျင်သူများနှင့် အီး-စီးကရက်ထုတ်ဝေသူများကို တပ်လှန့်ပေးသလို ဖြစ်ခဲ့သည်ဆို၏။ နိုင်ငံပေါင်း ၁၇၈ နိုင်ငံမှ နိုင်ငံတကာအစည်းအဝေး တက်ရောက်သူများသည် လက်မှတ်ရေးထိုးမထားသည့် တစ်ခုတည်းသော အမေရိကန်ပြည်ထောင်စုနှင့် အတူ အကောင်အထည်ဖော်ရန် တာဝန်ရှိလာသည် ဆို၏။

အီး-စီးကရက်ကို သာမန်စီးကရက်နှင့် တန်းတူအဆင့် သတ်မှတ်လိုက်မည့် နိုင်ငံများကို ဝယ်လိုအား တင်းကျပ်စွာ ကန့်သတ်ထားရမည်ဖြစ်ပေရာ အခွန်တိုးမြှင့်ကောက်ခံခြင်း၊ ကျန်းမာရေးအတွက် သတိပေးမှုများနှင့် အများပြည်သူနေရာများတွင် သောက်သုံးမှုကိုပါ ထိန်းချုပ်ကန့်သတ်ရတော့မည် ဖြစ်သည်။

ယခုသောက်သုံးနေသည့် အီး-စီးကရက်သည် ပြီးခဲ့သည့် နှစ်နှစ်အတွင်းက ရောင်းအားအမြင့်ဆုံးဖြစ်ခဲ့သည့်ပြင် လေ့လာဆန်းစစ်မှုအရ အီး-စီးကရက် ထုတ်လုပ်မှုလုပ်ငန်းသည် ၂၀၁၃ ခုနှစ်က ကမ္ဘာတစ်ဝန်းလုံးတွင် အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံဖိုး ရောင်းရသည် ဆို၏။

သို့ရာတွင် စီးကရက်သောက်ရာတွင် အသုံးပြုသော ပစ္စည်းကိရိယာများသည် အငြင်းပွားဖွယ်ရာဟု ဆိုသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းပစ္စည်းများသည် အလွန်အသစ်ဖြစ်နေသည့်အတွက် လုံခြုံစိတ်ချရမှု၊ ပုံပိုးမှုနှင့် အချို့သူများက ၎င်းပစ္စည်းများသည် နီကိုတင်းစွဲလမ်းမှုမှတစ်ဆင့် ဆေးရွက်ကြီးသောက်သုံးမှု၏ အဝင်အတွက်ပေါက်ကြီး(gateway)သဖွယ် ဖြစ်လာနိုင်သည့် ယုံကြည်ရသော အထောက်အထားများက ထောက်ခံနေသည်ဟု ဆိုပါသည်။

**မောင်မောင်စန်းထွေး**

***Ref: Reuters***



www.burmeseclassic.com

www.burmeseclassic.com

# မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ

စလင်း – ဦးအောင်သိန်း

စာရေးသူသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ခေတ်တွင် အကျိုးဆောင်ရှေ့နေအဖြစ် အမှုများ လိုက်ပါ ဆောင်ရွက်နေပြီဖြစ်ပါသည်။ အတိအကျ ဆိုရပါမူ ၁၃၈၁ ခုနှစ်တွင် အလုပ်သင်ရှေ့နေအဖြစ် ဆရာများ နောက် ကြိုးစားရှိုးသားသော တပည့်တစ်ဦးအနေဖြင့် လိုက်ပါနေပြီဖြစ်ပါသည်၊ ထိုစဉ်ကာလမှစ၍ တရားရုံး များ၊ ဥပဒေရုံးများ၊ ရဲစခန်းများသို့ ဝင်ထွက်သွားလာနေ ရပြီး ဖြစ်ရကား တရားစီရင်ရေး နယ်ပယ်အတွင်း ထဲထဲ ဝင်ဝင်ရှိနေပြီဟု ဆိုနိုင်ပါသည်။ ညောင်လေးပင်မြို့တွင် အခြေချနေထိုင်လျက် ဒိုက်ဦး၊ ကျောက်တံခါး တရားရုံး များသို့ပါ သွားရောက် အမှုများလိုက်ပါခဲ့ပါသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မ. ဆ. လ) ခေတ်တွင် အားလုံးကောင်းပါသည်ဟု မထောက်ခံချင် ပါ။ အားလုံး မကောင်းပါဟုလည်း မဆိုချင်ပါ။ တစ် ခုပြောနိုင်သည်က မ. ဆ. လခေတ်လွန်ကာလများတွင် အကျင့်ပျက်ခြစားမှု၊ လာဘ်ပေးလာဘ်ယူမှုများ သိသိ သာသာ ဆိုးဝါးလာခြင်းပင် ဖြစ်ပါသည်၊ သန့်ရှင်းပါ သည်ဆိုသော ပညာရေးဌာနသည်ပင် လာဘ်ပေးလာဘ် ယူမှုများ ရှိလာရာ ကျန်သောဌာနများအတွက် အထူး ပြောစရာ မရှိတော့။ လုံးဝ လာဘ်စားစရာ မရှိသောဌာန ရှိ ကောင်းရှိပါလိမ့်မည်၊ စားစရာမရှိသော ဌာနများမှ လွဲ၍ ကျန်ဌာနတွေမှာ လာဘ်ပေးလာဘ်ယူသည် သမား ရိုးကျအနေအထားသို့ ရောက်ရှိနေသည်။ ရွှေ၊ မြေ၊ အားတွေမှာ ပေါက်ဈေးရှိသကဲ့သို့ ဌာနဆိုင်ရာတွေမှာ ဘာကိစ္စဆို ဘယ်လောက်ဟူ၍ ပေါက်ဈေးရှိသည်။ လာဘ်ပေးလာဘ်ယူသည် ဥပဒေကိုချိုးဖောက်မှုဖြစ် သော်လည်း ပေးသူကလည်း ကိုယ့်ကိစ္စအဆင်ပြေအောင် ဆောင်ရွက်ပေးရန်အတွက် ပေးခြင်းဖြစ်သည်။ ထို့ ကြောင့် ပြဿနာတက်ရန်မရှိ။ ပေးပြီး ဆောင်ရွက်မပေး လျှင်တော့ ပြဿနာတက်နိုင်သည်။

ရှေ့နေပေါက်စဘဝမှာ ဆရာသမားများ၏ အဆို အမိန့်များ ကြားနာမှတ်သားရပါသည်။ "လာဘ်စားတာ စားသင့်သလောက်စား၊ ဒါပေမယ့် အမှန်အတိုင်း ဆုံး ဖြတ်။ အဖြူကိုအမည်း၊ အမည်းကိုအဖြူဖြစ်အောင်တော့ မလုပ်သင့်ဘူး"ဟု ဆရာတစ်ဦးက သူ့အမြင်ကို ပြောပြ ဖူးပါသည်။ လာဘ်ပေးလာဘ်ယူအလုပ်ကို မနှစ်မြို့က်ပါ။ သို့သော် အများစုက လေ့ထုံးတမ်းတစ်ရပ်ကဲ့သို့ လက်ခံ ကျင့်သုံးနေကြသည်။

ရှေ့နေဝါနုစဉ်က တွေ့ကြုံရတာလေး သတိရမိ သည်။ မဆလခေတ်လွန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့ (နဝတ)အကူးအပြောင်းတွင် တရားစီ ရင်ရေးစနစ် တစ်ဆစ်ချိုးကွေ့သကဲ့သို့ လုံးဝပြောင်းလဲ သွားသည်။ အဖွဲ့နှင့် စစ်ဆေးစီရင်ရာမှ တစ်ဦးထိုင်စံနစ် သို့ ပြောင်းသွားသည်။ ယခင်က တရားစီရင်ရေးအဖွဲ့ များအား အကြံပေးရသော တရားရေးဝန်ထမ်းများ တရားသူကြီးဖြစ်သွားသည်။ ဖြစ်စက တရားခွင်စာရေး ရှာဖွေပေးသလောက်နှင့် တင်းတိမ်နေကြသည်။ နောင် တော့ တရားခွင်စာရေးကို တန်ဘိုးသတ်မှတ်ပေးလိုက်

www.burmeseclassic.com

သည်။ အဲဒီနောက်ပိုင်း တချို့ ကိုယ်တိုင်လက်ခံတော့သည်။ နည်းလမ်းအမျိုးမျိုးသုံးကြသည်။ အများအားဖြင့် တရားခွင်စာရေးတွေက ကြားခံပေါင်းကူး ဆက်သွယ်ကြသည်။

တွေ့ကြုံရတာလေး ဆက်ပါမည်။

ပုဒ်မ-၄၁၇(လိမ်လည် ကာမရယူသောအမှု) အမှုတစ်မှုတွင် တရားလိုမိန်းကလေးဘက်က အကျိုးဆောင်အဖြစ် လိုက်ပါခဲ့သည်။ မူလတန်းပညာလောက်သာ တတ်သည့်အတွက် အတွေးအခေါ် ညဏ်ရည်နိမ့်ပါးသည်။ မိခင်ဖြစ်သူက ဈေးသည်ဆိုတော့ အခြေခံလူတန်းစားတွေ ဖြစ်သည်။ နယ်မြို့လေးဆိုတော့ အချင်းချင်းရင်းနှီးကြသည်။

အိမ်နီးချင်းမိသားစု အိမ်ဟောင်းဖျက်၊ အိမ်သစ်ဆောက်သည်။ ထိုကာလအတွင်း နေထိုင်ရေးခက်ခဲမှုကို စာနာသောအားဖြင့် တရားလိုကောင်မလေး မိခင်က အခက်တွေ့နေတဲ့ မိသားစုကို အိမ်ပေါ်ခေါ်တင်ထားလိုက်သည်။ ခေါ်တင်ထားတဲ့မိသားစု အိမ်ထောင်ဦးစီးက လက်သမား။ အသက်လေးဆယ်မပြည့်သေး။ အဲဒီမိသားစုကလည်း အခြေခံလူတန်းစားပါပဲ။ အကျင့်သိက္ခာ၊ ဂုဏ်ဆိုတာတွေက အခြေခံလူတန်းစားတွေအတွက် အလေးအနက် ထားစရာမလို။ လိုရင်းကတော့ လက်သမား အိမ်ထောင်ဦးစီးနဲ့ တရားလိုကောင်မလေး ကျူးကျူးလွန်လွန်ဖြစ်။ ကိုယ်လေးလက်ဝန် ဖြစ်လာသည်ပေါ့။

အဲဒီအမှု တရားရုံးရောက်လာသည်။

"ဒီလက်သမားကောင်ရဲ့ ကိုယ်ဝန်မဟုတ်လို့ တခြားကောင် ကိုယ်ဝန်ဖြစ်စရာ အကြောင်းမှမရှိတာ"

အမှုစစ် တရားသူကြီး၏ တရားခွင်ပြင်ပတွင် ပြောဆိုသော စကားဖြစ် သည်။ ထိုစကားအရ တရားခံပြစ်ဒဏ်ကျဖို့ သေချာနေပြီ။ အဲဒီစကားကလည်း သက်ဆိုင်သူတွေထံ ပျံ့သွားသည်။ အမိန့်မချမီ တရားလိုကောင်မလေး၏မိခင် တရားသူကြီးကို သွားတွေ့ထားသည်။ သွားတွေ့သည်ဆိုတာက ကောင်းအောင်ပြောတာပါ။ အမှန်တော့ လာဘ်ပေးတာကိုပဲ ကန်တော့တယ်ပြောတာပါ။

"ဆရာ . . အလုပ်သဘောပဲ လျှောက်လဲချက်ရေးတင်ပါ။ ကျန်တာအားလုံးလုပ်ထားပြီးသား"

ခေါ်တာပြောတာ ဆရာဆိုပေမယ့် အသက်အရွယ်က လေးစားလောက်တဲ့အရွယ် မဟုတ်တော့ သူငယ်ချင်းအချင်းချင်း ပြောသလို ဆက်ဆံကြတာ။ အဲဒီအမှု အမိန့်ချမယ့်နေ့မှာ တရားလိုကောင်မလေးအမေဝမ်းထဲက ကြည်နူးမှုတွေ အပြင်မထွက်အောင် သိုသိုသိပ်သိပ်လေးပေါ့။

"အမလေး . . . လုပ်ကြပါဦး ရှေ့နေကြီးရဲ့။ ဒီကောင်ကလွဲလို့ ဘယ်ကောင်ရဲ့ကိုယ်ဝန် ဖြစ်ရမှာလဲဆို။ ခုတော့ ကျွန်မသမီးလေး ရေတိမ်နစ်ရပါပြီကော။ အရပ်ကတို့ရေ လုပ်ကြပါဦး။ ဟီး . . . ခုတော့ ကိုယ့်အထုပ်ကို ကိုယ်ဖြေပြသလို ဖြစ်နေပါပေါ့လား . . ဟီး"

တရားလိုကောင်မလေး၏မိခင်မှာ အော်ကြီးဟစ်ကျယ် ငိုကာယိုကာ ပြောဆိုနေပါတော့သည်။ အမိန့်ချမှတ်ရာမှာ တရားခံကို အမှုက အပြီးအပြတ် လွှတ်လိုက်လို့လေ။ တရားခွင်စာရေးကတစ်ဆင့် ပေးထားတဲ့ငွေလေး ပြန်လာပေးသွားသည်။ မှတ်မှတ်ရရ ပထမဆုံးအတွေ့အကြုံလေးပဲ။

ညောင်လေးပင်တရားရုံးမှာ ကြုံရတာလေးလည်း အလျဉ်းသင့်တုန်း တင်ပြချင်ပါသေးသည်။

အမှုက အမွေမှု။

ဦးစလင်းက တရားလိုဘက် အကျိုးဆောင်၊ တရားပြိုင်အကျိုးဆောင်နဲ့က အင်မတန်ရင်းနှီးတဲ့သူတွေပါ။ မြို့ခံရှေ့နေ ဆယ်ယောက်လောက်ရှိတာမှာ အတွဲများတဲ့သူတွေပဲ။ ဟိုလက်ဖက်ရည်ဆိုင်ထိုင်လိုက်၊ ဒီလက်ဖက်ရည်ဆိုင် ထိုင်လိုက်၊ အတူတူပဲ။ ပြောရမယ်ဆိုရင် ဦးစလင်းက ခပ်အေးအေးသမား။ ရေမြှေလိုပဲ ဆက်ဆံကြတယ်။ တရား[illegible]ရှေ့နေက နည်းနည်းစွာတယ် ပြောရမှာပေါ့။ (ကိုအောင်စိုးရေ . . . ခင်ဗျား အကြောင်း အကောင်းပြောတာနော်။ မကြိုက်လည်း မတတ်နိုင်ဘူး။) တရားသူကြီးက ဦးစလင်းကို ခင်မင်



www.burmeseclassic.com

www.burmeseclassic.com

တယ်လို့ မဆိုသာပေမယ့် တစ်ဖက်ရှေ့နေကြီးက စွာ ကျယ်စွာကျယ်လုပ်နေတော့ သိပ်ကြည့်ရပုံ မပေါ်ဘူး။

"ဒီမှာ အကျိုးဆောင်ကြီး၊ သိပ်လည်း အငြင်းပွား မနေနဲ့။ အမွေမှုဆိုတာ အမွေပုံပစ္စည်း ကျန်တာလည်း အငြင်းပွားတာ မဟုတ်ဘူး။ အချိုးကျတော့ ခွဲရမှာပဲ"

အမှုသည်နှင့် ရှေ့နေများရှေ့တွင် တရားခွင်ပေါ်မှနေ၍ ပြောဆိုနေခြင်း ဖြစ်ပါသည်။ ကိုအောင်စိုးကြီး "ဟုတ်ကဲ့ပါခင်ဗျ"ဟုဆိုကာ ဇက်ပုသွားပါတော့သည်။ ဦးစလင်း သိပ်ဝမ်းမသာလှပါ။ အမှုသည်များကို အဲဒီတရားသူကြီးထံသွားပြီး ကန်တော့(လာဘ်ပေး) ခိုင်းပါသေးတယ်။ တရားခွင်ပေါ်ကပြောတဲ့စကားကြားပြီး ဦးစလင်းသွားခိုင်းတာ ငြင်းနေပါတယ်။ အတွေ့အကြုံရ စီရင်ချက်ချမှတ်တဲ့အခါ အပေါ်ပိုင်းမှာ အမှန်အတိုင်း ပေါ်ပေါက်တာတွေရေးပြီး အောက်ပိုင်းမှာ "မည်သို့ပင်ဆိုစေကာမူ"ဆိုပြီး သုံးသပ်တတ်တဲ့ အဲဒီတရားသူကြီးအကြောင်း သိနေလို့ သွားခိုင်းတာ။ မသွားတာတော့ မတတ်နိုင်ဘူး။

ကိုယ်ပိုင်တိုက်ခန်းလေးနဲ့
နေချင်တယ် ပူဆာတော့
ကိုယ်တော်ချော ဝယ်ပေးရတယ်။
စေတနာတော့ သိပ်ပါလှတာမဟုတ်ဘူး။
ဟိုဟာဒီဟာနဲ့ တစ်မျိုးနဲ့တစ်မျိုး
မရိုးအောင် ပူဆာလာတော့
ကိုယ်တော်ချော နောက်ဆုတ်ချင်လာပြီ။
ကားဝယ်ပေးဖို့အထိ ပူဆာလာတော့
အခက်တွေ့ပြီပေါ့။

ကိုအောင်စိုးကြီး ဘယ်လိုလုပ်လိုက်တယ် မသိဘူး။ အမိန့်ချတော့ ဦးစလင်းစွဲတဲ့အမှု ပလပ်လိုက်တယ်။ စပ်မိလို့ပြောတာပါ။ သူများအကြောင်း အတင်းမပြောတတ်ပါဘူး။ (ကိုအောင်စိုးရေ . . . ခင်ဗျားကို အခမဲ့ ကြော်ငြာပေးတာနော်။) နောင်လည်း တိုက်ဆိုင်တဲ့အခါ စပ်မိဦးမှာပဲ။ ဥပဒေဘက် လှည့်ကြဦးစို့။

ထုံးစံအတိုင်း မောင်မိုး သယ်ဆောင်လာသော ပြဿနာပင်။ ပြဿနာဟုဆိုသော်လည်း ဒါမျိုးတွေက အဆန်းမဟုတ်ပါ။ ဖိုမသဘာဝ သံလိုက်တွေလို နီးစပ်လျှင် ဆွဲအားကြောင့် တစ်ဦးနှင့်တစ်ဦး ငြိစွန်းတတ်ကြစမြဲ။

"ဒီလို ဦးစလင်းရဲ့"

"ဆိုစမ်းပါဦး မောင်မိုးရဲ့"

"ကျွန်တော်မဆိုတတ်ပါဘူး။ တီးပဲတီးတတ်တယ်"

"မင်းတီးတတ်တာ ငါသိပါတယ်။ ဒကာပေါ်တဲ့အခါ မဟုတ်လား"

"ဟဲ . . . ဟဲ . . . ဦးစလင်းက ဘယ်ဆိုးလို့လဲ။ အတိုင်အဖောက်ရသားပဲ"

"ဆိုးရင်လည်း မော်စကိုရောက်မှာပေါ့ကွ"

မောင်မိုးသယ်ဆောင်လာတဲ့ ဇာတ်လမ်းအကျဉ်းက ဒီလိုပါ။ မောင်မိုးပြောတာပဲ သိရတာ။ လူတွေကို သိလည်းမသိ၊ မြင်လည်း မမြင်ဖူး။ အမျိုးသားယောကျ်ားလေးကို ပြောတာပါ။ သတို့သားလို့ ဆိုလိုခြင်းမဟုတ်ပါ။ အသက်က သုံးဆယ်ကျော်၊ လေးဆယ် နီးပါးလောက်ရှိပြီဟု ဆိုသည်။ ကုမ္ပဏီပိုင်ရှင်တဲ့။ ဘာကုမ္ပဏီလည်းတော့ မသိ။ မေးလည်း မမေးမိ။ အတော်လေး ချမ်းသာသည်ဟုတော့ ဆိုသည်။ လွန်ခဲ့သော ခြောက်နှစ်ကျော်ခန့်က သိန်း ၈၀၀ ကျော်တန်ကား စီးနေသည်ဆိုတော့ ချမ်းသာလို့ပေါ့။ ခုခေတ် ကားစီးတာ လူအတော်များများစီးနိုင်ပြီလေ။ ဈေးကလည်း ယခင်ကနဲ့ဆို ကွာပ။ အိမ်ထောင်သည်ပါပဲ။

ကောင်မလေးကတော့ အတော်ငယ်သေးတယ်။ နှစ်ဆယ်ကျော်တယ်ဆိုရုံလောက်ပဲ ရှိသေးတာ။ ခေတ်



www.burmeseclassic.com

www.burmeseclassic.com

ရှေ့ပြေးနေတဲ့ အပျံစားလေးပေါ့။ ပညာတတ်၊ ချောချောလှလှလေး။ မိဘတွေက စီးပွားရေး အဆင်မပြေလို့၊ အလုပ်ရှာရင်း ကုမ္ပဏီပိုင်ရှင်နဲ့ တွေ့တာပဲ။ ကောင်မလေးတတ်တဲ့ပညာနဲ့ ကုမ္ပဏီမှာ လုပ်ရမယ့်အလုပ်နဲ့က အဆင်မပြေဘူး။ ပုံမှန်ဆို အလုပ်မခန့်ရှုပဲပေါ့။ ဒါပေမယ့် ကိုယ်တော်ချောက ငြင်းမလွှတ်လိုက်ဘဲ ကိုယ်ရေးအရာရှိပဲပြောပြော၊ အတွင်းရေးမှူးပဲပြောပြော အလုပ်ခန့်တာ မဟုတ်ဘဲ ကိုယ်ပွားလေးလို သွားလေရာ တကောက်ကောက် ခေါ်နေတော့တာ။ အဲဒီလို ငြိသွားရော ဆိုပါတော့။ တိုက်ခန်းလေး ငှားပေးထားတယ်။ ကောင်မလေးက လိမ္မာတယ်။ မိဘတွေအပေါ် သိတတ်တယ်၊ မိဘတွေကို ထောက်ပံ့နေတာပေါ့။

ကိုယ်ပိုင်တိုက်ခန်းလေးနဲ့ နေချင်တယ် ပူဆာတော့ ကိုယ်တော်ချော ဝယ်ပေးရတယ်။ စေတနာတော့ သိပ်ပါလှတာမဟုတ်ဘူး။ ဟိုဟာဒီဟာနဲ့ တစ်မျိုးနဲ့တစ်မျိုး မရိုးအောင် ပူဆာလာတော့ ကိုယ်တော်ချော နောက်ဆုတ်ချင်လာပြီ။ ကားဝယ်ပေးဖို့အထိ ပူဆာလာတော့ အခက်တွေ့ပြီပေါ့။ စီးပွားရေးလုပ်ငန်းတွေက သိပ်ကြီးကောင်းလှတာမှ မဟုတ်တာ။ ကိုယ်တော်ချော ရှောင်ဖယ်ရှောင်ဖယ်နဲ့ အတွေ့မခံတော့။ တောင်းဆိုချက်မရရင် တရားစွဲမယ်လုပ်ပြီ။ ဒီကိစ္စမျိုးနဲ့ တရားစွဲခံရမှာတော့ ကြောက်တာအမှန်ပဲ။ မောင်မိုး သယ်လာတဲ့ ပြဿနာ အဲဒါပါပဲ။

ဦးစလင်း ဉာဏ်နီဉာဏ်နက်တွေထုတ်၊ တစ်ဖက်လှည့်နဲ့ ကောင်မလေး ရုံးခန်းလာအောင် ဓာတ်ဆင်လိုက်ရပါတယ်။ မောင်အုန်းရွှေနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၉၇၅ ခုနှစ် တရားစီရင်ထုံးများ စာမျက်နှာ ၁၁၄ ပါ အမှုကို ရှင်းပြလိုက်ပါသည်။ ချစ်ကြိုက်လျှင် အတူတကွ ပေါင်းသင်းနေထိုင်ကြပြီး နောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် မပေါင်းသင်းတော့လျှင် ရာဇဝတ်မှုမမြောက်ကြောင်း၊ ကိုးကွယ်သည့်ဘာသာအရ လက်ထပ်ထိမ်းမြားမှုသည် တရားမဝင်ပါဘဲလျက် တရားဝင်ပါသည်ဟု ပြောဆိုပြီး ပေါင်းသင်းမှုမျိုးသည်သာ ပြစ်မှုမြောက်နိုင်ကြောင်း နားလည်အောင် ရှင်းပြရပါသည်။ ကောင်မလေးက လူရည်လည်သည်၊ ပါးရည်နပ်ရည် ရှိသည်။ အတူပါလာသည့် ကောင်လေးကို အနီးအနား လက်ဖက်ရည်ဆိုင်မှာ သွားစောင့်ခိုင်းထားသည်။

ကောင်မလေးကို ကိုယ်တော်ချောက လက်ထပ်ပေါင်းသင်းချင်သည့်အကြောင်း၊ လက်ခံမည်ဆိုပါက စာချုပ်တွင် လက်မှတ်ရေးထိုးပေးရန် ပြောလိုက်ပါသည်။

ဥပဒေအရ တရားစွဲလို့ကလည်း အဆင်မပြေ၊ ရှေ့တိုးရမှာကလည်း ကောင်လေးက ဘေးနားမှာဆိုတော့ ကောင်မလေးမျက်နှာ ညှိုးသွားသည်။ လက်ထပ်ရန် ဆန္ဒမရှိကြောင်း၊ ကဲတရားလို့ပဲ ထားလိုက်ပါမယ် အန်ကယ်ကြီးရယ်ဆိုကာ ငိုမဲ့မဲ့လေး ဖြစ်နေပါသည်။ ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်မလဲကွယ်ဟု ပြောဆိုပြီး ကြိုတင်စီစဉ်ထားသည့်အတိုင်း ကောင်မလေးသုံးလိုရာသုံးနိုင်အောင် ကိုယ်တော်ချောပေးထားသည့်ငွေကျပ်သိန်း ၃၀ ကို ထုတ်ပေးလိုက်ပါသည်။ မယူချင်သလိုလိုလုပ်နေပြီး ယူလိုက်ပါဆိုတော့ အလွယ်တကူ လက်ခံလိုက်ပါသည်။

"အန်ကယ်ကြီးကို ကန်တော့ပါတယ်"

ငွေသုံးသောင်း တားနေသည့်ကြားမှ အတင်းပေးနေ၍ မငြင်းသာဘဲ လက်ခံလိုက်ရပါသည်။ ကောင်မလေးလည်း နှုတ်ဆက်ထွက်ခွာသွားပါသည်။

"ဘေးခပ်သိမ်း၊ အန္တရာယ်ခပ်သိမ်း၊ သောကခပ်သိမ်း ကင်းငြိမ်းပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းသာယာနိုင်ကြပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

ဦးစလင်း၏ နှလုံးသားကြေးမုံပြင်တွင် ဝိုးဝါးသော အတွေးများ၊ ခံစားမှုများဖြင့် မကြည်မလင်ဖြစ်ကာ ကျန်ရစ်နေလေတော့သည်။

**စလင်းဦးအောင်သိန်း**



www.burmeseclassic.com

www.burmeseclassic.com

■ မောင်နေမျိုး

# သူတို့ဆီက ယာဉ်စည်းကမ်း

၁၉၆၂ ခု၊ ဇူလိုင်လ ၂၈ ရက်နေ့မှ ဩဂုတ်လ ၆ ရက်နေ့ထိ ဖင်လန်နိုင်ငံ၊ ဟယ်စင်ကီမြို့တွင် ကျင်းပပြီးစီးခဲ့သော ရှစ်ကြိမ်မြောက် လူငယ်ပွဲတော်သို့ မြန်မာနိုင်ငံမှ လူငယ်သုံးဆယ် တက်ရောက်ခဲ့သည့်အထဲတွင် ကျွန်တော်နှင့် တက္ကသိုလ်မြတ်သူတို့သည် မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ကိုယ်စားလှယ်များအဖြစ် ပါဝင်သွားကြသည်။

လူငယ်ပွဲတော်အပြီးတွင် ဖင်လန်နိုင်ငံ၊ ဟယ်စင်ကီမြို့မှတစ်ဆင့် ဆိုဗီယက်လူငယ်အဖွဲ့ချုပ်၏ ဖိတ်ကြားချက်အရ ဆိုဗီယက်ယူနီယံ မော်စကိုမြို့သို့ ၁၅ ရက်ကြာခန့် အလည်အပတ် ရောက်ရပြန်သည်။

ဆိုဗီယက်နိုင်ငံ၊ မော်စကိုမြို့သို့ရောက်လျှင် ကျေနပ်စရာကောင်းလှသော သူတို့ဆီက မော်တော်ယာဉ်စည်းကမ်းတစ်ခုကို တွေ့ရသည်။ ဆိုဗီယက်ယူနီယံသည် အောင်မြင်နေသော ဆိုရှယ်လစ်နိုင်ငံတစ်ခုဖြစ်လျက် မော်စကိုမြို့သည် ဆိုဗီယက်နိုင်ငံ၏ အချက်အချာမြို့တော်ကြီးလည်းဖြစ်ပေသည်။

မော်စကိုမြို့သည် လူဦးရေ သိန်းပေါင်းများစွာတို့ နေထိုင်ပြီး ထိုလူတို့၏ သွားလာရေးအတွက် မော်တော်ယာဉ်များကို စနစ်တကျ စီစဉ်ပေးရလေသည်။ မော်စကိုတွင် ထရော်လီဘတ်(စ်)များ၊ ဂိုးထိုးဘတ်(စ်)များအပြင် ဓာတ်ရထားများကိုပါ တွေ့ခဲ့ရသေးသည်။

ဂေါ်ကီလမ်းမကြီး၊ အာဒူးဇော့စကီး လမ်းမကြီး စသည့် လမ်းမကြီးများတို့တွင် ကားဦးရေပိုမိုများပြားလှသဖြင့် ထိုလမ်းမကြီးများတို့ကို ပေ ၅၀ ခန့်အကျယ်အဝန်းရှိသော လမ်းမကြီးများ ဖောက်လုပ်ထားလေသည်။

ထိုပေ ၅၀ ခန့်ရှိသော လမ်းကြီးများ၏ အလယ်တွင် ၁၀ ပေခန့်ကို ဆေးအဖြူနှင့်ဝိုင်း၍ စကြံသဘောမျိုးလုပ်ထားသည်။

မော်တော်ယာဉ်များသည် လက်ျာဘက်ကို ပတ်၍ မောင်းကြသည်။ (ဗမာပြည်မှာကဲ့သို့ လက်ဝဲမောင်းများ မဟုတ်ကြ) မည်သည့်ယာဉ်မဆို မည်သည့်အချိန်အခါတွင်မှ ဟွန်းတီးခြင်း လုံးဝမလုပ်ကြရပေ။

အဘယ်ကြောင့် ဟွန်းမတီးရသနည်းဟု၍ ကျွန်တော်တို့၏ စကားပြန်ကို မေးကြည့်သည့်အခါ သူကပြောသည်မှာ ကားမောင်းရင်း ဟွန်းတီးခြင်းသည် ဘေးလူကို အနှောင့်အယှက်ပေးသည်နှင့် တူပြီး၊ ဟွန်းတီးလျှင် လူက ကားကို ရှောင်ပေးတတ်သည်ဟူသော အသိကြောင့် ကားကို ပို၍ ရမ်းရမ်းကားကားမောင်းတတ်ကြသဖြင့် ထိုသို့ ကားဟွန်းများကို မတီးစေရန် တားမြစ်ထားခြင်းဖြစ်သည်ဟု ဆိုသည်။

မော်တော်ယာဉ် လမ်းကျယ်ကြီးများတွင် လမ်းတစ်ဖက်နှင့်တစ်ဖက်ကို ခြားကာ အလယ်တွင် ဆယ်ပေခန့်ကို အဖြူရစ်ဝိုင်းကာ ချန်ထားသည်မှာလည်း ထိုအဖြူဝိုင်းထားသည့် လမ်းတိုင်း(ကားလမ်းမကြီး၏ အလယ်ဗဟို)၌ ခေါင်းဆောင်ကြီးများ၏ ကားများသည်လည်းကောင်း၊ နိုင်ငံတော်၏ သူရဲကောင်းများကို ကြိုဆိုသည့်အခါ ထိုလမ်းမှလည်းကောင်း၊ ဧည့်သည်တော်တို့၏ ကားများသည်လည်းကောင်း ထိုအဖြူဝန်းရံထားသည့် လမ်းတွင် မောင်းနှင်ရသည်ဟု ဆိုသည်။ ထို့ပြင် သူနာပြုကားများနှင့် ရဲမော်တော်ယာဉ်များ၊ မီးသတ်ကားများကို ထိုလမ်းမကြီး၏အလယ်မှ ဆယ်ပေလမ်းထဲတွင် မောင်းရပြီး၊ တစ်ခါတစ်ရံ ကိုယ်ပိုင်ကားနှင့် အရေးတကြီးသူနာများ တင်ဆောင်ပြီးနောက် ထိုလမ်းမကြီး၏ အလယ်အဖြူကြားလမ်းအတိုင်း အရှိန်နှင့် ဟွန်းတီးကာ မောင်းနှင်နိုင်ခွင့်ရှိသည်။

အကယ်၍ မော်တော်ယာဉ်တစ်စီးစီးသည် ထိုလမ်းမကြီး၏အလယ်တွင် ဆေးအဖြူဖြင့်သတ်မှတ်ထားသော လမ်းတွင်းမှ အရှိန်နှင့် ဟွန်းတီးကားမောင်းလာလျှင် လမ်းခုလမ်းခွ၌လည်းကောင်း၊ တူရူမှလည်းကောင်း ယုဉ်၍မောင်း



www.burmeseclassic.com

www.burmeseclassic.com

လာသော ကားများသည်လည်းကောင်း အားလုံးရပ်ပေးကြရလေသည်။

ထို့ကြောင့် သူတို့ဆီတွင် ဟွန်းတီး၍မောင်းသော ကားများသည် အလွန်အရေးကြီးသော ကားများဟု ယူဆရပြီး အလွန်အရေးကြီးမှလည်း ဟွန်းတီးကာ သတ်မှတ်ထားသော အရေးတကြီးလမ်းတွင် မောင်းရသည်ဟု သိရသည်။

တစ်ဖန် ဘတ်(စ်)ကားများကို စီးရာတွင်လည်း နောက်ပေါက်မှတက်၍ ရှေ့ပေါက်မှ ဆင်းရသည်။ ဘတ်(စ်)ကားများတွင် လက်မှတ်ရောင်းသည့် စပယ်ယာ မထား။ နောက်ပေါက်မှ တက်လျှင်တက်ချင်း လက်မှတ်ရောင်းသည့် စက်လေးတစ်ခုရှိသည်။ ထိုစက်လေးထဲသို့ မိမိတို့သွားမည့် ခရီးအတွက် ပိုက်ဆံပေးပြီး လက်မှတ်ကို ဆုတ်ခဲ့ရလေသည်။

သူတို့ထုံးစံမှာ မိန်းမနှင့် ကလေးများ၊ အဘိုးအိုများ၊ ကိုယ်ဝန်ဆောင်များတို့ကို အထူးဦးစားပေးလေသည်။ ဘတ်(စ်)ကားသည် မြန်မာပြည်မှ ပြည်တော်သာကားကဲ့သို့ ဖြစ်လျက် ဒရိုင်ဘာ၏ နောက်ဘက်မှ ခုနစ်ယောက်ထိုင်ခုံကြီးနှင့် လက်ဝဲဘက်ရှိ နှစ်ယောက်ခုံနှစ်ခုံတို့သည် မိန်းမ၊ ကလေး၊ ကိုယ်ဝန်ဆောင်နှင့် အဘိုးအဘွားများအတွက် သီးသန့်ခုံများဟု လူတိုင်းနားလည်ကြရသည်။

ကားပေါ်သို့ တက်လာလျှင် အဘိုး၊ အဘွား၊ ကလေးနှင့် မိန်းမများ မပါလျှင် ထိုထိုင်ခုံများ၌ မည်သူမဆို ထိုင်နိုင်ကြပြီး အကယ်၍ အဘိုးအို၊ အဘွားအိုနှင့် မိန်းမများ တက်လာခဲ့သောအခါ၌လည်း ထိုင်စရာမရှိလျှင် ထိုနေရာတွင် ထိုင်နေသူက အလိုက်သိစွာပင် ထပေးရလေသည်။

အကယ်၍ အလိုက်သိစွာ ထမပေးပါက အမျိုးသမီးသို့မဟုတ် အဘိုးအဘွားတို့က မိမိတို့အတွက် သတ်မှတ်ထားသော ထိုင်ခုံတွင် ထိုင်လိုကြောင်း တောင်းပိုင်ခွင့်ရှိပြီး ထိုကဲ့သို့တောင်းလျှင် ထပေးရပြီး၊ ထိုကဲ့သို့ တောင်းလာမှ ထပေးရသူသည် ရှက်ဖွယ်လူတစ်ယောက်ဖြစ် အသိအမှတ်ပြုကြလေသည်။ ဤကား သူတို့၏ လူဆက်ဆံရေးနည်းဖြင့် ပြုပြင်ခြင်းတစ်မျိုးပင် ဖြစ်၏။

ဘတ်(စ်)ကားကို ထိုသို့ အခွင့်ထူးခံ လူတန်းစားအဖြစ် သတ်မှတ်ခြင်းခံရသော အဘိုးအဘွား၊ ကလေးနှင့် ကလေးပါသော မိန်းမ၊ ကိုယ်ဝန်ဆောင်တို့သည် တက်ချင်သော အပေါက်မှတက်၍ ဆင်းချင်သောအပေါက်မှ ဆင်းပိုင်ခွင့်ရှိသည်။

ဘတ်(စ်)ကားတွင် စပယ်ယာမရှိသဖြင့် ဒရိုင်ဘာသည် မှတ်တိုင်စေ့ရပ်သည်။ မဆင်းလျှင် ဆက်မောင်းသည်။ လမ်းတွင် ကလေးများ၊ မိန်းမများ၊ အဘိုးအဘွားအိုများ ဖြတ်ကူးနေလျှင် ကားတိုင်းက ရပ်ပေးကြသည်။ စပယ်ယာမရှိသော်လည်း ရေသာခို၍ လက်မှတ်မဖြတ်သောသူဟူ၍ မရှိ။

ကားရှုပ်သော ဈေးနှင့် ရုပ်ရှင်ရုံ စသည်တို့နားတွင် ကားရပ်ရန်နေရာကို လူသူကင်းသော နေရာဝေးဝေးတွင် ရပ်ရန်လုပ်ထားသည်။ အထူးသဖြင့် ကားစီးနိုင်သော လူတန်းစားတို့အတွက် ကားရပ်သည့်နေရာကို ခပ်လှမ်းလှမ်းတွင်ထားသည်။

ဥပမာ-သိမ်ကြီးဈေးလို နေရာသို့ ကိုယ်ပိုင်ကားဖြင့် လာလိုသောသူသည် မဂိုလမ်းလောက်တွင် သီးသန့်စီစဉ်ထားသော ကားရပ်မည့်နေရာတွင် ကားကိုရပ်ခဲ့ပြီး ခြေလျင်လျှောက်ကာ ဈေးဆီသို့လာရသည်။ ထိုသို့ စီစဉ်ရခြင်းမှာ ဈေးတွင် လူစည်ကားလှသဖြင့် ကားများပါရပ်ထားလျှင် ဈေးဝယ်သူတို့ကို အနှောင့်အယှက်ဖြစ်မည်စိုးသောကြောင့် ဖြစ်သည်ဟု သိရသည်။

လမ်းမကြီးများကိုဖြတ်လျှင် မြေအောက်မှဖြတ်ကြရသည်။ တက္ကစီကားများကိုလည်း နေရာတိုင်းမှာရပ်၍ခေါ်လျှင် မရ။ အငှားကားရပ်၍ ငှားရမ်းမှတ်တိုင်များမှ ရပ်နေလျှင် လူမပါသော အငှားကားသည် ထိုနေရာသို့ မခေါ်ရဘဲနှင့် လာရပ်ကာ တင်ခေါ်သွားလေ့ရှိသည်။

မော်စကိုတွင် ဘတ်(စ်)ကားနှင့် မီတာနှင့် အငှားကားများအပြင် ဘတ်(စ်)ကားလမ်းအတိုင်းပြေးဆွဲသော စလွန်အငှားကားများ ရှိကြသည်။ ထိုကားများသည် ဘတ်(စ်)ကားလမ်းအတိုင်းပြေးပြီး ပိုက်ဆံပိုပေးရသည်။ ရပ်လိုရာတွင် ရပ်ပေးသည်။ သို့သော် အိမ်အထိပို့မပေးပေ။

အထူးသဖြင့် ယာဉ်စည်းကမ်းကို မောင်းသူ၊ စီးသူနှင့် ခရီးသွားတို့ကပါ လေးလေးစားစား ထိန်းသိမ်းသွားကြသည်ကို တွေ့ရပေသည်။

**မောင်နေမျိုး**

(ရဲကြေးမုံစာစောင်၊ ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ)

www.burmeseclassic.com

www.burmeseclassic.com

# ခေါင်းဆောင်ဟူသည် မာလိန်မှူး

□ ဂျော့ချစ် ရေးသည်

စကားမတတ်သော ရေနေ့၊ မပြေပြစ်သော သံတမန်၊ ကျမ်းဂန်မတတ်သော ရဟန်း၊ လင်မရှိသော မယား၊ အရှင်မရှိသော ကျွန်၊ တံခွန်မရှိသော ရထား၊ အရင်းမရှိသော ကုန်သည်၊ သဒ္ဒါမရှိသော အလှူဒါန၊ ချွန်းဖျားမအုပ်ရသေးသော ဆင်၊ တက်မ မရှိသော လှေ၊ နှောင်ကြိုးမရှိသော ကျွဲနွား၊ အကွပ်မရှိသော ကြမ်း၊ ခေါင်းဆောင်ကောင်းမရှိသော နိုင်ငံတို့သည် အဆင်မပြေဖွယ်ရာသည်များသာ ဖြစ်နေသည်။

ကမ္ဘာပေါ်ရှိ တိုင်းပြည်၊ နိုင်ငံနယ်ပယ် စသည်တို့တွင် မိမိထုံးစံအရ အုပ်ချုပ်သော အကြီးအကဲ ခေါင်းဆောင်များ ရှိကြပေသည်။ တိုင်းပြည်တစ်ပြည်၏ တိုးတက်မှု၊ ဆုတ်ယုတ်မှု ကံကြမ္မာသည် ထိုထိုသော ခေါင်းဆောင်များပေါ်၌ မူတည်ရှိပေသည်။ ခေါင်းဆောင်ကောင်းလျှင် တိုင်းပြည်ငြိမ်ဝပ်ပိပြားရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေး၊ လူ့စာရိတ္တ အဆောက်အအုံသည်လည်း မြင့်မားတိုးတက်ပေသည်။

ခေါင်းဆောင်ဟူသည် မာလိန်မှူးနှင့် သဏ္ဍာန်တူသည်။ ကျွမ်းကျင်သော မာလိန်မှူးသည် မည်မျှ ပြင်းထန်စွာ မုန်တိုင်းတိုက်ခတ်နေစေကာမူ စိတ်လှုပ်ရှားခြင်းမရှိ အေးဆေးစွာဖြင့် မုန်တိုင်းကြားက ကျော်လွှားသွားနိုင်သည်။ မကျွမ်းကျင်သော မာလိန်မှူးသည်ကား မုန်တိုင်းအနည်းငယ်ထလျှင် ကြောက်သွေးဖြာလျက် မျှပက်သင့်၊ မနစ်သင့်ဘဲ သင်္ဘောတိမ်းမြှုပ်သွားရပေမည်။ သို့ပင်ဖြစ်၍ မာလိန်မှူးနှင့်တူလှသော ခေါင်းဆောင်သည် တိုင်းပြည်တွင် အလွန်အရေးပါလှပေသည်။

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ၏ သမိုင်းတို့ကို ပြန်လှန်ကြည့်ပါက နှစ်ပေါင်း ၂၀၀၀ ခန့်အတွင်း ခေါင်းဆောင်ကောင်း အနည်းငယ်သာ ပေါ်ပေါက်သည်ကို တွေ့ရပေသည်။ အနော်ရထာမင်းစောနှင့် သားတော် ကျန်စစ်သားတို့သည် တိုင်းပြည်ကို မင်းကျင့်တရားဆယ်ပါးနှင့် အုပ်ချုပ်တော်မူသောကြောင့် တိုင်းပြည်ငြိမ်းချမ်းသာယာလျက် စီးပွားရေး၊ ပညာရေး၊ ဘာသာရေး၊ စာရိတ္တမဏ္ဍိုင် စသည်တို့မှာ မြင့်မားလျက် အဘက်ဘက်တွင် တိုးတက်လျက်ရှိပေသည်။ နောက်မင်းဆက်များမှာ မင်းတို့၏ စောင့်ထိန်းအပ်သော တရား၊ အရည်အချင်း မပြည့်ဝသောကြောင့် တိုင်းပြည်တွင် ကျေးဇူးစွာ



www.burmeseclassic.com

www.burmeseclassic.com

မအုပ်ထိန်းနိုင်ဘဲ နောက်ဆုံး ပထမမြန်မာနိုင်ငံကို နရသီဟပတေ့မင်းလက်ထက် တရုတ်တရက်တို့ဒ တိုက်ဖျက်ခြင်းကို ခံရပေသည်။ တစ်ဖန် ဒုတိယမြန်မာနိုင်ငံကို မင်းကြီးညို၊ တပင်ရွှေထီး၊ ဘုရင့်နောင်၊ သာလွန်မင်း စသော မင်းတို့သည် တိုင်းပြည်ကို တရားသဖြင့် ငြိမ်းချမ်းသာယာစွာ အုပ်စိုးခဲ့လေသည်။ ၎င်းတို့ ကွယ်လွန်သွားသောအခါ အပျော်အပါး လိုက်စား၍ တိုင်းပြည်မှာ လုံးပါးပါး၍ နောက်ဆုံး ဟံသာဝတီ ရောက်မင်း (မဟာဓမ္မရာဇာဓိပတိ) လက်ထက်ရောက်သော အခါ ပျက်စီးရပြန်သည်။ နောက်ဆုံး တတိယမြန်မာနိုင်ငံတွင် အလောင်းဘုရား၊ ဆင်ဖြူရှင်၊ ဘိုးတော်၊ မင်းတုန်း စသော ခေါင်းဆောင်များသည် တိုင်းပြည်ကို ငြိမ်းချမ်းစွာ အုပ်ချုပ်နိုင်သည်ကို တွေ့ရပေသည်။ ထို့နောက်ပိုင်းတွင်မှ သူတစ်လူငါတစ်မင်းနှင့် အိမ်ကြက်ချင်းခွပ်နေရာမှာ နယ်ချဲ့သမားတို့၏ စီးပွားရေးကိုလိုနီပိုက်ကွန်ထဲသို့ နှစ်ပေါင်းတစ်ရာကျော်မျှ ကုပ်သွေးစုပ်ခြင်းကို ခံခဲ့ရပေသည်။ ထို့နောက်တွင်မှ ခေါင်းဆောင်ကောင်းပီသသော မြန်မာ့သားကောင်းကြီး ဗိုလ်ချုပ်အောင်ဆန်းပေါ်လာကာ နယ်ချဲ့လက်တွင်းမှ ကယ်တင်လျက် စတုတ္ထမြန်မာနိုင်ငံတော်ကို တည်ထောင်နိုင်ခဲ့လေ၏။

ယင်းရာဇဝင်သာဓကများကို ကြည့်ခြင်းအားဖြင့် ခေါင်းဆောင်ကောင်းတစ်ယောက်ဟု ကင်ပွန်းတပ်ရမည်မှာ မလွယ်လှ။ ခေါင်းဆောင်ကောင်းတစ်ယောက်ဟု ခေါ်ယူနိုင်ရန် အင်္ဂါရပ်များမှာ အောက်ပါအတိုင်းဖြစ်ကြောင်းနှင့် ကျမ်းဂန်တွင် ပြဆိုထားလေသည်။

(၁) မယိမ်းယိုင်သော သူရသတ္တိနှင့် ပြည့်စုံသောသူသည် မိမိဘဝနှင့် မိမိအလုပ်ကို မိမိတကယ်သိတတ်၊ တကယ်ယုံကြည်စွဲမြဲ၍ လုပ်ရဲခံရဲသော သတ္တိရှိရမည်။ ကိုယ့်ကိုမယုံကြည်သော ခေါင်းဆောင်နောက်သို့ မည်သည့် မြော်မြင်ပညာရှိသော နောက်လိုက်မျှ လိုက်မည်မဟုတ်။

(၂) မိမိကိုယ်ကို မနိုင်သော ခေါင်းဆောင်သည် နောက်လိုက်လူသူကို နိုင်မည်မဟုတ်။

(၃) ခေါင်းဆောင်သည် ရိုးသားတည်ကြည် ဖြောင့်မတ်ရမည်။ မရိုးသား၊ မတည်ကြည်၊ မဖြောင့်မတ်ပါက နောက်လိုက်ငယ်သားတို့ ကြည်ညိုမှု၊ လေးစားမှု မခံရသည့်အပြင် ထိန်းသိမ်းအုပ်ချုပ်မှုမှာလည်း လွယ်ကူလိမ့်မည် မဟုတ်။

(၄) ခေါင်းဆောင်သည် ယတိပြတ် စိမ်ကိန်းရှိရမည်။ ထိုစိမ်ကိန်းအရ ဆောင်ရွက်နိုင်၊ ဆောင်ရွက်ရဲရမည်။ လက်တွေ့မရှိ၊ အစီအစဉ်မရှိ ဖြစ်သလိုစိတ်ကူးနှင့် ရှုးနေသော ခေါင်းဆောင်သည် ပဲ့တက်မရှိသော လှေကြီးအလား ကျောက်ဆောင်နှင့် တိုက်ပြီး ပျက်စီးဆုံးရှုံးရပေမည်။

(၅) ခေါင်းဆောင်သည် အနာခံရန် အသင့်ရှိရမည်။ (ခေါင်းဆောင်သည် ရှေ့ကနေ၍ မားမားမတ်မတ်နှင့် ဦးဆောင်ရမည်။)

(၆) ခေါင်းဆောင်သည် အပြောအဆို၊ အနေအထိုင်၊ ဝတ်ပုံစားပုံတို့ကို တင့်ဇ-ယ်ခံ့ညားသော လက္ခဏာနှင့် ပြည့်စုံရမည်။

(၇) ခေါင်းဆောင့်သည် နောက်လိုက်လူထုအား အစဉ်ကြင်နာသည်ဖြစ်၍ အခက်အခဲများကိုလည်း အမြဲ လေ့လာရမည်။

(၈) အသေးအဖွဲပြဿနာလေးကို ပေါင်းစပ်ခြင်းသည် ကြီးမားသော ပြဿနာကြီးများ ဖြစ်လာတတ်ပေရာ ခေါင်းဆောင်ကောင်းသည် အမှုကိစ္စ ပြဿဒ်အထိပါ နားလည် အုပ်ချုပ်နိုင်ခြင်း ရှိရမည်။

(၉) ခေါင်းဆောင်တို့မည်သည် ကျသမျှတာဝန်ကို ရဲရဲကြီး ခံနိုင်ရန် သတ္တိထူးရှိရမည်။ (ကောင်းတော့ကိုယ်၊ မကောင်းတော့ နောက်လိုက်ခံ ဆိုသလို မဖြစ်ရ။)

(၁၀) နောက်လိုက်များအား ကိုယ်နှင့်ထပ်တူ တွဲယူနိုင်သော အရည်အချင်းရှိရမည်။ အရေးကြီးတော့ အဝေးရောက်ခေါင်းဆောင်၊ နောက်ချန်ခေါင်းဆောင်၊ ဘေးတိုက်ကန့်လန့်ခေါင်းဆောင်တွေ မဖြစ်စေရ။

ခေါင်းဆောင်ကောင်း အင်္ဂါလက္ခဏာရပ်များကို ကြည့်ခြင်းအားဖြင့် မည်သူသည် ခေါင်းဆောင်ကောင်းဟုတ်မဟုတ် အစစနှင့်အတု ခွဲခြားနိုင်၏။ ခေါင်းဆောင်တစ်ဦးသည် လူများစုတို့ ကွပ်ကဲအုပ်ချုပ်ရာမှာ လွယ်ကူလှသည်မဟုတ်ပါ။ အထက်မှ ဖော်ပြခဲ့သည့် ခေါင်းဆောင်အင်္ဂါလက္ခဏာများနှင့် ပြည့်စုံမှသာလျှင် ခေါင်းဆောင်အဖြစ် ဆောင်ရွက်နိုင်ပေမည်။

ဂျော့ချ

(ရဲကြေးမုံစာစောင်၊ ၁၉၆၂ ခုနှစ်၊ ဩဂုတ်လ)



www.burmeseclassic.com

www.burmeseclassic.com

# သေရွာပြန်တစ်ဦးရဲ့ ကြောက်လန့်ဖွယ်ဖြစ်ရပ်

■ KMTW



အင်္ဂလန်ပြည်၊ လစ်ဗာပူးမြို့၏ အပြင်ဘက်တွင် ကားတစ်စီး တိမ်းမှောက်ခဲ့သည်။ အခင်းဖြစ်ပွားရာ နေရာသို့ ရောက်ရှိလာသော ဆေးဘက်ဆိုင်ရာ ဝန်ထမ်းတစ်ဦးက ဒဏ်ရာဒဏ်ချက်များရ၍ စုတ်ပြတ်သတ်နေသည့် ယာဉ်မောင်းသူကို သေဆုံးပြီဖြစ်ကြောင်း အဆုံးအဖြတ်ပေးကြေညာခဲ့သည်။

ယင်းဆေးဘက်ဆိုင်ရာ ဝန်ထမ်း၏ အဆုံးအဖြတ်ကြေညာချက်ကို ငြင်းသူ တစ်ဦးတစ်ယောက်ကမျှ ထောဒက တက်ပြန်လည်မေးမြန်း စုံစမ်းခြင်းမပြုတော့ဘဲ ဗစ်တာဖီးလ်၏ ရုပ်ကလာပ်ကို ၎င်းဒေသအတွင်းရှိ အသုဘလုပ်ငန်းဌာနသို့ သဂြိုဟ်ရန် ပို့လိုက်ပေးခဲ့လေ၏။

အသုဘလုပ်ငန်းဌာနသည် သေပြီဟု သတ်မှတ်ထားသည့် ဗစ်တာဖီးလ်၏ ရုပ်အလောင်းကောင်အား ကျနစွာ ဆေးကြောသုတ်သင်ပြီးနောက် အကောင်းဆုံးသော အဝတ်အစားများကို ရွေးချယ်ပေးဝတ်ပြီး ခေါင်းသေတ္တာအတွင်းသို့ ထည့်သွင်းလေ၏။

အသုဘချမည့် နံနက်ခင်းတွင် ပန်းခွေပေါင်းများစွာသော သေသူဗစ်တာဖီးလ်၏ ဆွေမျိုးများ၊ မိတ်ဆွေသင်္ဂဟများသည် နောက်ဆုံးအနေဖြင့် နှုတ်ဆက်ပြုရန်နှင့် အသုဘပို့ရန် သင်္ချိုင်းသို့ ရောက်ရှိလာကြလေ၏။

ရောက်ရှိလာသည့် လူတိုင်းသည် မြေမြှုပ်သင်္ဂြိုဟ်မည့် ဂူအတွင်း အနီးပတ်ဝန်းကျင်သို့ ရောက်ရှိလာပြီးနောက် လူအများသည် ဝမ်းနည်းကြေကွဲစွာဖြင့် မျက်ရည်အပြည့်လွှမ်းနေသည့် မျက်လုံးများစွာဖြင့် နောက်ဆုံးအိပ်စက်နားမည့် ဂူအတွင်းသို့ ခေါင်းသေတ္တာကိုချမည့်အချိန်အား တစူးတစိုက် စောင့်ဆိုင်းကြည့်လျက် ရှိနေကြလေ၏။

ယင်းသို့ကြည့်နေရင်းက ကြေကွဲရိပ်သန်းနေကြသည့် မျက်လုံးအစုံတို့သည် အံ့ဩသည့်အသွင်သို့ ပြောင်းလဲ၍သွားသည်။ ထို့မှတစ်ဆင့် ကြောက်ရွံ့ထိတ်လန့်သည့် အနေအထားသို့ ရောက်ခဲ့လေ၏။

"ဝူး . . . ဝူး . . . ဝူး . . . အင်း . . အင်း . . . အင်း"

အသုဘခေါင်းသေတ္တာ အတွင်းမှ အသံထွက်ပေါ်လာနေခြင်း ဖြစ်သည်။ ခေါင်းသေတ္တာကြီးမှာလည်း လှုပ်ယမ်းနေလေ၏။ အသုဘပို့သူများအနက် အမျိုးသမီးအချို့မှာ သွေးလန့်ကာ မေ့မြောသွားကြပြီး၊ အမျိုးသားများမှာ ခေါင်းသေတ္တာလှုပ်သံ၊ ညည်းတွားသံကြီး ကျယ်လောင်လာသည်နှင့်အမျှ ထိတ်လန့်ကြောက်ရွံ့စွာဖြင့် ခြေဦးတည့်ရာသို့ ပြေးထွက်သွားကြသည်။

သင်္ချိုင်းအလုပ်သမားသည် တအံ့တဩဖြစ်လျက်ကပင် ခေါင်းသေတ္တာအား ဖွင့်ကြည့်လိုက်သည့်အခါ တုန်လှုပ်ချောက်ချားမှုတစ်ရပ်ကို ဖြစ်စေခဲ့သည်။ အကြောင်းရင်းမှာ ခေါင်းသေတ္တာအတွင်းရှိ ရုပ်အလောင်းကြီး၏ လုပ်ဆောင်မှုကြောင့် ဖြစ်ကြောင်းကို အံ့ဩစွာတွေ့ရလေတော့၏။

ခေါင်းသေတ္တာအဖုံးဖွင့်ပြီး တွေ့မြင်နေရသည်မှာ သေပြီဟုသတ်မှတ်ထားသည့် ရုပ်အလောင်းကောင်ကြီးက အသက်ရှင်လှုပ်ရှားလျက် ရှိနေကြောင်းကို တွေ့ရသောကြောင့်ပင် ဖြစ်လေ၏။ ၎င်း၏ မျက်နှာပြင်တစ်ခုလုံးမှာလည်း ခေါင်းသေတ္တာအတွင်းတွင် လေကိုဝအောင်မရှူရှိုက်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ပြာနှမ်းနှမ်းအရောင် လွှမ်းနေသည်ကို တွေ့ရ၏။

ဘုန်းတော်ကြီး ဂျန်ဂေါ်စကီး ပြောပြချက်အရဆိုလျှင် "သနားစရာကောင်းလှတဲ့ ဒီပုဂ္ဂိုလ်ဟာ တကယ်တော့ သေငယ်ဇောနဲ့ မျောနေခိုက်မှာ သေဆုံးသွားခြင်းဖြစ်ကြောင်း မှားယွင်းစွာဖြင့် ဆုံးဖြတ်ခဲ့မှုကြောင့် ဖြစ်ရတာပါ"ဟုဆို၏။

ယင်းဘုန်းတော်ကြီးမှာ အခြားသူမဟုတ်။ သရဏဂုံတင်နေခိုက် ခေါင်းသေတ္တာကြီးအတွင်းမှ အသံကျယ်လောင်စွာ ထုရိုက်သံများကြောင့် တရားဟောကြားမှုကို ရပ်ဆိုင်းလိုက်ရသူ ဖြစ်ပေသည်။

## ကြောက်လန့်စရာဖြစ်ရပ်

ယခုကဲ့သို့ အချိန်မီလေးတွင် သေငယ်ဇောနှင့် မြောနေရာမှ သတိပြန်လည်ရလာမှုသည် အံ့ဩထူးဆန်းဖွယ်ရာ ဖြစ်ရပ်ဖြစ်ပြီး မိမိအသက်ကို မိမိကပင်လျှင် ပြန်လည်ကယ်တင်နိုင်ခဲ့ခြင်းပင် ဖြစ်ပေ၏။

သေငယ်ဇောဖြင့် မျောနေရာမှ သတိပြန်လည်ရလာသည့်အခါတွင် သူ့အနေဖြင့် အိပ်မက်အရှည်ကြီးတစ်ခု မက်နေရာမှ ပြန်လည်နိုးလာသကဲ့သို့ အလွန်ပိန်းပိတ်မှောင်နေသည့် ခေါင်းသေတ္တာကြီးထဲတွင် ပိတ်မိနေသည့် အခြေအနေကို ရင်ဆိုင်တွေ့နေရခြင်းဖြစ်၏။

"ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် သူဟာ သေငယ်ဇောနှင့် မြောနေရာမှ အခုလို ပြန်လည်သတိရလာခြင်းဖြစ်ပါတယ်။ အသုဘပို့သူများအတွက် ဒီဖြစ်ရပ်ဟာ အလွန်ကြောက်လန့်ချောက်ချားဖွယ် ဖြစ်ရပ်အသွင်ဖြစ်သော်လည်း အခုဆိုရင် သူ့ကို အားလုံးဟာ သူ့အတွက် အထူးပဲဝမ်းသာလျက်ရှိနေကြပါတယ်"ဟု ဘုန်းတော်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။

## ကံကောင်းလွန်းသူရဲ့ပီတိ

ကံကောင်းလွန်းလှသည့် ဗစ်တာဖီးလ်က . . .

"ကျွန်တော်ဟာ ဘယ်ရောက်နေပြီး ဘယ်ပေါက်နေတယ်ဆိုတာကို ဘယ်လိုမှတွေးတောလို့ကို မရခဲ့ပါဘူး။ ဒါပေမယ့်လို့ ကျွန်တော်ပြောနိုင်တာတစ်ခုကတော့ ကျွန်တော်ဟာ အကျဉ်းအကျပ်ထဲမှာ လွတ်မြောက်အောင် လှုပ်ရှားနေရတယ်ဆိုတာပါပဲ။

လက်နဲ့ တဖြည်းဖြည်း လျှောက်စမ်းတော့ ခေါင်းသေတ္တာရဲ့အဖုံးမှာ ကပ်ထားတဲ့ အဝတ်ကိုစမ်းမိပါတယ်။ ကျွန်တော့်ရဲ့ဦးနှောက်ဟာလည်း မူးဝေနောက်ကျိနေတာနဲ့ စမ်းမိတဲ့ အဝတ်တွေကို အတင်းဆုတ်ဖြဲ နေမိပါတယ်။ ကျွန်တော်လည်း ကယောင်ကတမ်းနဲ့ ခေါင်းသေတ္တာရဲ့ သစ်သားအကာအရံတွေကို အတင်းပဲ ထုထောင်း နေမိပါတယ်။

အဲဒီအချိန် တစ်ချိန်တည်းမှာပဲ ကျွန်တော်ဟာ လက်ကလည်း အတင်းထုထောင်း၊ ခြေထောက်တွေနဲ့လည်း ကန်ကျောက်ပစ်မိပါတယ်။ ကြိုးစားမှုအပေါ်မှာ ငါ့ရဲ့အသက်ရှင်သန်ရေးဟာ တည်နေတယ်ဆိုပြီး ကြိုးစားအားထုတ် ခဲ့ရပါတယ်။

ကျွန်တော် နောက်ပိုင်း ကိုယ်တွေ့တွေ့ရတာကတော့ အဲဒီလို အတင်းထုထောင်း ရုန်းကန်လှုပ်ရှားမှုအကျိုးကြောင့် ကျွန်တော့်ရဲ့အသက်ဟာ အခုလို သေရွာပြန် ရှင်သန်နေရခြင်းဖြစ်ပါတယ်"ဟု ဗစ်တာဖီးလ်က ပြောခဲ့ပေသည်။

**KMTW**

*Ref; SUN; JAN 25, 1994.*






www.burmeseclassic.com

www.burmeseclassic.com

# အာတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ




၂၀၁၄ ခုနှစ်၊ မတ်လ ပထမပတ်အတွင်း အင်္ဂလန်နိုင်ငံမှ ဘီဘီစီရုပ်သံလွှင့်အစီအစဉ်နှင့် အမေရိကန်ပြည်ထောင်စုမှ ထုတ်လွှင့်သော စီအင်အင်ရုပ်သံလွှင့်အစီအစဉ်များတွင် အမေရိကန်ပြည်ထောင်စု ရှေးဟောင်းပစ္စည်း လေလံပွဲတစ်ခုတွင် သေနတ်အမျိုးမျိုးစုဆောင်းရန် ဝါသနာပါသော သန်းကြွယ်သူဌေးတစ်ယောက်သည် ၁၉၃၄ ခုနှစ်၊ မေလ ၂၃ ရက်နေ့၊ နံနက်ခင်း၌ အမေရိကန်ပြည်ထောင်စု၊ ဒါလက်(စ်)မြို့အနီး အဝေးပြေးလမ်းမကြီးတစ်နေရာတွင် အမေရိကန်ပြည်ထောင်စု ရဲတပ်ဖွဲ့ဝင်များပစ်ခတ်မှုကြောင့် သေဆုံးခဲ့သော ဘွန်နီနှင့် ကလိုက်ဒီ ဒုစရိုက်ဇနီးမောင်နှံ ကိုင်ဆောင်ခဲ့သော သေနတ်များကို ဒေါ်လာငွေအမြောက်အမြားပေး၍ ဝယ်သွားခဲ့သည်ဟု ထုတ်ပြန်ကြေညာခဲ့၏။

ဤသတင်းကိုပင် အင်တာနက်စာမျက်နှာများပေါ်တွင်

□ လှမိုး(ပညာရေး)



www.burmeseclassic.com

www.burmeseclassic.com

ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြသွားခဲ့သည်။ ကျွန်တော်တို့နိုင်ငံမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင်လည်း ခေတ်ပုံသာဓက ဝေဝေဆာဆာနှင့် ဖော်ပြခဲ့၏။ လူလောကဘုံကား ဆန်းကြယ်၏။ တစ်ချိန်က အထက်ဖော်ပြပါ ဒုစရိုက်ဇနီးမောင်နှံမှာ အမေရိကန်ပြည်ထောင်စု မှုခင်းသမိုင်းတွင် အဆိုးသွမ်းဆုံး၊ လူအများ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ရသော ဇနီးမောင်နှံ ဖြစ်သည်။ ထိုသူတို့ကား ကလိုက်ဒီသာရိုနှင့် ဘွန်နီပတ်ကာတို့ လူဆိုး၊ လူသတ်သမား မောင်နှံဖြစ်သည်။ ထိုစဉ်ကာလက အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော သတင်းစာကြီးများတွင် ဘွန်နီနှင့် ကလိုက် ဒုစရိုက်မောင်နှံဟု ရေးသားဖော်ပြလေ့ရှိသည်။ သူတို့နှစ်ယောက်သည် အမေရိကန်ပြည်ထောင်စု မှုခင်းလောကတွင် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော ဒုစရိုက်မောင်နှံဖြစ်သည်။ လူသတ်မှု၊ ဖောက်ထွင်းမှု၊ ဓားပြတိုက်မှု၊ အနုကြမ်းစီးမှုများ လက်ဆစ်ချိုး ရေတွက်မရအောင် ကျူးလွန်ခဲ့ကြသည်။ သူတို့နှစ်ယောက်အကြောင်းသည် လူအများစိတ်ဝင်စားဖွယ်ရာဖြစ်သဖြင့် စာရေးဆရာကြီးများက မှုဟန်အသွယ်သွယ်နှင့် ဝတ္ထုများရေးသားထုတ်ဝေခဲ့ကြ၏။

အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျား ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ခဲ့ကြရသော ထိုဒုစရိုက်မောင်နှံအား အမေရိကန်ပြည်ထောင်စု မြေအောက်ဒုစရိုက်သမားများကလည်း အော့နှလုံးနာကြသည်။ သူတို့ ဒုစရိုက်မောင်နှံကဲ့သို့ ဆိုးသွမ်းရက်စက်သော လူသတ်သမားများ မရှိဟု ဆိုကြသည်။ ထိုဒုစရိုက်ဇနီးမောင်နှံ၏ ဖြစ်စဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁၉၃၀ ပြည့်နှစ်ပတ်ဝန်းကျင်သည် အမေရိကန်ပြည်ထောင်စု၌ စီးပွားရေးကပ်ဆိုးကြီး ဆိုက်ရောက်လာသည့်အချိန် ဖြစ်သည်။ သို့ဖြစ်၍ ဥပဒေစိုးမိုးရေးဆိုသော ဝေါဟာရမှာ မည်သည်ကိုဆိုလိုသနည်းဟု မေးယူရမည့်ကာလဟု ဆိုရမည်ဖြစ်၏။ ခိုးဆိုးလုယက်မှု၊ ဘဏ်ဓားပြတိုက်မှု၊ ဖောက်ထွင်းမင၊ မှောင်ခိုပစ္စည်းရောင်းဝယ်မှု၊ ရာဇဝတ်မှုလုပ်ငန်းများအား ဂိုဏ်းများခွဲ၍ ကျူးလွန်မှု၊ လာဘ်ပေးလာဘ်ယူမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ အုပ်စုဖွဲ့၍ အနိုင်ကျင့်မှု စသော ရာဇဝတ်မှုဒီရေလှိုင်းကြီးသည် မကြုံစဖူး အထူးမြင့်တက်၍လာခဲ့သည်။

မြို့ရွာအများတွင် မီးခိုးနံ့ ယမ်းနံ့ လှိုင်လျက်ရှိပြီး ဥပဒေဘက်တော်သား ရဲနှင့်စုံထောက်တို့မှာ ဥပဒေစိုးမိုးရေးကို ထိထိရောက်ရောက် မဆောင်ရွက်နိုင်ကြ၊ ထိုကာလက အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်အများတွင် ကျင့်သုံးနေကြသည့် ပြည်နယ်ဥပဒေများမှာလည်း တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဟူသကဲ့သို့ ဖြစ်နေကြရကား ရာဇဝတ်မှု ကျူးလွန်သူအများသည် တစ်ပြည်နယ်မှ တစ်ပြည်နယ် ကူးလူးသွားကြပြီး ပုန်းရှောင်လေ့ရှိကြသည်။

ပြည်နယ်ပေါင်း ၅၀ ရှိသည့် အမေရိကန်ပြည်ထောင်စုတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်နယ်အလိုက် သီးသန့် ကိုယ်ပိုင်ဥပဒေရှိသည်။ ပြည်နယ်တစ်ခုတွင် လက်ခံကျင့်သုံးသော ဥပဒေတစ်ရပ်သည် အခြားပြည်နယ်တစ်ခုနှင့် မတူ၊ သို့ဖြစ်၍ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရာဇဝတ်မှုကျူးလွန်သူများသည် တစ်ပြည်နယ်မှ တစ်ပြည်နယ် ကူးသွားကြလေ့ရှိရာ ဥပဒေဘက်တော်သား ရဲနှင့် စုံထောက်များမှာ လက်မှိုင်ချခဲ့ရသည်။


စီးပွားရေးကပ်ဆိုးကြောင့် အလုပ်လက်မဲ့ဦးရေ သန်းချီရှိလာသည်။ အမျိုးသားဝင်ငွေ အကြီးအကျယ် လျော့နည်းလာရကား ရာဇဝတ်မှုများ မှိုလိုပေါက်လာသည်မှာ ဘာဆန်းသလဲဟု ဆိုရမည်ဖြစ်သည်။ အထူးသဖြင့် ၁၉၃၃ ခုနှစ်သည် အမေရိကန်ပြည်ထောင်စုသမိုင်းတွင် ရာဇဝတ်မှု ထူပြောသောနှစ်ဟု မှတ်တမ်းတင်ခဲ့ရ၏။ ဤနှစ်တွင် ထူးထူးခြားခြား ထင်ရှားလာသူများကား ကလိုက်ဒီဘာရိုနှင့် သူ့ဇနီး ဘွန်နီပတ်ကာတို့ ဖြစ်ကြသည်

ကလိုက်ဒီဘာရိုမှာ ယောက်ျားပီသသူတစ်ဦး ဖြစ်သည်သာ



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးများ စွဲမက်စေသည့် ရုပ်အဆင်းရှိသူဖြစ်၏။ သူအား အမေရိတန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ကျေးလက်ဒေသမှ လယ်သမားမိသားစုမှ ပေါက်ဖွားခဲ့သူတစ်ဦးဖြစ်သည်။ ရုပ်ရည်ချောမောသော၊ ချစ်စရာကောင်းသော ကလေးငယ်ဘဝကပင် ရက်စက်သူ၊ သွေးထွက်သံယိုဖြစ်မှုကို စုံမက်သူဖြစ်၏။ စာကလေးငှက်ငယ်များ၊ အိမ်မွေးခွေးများ၊ ကြောင်များကို နည်းလမ်းအမျိုးမျိုးနှင့် ညှဉ်းပန်းနှိပ်စက်ရမှ စိတ်ကျေနပ်သူ ဖြစ်သည်။ သူရက်ရက်စက်စက် နှိပ်စက်ထားသော ငှက်များ၊ ကြွက်များ၊ ကြောင်များ၊ ခွေးများ မချိမဆံ့ ဒုက္ခခံစားနေရသည်ကို အရသာခံ၍ ကြည့်သူဖြစ်သည်။

ဆင်းရဲသားမိသားစုမှ မွေးလာရသူ ကလိုက်ဒီဘာရိုမှာ ငယ်စဉ်ကပင် ကျောင်းကောင်းကောင်း မနေခဲ့ရ။ ကျောင်းသားအရွယ်ကပင် လမ်းပေါ်ရောက်လာခဲ့ရသူ ဖြစ်၏။ အသေးအမွှား ရာဇဝတ်မှုကလေးများကို ကျူးလွန်လာခဲ့ရာမှ တဖြည်းဖြည်း အပေါင်းအသင်းများလာခဲ့ပြီး ဖောက်ထွင်းမှု၊ လုယက်မှုများကို ကျူးလွန်လာခဲ့၏။ အုပ်စုဖွဲ့ တိုက်ခိုက်လုယက်မှုများကိုပါ တစ်စတစ်စ ကျူးလွန်လာခဲ့သည်။

**သူနှင့် အိပ်ဆောင် အတူနေ အကျဉ်းသမားတစ်ဦးအား သူ့ခြေချောင်းကလေး နှစ်ချောင်းအား ပုဆိန်ဖြင့်ခုတ်ဖြတ်ရန် ဖြားယောင်း နားချခဲ့သည်။**

သူ၏ အေးအတူ ပူအမျှ လက်တွဲဖော်ဖြစ်လာမည့် ဘွန်နီပတ်ကာ၏ ဘဝမှာလည်း အမှောင်ထဲက စခဲ့သည်ဟု ဆိုရမည်ဖြစ်၏။ သူ့ကို ၁၉၁၁ ခုနှစ်တွင် ဘုရားတရားကြည်ညိုကိုင်းရှိုင်းသည့် ခရစ်ယာန်နှစ်ခြင်းဘာသာဝင်မိသားစုမှ ပေါက်ဖွားလာသူဖြစ်၏။ သို့သော် သူ့အသက် လေးနှစ်အရွယ်တွင် ဖခင်ဖြစ်သူမှာ သူတို့သားအမိအား ကျောခိုင်းသွားသဖြင့် သူတို့မိသားစုတစ်စုလုံးမှာ ဒုက္ခရောက်ခဲ့ရ၏။ မိသားစုတစ်စုလုံး တက္ကဆက်ပြည်နယ်၊ စီးမင်စီးတီးမြို့တော်ကြီးသို့ ပြောင်းရွှေ့အခြေစိုက်ခဲ့ကြရသည်။

ဘွန်နီ အသက် ၁၆ နှစ်အရွယ်၌ တက္ကဆက်ပြည်နယ်၊ ဒါလက်(စ်)မြို့တွင်နေထိုင်သူ ရှိုင်းသွန်တန်ဆိုသူ လူငယ်တစ်ယောက်နှင့် လက်ထပ်ခဲ့သည်။ ရှိုင်းသွန်တန်ဆိုသူမှာ ဒါလက်(စ်) ဒုစရိုက်လောကတွင် နာမည်ကြီး ဖောက်ထွင်းဝိဇ္ဇာတစ်ဦးဖြစ်၏။ တစ်နေ့တွင် ဖောက်ထွင်းမှုကျူးလွန်စဉ် လူသတ်မှုပါ ကျူးလွန်ခဲ့သဖြင့် ဖမ်းဆီးခြင်းခံရသည်။ ယခင်ပြစ်ချက်ဟောင်းများ ကျူးလွန်ခဲ့သည့်အတွက် ရှိုင်းသွန်တန်မှာ ထောင်ဒဏ် ၉၉ နှစ် ပြစ်ဒဏ်ခံရသည်။ ထိုစဉ်က ဘွန်နီမှာ အသက် ၁၉ နှစ်အရွယ် လှပချောမောသူ ဖြစ်သည်သာမက သူ့ရုပ်ရည်မှာ တစ်ခါတွေ့ရုံနှင့် မမေ့နိုင်ဟု ဆိုကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ဤတွင် ကလိုက်ဒီဘာရှိနှင့် ဘွန်နီပတ်ကာတို့သည် ချစ်ရည်မျှခဲ့ကြသည်။ တစ်နေ့တွင် ကလိုက်ဒီဘာရှိသည် သူချစ်သူ ဘွန်နီနေထိုင်သည့် နေအိမ်သို့ သွားရောက်စဉ် သူ့နောက်မှ အရိပ်ပမာလိုက်နေသည့် ရဲနှင့်စုံထောက်များက ဖောက်ထွင်းမှု ခိုးမှု၊ မော်တော်ကားခိုးမှု ကျူးလွန်သူအဖြစ် ဖမ်းဆီး၍ ရာဇဝတ်တရားရုံးသို့ တရားစွဲဆိုခဲ့ကြသည်။ ပြစ်မှုများ ထင်ရှားသဖြင့် တရားရုံးက ထောင်ဒဏ်နှစ်နှစ် ချမှတ်ခဲ့သည်။

တစ်နေ့တွင်မူ ဘွန်နီပတ်ကာသည် ခြောက်လုံးပြူးသေနတ်တစ်လက်ကို အကျဉ်းထောင်အတွင်း မှောင်ခိုသွင်းပေးခဲ့ရာ ကလိုက်ဒီဘာရှိသည် အကျဉ်းထောင်မှ ထိုသေနတ်ကိုအသုံးပြု၍ ထွက်ပြေးလွတ်မြောက်သွားခဲ့၏။

ရဲနှင့်စုံထောက်တို့သည် အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်သွားသော ကလိုက်ဒီဘာရှိနောက်သို့ ပိုက်စိပ်တိုက် လိုက်ခဲ့သည်။ ဘွန်နီနှင့် ကလိုက်တို့မောင်နှံသည် နည်းလမ်းအမျိုးမျိုးနှင့် ရှောင်တိမ်းနိုင်ခဲ့ကြသည်။ ပြည်နယ်ရဲအဖွဲ့နှင့် စုံထောက်တို့ကလည်း သူတို့နှစ်ယောက်အား နောက်ယောင်ခံ၍ လိုက်ခဲ့သည်။ မော်တော်ကား၊ မီးရထား၊ လေဆိပ်များတွင် ပိတ်ဆို့၍ စုံစမ်းရှာဖွေမှုများ လုပ်ခဲ့သော်လည်း သူတို့နှစ်ဦးလုံးအား ခြေရာခံမရ ဖြစ်ခဲ့သည်။ ဘွန်နီနှင့် ကလိုက်ဒီတို့သည် နည်းလမ်းအမျိုးမျိုးနှင့် ခြေရာဖျောက်ခဲ့ကြပြီး ဒုစရိုက်လုပ်ငန်းများကို ဆက်လက်ပြုလုပ်ခဲ့သည်။ ရာဇဝတ်မှုကို ထာဝစဉ်ကျူးလွန်လိုသော ကလိုက်ဒီသည် တက္ကဆက်ပြည်နယ်၊ မီးရထားဘူတာရုံကလေး တစ်ခု၏ ရုံပိုင်ရုံးခန်းအား ပြောင်ပြောင်တင်းတင်း ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီး ရုံပိုင်အခန်းမှ ငွေများကို လုယူသွားခဲ့သည်။ ဤရာဇဝတ်မှုကျူးလွန်ခဲ့ပြီးနောက် ကလိုက်ဒီသည် တက္ကဆက်ပြည်နယ်မှ အခြားပြည်နယ်တစ်နယ်သို့ ထွက်ပြေးရန် စီစဉ်နေစဉ် ရဲသတင်းပေးသမားတစ်ဦး၏ သတင်းပေးမှုကြောင့် ရဲနှင့်စုံထောက်တို့က ကလိုက်ဒီအား ဖမ်းဆီးရမိသွားပြီး မီးရထားဘူတာရုံ ရုံးခန်းအား အနုကြမ်းစီးမှုနှင့် တရားစွဲဆိုခဲ့သည်။

ယခင်ပြစ်မှုဟောင်းများသာမက ထောင်ဖောက်ပြေးခဲ့သည့် အမှုကြောင့် ကလိုက်ဒီမှာ ထောင်ဒဏ် ၁၄ နှစ် ချမှတ်ခြင်းခံခဲ့ရသည်။ ဖောက်ထွင်းဝိဇ္ဇာ၊ ထောင်ဖောက်ဝိဇ္ဇာဟု နာမည်ကျော်လာပြီဖြစ်သော ကလိုက်ဒီအား နာမည်ဆိုးဖြင့် ကျော်ကြားနေသော တက္ကဆက်ပြည်နယ် အကျဉ်းထောင်သို့ ပို့ခဲ့သည်။ ထိုစဉ်က တက္ကဆက်ပြည်နယ်အကျဉ်းထောင်များသည် အကျဉ်းသားများ နှိပ်စက်ညှဉ်းပန်းသည့်နေရာတွင် နာမည်ဆိုးဖြင့် ကျော်ကြားသည့် ထောင်များဖြစ်၏။ ကလိုက်ဒီအား ထားရှိသော အကျဉ်းထောင်မှာမူ ထောင်သားများအား လူမဆန်စွာ နှိပ်စက်ညှဉ်းပန်းသော နေရာတွင် စံတင်လောက်သည့် အကျဉ်းထောင်တစ်ထောင်ဖြစ်သည်။ ထိုအကျဉ်းထောင်မှ ထောင်အာဏာပိုင်များကလည်း ဒုစရိုက်လောကတွင် ဟိုးဟိုးကျော်နေသော ကလိုက်ဒီအား ကျကျနန ပုံစံပေးခဲ့သည်။ လှုပ်မရအောင် အစီအစဉ်ပြုလုပ်ထားသော်လည်း ကလိုက်ဒီသည် ထောင်အတွင်းမှ လွတ်မြောက်ရေးအတွက် နည်းလမ်းအမျိုးမျိုး ရှာခဲ့သည်။ သူနှင့် အိပ်ဆောင်အတူနေ အကျဉ်းသမားတစ်ဦးအား သူ့ခြေချောင်းကလေးနှစ်ချောင်းအား ပုဆိန်ဖြင့်ခုတ်ဖြတ်ရန် ဖြားယောင်းနားချခဲ့သည်။

ထိုအကျဉ်းသမားကလည်း အကျဉ်းထောင်အမှုထမ်းများက မျက်ခြည်မပြတ် စောင့်ကြည့်နေသော ကလိုက်ဒီအား ခင်မင်သဖြင့် သူတောင်းပန်သည့်အတိုင်း ခြေချောင်းနှစ်ချောင်းကို ပုဆိန်ဖြင့် ခုတ်ခဲ့ရာမှ ကလိုက်ဒီအဖို့ အကျဉ်းထောင်ဆေးရုံသို့တက်ခဲ့ရသည်။ သူ့အား ထောင်ဆေးရုံတွင် ယခင်ကကဲ့သို့ လုံခြုံရေးတင်းကျပ်ထားခြင်းမရှိခဲ့။ ဤသို့ဖြင့် သူ့အား အကျဉ်းထောင်မှ လွတ်မြောက်ခွင့် ရခဲ့ပြန်သည်။ သူသည် သူ့ဇနီး ဘွန်နီရှိရာသို့ ပြန်လာခဲ့သည်။ မက်ဆက်ကျူးဆက်ပြည်နယ်တွင် ကောင်းရောင်းကောင်းဝယ်နှင့် အသက်မွေးရန် ကြိုးစားကြည့်သော်လည်း ကလိုက်ဒီအဖို့ မအောင်မြင်



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်၍ ကလိုက်ဒီသည် အမှောင်ရိပ်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ရသည်။

ဖောက်ထွင်းမှု၊ ခိုးမှု၊ လုယက်မှုများကို ဆက်လက်ကျူးလွန်ခဲ့၏။ သူတို့ဇနီးမောင်နှံအား ဒုစရိုက်လောကမှ မိတ်ဆွေတစ်ဦးဖြစ်သော ရေဟယ်မိလတန်ဆိုသူက အခြားမြေအောက်လောကမှ နာမည်ကြီး လူဆိုးနှစ်ဦးနှင့် ဆက်သွယ်ပေးခဲ့ရာမှ ဘွန်နီနှင့် ကလိုက်ဒီတို့ ဂိုဏ်းသည် အတော်အသင့် အင်အားကြီးမားလာခဲ့သည်။ ၁၉၃၂ ခုနှစ်၊ ဧပြီလအတွင်းမှာပင် ကလိုက်ဒီဘာရိုသည် တက္ကဆက်ပြည်နယ်၊ ဟီး(လ်)ဘိုရိုမြို့မှ ရတနာကုန်သည်တစ်ဦးအား သေနတ်ဖြင့် အသေပစ်သတ်၍ ဒေါ်လာ ၄၀ ကို လုယက်ယူသွားခဲ့သဖြင့် ကလိုက်ဒီဂိုဏ်းအဖို့ နာမည်ကျော်လာသည်။ ဒုစရိုက်လောကတွင် သူတို့ဂိုဏ်းအား ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရသည့် ဖြစ်စဉ်တစ်ခု ဖြစ်ခဲ့သည်။ ထိုဖြစ်စဉ်မှာ တက္ကဆက်ပြည်နယ် မြို့တလေးတစ်မြို့မှ အုပ်ချုပ်ရေးမှူးတစ်ဦးအား ကပွဲခန်းမဆောင်တစ်ခု၏ အပြင်ဘက်တွင် အကြောင်းမဲ့ သေနတ်ဖြင့်ပစ်သတ်ခဲ့သဖြင့် နာမည်ကျော်သွားသည်။ ထိုစဉ်က တက္ကဆက်ပြည်နယ်မှ ၈ ဘ်ဝေသော ဒေသခံသတင်းစာများတွင် ဘွန်နီနှင့် ကလိုက်ဒီတို့ ဂိုဏ်း၏ ရက်စက်မှုတို မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြပေးခဲ့သဖြင့် သူတို့ဂိုဏ်းမှာ ဟိုးဟိုးကျော်ခဲ့ရတော့၏။ ဒုစရိုက်လောကမှ ရဲသတင်းပေးများမှာလည်း သူတို့ဂိုဏ်းအား ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ခဲ့ကြရသည်။

တက္ကဆက်ပြည်နယ် ရဲအဖွဲ့နှင့် စုံထောက်တို့သည် သူတို့ဂိုဏ်းအား ဖမ်းဆီးနိုင်ရေးအတွက် အခြားပြည်နယ်ရဲအဖွဲ့ဝင်များအား အကူအညီတောင်းခံရသည်အထိ အခြေအနေရောက်လာ၏။ တစ်ရက်တွင် ဘွန်နီနှင့် ကလိုက်ဒီတို့အဖွဲ့သည် တက္ကဆက်ပြည်နယ်၊ ဂရင်ပယ်ရီမြို့ရှိ ဓာတ်ဆီအရောင်းဆိုင်အား ဖောက်ထွင်းဝင်ရောက်ခဲ့ပြီး ဒေါ်လာငွေ ၃၅၀၀ ကို ယူသွားခဲ့သည်။ ဘွန်နီနှင့် ကလိုက်ဒီတို့ဂိုဏ်း၏ သတင်းမှာ အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော သတင်းစာကြီးများ၏ မျက်နှာဖုံးသတင်း ဖြစ်ခဲ့ရသည်။ ရက်စက်ရာတွင် ကမ်းကုန်သည့်ဂိုဏ်းဟု အများက သတ်မှတ်ခဲ့သည်။ သူတို့ဂိုဏ်းသည် သာမန်အမှုအသေးအဖွဲများမှအစ လူသတ်မှုအထိ ရက်ရက်စက်စက် ကျူးလွန်ခဲ့ကြသည်။ ဘွန်နီမှာ အမျိုးသမီးဖြစ်သော်လည်း လူသတ်မှုများကို သွေးအေးအေးဖြင့် ကျူးလွန်ခဲ့၏။

၁၉၃၃ ခုနှစ်တွင်မူ ဘွန်နီနှင့် ကလိုက်ဒီတို့ဂိုဏ်းအား ကလိုက်ဒီ၏ ညီဖြစ်သူ ဘတ်(စ်)နှင့်အဖွဲ့က လာရောက်ပူးပေါင်းသဖြင့် ဟိုးဟိုးကျော်ခဲ့ပြန်သည်။ လူသတ်မှု၊ လုယက်မှု၊ ခါးပြမှုများ ဆက်တိုက်ကျူးလွန်ခဲ့ကြပြန်သည်။ တစ်နေ့တွင် သူတို့ဂိုဏ်း ခိုအောင်းနေသော တိုက်ခန်းအား မှုခင်းတပ်ဖွဲ့ဝင်များက စီးနင်းဝင်ရောက်ခဲ့ကြသည်။ ကလိုက်ဒီတို့အဖွဲ့ကလည်း ပြန်လည်ခုခံ ပစ်ခတ်သဖြင့် ရဲသားနှစ်ဦး ကျဆုံးခဲ့ရ၏။

ဘွန်နီနှင့် ကလိုက်ဒီဂိုဏ်းနောက်သို့ ရဲနှင့်စုံထောက်တို့သည် ခြေရာခံလိုက်ခဲ့ရာ အခြားဂိုဏ်းဝင်များကို ဖမ်းဆီးရမိသွားခဲ့သော်လည်း ဘွန်နီနှင့် ကလိုက်ဒီတို့မှာ လွတ်မြောက်သွားခဲ့ပြန်သည်။


ဤသို့ ရှောင်တိမ်းပြေးလွှားနေစဉ် ၁၉၃၃ ခု၊ မေလ ၂၃ ရက်နေ့၌ ဘွန်နီနှင့် ကလိုက်ဒီတို့ မောင်းနှင်လာသော ဖို့(ဒ်)ဗွီ(၈)ဆီဒင် မော်တော်ကားအား ရဲအဖွဲ့ဝင်များက ဟန့်တားပစ်ခတ်ခဲ့ကြသည်။ သူတို့နှစ်ယောက်စလုံး ကျဆုံးခဲ့ရ၏။ ဤမျှ ရက်စက်မှုကမ်းကုန်သည့် ဇနီးမောင်နှံ၏ ဈာပနအား ဒါလက်(စ်)မြို့သားများက အုန်းအုန်းကျွက်ကျွက် ပို့ဆောင်ခဲ့ကြသည်သာမက သူတို့နှစ်ဦး၏ ခေါင်းနှစ်လုံးပေါ်တွင် လွှမ်းသူ့ပန်းခွေပေါင်း လက်ဆစ်ချိုးရေတွက်မရအောင် ချခဲ့ကြသည်ဟု ဆိုကြပါကြောင်း . . .။

လှမိုး(ပညာရေး)

ကျမ်းကိုး

Partners in Crime
By A. Hall

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ဂြိုဟ်ဆိုး သို့မဟုတ် ဘနက်ထည်

ဝင်းဩော်(ရမည်းသင်း)

"ဒုတ်…"

"အင့်…"

"ဒုတ်··ဒုတ်··ဒုတ်··ဖုန်း··ဒိုင်း"

"အား…အား…အင့်…အင့် ဖောင်း"

"ဆရာကင်းမှူးရေ…လုပ်ပါဦး၊ ချကုန်ပြီ…ချကုန်ပြီ"

အချုပ်ခန်းတွင်းက အော်သံကြောင့် ကင်းမှူးသည် ချက်ချင်းပင် ကင်းရဲဘော်နှစ်ဦးနှင့်အတူ အချုပ်ခန်းတံခါးဝသို့ ရောက်လာသည်။

"ဟေ့ကောင်…ဂြိုဟ်ဆိုး၊ မနေ့ကပဲ ငါပြောဆိုဆုံးမထားတယ်။ ခုလုပ်ပြန်ပြီလား။ မင်းဆိုတဲ့ကောင် ထောင်ရောက်ရင်လည်း တိုက်ပိတ်ခံရမယ့်ကောင်။ မင်းရဲ့ သောက်သုံးမကျတဲ့ အပြုအမူ၊ အကျင့်ဆိုး စရိုက်ဆိုးတွေကြောင့် အချုပ်ခန်းတွေ၊ ထောင်တွေဟာ မင့်အိမ်မင့်ရဲ့ ခိုနားရာနေရာတွေ ဖြစ်နေမှာပဲ။ တို့စခန်းမှာတော့ မင်းလုပ်ချင်တာလုပ်လို့မရဘူး ကိုယ့်လူ"

ကင်းမှူးရဲတပ်ကြပ် တင်အောင်သည် ဂြိုဟ်ဆိုး(ခေါ်)သိန်းဟန်ဆိုသော အချုပ်သား၏ ပြစ်မှုမှတ်တမ်းအရ ပုဒ်မအမျိုးမျိုးနှင့် ထောင်သုံးကြိမ်တိုင်တိုင် ကျခံဖူးသည်ကို သိထားသဖြင့် တစ်သက်လုံး အချုပ်ထောင်များနှင့် ကင်းမယ့်သူမဟုတ်ဘူးဟု ပြောဆိုလိုက်ခြင်း ဖြစ်ပါသည်။

"မနေ့ကပဲ မင့်ကို ငါ့အိတ်ထဲက စိုက်ပြီး ပေါင်မုန့်နဲ့ လက်ဖက်ရည် ဝယ်တိုက်တယ်။ တို့အချုပ်ခန်းမှာ ပြဿနာမရှာနဲ့လို့လည်း သတိပေးထားတယ်။ ဒီကြားထဲ မင်းက ပြဿနာရှာဖြစ်အောင် ရှာတယ်။ တောက်…တွေ့ကြသေးတာပေါ့ကွာ။ အရေးယူလို့ရတဲ့ ပုဒ်မအားလုံးတပ်ပြီး ငါကိုယ်တိုင် တရားလိုလုပ် အမှုဖွင့်မယ်"

အချုပ်ခန်းအတွင်းက အချုပ်သားတစ်ယောက်၏ အော်ဟစ်သံကြားသဖြင့် ကင်းမှူးတပ်ကြပ် တင်အောင်သည် ဂြိုဟ်ဆိုး ပြဿနာရှာပြီဟု တစ်ထစ်ချတွက်၍ အရန်ကင်းရဲဘော်နှစ်ဦးနှင့်အတူ ပါးစပ်က ဗျစ်တောက်ဗျစ်တောက် ပြောကာ အချုပ်ခန်းတံခါးဝသို့ ရောက်လာသည်။ အချုပ်သားတရားခံတို့သည် အမြဲတစေ လွတ်မြောက်ဖို့ ကြံဆနေသူ၊ ကြံစည်နေသူများ ဖြစ်တာကို ကင်းမှူးတင်အောင် သိပါသည်။ ဒီကြားထဲ အချုပ်ထဲတွင် ဂြိုဟ်ဆိုးဆိုတဲ့ ပြဿနာကောင်က ရှိနေသည်ဖြစ်ရာ ပိုလို့ပင် ဂရုစိုက်ရမည်မို့ အရန်ကင်းရဲဘော် နှစ်ဦးပါခေါ်၍ အချုပ်ခန်းတံခါးဝသို့ ရောက်လာခြင်းဖြစ်ပါသည်။

"ဟေ့ကောင် ဂြိုဟ်ဆိုး၊ မင်း ဘာပြဿနာရှာ…ရှာ"

ကင်းမှူးတင်အောင် ပြောရင်းပြောရင်း ဘာဆက်ပြောရမှန်းမသိ နှုတ်ဆိတ်သွားသည်။ အကြောင်းကတော့ ဂြိုဟ်ဆိုး (ခေါ်) သိန်းဟန် ဆိုသည့် အချုပ်သားသည် တစ်မျက်နှာလုံး သွေးချင်းချင်းနီရဲကာ အချုပ်ခန်းကြမ်းပြင်တွင် ပက်လက်လဲလျက် သတိမရတစ်ချက်၊ ရတစ်ချက် ဖြစ်နေတာကို မြင်လိုက်ခြင်းကြောင့် ဖြစ်ပါသည်။

"ဟ··ဟ…ဟေ့ကောင်တွေ၊ ဒါဘယ်လိုဖြစ်ကြတာလဲ"

"ကျွန်တော် သည်းမခံနိုင်လို့ ဆုံးမလိုက်တာပါ"

"ဘာ…မင်းက ဂြိုဟ်ဆိုးကို ဆုံးမလိုက်တာ ဟုတ်လား"

ကင်းမှူးရဲတပ်ကြပ် တင်အောင်သည် မယုံကြည်နိုင်သည့်အလား ဩဘာကို စူးစူးရဲရဲကြည့်ကာ

"ရဲဘော်တို့၊ အချုပ်ခန်းထဲမှာ သစ်သားတုတ်၊ သံတုတ်၊ အသက်အန္တရာယ်ဖြစ်စေနိုင်တဲ့ လက်နက်တုတ်မား ရှိမရှိ ရှာကြစမ်းကွာ"

အချုပ်ခန်းက နဂိုကပင် မြင်သာထင်သာ ရှင်းရှင်းလင်းလင်းမို့ ရဲဘော်များထံမှ ဘာမှမတွေ့ကြောင်း ချက်

www.burmeseclassic.com

ချင်းအဖြေထွက်ပါသည်။ နံနက်စော စောပိုင်းကလည်း သူကိုယ်တိုင် စစ်ဆေးရှာဖွေထားပြီး အန္တရာယ်ရှိမယ့် မှတ်တမ်းရေးသွင်းထားပြီးကြောင်း သတိရမိသည်။ ဩဘာလို သာမန်လူဖလံလေးတစ်ယောက်က ကျွဲပေါက်တစ်ကောင်ကဲ့သို့ ခွန်အားဗလနဲ့ ပြည့်စုံသော ဂြိုဟ်ဆိုး(ခေါ်)သိန်းဟန်ဆိုတဲ့ အချုပ်သားကို အချုပ်ခန်းကြမ်းပြင်ပေါ်သို့ မရှုမလှ လဲကျကာ သွေးသံရဲရဲဖြစ်စေတာ ဘာကြောင့်လဲ၊ ဘာကြောင့်လဲ တွေးမရ ဖြစ်နေမိသည်။

တကယ်တော့ ကင်းမှူးရဲတပ်ကြပ်တင်အောင် အံ့ဩမည်ဆိုပါက အံ့ဩစရာ၊ မယုံကြည်နိုင်စရာပင်။ အကြောင်းမှာ ဂြိုဟ်ဆိုး(ခေါ်)သိန်းဟန်သည် ခေတ်ဟောင်းက ရုပ်ရှင်များတွင် ပါဝင်သော လူကြမ်းသရုပ်ဆောင် သိန်းဟန်ကြီး၏ မျက်နှာပေါက်နှင့် ဆင်တူပြီး ကိုယ်လုံးကိုယ်ထည်မှာ နိုင်ငံကျော် မြန်မာ့လက်ဝှေ့သမား ရွှေရှုဝံ၏ ကိုယ်လုံးကိုယ်ထည်မျိုးမို့ ဩဘာလို ကောင်လေးက သူ့ကို အချုပ်ခန်းကြမ်းပြင်ပေါ် သွေးသံရဲရဲနဲ့ လှဲသိပ်ခဲ့တယ်ဆိုတာ နားရှိလို့သာကြားရတယ် ဘယ်လိုတယ် အကြောင်းနဲ့မှ မယုံကြည်နိုင်ဖြစ်နေရသည်။ တကယ်တော့ ဩဘာသည် ဂြိုဟ်ဆိုး(ခေါ်)သိန်းဟန်အား အလစ်အငိုက်တွင် သေစေနိုင်လောက်တဲ့ တုတ်ဓားလက်နက် တစ်ခုခုဖြင့် တိုက်ခိုက်၍သာ ဂြိုဟ်ဆိုးခံလိုက်သည်ဟု သံသယဝင်နေဆဲ ဖြစ်ပါသည်။

အချင်းဖြစ်ချိန်က စခန်းအချုပ်ထဲတွင် ခိုးမှုတရားခံ သံချောင်းမသက်ာတရားခံဩဘာ လုယက်မှုတရားခံ ဂြိုဟ်ဆိုး(ခေါ်)သိန်းဟန်ကို ဘယ်သူမှ မယှဉ်သာ။ ကုန်ကုန်ပြောရလျှင် သံချောင်းနဲ့ ဩဘာတို့လို လူငယ် လူဖလံလေးများအဖို့ ယှဉ်ဖို့နေနေသာသာ ဂြိုဟ်ဆိုးအား ဝံ့ဝံ့စားစား ပြန်လှန်ကြည့်ရဲလိမ့်မည်မထင်ပါ။

"ကင်းမှူး ဒဏ်ရာရနေတဲ့ အချုပ်သားကို ထုံးစံအတိုင်း ရဲဆေးစာနဲ့ ဆေးရုံပို့ပြီး ဆေးစစ်ချက်ခံယူပါ။ တာဝန်မှူးဆရာစက်မြွားက ဒီနေ့ အချင်းဖြစ်ကိစ္စကို ကျန်အချုပ်သားနှစ်ယောက်ဖြစ်တဲ့ သံချောင်းနဲ့ ဩဘာကို စစ်ဆေးချက်ယူပါ။ ဂြိုဟ်ဆိုးကိုတော့ ဆေးစစ်ခံရာက ပြန်လာတော့ ဆက်စစ်ပြီး ကိုယ့်ဆီတင်ပြပါ"

စခန်းမှူး ဗိုလ်ဝင်းသည် အချင်းဖြစ်ကိစ္စနှင့် ပတ်သက်ပြီး ဆောင်ရွက်ရမည့်ကိစ္စများကို သက်ဆိုင်သူများအား တာဝန်ပေးဆောင်ရွက်စေပြီး တရားစွဲတင်ရမယ့် အမှုတွဲများ ဆက်ဆက်စိစစ် လက်မှတ်ရေးထိုးရန် သူ့ရုံးခန်းအတွင်း ဝင်သွားသလို ကင်းမှူးရဲတပ်ကြပ်တင်အောင်နှင့် တာဝန်မှူး ဒုရဲအုပ်(စခန်းမှူး) စက်မြွားတို့သည်လည်း ၎င်းတို့တာဝန်များကို ဆက်လက်ဆောင်ရွက်ကြသည်။

* * *

"ဩဘာရေ၊ စခန်းမှူးညွှန်ကြားသွားတာ မင်းကြားတယ်မို့လား။ စောစောက စခန်းအချုပ် ၌င်းမှာ ဂြိုဟ်ဆိုး(ခေါ်) သိန်းဟန်နဲ့ မင်းတို့အချင်းများတဲ့ကိစ္စ ငါစစ်ချက်ယူရမယ်။ အမှုစစ်စားပွဲမှာ လာထိုင်ကွာ။ ပြောကြဆိုကြရအောင်"

အမည် - ဩဘာ၊ အသက် - ၁၉ နှစ်၊ အဘအမည် - ဦးပေါ်လာ၊ အမိအမည် - ဒေါ်မြညွှာ၊ လိပ်စာ - အမှတ်(-)၊ နီလာလမ်းသွယ်(--) သာကေတ။

"ငါတို့စခန်းအချုပ်ထဲကို မင်း ဘယ်နေ့က ဘာမှုနဲ့ ရောက်လာခဲ့တာလဲဟင်"

"မသင်္ကာမှုနဲ့ မနေ့က ညနေ ၆ နာရီလောက်က ရောက်ခဲ့တာပါ"

"မသင်္ကာမှုအမျိုးမျိုးရှိတယ်။ မင်းအမှုက ဘာမသင်္ကာ မှုလဲကွ"

"ပုဒ်မ-၃၇၉/၅၄ ခါးပိုက်နှိုက်မှု၊ မသင်္ကာမှုပါဆရာ"

"မင်းက ဘယ်နေရာမှာ ခါးပိုက်နှိုက်မှုကျူးလွန်ခဲ့တာလဲ ဩဘာ"

"လုံးဝ မကျူးလွန်ခဲ့ပါဘူးဆရာ"

"မကျူးလွန်ဘဲနဲ့ ဘယ်လိုလုပ် အချုပ်ထဲ ရောက်လာတာလဲကွ"

"မနေ့က ညနေ ၄ နာရီခွဲ မြို့ပတ်ရထားနဲ့ ကျွန်တော် ရန်ကုန်ဘူတာကြီးက ပုဇွန်တောင်ဘူတာကို ရထားစီးခဲ့ပါတယ် သာကေတပြန်ရင် ပုဇွန်တောင်ဘူတာကထွက်ပြီး တောင်လုံးပြန်ကားဂိတ်မှာကားစီးမယ်ဆို သာကေတမှာရှိတဲ့ ကျွန်တော့်အိမ်ရှေ့တည့်တည့် ရောက်ပါတယ်။ ဒါ့ကြောင့် မြို့ပတ်ရထားနဲ့ ပြန်လာတာပါ။ ပုဇွန်တောင်ဘူတာထဲ ရထားဝင်တော့ ခါးပိုက်နှိုက်…ခါးပိုက်နှိုက်ဆိုတဲ့ အော်သံတွေကြားပြီး မရှေးမနှောင်းမှာပဲ လူငယ်နှစ်ယောက် မြို့ပတ်ရထားပေါ်က ခုန်ဆင်းပေးသွားတာ တွေ့တယ်။ အဲဒီအချိန်က ဆရာတို့ရဲစခန်းက ဆရာတွေ ဘူတာမှာ လှည့်ကင်းဆောင်ရွက် နေတာနဲ့ ပက်ပင်းတိုးပြီး သူတို့ကိုမိ



www.burmeseclassic.com

www.burmeseclassic.com

သွားတယ်။ ကျွန်တော်လည်း အိမ်ဆောက်ဖို့ ဆန္ဒစောနေလို့ သူတို့နောက်က ကပ်ပြီး ရထားပေါ်က ခုန်ဆင်းမိလိုက်တော့ လှည့်ကင်းရဲတွေက ကျွန်တော့်ကိုပါ ဆွဲစေ့လိုက်တာပါ"

"မင်းက လှည့်ကင်းအဖွဲ့ခေါင်းဆောင်ကို ရှင်းမပြဘူးလား"

"ရှင်းပြပါတယ် ဆရာ"

"အဲဒီတော့ လှည့်ကင်းအဖွဲ့ခေါင်းဆောင်က ဘာပြောလဲဟင်"

မင့်ရထားလက်မှတ် ပြစမ်းလို့ ပြောပါတယ်။ ကျွန်တော်တို့က မြို့ပတ်ရထားဆို လက်မှတ်မှ ဝယ်မစီးတာ။ ဘယ်လိုလုပ် ရထားလက်မှတ် ပြနိုင်မှာလဲဆရာ။ ဒါကြောင့် စခန်းရောက်မှ ရှင်းလို့ပြောပြီး ခေါ်လာခဲ့တာပါ"

(၁၉၇၉ ခုနှစ်လောက်မှ ၂၀၁၃ ခုနှစ်လောက်အထိ မြို့ပတ်ရထားစီး ခရီးသွားများ လက်မှတ်ဝယ်စီးမှု အလွန်အားနည်းကြပါသည်။ လက်မှတ်ခမှာ ယနေ့လက်ရှိ လက်မှတ်ခနှင့် နှိုင်းယှဉ်လျှင် အလွန်နည်းပါသည်။)

"ဟုတ်ပြီ။ မင်းအဖမ်းခံရတာ ဘာမှတန်ကြေးမရှိတဲ့ မြို့ပတ်ရထားလက်မှတ်ကလေးကိုတောင် ဝယ်မစီးဘဲ ခိုးစီးတဲ့မင်းဟာ ခါးမှုလည်း ကျူးလွန်နိုင်တယ်လို့ တွေးပြီး ဖမ်းခဲ့တာဖြစ်မယ်ကွ။ ဒါနဲ့ ဒီမနက်မှာ မင့်ကိစ္စကို ဘယ်လိုဆက်ရှင်းပေးလဲ"

"ညက ကျွန်တော်နဲ့ပတ်သက်ပြီး ဖြစ်ချက်ဟောင်း ရှိမရှိ စုံစမ်းတယ်။ သာကေတစခန်းမှာလည်း မရှိသလို၊ ဒီစခန်းနဲ့ အခြားဆက်စပ်စခန်းတွေမှာလည်း မရှိဘူး။ ဒါကြောင့် ကျင့်-၁၆၉ နဲ့ လွှတ်ခွင့်တောင်းခံပေးမယ်ဆိုပြီး ကျွန်တော်နဲ့ ဂြိုဟ်ဆိုး အချင်းမဖြစ်ခင်လေးတင် ဂါတ်စာရေးကြီးက တရားသူကြီးထံ လက်မှတ်ထိုးဖို့ တင်ပြထားပါတယ်။ တရားသူကြီး လက်မှတ်ထိုးပြီးတာနဲ့ ကျွန်တော်အချုပ်ကလွတ်တော့မှာမို့ ကျွန်တော် အေးအေးဆေးဆေး စောင့်နေတာ ဂြိုဟ်ဆိုးဆိုတဲ့လူ ကျွန်တော့်ကို အနိုင်ကျင့်တယ်ဆရာ။ ကျွန်တော့်တစ်ယောက်တည်းကို အနိုင်ကျင့်တာမဟုတ်ဘူး။ အားလုံးကို အနိုင်ကျင့်တာ။ မနေ့ညက အချုပ်ထဲမှာ ဖဲလောင်းကစားမှုက ငါးယောက်၊ ခါးပိုက်နှိုက်နှစ်ယောက်နဲ့ ကျွန်တော်တို့သုံးယောက် ပေါင်းဆယ်ယောက်ရှိတယ်။ ဒီမနက်မှ ခါးပိုက်နှိုက်နဲ့ လောင်းကစားတရားခံတွေကို ရုံးထုတ်လို့ ကျွန်တော်တို့သာ ကျန်တာ"

"ဒါနဲ့ ဂြိုဟ်ဆိုးက မင်းတို့ကို ဘယ်လိုအနိုင်ကျင့်တာလဲ ညြဘာ"

"ကျွန်တော့်ကို မင်းကဘာမှုနဲ့ အချုပ်ထဲရောက်လာတာလဲလို့ မေးတယ်။ ကျွန်တော်က ပုဇွန်တောင်ဘူတာမှာ ရဲ ခါးပိုက်နှိုက်သမားတွေ ဖမ်းရင်း ကျွန်တော်ပါ ရောပြီးအဖမ်းခံရတာလို့ ပြောတော့ မလောက်လေး မလောက်စားနဲ့ ယောင်တောင်တောင်ကြောင်တောင်တောင်ကောင်ပဲ၊ ပြစ်မှုတကယ်မကျူးလွန်ရင် ရှင်းပြနိုင်ရမယ်၊ အချုပ်ထဲအသွင်းခံရတယ်ဆိုတော့ မင်းက သောက်အပဲဆိုပြီး ဖျောင်းခနဲ ဇက်ပိုးကို ရိုက်လိုက်တာ အောင့်သက်သက်ခံလိုက်ရတယ်။ မနေ့ညကလည်း သုံးခါ အကန်ခံရတယ်"

"ဟာ…ဒီကောင်က ဘာကြောင့်ကန်တာလဲ"

"သူနား ခြင်တဝီဝီနဲ့ ဝဲလို့တဲ့ ဆရာ"

"သူ့ကို ခြင်ကိုက်တာ၊ ခြင်တဝီဝီ ဝဲတာ မင်းနဲ့ ဘာဆိုင်လဲ"

"ဒီလိုဆရာရေ။ ည ၈ နာရီလောက်မှာ သူ့ကို ခါးပိုက်နှိုက်မှုနဲ့ ဝင်လာတဲ့ နှစ်ယောက်က နင်းပေး၊ နှိပ်ပေး၊ ချေးဖွဲ့ပေးရတယ်။ ခိုးမှုတရားခံ သုံးချောင်းနဲ့ ကျွန်တော်က အလှည့်ကျ ခြင်မကိုက်အောင် ပုဆိုးပိုင်းနဲ့ ယပ်ခတ်ပေးရတယ်။ ကျွန်တော့်အလှည့်မှာ ခြင်က နားရွက်အနီး ဝီခနဲအော်ပြီး ဖြတ်ကိုက်သွားတာ သူခံလိုက်ရလို့ တစ်ကြိမ်၊ သူလှဲအိပ်နေရင်း ခြေသလုံးနဲ့ သူ့လက်ကို ခြင်က နှစ်ကြိမ်ကိုက်တယ်ဆိုပြီး ကန်တာက နှစ်ကြိမ်။ ကျွန်တော် ဒီတစ်ညလေးအတွင်းမှာပဲ သုံးကြိမ်တောင် အကန်ခံလိုက်ရတယ်"

"ဒီကောင် အနိုင်ကျင့်တာကို တာဝန်မှူး၊ တာဝန်ကြပ် ကင်းမှူးတွေကို မတိုင်ဘူးလား။ တာဝန်ကျဆရာတွေက မသိဘူးလား"

"ဒီကောင်က ကျိတ်လုပ်တာ ဘယ်သိမလဲ။ တိုင်တော့ကော တာဝန်မှူး၊ တာဝန်ကျပ် ကင်းမှူးတွေက အခါမလပ် ဘယ်လိုလုပ် အနီးကပ် စောင့်ကြပ်ပေးနိုင်မှာလဲ ဆရာ"

ဟုတ်တော့လည်း ဟုတ်ပါသည်။ တစ်နေ့တာ တာဝန်ကျသော တာဝန်မှူး၊ တာဝန်ကြပ်ကင်းမှူးဆိုသူတို့၏ ဂျင်ခြေလည်အောင် များလှပါသည်။

"ဟိုဖဲသမားတွေကိုကော ဂြိုဟ်ဆိုးက မင်းတို့လိုပဲ အနိုင်ကျင့်သလား"

"ကိုယ်ထိလက်ရောက်တော့ မလုပ်ဘူး။ အဲဒီ ဖဲသမားဦးလေးတွေ

www.burmeseclassic.com

က သူ့ကို ဒံပေါက်တို့၊ လက်ဖက်ရည်တို့၊ စီးကရက်တို့ တိုက်တယ်၊ ကျွေးတယ်လေ။ ဒါတောင် သူအိပ်နေတဲ့အချိန် စကားပြောမိရင် ဘယ်ကောင်လဲ စကားပြောနေတာ၊ ပါးပိတ်ရိုက်လို့ရှိတဲ့သွားအားလုံး ကျွတ်ထွက်သွားမယ်၊ ဘာသံမှ မကြားချင်ဘူး။ တိတ်လို့ သတိပေးတာ ဖဲသမား ဒံပေါက်အလှူဒကာ ဦးလေးကြီးတွေလည်း ငြိမ်ကုပ်သွားတာပဲ။ ဦးလေးကြီးတွေက ဝါသနာပါလို့ ဖဲမကိုင်ရမနေနိုင်လို့ ဖဲကစားမိပြီး အထဲဝင်လာရပေမယ့် သူ့လို ဒုစရိုက်ကောင်မဟုတ်တော့ တုတ်တုတ်ခဲခဲ၊ ကြွဲကြွဲနိုင်နိုင် သူ့လို ဒုစရိုက်ကောင်ကို ဘယ်ယှဉ်ဝံ့မှာလဲ ဆရာရယ်။ သူ့ကို စောဒကတက်မိရင် အတိုင်းအဆမရှိ ခံရနိုင်တယ်မို့လား"

"အေး...ဟုတ်တယ်၊ မင်းပြောတာ သဘာဝကျတယ်။ ဒါနဲ့ မင်းနဲ့သူ ဘယ်လိုဘယ်လိုကစပြီး ပြဿနာဖြစ်တာလဲ ပြောပြပါဦး"

"ဒီနေ့ မနက်မှာ ခါးပိုက်နှိုက်နှစ်ယောက်ကို ရီမန်ယူဖို့နဲ့ ဖဲသမား ဦးလေးကြီးတွေကို တရားရုံးစွဲတင်ဖို့အတွက် ဂိတ်စာရေးကြီးနဲ့အဖွဲ့က ရုံးထုတ်သွားပါတယ်။ အဲဒီအချိန်က အမှုနဲ့ပတ်သက်ပြီး စိစစ်ပြီးတဲ့ကျွန်တော်က အမှုဖွင့်အရေးယူဖို့ မလိုတဲ့အတွက် ဂိတ်စာရေးကြီးက ပြန်လွှတ်ပေးမယ်၊ ခဏစောင့်ဆိုလို့ အချုပ်ခန်းတွင်းမှာပဲ ကျွန်တော်အေးအေးဆေးဆေး ထိုင်စောင့်နေပါတယ်" (၁၉၇၀ ခုနှစ်က လောင်းကစားမှုကို နေ့ချင်းစွဲတင်ရပြီး ဒဏ်ငွေသာ အပြစ်ပေးလေ့ရှိသည်။)

"အဲဒီတော့..."

"ဒီလိုပါဆရာ..."

"ဟော့ကောင် ငကြောင်၊ အချုပ်ထဲ တစ်ညတည်းအိပ်ရပြီး ပြန်ထွက်ရတော့ ဝမ်းသာနေတယ်ပေါ့။ ထစမ်း၊ ထစမ်း"

"အစ်ကိုကလည်း ပြောစရာရှိ ပြောရသားနဲ့၊ ဘာလို့ထရမှာလဲဗျာ"

"တောက်...ခွေးသား၊ ငါ--မသား။ မျက်နှာတစ်ခုလုံး ပတ်တီးစည်းပြီး အပြင်ထွက်ချင်တယ်ထင်တယ်။ ထွီ...ထဆိုထစမ်း၊ သေသွားချင်သလား"

"ဟာ...အစ်ကို၊ ကျွန်တော် ကျွန်တော်ဘာပြောမိလို့ ကျွန်တော့် အဖေ၊ အမေကို ဆဲတာလဲ"

"သောက်စကားမရှည်နဲ့၊ ရော့ ဒီပုဆိုးနဲ့ အင်္ကျီ ဝတ်သွား။ မင်းဝတ်ထားတဲ့ အဝတ်အစားတွေချွတ်၊ မင်း ဖိနပ်လည်းထားခဲ့"

"ခင်ဗျားရဲ့ စုတ်ပြတ်နံစော်နေတဲ့ အဝတ်တွေလည်း ကျုပ်မဝတ်ဘူး။ ကျုပ်အင်္ကျီ လုံချည်တွေလည်း မထားခဲ့ဘူး"

"ဒီကောင် သေချင်တယ်နဲ့တူတယ်"

"စမ်းကြည့်လေ"

"ခွေးသား၊ သေပေတော့"

"ဒုတ်..."

"အင့်..."

"ဒိုင်း..."

"ဖောင်း..."

"သူ ကျွန်တော့်ကို ကန်တယ်၊ ထိုးတယ်။ တစ်ချက်မှ ကျွန်တော်မထိအောင် ရှောင်တယ်။ သူလှုပ်ရှားတိုက်ခိုက်ရလို့ တော်တော်မောလောက်ချိန် ရောက်မှ ကျွန်တော့်ရဲ့ ပွဲသိမ်းတိုက်ကွက် လက်သီး၊ လက်ဝါးစောင်းတွေနဲ့ ပညာပေးလိုက်တာ သူ့မျက်နှာ သွေးခြင်းခြင်းနီသွားတယ်။ လုပ်လိုက်ပြီးတော့လည်း ကျွန်တော်စိတ်မကောင်းဘူးဆရာ"

"ဟော့...သံချောင်း။ အချင်းဖြစ်ချိန်က မင်းတစ်ယောက်ပဲ အနားမှာ ရှိတာဆိုတော့ မင့်ပဲမေးရဦးမယ်။ ခု ဩဘာပြောသွားတာ မှန်သလားကွ"

"ဟုတ်ကဲ့၊ အမှန်တွေပါဆရာ။ ဂြိုဟ်ဆိုးနဲ့ ကျွန်တော်တို့က အထဲမှာ ပြန်တွေ့နိုင်တဲ့အခြေအနေရှိလို့ သူ့ရှေ့မှာတော့ မမေးပါနဲ့ဆရာ။ ကျွန်တော် အမှန်အတိုင်း မဖြေရဲဘူး"

"အေး...သဘောပေါက်ပါတယ်ကွာ"

တာဝန်မှူးလည်းဖြစ်၊ အမှုစစ်လည်းဖြစ်တဲ့ ဒုရဲအုပ်(စခန်းမှူး) စက်မြွားသည် ပင်ကိုကပင် အေးဆေးတည်ငြိမ်သော အရာရှိတစ်ဦးဖြစ်၍ တရားခံ သံချောင်း စိတ်သက်သာရာ ရစေရန် အလိုက်သင့် အဖြေပေးလိုက်သည်။

"ဒါနဲ့ ဩဘာ၊ မင်းက ကိုယ်ခံပညာ တတ်သလား"

"ဟုတ်ကဲ့၊ ခါးပတ်နက် ကရာတေးသမားပါ။ ကျွန်တော့်ကလပ်ကတော့ (----)ပဲ။ အဲဒီကလပ်မှာ အဖေကိုယ်တိုင် ဥက္ကဋ္ဌဖြစ်သလို၊ နည်းပြချုပ်လည်း ဖြစ်ပါတယ်။ ဒီနေ့ဖြစ်တဲ့ကိစ္စ အဖေသိရင် ကျွန်တော်အဆူးခံရတော့မှာပဲ။ အဖေ့ရဲ့ လက်ဝါးစောင်းက တစ်ချက်ဆို ဆိုသလောက် ကျောကောအောင်ထိတယ်။ ကုန်ကုန်ပြောရရင် အသက်ရှုရင်တောင် အောင့်တောတောင် ခံစားရတယ်။ အဖေက ...



www.burmeseclassic.com

www.burmeseclassic.com

ကချမှတ်ထားတဲ့ စည်းကမ်းမလိုက်နာရင် စိမ်းတာ၊ ကျက်တာ နားမလည်ဘူး။ အရေးယူတယ်။ တစ်ခါနှစ်ခါ ပြောဆိုဆုံးမမရရင် အသင်းက အပြီးအပိုင် ထုတ်ပယ်ပစ်တာပဲ။ တစ်ခါက ကျွန်တော့်ညီမလေးကို အတန်းတူကောင်လေးက ရည်းစားစကားလည်းပြော၊ စာလည်းပေးတယ်။ ညီမလေးက ကျောင်းနေစဉ်မှာ စိတ်မဝင်စားဘူးလို့ပြောပြီး ကောင်လေးရဲ့တောင်းဆိုမှုကို ငြင်းပယ်တယ်။ ဒါပေမယ့် ကောင်လေးက ရပ်တန်းကမရပ်ဘဲ လူရှေ့သူရှေ့ မရှောင်ဆိုတာလို နေရာဒေသမကြည့်တော့ဘဲ ကဲလာတယ်ဆိုပါတော့ ဆရာ"

"အေး...စိတ်ဝင်စားတယ်ကွာ။ ဆက်စမ်းပါဦး"

"ဘယ်လိုမှ ပြောမရတဲ့ကောင်လေး၊ တစ်နေ့မှာ ထုံးစံအတိုင်း ညီမလေးလက်ကိုဆွဲပြီး ရည်းစားစကားပြောတယ်။ ညီမလေးက အရမ်းရှက်ပြီး ငြင်းတယ်။ ဒါပေမယ့် မရဘူး။ အဲဒီမှာ ကောင်လေးက ယောကျ်ားသားပီပီ အင်အားသုံးပြီး ဆွဲလားလွဲလားလုပ်တယ်။ သည်းမခံနိုင်တဲ့အဆုံး ညီမလေးက ကောင်လေးရဲ့ ဆွဲထားတဲ့ ညာလက်ကို လက်ဝါးစောင်းနဲ့ အားထည့်ခုတ်လိုက်တော့ ကောင်လေးက အားခနဲအော်ပြီး လက်လွှတ်လိုက်တယ်။ အဲဒီအချိန်မှာ ညီမလေးက စိတ်မထိန်းနိုင်ဘဲ သူ့လက်သီးနဲ့ ကောင်လေးရင်ဘတ်ကို ထိထိရောက်ရောက် ထိုးနိုက်လိုက်တော့ ကောင်လေး ပလက်ဖောင်းပေါ်မှ ပက်လက်လဲကျသွားတယ်။ လဲကျတဲ့ပုံစံက အရုပ်ကြိုးပြတ်ဆိုတော့ ခေါင်းနဲ့အုတ်ခုံထိပြီး ကောင်လေးနောက်စေ့ပါ ကွဲသွားတယ်။ နောက်ထပ်မသိရတာကတော့ ညီမလေးရဲ့ လက်ဝါးစောင်းရိုက်ချက်ကြောင့် ကောင်လေးရဲ့ ညာလက်ကျိုးသွားသတဲ့"

"ဟေ...အပြင်မှာ တကယ်ကြည့်ရရင် သိပ်ကောင်းမှာပဲ"

"ဟုတ်တယ်။ ညီမလေးတို့ အချင်းဖြစ်တာက လမင်းလက်ဖက်ရည်ဆိုင်ရှေ့မှာမို့ ကျွန်တော်တို့ရပ်ကွက်ထဲကလူတွေ အတော်များများ မျက်မြင်တွေ့တယ်။ ညီမလေး မမှားဘူး ကောင်လေးမဆင်မခြင်လုပ်လို့ ပြဿနာဖြစ်တာလို့ အားလုံးက ပြောကြပါတယ်"

"နောက်ဆုံး ဘယ်လိုဖြစ်သေးလဲ။ ရုံးတွေ၊ ဂါတ်တွေ ရောက်သေးလားဟင်"

"ကောင်လေးဘက်က ပြဿနာလုပ်တာ လူတွေသိသလို၊ ကောင်လေးမိဘတွေကလည်း သိတော့ ဘယ်မှာမှ ပြဿနာမဖြစ်ပါဘူး"

"တော်သေးတာပေါ့ကွာ"

"မတော်ဘူးဆရာ မတော်ဘူး။ အဖေက ညီမလေးကို ကလပ်ကထုတ်ပြန်ထားတဲ့ စည်းကမ်းနဲ့ သူ့စည်းကမ်းကို မလိုက်နာဘူးဆိုပြီး အသင်းအမည်ခံ ယှဉ်ပြိုင်ခွင့်နဲ့ အသင်းမှာ လေ့ကျင့်ခွင့် တစ်နှစ်ပိတ်တယ်။ နောင်ဖြစ်ခဲ့ရင် အပြီးအပိုင် အသင်းဝင်အဖြစ်က ထုတ်ပစ်မယ်တဲ့ဆရာ။ ဘောလုံးစကားနဲ့ဆို အဝါကတ်ပြထားတဲ့သဘောပေါ့"

"ဟာ . . .မင်းတို့အဖေက တယ်စည်းကမ်းကြီးတာကိုး"

"အဖေ အမြဲပြောတဲ့ စကားရှိတယ်။ ကရာတေးသမားဆိုတာ အဖွဲ့ကချမှတ်ထားတဲ့ စည်းကမ်းကို ဦးထိပ်ထားရမယ်တဲ့။ စည်းကမ်းမရှိရင်၊ အမိန့်မနာခံရင် သွေးဆာပြီး သတ်ချင်ဖြတ်ချင်နေတဲ့သူ့လက်ထဲ သေစေနိုင်တဲ့ လက်နက်ပေးထားတာနဲ့ အတူတူပဲတဲ့။ ဘာလို့လဲဆို ပေါက်မြောက်တဲ့ ကရာတေးသမားတစ်ယောက်ရဲ့ ခြေကန်ချက်တစ်ချက်၊ လက်ဝါးစောင်းတစ်ချက်နဲ့ လက်သီးတစ်ချက်ဟာ တစ်ချက်တည်းနဲ့ တစ်ဖက်လူ အသက်ထွက်သွားနိုင်တယ်တဲ့"

"ဒီလိုဆိုတော့လည်း မင့်အဖေပြောတာ မှန်တယ်။ မင့်ညီမလေးရဲ့ တိုက်ကွက်နဲ့ လက်ဝါးစောင်းရိုက်ချက်ကြောင့် ဟိုကောင်လေးခံသွားရတာ အများအမြင်ပဲလေ"

"တာဝန်မှူးကို စခန်းမှူးခေါ်ပါတယ်"

"ကဲ...ဩဘာ၊ စခန်းမှူးကို အသေးစိတ် တင်ပြပေးမယ်။ ခဏစောင့်ကွာ"

တာဝန်ကျအကူစာရေး ရဲတပ်ကြပ် မောင်တင်မှ စခန်းမှူးကခေါ်ကြောင်း သတင်းပို့လာသဖြင့် ဒုရဲအုပ် (စခန်းမှူး) စက်မြှား ဩဘာထံက စစ်ဆေးချက်ယူနေတာ ခဏထားပြီး စခန်းမှူးရုံးအတွင်း ဝင်သွားသည်။

"ဆရာစက်မြှားရေ...ဂြိုဟ်ဆိုး (ခေါ်)သိန်းဟန်ရဲ့ ဆေးမှတ်ချက်ရပြီ။ ဆရာတင်အောင်ဆီက ဖုန်းသတင်း ကြိုတင်ရတယ်။ ဆေးမှတ်ချက်က တုံး/သာမန်/ပြင်ပ...တဲ့"

"ဟုတ်ကဲ့ စခန်းမှူး။ ကျွန်တော်လည်း မျက်မြင်သက်သေ သံချောင်းနဲ့ ဩဘာရဲ့ ထွက်ဆိုချက်တွေ ယူပြီးပြီ။ ဂြိုဟ်ဆိုးဆိုတဲ့ကောင် တော်တော်မွေ



www.burmeseclassic.com

www.burmeseclassic.com

တာပဲ"

"ဒီကောင်က သူ့ဝင်ခဲ့ရတဲ့ နေရာတိုင်းမှာ အမြဲတမ်း ပြဿနာရှာ မွှေလေ့ရှိတယ်တဲ့။ ဒါမှ အချုပ်ထဲက အကျဉ်းသားတွေ သူ့ကိုကြောက်ရွံ့ပြီး ပေးအောင်၊ ကျွေးအောင်လုပ်တာတဲ့။ အများအားဖြင့် သူ့ဆောင်ရွက်ချက်က အောင်မြင်ခဲ့တယ်ဆိုတော့ အဟုတ်ကြီး မှတ်ပြီး သွေးနားထင်ရောက်၊ အချုပ်သားအချင်းချင်းအပေါ် မိုလ်ကျလာခဲ့တာ ကျုပ်တို့စခန်းရောက်မှ ဩဘာနဲ့ တွေ့ပြီး ခံသွားရတာတဲ့။ စောစောက ပုစွန်တောင်စခန်းမှူးနဲ့ ဖုန်းပြောဖြစ်လို့ သိရတယ်"

"တရားခွင်ရောက်နေတဲ့ ဖမ်းမှုက လူတွေကို တရားခွင်ကပြီးရင် ဂြိုဟ်ဆိုးကိစ္စ စစ်ဆေးချက်ယူထားပါ။ မလိုလဲ၊ လိုလဲပေါ့"

"ဟုတ်ကဲ့ စခန်းမှူး ကျွန်တော် သဘောပေါက်ပါတယ်။ ဆက်လုပ်ပါ့မယ်ခင်ဗျာ"

× × ×

"စခန်းမှူး၊ ကျွန်တော်တို့ ဆေးစစ်အဖွဲ့ ပြန်ရောက်ပါပြီ"

"ကောင်းပြီ၊ ဆရာတင်အောင်၊ တာဝန်မှူးဆရာစက်မြားနဲ့ ဩဘာကို သွားခေါ်လိုက်ပါ"

"ဟော့···ငါ---မသား၊ မင်းတစ်နေ့တွေ့မယ်"

စခန်းမှူးအခန်းထဲ တာဝန်မှူးနဲ့ အတူ ဝင်လာသော ဩဘာကို မြင်မြင်ချင်း ဂြိုဟ်ဆိုးသည် ငါနဲ့တုတ်ကာ ကြိမ်းမောင်းလိုက်သည်။ ဤသို့ဖြစ်မည်ကို ဘယ်သူမှထင်မထားသဖြင့် အားလုံးအံ့အားသင့်သွားသည်။

"ဟေ့ကောင်၊ ဒါ ရဲစခန်း။ ဥပဒေမဲ့နယ်မြေမဟုတ်ဘူး။ မင့်ပါးစပ်ကို ပိတ်စမ်း။ သတိပေးတဲ့ကြားက ဆက်ပြီး ကျူးလွန်မယ်ဆိုရင် ပုဒ်မ-၅၀၆ ခြိမ်းခြောက်မှုနဲ့ အရေးယူခံရလိမ့်မယ်။ အဲဒီအမှုက ပေါ့သေးသေးမဟုတ်ဘူး။ ပြစ်မှုမြောက်တာနဲ့ ထောင်ဒဏ်နှစ်နှစ်၊ ဒဏ်ငွေ စသဖြင့် အပြစ်ဒဏ်ခံရနိုင်တယ်။ မင်းနားလည်အောင် ငါပြောပြမယ်။ မည်သူမဆို ရာဇဝတ်မကင်းသော ခြောက်လှန့်မှုကို ကျူးလွန်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်ကို ဖြစ်စေ၊ ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမယ်လို့ ရာဇဝတ်ဥပဒေ ရာဇသတ်ကြီးပုဒ်မ-၅၀၆ မှာ အတိအလင်း ဖော်ပြထားတယ်။ ဒါကြောင့် မင်းဆင်ခြင်ပါ။ မင်းဟာ ဥပဒေဘောင်အတွင်းက ကန့်သတ်ထားတဲ့ စည်းတွေကျော်ခဲ့လို့ အချုပ်အနှောင်ခံနေရဆဲမှာတောင် နောင်တမရဘဲ ဥပဒေမဲ့လုပ်ရပ်တွေ လုပ်နေမယ်ဆိုရင် မင့်အတွက် အမြဲတစေ ထောင်သံသရာ လည်နေလိမ့်မယ်"

တာဝန်မှူးဖြစ်သူ ဒုရဲအုပ်(စခန်းမှူး) စက်မြားဓါးစကားကို ကြားလိုက်သော ဂြိုဟ်ဆိုး(ခေါ်)သိန်းဟန်သည် မီးကို ရေနှင့်ငြိမ်းလိုက်သည့်အလား နှုတ်ဆိတ်ကာ ခေါင်းငုံ့သွားသည်။

"ကဲ··ကဲ၊ တို့အလုပ်အကြောင်း ပြောရအောင်။ ဂြိုဟ်ဆိုးနဲ့ ဩဘာ အချင်းများရန်ဖြစ်တဲ့ကိစ္စ မင်းတို့ အပြန်အလှန် အမှုဖွင့်ကြမလား"

"မဖွင့်ပါဘူးဆရာ"

"ခံထားရတဲ့ ဂြိုဟ်ဆိုးကကော"

"အခုတော့ အမှုမဖွင့်တော့ပါဘူး။ နောင်တစ်ချိန်ကျမှ ရစရာရှိတဲ့ အကြွေး ပြန်ယူပါ့မယ်"

ခံရချက်နာနေသော ဂြိုဟ်ဆိုးက အောက်ကလီအာကာ ပြန်ဖြေသည်။

တကယ်တော့ အချုပ်ထဲတွင် ခိုက်ရန်ဖြစ်ကြသော ဂြိုဟ်ဆိုး(ခေါ်) သိန်းဟန်နဲ့ ဩဘာတို့အား သတ်ပုတ်နှောင့်ယှက်မှု ပုဒ်မ-၁၆၀ နှင့် ရဲစခန်းမှူးက အမှုဖွင့်ရေးယူ၍ ရပါသည်။

သို့သော် အရေးယူလိုက်ပါက အနက်ထည် ဂြိုဟ်ဆိုးအတွက် ဘာမှတိုး၍ စွန်းထင်းစရာ မရှိသော်လည်း အဖြူထည်သက်သက် ဩဘာအတွက် အမည်းစက်လေးတစ်ခု စွန်းထင်းသွားနိုင်တာ သိသဖြင့် အရေးမယူခြင်း ဖြစ်ပါသည်။

ညနေပိုင်းမှာတော့ စရိုက်ဆိုးလွန်းတဲ့ ဂြိုဟ်ဆိုး(ခေါ်)သိန်းဟန်ကို အင်းစိန်ထောင်သို့ ပို့လိုက်ပြီး ဩဘာကိုတော့ တာဝန်မှူး ဒုရဲအုပ်(စခန်းမှူး) ကိုယ်တိုင် အိမ်အရောက်ပြန်ပို့ပေးလိုက်ပါတယ်။ ဒီလိုမှပြန်မပို့ပေးလျှင် ဩဘာဆိုတဲ့ကောင် အဖျင်းခံရမှာ၊ အပြစ်ရှိရင် သူ့အဖေက စိမ်းစိမ်းကျက်ကျက် မရွေးဘဲ အပြစ်ပေးတတ်တယ်လေ။

**ဝင်းသောင်(ရမည်းသင်း)**

*ယခုတင်ပြရေးသားသော မှခင်း ဝတ္ထုသည် ၁-၁၀-၇၉ ခုနှစ် တကယ့်ဖြစ်ရပ်ကိုအခြေခံကာ ပုံဖော် ရေးသားသော ဝတ္ထုဇာတ်လမ်းဖြစ် ဖြင့် ထိုခေတ်ထိုအခါက တည်ဆဲဥပဒေ ပုဒ်မများအတိုင်း ရည်ညွှန်း ရေးသားတင်ပြခြင်း ဖြစ်ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com


# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒိဋ္ဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသမှုခံသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် စားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၀)လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၁၀၂

၃၃-၃၄လမ်းကြား။ ၇၀-၇၁ လမ်းကြား။ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅



ထောက်ခံချက် - စ၁/ ၀၉၃၄၈/ထလ

Vital ®

ဗိုက်တယ် သောက်ရေသန့်

Purified drinking water

20 Litre

Product of Myanmar

အမှတ် (၁၉)၊ အင်း၀ (၇)လမ်း၊ (၆)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉ ၇၀၃၅၂၇၅၂

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လက်မတင်ကလေး

## မောင်တင်သိန်းဇော်ဇ

ကြေးစား လက်မရှံ့လူသတ်သမား၊ လူမိုက်ကြီး၊ ဒုစရိုက်လောကသားကြီး၊ ထောင်ထွက်ကြီး၊ လူလိမ်လူရှုပ်၊ လူပေလူဆိုးကြီးတစ်ဦး . . . စသဖြင့်တော့ မဟုတ်။ ဦးပန်းကြည်က "ပန်း"ဟူသော ဗျူဟာတ်နာမည်ပညာတ်နှင့် ကိုက်ညီအောင်ပင် ဥပမိရုပ်က ကြည်လင်ကောင်းမွန်သည်၊ ပွဲစားလုပ်ဖူးသည်။ ရပ်ရွာအကြီးအကဲလုပ်ဖူးသည်။ ခေတ်ကြီးအဆက်ဆက်ကို မီခဲ့ဖူးသည်။

အပေါင်းအသင်း ဆံ့၍ တပည့်လက်သားနှင့် မိတ်ဆွေပေါကာ နံ့စပ်ဉာဏ်ကြီးသည်။ မဟုတ်မခံစိတ်ရှိကာ ဖျတ်လတ်သည်။ ထို့အတူ ၎င်းကို ထက်မြက်သမ္မာရင့်သူအဖြစ် မိတ်ဆွေအပေါင်းအသင်းအများတကာတို့နှင့် တပည့်လက်သားတို့က အထူးလေးစားကြလေသည်။ အထင်ကြီး၍ ပုဂ္ဂိုလ်ရေးများကိုလည်း အကူအညီတောင်းခံကြလေ့ရှိတတ်လေသည်။

တစ်နေ့ နံနက်ပိုင်း၌ ဦးပန်းကြည်ထံ မလာတာ၊ မတွေ့ရတာကြာနေပြီဖြစ်သော ငယ်နိုင်တပည့်ရင်းချာလည်းဟုတ်၊ သားသမီးရင်းလို ခင်မင်ရသော "ပွားကြီး"က ရုတ်တရက်မျှ အမောတကောနှင့် ရောက်ချလာလေသည်။ ပွားကြီးကလည်း တရားဝင် လူမိုက်လူဆိုး ဒုစရိုက်အမှောင်လောကသားတစ်ဦး မဟုတ်သော်လည်း လက်ယဉ်ကာ ခြေစလက်နနှင့် ဇရှိသူဖြစ်သည်။ အမှုးလွန်ကဲက သောင်းကျန်းဆိုးဝါးတတ်သလို တစ်ခါတစ်ရံ၌ အရက်ဖိုးပြတ်လပ်လျှင်လည်း ငွေကြေးအရက်ဖိုး မရက စိတ်ထဲမှ ထင်ရာကို လုပ်တတ်ကာ ငွေရလျှင်ပြီးရောသဘောနှင့် အမှားအမှန်ကို မစဉ်းစားဘဲ တစ်ရှူးထိုး၊ တဇောက်ကန်းမျှ လက်ခံ၍ လုပ်ဆောင်ပေး၊ ကျူးလွန်ပေးတတ်သူတစ်ဦး ဖြစ်လေသည်။ လက်ခံရသော ကိစ္စအရ တစ်ဖက်သားကို တစ်ခါတစ်ရံ၌ ကျိုးပဲ့အောင်၊ အလုပျက် ရုပ်ဆိုးအောင်၊ လုပ်ကိုင်စားသောက်၍ မရတော့အောင် တာဝန်ယူ ရှင်းလင်းလုပ်ဆောင်ပေးတတ်သူတစ်ဦးလည်း ဖြစ်လေသည်။

ပွားကြီးက အိမ်ရှေ့ဝရန်တာတွင် ကွမ်းထိုင်စားနေသော ဦးပန်းကြည်၏ ရှေ့မှောက်ဆီသို့ အပြေးကလေးနှင့် သွက်သွက်ကလေး ရောက်ရှိလာကာ မျက်နှာချိုကလေးနှင့် -

ဆရာကြီး နေကောင်းလား။

ဟာ် အညာလိုက်သွားလို့ ဆရာကြီးဆီ မရောက်တာကြာပြီ။ ခုတော့ တိုင်ပင်ရင်ဖွင့်စရာလေးတစ်ခုရှိလို့ မအားတဲ့ကြားက ဆရာကြီးဆီ ပြေးလာတာ။

ကျွန်တော်က အမွေကိစ္စတစ်ခုမှာ လူ့ပ်ရှားပေးဖို့၊ ရှင်းပေးဖို့ လက်ခံထားတယ်။ ပွဲပြီးသွားရင် မြက်မြက်ကလေးရမှာ။ ကျွန်တော်ရရင် ဆရာကြီးကိုလည်း ကန်တော့မှာပေါ့ ဆရာကြီး"

ဟု စကားဦးကို စသန်းရင်း သူ့ထံလာအပ် ဆက်သွယ်လာသော အမွေကိစ္စ ဇာတ်လမ်းဇာတ်ကြောင်းကလေးတစ်ခုကို ပြောပြအသိပေးလေသည်။ သူ့အား အကြံဉာဏ်တောင်းသလိုလို၊ ပါဝင်ခိုင်းသလိုလို၊ အသိပေးသလိုလို၊ သဖော်ညှိသလိုလို၊ ခေါင်းဆောင်ခိုင်းသလိုလိုနှင့် ရင်ဖွင့်ပြောပြနေခဲ့သော ကြားရသည့် အမွေဇာတ်လမ်းကလေးကိုရော၊ ပွားကြီးကိုပါ သဘောမတွေ့၊ ဘဝင်မကျမိ၍ ဘာတစ်ခုကိုမျှ ပြန်မပြော၊ အကြံမပေးဘဲ နှုတ်ဆိတ်အသံတိတ်နေသော ဦးပန်းကြည်အား ပွားကြီးက အားမလိုအားမရဖြစ်ကာ သူ၏ စကားများအဆုံးတွင် -

"ဘာလဲ၊ ဆရာကြီး စိတ်မဝင်စားဘူးလား။ ကျွန်တော်ရရင် ဆရာကြီးလည်း ရမှာပါ။ အဘွားကြီးနဲ့ ကလေးတွေ ချေးဦးဆိုတော့ လုပ်ရှားရမှာ လွယ်ပါတယ်။ ငြိမ်လုပါတယ်။ ထားပါတော့၊ စဉ်းစားပေးထားပါနော်။

www.burmeseclassic.com

နောက်နေ့ကျမှ ကျွန်တော်ထပ်လာတွေ့ တိုင်ပင်ဦးမယ် ဆရာကြီး"

ဟု မကျေမချမ်း အားမရသံနှင့် မရဲတရဲပြောဆိုကာ အရက်ဆိုင်ဘက်ဆီသို့ အမောတကောနှင့် အမြန်အဆန် ပြေးထွက်သွားလေသည်။

ပွားကြီးပြန်သွားပြီးနောက် ဦးပန်းကြည်သည် ပွားကြီးပြောပြသွားသော အမွေကိစ္စကို အထူးတလည်မျှ စိတ်ဝင်စားကာ တွေးနေမိတော့သည်··။ ပွားကြီး၏အဆိုအရ အမည်၊ နေရပ်မသိရသော အသက် ၅၀ ကျော် အဘွားအိုကြီးတစ်ဦး ကွယ်လွန်သွားရှာသော သမီးဖြစ်သူ၏ ကျန်ခဲ့သော သားသမီးဖြစ်သော နှစ်သားနှင့် လသားအရွယ်ရှိ မြေးကလေးနှစ်ဦး ပေါင်းလေးဦးတို့ ရှိကြသည်။ ထိုအဘွားကြီး၏ သမက်တော်သူက အဘွားကြီး၏ သမီးဖြစ်သူ ရုတ်တရက်ကွယ်လွန်သွားပြီးနောက် လပိုင်းကလေးမျှ အကြာခန့်တွင်ပင် အဘွားကြီးဖြစ်သော ယောက္ခမနှင့် ရင်သွေးလူမမည်ကလေးတို့အား မကျွေးမမွေး၊ မထောက်ပံ့တော့သည့်အပြင် လက်ရှိနေထိုင်နေသည့် အိမ်ကလေးအား သိမ်းပိုက်ပြီး နောက်ထပ်အိမ်ထောင်ပြုပြန်လို၍ စိတ်မိုက်စိတ်ရိုင်းနှင့် ဖောက်ပြန်ကာ နေ့စဉ်ရင်ʻစက် အတင်းအဓမ္မ ဆဲဆိုငေါက်ငမ်း၍ ယင်းယောက္ခမအဘွားကြီးနှင့် ကလေးသုံးဦးတို့အား အိမ်ပေါ်မှ ဆင်းသက်ပေးရန်အတွက် အဘွားကြီးကို အကြမ်းဖက်လုပ်ရားကိုင်တွယ်ပေးရန် တစ်ဆင့်ကြားခံနှင့် လူငှားခိုင်းစေလာခဲ့၍ အဘွားကြီးကို လိုအပ်သလို ခြိမ်းခြောက်အကျပ်ကိုင် အကြမ်းဖက်လျက် လုပ်ရားကိုင်တွယ် အကြမ်းဝင်ပေးရမည့် အမွေကိစ္စတစ်ရပ်ဟု ဦးပန်းကြည် သဘောပေါက် သိနားလည်နေမိလေသည်။

တရားအခြေခံလည်းရှိ၊ မတရားမှုနှင့် မသမာ မရိုးသားမှုကိုလည်း မုန်းတီးသော၊ အားမပေး လက်မခံ၊ အကြံမပေး မပါဝင်တတ်ခဲ့သော ဦးပန်းကြည်သည် ပွားကြီးပြောပြခဲ့သော အမွေဇာတ်လမ်းထဲက မမြင်မတွေ့၊ မသိရသော အဘွားအိုကြီးနှင့် လူမမည်ကလေးသုံးဦးတို့ကိုပင် လူမှုရေးအရနှင့် စာနာမိ၍ ကရုဏာသက်မိနေကာ ငွေတ်တရွတ်သမား ပွားကြီးက အမှုကိုလက်ခံ၍ ခြေလွန်၊ လက်လွန်မျှ လုပ်ရားပါဝင် လုပ်ဆောင်ပေးကိုင်လိုက်မိမှာကိုလည်း စိုးရိမ်ပူပန်နေမိလေသည်။

ရက်သတ္တပတ်ခန့်မျှ မျှော်နေသော်လည်း ပွားကြီးက သူ့ထံလာမတွေ့တော့ဘဲ ပျောက်ချက်သားကောင်းနေ၍ ဦးပန်းကြည်သည် ပွားကြီး၏နေအိမ်နှင့် သောက်တတ်၊ နားနေအိပ်စက်တတ်သော နေရာနှင့် အရက်ဆိုင်တစ်ကြောအနှံ့ဆီတို့ကို သွားရင်းအပူတပြင်း အမောတကောနှင့် ရှာဖွေမေးမြန်း စုံစမ်းလေသည်။

ပွားကြီးကို နေအိမ်မှာမတွေ့ရ။ အရက်ဆိုင်နှင့် မိတ်ဆွေတွေအိမ်တစ်စတို့မှာလည်း မတွေ့ရ။ သတင်းအစအနလုံးဝပင်မရ၍ ဦးပန်းကြည်သည် ပွားကြီးတစ်ယောက် သူ့အား လာပြောထားသော အမွေကိစ္စကို လက်ခံပြီး သွားလုပ်ရှား ရှင်းလင်းခြိမ်းခြောက်မိုလ်ကျရင်း အဘွားကြီးနှင့် လူမမည်ကလေးတွေကို လက်ပါမိ၊ ခြေလက်လွန်မိသွားသဖြင့် ပြေးလေပြီလားဟု တွေးကြောက် ပူပန်စိုးရိမ်နေမိရှာလေသည်။ အကြံအိုက်၊ အကျပ်ရိုက်နေရှာလေသည်။

ထိုနောက်ရက်များ၌ ဦးပန်းကြည်သည် အိပ်၍မရ၊ စား၍မဝင်နှင့် နေမထိ ထိုင်မသာ ဖြစ်ရကာ ပွားကြီးကို ရှာလည်းရှာ၊ မျှော်လည်းမျှော်၊ သတင်းလည်းနားထောင်၊ စိတ်ပူနေရင်း ဥပုသ်နေ့တစ်နေ့၌ ရွှေတိဂုံစေတီတော်ကြီးသို့ မြို့ကားကြုံတစ်ကားနှင့် စိတ်ပြေလက်ပျောက်အဖြစ် ဖူးမြော်ရန်လိုက်ပါရင်း ထွက်ခဲ့မိလေသည်။

ထိုနေ့နံနက်ပိုင်းတွင် ဦးပန်းကြည်သည် စေတီတော်မြတ်ကြီးတွင် အတန်ကြာမျှ ဝတ်ပြုပူဇော်ပြီးနောက် တန်ဆောင်းမှ ဆင်းသက်လာစဉ် သက်ကြီးမိန်းမကြီး နှစ်ဦးတို့နှင့် ဝင်တိုးမိမလိုဖြစ်မိလေသည်။ ဖြစ်ချင်တော့ ဝင်တိုးမိမလို ဆုံတွေ့ခင်မင်ကျွမ်းဝင်ခဲ့ရသော ထိုမိန်းမကြီးနှစ်ဦးတို့အနက် တစ်ဦးမှာ သူ၏ အလွန်ရင်းနှီးခင်မင်ကျွမ်းဝင်ခဲ့ရသော ငယ်ပေါင်းမိတ်ဟောင်း၊ မိတ်ဆွေရင်းချာကြီးတစ်ဦးဖြစ်နေသည်ကို ဦးပန်းကြည်သည် မမျှော်လင့်၊ မထင်မှတ်ထားဘဲ ဝမ်းပန်းတသာ အမှတ်မထင်နှင့် တွေ့မြင်ရလေသည်။

"အမလေး···ကိုပန်းပါလား"

ဝင်တိုးမိတော့မည့် ရှေ့က သက်ကြီးမိန်းမကြီးဖြစ်သူက ဦးပန်းကြည်ကိုကြည့်ရင်း ဝမ်းပန်းတသာ တအံ



www.burmeseclassic.com

www.burmeseclassic.com

တသြနှင့် အာမေဋိတ်သံတို့နှင့် လွှတ်ခနဲရေရွတ်လျက် ဖက်လှဲတကင်း နှုတ်ဆက်လိုက်လေသည်။ ဦးပန်းကြည်ကလည်း သူ့အား တရင်းတနှီးနှင့် နှုတ်ဆက်လာသော သက်ကြီးမိန်းမကြီးဖြစ်သူကို တအံ့တသြနှင့် အသေအချာမှ ပြန်စိုက်ကြည့်ရှုလိုက်ရင်း -

"အို...အစ်မလှပါလား"

ဟု ဝမ်းပန်းတသာနှင့် ပြန်လည်၍ တုံ့ပြန်နှုတ်ဆက်လိုက်လေသည်။ သက်ကြီးမိန်းမကြီးသည် ဦးပန်းကြည်၏ လက်ကို တရင်းတနှီးနှင့် လှမ်း၍ ကိုင်လိုက်ပြီး ဝမ်းသာဝမ်းနည်းကြီး ဖြစ်မိရကား တစ်ချက်မျှ ငိုရှိုက်လိုက်ရင်း ဝမ်းပန်းတနည်း မျက်ရည်ပေါက်ကြီးတွေ လိမ့်ဆင်းကျလာလေသည်။ တန်ဆောင်းတစ်ခုထဲတွင် ခေတ္တမျှထိုင်ကာ မိမိတို့၏ ဘဝကိုယ်ရေးအခြေအနေ ဖြစ်ထွေများနှင့် ရေးဖြစ်နောက်ဟောင်းများကို အပြန်အလှန် ရင်ဖွင့်ပြောဆို ဖလှယ်မိကြရင်း ဦးပန်းကြည်ကို ထိုသက်ကြီးမိန်းမကြီးဖြစ်သူက-

"ပြောရဦးမယ် ကိုပန်းရေ လမ်းထဲကနေ ကျွန်မတို့ ပြောင်းသွားပြီးတဲ့နောက်မှာ ကျွန်မသမီးကလေးက မုဆိုးဖိုတစ်ဦးနဲ့ အကြောင်းပါခဲ့တယ်။ သမက်က ကုန်သည်ဆိုတော့ အစပိုင်းမှာ သာယာလို့ သမီးရော၊ ကျွန်မပါ ရွှေနဲ့၊ ငွေနဲ့၊ တိုက်နဲ့၊ ကားနဲ့ပေါ့။ ကောင်းစားခဲ့ရပါတယ်။

အဲ...ကံကြမ္မာတွေ ဆိုးလာချိန် ပြောင်းလာချင်တော့ သမီးကလေးဟာ ဒုတိယမြောက် သားကလေးကို မွေးပြီး လပိုင်းလောက်မှာပဲ ရုတ်တရက်ကြီး ဆုံးသွားခဲ့တယ်။ သမီးကွယ်လွန်သွားပြီး ခြောက်လလောက်တော့ သမက်က ကျွန်မတို့နဲ့ ဟန်မပျက်ဘဲ ဆင်းမသွားဘဲ အတူနေပြီး ထောက်ပံ့ကျွေးမွေးပါတယ်။ နောက်မကြာခင်မှာတော့ သမက်ဟာ နောက်ထပ်ပြီး

> ကျွန်မနဲ့
> မြေးကလေးတွေကို
> အိမ်ပေါ်ကနေတောင်
> ဆင်းပေး၊ ပြောင်းပေး၊
> အိမ်ကိုလွှဲပေးဖို့
> ကြိမ်းမောင်းဆူပူ
> သောင်းကျန်းလာတယ်။
> အကျပ်ကိုင်၊
> ခြိမ်းခြောက်လာတယ်။
> မျက်နှာစိမ်း
> လူတွေကိုလည်း အိမ်ကို
> ခေါ်ခေါ်လာပြတယ်။

အသစ်မြင်လို့ အိမ်ထောင်ပြုချင်ပြန်လာပြီး ကျွန်မနဲ့ မြေးကလေးတွေကို လုံးဝ မထောက်ပံ့၊ အတူမနေတော့ဘဲ ကျွန်မနဲ့ မြေးကလေးတွေကို အိမ်ပေါ်ကနေတောင် ဆင်းပေး၊ ပြောင်းပေး၊ အိမ်ကိုလွှဲပေးဖို့ ကြိမ်းမောင်းဆူပူ သောင်းကျန်းလာတယ်။ အကျပ်ကိုင်၊ ခြိမ်းခြောက်လာတယ်။ မျက်နှာစိမ်း လူတွေကိုလည်း အိမ်ကို ခေါ်ခေါ်လာပြတယ်။

ကျွန်မတို့ ဒုက္ခရောက်လိုက်ရတာ မပြောပါနဲ့တော့ ကိုပန်းရေ။ သမီးကိုလွမ်းရတာက တစ်မျိုး၊ ထမင်းစားဖို့ ထုခွဲရောင်းချလို့ ရှာဖွေရင်း အောက်ကျရတာက တစ်မျိုးနဲ့ လူမိုက်တွေလွှတ်ပြီး ကျွန်မနဲ့ ကလေးတွေကို နေ့လာသတ်မလား ညလာသတ်မလား။ ဆွဲချမှာလားဆိုပြီးတစ်ခါ နေ့ရော ညမှာပါ ကလေးတွေနဲ့ ကျွန်မတို့တစ်တွေမှာ အသက်ကို ဖက်နဲ့ထုပ်ဆိုသလို အမြဲကြောက်လန့် ထိတ်ပျာနေရတယ်။

ခုလည်း ဘုရားကြီးကို လာဖူးရင်း ဂြိုဟ်ပြေနံ့ပြေ အကာအကွယ်ဆိုသလို ယတြာတွေချေလို့ ဆုတောင်းဖို့ အဖော်ခေါ်ပြီး လာခဲ့ရင်း ကံကောင်းလို့ ကိုပန်းကို တွေ့ရတာ ကိုပန်းရေ..."

ဟု ဦးပန်းကြည်နှင့် သူမတို့ ၁၅ နှစ်ကျော်မျှ ကွဲကွာသွားခဲ့ကြရစဉ် အတွင်း၌ သူမ၏ဖြစ်ထွေ အတွင်းရေးများကို ပြန်လည်၍ ရှင်းပြရင်း ဝမ်းပန်းတနည်းနှင့် ငိုကြွေးရာပြန်လေသည်။ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ရသော၊ ယခုဆုံကြရသော ဘုရားကြီးလာ သက်ကြီးမိန်းမကြီး တစ်ဖြစ်လဲ မိတ်ဟောင်းဆွေကောင်းရင်းချာ နှမသားချင်းပမာ ခင်ရ၊ ကျွမ်းဝင်ရသော ဒေါ်ရွှေလှ၏ စကားများအဆုံး၌ နားထောင်နေသော ဦးပန်းကြည်သည် တုန်လှုပ်ရင်ဖိုမိကာ သူ့အား ပွားကြီးလာပြောသော သမက်နှင့် ယောက္ခမအဘွားအိုတို့၏ အမွေကိစ္စဆိုသည်မှာ တိုက်တိုက်ဆိုင်ဆိုင် အဆန်းတကြယ် ပဋ္ဌာန်းဆက်အကြောင်းကံပါသည်ဆို



www.burmeseclassic.com

www.burmeseclassic.com

သမက်က
အိမ်ပေါ်က နှင်ချတဲ့
ကိစ္စကိုလည်း
ကျွန်တော်ပဲ
ရှင်းပေးပါ့မယ်။
အစ်မလှ
ကျွန်တော့်အကြောင်း
သိပါတယ်။
ဘာမှမပူနဲ့တော့"

သလို သူ၏မိတ်ဆွေ ကျေးဇူးရှိသည့် ဒေါ်ရွှေလှ၏ ဖြစ်အင်ဇာတ်လမ်းပင် ဖြစ်ချေသည်ကို ချက်ချင်းခဏမှာပင် ရိပ်စားနားလည်လိုက်လေသည်။ သိရှိသဘောပေါက်လေသည်။

ဦးပန်းကြည်သည် ဒေါ်ရွှေလှ၏ စကားများအဆုံး၌ အိတ်ထဲရှိ ပါလာသော ငွေစက္ကူများကို ထုတ်လိုက်ကာ

"ကြားရတာ စိတ်မကောင်းပါဘူး။ အားမငယ်ပါနဲ့တော့။ ကျွန်တော်ရှိပါတယ်။ ထောက်ကြံ့မှာ ကျွန်တော်နေတာ။ ရန်ကုန်နဲ့ မဝေးပါဘူး။ မကြာမကြာ လာပါ့မယ်။ အစ်မလှပြောတဲ့ သမက်က အိမ်ပေါ်က နှင်ချတဲ့ကိစ္စကိုလည်း ကျွန်တော်ပဲ ရှင်းပေးပါ့မယ်။ အစ်မလှ ကျွန်တော့်အကြောင်း သိပါတယ်။ ဘာမှမပူနဲ့တော့"

ဟု ချွေးသိပ်စကားများကို ဆိုပြောရင်း ဒေါ်ရွှေလှကို ပေးလိုက်ပြီး ဒေါ်ရွှေလှ၏ လိပ်စာကို တောင်းယူကာ ဒေါ်ရွှေလှနှင့် ပါလာသော အဖော်တို့ကို ကားဂိတ်ဆီသို့ လိုက်ပို့ပေးလိုက်လေသည်။

နောက်ရက်များတွင် ဦးပန်းကြည်သည် ပွားကြီးကို နေရာအနှံ့၌ မြေလှန်ရှာရင်း အရေးတကြီး အပူတပြင်း ပိုက်စိပ်တိုက်ရှာရင်း ငယ်နိုင် ပွားကြီးကို တွေ့ရလေသော် -

"ဟေ့ကောင် ပွားကြီး၊ မင်းဆီ တစ်ဆင့်ကြားက လာအပ်တဲ့ ငါ့ကို ပြောတဲ့ အဘွားကြီးနဲ့ သမက်ကိစ္စကို မင်းလုပ်မပေးနဲ့၊ လက်မခံနဲ့။ အဲဒီ အဘွားကြီးဆိုတာ တစ်ချိန်က ငါ့ရဲ့ ကျေးဇူးရှင်ကွ။ ငါသိခဲ့၊ သတင်းရခဲ့ပြီးပြီ။ အဘွားကြီးကိုလည်း တွေ့ခဲ့ရပြီးပြီ။ တိုက်ဆိုင်လိုက်တာကွာ။ အေး မင်းလုပ်ရှားရင်တော့ ငါ့ဓားကိုသာ ကြည့်။ အဲဒီ မသူတော်ကောင် သမက်ဆိုတဲ့အကောင်ကိုလည်း ငါရှင်းမှာကွ"

ဟု ဒေါသတကြီးနှင့် ဆဲဆို ငေါက်ငမ်း၍ ကြိမ်းမောင်းကာ အချိန်မီပင် တားမြစ်သတိပေးလေသည်။ ဦးပန်းကြည်ကို ငယ်ကြောက်ဖြစ်သော ပွားကြီးက -

"ဟာ...ဟုတ်လား ဆရာကြီး။ ကျွန်တော် မသိဘူး။ စိတ်ချပါ၊ ကျွန်တော် ဆရာကြီးက မလုပ်နဲ့ဆိုရင် လက်မခံတော့ပါဘူး။ ကျွန်တော့်ဆီကို လာအပ်တဲ့ တစ်ဆင့်ကောင်ကိုရော၊ အဲဒီ သမက်ဆိုတဲ့ အကောင်ကိုပါ ပွဲကြမ်းပေးလိုက်မယ်၊ တုတ်လိုက်မယ်။ ကျွန်တော် ကတိပေးပါတယ် ဆရာကြီး"

ဟု ကြောက်ကြောက်လန့်လန့် တရိုတသေနှင့် ပြောကြား ကတိပေးလေသည်။

"လောကကြီးက နက်သည်ဟု ပြောပြော၊ နတ်ကောင်းတွေက မစသည်ဟု ပြောပြော၊ ကံထူးသည်ဟု ပြောပြော၊ ကလေးသူငယ်တွေ၏ ကံကြမ္မာတွေ ကောင်းသည်ဟုပြောပြော၊ ဆန်းကြယ်တိုက်ဆိုင်သည်ဟု ပြောပြော...။

နှစ်ပိုင်းခန့်မျှအကြာတွင် ထိုသမက်သည် နလုံးရောဂါနှင့် လမ်းတွင်ပင် ရုတ်တရက်မူးလဲကျကာ ဦးနှောက်သွေးကြောပြတ်၊ နလုံးရပ်ကာ ရောဂါနှင့် အလိုလိုပင် ကွယ်လွန်သွားခဲ့၍ ဦးပန်းကြည်နှင့် ပွားကြီးတို့ စိုးထိတ်ရင်ပူခဲ့ရသော အဘွားကြီးနှင့် လူမမည်ကလေးတစ်စုတို့သည် နေရေးထိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဘေးဆိုးတို့မှ...

လက်တစ်လုံးခြားမျှ...

ပွတ်ကာသီကာမျှ...

နှာတစ်ဖျားသာမျှ...

လက်မတင်ကလေးမျှသာ ဆိုသလို အံ့သည်းတယားယား၊ ရင်တဖိုဖိုနှင့် ကပ်ကာ လွတ်မြောက်သွားခဲ့ကြရသည်။

(၁၉၅၅ ခုနှစ်တစ်ဝိုက်က ဖြစ်ရပ်မှန်ကို မှီငြမ်း၍ တင်ပြခြင်း ဖြစ်သည်။)

မော်တင်သိန်းဇော်



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်စားပြုမိခင်အဖြစ် မောင်လေးကို ကိုယ်ဝန်လွယ်၍ မွေးပေးခဲ့သည့် အစ်မ

KMTW



**အံ့ဩွယ်သုတ စွန့်စားမှုကြီး**

အသက် ၄၇ နှစ်အရွယ်ရှိ အန်နာလေဆာဆိုသည့် မိခင်ဖြစ်သူအတွက် ကိုယ်စားပြုမိခင်အဖြစ် သမီးဖြစ်သူ ဂျူတာက ၆ ပေါင် ၁ အောင်စ အလေးချိန်ရှိသည့် ယောကျ်ားလေးကို မွေးဖွားပေးခဲ့ခြင်းဖြစ်သည်။

နားလည်ရန် အလွန်ခက်ခဲလှသည့် ဤအစီအစဉ်မှာ ဂျူတာ၏မိခင်ဖြစ်သူ အန်နာလေဆာသည် အသက် ၄၅နှစ်မှ ၃၄ နှစ်အရွယ်ရှိ ယောကျ်ားလေး ငါးဦးကို မွေးဖွားခဲ့ပြီးသူ အမျိုးသမီးဖြစ်လေရာ ဆရာဝန်များ၏ပြောကြားချက်အရ သူမသည် အသက်အရွယ်ကြီးရင့်မှုကြောင့် နောက်ထပ်ကလေး မရရှိနိုင်တော့ကြောင်း သိရသည့်အချိန်မှစ၍ ဤဖြစ်စဉ် ပေါ်ပေါက်လာ ခဲ့ခြင်းဖြစ်ပေသည်။

"ကျွန်မဟာ နောက်ထပ်ကလေးလေးတစ်ယောက် ထပ်မွေးဖို့ရာ အထူးပဲ လိုလားတောင့်တနေသူဖြစ်ပါတယ်။ ဆရာဝန်တွေပြောပြချက်အရ ကျွန်မ တောင့်တချက်ဟာ မပြည့်စွမ်းနိုင်တော့ပါဘူးဆိုတာ သိရတဲ့အချိန်ကစပြီး ကျွန်မဟာ အထူးပဲ စိတ်ဆင်းရဲမှုတို့ ခံစားနေရပါတယ်"ဟု အန်နာလေဆာက ဝမ်းနည်းစွာပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီတော့ ဆရာဝန်များက ကျွန်မရဲ့ဆန္ဒ လိုလားချက် ဖြည့်ဆည်းနိုင်စေရန်အတွက် ကိုယ်စားပြုမိခင်တစ်ဦးကို အမြန်ရှာဖို့ အကြံပေးကြပါတယ်"

"အဲဒီအကြံပေးချက်ကို သိရတဲ့ ကျွန်မရဲ့သမီးလေး ဂျူတာဟာ နောက်တွန့်ဆုတ်ဆိုင်းခြင်း မရှိဘဲ မိခင်ကြီးရဲ့ ဆန္ဒကို ဖြည့်စွမ်းဖို့ရာ သူမကိုယ်တိုင် ကိုယ်စားပြုမိခင်အဖြစ် ဆောင်ရွက်မယ့်အကြောင်းနှင့် မွေးဖွားသည့်ကလေးဟာလည်း တခြားသူမဟုတ်ဘဲ သူမရဲ့ မောင်ငယ်တစ်ယောက်ဖြစ်ကြောင်းကို ထပ်လောင်းပြောပြပါတယ်"

## ကိုယ်စားပြုမိခင်

ဤသို့ဖြင့် အသက် ၁၇ နှစ်အရွယ်သာရှိသေးသော ဂျူတာသည် ကိုယ်စားပြုမိခင်အဖြစ် ဆောင်ရွက်ရန် အသက် ၅၂ အရွယ်ရှိ သူမ၏ဖခင်ဖြစ်သူ၏ ရှင်သန်နေသည့် သားဥကို သူမထံတွင် ဆေးဘက်ပညာသည်များက ထည့်သွင်းရှင်သန်စေခဲ့ပေ၏။

ဂျူတာဆိုသည့် မိန်းမငယ်တစ်ဦးသည် သူမ၏ မောင်ဖြစ်သူကို သူမကိုယ်တိုင် ကိုးလလွယ်၊ ဆယ်လမွေးဆိုသည့်အတိုင်း မွေးဖွားပေးခဲ့ခြင်းဖြင့် ဤကမ္ဘာကြီးတွင် သမိုင်းမှတ်တမ်းတစ်ရပ်ကို ထူထောင်မှုဖြစ်စေခဲ့သည်။

အလွန်အံ့ဩဖွယ်ရာသော ယင်းဖြစ်ရပ်ကို ဖြစ်စေသည့် အဓိကအချက်မှာ ဆယ်ကျော်သက်သာရှိသေးသည့် ကိုယ်စားပြုမိခင် ဂျူတာမှာ တရားဥပဒေအရ ယခုတိုင် အပျိုစင်ဟု သတ်မှတ်ခံနေရဆဲပင်။

ဤသို့ဖြင့်အသက် ၁၇ နှစ်အရွယ်သာရှိသေးသော ဂျူတာသည် ကိုယ်စားပြုမိခင်အဖြစ်ဆောင်ရွက်ရန် အသက် ၅၂ အရွယ်ရှိ သူမ၏ဖခင်ဖြစ်သူ၏ ရှင်သန်နေသည့် သားဥကို သူမထံတွင် ဆေးဘက်ပညာသည်များက ထည့်သွင်းရှင်သန်စေခဲ့ပေ၏။

ဂျူတာ၏ ကိုယ်စားပြုမိခင်အဖြစ် ကလေးမွေးဖွားခြင်းမှာ သူမ၏ သားမဟုတ်မူဘဲ မောင်အရင်းဖြစ်နေမှုကြောင့် ၎င်းတို့မိသားစုနေထိုင်ရာ ဇာတိမြေဖြစ်သည့် ဂျာမဏီနိုင်ငံ၊ ဘရွန်ဆွေးမြို့တွင် အုတ်အော်သောင်းတင်း သတင်းကြီးဖြစ်လျက် ရှိနေလေ၏။

လွန်ခဲ့သည့်နှစ်ကမှ အထက်တန်းကျောင်းအောင်ခဲ့သည့် ရွှေရောင်ဆံပင်အလှပိုင်ရှင် ဆွဲဆောင်မှုအပြည့်ရှိသည့် ဂျူတာမှာ သူမ၏ဆုံးဖြတ်ချက်နှင့်အညီ သူမမိခင်၏ ဆန္ဒတောင့်တချက်အတိုင်း ကိုယ်စားပြုမိခင်အဖြစ် ဆောင်ရွက်မှုအတွက် ကြံ့ကြံ့ခံကာ ရပ်တည်လျက်ရှိနေပေသည်။

## အပြစ်တင်ရှုတ်ချမှုများ

"ကျွန်မအနေနဲ့ကတော့ မိခင်ကြီးရဲ့ စိတ်ချမ်းသာပျော်ရွှင်မှုအတွက်ဆိုရင် ထပ်ပြီးတော့ ဒီလုပ်ငန်းမျိုးကို ဆန္ဒဖြည့်လုပ်ပေးဦးမှာပဲ"ဟု ဂျူတာက ပြောဆိုခဲ့သည်။

ကက်သလစ်ဘာသာဝင်များ ဖြစ်ကြသည့် ဂျူတာတို့၏မိသားစုမှာ ကိုယ်စားပြုမိခင်အဖြစ် ဆောင်ရွက်မှုကြောင့် ဘာသာရေးအာဏာပိုင်များက ပြစ်တင်ရှုတ်ချမှုကို ခံခဲ့ကြရလေ၏။

ဗြိတိန်နိုင်ငံမှ ဂျွန်ဟိုင်းဆိုသူ ကက်သလစ်ဘာသာရေးခေါင်းဆောင်ဖြစ်သူက . . .

"ကျွန်တော့်အနေနှင့် ဒီကိုယ်စားပြုမိခင်ကိစ္စကို ယေဘုယျပြောရမယ်ဆိုရင် အလွန်စက်ဆုတ်ရွံရှာ မုန်းတီးဖွယ်ရာကောင်းသော လုပ်ရပ်တစ်ခုဖြစ်ကြောင်းကို ယုံကြည်ပါကြောင်း"ဖြင့် ပြောကြားသည်။

"သို့ရာတွင် ဤဖြစ်ရပ်မျိုးသည် အခြားအခြားသောဖြစ်ရပ်များထက် ပိုဆိုးသည်ဟု မှတ်ယူရေးမှာ အထူးပင်ခက်ခဲပါကြောင်း" နိဂုံးကမ္ပတ် အဆုံးသတ်၍ပြောဆိုခဲ့လေ၏။

● KMTW

*Ref; SUN - 25 JAN, 1994 "GIRL GIVES BIRTH TO OWN BROTHER"*



www.burmeseclassic.com

www.burmeseclassic.com










**သီပေါကိုလတ် ၏**

အရှေ့ဆီက ကြာဖြူတစ်ပွင့် (သို့မဟုတ်) မိုင်းဖုန်းဆရာတော်

(ဒုတိယအကြိမ်)

**(မိုင်းဖုန်းဆရာတော်အကြောင်း ဓာတ်ပုံများနှင့်တကွ ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်)**

**ထွက်ပြီ**

---

သီပေါဟော်နန်း နှင့် တော်ဝင်နွယ်အလွမ်း (ဒုတိယအကြိမ်)

**(သီပေါဟော်နန်း အဟောင်းရေးနှင့် ရှမ်းစော်ဘွားများအကြောင်း ဖော်ပြထားသည်)**

**ထွက်ပြီ**

---

ပါရမီရှင် မိုင်းမောဝ်ကေရီ စောမွန်လှ (တတိယအကြိမ်)


**(ရှမ်းမင်းသမီး စောမွန်လှ၏ ဘဝဇာတ်ကြောင်း ဖော်ပြထားသည်)**

**ထွက်ပြီ**

**ဖြန့်ချိရေး - မိုင်းမောဝ်ကေရီစာပေ၊ ဦးလှမောင်လတ်၊ သီပေါမြို့၊ ဖုန်း-၀၉-၄၃၇၀၈၈၉၇**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# စေတနာသည်ပင်လျှင်

# တစ်ခါတစ်ရံ အမှားဖြစ်တတ်သည်

ယိုး

ကျွန်တော် ပင်စင်ယူပြီးကတည်းက အေးအေးချမ်းချမ်း ဘုရားသွား ကျောင်းတက်နေခဲ့သည်။ ဒီလိုနေနိုင်အောင်လည်း အစစအရာရာ ကြိုတင်ပြင်ဆင်ခဲ့ပြီးဖြစ်သည်။ သားသမီးတွေကို ဥစ္စာအမွေမပေးနိုင်ပေမယ့် ပညာအမွေကိုတော့ ပေးနိုင်ခဲ့သည်။ သားသမီး သုံးယောက်စလုံးကို ခေတ်ပညာတတ် ဘွဲ့ရအောင် လုပ်ပေးနိုင်ခဲ့သည်။ သားကြီးက အခုဆို စက်ာပူနိုင်ငံက ကုမ္ပဏီကြီးတစ်ခုမှာ ရာထူးကြီးကြီး၊ လစာကောင်းကောင်း ရနေပြီး ဟိုနိုင်ငံမှာ သူ့မိသားစုပါ သွားနေနိုင်အောင်တောင် စီစဉ်နေပြီ။ ကျွန်တော့်ဇဇသွေးပါသော သမီးအလတ်မတ အခုဆို အထက်တန်း ကျောင်းအုပ်ဆရာမကြီးတစ်ယောက် ဖြစ်နေပြီ။ သူ့အမျိုးသားက ပွဲရုံလုပ်ငန်းပိုင်ရှင်။ သမီးအငယ်မက အိမ်ထောင်မကျသေးဘဲ မိဘနှင့် အတူနေသည်။ သူကလည်း အိုင်အင်န်ဂျီအို ဌာနတစ်ခုမှာ ဒေါ်လာစား ဝန်ထမ်းဖြစ်သည်။ အမျိုးသမီးဖြစ်သူကတော့ သူအရင်ကတည်းက ရောင်းနေတဲ့ ရပ်ကွက်ဈေးထဲက ကုန်စုံဆိုင်လေးကိုပဲ တပ်မက်စွာဖြင့် တောကသူ့တူမတော်စပ်သူတစ်ယောက်၏ အကူအညီဖြင့် ဆက်ရောင်းနေဆဲ။ သားသမီးတွေက မရောင်းတော့ဖို့ ပြောလည်းမရ။ နင်တို့ကို ငါဒီဆိုင်လေးနဲ့ လုပ်ကျွေးလာတာလို့ အမြဲပြန်ပြောနေကျဖြစ်သည်။

ကျွန်တော်က ဝါသနာအရ ကျောင်းဆရာအလုပ်ကို ရွေးချယ်ခဲ့သည်။ အနန္တဂိုဏ်းဝင်ဆိုသော ဂုဏ်ပုဒ်နှင့်ညီအောင် ကျင့်ကြံနေထိုင်ခဲ့သည်။ နိုင်ငံတော်မှ ချီးမြှင့်သည့် လစာမှလွဲ၍ အပိုဝင်ငွေ လုံးဝမရှာခဲ့။ ဤသည်ပင်လျှင် ကျွန်တော်၏ ဂုဏ်သိက္ခာဖြစ်သည်၊ ကျွန်တော်၏ အကျင့်စာရိတ္တဖြစ်သည်၊ ကျွန်တော်၏ ကိုယ်ကျင့်တရားဖြစ်သည်။ ရပ်ရွာထဲတွင် လူအများ၏ လေးစားကြည်ညိုခြင်းကို ခံခဲ့ရသည်။ ဒါကိုပင် ကျွန်တော်ဂုဏ်ယူ၍ မဆုံးခဲ့။ ကျွန်တော်၏ ကျောင်းဆရာဘဝ တစ်လျှောက်လုံးတွင် အမှားအယွင်း ကင်းနိုင်သမျှကင်းအောင် ဆောင်ရွက်နိုင်ခဲ့သည်ဟုလည်း ယုံကြည်ခဲ့သည်။

သို့သော် . . .

ကျွန်တော်ကိုယ်တိုင် စေတနာအမှားတစ်ခုကို မသိလိုက်ဘာသာ ကျူးလွန်ခဲ့မိကြောင်းကို ပင်စင်ယူပြီးမှ သိခွင့်ရခဲ့သည်။ ကျွန်တော့်အမှားအတွက် ကြီးစွာနောင်တရခဲ့သည်။ ကိုယ့်ကိုကိုယ် ယူကျုံးမရ ဖြစ်ခဲ့သည်။ စိတ်မကောင်းခြင်းကြီးစွာလည်း ဖြစ်မိသည်။ နောက်ဆုံးမမှားသော ရှေ့နေ၊ မသေသော ဆေးသမား ဆိုသကဲ့သို့ ကျွန်တော်သည်လည်း ပုထုဇဉ်လူသားတစ်ယောက်ပဲမို့ မှားနိုင်တာပဲဟု ကိုယ့်ကိုကိုယ် ဖြေယူရသည်။

ထိုအမှားသည်ကား . . .

✦✦✦

တစ်နေ့၊ ထိုတစ်နေ့သည် ကျွန်တော် နံနက်တိုင်း လမ်းလျှောက်နေကျ နေ့များထဲမှ တစ်နေ့။ ကျွန်တော်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ခပ်လှမ်းလှမ်း လမ်းဘေးကုက္ကိုပင်ကြီး၏ မြစ်ဆုံကြီးတစ်ခုပေါ်တွင် လူတစ်ယောက်ထိုင်နေသည်ကို ကျွန်တော်ဝေးဝေးမှပင် လှမ်းမြင်နေရသည်။ တဖြည်းဖြည်းနီးလာသောအခါ လူငယ်တစ်ယောက်မှန်း သိရသည်။ လူငယ်က ခေါင်းကိုငုံ့ထားသဖြင့် မျက်နှာကိုမမြင်ရ။ သူ၏ရှည်လျားသော ဆံပင်များကလည်း သူ့မျက်နှာကို ကာရံပေးထားသကဲ့သို့ ဖြစ်နေသည်။ အသားမှာ အဖြူဘက်ပါသော်လည်း နေလောင်ထားသဖြင့် နီကြင်ကြင်ဖြစ်နေသည်။ လက်မောင်းနှင့် ခြေသလုံးများမှာ တက်တူးများပြည့်နေအောင် ထိုးထားသည်ကို တွေ့ရသည်။ ဒူးဆစ်ကဖြတ်ထားသော ဂျင်းဘောင်းဘီ ညစ်ထပ်ထပ်တစ်ထည်ကို ဝတ်ထားပြီး အပေါ်ပိုင်းတွင် အရောင်ဖျော့နေသောတီရှပ်အပြာရောင်ကိုဝတ်ထားသည်။ ကျွန်တော်လျှောက်နေသောလမ်းမှာ လမ်းမကြီးတစ်ခု မဟုတ်သလို သွားလာလည်း ရှင်းနေသည်။ လမ်းဘေးတစ်ဖက်တွင် အိမ်များထက်စာလျှင် အစိုးရရုံး အဆောက်အအုံများသာပိုများပြီး အခြားတစ်ဖက်တွင် ခြံစည်းရိုးခတ်ထားသော ရေကန်ကြီးတစ်ကန်က အလျားလိုက် ရှိနေသဖြင့် လူပိုရှင်းနေခြင်းလည်း ဖြစ်နိုင်၏။ ကျွန်တော်တို့ကဲ့သို့ လမ်းလျှောက်သူများအတွက် အလွန်သင့်တော်သော လမ်းတစ်လမ်းဖြစ်သဖြင့်လည်း နံနက်တိုင်း ဤလမ်းကိုဖြတ်၍ လျှောက်ဖြစ်သည်။ ကျွန်တော် လူငယ်အနီးသို့ ရောက်သည့်တိုင် လူငယ်က ကျွန်တော့်အား မော့ကြည့်ခြင်းမရှိဘဲ တုတ်တစ်ချောင်းနှင့် မြေကြီးကို တောင်ခြစ်မြောက်ခြစ် လုပ်နေသည်။

ကျွန်တော် ထိုလူငယ်အား ခပ်လှမ်းလှမ်းမှ အကဲခတ်ခဲ့သော်လည်း အနီးသို့ရောက်သောအခါ သူ့အားမကြည့်တော့ဘဲ ခပ်ခွာခွာမှ ဖြတ်လျှောက်ခဲ့လေ၏။ ကျွန်တော် ခြေလှမ်းဆယ်လှမ်းခန့် ကျော်သွားသောအခါ ကျွန်တော့်နောက်မှ ခေါ်သံလိုလို ကြားလိုက်ရလေ၏။

"ဆရာကြီး . . ဆရာကြီး . . ဆရာကြီး . . . ဦးဘလှိုင်လား"

အသံကြောင့် ကျွန်တော် နောက်ပြန်လှည့်ကြည့်လိုက်မိသည်။ ကျွန်တော်ဖြတ်ကျော်ခဲ့သော လူငယ်၊ ကျွန်တော့်အား စူးစိုက်ကြည့်ရင်း ကျွန်တော့်နောက်သို့ လိုက်လာနေသည်။

"ဆရာကြီး ကျွန်တော့်ကို မမှတ်မိတော့ဘူးလား၊ ကျွန်တော် စိန်တိုးလေ ဆရာကြီး"

"ဟင် . . စိန်တိုး မင်းဘယ်လိုဖြစ်တာလဲ ကလေးရယ်။ ဆရာကြီးကို ပြောပြပါဦးကွာ။ ဒါနဲ့ မင်းအမေနဲ့ မင်းအဘွားရော နေကောင်းကြရဲ့လား"

"ကျွန်တော် အေးအေးဆေးဆေး ရှင်းပြပါ့မယ် ဆရာကြီးရယ်။ ကျွန်တော်တို့ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဆိုင် ထိုင်ကြရင် ကောင်းမယ်ထင်တယ် ဆရာကြီး။ ဆရာကြီး အချိန်ရပါတယ်နော်"

"ရပါတယ်ကွာ။ ဆရာကြီးက အခု ပင်စင်ယူပြီး သွားပါပြီ။ ဒါထက် ငါ့တပည့် အခု ဒီမှာဘာလာလုပ်နေတာလဲ"

"သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားလို့ လာစောင့် နေတာ ဆရာကြီး"

ကျွန်တော်တို့နှစ်ယောက် စကားမပြောဖြစ်ကြတော့ဘဲ လက်ဖက်ရည် ဆိုင်ရှိရာ လမ်းမကြီးဘက်ဆီသို့ ဦးတည်၍ လျှောက်လာခဲ့ကြသည်။ ကျွန်တော်၏ အတွေးပုံရိပ်ထဲတွင်မတော့ ကျွန်တော်နှင့်စိန်တိုး ဆုံစည်းမှု ဘဝအပိုင်းအဆစ်များ တစ်ဆစ်ချင်း တစ်ဆစ်ချင်း ပေါ်လာခဲ့သည်ဟု ဆိုပါလျှင် . . .။

✦✦✦

စိန်တိုးဆိုတာ ကျွန်တော့်တပည့်ထဲကတစ်ယောက်။ အဖေလုပ်သူက နောက်မိန်းမယူသွားတော့ စိန်တိုးက မိတွင်းထဲမှာ။ အဖေဆိုတာ ဘာမှန်းမသိဘဲ ကျန်ခဲ့သည်။ အဖမဲ့ စိန်တိုးကို အမေနဲ့ အဘွားက ချစ်လိုက်သည့်ဖြစ်ခြင်း၊ စိန်တိုးတို့ကလည်း ဆိုးလိုက်သည့်ဖြစ်ခြင်း။ ရပ်ကွက်ထဲမှာ ကလေးချင်း ရန်ဖြစ်ပြီဆို စိန်တိုး၊ ကျောင်းပြေးလို့ အတိုင်ခံရပြန်ပြီဆိုလည်း စိန်တိုး။ ဒီလို စိန်တိုး လေးတန်းအောင်ပြီး ငါးတန်းရောက်တော့ ကျ



www.burmeseclassic.com

www.burmeseclassic.com

တော့်လက်အောက် ရောက်ခဲ့လေသည်။

စိန်းတိုးက ဉာဏ်လေးကကောင်းသည်။ သို့သော် စာမကြိုးစားချင်။ အပေါင်းအသင်းမင်သည်။ အကစား သန်သည်။ ချော့မော့ဆုံးမလျှင်လည်း ခဏ။ ရိုက်ပုတ်ဆုံးမလျှင်လည်း ကြာကြာမခံ။ သူ့အမေကိုတိုင်တော့ သူ့အမေက ကျွန်တော့်ကို ပြန်အပ်သည်။ ဆရာပဲ ကြည့်ဆုံးမပါတဲ့။ တကယ်တော့ စိန်တိုးသည် စီးပွားရေးကိုသာ အလေးထားပြီး သားကို ဂရုစိုက်မှုအားနည်းခဲ့သော မိခင်၊ ဖတဆိုးမြေးကို ချစ်လွန်းသဖြင့် အစွမ်းကုန် အလိုလိုက်ခဲ့သော အဘွား။ ထိုနှစ်ဦးကြားတွင် မြေစာပင် ဖြစ်သွားရရှာသူက လူမမည်စိန်တိုး။ ထိုမြေးအဘွား သားအမိသုံးဦးကြားတွင် မအူမလည်နှင့် ကြားညပ်နေသူက ကျွန်တော်။ ကျွန်တော်က စိန်တိုးကို ချစ်သည်။

စိန်တိုးသည် စိတ်ကောင်းရှိသည်၊ စေတနာကောင်းသည်၊ သတ္တိရှိသည်။ သတ္တိအသုံးမချတတ်တော့ မိုက်ကန်းကန်းနိုင်သလိုဖြစ်နေသည်။ ကျွန်တော်လည်း စိန်တိုးကို ဂရုစိုက်စောင့်ကြည့်သည့်ကြားမှ စိန်တိုး ကျောင်းပြေးတတ်လာသည်။ ကျောင်းပြေးပြီး ဆေးလိပ်ခိုးသောက်သည်ဟု ကြားရသည်။ နောက် လောင်းကစားလုပ်သည်တဲ့။

ကျွန်တော် စိန်တိုးကို အကြမ်းမကိုင်ချင်တော့သဖြင့် ချော့မော့ပြီး ဆုံးမသည်။ ကျွန်တော်ပြောတော့ စိန်တိုးက ငြိမ်၍နားထောင်သည်။ လိမ္မာပါမည်၊ စာကြိုးစားပါမည်ဟု ကတိပေးသည်။ သို့သော် ကြာကြာမခံ။ ခြောက်တန်းနှစ်မှာ စိန်တိုး စာမေးပွဲကျသည်။ ကျောင်းပြန်မတက်ချင်ကြောင်း သူ့အမေကို အကြောက်အကန် ငြင်းဆန်နေသဖြင့် သူ့အမေက ကျွန်တော့်ဆီ ခေါ်လာသည်။ ကျွန်တော်ပြောတော့ စိန်တိုး လက်ခံသည်။ ကျောင်းပြန်တက်ပါမည်ဟု ကတိပေးသည်။

စိန်တိုး ကျောင်းတက်ခြင်းသည် ကျောင်းလွယ်အိတ်လွယ်၍ အိမ်မှထွက်လာခြင်းသာဖြစ်သည်။ ကျောင်းသို့ရောက်သည်ထက် မရောက်သည်က များလာသည်။ ကျွန်တော် စိန်တိုးအတွက် စိတ်ပူမိသည်။ သူ့အမေကို ခေါ်ပြောတော့ သူ့အမေက ငိုသည်။ ဆရာပဲ ဆုံးမပေးပါဟု ပြောပြန်သည်။ သို့သော် စိန်တိုးနှင့်ကျွန်တော် တွေ့ချိန် အလွန်နည်းသွားသည်။ စိန်တိုးသည် ကျောင်းတက်သည့် ရက်များတွင်ပါ ကျွန်တော့်အချိန်များတွင် ကျောင်းမတက်ဘဲ ရှောင်နေတတ်သည်။ စိန်တိုး၏မကောင်းသတင်းများကား ကျွန်တော့်နားနှင့် မဆံ့တော့ပါ။

ကျွန်တော် ဒီကလေးအတွက် တစ်ခုခုလုပ်မှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။ ကျွန်တော့် ဆုံးဖြတ်ချက်အတိုင်း သူ့အမေကို ကျွန်တော်ပြောတော့ သူ့အမေက ပထမလက်မခံ။ သူ့အဘွားကဆိုလျှင် ခါးခါးသီးသီး ငြင်းသည်။ ကျွန်တော် မနည်းကြီးရှင်းပြမှ သူ့အမေက လက်ခံသည်။ သူ့အဘွားဖြစ်သူကတော့ ဘာမျှမပြောဘဲ မျက်နှာတစ်ဖက်လွှဲနေသည်။ ကျွန်တော် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရပါသည်။ သူ့အမေ မျက်ရည်ကျတာကို ကျွန်တော် မကြည့်ရက်နိုင်ခဲ့ပါ။ သို့သော် စိန်တိုးအတွက် ဆရာတစ်ယောက်အနေနဲ့ ကျွန်တော်အကောင်းဆုံးရွေးချယ်၍ ကျွန်တော်လုပ်ပေးခဲ့သည်။

စိန်တိုး ကျောင်းနှင့်ဝေးသွားပြီးနောက်ပိုင်း ကျွန်တော်လည်း အလယ်တန်းကျောင်းအုပ်ရာထူးတိုးပြီး အခြားကျောင်းတစ်ခုသို့ ပြောင်းသွားရသဖြင့် စိန်တိုးအကြောင်း အဆက်ပြတ်သွားသည်။ တစ်ခါတစ်ရံ စိန်တိုးကို သတိရသော်လည်း လူကောင်းတစ်ယောက်ဖြစ်နေသော စိန်တိုးကိုသာ မျက်လုံးထဲတွင် မြင်ယောင်ခဲ့မိသည်။ ကျွန်တော် အလယ်တန်းကျောင်းအုပ်မှ အထက်တန်းကျောင်းအုပ်သို့ပင် ရာထူးထပ်တက်ခဲ့ပြီး အထက်တန်းကျောင်းအုပ်ကြီး အငြိမ်းစားဟူသော ဂုဏ်ပုဒ်ကိုပင် ဖြိန့်ဖြိန့်ကြီး ခံစားနေရပေပြီ။ မှန်ရာကို ဝန်ခံရလျှင် စိန်တိုးသည် ကျွန်တော်၏ စိတ်အာရုံ၌ မေးမှိန်ပျောက်ကွယ်ခဲ့လေပြီတည်း။

✦✦✦

လက်ဖက်ရည်နှစ်ခွက် ကျွန်တော်တို့ရှေ့ ရောက်လာတော့ စိန်တိုးက စကားစသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ဆရာကြီးပို့လိုက်တဲ့ '---'ဆိုတဲ့ လူငယ်ပြုပြင်ရေးဂေဟာကို ရောက်ခဲ့ကတည်းက ကျွန်တော့်ဘဝ အခုလို ဖြစ်သွားတာပဲလို့ ပြောရင် ဆရာကြီး ယုံမလားမသိဘူး ခင်ဗျာ"

စိန်တိုးက ကျွန်တော့်အား ရိုရိုသေသေ ပြောနေခြင်းဖြစ်သော်လည်း သူ့မျက်လုံးများနှင့် သူ့အပြုံးက ကျွန်တော့်အား ခနဲ့တဲ့တဲ့လုပ်နေသလို ကျွန်တော် ခံစားနေရသည်။

"ဆရာကြီးကို သေသေချာချာ ပြောပြပါလား တပည့်ရာ"

"ကျွန်တော် ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ ပြောမပြချင်ပေမယ့် ဆရာကြီးကိုတော့ ပြောပြပါ့မယ်။ ကျွန်တော့်ဘဝဟာ အဲဒီအချိန်ကစပြီး စိန်ခေါ်မှုတွေကို ရင်ဆိုင်ခဲ့ရတာပဲ ဆရာကြီး။ ကလေးတစ်ယောက်ရဲ့ ခံနိုင်အားနဲ့ မမျှအောင် ခံစားခဲ့ရတယ်။ အဲဒီဂေဟာကြီးရဲ့ ရည်ရွယ်ချက်တွေ၊ လုပ်ဆောင်ချက်တွေကို ကျွန်တော် မသိဘူး။ နားလည်း မလည်ဘူး။ ကျွန်တော်သိတာက အရင်ရောက်နှင့်တဲ့ အကောင်တွေက ပိုင်းအနိုင်ကျင့်ကြတယ်။ ဘယ်လိုအနိုင်ကျင့်ကြသလဲဆိုတာတော့ ကျွန်တော် မပြောတော့ပါဘူး။ ဒါပေမယ့် ခါးစည်းပြီး ကျွန်တော် ခံခဲ့တယ်။ ဒါပေမယ့် ဆရာကြီးရယ် ခံတယ်ဆိုတာ ခံနိုင်ရည်စွမ်းရှိသလောက်ပဲ ခံနိုင်မှာပေါ့။ ခံနိုင်ရည်စွမ်း ကုန်သွားရင်တော့ ခွေးတောင် ချောင်ပိတ်ရိုက်ရင် ပြန်ကိုက်သေးတာပဲဟာ။ စိန်တိုးဆိုတဲ့ကောင်ရဲ့ ဇကိုလည်း ဆရာကြီးလည်း သိခဲ့တာပဲ။ အဲဒီမှာ ဆရာကြီး လုပ်နေတဲ့ ကောင်အားလုံးကို ကျွန်တော် ဦးကျိုးသွားအောင် ကျွန်တော်လုပ်နိုင်ခဲ့တယ်။ ကျွန်တော်ကိုယ်တိုင် ဆရာကြီးတစ်ဆူ ဖြစ်လာခဲ့တယ်။ အဲဒီမှာ ကျွန်တော် ပညာတွေအများကြီး ရခဲ့တယ်။ ကျွန်တော့်ဘဝလမ်းကို ဆက်လျှောက်ဖို့ အတွေ့အကြုံတွေ၊ အတတ်ပညာတွေ အလုံအလောက်ကို ရခဲ့ပါတယ်။ အဲဒီမှာ နှစ်နှစ်နေပြီးတော့ ကျွန်တော် အပြင်ရောက်လာခဲ့တယ်။ ကျွန်တော် အိမ်ပြန်ရောက်ခဲ့ပေမယ့် ကျွန်တော် အိမ်မှာမပျော်တော့ဘူး။ ကျွန်တော်မရှိတုန်း အဘွားက ဆုံးသွားခဲ့တယ်။ ကျွန်တော့်စိတ်ကြောင့်လို့ အမေကပြောတယ်။ အမေလည်း နောက်အိမ်ထောင်ပြုခဲ့တယ်။ အဲဒါကကော ကျွန်တော့်စိတ်ကြောင့်လားလို့ အမေ့ကို ကျွန်တော်မေးတော့ အမေငိုတယ်။ ကျွန်တော် အမေ့ကိုချစ်ပါတယ်။ အမေ အိမ်ထောင်ပြုတာကိုလည်း ကျွန်တော် အပြစ်မမြင်ပါဘူး ဆရာကြီးရယ်။ ကျွန်တော် လိမ်လိမ်မာမာ နေမယ်လို့ ကျွန်တော်ဆုံးဖြတ်ခဲ့တယ်။ ဒါပေမယ့် အမေ့နောက်အိမ်ထောင် ကျွန်တော့်ပထွေးက ကျွန်တော့်ကို သိပ်မကြည်ဘူး။ အကျင့်စာရိတ္တမကောင်းတဲ့ လူငယ်တစ်ယောက်လို့ မြင်တယ်။ အပြစ်ပြောချင်တယ်။ ကျွန်တော်နဲ့ မကြာခဏစကားများတယ်။ ကြားထဲက အမေစိတ်ညစ်ရတယ်။ နောက်ဆုံး ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်ပြီးကတည်းက ကျွန်တော် အိမ်ပေါ်က ဆင်းလာခဲ့တယ်။ အမေ့ကိုတွေ့ချင်ရင် အမေရှိမယ့်နေရာကို ကျွန်တော် သွားတွေ့တယ်။ ပိုက်ဆံလေးဘာလေးရှိရင်လည်း အမေ့ကို ကျွန်တော်ပေးတယ်။ အမေက လက်မခံပါဘူး။ ငါ့သားသုံးပါတဲ့ ပြန်ပေးတယ်။ ကျွန်တော့်မှာ ပိုက်ဆံပြတ်နေရင်လည်း အမေ့ဆီမှာ တောင်းတယ်။ နောက်ပိုင်းတော့ မတောင်းတော့ပါဘူး။ အမေနဲ့လည်း အဆက်အသွယ် ပြတ်သလောက် ဖြစ်သွားခဲ့တယ်။ အခု ကျွန်တော့်မှာ ကျွန်တော့်အတွက် လုံခြုံမှုအရှိဆုံး အိမ်တစ်လုံးရှိနေပြီ ဆရာကြီး။ အဲဒီအိမ်မှာ ကျွန်တော်ပျော်တယ်။ အဲဒီအိမ်မှာ ကျွန်တော် ဆရာကြီးလုပ်လို့ရတယ်။ တစ်နည်းပြောရရင်တော့ ဆရာကြီး ကျေးဇူးတွေလည်း ပါပါတယ်လေ"

စိန်တိုးသည် ကျွန်တော့်အား ရှည်လျားစွာ စကားများပြောခဲ့လေ၏။ သူပြောသော အိမ်အကြောင်းကို ကျွန်တော်သဘောမပေါက်ခဲ့သည့်တိုင် ကျွန်တော် စိန်တိုးကို ရှင်းပြဖို့ မတောင်းဆိုဖြစ်ခဲ့ပါ။ နောက် ကျွန်တော် သဘောပေါက်သွားသောအချိန်တွင် ကျွန်တော် တော်တော်စိတ်မကောင်းဖြစ်သွားသည်။ အဲဒီအချိန်[...] ကျွန်တော်က မသိသားဆိုးဝါးစွာ မင်းပြောတဲ့ အိမ်



www.burmeseclassic.com

www.burmeseclassic.com

အကြောင်း ရှင်းပြပါဟု မေးမိခဲ့ပါလျှင် စိန်တိုး ကျွန်တော့်တို့ တစ်ခုခုများလုပ်လေမလားဟုပင် တွေး၍လန့်ခဲ့မိသည်။

"ဆရာကြီး တော်တော်ကြီးကို စိတ်မကောင်းဖြစ်ရပါတယ် တပည့်ရာ။ တစ်ဆက်တည်း ဆရာကြီးကို ခွင့်လွှတ်ဖို့လည်း တောင်းပန်ပါတယ်။ ဆရာကြီး ငါ့တပည့်အပေါ်မှာ ရည်ရွယ်ခဲ့တာက ကောင်းစေချင်တဲ့ စေတနာပါ။ အခုဖြစ်သွားတာက ငါ့တပည့်ကို အဆိုးဆုံးဆီကို တွန်းပို့လိုက်သလို ဖြစ်သွားရတာ ဆရာကြီးရဲ့ ကျောင်းဆရာဘဝသက်တမ်းတစ်လျှောက်မှာ ပြုပြင်လို့မရနိုင်တော့တဲ့ အမှားတစ်ခုကို ကျူးလွန်ခဲ့မိပါတယ်ကွာ"

"ကျွန်တော် ဆရာကြီးကို အပြစ်မတင်ပါဘူး။ ဆရာကြီးရဲ့ စေတနာကိုလည်း နားလည်ပါတယ်။ ဒါတွေအားလုံးဟာ ဘယ်သူမပြုမိမိမှုတွေပါ ဆရာကြီး။ နောက်ပြီး အခုလည်း ကျွန်တော့်ရဲ့ လက်ရှိဘဝမှာ ကျွန်တော် ပျော်နေပါပြီလေ။ ဆရာကြီး စိတ်မကောင်း မဖြစ်ပါနဲ့"

"ဒါနဲ့ စိန်တိုး၊ မင်းအခု ဘာတွေလုပ်နေလဲ တပည့်ရာ"

"ကျွန်တော်လား။ ကျွန်တော်အခု လူမိုက်လုပ်နေတယ် ဆရာကြီးရဲ့"

"ဘယ်လိုလူမိုက်လဲ တပည့်ရာ။ လူမိုက်လုပ်တယ်လို့ပဲ ရှိရသလားကွာ"

"ဆရာကြီးက တော်တော်ရိုးတာပဲနော်။ ရှိတာပေါ့ ဆရာကြီးရဲ့။ လောကမှာ ကောင်းမှုမှာပျော်သူတွေ ရှိသလို မကောင်းမှုမှာ ပျော်သူတွေလည်း ရှိတာပဲဟာ။ ကျွန်တော်အခုလုပ်တဲ့ လူမိုက်က ကြေးစားလူမိုက်။ နိုက်ကလပ်တစ်ခုက ကျွန်တော့်ကို ပိုက်ဆံပေးပြီး ငှားထားတာ။ သူ့ကလပ်မှာ ပြဿနာလာရှာတဲ့ကောင်တွေကို ညာပေးဖို့ သက်သက်ပဲ။ ဘာမှလုပ်စရာ မလိုဘူး။ ကျွန်တော့်စားဝတ်နေရေးအတွက် အဆင်ပြေပါတယ် ဆရာကြီး။ ဒါပေမယ့် ကျွန်တော် မပျော်ဘူး။ ကျွန်တော်ပျော်တာက အထဲမှာ။ ကျွန်တော် အထဲပဲပြန်ဝင်ချင်နေတယ်။ အခုလာတာလည်း အထဲကပြန်ထွက်လာတဲ့ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကိုလာတွေ့တာ။ ဒီကောင့်ဆီက အထဲက အခြေအနေလေး ဘာလေးသိချင်လို့"

စိန်တိုးဆီက ကျွန်တော်ကြားလိုက်ရသော စကားများသည် ကျွန်တော့်တစ်သက် ကျွန်တော့်တပည့်များဆီကကြားရလိမ့်မည်ဟု လုံးဝမျှော်လင့်ထားခြင်း မရှိသော စကားများဖြစ်နေသည်။ ကျွန်တော့်ရင်တွေ ခုန်နေသည်။ ကျွန်တော် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်နေမိသည်။ ကျွန်တော် စိန်တိုးကို ဘာမှ ပြန်မပြောမိနိုင်လောက်အောင်ပင် မှင်တက်မိနေခဲ့သည်။ ကျွန်တော့်မျက်ဝန်းအစုံတွင် မျက်ရည်များပင် ဝဲချင်ဝဲနေပေလိမ့်မည်။

"ဆရာကြီး ကျွန်တော့်ကို သွားခွင့်ပြုပါ။ ဆရာကြီးကို ကျွန်တော် တန်တော့ခဲ့ပါတယ်"

စိန်တိုး ကျွန်တော့်ကို ဦးသုံးကြိမ်ချပြီး တန်တော့သွားသည်။

စိန်တိုး၏ခေါင်းကို ကျွန်တော် လက်ဖြင့်သပ်ရင်း ကျွန်တော့်ရင်ထဲတွင် ဆို့တက်လာခဲ့ပါသည်။ ကျွန်တော် ဟန်မဆောင်နိုင်တော့ပါ။ ကျွန်တော့်မျက်ရည်များက စိန်တိုး၏ ဆံပင်များကြားသို့ တိုးဝင်ပျောက်ကွယ်သွားကြသည်။ စိန်တိုးလည်း ကျွန်တော့်အနီးမှ တစ်ခဏအတွင်း ပျောက်ကွယ်သွားခဲ့ပေပြီ။ ကျွန်တော့်ရင်ထဲတွင် ဟာလာဟင်းလင်းကြီး ဖြစ်ကျန်ခဲ့သည်ဟု ထင်ရသည်။ ကျွန်တော် အမြဲဂုဏ်ယူလေ့ရှိသည့် အနန္တဂိုဏ်းဝင်ဆိုသော ဂုဏ်ပုဒ်ကြီးလည်း စိန်တိုးနှင့်အတူပါသွားခဲ့ပြီဟု ကျွန်တော့်စိတ်ထဲတွင် ထင်နေမိသည်။ ကျွန်တော် လမ်းဆက်မလျှောက်ဖြစ်တော့ဘဲ အိမ်သို့ တန်းပြန်လာခဲ့သည်။ အိမ်ပြန်ရောက်တော့ ကျွန်တော့်ကို ဆီးကြိုနှုတ်ဆက်မည့်သူ မရှိပါ။ သမီးအငယ်မက သူ့အလုပ်သွားဖို့ ပြင်ဆင်နေပေလိမ့်မည်။ ဇနီးဖြစ်သူက ဈေးထဲတွင် သူ့အရောင်းအဝယ်ကိစ္စနှင့် အလုပ်ရှုပ်နေပေလိမ့်မည်။ ကျွန်တော် ပက်လက်ကုလားထိုင်ပေါ်သို့ အရှုပ်ကြီးပြုတ် ထိုင်ချလိုက်ချိန်တွင် အခန်းထဲမှထွက်လာသော သမီးအငယ်မက အဖေ သမီးအလုပ်သွားတော့မယ်နော် . . . တဲ့။

■သိုး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဆားကျင်းအန္တရာယ်

## လေးမြောက်

ဆောင်းကာလဟု ဆိုရမည်။ ပြောရမည်ဆိုလျှင် ပြာသိုလဖြစ်သည့်အတွက် ကျားများ မိတ်ဆော့သည့်ကာလပင်။ ကျွန်တော်နှင့် ရွာခံမုဆိုးယဉ်ကြိုင်တို့နှစ်ယောက် ဆားငန်ကျင်းရှိ မြင့်မားသော သစ်ပင်ထက် လင့်ထက်ဆီ ရောက်တော့ ညနေ ၃ မောင်းပင်။

အအေးဒဏ်ကို ခံနိုင်စေရန် မိုးကာထားသည့် လင့်စင်ထက်မှ ကျောပိုးအိတ်နှင့် သေနတ်များကို နေရာချပြီး ဝန်းကျင်ကိုကြည့်လိုက်ရာ လပြာသိုနှင့်အညီ သစ်ရွက်သစ်ခက်တွေအကြားမှ ညနေစောင်း နေရောင်ခြည်ပြောက်တွေကြားမှာ နှင်းငွေ့တို့ လိုက်ကာရောယှက်နေသည်။

သဘာဝအလျောက် ဖြစ်ပေါ်နေသည့် ဆားကျင်း(ဆားငန်တွင်း)ဆီ လှမ်းကြည့်လိုက်ရာ တောင်ကမ်းပါးယံ အခြေခံပ်နက်နက် ကလိုင်လို ချိုင့်ဝင်နေသည့် တွင်းကြီးဆီမှ နှင်းငွေ့တို့ ဝေ့ဝဲကာ နေရောင်ခြည်တန်းကလေးတို့နှင့် ရောင်ပြန်တဖျပ်ဖျပ် တောက်ပနေသည်ကို တွေ့လိုက်ရသည်။ သို့အတွက် ကျွန်တော်က ...

"လက်နှိပ်မီးတွေ ဓာတ်လဲပြီး မီးစ အစုအကျဲ စမ်းထား မောင်ယဉ်ကြိုင်။ ၄ နာရီမထိုးခင်ကတည်းက အမှောင်က တာစူနေပြီကွ"

ကျွန်တော် ပြောလိုက်သည့်စကားကြောင့် ယဉ်ကြိုင်က ကျောပိုးအိတ်အတွင်းမှ ဓာတ်မီးနှစ်လက်ကို ထုတ်ကာ လိုအပ်သည့် ပြင်ဆင်မှုများကို လုပ်နေသလို ကျွန်တော်ကလည်း ယူဆောင်လာခဲ့သော သေနတ်များအတွင်း ကျည်သစ်ဖြည့်ခြင်း၊ မောင်းတင်ခြင်းနှင့် အရေးကြုံက အသင့်ယူဆောင်ပစ်ခတ်နိုင်ရန် အဆင်သင့်ပြုလုပ်ကာ နှစ်ဦးသားအလယ်တွင် အသင့်ချထားလိုက်သည်။

ရာသီကာလနှင့်အညီ မြွေဟောက်တောင်ကြီး၏ အချမ်းနှင့် အအေးဓာတ်ကား လွန်ကဲလှပေသည်။ ရိုးမကြီးအတွင်းမို့လည်း ညနေစောင်းသည်နှင့် နှင်းတို့ကပါလိုက်လာပြီး အအေးကလည်း လွန်ကဲလာခြင်းပင်။

ကျွန်တော်တို့နှစ်ဦးသား လင့်ပေါ်သို့ရောက်ပြီး ပြင်ဆင်ချိန် သေပါ

www.burmeseclassic.com

www.burmeseclassic.com

အဝင် လက်မှနာရီကို ကြည့်လိုက်တော့ ညနေ ၄း၃၀ နာရီပင် ရှိသော်လည်း ရိုးမကြီးမှာ တိတ်ဆိတ်ငြိမ်သက်လွန်းသည်ဟု ထင်နေရသည်။ အိပ်တန်းတက် ကျေးငှက်တို့ အော်သံများမှအပ ချေဟောက်သံ၊ ဒရယ်(ဂျီ)သံ၊ ဆတ်တစ်သံကိုမျှ မကြားရ။ လှုပ်ရှားနေသည်က ကျွန်တော်တို့နှစ်ဦးတည်းသာဟုထင်မှတ်နေရသလောက်ပင်။ ဝန်းကျင်အနေအထားကို အကဲခတ်ရုံဖြင့် စိတ်ကို ငြိမ်းငွေ့လာစေရုံသာမက စိတ်အားလည်း ငယ်စရာပင်ကောင်းနေသည်။

ရာသီက အေးလွန်းလာသည်မို့ နှစ်ဦးသား စစ်ဆွတ်တာ ခေါင်းစွပ်တို့ ဝတ်ဆင်လိုက်သည့်တိုင် အအေးက ပိုကဲနေသည်မို့ ယူဆောင်လာသည့် ပုလင်းထဲက ပါစကကို အနည်းငယ်စီ မော့လိုက်ကြတော့မှ နှလုံးဝမ်းမီး တောက်လောင်လာသည်မို့ နေသာထိုင်သာ ရှိသွားကြသည်။

နှစ်ဦးသား လင့်ထက်တွင် နေရာယူပြီး တစ်နာရီခန့် ကြာသည့်တိုင် မထူးခြားသေး။ အိပ်တန်းတက် ကျေးငှက်သံ မကြားရတော့သော်လည်း ညပိုးမွှားကလေးတို့ အော်မြည်သံ၊ သစ်တက်ဖားပျံကလေးတို့ အော်မြည်သံ၊ အစာရှာ မြွေတွန်သံကလေးတွေကို တော့ ကြားရစပြုလာသည်။ ထိုစဉ် လက်ဝဲဘက်'မြွေဟောက်တောင်ကြီး' ထက်ဆီမှ တဝေါဝေါနှင့် တောပြိုသလို အမဲကောင်အုပ်ကြီး တထိတ်တလန့်အသွင် ပြေးဆင်းလာသံလိုလို အသံရှည်ကြီးကို ထိတ်လန့်ဖွယ် ကြားလိုက်ရသည်။

အမှတ်မထင် ကြားလိုက်ရသည့် ထိုအသံကြီးကြောင့် အလိုလို အားငယ်နေမိသော ကျွန်တော့်မှာ တသိမ့်သိမ့်တုန်အောင် ကြောက်လန့်သွားရင်း အလယ်တွင်ချထားသော သေနတ်ကို ဆွဲယူကာ ပစ်ခတ်ရန် ထိုးချိန်ထားလိုက်မိသလို မောင်ယဉ်ကြိုင်ကလည်း ကျွန်တော့်လို ထိုးချိန်ထားလိုက်သည်ကို တွေ့လိုက်ရပေသည်။ ပြောရလျှင် ကြက်သီးများပင်ထကာ ခေါင်းမှဆံပင်တို့ပင် ထိုးထိုးထောင်ထောင်ဖြစ်ပြီး ခြေတုန်လက်တုန်ဖြစ်ကာ ကျောချမ်းလာမိသည်က အမှန်။

ထိုအသံကြီးကြောင့် စောစောက ကြားနေရသည့် အိပ်တန်းဝင် ကျေးငှက်သာရကာတို့ အော်ဟာစ်ပျံသန်း ပြေးထွက်သွားကြသည့် အသံများကလည်း ဝန်းကျင်ကို ကိုင်လှုပ်နှိုးလိုက်သည့်နှယ် ဟိန်းသွားသည်ကိုလည်း ကြားလိုက်ရသည်။ အတန်ကြာတော့ တောကြီးကား ပြန်လည်ငြိမ်သက်သွားပြန်သည်။ ငြိမ်ပြန်တော့လည်း စောစောက ဖြစ်ပျက်ခဲ့သည်များသည် သူနှင့်မပတ်သက်သယောင် မာယာဆောင်နေသလိုမျိုး။ ကျွန်တော့်စိတ်တွင် ငှက်ဆိုးထိုးသံ လည်းမကြားရဘဲ တောပြိုသံကြီးကိုသာ ကြားနေရသည့်အတွက် တောခြောက်ခံနေရပြီဟု တွက်ဆလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ယခု ကျွန်တော်တို့ စောင့်နေသည့် ဆားကျင်း(ဆားငန်တွင်း)ကို အချို့က (ကျတွင်း)ဟုလည်း ခေါ်ကြသည်။ သဘာဝအလျောက် မြေကြီးက ငန်နေသည့်အတွက် တောနေသတ္တဝါတို့ လာရောက်ပြီး မြေငန်ကို စားကြသည်။ ထိုနေရာမျိုးတွင် မြင်အပ်မမြင်အပ်သည့် ပရလောကသားတို့ကလည်း လာရောက်အနှောင့်အယှက်ပြုတတ်ကြသည်ဟု သိထားသောကြောင့်ပင်။

"ကြက်ဝက် ခြောက်ကောင်"

တောလုံငှက်ကလေး အော်မြည်သံကို အဝေးဆီမှ ကြားနေရသည်။ အချို့သော မုဆိုးကြီးများက ထိုသို့ အော်မြည်သံ ပေးတတ်ကြသည့် တောလုံငှက်ကလေးတွေ အော်သံကို ကြားရပါက ဘေးအန္တရာယ်ကင်းသည်ဟု အဆိုရှိကြပြန်သည်။ သို့ဆိုလျှင် စောစောကကြားလိုက်ရသည့် အသံကြီးကား မည်သို့ဖြစ်မည်နည်း။

"ယဉ်ကြိုင် စောစောက အသံကြီးကို မင်းဘယ်လို ထင်လဲကွ"

ကျွန်တော်က ပုလင်းထဲက ပါစကရည်ဖြင့် ရဲဆေးတင်တာ ချောင်းငါးကြော်ကိုပါ ဝါးနေရင်း အနီးရှိ ရွာခံမုဆိုးကို လေသံနှင့် မေးလိုက်တော့

"ကျွန်တော် သိသလောက်ကတော့ လုံးပတ်အတော်ကြီးတဲ့ စပါးကြီးမြွေကြီးတစ်ကောင်ဟာ မြွေဟောက်တောင်ပေါ်တက်ပြီး နေပူစာလှုံတတ်ပြီး အန္တရာယ်တစ်စုံတစ်ရာနဲ့ ကြုံရင် ခုလိုပဲ တောင်အောက်ကို ပြေးဆင်းရင်း သစ်ရွက်ခြောက်တွေပေါ်က လျှောဆင်းလို့ ခုလိုအသံကြီးမျိုး ကြားရတာလို့ ကြားဖူးတယ် ဘိုလေးရဲ့၊ ကိုယ်တွေ့တော့ မမြင်ဖူးသေးဘူး"

"အဲဒီ စပါးကြီးမြွေက ဘယ်လောက်တောင် ကြီးသလဲကွ။ မင်းကြားမိသလောက် ပြောစမ်းပါဦး"

"ကြားမိတာတော့ လူကြီးလက်တစ်ပိုင်းစာလောက်ကြီးတဲ့ အကောင်ကြီးလို့ ကြားမိတာပဲ။ မုဆိုးဦး... အားပြောပြလို့ သိရတာပါ။

www.burmeseclassic.com

က မြွေကြီးရွှေဘုတ်တဲ့လေ။ ရာဇဝင်ရှိတယ်ဗျ''

''ဟုတ်လား။ လုပ်စမ်းပါဦးဟ ဗဟုသုတအဖြစ်နားထောင်ရအောင်''

''ဒီလိုတဲ့ဗျ။ ဒီမြွေပဟောက်တောင်ကြီး ဟိုမှာဘက် တောင်ခြေရွာကလေး တစ်ရွာရှိတယ်။ ရွာနာမည်ကတော့ 'ရေသိုး'ဆိုတဲ့ ရွာကလေးပေါ့။ များသောအားဖြင့် ရှမ်းလူမျိုးစုတွေ စုပေါင်းနေတဲ့ ရွာကလေးပေါ့။ လုပ်ငန်းကတော့ သစ္စာပန်းစိုက်သလို၊ သံပရာ၊ ရှောက်၊ မာလကာ၊ သရက်၊ ငှက်ပျော၊ ဝါး စသည်ပေါ့လေ။

အဲဒီရွာမှာ သစ္စာပန်းစိုက်တဲ့ အပျိုကြီး မရွှေထုတ်ဆိုတာ ရှိတယ်။ တစ်နေ့ ပန်းပင်တွေအောက် ပေါင်းရှင်းနေရင်း စပါးကြီးမြွေပေါက်ကလေး တစ်ကောင်ကို ပန်းစိုက်ခင်းထဲမှာ တွေ့တယ်လေ။ သနားလို့ဆိုပြီး မွေးတယ်။ နာမည်ကိုလည်း မြွေမလေးမို့လို့ 'မရွှေဘုတ်'ဆိုပြီး နာမည်ပေးထားလိုက်တယ်။ တဖြည်းဖြည်း ကြီးလာသလို အလွန်လည်း လိမ္မာတယ်ဆိုပဲ။ ယယ်စဉ်တုန်းကတော့ အကောင်လေးသေးတော့ ဘယ်သွားသွား ခေါ်သွားတယ်လေ။

တဖြည်းဖြည်းကြီးလာတော့ ခေါ်သွားလို့လည်းမရတော့ မရွှေထုတ်လည်း ဘယ်ကိုမှ မသွားဘဲ အိမ်မှာပဲ အတူနေကြတယ်။ တစ်ဦးနဲ့တစ်ဦးလည်း သိပ်ချစ်ကြတယ်ဆိုပဲ။ ဒီလိုနဲ့ အချိန်တွေ ကြာလာတာနဲ့အမျှ မရွှေဘုတ်က ဒေါ်ရွှေထုတ်အဆင့် ရောက်လာသလို မရွှေဘုတ်ဆိုတဲ့ မြွေကြီးကလည်း အလွန်ကြီးမားတဲ့ စပါးကြီးမြွေကြီး တစ်ကောင်အဖြစ် ရောက်လာတယ်။

တစ်နေ့တော့ ရွာသူရွာသားတွေက ပန်းစိုက်ခင်းထဲမှာ ဒေါ်ရွှေထုတ်ကို မတွေ့လို့ နေမကောင်းဘူးအထင်နဲ့ ခြံထဲကို ဝင်ကြည့်တော့ မရွှေထုတ်တစ်ယောက် ဘုရားကျောင်းဆောင်အောက်မှာ ဖျာခင်း၊ လှပသေသပ်စွာနဲ့ လိမ်းခြယ်ထားတဲ့ သနပ်ခါး၊ ကိုယ်ပေါ်မှာ အဝတ်အစားအသစ်တွေ ဖြန့်ခင်းပြီး သေဆုံးနေတဲ့ မရွှေထုတ်အလောင်းကိုတွေ့လိုက်ရသလို ... အလောင်းအနီးမှာ ကိုယ်လုံးကို ရစ်ခွေပြီး ငူငူငိုင်ငိုင်ကြီးဖြစ်နေတဲ့ မြွေကြီး မရွှေဘုတ်ကိုလည်း တွေ့လိုက်ကြရတယ်။

စပါးကြီးမြွေမကြီး မရွှေဘုတ်ဟာ ရွာကလူတွေ ရောက်လည်းလာရော အိမ်ပေါ်ကနေ အောက်ကိုဆင်းပြီး တောင်ခြေဘက်ကိုဆင်းသွားတော့တာပါပဲ။ အဲဒီညမှာပဲ ရွာလူကြီးကို အိပ်မက်ပေးတာက တောင်ခြေမှာ ထီးတည်းကြီးပေါက်နေတဲ့ ညောင်ပင်ခြေရင်း မြစ်ပျဉ်းကြီး သုံးလှမ်းအကွာ မြေကြီးတွင်း အိုးနှင့်ထည့်ထားတဲ့ ရွှေမန်ကျည်းတောင့် သုံးတောင့်ကို တူးဖော်ပြီး အသုံးစရိတ်လုပ်ဖို့၊ ဂူလုပ်ဖို့နဲ့ အမျှအတန်းဝေဖို့အတွက် အိပ်မက်ပေးတယ်လေ။ ရွာလူကြီးလည်း အိပ်မက်အတိုင်းသွားရှာတော့ ရွှေမန်ကျည်းတောင့် တွေ့ရတယ်။ ရောင်းချပြီး အိပ်မက်ထဲကအတိုင်း လုပ်ပေးလိုက်ပြီးတဲ့နောက် မရွှေဘုတ်လည်း ပျောက်သွားတော့တာပဲ''

''ခုလို အချိန်မျိုးမှာ စပါးကြီးမြွေကြီး မရွှေဘုတ်ဟာ တောင်ပေါ်တက်ပြီး နေပူစာလှုံတယ်။ အန္တရာယ်တစ်ခုခု အရိပ်အမြွက်ကိုတွေ့ရင် ခုလိုပဲ တောင်အောက်ကို ပြေးဆင်းရင် ခုလို အသံကြီးမျိုးကို ကြားရတယ်လို့ ပြောကြတယ်။ ကျွန်တော်ကတော့ ဒီအသံမျိုးကို ခုမှပဲ ကြားမိတယ်လေ။ ကျွန်တော့်စိတ်အထင်တော့ မြွေကြီးရွှေဘုတ်အသံပဲ ဖြစ်မယ်ထင်တယ်''

''ဒီလိုဆိုရင် အဲဒီမြွေကြီး ရွှေဘုတ်က တောင်ခြေက ဘယ်နေရာမှာ နေလဲကွ။ လူတွေကို အန္တရာယ်မပေးဘူးလား''

''သူ့သခင်မ မရွှေထုတ်ဂူအောမှာလို့ ပြောကြတာပဲ။ လူတွေကို အန္တရာယ်မပေးပါဘူး''

ထိုစဉ် ...

''တစ်တီတူး ...တစ်တီတူး တစ်တီတူး''

ထိုသို့ပြောနေစဉ် တစ်တီတူးမောင်နှံ ကောင်းကင်သို့ လှည့်ပတ်ပျံသန်းရင်း စူးစူးဝါးဝါး အော်ဟစ်နေသံများကို ကြားလိုက်ကြရသည်။ ကျွန်တော်တို့နှစ်ဦးသား အသာလက်ကုတ်ပြီး လင့်စင်ပေါ်တွင် ငြိမ်နေလိုက်ကြရင်း တစ်ဦးမျက်နှာ တစ်ဦးကြည့်လိုက်ကြရင်း အဓိပ္ပာယ် ရှာနေလိုက်ကြသည်။ အဘယ်ကြောင့်ဆိုသော် ငှက်အော်သံတွင် အဓိပ္ပာယ်တစ်ခု သက်ရောက်မှု ရှိနေသည့်အတွက်ပင် ဖြစ်ပေသည်။

တစ်တီတူး ငှက်ဆိုသည်က အတောင်ပံပါပြီး မိုးပေါ်တွင် ပျံသန်းသည့် အခြားသောငှက်မျိုးနှင့် တူသော်လည်း မတူညီဘဲ ကွဲပြားခြားနားချက်ရှိသည့် ငှက်ယယ်မျိုး ဖြစ်သည့်အတွက်ကြောင့်ပင်။

တစ်တီတူး ငှက်ဆိုသည်က အမှုမဲ့ အမှတ်မဲ့ကြည့်လျှင် ရင်ဘုန်



www.burmeseclassic.com

www.burmeseclassic.com

သားများ တွေ့မြင်နေရသည့် 'စင်ရော် ငှက်' (ရေကြောင်းပြ) ငှက်ကလေး များနှင့် သဏ္ဍာန်တူသည်။ အသံက တော့ ကိုယ့်အမျိုးကို ပြန်ခေါ်ကြသည့် အော်သံမျိုး။

အခြားသောငှက်များနှင့် မတူရ သည့် အကြောင်းမှာ အခြားသောငှက် များကဲ့သို့ အသိုက်ကိုက်၊ ဥချ၊ ဝပ်ပြီး သားပေါက်ကြရာတွင် သစ်ပင်ထက် အသိုက်ဆောက်ကြခြင်း မဟုတ်သလို သစ်ခေါင်းများအတွင်းတွင်လည်း အသိုက်လုပ်ကြသည့်ငှက်မျိုး မဟုတ်။ မြေပြန့်လွင်ပြင် ချုံငယ်ပါးပါးတို့ အကြား အသိုက်ဆောက်ကာ နေကြ ပြီး ထိုနေရာတွင် ဥချသည်။ ဝပ် သည်။ သားပေါက်ကြသည့် ထူးထူး ဆန်းဆန်း ငှက်ငယ်မျိုးပင်။ သို့ အတွက် သူတို့အသိုက်၊ ဥ၊ သား ပေါက်များကို နင်းခြေသတ် ဖြတ် တတ်ကြသည့် အခြားသော သား ကောင်များအပြင် လူသားမုဆိုးတို့ သူ တို့ဆောက်လုပ်ထားသည့် အသိုက်ရှိ ရာဆီသို့ ရောက်လာလျှင် အသိုက်ကို ဖျက်မည့်အထင်နှင့် ကောင်းကင်ကို ပျံသန်းကာ လှည့်ပတ်ပြီး "တစ်တီတူး တစ်တီတူး"ဟု သံကုန်အော်ဟစ်ကာ ထိုးသုတ်ကုတ်ဖဲ့ပြီး အဝေးဆီသို့ မောင်းနှင်ထုတ်တတ်ကြသည့် ငှက်မျိုး ပင် ဖြစ်သည်။

သို့အတွက် ထိုငှက်မျိုး၏ စရိုက် သဘာဝကို သားကောင်တွေကလည်း သိရှိသလို လူသားမုဆိုးများကလည်း သိရှိထားကြသည်။ သားကောင်များ ဘက်မှ ထိုငှက်အော်သံကြားပါက ထို နေရာတွင် လူသားမုဆိုးများ ရောက်ရှိ နေသည်ကိုသိပြီး ဘေးကင်းရာဆီသို့ ရှောင်ပြေးကြသလို လူသားမုဆိုးများ ဘက်ကကြည့်လျှင်လည်း ထိုငှက် အော်ဟစ်သံကြောင့် ထိုနေရာတွင် သားကောင်တစ်မျိုးမျိုး ရောက်ရှိနေပြီ ကို ခန့်မှန်းတွက်ချက်လို့ရသည့် ငှက် အော်သံမျိုးပင်။

ထိုတောတောင်နှင့် တော ကောင်တို့၏ စရိုက်သဘာဝ အနေ အထားကို သိရှိထားသည့် ကျွန်တော် က ယဉ်ကြိုင်ကို အဓိပ္ပာယ်များစွာ ရောယှက်သည့်အကြည့်နှင့် ကြည့် လိုက်သည်ကို ရွာခံမုဆိုး ယဉ်ကြိုင် ကလည်း သိရှိပြီးဖြစ်သည့်အတွက် အသာငြိမ်ပြီး စောင့်နေရန် အထာပြန် ပြလိုက်သည်။

*အခွင့်ကောင်းဆီ ရောက်ပြီမို့ ကျွန်တော်က အောက်ကိုစိုက်ပြီး သေနတ်နှင့်ချိန်ရွယ်ကာ ဦးခေါင်းအငြိမ်ကို စောင့်နေလိုက်သည်။ ကျွန်တော့် လှုပ်ရှားမှုကို စူးစူးစိုက်စိုက် ကြည့်နေစဉ် ခလုတ်ကို ဆွဲဖြုတ်ချလိုက်ပေ တော့သည်။*

ထိုအချိန်တွင် ကျွန်တော်တို့ မျက်နှာမူရာ ဆားကျင်း၏ လက်ဝဲ ဘက် အရှုပ်တောအတွင်းမှ သား ကောင်တစ်ကောင် တောတိုးပြေးလွှား သွားသည့်အသံကို ကြားလိုက်ရ သည်။ မည်သည့် အကောင်မျိုး ဆို သည်ကိုတော့ဖြင့် မသိ။ ကိုယ်ထည် ကြီးပြီး ပြေးသည့်ခြေလှမ်းက ခပ်စိတ် စိတ်မို့ ဝက်တောင်းလို အကောင်မျိုး ဖြစ်မည်ဟု ထင်လိုက်သည်။

ထိုအချိန် ကျွန်တော်တို့ နှခေါင်း အတွင်းသို့ ပုပ်နံ့လိုလို၊ ညှီစို့စို့ ပုပ်အဲ့ အဲ့ အနံ့ဆိုးကြီး နှစ်ဦးသား ရှူလိုက်ကြ ရသည်နှင့် အတူထိုင်နေသည့်လင့်မှာ လဲ သွက်သွက်ခါလှုပ်သည့်အတွက် နှစ်ဦးသား ဘေးတန်းကို ကိုင်လိုက် သလို ရွေ့လျားသွားသည့် သေနတ်ကို လှမ်းဆွဲလိုက်ရင်း မည်သို့ဖြစ်သည်ကို လှမ်းကြည့်လိုက်သော်လည်း လရောင် ကို သစ်ရိပ်ဖုံးထားသည့်အတွက် ဘာ ကိုမျှ မမြင်ရ။ သို့အတွက်

"ယဉ်ကြိုင် မီးထိုးစမ်း"

သေနတ်ကို ကောက်ကိုင်လိုက် ပြီး မီးထိုးခိုင်းလိုက်သည်မို့ မောင်ယဉ် ကြိုင်က လက်နှိပ်ဓာတ်မီးကို ယူလျက် အောက်ကို မီးလှမ်းထိုးလိုက်ရာ တွေ့ လိုက်ရသည့်မြင်ကွင်းကြောင့် တစ် ကိုယ်လုံး ကြောက်စိတ်များ လွှမ်းမိုး ကာ အတုန်တုန် အချည့်ချည့်ပင် ဖြစ် သွားသလို မျက်လုံးများပင် ပြာဝေ သွားပြီး ဘာလုပ်လို့ လုပ်ရမှန်း မသိ အောင်ပင် ဖြစ်သွားသည်။ ထိုစဉ်

"ဟာ . . . ကြီးလိုက်တဲ့ ငန်းမြွေ ကြီးဗျို့"

ဟုတ်ပေသည်။ မြွေကြီး၏ [illegible] ပတ်မှာ ထမင်းစားပန်းကန်ပြား တစ်



www.burmeseclassic.com

www.burmeseclassic.com

ချပ်စာလောက် လုံးပတ်ရှိပေမည်။ အလျားမှာ ၁၇ တောင်လောက်ရှိမည်။ ခေါင်းထောင်ကာ လင့်ပေါ်သို့တက်ရန် ပြင်နေသည့်ပုံပင်။

"အေးကွ . . . သူ့ကိုယ်ကထွက်တဲ့ ပုပ်အဲ့အဲ့အနံ့က ဆိုးလိုက်တာကွာ။ အန်တောင်အန်ချင်တယ်။ အသေအချာကြည့်စမ်း ယဉ်ကြိုင်။ ဘယ်လိုငန်းအမျိုးအစား ဆိုတာကို"

ကျွန်တော်ပြောလိုက်သည့် စကားကြောင့် မီးနှင့်ထောက်ထောက်ပြီး ထိုးထားသည့် ယဉ်ကြိုင်က မီးကို ဝှေ့ယမ်းလှည့်ပတ်ထိုးလိုက်ရင်းက

"ဘိုလေးရေ ငန်းပုပ်ကြီးဗျို့၊ ငန်းပုပ်ကြီးဗျ"

ကျွန်တော်သည် တောတောင်များအတွင်း လိုက်လံကာ အမဲသားကောင်များကို ပစ်ခတ်ရင်း ယခုလို မြွေကြီးများနှင့် ကြုံခဲ့ဖူးသည်။ ပြောရမည်ဆိုလျှင် 'ငန်းစောင်း၊ ငန်းတော်ကျား၊ ငန်းသံကွင်းစွပ်၊ ငန်းလက်ပတ်၊ ငန်းဦးကွက်၊ ငန်းပုပ်၊ စပါးအုံးမြွေနှင့် စပါးကြီးမြွေ'အပြင် ရှားရှားပါးပါး 'ငန်းပြာသာဒ်'ဆိုသည့် အကောင်ကြီးမျိုးကိုပင် တွေ့ကြုံရင်ဆိုင် ပစ်ခတ်ခဲ့ဖူးသည်။ လက်ဦးမှုကို ကိုယ်မယူလျှင် ကိုယ့်အသက် သူ့ကိုပေးရမည့် အနေအထားမျိုးမို့ မဖြစ်မနေ ပစ်ခတ်ခဲ့ရခြင်းပင်။

ငန်းမြွေများ ဖြစ်ကြသလို အကောင်ကလည်း ကြီးမားကြသည့်အတွက် သူတို့ကိုယ်မှထွက်သော အနံ့သည် ညှီစို့စို့ ပုပ်အဲ့အဲ့ အနံ့သာထွက်ကြသည်။ ရှားရှားပါးပါး ထိုကဲ့သို့သော အနံ့မျိုးမထွက်ဘဲ မီးခိုးနံ့မျိုးထွက်သည့် ငန်းမြွေကား 'ငန်းပြာသာဒ်' တစ်မျိုးတည်းရယ်သာပင် ဖြစ်သည်။

ထိုငန်းပြာသာဒ်ဆိုသည့် မြွေမျိုးသည် လွန်စွာရှားပါးပြီး အလွန်လည်းတွေ့ရခဲပေသည်။ တောတိုင်းတွင်လည်း မတွေ့ရ။ အဆိပ်ကလည်း အပြင်းဆုံး မြွေဖြစ်သည်။ အဆိပ်ပြင်းသည်ဆိုသော 'ငန်းဦးကွက်'ထက် နှစ်ဆပိုပြင်းသည်။ သူ့အဆိပ်မိလျှင် အရည်ခွံထူသည့် တောဆင်ရိုင်းလို အကောင်ကြီးပင် နေရာတွင် ဗုန်းခနဲလဲကျ အသက်ပျောက်သည်။ ဝန်းကျင်ကိုလိုက်ပြီးအရောင်ပြောင်းသည်။

သူတို့နေထိုင်သည်က လူတွေနှင့် ဝေးကွာသည့်နေရာ၊ အသံမကြားရသော ဝေးလံသီခေါင်သည့် နေရာ၊ တောင်မြင့်ကြီးတို့ထက် အပင်ပိတ်ဆို့အုံ့မှိုင်းသော တောကြီးများအတွင်းတွင်သာ တွေ့ရတတ်သည်။

အစာရှာရာတွင် အထူးသဖြင့် တောမီးလောင်ထားသည့် နေရာမျိုးတွင် ရှာဖွေတတ်ကြသည်။ သူ၏အမြီးမှာ အခြားသော ငန်းမြွေမျိုးလို ခပ်သွယ်သွယ်မဟုတ်။ ကြီးထွားတုပ်ခိုင်ပြီး အဖျားက မာကျောသည်။ အစာရှာရာတွင် မီးလောင်ထားသည့် မြေပြင်တွင် သူ၏အမြီးကို ထိုးစိုက်ပြီး ခန္ဓာကိုယ်ကို မတ်ပြီး ထောင်ထားကာ လုံးဝမလှုပ်ဘဲ ငြိမ်နေသည်။ အမှုမဲ့အမှတ်မဲ့ကြည့်လျှင် မီးလောင်ခံထားရသည့် ငုတ်တိုင်သဖွယ် အနံ့ကလည်း မီးခိုးနံ့မို့ သားကောင်များ မကြောက်မရွံ့ အနီးကပ်လာလျှင် ပေါက်ချကာ လိုရာဆီ ဆွဲယူစားသောက်ကြသည့် ငန်းမြွေမျိုးဖြစ်သည်။

မီးနှင့် ထိုးထားခံရသည့် မြွေကြီးသည် လင့်ထက်ကိုတက်ရန်အဓွက် ခေါင်းထောင်ကာ လမ်းစရှာနေသည်။ အတန်ကြာတော့ ပင်စည်လုံးကို သူ၏ခန္ဓာကိုယ်ဖြင့် ရစ်ပတ်ကာ ဖြည်းဖြည်းချင်း တက်လာတော့သည်။ မြွေကြီးသည် ပင်စည်လုံးကို ငါးပတ်လောက် ပတ်မိပြီး ခေါင်းမှာ မြေပြင်နှင့် လူတစ်ရပ်စာလောက် ရောက်နေပြီမို့ လင့်ထက်ဆီသို့ရောက်ရန် ဆယ်ပေသာသာလိုသေးသည်။ ကျွန်တော်က ငုံ့ကြည့်နေရင်း ဘယ်လိုလုပ်ရမည်ကို စဉ်းစားနေစဉ် မီးထိုးထားသည့် ယဉ်ကြိုင်က . . .

"ပစ်လေ . . . ပစ်တော့လေ ဘိုလေးရဲ့"

"အေးပါဟ။ ငါ ဘယ်ကိုပစ်ရမလဲဆိုတာ စဉ်းစားနေတာပါဟ။ ခေါင်းကမငြိမ်တော့ပစ်ဖို့ခက်နေလို့ပါ"

"ခေါင်းကို ပစ်မရလည်း ကိုယ်လုံးထဲကို ပစ်သွင်းလိုက်လေ"

မောင်ယဉ်ကြိုင် တစ်ယောက် ကျွန်တော် ယခုလို ကြောင်တောင်တောင်ဖြစ်နေသည်ကို သိပ်ပြီး စိတ်ရှည်ဟန်မထင်။ သို့အတွက် ရသည့်နေရာဆီကို အတင်းပစ်ခိုင်းနေခြင်းပင်။ တရွေ့ရွေ့ တက်လာနေသည့် မြွေကြီးသည် လင့်ဆီသို့ရောက်ရန် ဆယ်ပေလောက်သာ လိုတော့သည်။ ထိုစဉ် အပင်ပေါ်သို့ ဆက်မတက်ဘဲ မီးနှင့်လှမ်းထောက်ထားသည့် မောင်ယဉ်ကြိုင်နှင့် ကျွန်တော့်ကို ပင်စည်လုံးမှ ခေါင်းခွာကာ စူးစိုက်ကြည့်နေသည်။ ခေါင်းကို ပင်စည်လုံးမှ နှစ်တောင်လောက်ခွာလိုက်ပြီး ခပ်စောင်းစောင်းထောင်ကာ ပါးပျဉ်းကြီးကိုဖွင့်လျက် တစ်ယမ်းယမ်းလှုပ်ကာ မည်းနက်သည့် လျှာနှစ်ခွကလည်း သွား



www.burmeseclassic.com

www.burmeseclassic.com

စွယ်ကြီးတို့အကြားမှ ပျူတစ်ပျူတစ်။

အခွင့်ကောင်းသိ ရောက်ပြီမို့ ကျွန်တော်က အောက်ကိုစိုက်ပြီး သေနတ်နှင့်ချိန်ရွယ်ကာ ဦးခေါင်းအငြိမ်ကို စောင့်နေလိုက်သည်။ ကျွန်တော့်လှုပ်ရှားမှုကို စူးစူးစိုက်စိုက် ကြည့်နေစဉ် ခလုတ်ကို ဆွဲဖြုတ်ချလိုက်ပေတော့သည်။

"ဒိုင်း"

သေနတ်သံခပ်အုပ်အုပ်နှင့်အတူ ခေါင်းပိုင်းက အောက်ကိုကျိုးကျကာ အားပျော့သွားသည့် စက်ပရိန်ကဲ့သို့ ပင်စည်လုံးကို ရစ်ပတ်ထားသည့် မြွေကြီး မြေပြင်ထက်သို့ ပြုတ်ကျသွားသည်ကို တွေ့လိုက်ရပေတော့သည်။

သေနတ်သံနှင့် မြွေကြီး မြေပြင်သို့ ပစ်ကျသွားသည့် အသံတို့ကြောင့် အိပ်တန်းတက် ကျေးငှက်သာရကာတို့ အော်ဟစ်သံများကြောင့် ဟိန်းထွက်သွားပေသည်။ မြေပြင်ကို ကျသွားသော မြွေကြီးသည် သွေးပူနေ၍လားတော့ဖြင့် မသိ။ ခေါင်းပြတ်ပိုင်းက လူတစ်ရပ်သာသာ ထောင်ထလိုက်၊ အမြီးပိုင်းက မြှောက်တက်ထောင်ထလိုက်၊ မြေပြင်တွင် ပက်လက်ဖြစ်လိုက်၊ မှောက်လျက်ဖြစ်လိုက်၊ အမြီးပိုင်းက ထောင်လိုက်၊ ခေါင်းပိုင်းက သွေးများပန်းထွက်ကာ ထောင်လိုက်တီကို ဆားနှင့်တို့ခံလိုက်ရသလို တွန့်လိမ်ခွေခေါက်ရင်းက ဆားကျင်းအနီးသို့ ရောက်သွားပြီး လက်မောင်းခန့် သစ်ပင်၊ ပေါင်လုံးခန့် သစ်ပင်အချို့ကို အငြိုးကြီးစွာ ရစ်ပတ်လိမ်ညှစ် ဆွဲဆန့်ခြင်းကိုခံလိုက်ရသဖြင့် တဖြောင်းဖြောင်း ကျိုးပဲ့လဲကျသွားကြသည်ကို တွေ့လိုက်ရပေသည်။

ကျွန်တော့်ပစ်ချက်သည် ချက်ကောင်းကို ထိမှန်ခံလိုက်ရသဖြင့် ထိုကဲ့သို့ လူးလွန့်နေခြင်း ဖြစ်ပေမည်။ သို့အတွက် မောင်ယဉ်ကြိုင်ထိုးထားသည့် မီးရောင်ဖြင့် လူးလွန့်လှုပ်ရှားနေသည့် ငန်းမြွေကြီးကို ငြိမ်သက်သွားစေရန် ကျော့ရိုးကို ထပ်မံပစ်သွင်း စခန်းသိမ်းလိုက်ပေတော့သည်။ ထိုပစ်ချက်ကြောင့် မြွေကြီးအလူးအလွန့် ရပ်သွားကာ မြေပြင်ထက် စန့်စန့်ကြီး ငြိမ်သက်သွားသည်ကို တွေ့လိုက်ရပေတော့သည်။

ထိုအချိန် ကျွန်တော်က ကျောပိုးအိတ်အတွင်း ယူဆောင်လာသည့် ဖယောင်းတိုင်ကို မီးထွန်းလိုက်ပြီး လက်မှနာရီကိုကြည့်လိုက်ရာ သန်းခေါင်ယံမို့ ၁ နာရီထိုးနေပေပြီ။ သို့အတွက် ကျွန်တော်က ...

"မောင်ယဉ်ကြိုင် ... အချိန်က ကိုးလိုးကန့်လန့် အချိန်မဲ့ကွ။ ပြန်လို့ကလည်းမဖြစ်ဘူး။ ဘယ်လိုလုပ်ကြမလဲ။ ဒီပုပ်အဲ့အဲ့အနံ့ကြီးရှူရင်း မိုးလင်းအောင် စောင့်နေရရင်တော့ ငါတို့သိပ်မလွယ်ဘူး ထင်တယ်"

ကျွန်တော် ပြောလိုက်သည့် စကားကြောင့် မောင်ယဉ်ကြိုင်က အတန်ကြာစဉ်းစားပြီး ပြန်ပြောလိုက်သည်က ...

"ဟုတ်ပါ့ဗျာ။ အအေးက ပိုကဲလာသလို ဒီကောင်ကြီးအနံ့က ပိုဆိုးလာတယ်။ ဒီအတိုင်းဆိုရင် မိုးအလင်းကို စောင့်ဖို့ မဖြစ်နိုင်ဘူး။ အောက်ကိုဆင်းပြီး မီးဖိုပြီး တစ်နေရာရာကို ပြောင်းမလား။ ဒါမှမဟုတ် စခန်းကို မီးထိုးရှာပစ်ရင်း ပြန်ကြမလား"

ထိုသို့ သူပြန်ပြောလိုက်စဉ် ခပ်လှမ်းလှမ်းဆီမှ

"ဂူး ဂဲ ... ဂူး ဂဲ ... ဂူးဂဲ"

"တရိန် ... တရိန်"

ဆတ်တစ်သံမှန်း၊ ကျားတစ်သံမှန်း၊ ဝံကြီးများ ဝမ်းရပ်သံမှန်း၊ ကျားသစ်ဝမ်းရပ်သံမှန်း တိတိပပ ခွဲခြားလို့မရသည့်အသံကို ကြားလိုက်ကြရသည်မို့ ကျွန်တော်က ...

"ဟော ... ကြားလိုက်တယ်မို့လား။ ဟိုအကောင်တွေ မိတ်ဆော့တဲ့ကာ...ပဆိုတော့ အန္တရာယ်များတယ်ကွ။ ဘယ်လိုလုပ်ကြမလဲ။ လင့်ပေါ်မှာတော့ ဘယ်လိုမှ နေလို့မရဘူး။ ဒီအနံ့ဆိုးကြီးကြောင့် ငါတို့ဥပဒ်ဖြစ်မယ်။ ဆင်းလိုက်ကြပြီး မီးစင်ကြည့်ကကြရအောင်"

လင့်ထက်တွင် ငန်းပုပ်ကြီးကိုယ်မှ ထွက်သောအနံ့၊ သွေးညှီနံ့များကြောင့် ဘယ်လိုမှ ဆက်နေလို့ မရတော့သည့်အတွက် ကျောပိုးအိတ်နှင့် သေနတ်များကို လွယ်လျက် လှေကားကိုချလိုက်ပြီး နှစ်ဦးသား ဆင်းခဲ့ကြပေသည်။ ပြီးလျှင် အနံ့လွတ်ရာဆီ သွားလိုက်ကြပြီး သစ်ရွက်များနှင့် ထင်းခြောက်များ စုပုံကာ မီးရှို့ကြရာ နှင်းစက်ကျဆင်းပြီး စိုရွှဲနေကြသည့်အတွက် ထိုနေရာတွင် မီးဖိုဖို့ကိစ္စကို လက်လျှော့လိုက်ရပြန်သည်။ သို့အတွက် ကျွန်တော်က ...

"ကဲ ... မောင်ယဉ်ကြိုင်၊ အခြားနားရမယ့်နေရာမရှိရင် သေနတ်နဲ့မီးတွေ အဆင်သင့်လုပ် ပြန်ကြရင်း တွေ့တဲ့အကောင် ပစ်သွားကြတာပေါ့ကွာ"

"ကောင်းတယ် အပြန်လမ်းမှာ သစ်ခုတ်လွှတိုက်သမားတွေ စခန်းရှ



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ကျောက်ခုတင်ရှိတယ်။ သူတို့ရွာကို မပြန်ကြရင်တော့ တွေ့မှာပဲ။ သူတို့မရှိလည်း အဲဒီမှာဝင်နားပြီး မိုးလင်းမှ စခန်းကိုပြန်ကြတာပေါ့။ သွားကြမယ်''

အချိန်က သန်းခေါင်ယံအချိန်မို့ သွေးခဲမတတ် အေးစက်လွန်းပြီး သစ်ပင်ထက်မှ မိုးစက်မိုးပေါက်များကဲ့သို့ နှင်းများက ကျဆင်းနေသည်။ နှစ်ဦးသား သေနတ်နှင့် လက်နှိပ်ဓာတ်မီးကို နေရာအနှံ့ထိုးရင်း ကျောက်ခုတင်ရှိရာဆီသို့ လျှောက်လှမ်းခဲ့ကြရာ ခြောက်ဖာလုံလောက်ရောက်သည်ထိ မည်သည့်သားကောင် အော်သံကိုမျှ မကြားရ။ တော၏ဆိတ်ငြိမ်ပုံက အနီးအနားဝန်းကျင်တွင် တောဘုရင်ရှိနေသည့်အတွက် သားကောင်ငယ်များ ကြောက်လန့်ပြီး ရှောင်ကွင်းနေခြင်းဖြစ်ကြောင်း ယုံမှားဖွယ်ရာ မရှိပေ။

''တောက ငြိမ်ချက်သားကောင်းနေပါလား ယဉ်ကြိုင်။ သတိထားနော်''

ကျွန်တော်က အတူယှဉ်တွဲလျှောက်လှမ်းနေသည့် မောင်ယဉ်ကြိုင်ကို လေသံနှင့် သတိပေးလိုက်သည်။ ကျွန်တော်က ၃၀၃ စက်သုံးရိုင်ဖယ်ကို ကိုင်ဆောင်ထားသလို ရွာခံမုဆိုး ယဉ်ကြိုင်က ဒသမ ၁၂ ဘိုး (၁၂) လက်မ ပြောင်းရှည်ကို ကိုင်ဆောင်ထားကြသည်။ ကျောက်ခုတင်ရှိရာနားဆီသို့ ရောက်လုတွင် တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သော ဆတ်အစ်သံကို အတန်အလှမ်းဝေးရာဆီမှ ခပ်သဲ့သဲ့ ကြားလိုက်ရသည်။

အတန်ကြာ မီးကို နေရာအနှံ့ထိုးရင်း လျှောက်ခဲ့ကြရာ သစ်ခုတ်သမားများအထိုင်ချသည့် ကျောက်ခုတင်ရှိရာဆီသို့ ရောက်လာကြသည်။ ကံဆိုးသည်လား၊ ကံကောင်းသည်ပဲလား မဆိုနိုင်။ ထိုစခန်းတွင် လူတစ်ယောက်မှ မရှိသည်ကို တွေ့လိုက်ရသည်။ မီးဖိုနှင့် ထင်းခြောက်တို့ စုပုံထားသလို ဝါးကျည်ထောက်များအတွင်း ရေများလည်း ရှိနေသည်ကို တွေ့လိုက်ရသည်။

ဖယောင်းတိုင်ကိုထွန်းကာ မီးဖိုကြီးအတွင်း မီးမွှေးလိုက်ကြပြီး မီးလှုံနေလိုက်ကြရင်း ပုလင်းထဲက လက်ကျန်အရက်ကို နွေးထွေးသွားအောင် သောက်နေလိုက်သည့်အချိန် ခပ်လှမ်းလှမ်းဆီမှ အသက်ရှူသံနှင့် ညည်းတွားသံသဲ့သဲ့ကို နှစ်ဦးသား ကြားလိုက်ကြရသည်။ ပြီးနောက် ဝါးရုံတောကြီးအတွင်းမှ ဝါးရွက်ခြောက်များပေါ်သို့ ရှပ်တိုက်နင်းလာသည့် အသံကို နားနှင့်ဆတ်ဆတ် ကြားလိုက်ကြရသည်မို့ သေနတ်နှင့်မီးကို ကောက်ကိုင်လိုက်ကြရင်း အသံကိုသာ ကြားလိုက်ရသည်။ နှင်းရည်ငွေ့များနှင့်အတူ ဝန်းကျင်သည် ပိန်းပိတ်အောင်မှောင်မည်းနေသဖြင့် ဘာကိုမှ မမြင်ရပေ။ ထိုစဉ် ကျွန်တော်တို့ လက်ျာဘက်ဆီမှ ...

''ပျပ် ပျပ် ပျပ်''

ရေသောက်သံကို ကြားလိုက်ရသည့်အတွက် ဖယောင်းတိုင်မီးကို မှုတ်လိုက်သော်လည်း မီးဖိုအတွင်း တောက်လောင်နေသည့် မီးအလင်းရောင်ကတော့ ရှိနေဆဲ။ သို့သော်လည်း စိုးရိမ်စိတ်ကတော့ အနည်းငယ် လျော့သွားသည်။ အဘယ့်ကြောင့်ဆိုသော် မီးဖိုအလင်းရောင်ကြောင့် လူကိုမြင်သွားသည့် သားကောင်သည် လူဆိုသည်က သူတို့ထက် ဉာဏ်ရည်သာကြောင်းကို သိရှိထားကြသည့်အတွက် ရုတ်ခြည်းပင် မဝင်ရဲကြခြင်းကြောင့်ပင် ဖြစ်ပေသည်။

ကျွန်တော်ရော၊ ယဉ်ကြိုင်ပါ သေနတ်ကို ဆွဲယူလိုက်ပြီး အသံကြားရာဆီ ထိုးချိန်ထားလိုက်မိခြင်းကြောင့်လည်း ဖြစ်သည်။ ကျွန်တော်က ယဉ်ကြိုင်ကို လက်မောင်းနှင့် တို့ထိကာ အချက်ပြလိုက်၏။

ယဉ်ကြိုင်က သေနတ်ပြောင်းနှင့် တွဲကာ ဆုပ်ကိုင်ထားသည့် လက်နှိပ်ဓာတ်မီးခလုတ် အသံကြားလိုက်ရာဆီ ဖွင့်လိုက်သောအခါ ဝါးရုံတောအတွင်းမှ မြေပြင်တွင် ဗိုက်တိုက်ကာ ဝပ်ဆင်းနေသည့် ကြီးမားသော ကျားကြီးတစ်ကောင်၏ သဏ္ဌာန်ကို မီးရောင်အလင်းတန်းတွင် အတိုင်းသား တွေ့လိုက်ကြရ၏။

ကျားကြီးသည် မီးအလင်းတန်းလာရာဆီသို့ မော့ကြည့်စရာပင် မလို။ အမှောင်မှ ကျွန်တော်တို့ လှုပ်ရှားမှုကို မြင်တွေ့နေရပြီး လူသားတို့သည် သူတို့ထက် ဉာဏ်ရည်သာသည်ဆိုသော အသိကို သိရှိပြီး မည်သို့ဝင်ရောက်တိုက်ခိုက်ရမည်ကို တွေးတောနေဟန်ထင့်။ အရောင်တလက်လက်နှင့် မျက်လုံးရဲရဲကြီးတစ်စုံမှာ တဖျတ်ဖျတ် အရောင်တောက်နေ၏။ ထိုစဉ် ကျွန်တော့်လက်တွင် ကိုင်ဆောင်ထားသည့် သေနတ်ကလည်း ပစ်ပြီးဖြစ်သွားပေသည်။

''ဒိုင်း ...''

ပေါက်ကွဲမြည်ဟိန်း ထွက်သွားသော သေနတ်သံကြီးနှင့်အတူ ကျားကြီးသည် ကြောက်မက်ဖွယ် ဟိန်းသံကြီးကိုပြုရင်း လေထဲမြောက်တက်



www.burmeseclassic.com

www.burmeseclassic.com

အောင် ခုန်လိုက်ပြီး ကျွမ်းတစ်ပတ် လယ်ကာ မြေပြင်ထက်သို့ ပြန်ကျ သွား၏။ မြေပြင်တွင် ဝါးမြစ်ဆုံကြီးကို ကိုင်ရင်း ဗလုံးဗထွေးနှင့် အသံကို နက်ကြောကျယ်လောင်စွာ ပြုလျက် မာန်ဖီလူးလိမ့်ရင်း မြေပြင်သို့ ခေါင်း စိုက်ငြိမ်သက်သွားသည်ကို တွေ့လိုက် ရပေသည်။

အရုဏ်တက်ပြီမို့ နှစ်ဦးသား ကျောက်ကလပ်မှဆင်းကာ ကျားကြီး ကို ဆင်းကြည့်ကြရာ အချိုးအစား ကျနလှပသည့် ကျားကြီး၏ မျက်လုံး အစုံကြား ကျည်ဆံက ဖောက်ထွင်း ကာ ဦးနှောက်ပွင့်ပြီး သေပွဲဝင်သွားရ ရှာခြင်း ဖြစ်သည်ကို တွေ့မြင်လိုက်ကြ ရပေသည်။

“မောင်ယဉ်ကြိုင် ...ငါ့စိတ် ထင်တော့ သူတို့မိတ်ဆွေ့တဲ့ ရာသီမို့ အဖော်လာမယ်လို့ ထင်တယ်။ ဘယ် လိုလဲ ... သွားကြမလား”

*သေနတ်၏ ညှာပြောင်း*
*အတွင်း မြောက်လုံးကျည်က*
*အပင်ထက်ကိုမော့ကြည့်ကာ*
*မာန်သွင်းလျက်*
*ပါးစပ်ကြီးကို ဖြဲနေသည့်*
*ပါးစပ်ကြီးအတွင်း*
*ဝင်သွားရာ*
*ရှေ့ကိုထိုးကျသွားပြီး*
*မြေပြင်တွင်ခေါင်းစိုက်ကာ*
*ဖင်ပူးထောင်းထောင်လျက်*
*ပတ်ချာလည်နေစဉ်*

“မိုးလင်းပိုင်းထိ ကျောက် ကလပ်ပေါ်က စောင့်ကြည့်လိုက်ကြ တာပေါ့လေ”

ကျွန်တော်တို့ နှစ်ဦးသား မီးဖို ကြီးအတွင်း ထင်းများစုပုံထည့်ကာ ချမ်းအေးမှုဒဏ် အလူးအလဲ ခံနေကြ ရင်း အရှေ့ဘက်တွင် အရုဏ်ထွက်ခဲ့ ပေပြီ။ ခပ်လှမ်းလှမ်းဆီမှ ဆတ်တစ် သံ၊ ဂျီ(ချေ)ဟောက်သံများ ကြားလာ ရသလို ကျေးငှက်များ အိပ်တန်းထ အော်မြည် ဟစ်ကြွေးသံ၊ မျောက်အုပ် အော်ဟစ် သံများကို ကြားနေရပေပြီ။ ထိုစဉ် ယဉ်ကြိုင်က ...

“ဂျီဟောက်သံ၊ ဆတ်တစ်သံ တွေ ကြားနေရတော့ မရှိလောက် ဘူးဗျ။ သွားကြမလား”

သူပြောသည့် အတိုင်းကလည်း ဖြစ်နိုင်သည်မို့ နှစ်ဦးသား ကျောက်က လပ်မှဆင်းကာ အပြန်လမ်းအတိုင်း လျှောက်လှမ်းခဲ့ကြပေသည်။ တစ်မိုင် နီးပါးလောက်အရောက်တွင် အရှေ့ ဘက် မိုင်ဝက်ခန့် ဝေးမည်ထင်ရသော နေရာလောက်မှ ကျားတစ်ကောင် အသံပေးသံကို ကြားလိုက်ကြရသဖြင့် နားစွင့်နေလိုက်ကြသည်။ အသံကို ဆက်ကာ ဆက်ကာ ကြားလိုက်ရပြီး နာရီဝက်ခန့်လောက်ကြာတော့မှ လုံးဝ တိတ်ဆိတ်သွားသည်။

“ကျွန်တော့်စိတ်ထင် အသံက နိမ့်လိုက်မြင့်လိုက်နဲ့ဗျ။ ကျားကြီးကို ခေါ်နေတဲ့ ကျားမရဲ့အသံ ဖြစ်မယ်နဲ့ တူတယ်”

“ငါတော့ ဒီလိုအကောင်တွေရဲ့ မိတ်ဆွေ့သံ ဖိုမခေါ်သံတွေကို နား မလည်ဘူးကွ။ ထူးခြားတဲ့ အသံဆို တာကိုတော့ သိတယ်။ သူ့အသံက ငါ့တို့ဘက်ကို ဦးတည်လာရင်း အော် နေတာမို့ တဖြည်းဖြည်း နီးလာတယ် လို့ ထင်တာပဲ။ မင်းသဘောထား ဘယ်လိုရှိတယ်၊ ဘာလုပ်ရင် ကောင်း မလဲဆိုတာ ပြောပါဦး”

ကျွန်တော် ပြန်ပြောသည့်စကား ကြောင့် မောင်ယဉ်ကြိုင်က ဝန်းကျင်ရှိ သစ်ပင်များကို လိုက်လံကြည့်ရင်း အင်ပင်ကြီးတစ်ပင်ကို လက်ညှိုးထိုးပြ ကာ ...

“အဲဒီအင်ပင်ခွဆုံကိုင်းမှာ တက် ပြီး နေရာယူလိုက်ကြရအောင်”

ပြောပြောဆိုဆို အပင်အောက် ကိုသွားကြပြီး ဖက်တွယ်တက်ရင်း ၁၅ ပေအမြင့် ဘေးထွက်ကိုင်းနှစ်ကိုင်းတွင် ခွထိုင်ကာ နေရာယူထားလိုက်ကြပေ သည်။ ပုံစံက ကျွန်တော့်၏ နောက် ကျောမှလာလျှင် သူပစ်မည်။ သူ့ နောက်ကျောကလာလျှင် ကျွန်တော် ပစ်မည့် အနေအထား။

အမှန်တော့ ကျားဆိုသည့် အကောင်မျိုးက “သစ်ဆင်၊ ကျား သစ်၊ ခွေးဆွဲကျားသစ်”များကဲ့သို့ သစ်ပင်ကို မတက်နိုင်။ မော့လည်း မကြည့်။ အပင်ထက် လူရှိမှန်းသိလျှင် ခုန်ဆွဲတတ်ကြသည်။ ၁၂ ပေလောက် အမြင့်တွင်ပင် စိတ်မချရသည့် အကောင် မျိုး။ ယခု ကျွန်တော်တို့နှစ်ဦးက ၁၅ ပေလောက် အမြင့်မို့ စိတ်ချရသည့် နေရာပင်။

တစ်ခုတော့ရှိသည်။ သစ်ပင် ထက်တွင် သူ့အစာရှိနေမှန်း သိလျှင် မဖြစ်မနေ တက်ရောက်စားသောက် ပစ်တတ်ကြသည်။ သို့အတွက် ‘ကျားကုတ် ကျားခဲ’ဆိုသည့်စကား ပေါ် ထွက်လာခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ သစ်ပင်ထက် နေရာယူပြီးလို့ နာရီဝက်ခန့်အကြာ ဟင်းမျိုးကြီးအသံကို ထပ်မံကြားလိုက်ရပြန်သည်။ တောထဲမှ လှည့်ပတ်လာရင်း အသံပေးနေဟန်ထင့်။ သို့အတွက် စောစောကလို အဆက်မပြတ် ကြားနေရသည်။ ထိုသို့ အသံပေးနေရင်း တစ်ခါတစ်ရံ ထွက်ပေါ်လာသည့် မာန်ဖီသံကိုပါ ကြားနေရသည်။

မိုးက စင်စင်လင်းနေပေပြီ။ သို့သော်လည်း နှင်းများဖုံးနေသည့် အတွက် ကိုက် ၃၀ လောက်အတွင်းသာ ထင်သာမြင်သာ ရှိနေသည်။ ကျွန်တော်က လေသံနှင့် ...

"ဒီကောင်ကြည့်ရတာ အစာရှာနေသလို အဖော်ကိုလည်း ရှာနေတဲ့ပုံပဲကွနော်"

"ကျွန်တော့်အထင်တော့ အစာရှာတာမဟုတ်လောက်ဘူး။ အဖော်ရှာတာဖြစ်မယ်"

"ဘယ်လိုကြောင့်တုံးကွ ... ပြောပါဦး"

"ကျားတို့ ကျားသစ်တို့ဆိုတဲ့ အကောင်တွေက အစာရှာရင် အသံပေးရှာလို့လားဗျ စဉ်းစားပါဦး။ ကျွန်တော့်အထင် မိတ်ရှာတာပဲဖြစ်မယ်"

သူပြောသည့် စကားက ဟုတ်နေသည်မို့ ကျွန်တော် အထွန့်တက်မနေတော့။ အသာငြိမ်နေလိုက်စဉ် အတန်ကြာတော့ ဟင်းကောင်ကြီး မိတ်ခေါ်သံကို အနီးကပ်ကြားလာရပြန်သည်။ အသံက ကျွန်တော်ပစ်ခတ်ရမည့် သတ်ကွင်းဘက်ဆီမှ။ သေနတ်ကို ပြောင်းတန်းချိန်ရွယ်ထားစဉ် လှည့်ပတ်အသံပေးရှာနေသည့် သားကောင်ကြီးအသံက နောက်ဘက်ဆီသို့ ရောက်သွားပြန်သည်။ ယခုတစ်ခါ သေနတ်ပြောင်းတန်းချိန်သူက မောင်ယဉ်ကြိုင်ပင်။

မောင်ယဉ်ကြိုင်က သူနှင့်ကျွန်တော်တို့နှစ်ဦးကြား ပင်စည်လုံးတွင် သေနတ်ကို မှေးကပ်ချိန်ရွယ်ထားသည်မို့ ကျွန်တော်က လွတ်လွတ်လပ်လပ်ပစ်ခတ်ရန်အတွက် ခွထိုင်ထားသည့် သစ်ကိုင်းနောက်ကို အနည်းငယ်ရွှေ့ပေးလိုက်စဉ် သားကောင်ကြီးက ပစ်ကွင်းဆီ ရောက်ရှိလာပြီး အသံပေးနေပြန်သည်။ သူ့အသံမှာ ကျယ်လောင်လွန်းလှသဖြင့် မောင်ယဉ်ကြိုင်ရော ကျွန်တော်ပါ မလှုပ်မယှက်ဖြစ်ပြီး ငြိမ်သက်နေလိုက်သည်။ တော်နေသေးသည်က ကျားဆိုသောအကောင်သည် သစ်ပင်ထက်ဆီသို့ မော့မကြည့်ခြင်းကပင် ကံတရားက ကျွန်တော်တို့ဘက်ကဆိုရမလို ဖြစ်နေသည်။ ကျွန်တော်က သားကောင်ကြီးကို နောက်ခိုင်းထားသည်မို့ လှုပ်ရှားမှုကို မမြင်ရ။ ရှေ့တွင်ရှိသော မောင်ယဉ်ကြိုင် လှုပ်ရှားမှုကိုသာ ခန့်မှန်းတွက်ဆ အဖြေထုတ်နေရသည်။ သေနတ်နှင့်ချိန်ရွယ်ထားသည့် မောင်ယဉ်ကြိုင်ကလည်း ယခုချိန်ထိ မပစ်ခတ်သေး။ ပစ်ကွင်းမသာသေး ဟန်ထင့်။ ထိုစဉ် ..

"အဟမ်း .. အဟမ်း"

မြေပြင်တွင် အဖော်ဖြစ်သူ ဟင်းမျိုးကြီးကိုသာ စူးစမ်းရှာဖွေနေသော ဟင်းကောင်ကြီးသည် သူ၏မြင်ကွင်းထဲသို့ ဘွားဘွားကြီး မြင်တွေ့လိုက်ရဟန်ထင့်။ သို့သော် ပစ်ကွင်းမသာသည့်အတွက် အပင်ထက်မှ ချောင်းဟန့်သံပေးလိုက်သည်ကို ကြားသွားသော သားကောင်ကြီးမှာ လှမ်းလက်စခြေလှမ်းကို ရပ်တန့်လျက် အပင်ထက်ဆီသို့ မော့အကြည့် အံ့အားသင့်လျက် ဟဲခနဲ မာန်သွင်းလိုက်သံကြီးကို ကြားလိုက်ရစဉ် ...

"ဒိုင်း ..."

သေနတ်၏ ညာပြောင်းအတွင်း ခြောက်လုံးကျည်က အပင်ထက်ကို မော့ကြည့်ကာ မာန်သွင်းလျက် ပါးစပ်ကြီးကို ဖြဲနေသည့် ပါးစပ်ကြီးအတွင်း ဝင်သွ...ရာ ရှေ့ကိုထိုးကျသွားပြီး မြေပြင်တွင် ခေါင်းစိုက်ကာ ဖင်ပူးထောင်းထောင်လျက် ပတ်ချာလည်နေစဉ် ဘယ်ပြောင်းအတွင်းရှိ ကိုးလုံးကျည်တစ်တောင့်ကို လည်တိုင်ရင်းအတွင်း ပစ်သွင်းလိုက်ပြန်သည်။

ကျွန်တော်နှင့် မောင်ယဉ်ကြိုင်တို့နှစ်ဦး သစ်ပင်ထက်မှ အခြေအနေကို စောင့်ကြည့်လိုက်ရင်း စိတ်ချရသော အနေအထားကို ရောက်တော့မှ အပင်ထက်မှဆင်းကာ အသေအချာကြည့်လိုက်ရာ မောင်ယဉ်ကြိုင်ပြောသလို ကျားမကြီးတစ်ကောင် ဖြစ်နေသည်ကို အံ့ဩဖွယ် တွေ့မြင်လိုက်ကြရပေတော့သည်။

စခန်းချရာဆီသို့ ပြန်ရပေဦးမည်။ အဖွဲ့သားများနှင့် တိုင်ပင်ကာ ခက်ခက်ခဲခဲရရှိထားသည့် ကျား...နှင့် ကျားမကို သယ်ဆောင်ကြရပေဦးမည်။ ငန်းမြွေကြီးကို သယ်ရန်ငါ...လို ကိုတော့ သူတို့သဘောထားအတိုင်း ရယ်သာပင်။ ကျွန်တော်တို့နှစ်ဦး အတွက်မူ သူ့ကိုယ်မှထွက်သည့် အနံ့ဆိုးကြောင့် မမြင်တွေ့လိုသည်က အမှန်ပင်။

**လေးမောင်**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# မင်းသမီး၏ သက်တော်စောင့်

■ ဝသုန်ဟိန်းထက်

"တောက်"

ဒေါသတကြီး တောက်ခေါက်လိုက်သော ကျွန်မအသံကြောင့် အားလုံး ခေါင်းငုံ့သွားကြသည်၊ တုတ်တုတ်မျှ မလှုပ်ရဲကြ။ ကျွန်မ၏ ဒေါသမျက်လုံးကို မည်သူမျှ ရင်ဆိုင်လိုပုံ မရ။

"ပြောကြလေ။ ဒီစာအိတ်က ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ။ ဘယ်သူမှ မသိကြဘူးလား။ ဘာလဲ ဒီစာအိတ်က ခြေထောက်ပေါက်ပြီး ရောက်လာတာလား"

ကျယ်လောင်သော ကျွန်မအသံ၏ တုန်ယင်မှုများ မသိမသာ ပါနေသည်ကိုတော့ ကျွန်မကိုယ်တိုင် သတိပြုမိလိုက်သည်။ မည်သူ့ဆီကမှ ဖြေကြားသံ ထွက်ပေါ်မလာ။

"သမီး ဒေါသထိန်းကွာ။ အေးအေးဆေးဆေး ဖြေရှင်းပါ"

"ဟုတ်တယ် သမီး။ အခြေအနေတို့ အရဖ်သုံးသပ်ပြီးမှ ကိုင်တွယ်ပါ။ အခုပြဿနာက လျှော့တွက်လို့မရတော့ဘူး။ စဉ်းစဉ်းစားစားလုပ်မှ ဖြစ်မယ်"

"ဟုတ်တယ် သမီး"

ဒက်ဒီနှင့် မာမီကပါ အပေါ်ထပ်မှဆင်းလာပြီး ကျွန်မကို ဖျောင်းဖျကြသည်၊ သက်ပြင်းရှည် တစ်ချက်ကိုသာ "ဟင်း"ခနဲ မှုတ်ထုတ်ပြီး ဆိုဖာပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်မိတော့သည်။

"ကဲ . . . သွားကြ။ အားလုံး သွားကြတော့။ ဟဲ့ . . နေဦး၊ နေဦး။ ကိုနေမင်းထက် ဘယ်မှာလဲ၊ သူ့ကို ရှာကြစမ်း"

"ခုနကတော့ ပန်းခြံထဲမှာ တွေ့လိုက်တယ် မမလေး"

"အိမ်း၊ မောင်စိုး သွားခေါ်ခဲ့"

"ဟုတ် . . ."

'ကိုနေမင်းထက်'ဆိုတာက ကျွန်မရဲ့ သက်တော်စောင့်။ သို့သော် သိပ်တော့မကြာသေး၊ သူ့ကို ကျွန်မရဲ့ သက်တော်စောင့်အဖြစ် အလုပ်ခန့်ခဲ့သည်မှာ နှစ်လသာ ရှိသေးသည်၊ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားနေသော 'ဆုခက်နွယ်'ဆိုတဲ့ ကျွန်မလို ရုပ်ရှင်မင်းသမီးချောတစ်ယောက်အတွက် သက်တော်စောင့် ထားရလောက်အောင် အခြေအနေက ဖြစ်ပေါ်လာခဲ့သည်။

လူတစ်ယောက်ဟာ အောင်မြင်ကျော်ကြားလာတာနဲ့အမျှ လိုသူရော၊ မလိုသူပါ ပေါ်ပေါက်လာမည်မှာ ဓမ္မတာ။ ဒါကို ကျွန်မ ကောင်းစွာနားလည်ပါတယ်။ ကျွန်မကို လက်ခုပ်တီး၍ အားပေးသူတွေရှိသလို ကွယ်ရာမှာ သွားပုပ်လေလွင့် ပြောနေသူတွေလည်း ရှိပေလိမ့်မည်။ ဓမ္မပူနှင့် အအေး၊ အလင်းနှင့် အမှောင်ဟူသည် အစဉ်ဒွန်တွဲနေစမြဲ။

ဒါတွေကို ကျွန်မ နားလည်ပါသည်၊ လောကဓံတရားကိုလည်း ခံနိုင်ရည်ရှိအောင် လေ့ကျင့်ခဲ့ပါသည်၊ သို့သော် ယခု ကြုံတွေ့နေရသော ပြဿနာက သာမန်ကိစ္စတော့ မဟုတ်။ ကျွန်မအသက်ကို တစ်နည်းနည်းနဲ့ လုပ်ကြံသတ်ဖြတ်မည်ဟု ခြိမ်းခြောက်စာများ လက်ခံရရှိနေခြင်းပင် ဖြစ်သည်။

အနက်ရောင်စာအိတ် တစ်



www.burmeseclassic.com

www.burmeseclassic.com

လုံးတွင်ထည့်၍ တစ်ပတ်တစ်စောင်ကျ ပို့နေသော ခြိမ်းခြောက်စာများကို ကျွန်မလက်ခံရရှိနေသည်။ ပထမတော့ တစ်ဦးတစ်ယောက်က နောက်ပြောင်၍ ပို့နေခြင်းဟု မှတ်ယူခဲ့သည်။ သို့သော် လက်ခံရရှိသော စာတွေများလာတာနဲ့အမျှ ထိုသို့ မယူဆရဲတော့။

တစ်စုံတစ်ဦးသည် ကျွန်မအသက်ကိုလုပ်ကြံရန် ကောန်အမှန်ပင်ရှိနေပါပြီ။ မည်သည့်အကြောင်းကြောင့် ကျွန်မကို ရန်ရှာချင်နေသည်ကိုတော့ မသိ။ အခုအချိန်မှာတော့ အနက်ရောင် စာအိတ်ကိုမြင်လိုက်သည်နှင့် ကျွန်မမှာ အသက်ရှူကျပ်သွားရတော့၏။ ရင်အစုံက 'တဒိန်းဒိန်း'ခုန်၍ မောဟိုက်သွားရတော့၏။

ထို့အတွက် ဒယ်ဒီနဲ့ မာမီက ကျွန်မအတွက် သက်တော်စောင့်တစ်ယောက်ကို ငှားရမ်းပေးခဲ့သည်။ သူကတော့ ကိုနေမင်းထက်။ ကျွန်မထက် အသက်နှစ်နှစ်သာ ကြီးသည်။ ယောကျ်ားပီသ ချောမောရုံမျှမက ကိုယ်ခံပညာရပ် အတော်များများကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်နေသည်။

ဒယ်ဒီကိုယ်တိုင် စိစစ်ရှာဖွေပေးခဲ့သော ကိုနေမင်းထက်ဟူသော သက်တော်စောင့်တစ်ယောက်ရ၍ ကျွန်မစိတ်ထဲမှာတော့ အနည်းငယ်လုံခြုံသွားသလိုပင်။ သူက စကားနည်း၏၊ သပ်ရပ်စွာ နေတတ်၏။ စည်းထား၏။ ထိုအချက်တွေကြောင့်လည်း ကျွန်မကိုယ်တိုင်က နှစ်သက်သဘောကျခဲ့တာ အမှန်ပင်။ သို့သော်လည်း အနက်ရောင် စာအိတ်တွေက ရောက်ရှိနေဆဲပင်။

"ခေါ်တယ်ဆိုလို့"

ရုတ်တရက် ပေါ်လာသော အသံကြောင့် ကျွန်မ၏ အတွေးစတို့ ပြတ်သွားရသည်။ ကြည့်လိုက်တော့ ကိုနေမင်းထက်။ သူ့ပုံစံက ဘာမှမဖြစ်သလို အသွင်ဖြင့် ကျွန်မရှေ့မှာ ဝင်ထိုင်လိုက်၏။ သူ့မျက်လုံးတွေကတော့ စူးစူးရှရှ။ သိမ်းငှက်တစ်ကောင်၏ မျက်လုံးမျိုး။

"ဪ . . . ကိုနေမင်းထက် ထိုင်ပါဦး။ ဒီမှာ ကျွန်မဆီကို ဒီစာအိတ်အနက်ရောင် ရောင်လာပြန်ပြီ။ ရှင်သိတယ် မဟုတ်လား။ ခြိမ်းခြောက်စာတွေလေ"

"အင်း . . . သိပါတယ် ဆူး"

ကိုနေမင်းထက်၏ အသံက တည်တည်ငြိမ်ငြိမ်ပင်။ အံ့ဩဟန်၊ တုန်လှုပ်ဟန် မရှိ။

"ဒါနဲ့ . . . နေပါဦးရှင်၊ ရှင်က ဘာတာဝန်တွေ ယူထားရသလဲ၊ တစ်ဆိတ် ပြောပြစမ်းပါဦး"

"ကျွန်တော်က သက်တော်စောင့် ဘော်ဒီဂတ်ပေါ့"

"ဟုတ်ပြီ၊ ဒါဆို ရှင့်ရဲ့ အဓိကတာဝန်က ဘာလဲ"

"ရှင်းရှင်းလေးပဲဗျာ၊ ဆူးခက်နွယ်ဆိုတဲ့ ရုပ်ရှင်မင်းသမီးချောတစ်ယောက်ရဲ့ အသက်နဲ့ လုံခြုံရေးကို တာဝန်ယူ စောင့်ရှောက်ဖို့ပါပဲဗျာ"

"အင်း . . . ဟုတ်ပြီ၊ ဒီစာအိတ်တွေ ကျွန်မဆီရောက်လာတာ ရှင်သိတယ်နော်၊ အထဲမှာ ဘာတွေရေးထားတယ်ဆိုတာလည်း ရှင်သိမှာပေါ့"

"သိပါတယ် ခြိမ်းခြောက်စာတွေလေ၊ ခင်ဗျားကို လုပ်ကြံမယ်ဆိုတဲ့ သတိပေးစာတွေလေ"

"ဒီအတွက် ရှင်ဘယ်လို ဖြေရှင်းမလဲ ကိုနေမင်းထက်"

ကျွန်မက အတတ်နိုင်ဆုံး လေသံကိုထိန်း၍ မေးလိုက်၏။

"ကျွန်တော် ပြောပြီးပြီလေ၊ ကျွန်တော့်အလုပ်က ခင်ဗျားကို ကာကွယ်စောင့်ရှောက်ဖို့၊ ခင်ဗျားကို ဘယ်အန္တရာယ်မျိုးမှ မကျရောက်အောင် ဂရုစိုက်စောင့်ကြပ်ဖို့၊ အခုလည်း စောင့်ရှောက်နေတာပဲလေ၊ မင်းသမီးမှာ မှဲ့တစ်ပေါက် စွန်းခဲ့လို့လား"

"မှန်ပါတယ် ဒါပေမယ့် ဒီခြိမ်းခြောက်စာတွေနဲ့ ပတ်သက်ပြီး ရှင့်မှာ တာဝန်မရှိဘူးလား"

"ရှိပါတယ်၊ သိပ်ရှိတာပေါ့၊ ကျုပ်လည်း ဒီကိစ္စကို စုံစမ်းလေ့လာနေပါတယ်"

သူ့အဖြေနှင့် ပတ်သက်ပြီး ကျွန်မ သက်ပြင်းသာ ချနေမိသည်။ သူက ဆက်ပြောသေးသည်။

"ဘာပဲဖြစ်ဖြစ် အခုထိ မင်းသမီးကို ဘယ်သူမှ ရန်မပြုနိုင်သေးဘူးလေ၊ ဘာမှ မဖြစ်သေးတာကို ဘာလို့ ပူပန်နေရတာလဲဗျာ"

သူ့စကားကြောင့် ကျွန်မ ထွက်သွားမိသည်။

www.burmeseclassic.com

"ဒီမယ် . . . ရှင့်စကားက ဘာအဓိပ္ပာယ်လဲ။ ရှင့်ကို ကျွန်မရဲ့ သက်တော်စောင့်အဖြစ် ခန့်ထားတာပါနော်။ ရှင်ပြောပုံက တာဝန်ယူမှု တင်းမဲ့နေသလိုပဲ။ ဘာမှ မဖြစ်သေးခင် ကြိုတင်ကာကွယ်ရမှာပေါ့။ ဖြစ်ပြီးမှ ကာကွယ်နေလို့ ဘာထူးမှာလဲ"

"အဟဲ . . မင်းသမီးက ဒေါသကြီးလိုက်တာနော်။ ကျွန်တော်က တာဝန်မယူတာမှ မဟုတ်တာ။ စိတ်ချ။ ကျွန်တော်သေပြီးမှ မင်းသမီးရဲ့ အသားကို ထိခွင့်ရမယ်။ ကျွန်တော် အခုပြောတာက ဒီလောက်ကြီး စိတ်သောက ရောက်မနေဖို့ ပြောတာ။ ပေါက်ကရလေးဆယ်စာကို ဘယ်သူမဆို ရေးနိုင်တာပဲ။ ဒါကို စိုးရိမ်ပူပန်မနေဖို့ ပြောတာ"

"ဟင် . . ရှင်ပြောသလို ပေါက်တရလေးဆယ်စာဆိုရင်တော့ ကောင်းတာပေါ့"

"ဟုတ်တယ် မင်းသမီး။ လူတစ်ယောက်ဟာ အောင်မြင်ကျော်ကြားလာတာနဲ့အမျှ မနာလိုသူတွေ၊ ပြိုင်ဘက်တွေ၊ ရန်သူတွေဆိုတာ ပေါ်လာတတ်တာပဲ။ တကယ်လို့ မနာလိုသူ၊ ဒါမှမဟုတ် ပြိုင်ဘက်တစ်ယောက်ယောက်ရဲ့ တိုက်ခိုက်မှုဆိုရင် အခုလို မင်းသမီး တုန်လှုပ်နေပုံမျိုးတွေ့ရင် သူပျော်နေမှာပဲ။ သူ့တို ပျော်ခွင့်မပေးသင့်ဘူး။ ကိုယ့်အားနည်းချက်ကို ထုတ်မပြသင့်ဘူး"

သူ့စကားတွေက ဆီလျော်ကျိုးကြောင်းကျသည်ဟု ကျွန်မ လက်ခံလိုက်မိသည်။ ဟုတ်တာပေါ့။ ကျွန်မက သရုပ်ဆောင် မင်းသမီးတစ်ယောက်ပီပီ အကောင်းဆုံး ဟန်ဆောင် သရုပ်ဆောင်ပြသင့်သည်။ ကျွန်မရဲ့ နောက်ဆုံးအချိန်အထိ ခပ်ပြုံးပြုံးရှိတာကို ရန်သူတွေ အံ့အားသင့်သွားအောင် နေပြသင့်သည်။

"ရှင်ကော ဘယ်လိုထင်သလဲ။ ဒါ ဘယ်သူ့လက်ချက် ဖြစ်နိုင်မယ် ထင်သလဲ"

"အင်း . . . စဉ်းစားရတော့ ခက်တယ်ဗျ။ အခုပုံစံက တစ်ယောက်ယောက်က နောက်နေတာမျိုးတော့ မဟုတ်ဘူး။ ပြီးတော့ ကျွန်တော့်အတွေ့အကြုံအရပြောရရင် အခုပို့နေတဲ့ ခြိမ်းခြောက်စာအားလုံးကို တစ်ယောက်တည်းက ရေးတာ။ ရေးသူက ဘယ်ကျော်သမား။ ပြီးတော့ ယောကျ်ားလေးဗျ"

ဒီလိုဆိုတော့လည်း ကျွန်မ၏ သက်တော်စောင့်ကို စိတ်ထဲမှ ချီးကျူးလိုက်မိပါသည်။ သူသည် သစ္စာရှိစွာ၊ အလုပ်အပေါ် တာဝန်ကျေစွာ ထမ်းရွက်နေသည်ကိုတော့ ကျွန်မ အသိအမှတ်ပြုပါသည်။

ကျွန်မသိချင်တာက မည်သူသည် ကျွန်မကို စိတ်ဒုက္ခရောက်ရန် ကြံရွယ်နေပါသနည်း။ မည်သူသည် ကျွန်မ၏ရန်သူဖြစ်မည်နည်း။ အဖြေမသိသော ရှုပ်ထွေးမှုများက ကျွန်မကို ပို၍ပို၍ ရှုပ်ထွေးနေစေခဲ့သည်။

တနင်္လာ၊ အင်္ဂါ နှစ်ရက်စလုံး ကျွန်မ အနားယူနေရသည်။ ရှူတင်က ဗုဒ္ဓဟူးနေ့မှ ပြန်စမည်။ ထိုနှစ်ရက်အတွင်း အိပ်ရေးဝအောင် အိပ်ရန် ဆုံးဖြတ်လိုက်သည်။ ကျွန်မ အကျင့်က ညဘက်ဆိုလျှင် စောစော အိပ်ရာဝင်လေ့မရှိ။ စာအုပ်ဖတ်ရင်ဖတ်၊ မဖတ်လျှင် ဗီဒီယိုအခွေ ထိုင်ကြည့်နေတတ်သည်။

အနည်းဆုံး ည ၁ နာရီ လောက်မှ အိပ်ဖြစ်သည်။ မနက်ဆိုရင်တော့ မနက် ၁၀ နာရီလောက်မှ အိပ်ရာထတတ်သည်။ ဒီညတော့ ညစ္စနက်မခံတော့။ ည ၁၀ နာရီလောက် အိပ်ရာဝင်မည်ဟုဆုံးဖြတ်၍ ဘာသာပြန် စပိုင်ဝတ္ထုတစ်အုပ်ကို ဖတ်နေမိသည်။ နာရီကို ကြည့်တော့ ည ၉ နာရီအတိ။

ကိုယ့်အိမ်၊ ကိုယ့်ခြံထဲမှာဆိုတော့ အစစအရာရာ စိတ်ချရသည်။ အုတ်တံတိုင်း အမြင့်ကြီးတွေ ပတ်လည်ကာထားပြီး အပေါ်မှာ သံဆူးလိပ် တင်ထားသည်။ ထိုသံဆူးလိပ်က လိုအပ်လျှင် လျှပ်စစ်ဓာတ်လွှတ်နိုင်သည်။ ခြံလေးထောင့်မှာတော့ CCTV ကင်မရာတွေ တပ်ထား၏။

ကျွန်မနေတာက နှစ်ထပ်တိုက်၏ အပေါ်ဆုံးထပ် အခန်းမှာ။ ခြံထဲမှာလည်း ဖျော်ထောင်အိမ် တန်းလျားတစ်ခုရှိပြီး အိမ်၏ အလုပ်သမားဝန်ထမ်းတွေ နေကြသည်။ ခြံစောင့်က နှစ်ယောက်၊ ယာဉ်မောင်းက သုံးယောက်၊ မာလီတစ်ယောက်၊



www.burmeseclassic.com

www.burmeseclassic.com

လှပျို့ပေါက် ကောင်လေးတွေက ငါး ယောက်။ အားလုံး တောင့်တောင့်တင်း တင်း၊ ထွားထွားကျိုင်းကျိုင်းတွေ။

ယောကျ်ားသားများ၏ စိတ်ချ ရသည်၊ ထမင်းချက်၊ အဝတ်လျှော်၊ အိမ်ဖော်တွေနှင့် ကျွန်မတို့မိသားစု ပေါင်းလိုက်ရင် ဤခြံထဲတွင်ပင် လူ အယောက်နှစ်ဆယ်ခန့် ရှိနေသည်။ ထို့ပြင် ညဘက်ဆို ခြံထဲမှာ ဗိုဘာ မင်ခွေးကြီး သုံးကောင် လွှတ်ထား သေးသည်၊ မီးတွေကလည်း နေရာ အနှံ့ ထိန်လင်းလို့။

အပေါ်ထပ်ရှိ ကျွန်မအိပ်ခန်း နှင့်ကပ်လျက်တွင် ကျွန်မ၏ အစ်မ ဖြစ်သူ၊ ပြီးတော့ အခြားတစ်ခန်း တွင် ဦးလေးလင်မယား ရှိသည်။ ကျွန်မ၏သက်တော်စောင့် ကိုနေ မင်းထက်ကိုတော့ ကျွန်မ အခန်းနှင့် သုံးခန်းကျော်တွင် နေရာပေးထား သည်။

လုံခြုံရေးကို တင်းကျပ်ထား၍ ညလုံးပေါက် လုံခြုံရေးကို အလှည့် ကျ တာဝန်ယူကြသည်။ ထို့အတွက် စိတ်ချလက်ချ စာအုပ်ထိုင်ဖတ်နိုင် ခြင်းဖြစ်သည်။

"မမလေး . . . နွားနို့နဲ့ ပေါင် မုန့်ထောပတ်သုတ် ရပါပြီ"

"ဩော် . . . မိငယ်၊ အင်း . . စားပွဲပေါ်တင်ထားခဲ့"

"အားဆေးလည်း ပါတယ်နော် မမလေး"

"အေးပါ။ ခဏနေမှ သောက် မယ်ကွာ၊ ဒီမှာ စာအုပ်ဖတ်နေလို့။ ထားခဲ့"

"ဟုတ်ကဲ့ မမလေး"

အိမ်ဖော်ကောင်မလေး မိငယ် က နွားနို့နှင့် ပေါင်မုန့်ထောပတ် သုတ် လင်ပန်းကို စားပွဲပေါ်တင် ထားခဲ့ပြီးနောက် ခပ်သုတ်သုတ် ထွက်ခွာသွား၏။

စာအုပ်ထဲတွင် စိတ်ဝင်စားနေ သော ကျွန်မသည် 'ကလစ်'ဟူသော အသံကြောင့် ဖျတ်ခနဲ မျက်လုံးဖွင့် ကြည့်လိုက်မိသည်။

"ဟင် . . . ဘယ်သူလဲ"

မှန်ပြတင်းပေါက်က ခပ်ဟဟ ပွင့်သွားပြီးနောက် လူတစ်ယောက် ၏ တစ်ဝက်တစ်ပျက် အနေအထား ကို ရိပ်ခနဲ တွေ့လိုက်ရသည်၊ ခပ် မှောင်မှောင်ဖြစ်နေ၍ သိပ်တော့ မသဲကွဲ၊ ရင်ထဲ ဒိန်းခနဲ ဖြစ်သွားပြီး ကြောက်လန့်မှုနဲ့အတူ ဟစ်အော် လိုက်မိသည်၊

"လာကြပါဦး . . . လူ . . လူ ဝင်နေလို့"

ပါးစပ်က ဟစ်အော်လိုက်သလို လက်ကလည်း စားပွဲပေါ်ရှိ ကြိုးမဲ့ ခလုတ်လေးတစ်ခုကို နှိပ်လိုက်မိ သည်။ ရှတ်ခြည်းပင် အန္တရာယ် အချက်ပေးမြည်သံများက တစ်ဟိမ့် လုံး ဆူညံသွားတော့၏။ အချက်ပေး စနစ်က အိမ်ပေါ်၊ အိမ်အောက်၊ ခြံ ဝင်းအနှံ့ တပ်ဆင်ထားသည်မို့ ချက် ချင်းပင် လူတွေစုသွားပြီး ကျွန်မအခန်း ကို စုပြုံရောက်ရှိလာကြတော့သည်။

"သမီး သမီး၊ ဘာဖြစ်တာလဲ"

"သမီးအဆင်ပြေရဲ့လား"

ဒယ်ဒီနဲ့ မာမီတို့ရဲ့ စိုးရိမ် တကြီး မေးသံကြောင့် အားတက် သွားရသည်။ လူတွေအားလုံး ကျွန်မ အခန်းရှေ့မှာ စုပြုံနေလေပြီ။

"မမလေး ဘာဖြစ်လို့လဲ"

"ဟို . . အင်း . . ပြတင်းပေါက် အပြင်က လူရိပ်တွေ့လိုက်လို့"

"ဟင် . . လိုက်ကြည့်ပေဟ့"

"တစ်ခြံလုံး အနှံ့ရှာ၊ တွေ့ရင် အသေသာဆော်"

ကျွန်မအခန်းက နှစ်ထပ်တိုက် ရဲ့ အပေါ်ထပ်မှာ ဖြစ်ပေမယ့် တိုက် နံရံပတ်လည်မှာ ပန်းတမော့ အလှ ဆင်မှုများ ရှိနေသည်၊ အထူးသဖြင့် ပြတင်းပေါက်ရဲ့ အောက်မှာ လူတစ် ယောက် ခြေချနိုင်အောင် ပတ်လည် ထုကြောင်းက ရှိနေ၏။ စွန့်စွန့်စား စားလာတတ်သူ တစ်ယောက်အတွက် တော့ ခက်ခဲမည်မဟုတ်။

"သမီး မျက်စိအမြင် မှားတာ လားကွယ့်"

"မဟုတ်ဘူး မာမီ။ ဟိုပြတင်း ပေါက်က ပိတ်ထားတာ၊ ကလစ်ခနဲ အသံကြားပြီး လူရိပ်တစ်ခုတွေ့လိုက် တယ် မာမီ"

ပြတင်းပေါက် အနား သွား ကြည့်တော့ အနက်ရောင်စာအိတ် တစ်လုံးကို တွေ့လိုက်ရသည်၊ ကျွန်မ ရင်းနှီးပြီးသား ကျွန်မဆီ ခြိမ်းခြောက် စာတွေ ပို့နေသော စာအိတ်မျိုး။

"ဟင် . . ဒါ . . ဒါ . . ထိုး အိတ်ပဲ"

မြွေဆိုးတစ်ကောင်ကို လိုက်ရသလို ကျွန်မ ထိတ်လန့် မိသည်၊ ကျွန်မအသက်ကိုလို



www.burmeseclassic.com

www.burmeseclassic.com

မည်ဟု ခြိမ်းခြောက်ထားသောစာ၊ ကျွန်မရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပြီ။

"အံ့ဩစရာပဲ လူဝင်တယ်ဆိုတာ သေချာပြီ။ ဟော့ . . . မင်းတို့ တစ်ခြံလုံး ရှာပြီးပြီလား"

"ရှာပြီးပါပြီ ဆရာ။ ဘာမှ မတွေ့ဘူး။ အားလုံးပုံမှန်ပဲ၊ CCTV ကင်မရာမှာလည်း မတွေ့ဘူးဆရာ"

"ဟေ . . အင်း . . . အတော်တော့ ထူးဆန်းနေပြီဟော့"

"ဒါ . . . ဒါနဲ့ . . . ကိုနေမင်းထက်ကော"

ကျွန်မပြောလိုက်တော့မှ သူ့ကို အားလုံး သတိထားမိသွားကြသည်။ တစ်အိမ်လုံးက လူတွေ ကျွန်မရှိရာ ရောက်လာခဲ့သော်လည်း ထိုလူစုထဲတွင် ကျွန်မ၏ သက်တော်စောင့်က မပါ။ ကျွန်မ အတော်စိတ်ကုန်သွားသလို ဒေါသလည်း ထွက်သွားမိသည်။

"ဟာ . . ဟုတ်တယ်။ အာကာတို့ သွားကြည့်ကြစမ်း။ ဒီကောင် ဘယ်မှာလဲ၊ ဘာလုပ်နေလဲလို့"

ဒယ်ဒီ စေခိုင်း၍ ကောင်လေးသုံးယောက်က လှစ်ကနဲ ထွက်သွားကြသည်။ တစ်အောင့်ကြာတော့ ပြန်ရောက်လာကြသည်။ ကိုနေမင်းထက်လည်း ပါ၏။ သို့သော် သူ့ပုံစံက အိပ်ရာမှထလာသလို တက်ကြွလန်းဆန်းမှုမရှိ။

"မင်းသမီး ဘာဖြစ်တာလဲ"

"ခြော် . . . ရှင်တော်တော် အားကိုးရတဲ့သူပဲ၊ တစ်အိမ်လုံးက လူတွေ ကျွန်မဆီရောက်လာချိန်မှာတောင် ကျွန်မရဲ့ အနီးကပ် သက်တော်စောင့်က ပါမလာခဲ့ဘူး။ ကုလားသေ ကုလားမော အိပ်ပျော်နေတဲ့ သူက ကျွန်မရဲ့ သက်တော်စောင့်တဲ့၊ ကြားလို့မှ ကောင်းသေးရဲ့လား။ ပြောစမ်းပါဦး၊ ရန်သူက ကျွန်မရဲ့ အိပ်ခန်းအထိ ရောက်လာခဲ့ပြီ၊ ရှင်က ကျွန်မကို ဘယ်လိုစောင့်ရှောက်မှာလဲ၊ ကျွန်မသေမှ စောင့်ရှောက်မှာလား"

အရူးတစ်ယောက်လို ပေါက်ကွဲစွာဖြင့် ကျွန်မဟစ်အော် ပြောဆိုလိုက်မိသည်၊ ဒေါသကြောင့် ကျွန်မတစ် ကိုယ်လုံး တဆတ်ဆတ် တုန်ခါနေသည်၊ အားလုံးရဲ့ မကျေနပ်တဲ့ အကြည့်က သူ့အပေါ် စုပုံကျနေ၏။ သူကတော့ ခေါင်းကို တွင်တွင်ငုံ့လျက်၊ အ ပြစ်ရှိသူတစ်ဦး၏ အမူ အရာဖြင့် ကျွန်မရှေ့မှာ ငြိမ်သက်စွာ ရပ်လျက်၊

"ပြောစမ်းပါဦး . . ကိုနေမင်းထက်၊ ရှင်ဘာလုပ်နေတာလဲ၊ ကျွန်မ အခန်းကို လူကပ်တာ မသိလိုက်တာကို ထားပါတော့၊ အချက်ပေးသံတွေ ဒီလောက်ဆူညံနေတာ ရှင်မကြားဘူးလား၊ ရှင့်အခန်းထဲမှာလည်း အချက်ပေးစက် တပ်ထားတာပဲ၊ ရှင် ဘာလုပ်နေတာလဲ"

"ကျွန်တော် မှားပါတယ်၊ ကျွန်တော် မေးခနဲ အိပ်ပျော်သွားလို့ပါ"

"အိပ်ပျော်သွားလို့၊ ထားပါတော့ ဒါဆို အချက်ပေးခေါင်းလောင်းသံကို ဘာလို့ မကြားတာလဲ၊ ဒီအသံက လူတစ်ယောက်ကို အိပ်ပျော်ရာက လန့်နိုးသွားစေနိုင်တာပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော့်အပြစ်ပါ"

ကျွန်မ သူ့ကို စိတ်မသက်သာစွာဖြင့် ကြည့်နေမိသည်၊ အတော်လည်း စိတ်ကုန်သွားခဲ့ရပြီ၊

"ဒီမှာ ကိုနေမင်းထက်၊ ရှင့်မှာ ဒီထက်ကောင်းတဲ့ အဖြေ မရှိတော့ဘူးလား"

သူ့ဆီမှ တုံ့ပြန်သံ ထွက်မလာပါ၊ ခေါင်းကိုငုံ့၍ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေ၏၊ ကျွန်မလည်း သည်ထက် စိတ်မရှည်နိုင်တော့ပါ၊

"ကဲ . . . ကိုနေမင်းထက် ဒီတစ်ညတော့ ဒီမှာအိပ်လိုက်ပါ၊ ဒီညဟာ ဒီအိမ်မှာ ရှင့်အတွက် နောက်ဆုံးညပါပဲ၊ ရှင့်ကို အလုပ်ထုတ်လိုက်ပါပြီ"

ကျွန်မ စကားအဆုံးမှာ သူလည်း ချာခနဲလှည့်ထွက်သွားပါတော့သည်၊ အားလုံးကလည်း ကျွန်မ၏ ဆုံးဖြတ်ချက်ကို ထောက်ခံကြပါသည်၊

"မှန်တယ်သမီး၊ သမီးဆုံးဖြတ်တာကို ဒယ်ဒီ ထောက်ခံတယ်၊ ဒီလိုကောင်မျိုးကို သက်တော်စောင့်ခန့်မိတာကိုက ငါ့သမီး အမှားပဲ"

"ဟုတ်ဝ၊ အလကားကောင်၊ အခြေအမြစ် မရှိတဲ့ကောင်၊ အလုပ်ထုတ်ပစ်လိုက်၊ နောက်တစ်ယောက် ထပ်ရှာမယ်၊ လူမရှားဘူး သမီး"

သာယာသော ညတစ်ညကို ခြောက်ချားစွာဖြင့် ကုန်ဆုံးခဲ့ရပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com

အခုတော့ ကျွန်မအနားမှာ ကျွန်မရဲ့ သက်တော်စောင့် ရှိနေရမယ့်အစား ခြိမ်းခြောက်စာ ထည့်ထားသော စာအိတ်အနက် တစ်လုံးသာ ရှိနေပါတော့သည်။ လုံခြုံရေးအပြည့်ရှိသော ခြံအတွင်းသို့ ရန်သူသည် မည်သို့ ဝင်ရောက်ခဲ့ပါလေသနည်း။ လွန်စွာမှ အကြားအာရုံကောင်းပြီး လျင်မြန်သွက်လက်လှသော ကျွန်မ၏ သက်တော်စောင့်သည် ဘာကြောင့် နှစ်ခြိုက်စွာ အိပ်ပျော်နေခဲ့ပါသနည်း။

ကျွန်မအတွက်တော့ မရေရာသော သံသယများနှင့်အတူ အေးချမ်းသောတစ်ညတာသည် ပူလောင်ခဲ့ရချေပြီတကား။

အင်မတန် လှပသေသပ်သော နိဒါန်းများ၏ အဆုံးသတ်သည် စိတ်လှုပ်ရှားဖွယ်ရာ လှည့်စားမှုများနှင့် အတိပြီး၏ဟူသော အချက်ကို ကျွန်မ လက်ခံယုံကြည်မိချိန်မှာတော့ အရာရာသည် ပြီးဆုံးခဲ့ရပါပြီ။

ကြားလိုက်ရသည့် သတင်းကြောင့် ကျွန်မ မျက်လုံးပြူးသွားရသည်။ နာရီကိုကြည့်လိုက်တော့ မနက် ၉ နာရီအတိ။

"ကိုတင်ထူး တကယ်ပဲလား။ ရှင်ပြောတာတွေ အမှန်ပဲလား"

"ဩော် . . . မင်းသမီးရယ်။ မင်းသမီးကို ဘာလို့ ညာရမှာလဲ။ မင်းသမီးရဲ့သက်တော်စောင့် နေမင်းထက်ဆိုတဲ့ကောင် ကားတိုက်ခံရလို့ ဆေးရုံရောက်နေတယ်။ ဒဏ်ရာ ပြင်းတယ် ပြောတယ်။ အဲဒါ . . . "

ကျွန်မ ချက်ချင်းပင် ဆေးရုံသို့ လိုက်သွားခဲ့ပါသည်။ ဘာကြောင့် လိုက်သွားမိသည်ကိုတော့ ကျွန်မ သေသေချာချာပင် မသိ။ စိုးရိမ်လို့လား၊ စိတ်ပူလို့လား။ ကျွန်မ သူ့ကို မုန်းနေတာ မဟုတ်လား။ အလုပ်က ထုတ်ပစ်ခဲ့ပြီးပြီပဲ။ ဘာလို့ စိတ်ပူစွာ လိုက်ကြည့်ဖို့ လိုပါမည်နည်း။

ကျွန်မကိုယ်တိုင် သေချာစွာ မသိသော အကြောင်းတစ်ရပ်ဖြင့် ဆေးရုံသို့ ရောက်ခဲ့ပါသည်။ အရေးပေါ်အခန်းထဲက ခုံစိတ်ခုတင်ပေါ်မှာ သူ့ကိုတွေ့လိုက်ရတော့ ကျွန်မ ရင်ထဲ တစ်မျိုးတော့ ခံစားလိုက်ရသည်။ အောက်ဆီဂျင်ပိုက်သွင်းထားသော အုပ်ဆောင်းအောက်မှာ ကျွန်မ၏သက်တော်စောင့်သည် ဘာကိုမျှ မသိရှာဘဲ ငြိမ်သက်နေပါသည်။

"သူ . . . သူ"

ဆရာဝန်ကြီးက ကျွန်မအနီး ရောက်လာပြီး "မင်းသမီး အပြင်မှာ စကားပြောရအောင်"ဟု ခေါ်ထုတ်လာသည်။ အပြင်ရောက်တော့ ဆရာဝန်ကြီးက . . .

"လူနာ အခြေအနေက မျှော်လင့်ချက် မရှိတော့ပါဘူး မင်းသမီး။ သွေးထွက်လွန်တာလည်း ပါတာပေါ့။ အဓိကကတော့ ဦးနှောက် အက်ကွဲခဲ့တာပဲ"

ဟု ခပ်တိုးတိုး ရှင်းပြ၏။

ထိုစဉ်မှာပင် သူနာပြုတစ်ယောက် ထွက်လာပြီး "ဆရာ လူနာ အသက်မရှိတော့ပါဘူး"ဟု လာပြော၏။ ကျွန်မကိုယ်တိုင် ကျောက်ရုပ်တစ်ရုပ်လို ဖြစ်သွားရသည်။ ဘယ်လိုတုံ့ပြန်ရမှန်းပင် မသိ။

"စိတ်မကောင်းပါဘူး မင်းသမီး။ ဒီလူနာဟာ တကယ်တော့ တခြားသူမဟုတ်ပါဘူး။ မင်းသမီးရဲ့ သက်တော်စောင့်လုပ်ခဲ့တဲ့ နေမင်းထက်ဆိုတဲ့ လူဟာ တကယ်တော့ ဆရာဝန်တစ်ယောက်ပါပဲ"

"ရှင် . . . ကိုနေမင်းထက်က ဆရာဝန် ဟုတ်လား ဆရာ"

အံ့ဩစိတ်ဖြင့် ကျွန်မမေးလိုက်မိသည်။ ဆရာဝန်ကြီးက သက်ပြင်း တစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး ရှင်းပြ၏။

"ဟုတ်ပါတယ်။ အခုသေဆုံးသွားတဲ့ မင်းသမီးရဲ့ သက်တော်စောင့်ဆိုတာ ဆရာဝန် တစ်ယောက်ပါပဲ။ သူ့မှာ ရောဂါတစ်ခု ရှိခဲ့တယ်။ အတော်ကြာခဲ့ပြီ။ ဒါက ဘာလဲဆိုတော့ နည်းနည်းတော့ ထူးခြားတယ် ဆိုရမှာပဲ။ သူက ယောကျ်ားဆိုပေမဲ့ သူ့စိတ်က မိန်းမဖြစ်ချင်နေတယ်"

"ရှင် . . ဒါ . . ဒါဆို . . သူက အခြောက် . . အခြောက်ပေါ့"

ကျွန်မကို အန္တရာယ်မကျ ရောက်အောင် ကာကွယ်ပေးနေသည့် ကျွန်မ၏ သက်တော်စောင့်က အခြောက်တစ်ယောက်တဲ့လား။

"အခြောက်ဆိုပေမယ့် သူက တခြားအခြောက်တွေလို Sex ပိုင်းဆိုင်ရာ ဖောက်ပြန်မှုမရှိဘူး။ Abnormal Sexual Bexaviour လို့ ခေါ်တယ်။ Homo Sexual လို့ ခေါ်တဲ့ လိင်တူဆက်ဆံမှုမျိုး မဟုတ်ဘူး အဓိကဖြစ်နေတာက လူ့စိတ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

စိတ်နှစ်မျိုး၊ စိတ်နှစ်ခွ ဖြစ်နေတာပဲ၊ တစ်ခုက အပြုစိတ်၊ တစ်ခုက အပျက်စိတ်၊ စိတ်ရောဂါကု ဆရာဝန်တွေကတော့ Split Person လို့ ခေါ်တယ်၊ သူ့ကိုယ်သူ နောက်တစ်ယောက် ဖန်တီးယူထားတဲ့သဘော၊ သူကိုယ်တိုင် မသိတဲ့ နောက်တစ်ယောက်ကို ဖန်တီးနေမိတဲ့ သဘော၊ နားလည်လွယ်အောင် ပြောရရင် စိတ်ကျရောဂါ တစ်မျိုးဖြစ်တဲ့ ဟိုက်ပိုမီနီးယား Hypomenia ဆိုတဲ့ တကယ်မရှိတာကို ရှိတယ်ထင်တဲ့ ရောဂါပေါ့"

ကျွန်မ အံ့ဩစွာဖြင့် ငေးစိုက်၍ နားထောင်နေမိသည်၊

"မင်းသမီးကို တစ်ခုပေးစရာရှိတယ်"

ဆရာဝန်ကြီးက အခန်းထဲဝင်၍ တစ်စုံတစ်ခုကို ယူလာပေးသည်၊ တခြားတော့မဟုတ်၊ အနက်ရောင် ကျောပိုးအိတ်တစ်လုံးပင်၊

"ရှင် . . . ဒါက"

"အဲဒါ နေမင်းထက်ရဲ့ ကျောပိုးအိတ်ပါ၊ ဖွင့်ကြည့်လိုက်ပါ . . . မင်းသမီး"

ကျွန်မ အံ့ဩစွာ၊ နားမလည်နိုင်စွာ၊ ရှုပ်ထွေးစွာဖြင့် ဖွင့်ကြည့်လိုက်မိသည်၊

"ဟင် . . ဒါ . . ဒါတွေက"

ကျွန်မတွေ့လိုက်ရတာက အနက်ရောင် စာအိတ်များ၊ ကျွန်မဆီသို့ ခြိမ်းခြောက်စာတွေပို့နေသော အနက်ရောင်စာအိတ်များ၊

"ဟာ . . . သူ . . . သူက"

"ဟုတ်ပါတယ်၊ မင်းသမီးရဲ့ အသက်ကို လုပ်ကြံဖို့ ခြိမ်းခြောက်စာတွေပို့ခဲ့တဲ့သူဟာ မင်းသမီးရဲ့ အနီးကပ်သက်တော်စောင့် ကိုယ်တိုင်ပါပဲ၊ စိတ်နှစ်ခွဖြစ်တဲ့အချိန်မှာ သူ့စိတ်ကိုသူ မပိုင်စိုးဘဲ နောက်တစ်ယောက် ဖြစ်သွားတာပေါ့"

"ဟို . . . ဒါနဲ့ သူက ဘာလို့ ကျွန်မကို သတ်ချင်ရတာလဲ"

"အင်း . . . စိတ်ပညာရှုထောင့်ကပဲ ပြောပါရစေ၊ သူက မင်းသမီးကို တစ်ဖက်သတ် ချစ်နေလို့ပါပဲ"

"ရှင် . . . ဘယ်လို"

"ဟုတ်ပါတယ်၊ သက်တော်စောင့်ဘဝမှာ မင်းသမီးကို ချစ်နေခဲ့တဲ့ သူ့ရဲ့စိတ်ဟာ သိစိတ်နဲ့ မသိစိတ် အကြီးအကျယ် ပဋိပက္ခဖြစ်နေခဲ့တယ်၊ သူလိုချင်တဲ့အချစ်ကို မရနိုင်တာကို သူကိုယ်တိုင် သုံးသပ်မိတဲ့ အချိန်မှာ သူ့စိတ်ဟာ ဆန့်ကျင်ဘက်ဖြစ်သွားရော၊ အပြုစိတ်ကနေ အပျက်စိတ်၊ သက်တော်စောင့်ကနေ လူသတ်သမားစိတ် ပေါက်သွားခဲ့တာပဲ၊ သူမရတော့တဲ့ သူ့ရဲ့ချစ်သူကို တစ်ပါးသူတစ်ယောက်ယောက် ရသွားမှာ မလိုလားဘူး၊ သူမပိုင်ဆိုင်သလို ဘယ်သူမှလည်း ပိုင်ဆိုင်ခွင့် မရစေချင်ဘူး၊ ဒါဟာ သူ့ရဲ့ ဖောက်ပြန်နေတဲ့ အတွင်းစိတ်ရိုင်းပါပဲ"

ကျွန်မကြားရတာတွေက ယုံနိုင်စရာပင် မရှိ၊ နားလည်ရခက်လှ၏၊ လုံခြုံရေးအပြည့်ရှိသော ခြံဝင်းထဲမှာ ရန်သူရောက်လာခဲ့တာ၊ ကျွန်မ ပြတင်းပေါက်ကို တိတ်တဆိတ်ဖွင့်၍ အနက်ရောင် စာအိတ်ထားခဲ့တာ၊ အချက်ပေးခေါင်းလောင်းသံကို မကြားဘဲ အိပ်ပျော်နေတယ်လို့ပြော၍ အလုပ်ထုတ်ခဲ့ရတာတွေကို ကျွန်မ ပြန်မြင်ယောင်၊ ကြားယောင်လာခဲ့မိသည်၊

အခုတော့ ကျွန်မ၏ ရန်သူတစ်ဖြစ်လဲ ကျွန်မ၏သက်တော်စောင့်ကား သေဆုံးခဲ့ပါပြီ၊ ကျွန်မကို သတ်ချင်လောက်အောင် ကြိုးစားခဲ့တာတွေကို ကျွန်မ အလွယ်တကူ လက်ခံ၍မရနိုင်ဘဲနဲ့ ဖြစ်နေခဲ့သည်၊

အချစ်၏ သွေဖည်မှု နိယာမတစ်ခုအဖြစ် ကျွန်မ မှတ်ချက်ချလိုက်မိသည်၊ အချစ်သည် လွန်စွာမှ လှည့်စားတတ်ကြောင်း၊ လွန်စွာမှ ပရိယာယ်မာယာတို့ ကြွယ်ဝကြောင်း၊ အချစ်၌ လှပသော တန်ခိုးများရှိသလို စက်ဆုပ်ဖွယ် နတ်ဆိုးများလည်း ကိန်းအောင်းနေကြောင်းကို ကျွန်မ ကောင်းစွာသိလိုက်ပါပြီ၊

အခုတော့ ကျွန်မ၏ သက်တော်စောင့်သည် ဝိညာဉ်ဘဝ၌ *ကျွန်မကို စောင့်ရှောက်ကာကွယ်နေ*မည်လော၊ ကျွန်မကို သတ်ဖြတ်ရန် ကြိုးစားနေမည်လော ဆိုတာကို ကျွန်မကိုယ်တိုင် ဝေခွဲမရ ရှုပ်ထွေးစွာဖြင့် တည်ရှိနေပါတော့၏၊

ဝသုန်ဟိန်းထက်




www.burmeseclassic.com

www.burmeseclassic.com

# ကရင်မလင်နန်းတော်မှ လူသားစားသောက်ပွဲကြီး

## CANNIBALISM IN THE KREMLIN

သန်းဝင်း(ဘဏ်)



ရန်သူ၏အသားများကို စားသောက်ခြင်းအားဖြင့် သာမန်လူသားတွေထက် သာလွန်သော စွမ်းအင်များကို ပိုင်ဆိုင်ရရှိစေသည်ဟူသော ယုံကြည်နေသူတစ်ဦးကား ဆိုဗီယက်အာဏာရှင် ဖြစ်ခဲ့သူ ဂျိုးဇက်စတာလင်ပါတည်း။

သို့ဖြင့် သူ့ကို စိတ်ရူးပေါက်နေသည့် လူသားတစ်ဦးဟု အများကသတ်မှတ်ကြသည်မှာ လွန်အံ့မထင်။

ကွန်မြူနစ်ဝါဒ နေလို့,လလို့ ထွန်းတောက်ခဲ့ပြီး ခေတ်အစဆုံးအချိန်တွင် အာဏာရှင်စတာလင်သည် သူ၏မိတ်ဆွေ ဒါဇင်ပေါင်းအနည်းငယ်ခန့်မျှကို ကရင်မလင်နန်းတော်ကြီးသို့ တနင်္ဂနွေနေ့ "အမဲသားကင်" ညစာစားပွဲကြီးသို့ တက်ရောက်ရန် ဖိတ်ကြားလေ့ရှိသည် ဟူ၏။


### ညှိသည်တော်များ

ညှိသည်တော်ကြီးများမှာ ယင်းညစာစားပွဲကြီးတွင် ဗော်ဂါအရက်များကို ခုံမင်စွာသောက်စားလျက်ရှိကြလေ၏။ ထို့အပြင် အလွန်နူးညံ့လှပြီး ပေါလွှံသော အသားတုံးများကို မြိန်ရှက်စွာ စားသောက်နေကြလေရာ သူတို့သည် လူသားကို စားသောက်နေကြသည့် ဓလေ့ကို ထွ[illegible] လွန်နေမှန်း မသိကြသည်ကတော့ အမှန်ပါတည်း။ သိ[illegible] သိလျှင်မူကား . . .



www.burmeseclassic.com

www.burmeseclassic.com



အမဲကင်ညစာစားပွဲကြီးသို့ ဖိတ်ကြားခြင်းခံရသော စတာလင်နှင့် အပေါင်းအသင်းများ တက်ရောက်ခဲ့ကြသည့် ကရင်မလင်နန်းတော်ကြီး

သို့ဖြစ်၍ သံသယလုံးဝမရှိကြသည့် ဧည့်သည်တော်ကြီးများသည် တန်ဖိုးအရှိဆုံးနှင့် အကောင်းဆုံးဖြစ်သည့် သေသပ်စွာလှီးဖြတ်ထားသော သာမန်အမဲသားများကိုသာ စားသောက်နေကြသည်ဟု ထင်မှတ်ယူဆကြလျက် ဘဝင်ကျမှုရှိနေကြခြင်းဖြစ်ကြောင်းကိုတော့ စာရေးဆရာမ အင်နာအီဆဲစတိန်းက ပြောပြခဲ့ပါ၏။

သူမသည်ကား “ကရင်မလင်၏ မကောင်းဆိုးဝါးကြီး”ဟူသော စာအုပ်တွင် စတာလင်၏ ရက်စက်ယုတ်မာမှုများကို ကွင်းကွင်းကွက်ကွက် သရုပ်ဖော်ရေးသားခဲ့သူ တစ်ဦးပါတည်း။

လက်တစ်ဆုပ်စာမျှလောက်သာရှိပြီး ငွေကြေးများစွာ ထောက်ပံ့ထားသည့် အထူးထမင်းချက်များနှင့် လွန်စွာအားတိုးရသော နောက်လိုက်နောက်ပါတစ်ဦးတို့သာ ဤနူးညံ့ပျော့ပျောင်းလှသည့် အမဲသား၏ လျှို့ဝှက်ချက်များကို သိရှိကြသူများ ဖြစ်ပေသည်။ အဖွဲ့ဝင်တစ်ဦးတစ်ယောက်သည် ရေငုံနှုတ်ပိတ်နေရမည်ဆိုသည့် အမိဋ္ဌာန်သစ္စာပြုထားမှုကို ချိုးဖောက်ရန် စွန့်စားပြီး ကြိုးစားမိသည်ဆိုလျှင်မူကား ထိုသူမှာ ထုံးစံအတိုင်းပင် နောက်ရက်သတ္တပတ် ညစာထမင်းစားပွဲ ပန်းကန်ပြားပေါ်တွင် အဆုံးသတ်ရမည်သာ ဖြစ်ပေလိမ့်မည်။

စတာလင်အနေဖြင့် လုံးဝအမှန် ယုံကြည်လျက်ရှိသည့် အကြောင်းရင်းတစ်ရပ်မှာ သူသုတ်သင်ရှင်းလင်းခဲ့သော ရန်သူ၏အသားကို စားသောက်ခြင်းဖြင့် အင်အားများတိုးလာသည်ဟူသော အချက်ပင်ဖြစ်သည်။ သူသည် သတ်ပြီးစဖြစ်သူ၏ လတ်လတ်ဆတ်ဆတ်အသားကိုသာ လိုလားလျက် ချက်ပြုတ်သည့်အခါတွင်လည်း မကျက်



အရသာရှိပြီး နူးညံ့လှသော အသားနှင့် အရည်တို့ကို နှစ်သက်လှသည့် စတာလင်

www.burmeseclassic.com

တကျက် နှပ်ပြီးသားကို အထူးခုံမင် ကြိုက်နှစ်သက်သူ တစ်ဦး ဖြစ်သည်ဟု ၏။

သို့ရာတွင် ဧည့်သည်တော်ကြီးများ အတွက်မှာမူ အသားများကို နူးနပ်ပြီး အကျက်လွန်အောင်၊ နူးအိအောင် စီစဉ်ပေးတတ်လေ၏။ ယင်းသို့ စီစဉ်ပေးရခြင်းမှာ ဧည့်သည်တော်ကြီးများ စားသောက်နေသည့်အသားသည် မည်သို့သော အသားမျိုးဖြစ်သည်ကို အထင်အရှား မသိစေချင်သောကြောင့် ဖြစ်ပေ၏။

အလွန်ပျစ်ချွဲလှသည့် ချိုချဉ်ငန်စပ် အရည်အပြင် အသားများချက်ပြုတ်ရာမှ ရရှိခဲ့သော အရည်တို့မှာလည်း အထူးအစီအစဉ်ဖြင့် ပါဝင်လျက် ဤအလှူပယ်စားသောက်ပွဲကြီးကို အချိန်မှန် ကျင်းပလေ့ရှိပါ၏။

စတာလင်နှင့် မိတ်ဆွေရောင်းရင်း ဧည့်သည်တော်ကြီးများ ယင်းသို့သော အလှူပယ်စားသောက်ပွဲကြီး ကျင်းပနေချိန်တွင် တစ်နိုင်ငံလုံးရှိ နိုင်ငံသူ၊ နိုင်ငံသားတို့မှာမူကား ဘဝရှင်သန်စေရေးအတွက် အတော်လေးပင် ရုန်းကန်နေကြရသည့် အချိန်အခါပေတည်း။

## အသေးစိတ်များ

လူအများတို့သည် လျှို့ဝှက်သိုသိပ်စွာဖြင့် ပေါင်မုန့်များ၊ ချိ(စ်)များ၊ ဟင်းသီးဟင်းရွက်များနှင့် တောင်ပုံရာပုံရှိနေပြီး အရည်ရွှမ်းလျက်ရှိသည့် အသားများကို အသေးစိတ်ဝေငှခြင်းနှင့်ပတ်သက်၍ မကျေနပ်သံများ အမျိုးမျိုး ပေါ်ပေါက်လျက်ရှိနေလေ၏။

စတာလင်၏ ညစာစားပွဲကြီးနှင့် စပ်လျဉ်း၍ သရော်တော်တော် အရွဲ့တိုက်လျက် ထိုသူများသည် အလွန်ကံကောင်းလှပြီး နူးညံ့လှသည့် အမဲသားကို ခက်ရင်းနှင့်ပင် ဖြတ်တောက်နိုင်ကာ ညစာစားသုံးခဲ့ကြသည့် စုံတွဲများကို မနာလိုဝန်တိုဖြစ်ပြီး အားကျခဲ့ကြကြောင်းကို အသက် ၆၃ နှစ်အရွယ်ရှိ အင်နာက ပြန်လည်ပြောကြားခဲ့သည်ဟု၏။

အကယ်၍သာ ဤသို့သော အရသာရှိလှသည်ဟုသော အသားပြုတ်နှင့် အသားကင်တို့၏ ရရှိလာသည့် ဇာစ်မြစ်ကိုသာ သိခဲ့ပါလျှင် အားလုံးသောသူတို့မှာ သေစေလောက်သည့် ရောဂါဘယများ ရရှိမည်မှာ မလွဲဧကန်ပင်။

"ကျွန်မရဲ့ သုတေသနပြုချက်များအရ ဖော်ပြလျက်ရှိနေတာကတော့ ယခုလို ကြောက်မက်ဖွယ်ရာကောင်းလှတဲ့ စုဝေးစားသောက်မှုမျိုးကို စတာလင်ဟာ ဒုတိယကမ္ဘာစစ်ကြီးတစ်လျှောက်လုံးမှာ ဆက်တိုက်ပြုလုပ်ခဲ့ပါတယ်"ဟု စာရေးဆရာမ အင်နာအီဆဲစတိန်းက ဆိုသည်။

## သေခြင်းကင်းသည့်ဘဝ

စတာလင်မှာ လွန်စွာ ခေါင်းမာလှသူတစ်ဦးဖြစ်ပြီး မိမိကိုယ်ကိုပင် လက်တွေ့သေခြင်းကင်းသည့် ဘဝအားရရှိထားသူအဖြစ် ခံယူထားရှိမှုမှာ သူ၏စက်ဆုပ်ဖွယ်ရာကောင်းလှပါသော လူသားစားသောက်မှုများကြောင့်ပင် ဖြစ်သည်ဟု၏။

မကြာမတင်သောကာလတွင် စာရေးဆရာမ အင်နာက ထုတ်ဝေတော့မည်ဖြစ်သော စာအုပ်ကြောင့် မော်စကိုမြို့တွင် အမျိုးမျိုးသောဂယက်များ ရိုက်ခတ်တော့မည်မှာ အသေအချာပင်ဖြစ်ပေသည်။

"တကယ်လို့ လွန်ခဲ့တဲ့ နှစ်အနည်းငယ်ခန့်ကသာ ဖြစ်ခဲ့ရင် ယခုစာအုပ်ရေးသား ထုတ်ဝေနိုင်မှာ မဟုတ်ပါဘူး။ အာဏာရှင် အသက်ရှင်နေစဉ် ဤစာအုပ်ကို မိုက်မဲစွာ ထုတ်ဝေဖို့ ကြိုးစားခဲ့ပါရင် ကျွန်မဟာလည်း စတာလင်ရဲ့ တနင်္ဂနွေနေ့တိုင်း ပြုလုပ်နေကျဖြစ်တဲ့ စားသောက်ပွဲကြီးရဲ့ အမဲကဟင်းလျာ ဖြစ်သွားမှာ မလွဲဧကန်ပါပဲ"

ဟူ၍ စာရေးဆရာမအင်နာက နောက်ဆုံးပြောကြားခဲ့ပါသတည်း။

သန်းဝင်း(ဘဏ)

*Ref;* *'SUN' NOV 15, 1994.*
*"CANNIBALISM IN THE KREMLIN"*




www.burmeseclassic.com

www.burmeseclassic.com

# သတ်ရှုမသေသူကို အသေသတ်ပြီးနောက်

■ မင်းသဏ်းဝင်း

လောကကြီးတွင် သူ့ကိုယ်သူ အပျော်ဆုံး၊ စိတ်အချမ်းသာဆုံးဟု ဝင့်ကြွားစွာ ပြောဆိုခဲ့သူသည်ကား အိန္ဒိယပြည်၊ ဂူဂျရတ်ပြည်နယ်၊ အဟာမဒါဘတ် မြို့တစ်မြို့၏ အလွန်ချမ်းသာသော ကုန်သည်ကြီးတစ်ဦး၏ တစ်ဦးတည်းသောသား အဗဒူးဟာဆန်းဆိုသူ ဖြစ်လေ၏။ သူသည် အလွန်အမင်း ကြိုက်နှစ်သက်သော မိန်းမချောလေးတစ်ယောက်နှင့် လက်ထပ်ခွင့်ရခဲ့သောကြောင့်ပါတည်း။



သို့သော် အဗဒူးဟာဆန်းသည် ကြာတောင့်ကြာရှည် ပျော်ရွှင်ခွင့်မရပါချေ။ မိန်းမချောလေးနှင့် လက်ထပ်ပြီး သုံးလကြာသောအခါ ညတစ်ည၏ သန်းခေါင်ယံအချိန်တွင် ဖြစ်၏။ အဗဒူးဟာဆန်း အိပ်ပျော်နေရာမှ ရုတ်တရက်လန့်နိုးလာ၍ အမှတ်တမဲ့ ကြည့်လိုက်ရာ ခုတင်ပေါ်၌ဝယ် ချစ်ဇနီးချောလေး နာဒီးရားကို မတွေ့ရတော့ပေ။

အပေါ့အပါးသွားခြင်း ဖြစ်မည်ဟု အောက်မေ့ယူဆလိုက်သည်။ သို့သော် အတန်ကြာသည်အထိ နာဒီးရား ရောက်မလာသဖြင့် သူစိတ်ပူရချေပြီ။

နံနက်မိုးလင်းရန် တစ်နာရီအလိုတွင် နာဒီးရား၏ ခြေသံသဲ့သဲ့ကို ကြားလိုက်ရသည်။ သူသည် မျက်လုံးအစုံမှိတ်ကာ အိပ်ပျော်ယောင်ဆောင်လိုက်လေ၏။

နံနက်မိုးလင်းသောအခါ လင်မယားနှစ်ယောက်စလုံးမှာ သခင်

www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ပုံမှန်ဆက်ဆံကြသည်။ သို့သော်ငြား ညက နာဒီးရား ဘယ်ကို သွားခဲ့သလဲဆိုတာကို ငါသိအောင် ဖော်ထုတ်မယ်ဟု၍ အဗဒူးဟာဆန်းက ဆုံးဖြတ်ချက်ချထားခဲ့လေ၏။

ညအချိန်ရောက်လေတော့ လင်မယားနှစ်ယောက် အိပ်ရာထဲဝင်ကြလေပြီ။ အဗဒူးဟာဆန်းက အိပ်ပျော်ယောင်ဆောင်လိုက်သည်။ နာဒီးရားကလည်း ထိုနည်းလည်းကောင်းပင်။

ညဉ့်နက်လာသောအခါ နာဒီးရားက သူ့ချစ်လင်ယောကျ်ားကို သေသေချာချာ အကဲခတ်ကြည့်သည်။ လင်ယောကျ်ား နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပြီဖြစ်ကြောင်း ယုံကြည်စိတ်ချစွာဖြင့် နာဒီးရားက တံခါးကို အသာအယာဖွင့်၍ နေအိမ်အပြင်သို့ ထွက်ခဲ့လေ၏။ မကြာမတင်ပင် အဗဒူးဟာဆန်းသည်လည်း နောက်မှနေ၍ အသာအယာ လိုက်လံချောင်းမြောင်းကြည့်ရှုသည်။ လိုက်ရင်းချောင်းရင်းက သုသာန်သို့ပင် ရောက်ခဲ့ချေပြီ။ တစ်ခုသောအုတ်ဂူကြီး၏ အုတ်ချပ်များကိုဖယ်ရှား၍ အုတ်ဂူထဲသို့ ဝင်သွားသော နာဒီးရားကို တအံ့တဩ တွေ့လိုက်ရသည်။

အဗဒူးဟာဆန်းက ဂူကြီးအနားသို့ ခပ်သွက်သွက်လျှောက်သွားပြီး အုတ်ဂူကြီးအပေါ်သို့ တက်ရောက်ကာ အသင့်တွေ့ရသော အပေါက်မှ ချောင်းကြည့်သည်။ အတွင်းမှမြင်ကွင်းကို အထင်းသားတွေ့ရသည်။ တွေ့မြင်ရသော မြင်ကွင်းကြောင့် အဗဒူးဟာဆန်းမှာ အသက်ပင် မရှူရက်အောင် ဖြစ်သွားသည်။ ခန္ဓာကိုယ်ထဲမှ သွေးတွေခဲသွားလေသလားဟု ထင်လိုက်ရသည်။ နှလုံးတုန်၊ ရင်တုန်ဖွယ် မြင်ကွင်းပါတည်း။

အုတ်ဂူကြီး၏ အောက်တွင် အခန်းကြီးတစ်ခန်းရှိနေပြီး ၎င်းအခန်းထဲတွင် မကောင်းဆိုးရွားများ ဝိုင်းထိုင်နေကြသည်။ နာဒီးရားလည်း အပါအဝင် ဖြစ်သည်။ အလယ်ဗဟို၌ အလောင်းကောင်တစ်ခုရှိနေပြီး အားလုံးက အလောင်းကောင်၏အသားကို မြိန်ရှက်စွာ ဖဲ့စားနေကြသည်။

"သြော် . . . အခုမှပဲ အဖြေမှန်ပေါ်တော့တယ်၊ ဒီအတွက်ကြောင့် နာဒီးရားက ညစာကို ဘယ်တော့မှ မစားတာကိုး . . ."

အဗဒူးဟာဆန်းက ထိုသို့စဉ်းစားတွေဝေနေစဉ်မှာပင် မကောင်းဆိုးရွားတစ်ကောင်က လက်ဆတ်သော အလောင်းကောင်တစ်ခုကို သယ်ယူလာပြီး မကောင်းဆိုးရွားတို့၏အလယ်သို့ ချလိုက်သည်။ အလောင်းကောင်မှာ အလွန်ခန့်ချောသော လူငယ်တစ်ယောက်၏ အလောင်းဖြစ်သည်။ ထိုအလောင်းကိုဖဲ့၍ မြိန်ရှက်စွာ စားကြပြန်လေ၏။ လွန်စွာကြောက်ရွံ့ဖွယ်ကောင်းပြီး တုန်လှုပ်ချောက်ချားဖွယ်ရာသော မြင်ကွင်းဖြစ်သည်။ မိုးလင်းခါနီးအချိန်ရောက်လေမှ စားသောက်ခြင်းနှင့် သီဆိုကခုန်ခြင်းအစီအစဉ် ရပ်စဲသွားလေ၏။ အစီအစဉ်ပြီးလေတော့ အားလုံးက တစ်လှည့်စီ လည်ပင်းဖက်နှုတ်ဆက်ကာ ပြန်ကြမည်ပြုကြလေ၏။

သူတို့တစ်တွေ မပြန်မီ အဗဒူးဟာဆန်းက နေရာမှထကာ ခြေသံမကြားရလေအောင် ခပ်ဖွဖွနင်းကာ ခပ်သွက်သွက်လျှောက်၍ နေအိမ်သို့ ပြန်ခဲ့လေ၏။ အိပ်ရာထဲအမြန်ဝင်ပြီး အိပ်ပျော်ယောင်ဆောင်ကာ နာဒီးရားအပြန်ကို စောင့်နေလေ၏။ မကြာမီ နာဒီးရားရောက်လာပြီး အိပ်ရာထဲဝင်လိုက်သည်။

နံနက်မိုးလင်းသော် အဗဒူးဟာဆန်းက အိပ်ရာမှထကာ မျက်နှာသစ်နေစဉ် နာဒီးရားလည်း နိုးလာသည်။ အဗဒူးဟာဆန်းက ခါတိုင်းကဲ့သို့ပင် ပုံမှန်ပြောဆို ဆက်ဆံသည်။ သူသည် နာဒီးရား၏ အတွင်းရေးလျှို့ဝှက်ချက်

**နံနက်မိုးသောက်လေသော် အဗဒူးဟာဆန်းက လူအချို့ကိုခေါ်ယူ၍ သုသာန်သို့သွားသည်။ နာဒီးရားဂူကို ဖောက်ကြည့်လေသောအခါ နာဒီးရား၏အလောင်းမှာ လုံးဝလတ်ဆတ်ပြီး အသက်ရှင်နေကြောင်းတွေ့ရသည်။**



www.burmeseclassic.com

www.burmeseclassic.com

တို့ သိထားပြီးဖြစ်သော်လည်း လုံးဝ မသိယောင်ဆောင်ကာ နေလိုက်သည်။

ညစာ ထမင်းစားချိန်တွင် အဗဒူးဟဆန်းက နာဒီးရားကို ထမင်း အတူတူစားရန် ခေါ်သည်။ သို့သော် နာဒီးရားက ယခင်ငြင်းဆိုနေကျ အတိုင်း မစားချင်သေးဟု ဆိုသည်။ အဗဒူးဟဆန်းက အတန်တန်ခေါ်သော်ငြားလည်း နာဒီးရားက လုံးဝ ငြင်းဆန်သည်။ နောက်ဆုံးတွင်မူ အဗဒူးဟဆန်းမှာ စိတ်မရှည်နိုင်တော့ဘဲ ဒေါသဖြစ်မိလေတော့၏။

"ဟုတ်တာပေါ့။ နင်က ဒီထမင်းဟင်းကို ဘယ်ကြိုက်ပါ့မလဲ။ နင့်ပါးစပ်က လူသားအရသာ စွဲနေတာကိုး"

နာဒီးရား မျက်နှာပျက်သွားပြီး တစ်ကိုယ်လုံး တုန်ရီလာသည်။ သို့သော် ခွန်းတုံ့ပြန်ပြောဆိုခြင်းမပြုဘဲ အိပ်ရာထဲဝင်သွားလေတော့၏။

ညဥ့်သန်းခေါင်ကျော် အချိန်တွင် နာဒီးရားကထပြီး ခင်ပွန်းဖြစ်သူကို ကြည့်သည်။ နှစ်ခြိုက်စွာအိပ်ပျော်နေသော ခင်ပွန်းဖြစ်သူ၏လည်ပင်းကို ဖိညှစ်၍ သွားဖြင့်ကုန်းကိုက်ကာ သွေးစုပ်လေတော့၏။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ ဤသို့ဖြစ်သွားလေ၏။

သို့သော်လည်း စင်စစ်တွင်မူ အဗဒူးဟဆန်းက အိပ်မပျော်သေးဘဲ အိပ်ယောင်ဆောင်နေခြင်းသာ ဖြစ်သည်။ နာကျင်မှုဝေဒနာကြောင့် သူက အားစိုက်ပြီး နာဒီးရားကိုတွန်းချ၍ ရုန်းထွက်လိုက်သည်။ ထို့နောက် ခုတင်ဘေး၌ ချိတ်ဆွဲထားသောဓားကို ဆွဲယူကာ နာဒီးရား၏ ရင်ဘတ် တည့်တည့်ဆီသို့ ထိုးသွင်းလိုက်သည်။

နောက်တစ်နေ့တွင် နာဒီးရား၏အလောင်းကို မြေမြှုပ်လိုက်လေတော့၏။

ထို့နောက် နှစ်ညတိုင်အောင် ထူးခြားဖြစ်စဉ် တစ်စုံတစ်ရာမရှိခဲ့။ တတိယမြောက်ညတွင်ကား အဗဒူးဟဆန်းသည် အိပ်ပျော်နေရာမှ ရုတ်တရက် လန့်နိုးလာ၏။ မြေမြှုပ်ခံရသော နာဒီးရား အသက်ရှင်လျက် ရောက်လာပြီး သူ့ကို အတင်းအကျပ်ဖက်ကာ သွေးစုပ်ရန်ကြိုးစားသည်။ အဗဒူးဟဆန်းက အားပြု၍ ရုန်းထွက်လိုက်ပြီး ဓားကိုဆွဲယူ၍ နာဒီးရား၏ရင်ဘတ်ထဲသို့ ထိုးသွင်းလိုက်သည်။ သို့သော် နာဒီးရား မည်သို့မျှ မဖြစ်ချေ။ အသက်ရှင်လျက် မူလပကတိအကောင်းအတိုင်းပင် ရှိနေသည်။ အဗဒူးဟဆန်းအား မီးဝင်းဝင်းတောက်နေသည့် မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်ကာ အိမ်အပြင်သို့ ထွက် သွားသည်။

နံနက်မိုးသောက်လေသော် အဗဒူးဟဆန်းက လူအချို့ကိုခေါ်ယူ၍ သုသာန်သို့သွားသည်။ နာဒီးရားဂူကို ဖောက်ကြည့်လေသောအခါ နာဒီးရား၏အလောင်းမှာ လုံးဝလတ်ဆတ်ပြီး အသက်ရှင်နေကြောင်းတွေ့ရသည်။

အဗဒူးဟဆန်းက နာဒီးရား၏ ဖခင်ထံ သွားရောက်တွေ့ဆုံသောအခါ နာဒီးရားဖခင်က အလွန်အံ့ဩဖွယ် အဖြစ်အပျက်တစ်ခုကို ပြောပြသည်။

သူ့သမီး နာဒီးရားကို လူတစ်ယောက်နှင့် အိမ်ထောင်ပြုပေးခဲ့ဖူးကြောင်း၊ နာဒီးရားက အိမ်ထောင်ကျင့်ဝတ်သိက္ခာကို မစောင့်နိုင်၍ ဖောက်ပြန်မှုအကြိမ်ကြိမ်ပြုခဲ့သဖြင့် လင်ဖြစ်သူက နာဒီးရားကို အသေသတ်လိုက်ကြောင်း၊ သို့သော် ဂူထဲသွင်းပြီးမှ နာဒီးရားမှာ အသက်ပြန်ရှင်လာ၍ ဖခင်အိမ် မိမိထံသို့ပြန်လာခဲ့ကြောင်း ကြားသိရလေ၏။

ထိုဖြစ်ရပ်ကို ကြားရပြီးနောက် အဗဒူးဟဆန်းက လူတချို့ကိုခေါ်၍ သုသာန်သို့သွားကာ နာဒီးရား၏ခန္ဓာကိုယ်ကို စန္ဒကူးသားဖြင့် မီးသဂြိုဟ်လိုက်သည်။ မကောင်းဆိုးရွားများ အဝေးသို့ ပြေးသွားလေအောင် မီးထဲသို့ မွှေးရနံ့တို့ကိုလည်း လောင်းထည့်ခဲ့လေ၏။

မီးသဂြိုဟ်ပြီး၍ အရိုးများကို မြစ်ထဲသို့မျှောချလိုက်၏။ ချောမောလှပပြီး အလွန်ရှုချင်ဖွယ်ကောင်းသော နာဒီးရား၏ဝိညာဉ်ကား ကျွတ်လွတ်သွားခဲ့လေပြီ။

ထိုနယ်မြေရှိ လူအများမှာလည်း အသက်ဘေးအန္တရာယ်တစ်ခုနှင့် ကင်းဝေးခဲ့ပြီဖြစ်၏။ ထို့နောက်တွင်မူ နာဒီးရားကို လုံးဝမတွေ့ရချေတော့။

မင်းသက်ဝင်း

*Ref; Weekly India August, 1985*



www.burmeseclassic.com

www.burmeseclassic.com

# လျှို့ဝှက်သည်းဖို၊ ဂမ္ဘီရဇာတ်လမ်းဖန်တီးရှင်

# အဂ္ဂါအလန်ပိုး

■ ကိုမောင်သန်းဝင်း



ကမ္ဘာ့စာပေလောကတွင် ပထမဆုံးသော စုံထောက် လျှို့ဝှက်သည်းဖိုနှင့် ဂမ္ဘီရဆန်ဆန် လျှို့ဝှက်ဆန်းကြယ်သော ဇာတ်လမ်းများကို ဖန်တီးတီထွင်ရေးသားခဲ့သူသည်ကား အဂ္ဂါလန်ပိုး(EDGAR ALLAN POE) ပါတည်း။

ပိုးသည် သာမန်ဝတ္ထုများထက် ထူးခြားပြီး အလွန်ကြောက်စရာရှို့စရာကောင်းသော၊ စိတ်ရှုပ်ထွေးစရာကောင်းသော၊ သေခြင်းတရားနှင့် ဆက်နွယ်သော ဇာတ်လမ်းအဖွဲ့အနွဲ့များကို စတင်ရေးသားခဲ့သူ ဖြစ်လေ၏။

ပိုးသည် သူကိုယ်တိုင်ကလည်း လျှို့ဝှက်၍ အသိရခက်သော လူတစ်ယောက်ဖြစ်သည့် အားလျော်စွာ သူ့ခေတ်သူ့အခါတွင် အမေရိကန်စာပေလောက၌ ချောက်ချားဖွယ်ရာ ကဗျာများ၊ ဝတ္ထုတိုများကို သူတကာနှင့် မတူအောင် ထူးခြားစွာ ရေးဖွဲ့နိုင်သူလည်း ဖြစ်လေ၏။

အလန်ပိုးတည်းဖြတ်ထုတ်ဝေခဲ့သော GRAHAM'S မဂ္ဂဇင်းသည် ၁၈၄၁-၄၂ ခုနှစ်အတွင်းက ထုတ်ဝေခဲ့လေရာ လအနည်းငယ်အတွင်းမှာပင် စောင်ရေ ၈၀၀၀ မှ စောင်ရေ ၄၀၀၀၀ အထိ တိုးတက်ရိုက်နှိပ်ခဲ့ရပြီး အမေရိကန်နိုင်ငံတွင်သာမက ဥရောပနိုင်ငံများအထိ တင်ပို့ရောင်းချရသည်။ သို့ဖြင့် ... GRAHAM'S LADYS AND GENTLEMANS မဂ္ဂဇင်းနှင့် THE SOUTHERN LITEARY MESSENGER မဂ္ဂဇင်းများကိုပါ ထပ်မံရိုက်နှိပ် ထုတ်ဝေခဲ့လေတော့၏။

အဂ္ဂါအလန်ပိုးသည် သူ့ကိုယ်ပိုင်အဖြစ် ကြီးမှူး ထုတ်ဝေခဲ့သည့် THE STYLUS AND THE PENN MAGAZINE တို့သည်လည်း အောင်မြင်ထင်ရှားခဲ့လေ၏။

အလန်ပိုးသည် ၁၉ ရာစု ခေတ်ကာလ၌ ကျော်ကြားအောင်မြင်ခဲ့သည့် စာရေးဆရာတစ်ဦး ဖြစ်ခဲ့သ ၂၀ ရာစု ခေတ်ကာလတိုင်အောင်ပင် သူ၏ စာပေ မကင်းခဲ့ပါချေ။

အဂ္ဂါအလန်ပိုး၏ လျှို့ဝှက်ဆန်းကြယ်သော ဝ



www.burmeseclassic.com

www.burmeseclassic.com



ပိုးဧ၏ဇနီး ဗာဂျီးနီးယားကလင်းပိုး (၁၈၂၂-၁၈၄၇)၏ ပုံတူဖြစ်သည်။ သူမ ၁၃ နှစ်အရွယ်မှာပင် ပိုးနှင့် အိမ်ထောင်ကျခဲ့သည်။ ပိုးနှင့် မောင်နှမဝမ်းကွဲ တော်စပ်သည်။

များ၊ ကဗျာများကို တစ်စုတစ်ဝေးတည်းဖြစ်စေရန် ရှာဖွေစုဆောင်းဖော်ထုတ်ခဲ့ရာ ဝတ္ထုတိုပေါင်း ၂၇ ပုဒ်ရခဲ့သည်။ ယင်းတို့ကို POCKET စာအုပ်တိုက်မှ အလန်ပိုး၏ ကဗျာရှည် ၃၅ ပုဒ်နှင့်အတူ ပူးတွဲ၍ ၁၉၅၀ ခုနှစ်တွင် ထုတ်ဝေဖြန့်ချိခဲ့လေ၏။

## အလန်ပိုးနှင့် ဆန်းကြယ်သော သူ၏ဘဝ

အဂ္ဂါအလန်ပိုး၏ဘဝကို လေ့လာကြည့်မယ်ဆိုပါက စိတ်ညစ်ညူးစရာများ၊ စိတ်သောကဝေဒနာများ၊ ဆင်းရဲဒုက္ခများဖြင့် ထွေးလုံးရစ်ပတ်နေသည်ကို ပေါ်ပေါ်ထင်ထင် တွေ့ရမည်ဖြစ်သည်။

သူ၏ နေ့စဉ်လှုပ်ရှားနေရသော ဘဝများထဲတွင်လည်းကောင်း၊ အိမ်တွင်းရေးရာကိစ္စများနှင့် နွယ်ယှက်၍လည်းကောင်း၊ လုပ်ငန်းရေးရာကိစ္စများ ဆောင်ရွက်ရာတွင်လည်းကောင်း စိတ်ရှုပ်ထွေးစရာ၊ စိတ်ပျက်စရာများနှင့် ရောထွေးလျက် ရှိနေလေ့ရှိရာ သူ၏ ကိုယ်ရေးကိုယ်တာများသည် သာမန်လူတို့အဖို့ သည်းခံနိုင်ဖွယ် မရှိရာဟု ဆိုရချိမ့်မည်။

အနီးကဲ့သို့သော အကြောင်းခြင်းရာများကြောင့် အလန်ပိုးသည် အထီးကျန်နေထိုင်သည်ထက် အပေါင်းအဖော်များနှင့် နေထိုင်နိုင်ရန် ကြိုးစားခဲ့သည်။ ဆွေမျိုးသားချင်းတော်စပ်သော အမျိုးသမီးများဖြင့်လည်း ထွေးရောယှက်တင်နေခဲ့ခြင်းဖြင့်လည်း သူ၏ အထီးကျန်ဘဝကို မေ့ပျောက်စေခဲ့လေ၏။

## အလန်ပိုးနှင့် အမှောင်ကာလများ

နောက်ပိုင်းကာလများ၌ အလန်ပိုးသည် သူတစ်ဦး



စစ်သားငယ်ဘဝရုပ်သွင်ဖြင့် အလန်ပိုးအား မှန်ရိုးခံတပ်၌ တွေ့ရသည်ကို အမှတ်တရ ပန်းချီရေးထားခြင်းဖြစ်သည်။ အက်ဂါ အေပါရီ အမည်ဖြင့် စစ်ထဲဝင်ခဲ့သည်။

www.burmeseclassic.com

တစ်ယောက်တည်း နေထိုင်ခဲ့သည်။ လျှို့ဝှက်ဆန်းကြယ်သော ဂမ္ဘီရဆန်ဆန် အတွေးကွန်ရက်တွင် နစ်မျောခဲ့သည်။ ကြာလာသည်နှင့်အမျှ စိတ်ရောရုပ်ပါ အားနည်းယုတ်လျော့လာခဲ့သည်။ အလန်ပိုးအနေဖြင့် စိတ်ချို့ယွင်းနိုင်လောက်အောင် ဝေဒနာတစ်ရပ်ကို ခံစားနေခဲ့ရသည်။ အများအမြင်တွင် အလန်ပိုးတစ်ယောက်သည် ရူးသွပ်နေသူ၊ စိတ်ဖောက်ပြန်နေသူ တစ်ယောက်အဖြစ် အထင်ရောက်စေခဲ့သည်။

အလန်ပိုး၏ဘဝကို ပိုင်းခြားလိုက်သောအကြောင်းအရာသည်ကား အရက်သေစာနှင့်ဘိန်းကို စွဲမြဲစွာ သုံးစွဲခဲ့သည့်အချိန်များသည် ပိုးအား အမှောင်တွင်းသို့ ဆွဲနှစ်ခဲ့သော ကာလများပင်တည်း။



အလန်ပိုး၏ စာရေးစားပွဲဖြစ်သည်။ ဤစားပွဲပေါ်မှာပင် SOUTHERN LITERARY MESSENGER မဂ္ဂဇင်းကို ရေးသားတည်းဖြတ် ထုတ်ဝေခဲ့သည်။

**အလန်ပိုး၏ ဘဝအစ စာမျက်နှာ**

အဂ္ဂါအလန်ပိုး၏ ဘဝအစ စာမျက်နှာကို ပြန်လှန်ကြည့်မည်ဆိုပါလျှင် အလန်ပိုးကို ၁၈၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဘော့စတွန်မြို့၌ ဆင်းရဲသော ကဇာတ်သမားများဖြစ်ကြသည့် ဒေးဗစ်ပိုးနှင့် အဲလီဇဘက်ပိုးတို့မှ မွေးဖွားခဲ့သည်။ ပိုးကိုမွေးပြီး နှစ်အနည်းငယ်အတွင်းတွင် ဖခင်ဖြစ်သူ ဒေးဗစ်ပိုး ကွယ်လွန်ခဲ့သည်။

အလန်ပိုးတွင် မွေးချင်း သုံးယောက်ရှိသည်။ ဝီလျံဟင်နရီနှင့် ရိုစလင်းတို့ဖြစ်ကြသည်။ အလန်ပိုး၏မိခင် အဲလီဇဘက်ပိုးသည် ရုပ်ရည်ချောမောလှပပြီး အသံလည်းကောင်းသူ ဖြစ်သည်။ ကဇာတ်ခုံပေါ်တွင် ထင်ရှားအောင်မြင်ခဲ့သူဖြစ်သည်။ ကျန်းမာရေးချို့ယွင်းသောကြောင့် ၁၈၁၁ ခုနှစ်၌ ဗာဂျီးနီးယားတွင် ကွယ်လွန်ခဲ့သည်။

အမိအဖတို့နှင့် ကင်းကွာသွားခဲ့ကြပြီဖြစ်သော အလန်ပိုးတို့ မောင်နှမသုံးယောက်ကို ဆွေမျိုးသားချင်းတော်စပ်သူ ရစ်မွန်မြို့ရှိ ဂျွန်အလန်ဆိုသူက ခေါ်ယူမွေးစားခဲ့သည်။

သို့ဖြင့် အလန်ပိုးသည် ရစ်မွန်မြို့တွင် လူလားမြောက်ခဲ့သည်။ ဝါသနာအရ စာပေများကို လေ့လာလိုက်စားခဲ့သည်။

**စာပေဘဝ ခရီးအစ**


အလန်ပိုး လေ့လာဖတ်ရှုခဲ့သည့် စာပေများမှာ အထူးသဖြင့် အချစ်အလွမ်း မျက်ရည်စက်တို့အစား တစ်မူထူးခြားအံ့ဖွယ်ရာများနှင့် အတီပြီးသော အကြောင်းချင်းရာပါ စာပေများပင် ဖြစ်သည်။ ပြီးနောက် သူ့နှင့်ခေတ်ပြိုင် စာအုပ်များထဲမှ ဘဝင်မကျသည်များကို ဝေဖန်ရေးစာ စတင်ရေးသည်။ အလင်္ကာ၊ ကဗျာ၊ ဆောင်းပါးများလည်း ရေးခဲ့သည်။

အလန်ပိုး အသက် ၂၅ နှစ် (၁၈၃၄ ခုနှစ်)တွင် မွေးစားမိခင်တို့မှာ ကွယ်လွန်ခဲ့သည်။ သို့ဖြင့် အလန်ပိုးသည် ကိုယ့်ဘဝကိုယ်ကျောင်းရန် အကြောင်းဖန်လာခဲ့သည့်အလျောက် ကိုယ့်အားကိုယ်ကိုးခဲ့လေတော့၏။

အဂ္ဂါအလန်ပိုး စာစတင်ရေးသားချိန်က အသက် ၁၉ နှစ်သားမျှသာ ရှိသေးသည်။ အလင်္ကာတွဲများ VOL-

www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂါအလန်ပိုး၏ ထင်ရှားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည့် THE PIT AND THE PENDULUM မှ အခန်းတစ်ခန်းကို သရုပ်ဖော်ရေးဆွဲထားပုံနှင့် အဂ္ဂါအလန်ပိုး ပြတိုက်၌ ပိုးအသက်ရှင်စဉ်က အသုံးပြုခဲ့သော ပရိဘောဂအသုံးအဆောင်ပစ္စည်းများနှင့် ပိုး၏ ပုံတူရုပ်တု

UME OF VERSES ဖြစ်သည်။ (၁၈၂၄ ခုနှစ်က ဖြစ်သည်။) အလန်ပိုးရေးသားသည့် စာများသည် အသက်အရွယ်နှင့် မလိုက်အောင် ထူးခြားသည်။ အခြားစာရေးဆရာတို့၏ အရေးအသားတို့နှင့်မတူ တစ်မူကွဲသည်ဟု ဆိုနိုင်သည်။ သူ၏စာပေဝတ္ထုများတွင် စိတ်လက်မကြည်သာဖွယ်ရာများ၊ ပြက်ရယ်ပြု အပြစ်ဖော်ပြရာ လက်ာများကို အဓိက ထားရေးသားမှုများ ပါဝင်နေသည်။ သည်အရေးအသားများကပင် သူ့ကို ပို၍အရွယ်ရင့်ကျက်စေသည်ဟူ၏။

## ပြတ်သန်းခဲ့ရသော ပုံရိပ်များ

အလန်ပိုးသည် စာသင်ကျောင်းခန်းမထဲ၌ စာတော်သော၊ လိမ္မာသော ကျောင်းသားတစ်ယောက် ဖြစ်သကဲ့သို့ စာရေးသားပုံ၊ ပြောပုံဆိုပုံတွေမှာ ဉာဏ်ရွှင်သူတစ်ယောက်ဟု အသိအမှတ်ပြု ခံရသူလည်း ဖြစ်သည်။ ရေကူးနှင့် ဒိုင်ဗင်အထိုးကောင်းသည်ဟုလည်း ဆိုကြသည်။

အလန်ပိုး၏ ကိုယ်နေဟန် အနေအထားမှာ တင့်တယ်လျောက်ပတ်သော သွင်ပြင်ဟန်ရှိပြီး မဟာနဖူးအောက်တွင် ဆွဲဆောင်နိုင်သော ညို့မျက်လုံးများ ရှိသော်ငြားလည်း တစ်ဖက်လူကိုကြည့်ရာ၌ ရှက်ကြောက်တတ်မှုကြောင့် သူ၏အကြည့်သည် မဝံ့မရဲသဏ္ဌာန်ရှိနေလေ၏။

အရပ်အမောင်းမှာ ၅ ပေ ၈ လက်မခန့်ရှိသည်။ ပိုး၏ဝတ်စားဆင်ယင်မှုမှာ အနက်ရောင်၊ သို့တည်းမဟုတ် ညိုမှောင်သော အသွေးရှိသည့် အဝတ်အစားများကိုသာ အစဉ်အမြဲလိုလို ဝတ်ဆင်လေ့ရှိသည်။

အလန်ပိုးသည် ၁၈၂၆ ခုနှစ်တွင် ဗာဂျီးနီးယားတက္ကသိုလ်သို့ ဝင်ရောက်သင်ကြားခဲ့သည်။ သို့သော် မကြာမီမှာပင် တက္ကသိုလ်မှ ထုတ်ပယ်ခြင်းခံရသည်။ အကြောင်းမှာ လောင်းကစားကြွေး၊ ချေးငွေကြွေး၊ အရက်ကြွေးနှင့် ကျောင်းလခကြွေးများ စုစုပေါင်း ဒေါ်လာ ၂၅၀၀ ကြွေး တင်နေခဲ့သောကြောင့် ဖြစ်သည်ဟူ၏။


အလန်ပိုးသည် ၁၈၂၉ ခုနှစ်တွင် စစ်တပ်ထဲသို့ အသက်နှင့်အမည်ကို လိမ်ပြီး စာရင်းသွင်းကာ ဝင်ရောက်ခဲ့သည်။ အသက် ၁၈ နှစ်ကို ၂၂ ဟူ၍လည်းကောင်း၊ အဂ္ဂါအလန်ပိုးဟူသော အမည်ကို အဂ္ဂါအေပါရီဟူ၍လည်းကောင်း လွှဲပြောင်းကာ စာရင်းသွင်းခဲ့ခြင်း ဖြစ်သည်။

ပထမစောစောပိုင်းတွင်တော့ စတွန်၌ တာဝန်ထမ်းဆောင်နေရသော်လည်း ထိုနောက်ပိုင်း၌ စူလင်ဗင်ကျွန်းနှင့် ကာရိုလိုင်းနားတောင်ပိုင်းသို့ ပြောင်းလဲတာဝန်ထမ်းဆောင်ခဲ့ရလေ၏။ (၎င်းအရပ်ဒေသတို့ကို အမှီပြုလျက် အလန်ပိုးသည် THE GOLD BUG ဝတ္ထုတိုထဲတွင် ထည့်သွင်းရေးသားခဲ့သည်)။



www.burmeseclassic.com

www.burmeseclassic.com




ဝက်စင်စတာဘုရားကျောင်းရှေ့ရှိ အလန်ပိုး၏ အမှတ်တရဂူ
အဂ္ဂါအလန်ပိုး ၁၈၀၉ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်တွင်
မွေးဖွား၍ ၁၈၄၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင်
ကွယ်လွန်သည်ဟု ကမ္ပည်းထိုးထားသည်။

အလန်ပိုးအား မွေးစားဖခင်ဖြစ်သူက စစ်တပ်ထဲ ရောက်နေသော သားဖြစ်သူအား သူနှင့်ရင်းနှီးသော တပ်စိတ်မှူးတစ်ဦး၏ အကူအညီကိုရယူ၍ ဝက်ပွိုင့် စစ်တက္ကသိုလ်သို့ ဝင်ရောက်နိုင်ရန် ကူညီပေးခဲ့သည်။

သို့သော် ဝက်ပွိုင့်စစ်တက္ကသိုလ်တွင် ကြာကြာမနေလိုက်ရ။ စည်းကမ်းမလိုက်နာခြင်း၊ တာဝန်ချိန်များ၌ ပျက်ကွက်ခြင်းများအတွက် ကျောင်းစာသင်ခန်းထဲမှ ထုတ်ပယ်ခြင်းခံလိုက်ရသည်။ ထိုနှစ်သည်ကား ၁၈၃၁ ခုနှစ် ဖြစ်သည်။

ဤအချိန်ကာလတွင် အလန်ပိုးသည် အရက်နှင့် လောင်းကစားကို စတင်ခုံမင်သုံးစွဲနေပြီ ဖြစ်သည်။ ဤအချက်များကြောင့်ပင် တာဝန်နှင့် စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။

**ကံကြမ္မာအလှည့်အပြောင်း**

ထိုနှစ်ထဲမှာပင် အလန်ပိုးသည် သူ၏အနာဂတ်အတွက် အလုပ်တစ်ခုကို ပြုလုပ်ရန် ဆုံးဖြတ်လိုက်သည်။ မကြာမတင်သော ကာလတွင် ဥရောပဘက်သို့ ခရီးထွက်သည်။ ကိုယ်တွေ့ဗဟုသုတ အကြားအမြင်များကို ကုန်ကြမ်းများအဖြစ် စုဆောင်းခဲ့သည်။ ငွေကြေးအခက်အခဲနှင့် ဒုက္ခဆင်းရဲခြင်းများကို ခါးစည်းခံခဲ့သည်။

အလန်ပိုးသည် စုဆောင်းရရှိခဲ့သော ကုန်ကြမ်းများကို အရင်းပြု၍ ကဗျာများရေးသီဖွဲ့သည်။ THE RAVEN ကဗျာကို ၁၈၃၃ ခုနှစ်တွင် နယူးယောက်ကြေးမုံသို့ ပေးပို့ခဲ့သည်။ စာမူခအဖြစ် ၁၀ ဒေါ်လာ ရရှိခဲ့သည်။

အလန်ပိုး၏ ပထမဆုံး စာပေလောကတွင် အောင်မြင်မှုရရှိခဲ့သော စာမူမှာ THE MS FOUND IN A BOTTLE ဝတ္ထုတိုဖြစ်ပြီး BALTIMORE SATURDAY VISITOR မဂ္ဂဇင်း၏ ဝတ္ထုတိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အလန်ပိုး၏ ဝတ္ထုတိုကို ပထမဆုအဖြစ် ရွေးချယ်ခံခဲ့ရသည်။ စာမူခ ဒေါ်လာ ၅၀ ချီးမြှင့်ခြင်းခံခဲ့ရလေ၏။

အလန်ပိုး၏ ကံကြမ္မာအလှည့်အပြောင်း ကောင်းလာသည်ဟု ဆိုရချိမ့်မည်။ SOUTHERN LITERARY MESSENGER မဂ္ဂဇင်း၏ အယ်ဒီတာဖြစ်သူ တီဒဗလျူ ဝှိုက်၏ ကူညီထောက်ပံ့မှုဖြင့် အလန်ပိုးသည် ၁၈၃၅ ခုနှစ်တွင် မဂ္ဂဇင်းအယ်ဒီတာ ဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဂ္ဂိုက်၏ ငွေကြေးကူညီထောက်ပံ့မှုဖြင့်ပင် အလန်ပိုးသည် INSPIRED မဂ္ဂဇင်းကို အယ်ဒီတာအဖြစ် စမ်းသပ်ထုတ်ဝေခဲ့ရာ အောင်မြင်မှုရရှိခဲ့လေ၏။

၁၈၃၅ ခုနှစ်ထဲမှာပင် အလန်ပိုးသည် ညီမဝမ်းကွဲတော်စပ်သူ အသက် ၁၃ နှစ်အရွယ်ရှိသူ ဗာဂျီးနီးယားကလင်းနှင့် လက်ထပ်ခဲ့သည်။ အလန်ပိုးသည် စာရေးဆရာအဖြစ် အောင်မြင်ကျော်စောစပြုသော နှစ်၏အစဟု ဆိုရပေမည်။

**အောင်မြင်ခြင်းနှင့်အတူ**

အလန်ပိုးသည် ၁၈၃၆ ခုနှစ်အတွင်း ဝေဖန်ရေးဆောင်းပါး ၈၃ ပုဒ်၊ ကဗျာ ၆ ပုဒ်၊ စာစီစာကုံး ၄ ပုဒ်၊ ဝတ္ထုတို ၃ ပုဒ်တို့ကို MESSENGER မဂ္ဂဇင်းထဲ၌ ရေးသားနိုင်ခဲ့လေ၏။ ထိုနှစ်အတွက် စာမူခရငွေပေါင်းမှာ ဒေါ်လာ ၁၀၀၀ ရှိသည်။ ဤနှစ်ကာလတစ်လျှောက်လုံး သည်းထိတ်ရင်ဖိုရှိလှသော အလန်ပိုး၏ လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတိုများသည် ပရိသတ်လက်ခံအားပေးမှုကြောင့် အောင်မြင်ခဲ့လေသော ကာလများဟု ဆိုရပေမည်။

သို့သော်ငြားလည်း တစ်ဖက်က အောင်မြင်မှုများရရှိနေသလို တစ်ဖက်ကလည်း အိမ်တွင်းရေး မပြေလည်မှုများ ရှိနေလေ၏။ ပြဿနာမှာ လင်မယား ကတောက်ကဆ ဖြစ်ကြရသည် မဟုတ်။ ဇနီးဖြစ်သူမှာ ချောင်းဆိုးသွေးပါ(တီဘီ) ဖြစ်နေခြင်းနှင့် အလန်ပိုးကိုယ်တိုင်ကလည်း ဘိန်းနှင့်အရက်ကို တစွဲတလမ်း သုံးစွဲသောက်သုံးနေသောကြောင့်ပါတည်း။

ယင်းအချိန်က အလန်ပိုးသည် GRAHAM'S LADY AND GENTLEMAN'S MAGAZINE တွင် အယ်ဒီတာအဖြစ်လည်းကောင်း၊ တွဲဖက်အယ်ဒီတာအဖြစ် BURTON'S GENTLEMAN'S MAGAZINE ၌လည်းကောင်း၊ စာရေးသူ၊ စာရေးဆရာ၊ ဆောင်းပါးရှင်အဖြစ် THE NEW YORK MIRROR, THE DOLLAR NECO-PAPER, THE NEW YORK SUN THE AMERICAN REVIEW တို့တွင် ပါဝင်ရေးသားလျက်ရှိပြီး အယ်ဒီတာအဖြစ် [illegible]င်းဂျာနယ်မှာ နောက်ဆုံး သူ့ပိုင်ဂျာနယ် ဖြစ်လာခဲ့သည်။

အလန်ပိုးတို့ ဇနီးမောင်နှံသည် ထိုနှစ်များအတွင်း လက်ဖျားငွေသီးသော ကာလဖြစ်သည်။ နယူးယောက်မြို့ရှိ ဘရော့ဝေးလမ်းမကြီးနှင့် ၈၄ လမ်းထောင့်တွင် ခြံကြီးဝင်းကြီးနှင့် အိမ်ကြီးတစ်အိမ်၊ ဘဲလ်တီးမိုးနှင့် ရစ်မွန်မြို့များတွင် အိမ်တစ်ဆောင်စီ ပိုင်ဆိုင်ခဲ့လေ၏။

အလန်ပိုးသည် ဘရော့ဝေးဂျာနယ်ကို ထုတ်ဝေခဲ့သည့်အပြင် သူ၏ဝတ္ထုများကိုလည်း ပြန်လည်ထုတ်ဝေခဲ့သည်။ စာပေနှင့်ပတ်သက်သော စိတ်ကူးပုံသဏ္ဍာန်တစ်မျိုးမျိုးကို အလန်ပိုးသည် ဝါရှင်တန်အိုင်ဗင်၊ ချားလ်ဒစ်ကင်းတို့နှင့် တွေ့ဆုံကာ ဆွေးနွေးခဲ့ကြရာ နှစ်သက်ဖွယ်သော စကားအတင်အကျများဖြင့် လူကြီးလူကောင်းပရိသတ်ကြားတွင် စာပေဟောပြောချက်များကို ဘဝင်ကျစေခဲ့သည်။

ငယ်ပေါင်းကြီးဖော်များပမာ အလန်ပိုး၊ ချားလ်ဒစ်ကင်း စသည့် ကဗျာဆရာတို့သည် ကြိမ်ဖန်များစွာ နွေးထွေးစွာ ဆွေးနွေးခဲ့ကြသည်ဟူ၏။

သွေးလေချောက်ချား၍ တုန်လှုပ်ခြင်းဖြစ်နေသော အလန်ပိုးသည် သူ၏ ထင်ရှားသော စကားစုဖြစ်လာမည့် နောက်ဆုံးသောစကား ငါးလုံးကို ပြောကြားကာ သူ ၄၀ နှစ်ကြာ နေထိုင်ခဲ့ပါသော လူ့ပြည်လူ့ရွာမှ အပြီးတိုင် ထွက်ခွာသွားခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

အလန်ပိုး၏
နောက်ဆုံးနေ့ရက်များသည်ကား
စိတ်ပျက်ဝမ်းနည်းခြင်း၊ စိတ်ညစ်ခြင်း
တို့ဖြင့် သောကပင်လယ်ဝေခဲ့သည်။
သောက၏ဒဏ်ရာများက ဖိစီးနှိပ်စက်
ထားသည့်အတွက် မလှုပ်နိုင်မရှားနိုင်
ကာလမှ မိတ်ဆွေများက
ကူညီရန်ကြိုးပမ်းခဲ့မှုတို့သည်
သဲထဲရေသွန်ပမာ ဖြစ်တည်ခဲ့သည်။

## သောကခြေရာများနှင့်အတူ

BRODWAY JOURNAL သည် ၁၉၄၆ ခုနှစ်တွင် ရပ်စဲသွားခဲ့သည်။ ကြွေးမြီများလာခြင်း၊ လက်ရှိငွေ ပါးလျလာခြင်းနှင့် ကိုယ်တိုင်လည်း ကျန်းမာရေး ချို့ယွင်းလာ၍ဖြစ်သည်။ အလန်ပိုးအတွက် သောကဖြစ်စရာ နောက်တစ်ခုမှာ ဇနီးဖြစ်သူမှာလည်း ကျန်းမာရေး ယိုယွင်းလာနေခြင်းပင် ဖြစ်သည်။

ဤသို့ဖြင့် အလန်ပိုး၏ဘဝ၌ ပျော်ရွှင်စရာဟူသမျှတို့သည် လွင့်ပါးပျောက်ကွယ်လု ဖြစ်လာခဲ့သည်။ ကျန်းမာရေးအခြေအနေကြောင့် သူ၏ဇနီးနှင့် ယောက္ခမတို့သည် ဇာတိရပ်ရွာသို့ ပြန်သွားပြီး မကြာမတင်မှာပင် ဇနီးဖြစ်သူ ဗာဂျီးနီးယားပိုး ကွယ်လွန်ခဲ့လေ၏။

အလန်ပိုး၏ဇနီး ကွယ်လွန်သွားချိန်တွင် အနီးအနားတွင်ရှိနေသူ အလန်ပိုး၏ မိတ်ဆွေရင်းတစ်ယောက်၏ ပြောစကားအရ ...

နယူးယောက်မြို့ရှိ ဆင်ခြေဖုံး ဖို့ဒ်ဟမ်အရပ်ရှိ အိမ်ငယ်လေးတစ်လုံးအတွင်း ဗာဂျီးနီးယားပိုးသည် သူမတွင် စွဲကပ်နေသည့် ချောင်းဆိုးသွေးပါ ဝေဒနာကို ကြမ်းပေါ်တွင်ခင်းထားသော ကောက်ရိုးမွေ့ယာပေါ်၌ လဲလျောင်းခံစားရင်းက အသက်ဆုံးရှုံးသွားရခြင်း ဖြစ်သည်။

သူမသည် ခင်ပွန်းအလန်ပိုး၏ ကိုယ်ရံအင်္ကျီနှင့် သူမ၏ကြောင်တို့ကို ကိုယ်တွင်ပတ်စည်းထားသည်ကို တွေ့ရပြီး သူမ၏ရင်အုံပေါ်၌ ကြီးမားသောကြောင်ကြီးတစ်ကောင်က ရှိနေသည်ဟူ၏။ (ဤဖြစ်စဉ်အား အလန်ပိုးသည် THE BLACK CAT ဝတ္ထုတိုကို ရေးသားခဲ့ဟန်တူ၏။)

## လေလွင့်ခရီးသည်ဘဝ

အလန်ပိုးသည် ဇနီးသည်ဆုံးပါးသွားပြီးနောက် လေလွင့်ခရီးသည်အဖြစ် ရပ်တည်ခဲ့သည်။ စိတ်လေလွင့်၍ မိန်းမများနောက်သို့ တကောက်ကောက် လိုက်ခဲ့သည့်အတွက် ရာဇဝတ်ကြောင်းနှင့်ပင် မလွတ်မကင်း ဖြစ်ခဲ့ရသည်။

အလန်ပိုးသည် စိတ်ညစ်ညစ်ဖြင့် ဘေးမကင်းသောဘိန်းများကို တရှိုက်မက်မက် သုံးစွဲခဲ့လေရာ ဝက်ရူးပြန်ရောဂါပါ ပူးတွဲရရှိခဲ့လေတော့၏။

စိတ်တေလေ လေလွင့်နေသော အလန်ပိုးသည် သွေးလေချောက်ချားသော ဝေဒနာကို ရင်မှာသိုဝှက်ရင်း လမ်းတကာ၊ နယ်တကာ လျှောက်သွားလျက်ရှိနေသည်ကို တွေ့ရသော မိတ်ဆွေများက အလန်ပိုး၏ဘဝကို ကယ်ဆယ်၍ ထူထောင်ပေးရန် ကြိုးပမ်းခဲ့ကြသည်။

## ဘဝနိဂုံး အဆုံးကာလ

အလန်ပိုး၏ နောက်ဆုံးနေ့ရက်များသည်ကား စိတ်ပျက်ဝမ်းနည်းခြင်း၊ စိတ်ညစ်ခြင်းတို့ဖြင့် သောကပင်လယ်ဝေခဲ့သည်။ သောက၏ဒဏ်ရာများက ဖိစီးနှိပ်စက်ထားသည့်အတွက် မလှုပ်နိုင်မရှားနိုင်ကာလမှ မိတ်ဆွေများက ကူညီရန်ကြိုးပမ်းခဲ့မှုတို့သည် သဲထဲရေသွန်ပမာ ဖြစ်တည်ခဲ့သည်။

တစ်ခါတစ်ခါ၌မူ အလန်ပိုးသည် မူလစိတ်များ ပြန်ပေါ်လာလျက် ပင်ကိုယ်ဉာဏ်က ထူးခြားရှိရင်းစွဲအတိုင်း သူ၏နောက်ဆုံးကဗျာနှစ်ပုဒ်၌ မြတ်နိုးလှသော မိန်းမသားတစ်ဦးကို သူ၏ အသက်နှင့်ခန္ဓာကိုယ်အား အပ်နှင်းကြောင်း ANNABEL LEE AND DORADO တွင် ထည့်သွင်းရေးဖွဲ့ခဲ့သည်။

၁၈၄၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့ ... လူသွားလမ်းနံဘေး ပျဉ်ချပ်များနှင့် စည်များကြားတွင်



www.burmeseclassic.com

www.burmeseclassic.com

သတိမရတစ်ချက်၊ ရတစ်ချက်ဖြစ်နေသော အလန်ပိုးအား တွေ့ရှိရသောကြောင့် ဘဲလ်တီးမိုး ဆေးရုံကြီးသို့ တင်ပို့ကြလေရာ ၄ ရက်မျှအကြာတွင် ...

သွေးလေချောက်ချား၍ တုန်လှုပ်ခြင်းဖြစ်နေသော အလန်ပိုးသည် သူ၏ ထင်ရှားသော စကားစုဖြစ်လာမည့် နောက်ဆုံးသောစကား ငါးလုံးကို ပြောကြားကာ သူ ၄၀ နှစ်ကြာနေထိုင်ခဲ့ပါသော လူ့ပြည်လူ့ရွာမှ အပြီးတိုင်ထွက်ခွာသွားခဲ့လေတော့၏။ အလန်ပိုး နောက်ဆုံးပြောကြားခဲ့ပါသော စကားစုမှာ ...

"LORD HELP MY POOR SOUL" "ကျွန်ုပ်၏ဝိညာဉ်ကို ကယ်တင်တော်မူပါအရှင်" ဟူ၍ ဖြစ်လေ၏။

## အလန်ပိုး၏ ဂုဏ်သိက္ခာနှင့် စာပေဩဇာကမ္မည်း

အဂ္ဂါအလန်ပိုး၏ ၁၈၄၉ ခုနှစ်က တင်ရှိခဲ့သော ကြွေးငွေပေးဆပ်ရန် တင်ရှိနေသည်များကို အင်္ဂလန်၊ ပြင်သစ်၊ အမေရိကန်နိုင်ငံ စာပေပညာရှင်များက အလန်ပိုး၏ ဝတ္ထုကဗျာများကို ဘာသာအသီးသီးပြန်ဆိုပြီး ရရှိသောငွေများကို အလန်ပိုး၏ ထောက်ပံ့ငွေအဖြစ် သက်မှတ်လျက် ပေးဆပ်ခဲ့ကြသည်။

အဂ္ဂါအလန်ပိုး၏ ဂုဏ်သိက္ခာကို သူ၏စာပေဩဇာက ပြန်လည်ထိန်းသိမ်းပေးခဲ့ခြင်းဟု ဆိုရမည်ဖြစ်သည်။

အလန်ပိုး၏ ဝတ္ထုတိုများ၊ ကဗျာများကား ယနေ့တိုင် ဘာသာအသီးသီးသို့ ပြန်လည်ထုတ်ဝေနေကြဆဲ ရှိသလို ရုပ်ရှင်များအဖြစ်လည်း အသွင်ကူးပြောင်း ရိုက်ကူးပြသနေကြဆဲ ဖြစ်ပေသည်။

အလန်ပိုးရေးသားခဲ့သော ဝတ္ထုတိုများ၊ ကဗျာများကား လွန်စွာထင်ရှား၍ စာပေအရာ၌ ကျော်ကြားလှသော ဂန္ထဝင်စာပေများဖြစ်ကြောင်း ပညာရှင်များက မှတ်ချက်ပေးခဲ့ကြလေ၏။ (ဂန္ထဝင်စာပေဆိုသည်မှာ ခေတ်အဆက်ဆက် စာဖတ်ပရိသတ်က လက်ခံဖတ်ရှုကြသော စာပေများကို ဆိုလိုပါသည်။)

ပြင်သစ်စာပေ ဝေဖန်ရေးဆရာများက အလန်ပိုး၏ စာပေများသည် ယေဘုယျအားဖြင့် ကြောက်မက်ဖွယ်ရာ ခံစားနိုင်သော ရသကို ပေးစွမ်းနိုင်အား ရှိသည့်အလျောက် အခြားသောသူများ၏ စာပေများထဲ၌ ထူးခြားစွာ ရှိနေသည်ကပင် အားရစရာ၊ ဂုဏ်ယူစရာ ကောင်းလှပေသည်။

ရဲဝံ့သော ဇာတ်ကောင်ကို စိတ်ကူးကောင်းဖြင့် သရုပ်ဖော်ရေးသားရာ၌ မလွန်ကဲစေဘဲ မဖျိမပင့်ပဒါကျနစွာ ဖွဲ့နွဲ့ခဲ့သည်။ ပထမ လူကိုယ်တိုင်ပြော(FIRST PERSON) ဖြင့် အလန်ပိုးသည် အစဉ်အလာရှိသည့်အလား ဇာတ်ကို အများအားဖြင့် ရေးသားလေ့ရှိသည်မှာ ယနေ့ လျှို့ဝှက်ဆန်းကြယ်၊ လျှို့ဝှက်သည်းဖို ရေးသူများအတွက် ကြိုတင်လမ်းစဖော်ပေးသွားသော စာရေးနည်းဟု ဆိုပါက မမှားပါချေ။ နည်းနာနိဿယအသီးသီးနှင့် ကြံရွယ်ချက် အသီးသီးကို ကြောက်လန့်တုန်လှုပ်စရာ ဇာတ်လမ်းကျောရိုးထဲ၌ အဆင်ပြေအောင် ထည့်သွင်းရေးသားခြင်းကို အလန်ပိုးက ရေးသားလေ့ရှိသည်။

အကျင့်စရိုက် အသီးသီးတို့ကိုလည်း ရောနှောလျက် စိတ်ကူးကိုမူတည်လျက် ကြံဖန်ရေးသားနိုင်သကဲ့သို့ ဇာတ်လမ်းကိုလည်း လှည့်ပတ်၍ သိမ်းလေ့ရှိသည်။

အဂ္ဂါအလန်ပိုးသည် ထူးခြားသောဘဝ အတွေ့အကြုံများကို သူ၏ဝတ္ထုထဲ၌ ဇာတ်ကောင်တစ်ကောင်အဖြစ် ပူးကပ်ရေးသား၍ သူ့အကျင့်စရိုက်များကို ကိုယ်စားပြုခဲ့ရာ

THE TELL-TALE HEART ဝတ္ထုတို၌ စိတ်မနှံ့သူတစ်ယောက်၏နေရာမှ ပြန်ပြောသူအဖြစ်လည်းကောင်း။ THE CASK OF AMONTILLADO ဝတ္ထုတိုတွင် မုန်းတီးစိတ်စီးပိုးနေသူက ရက်စက်စွာ လက်တုံ့ပြန်မှုကို အရသာခံ ပြန်ပြောသူအဖြစ်လည်းကောင်း ရေးသားခဲ့ပေသည်။

အဂ္ဂါအလန်ပိုးသည် တစ်ချိန်သောကာလက သူ့ကိုယ်သူသတ်သေရန် ကြိုးစားခဲ့ဖူးသည့်အလျောက် သူ၏ဝတ္ထုများသည်လည်း စိတ္တဇန္ဒယ်ယှက်နေသည်ကား မထူးဆန်းလှပါပေ။

ပသို့ဆိုစေ ... ကမ္ဘာ့စာပေ၊ ဂန္ထဝင်စာပေလောကတွင် ပထမဆုံးသော လျှို့ဝှက်ဆန်းကြယ်၊ လျှို့ဝှက်သည်းဖိုရင်သိမ့်တုန်'ဂမ္ဘီရ' စုံထောက်စာရေးဆရာကြီးအဖြစ် လက်ခံနေကြသေးသည်ကိုကား ငြင်းဆိုနိုင်ဖွယ်မရှိရာ။

**ကိုမောင်သန်းဝင်း**

*Ref; 'SCHOLASTIC SCOPE' (1984 - NO.2 VOL 33)*

www.burmeseclassic.com

www.burmeseclassic.com



# ကိုးကွယ်သည့်ဘာသာ ကူးပြောင်းမှုဥပဒေ

## (ဥပဒေမှုကြမ်း)

ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

မြန်မာနိုင်ငံတွင် လူမျိုးပေါင်းစုံ နေထိုင်လျက်ရှိပြီး ဘာသာပေါင်းမျိုးစုံ ကိုးကွယ်လျက်ရှိ၏။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၄)အရ မည်သူအဆို လွတ်လပ်စွာ ကိုးကွယ်နိုင်သလို၊ မိမိကိုးကွယ်သည့်ဘာသာကိုလည်း လွတ်လပ်စွာ ကူပြောင်းကိုးကွယ်ယုံကြည်နိုင်ပေသည်။

သို့ရာတွင် မည်သူတစ်စုံတစ်ယောက်ကမျှ တစ်စုံတစ်ယောက် ကိုးကွယ်ယုံကြည်သည့် ဘာသာကို မနှောင့်ယှက်ရ၊ မစော်ကားရပေ။ မိမိကိုးကွယ်(ယုံကြည်)သည့် ဘာသာတစ်ခုမှ အခြားဘာသာတစ်ခုသို့ ကူးပြောင်းကိုးကွယ်ရာတွင်လည်း အနှောင့်အယှက်၊ ဟန့်တား တားဆီးပိတ်ပင်ခြင်း မရှိရပါ။



www.burmeseclassic.com

www.burmeseclassic.com

ယင်းအဆိုပါ ဥပဒေ(မူကြမ်း)တွင် အောက်ဖော်ပြပါရှိသည့်အတိုင်း ပြဋ္ဌာန်းထားရှိပါသည်။

(၁) မိမိယုံကြည်ရာ ဘာသာကူးပြောင်းကိုးကွယ်ရာတွင် ကြွေးမြီဖြင့် နှောင်ဖွဲ့နိုင်စေခြင်းမပြုရပါ။ ဆိုလိုသည်မှာ မိမိဘာသာသို့ ကူးပြောင်းကိုးကွယ်လျှင် တင်ရှိသော ကြွေးမြီလျှော့ပစ်မည်ဟု စည်းရုံးခြင်း မပြုရ။ သွေးဆောင်ဖြားယောင်း မြူဆွယ်ခြင်းမပြုရ။ ပြုမူကျူးလွန်ပါက ထောင်ဒဏ်(၁)နှစ် (သို့) ဒဏ်ငွေကျပ် ၁၀၀,၀၀၀/- (သို့) ပြစ်ဒဏ်နှစ်ရပ်စလုံး ကျခံကြရမည် ဖြစ်၏။

(၂) ဘာသာကူးပြောင်းကိုးကွယ်လျှင်၊ သို့မဟုတ် ဘာသာမကူးပြောင်းလျှင် နှောင့်ယှက်ဖျက်ဆီးမည်၊ သတ်မည် စသည်ဖြင့် မတရားခြိမ်းခြောက်ပါကလည်း ထောင်ဒဏ် (၁)နှစ် (သို့) ဒဏ်ငွေကျပ် ၁၀၀,၀၀၀/- (သို့) ပြစ်ဒဏ်နှစ်ရပ်စလုံး ကျခံကြရမည် ဖြစ်၏။

(၃) ဘာသာကူးပြောင်းကိုးကွယ်ရာတွင် မလျော်ဩဇာ မသုံးရ၊ အနိုင်အထက်မပြုရ။ ပြုမူကျူးလွန်ပါက အထက်ပါအတိုင်း အပြစ်ဒဏ်ကျခံကြရမည် ဖြစ်ပါသည်။

## ထပ်ရှင်းပေအုံး

မိမိဘာသာသို့ ကူးပြောင်းလျှင် သမီးပေးမည်၊ သားပေးမည်၊ သမက်ပေးမည်၊ သို့မဟုတ် ရွှေငွေပေးမည်၊ သို့မဟုတ် အိမ်ခြံတိုက်တာ၊ ကားပေးမည်။ လက်ခံပါ။ လက်မခံလျှင် သတ်ပစ်မည်၊ ရိုက်မည် စသည်ဖြင့် မလျော်ဩဇာ မသုံးကြရ။ အနိုင်အထက် မပြုကြရပေ။ ပြုမူကျူးလွန်ပါက အထက်ဖော်ပြပါအတိုင်း အပြစ်ဒဏ်ကျခံကြရမည် ဖြစ်၏။

(၄) မည်သူမဆို တစ်စုံတစ်ယောက်၏ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းကို ဟန့်တားပိတ်ပင်၊ တားဆီးနှောင့်ယှက်လျှင် ထောင်ဒဏ်(၆)လ (သို့) ငွေဒဏ် ၅၀,၀၀၀/- (သို့) အပြစ်ဒဏ်နှစ်ရပ်စလုံး အသီးသီးကျခံကြရမည်ဖြစ်၏။

(၄) မရိုးသားသော သဘောဖြင့် ကိုးကွယ်ရာဘာသာကူးပြောင်းရာတွင် လိမ်လည်လျှောက်ခြင်း မပြုကြရ။ တစ်နည်း မရိုးသားသောအကြံဖြင့် လျှောက်ထားခြင်းမပြုကြရ။ ပြုမူကျူးလွန်ပါက ထောင်ဒဏ်(၂)နှစ်၊ သို့တည်းမဟုတ် ငွေဒဏ်ကျပ် ၂၀၀,၀၀၀/-၊ သို့တည်းမဟုတ် ထောင်ဒဏ်နှင့် ငွေဒဏ် အပြစ်ဒဏ်နှစ်ရပ်စလုံးကို ကျခံကြရမည်ဖြစ်ပါသည်။

## ကိုးကွယ်ရာဘာသာကူးပြောင်းသူ၏ အခွင့်အရေးနှင့် တာဝန်

ယင်းနှင့်ပတ်သက်ပြီး ကိုးကွယ်ရာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေ၊ အခန်း(၄)၊ ပုဒ်မ(၁၂)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းဖော်ပြထားပါသည်။

(က) ကူးပြောင်းခွင့်ရရှိထားသည့် ကိုးကွယ်ရာဘာသာမှ မူလမိမိကိုးကွယ်ရာ ဘာသာသို့ဖြစ်စေ၊ သို့မဟုတ် အခြားဘာသာသို့ဖြစ်စေ ပြန်လည်ကူးပြောင်းကိုးကွယ်ခွင့် ရှိပါသည်။

(ခ) ကိုးကွယ်ရာဘာသာသို့ ကူးပြောင်းပြီးသည့်နောက် ထိမ်းမြားလက်ထပ်မှုကိစ္စ၊ အမွေဆက်ခံမှုကိစ္စ၊ ပစ္စည်းခန့်ခွဲမှုကိစ္စများနှင့် ပတ်သက်၍ မိမိကူးပြောင်းခွင့်ရရှိသည့် သက်ဆိုင်ရာ ဘာသာ၏ ဥပဒေနှင့်အညီ ခံစားခွင့် ရရှိပါသည်။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**

(၁) ကိုးကွယ်ရာဘာသာ ကူးပြောင်းခွင့်ဆိုင်ရာ ဥပဒေ (မူကြမ်း)

(၂) ကြေးမုံ
(မေ ၂၇၊ ၂၀၁၄)၊ စာမျက်နှာ(၈/၉)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အမှောင်ထဲမှ ဒေါသ

ဝင်းဇော် [သုံးဆယ်]

တစ်ရွာလုံးသည် ချောက်ချားဖွယ်ရာ ခွေးအူသံများဖြင့် ဆူညံနေလေ၏။ ခွေးအူသံများကြောင့် ဦးလှထွန်းက အိပ်ပျော်နေရာမှနိုးလာ၏။

"ဟင် ... ဒီလောက် ခွေးအူသံတွေ ဆူညံနေတာ မောင်းတဲ့လူ တစ်ယောက်မှ မရှိဘူး။ ခွေးအူသံကို နားထောင်ကောင်းနေသလား မသိဘူး"

ဦးလှထွန်းက ညည်းတွားလိုက်မိ၏။ ထိုအချိန်တွင် –

"ဒေါက် .. ဒေါက် ... ဒေါက် ဒေါက်"

အိမ်ရှေ့မှ တံခါးခေါက်သံကို ကြားလိုက်မိ၏။ သူ့စိတ်ထဲမှ ထင်ယောင်ထင်မှားဖြစ်နေလို့လား ဆိုသည့်အတွေးဖြင့် ဦးလှထွန်းက နားစွင့်နေမိ၏။

"ဒေါက် ... ဒေါက်"

တံခါးခေါက်သံက သေချာသွားပြီ။

"ဘယ်သူလဲ .. ညကြီး အချိန်မတော်"

ဦးလှထွန်းက အိမ်အပြင်ကို လှမ်းမေးလိုက်၏။ အိမ်အပြင်မှ ဘာမှပြန်မဖြေဘဲ ငြိမ်သက်နေ၏။

"ဒေါက် ... ဒေါက်"

"ဟာ ... ဘယ်သူလဲလို့ မေးနေတယ်လေ"

"တံခါး မြန်မြန်ဖွင့်ပေးပါရှင်"

"ဟင် ... ဒါမိန်းကလေး အသံပဲ။ အဲဒီအသံကို ငါကြားဖူးသလိုပဲ"

ဦးလှထွန်းက အသံရှင်ကို တွေးနေမိ၏။

"တံခါးဖွင့်ပေးပါရှင်။ အပြင်မှာ အေးလွန်းလို့ပါ"

ဦးလှထွန်းက အိပ်ရာမှထကာ တံခါးပေါက်ဆီသို့ လျှောက်သွား၏။ အိမ်ရှေ့တံခါးကို ဖွင့်ပေးလိုက်၏။

"ဟင် ..."

အိမ်ထဲမှ မီးအိမ်၏ အလင်းရောင်က အပြင်ဘက်သို့တိုင် ဖြန့်ကြက်နေ၏။ အိမ်အပြင်မှ မည်သူ့ကိုမှ မတွေ့ရ။

"ငါနားမကန်းသေးပါဘူး။ ငါ့ကို တံခါးဖွင့်ခိုင်းတဲ့ မိန်းကလေးအသံကို မိမိရရ ကြားရတာပါ ... ဟင်း"

ဦးလှထွန်းက စိတ်ပျက်စွာ သက်ပြင်းချရင်း အိမ်တံခါးကိုပြန်ပိတ်၏။ အိမ်အလယ်ခန်းထဲမှ ထိုင်ခုံတွင်ထိုင်ကာ တွေးနေမိသည်။ ထိုစဉ် ရွာထဲမှ ခွေးများက အူလာပြန်သဖြင့် ဦးလှထွန်း၏ မျက်နှာတွင် ချွေးသီးများ စို့ထွက်လာ၏။

"ဝုန်း ..."

အိမ်ရှေ့တံခါးကို တအားဆောင့်တွန်းလိုက်သည့်အသံကို ကြားရသဖြင့် ဦးလှထွန်း လန့်ဖျပ်သွား၏။ တံခါးရှိရာသို့ လှမ်းကြည့်လိုက်မိသည်။

တံခါးပေါက်ဝတွင် ရပ်နေသော ရိုပ်မည်းကြီးတစ်ခုကို ဦးလှထွန်း မြင် ွေ့လိုက်ရ၏။ အဲဒီ အရိပ်မည်းကြီးက မိန်းကလေးတစ်ဦး။ ဆံပင်ကို ဖားလျားချကာ လက်နှစ်ဖက်ကို ဘေးမှ ဆန့်တန်းထားသော အသွင်ကို ဆောင်နေလေ၏။

ထိုစဉ် အနံ့တစ်ခုက ဦးလှထွန်း၏နှာခေါင်းအတွင်းသို့ တိုးဝင်လာလေ၏။ သည်အနံ့ကို ဦးလှထွန်းသည် ကောင်းကောင်းကြီး မှတ်မိနေ၏။

www.burmeseclassic.com

သည်အနံ့လေးကို ဦးလုထွန်း သည် တစ်ချိန်သောအခါက တပ်မက် စွဲလမ်းခဲ့ဖူး၏။ ဦးလုထွန်း တစ်သက် မမေ့နိုင်သော ကိုယ်သင်းနံ့လေး။ သည် သို့ဆိုတော့ –

"ဟင် ... မဆောင်းခင်၊ ဟုတ် တယ် ... မဆောင်းခင်"

ဦးလုထွန်း၏ ရင်ထဲတွင် ဒိတ် ခနဲ ခုန်သွားသည်။

အရိပ်မည်းကြီးကို မျက်လုံးမခွာ ဘဲ စူးစူးစိုက်စိုက် ကြည့်နေမိသည်။ ခြေသံသဲ့သဲ့ ကြားလာရသည်။ အရိပ် မည်းကြီးက ဦးလုထွန်းရှိရာသို့ တည့် တည့်မတ်မတ် လာနေ၏။

အမြင်လွဲမှားစရာ မရှိ၊ ထင်ထင် ရှားရှားမို့ ဦးလုထွန်း၏ ရင်ခုန်နှုန်းက ပို၍မြန်လာသည်။ မှတ်မိနေသော အနံ့က ပို၍စူးရှလာသည်။

"မဆောင်းခင် ငါ့ဆီလာပြီ"

ထိုသို့တွေးနေစဉ်မှာပင် အရိပ် မည်းကြီးက ဦးလုထွန်း၏ ကိုယ်ပေါ် သို့မိုးလာသဖြင့် မော့ကြည့်လိုက်ရာ ဆံပင်ဖားလျားချကာ မျက်လုံးများ ပြူးထွက်နေသော မဆောင်းခင်၏ မျက်နှာကို မြင်ယောင်မိပြီး –

"အား .... အောင်မလေးဗျ"

ဦးလုထွန်းက ကြောက်လန့်ပြီး အော်ဟစ်လိုက်မိ၏။

ထိုစဉ်မှာပင် အခန်းတံခါးကို ရိုက်ပုတ်သံက ပေါ်ထွက်လာ၏။

"ဦးလေး ဘာဖြစ်လို့လဲ၊ တံခါး ဖွင့်ပါဦး"

တံခါးကို ထုရိုက်သံကြောင့် ဦး လုထွန်း အိပ်ပျော်နေရာမှ လန့်နိုးသွား လေ၏။

သွေးပျက်စရာ ကောင်းသော အိပ်မက်ဆိုးကြောင့် ဦးလုထွန်း တစ် ကိုယ်လုံးမှာ ချွေးများ စိုရွှဲနေ၏။

"ဦးလေး ... ဦးလေး ဘာဖြစ် လို့လဲ။ တံခါးဖွင့်ပါဦး"

တံခါးကို ထုရိုက်ပြီး ပြောနေ သော တူဖြစ်သူ မြစိန်၏အသံကြောင့် ဦးလုထွန်း အိပ်ရာမှထကာ တံခါးရှိရာ သို့ လာခဲ့သည်။

ထို့နောက် တံခါးကို ဖွင့်ပေး လိုက်၏။ တံခါးချက်ကို ဖွင့်နေသော ဦးလုထွန်း၏ လက်များက တုန်ယင် နေလေ၏။

"ဘာဖြစ်တာလဲ ဦးလေး။ ဦး လေးအော်သံကြားပြီး ကျွန်တော် လန့် နိုးသွားတာ"

"အိပ်မက် မက်နေတာလား၊ တကယ်လားဆိုတာ မသိတော့ပါဘူး ကွာ။ အရိပ်မည်းကြီးတစ်ခု ငါ့အိမ်ထဲ ဝင်လာတာ"

"ဟာ ... ဦးလေးကလည်း အရိပ်မည်းကြီးမြင်တာနဲ့ အော်ရတယ် လို့ဗျာ ... ဟား .. ဟား .. ဟား"

မြစိန်က တဟားဟားနှင့် ရယ် မောနေလေ၏။

"အင်း ... ဒီရွာမှာ ဘာဖြစ်နေ တာလဲ မသိဘူး။ တစ်လအတွင်း သေ တဲ့လူတွေ မနည်းတော့ဘူး။ မဆောင်း ခင် အသုဘပြီး နောက်တစ်နေ့မှာ သူ့ အမေသေတယ်"

"ဒေါ်စိန်ဂွက် အသုဘ နှစ်ရက် မြောက်နေ့မှာ ဘကြီးကျော်က သေ ပြန်တယ်။ ရွာထဲက သန်းဝင်းတို့ အုပ် စုတွေ သချိုင်းထဲမှာ အရက်တွေမူးပြီး မဟုတ်တဲ့စကားတွေ ပြောခဲ့တာမို့ အခုလို ဖြစ်နေတာလို့ ပြောနေကြ တယ်ဗျ"

"ဟုတ်ချင်လည်း ဟုတ်မှာပဲ။ ငါတို့ရွာမှာ အခုလိုမျိုး တစ်ခါမှ ဖြစ်ဖူး တာ မဟုတ်ဘူး။ အခုတလော သေ လိုက်တဲ့လူတွေ။ ကိုယ်တောင်ကြောက် လာတယ်ကွာ"

"သေခြင်းတရားဆိုတာ ဘယ် သူမှ လွန်ဆန်နိုင်ကြတာ မဟုတ်ပါဘူး ဦးလေးရာ။ သေရမယ့်သူတွေ ချည်း ပါပဲ"

"မပြောပါနဲ့ကွာ၊ ကြောက်ရတဲ့ အထဲ"

ဦးလုထွန်းက ခုတင်ပေါ်တွင် သွားထိုင်၏။

"ဦးလေး ကျွန်တော် သွားအိပ် တော့မယ်"

"ဟို ... အေး ... သွားအိပ် တော့ကွာ"

အကြောက်ပြေသွားသော ဦးလု ထွန်းက အခန်းတံခါးကို ပြန်ပိတ်ပြီး အိပ်ရာပေါ်တွင် လှဲနေလိုက်၏။ ခဏ ကြာတော့ ဦးလုထွန်း အိပ်ပျော်သွား လေ၏။

*****

ဖွယ်ရွေးရွာနှင့် မြစ်ခရွာမှာ အရှေ့နှင့်အနောက် ဆိုသလို တည် ကြ၏။ တစ်ရွာမှ တစ်ရွာသို့ လှမ်းမြင် နေရပေမယ့် ရွာနှစ်ရွာအလ[illegible] မြစ်မခမြစ်ကြီးက တောင်နှင့်မြောက် သွယ်တန်းစီးဆင်းကာ ခြားထားသည်။

မြို့သို့သွားလျှင် ဖွယ်ရွေးရွာ လှေဖြင့် မြစ်မခမြစ်ကို ဖြတ်ကူး ဖိုးခေါင်ရွာသို့ လာရ၏။

ဖိုးခေါင်ရွာမှ မြင်းလှည်းဖြင့် သို့သွားရလေ၏။ ထိုရွာနှစ်ရွာ များသည် လယ်ယာလုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်း၊ တံငါလုပ်ငန်းများဖြင့် အသက်မွေးကြလေ၏။

ဦးလှထွန်းမှာ လယ်များစွာ၊ ကိုင်းများစွာ ပိုင်ဆိုင်ပြီး စက်လှေ ထောင်ထားသဖြင့် တောသူဌေးဟု အခေါ်ခံရသူ ဖြစ်လေ၏။

ဦးလှထွန်းသည် ရပ်ရေး၊ ရွာရေးသာမက ဘာသာရေး၊ သာသနာရေး ကိစ္စများတွင် လက်မနှေးဘဲ လှူဒါန်းတတ်သူဖြစ်သဖြင့် ရွာမှ ကလေး လူကြီး အားလုံး၏ လေးစားခြင်းကို ခံနေရသူတစ်ဦးလည်း ဖြစ်၏။

ရွာတွင် ကြွယ်ဝချမ်းသာ၍ ဦးတပ်ခေါ်ကြသော်လည်း ဦးလှထွန်းမှာ အသက် ၄၅ နှစ်အရွယ်ခန့်သာ ရှိသေး၏။ အပေးအကမ်း ရက်ရောသဖြင့် တပည့်တပန်း အလွန်များပြား၏။ ထို့ကြောင့် ဦးလှထွန်း၏ အရေးကိစ္စဆိုလျှင် အသက်ပေးပြီး ဆောင်ရွက်မည့်သူက မရှား။

ဦးလှထွန်းတွင် ရဲသန်းထွန်းဆိုသော သားတစ်ယောက်သာ ရှိလေ၏။ ဦးလှထွန်း၏ဇနီး ဒေါ်သန်းခင်က လွန်ခဲ့သော ဆယ်နှစ်ခန့်ကပင် ပန်းနာရင်ကျပ်ရောဂါဖြင့် ကွယ်လွန်သွားခဲ့၏။

ရဲသန်းထွန်းက တက္ကသိုလ်တွင် နောက်ဆုံးနှစ်စာမေးပွဲ ဖြေဆိုပြီး၍ ရွာသို့ပြန်လာတော့မည်ဖြစ်ရာ ဦးလှထွန်းက အိမ်ရှေ့မှထွက်မျှော်နေမိ၏။

ထိုအချိန်မှာပင် သူ၏ခြံထဲသို့ မြင်းလှည်းတစ်စီးက မောင်းဝင်လာသည်။ မြင်းလှည်းပေါ်တွင် သူ၏သား ရဲသန်းထွန်းနှင့် သူ၏တူ မြစိန်တို့ ပါလာ၏။

"အဖေရေ ..."

"ဟေး ... သား"

ရဲသန်းထွန်းက အိမ်ပေါ်သို့ ပြေးတက်၏။ ဦးလှထွန်းက သားဖြစ်သူကို ပွေ့ဖက်ထားလိုက်၏။

"ငါ့သားက မနေ့က ပြန်လာမယ်ဆိုပြီး"

"ဟုတ်တယ် အဖေ၊ စာမေးပွဲက မနေ့ကပြီးတာ။ သူငယ်ချင်းတွေက မပြန်ခင် ဘုရားတွေ ဖူးကြမယ်ဆိုတာနဲ့ ဒီနေ့မနက်မှ ပြန်လာခဲ့ရတယ်"

"အဖေက သားကို အောက်မေ့နေတာ"

"သားကလည်း ရွာကို ပြန်ချင်နေတာ ကြာပြီ"

"ငါ့သားက ပညာစုံပြီဆိုတော့ ကြင်ယာစုံဖို့ပဲ လိုတော့တယ်။ ကျီးမဲရွာက ကိုသောင်းအေးတို့က သူ့သမီးနဲ့ ငါ့သားကို ပေးစားချင်လို့ စကားကမ်းလှမ်းထားတာ ကြာပြီ။ ငါ့သား ရွာကို ပြန်ရောက်တာနဲ့ သူ့သမီးနဲ့ စေ့စပ်ဖို့ စီစဉ်ပါတော့တဲ့"

"ဟင် .. အဖေကလည်း သားကို မိန်းမပေးစားတော့မှာလား"

"ဒါပေါ့ကွာ။ ဒါမှ အဖေက မြေးမြန်မြန်ချီရမှာကွ"

*****

ကျားမောင်က အရက်ခွက်ထဲမှ အရက်ကို မော့၍ သောက်လိုက်၏။

"ကျွတ် ... ကောင်းလိုက်တဲ့ အရက်။ ရင်ခေါင်းထဲမှာ ပူဆင်းသွားတာပဲ။ ကြိုက်လို့လားတော့ မသိပါဘူး။ အရသာရှိလိုက်တာ။ ဘာအလုပ်မှ မလုပ်ရဘဲ အချိန်တန်ရင် စားစရာ အဆင်သင့်၊ သောက်စရာ အဆင်သင့် ဒီလောက်ဟန်ကျတဲ့ ဘဝမျိုး ဘယ်သူခံစားနိုင်မှာလဲ ... အဟင်းဟင်း"

ကျားမောင်က ထရံဘေးမှ အရက်အပြည့်ထည့်ထားသော ပုလင်းကို ယူလိုက်၏။ ထို့နောက် မော့သောက်ပြန်လေ၏။

"သောက်လိုက်၊ မူးလိုက်၊ အိပ်လိုက် ... ဘယ်လောက်ပျော်စရာကောင်းလိုက်သလဲ"

ထိုစဉ် တဲအတွင်းသို့ လူတစ်ယောက် ဝင်လာသဖြင့် ကျားမောင်က လှမ်းကြည့်လိုက်၏။ အိမ်အပြင်ဘက်တွင် အမှောင်ထုက လွှမ်းမိုးနေပြီကို အရက်သောက်နေသော ကျားမောင်က သတိမထားမိ။

သူ့တဲအတွင်းသို့ ဝင်လာသူမှာ ဦးလှထွန်း၏တပည့် ပေစိဖြစ်နေလေ၏။

"ဘာလဲကွ ... ပေစိ၊ လာလေကွာ"

BURMESE CLASSIC

"ဆရာဦးလှထွန်းက မင်းအတွက် ငွေပေးလိုက်တယ်။ အရက်တွေလည်း သိပ်သောက်မနေနဲ့တဲ့။ ရွာကိုလည်း မလာနဲ့တဲ့။ အကြောင်းကိစ္စရှိရင် မင်းဆီကို သူလာခဲ့မယ်တဲ့။ ငါပြန်မယ်"

"အေး ... အေး ... အရက်သောက်သွားဦး"

ပေစိက ကျားမောင်ကို ငွေပေးပြီး ပြန်ရန်ဟန်ပြင်၏။ ကျားမောင်က အရက်ပုလင်းကိုလှမ်းပေးသဖြင့် ပေစိက ခေါင်းခါပြ၏။

"ငါ မသောက်တော့ဘူး ကျားမောင်။ ဆရာက မင်းကို ငွေပေးပြီးတာနဲ့ ပြန်လာဖို့ မှာထားတယ်။ ပြီး

www.burmeseclassic.com

www.burmeseclassic.com

ဆရာက ငါနဲ့အတူ အရက်သောက်မယ်လို့ ပြောတယ်''

''ဟ ...မင်းက အမြည်းကောင်းကောင်းနဲ့ အရက်သောက်ရမှာပါလား။ ငါကတော့ အဖြူသက်သက်ချည်း သောက်နေရတယ်ကွာ။ ဆရာမှာထားရင် ပြန်တော့။ မိုးချုပ်နေပြီကွ''

ပေစီက ကျားမောင်၏ တဲအတွင်းမှ ထွက်လာခဲ့၏။ ပေစီ ရွာသို့ ပြန်ရောက်တော့ မိုးချုပ်ကတည်းက အမြည်းကောင်းကောင်းနှင့် အရက်သောက်နေသော ဦးလှထွန်းကို တွေ့လိုက်ရလေ၏။

''လာဟေ့ ...ပေစီ။ မင်းကို စောင့်ရင်း ငါသောက်နေတာ ...။ ငါးခြောက်ဖုတ် ဆီဆမ်း၊ မြေပဲကြော်၊ လက်ဖက်သုပ်၊ အမြည်းတွေတော့ ငါ့တူမြစိန်က လုပ်ပေးထားတယ်။ ဘဲဥကြော်ချင်လည်း ထပ်ကြော်လိုက်ဦး''

ဦးလှထွန်းကပြောရင်း အရက်ခွက်ကို မော့သောက်လိုက်၏။

''တော်ပါပြီဆရာရယ်။ အခု ဆရာပြောတဲ့ အမြည်းတွေနဲ့ လုံလောက်နေပါပြီ''

ပေစီက ဦးလှထွန်းဘေးမှ ထိုင်ခုံတွင် ဝင်ထိုင်ရင်း ပြော၏။ ထို့နောက် အရက်အတူသောက်ရင်း စကားကို တီးတိုးပြောနေကြလေ၏။

*****

တိတ်ဆိတ်သော ညအချိန်ဖြစ်၍ တံခါးကို တွန်းဖွင့်သံကို ကျားမောင် သေချာစွာ ကြားလိုက်မိ၏။

''ဟေ့ ...ဘယ်သူလဲကွ။ ငါ့တံခါးကို တွန်းနေတာ''

ကျားမောင်က အရက်မူးသံကြီးဖြင့် မေးလိုက်သော်လည်း ဖြေသံမကြားရသဖြင့် ဓားကိုဆုပ်ကိုင်ပြီး တံခါးရှိရာသို့ လာခဲ့၏။

တဲအတွင်းတွင် မီးခွက်ထွန်းထားသဖြင့် အထင်းသား မြင်နေရလေ၏။ တံခါးပေါက်နားသို့ ရောက်လာသော်လည်း အပြင်တွင် မည်သူ့ကိုမှ မတွေ့ရသဖြင့် –

''တံခါးကိုတွန်းလိုက်တာ ... အသေအချာပါ''

''ကိုကျားမောင် ရှင်က ဘယ်လိုက်ရှာနေတာလဲ။ ကျွန်မက ဒီမှာလေ''

မိန်းကလေး၏ အသံကို ကျားမောင်၏နားထဲတွင် ကြားနေရ၏။

သည့်အသံရှင်ကို ကျားမောင်သိနေ၏။

''ဒါ ..ဒါ ..မဆောင်းခင်အသံ''

''ဟုတ်ပါတယ်တော်၊ မဆောင်းခင်အစစ်ပါ''

''နင်သေသွားခဲ့ပြီပဲ။ ဘာလို့ ငါ့ဆီရောက်လာရတာလဲ''

''ကျွန်မတစ်ယောက်တည်း နေရတာပျင်းလို့ ရှင့်ကို လာခေါ်တာ။ လာ ..လာ ..မရဘူး လိုက်ခဲ့ရမယ်''

''ဟာ ..ဘာလို့ လိုက်ရမှာလဲ၊ မလိုက်ဘူး''

အရိပ်မည်းကြီးက ကျားမောင်အနီးသို့ တိုးကပ်လာ၏။ ကျားမောင်က အရိပ်မည်းကြီးကို ဓားဖြင့် ခုတ်ပိုင်းလိုက်၏။ လေကို ခုတ်ပိုင်းရသကဲ့သို့သာ ဖြစ်နေ၏။

ကျားမောင်မှာ ကြောက်လန့်လာ၏။ ဓားကိုလွှတ်ချပြီး တဲအတွင်းမှ ထွက်ပြေးလာခဲ့၏။

''ဒေါက် ...ဒေါက်''

''ဟေ့ ..တံခါးခေါက်နေတယ်''

''ဘယ်သူလဲဟေ့''

''ကျား ... ကျားမောင်''

''ဟင် ...''

ပေစီက တံခါးလာဖွင့်ပေး၏။ ကျားမောင်က အိမ်ထဲသို့ ပြေးဝင်လာ၏။

''ကျားမောင် မင်းဘယ်လိုဖြစ်တာလဲ''

''ဒီလို ...ဆရာကြီး''

ကျားမောင်က သူ ကြုံတွေ့လာခဲ့ရသည်ကို ဦးလှထွန်းနှင့် ပေစီတို့အား ပြောပြလေ၏။

''ကျွန်တော့်နားထဲမှာ မဆောင်းခင်ရဲ့ စကားပြောသံကိုပဲ ကြားနေရတယ်''

''မင်းစိတ်က ဖွဲလမ်းနေလို့ ဖြစ်မှာပါ။ ကဲ ... ငါ့အိမ်ရောက်လာပြီပဲ။ ဘာမှကြောက်မနေနဲ့တော့။ မင်းစိတ်ကြိုက်သောက်ပြီး မူးစမ်းကွာ''

ကျားမောင်က အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်နေ၏။ အရက်တစ်လုံးကုန်သွားတော့ ကျားမောင် အမူးလွန်ပြီး စားပွဲပေါ်မှာပင် ဝမ်းလျားမှောက်ပြီး အိပ်ပျော်သွားသဖြင့် ဦးလှထွန်းနှင့် ပေစီက ကြမ်းပြင်ပေါ်တွင် ဖျာခင်းပေးကာ အိပ်စေ၏။

ညဦးအတော်နက်ချိန်တွင် ကျားမောင် အိပ်ရာမှ နိုးလာ၏။ ဦးလှထွန်းနှင့် ပေစီတို့က သူ့ဘေးနားတွင် အိပ်ပျော်နေကြ၏။

ရေသန်းထွန်းသည် အိမ်သို့ပြ ရောက်ပြီး နှစ်ရက်အကြာတွင် အမေ၏ ညီမရှိရာရွာသို့ အလည် နေသဖြင့် ဦးလှထွန်းက ကြောက် ဖြင့် အရက်သောက်နေခြင်းဖြ



www.burmeseclassic.com

www.burmeseclassic.com

ကျားမောင် တော်တော်နှင့် အိပ် မပျော်။ သေဆုံးသွားသော မဆောင်း ခင်က သူ့ကို ခြောက်လှန့်နေသဖြင့် ကြောက်လန့်နေ၏။ အိမ်အပြင်ဘက်မှ လမ်းလျှောက်နေသံကို ကျားမောင် ကြားနေရ၏။

"ကိုကျားမောင်၊ ကိုကျားမောင်"

ကျားမောင်၏နားထဲတွင် သူ့နာမည် ကို ခေါ်နေသလိုလို ကြားနေမိ၏။ ထို့ ကြောင့် စားပွဲပေါ်မှ အရက်ပုလင်းကို ယူကာ မော့သောက်နေမိသည်။

ညပိုင်းက သောက်ထားသော အရက်ရှိန်အခံ ရှိထားသည့်မို့ မူးဝေ လာသဖြင့် ကြမ်းပြင်ပေါ်တွင် လှဲလိုက် ရာ အိပ်ပျော်သွားလေ၏။

*****

ဦးလှထွန်းက ရွာမှ ရပ်မိရပ်ဖ များကိုခေါ်၍ ကျီးမဲရွာသို့ သွားရောက် ကာ သူ့သားရဲသန်းထွန်းနှင့် ဦးသောင်း အေး၏သမီး မညိုမြတို့ကို စေ့စပ်ပွဲ ကျင်းပသည်။

နှစ်ဖက်မိဘများက တောသူဌေး များမို့ စေ့စပ်ပွဲကစည်ကား၏။ မင်္ဂလာ ပွဲကျင်းပမည့်ရက်ကို သတ်မှတ်ကြ၏။

ကျားမောင်က ဦးလှထွန်း၏ လယ်တွင် သူရင်းငှား ငါးနှစ်ခန့် လုပ် ဖူးသည့်မို့ ရွာမှရွာသူရွာသားများနှင့် ခင်မင်ခဲ့ဖူး၏။

သို့သော် ရဲသန်းထွန်းနှင့် ရွာထဲ မှ သူရင်းငှား ဦးဘအေး၏သမီး မဆောင်းခင်တို့ ချစ်ကြိုက်နေသည့် သတင်းကို ဦးလှထွန်း ကြားသိသွား သောအချိန်တွင် ကျားမောင်အား ခေါ်၍ –

"ကျားမောင်၊ ငါ့သားနဲ့ ဘအေး သမီးကို ဘယ်လိုမှ သဘောမတူနိုင် ဘူး။ ဒီတော့ . . ."

ဦးလှထွန်းက ကျားမောင်ကို နှစ် ကိုယ်ကြား ပြောပြနေ၏။ ကျားမောင် က ဦးလှထွန်း ပြောပြသမျှကို ခေါင်း တဆတ်ဆတ်ညိတ်ရင်း မှတ်သားနေ လေ၏။

ထို့နောက် ကျားမောင်သည် ဦး ဘအေး လယ်ထဲသို့ သွားသည့်အချိန် တွင် မဆောင်းခင်၏ အိမ်ထဲသို့ လျှပ် တစ်ပြက် ဝင်လာခဲ့၏။

"ဟင် . . ကို . . ကိုကျားမောင်၊ ဘာ . . . ဘာကိစ္စလာတာလဲ"

မဆောင်းခင်မှာ ကျားမောင်က ဦးလှထွန်း၏ လယ်တွင် သူရင်းငှား လုပ်နေသူမို့ သိနေ၏။

"ရဲကြီးက နင့်ဆီကို လွှတ်လိုက် လို့။ နင်နဲ့ ရဲကြီးတို့ ချစ်ကြိုက်နေတာ ကို ဦးလှထွန်း သိသွားပြီ။ ဦးလှထွန်း က သူ့သားကို နင်နဲ့ လုံးဝသဘော မတူဘူး။ သူ့သားကို ဆူကြိမ်းတယ်"

"သူ့သားကို . . . ကျီးမဲရွာက ဦးသောင်းအေးရဲ့သမီးနဲ့ ပေးစားဖို့ စီစဉ်နေတယ်။ အဲဒါကြောင့် ရဲကြီးက နင်နဲ့တွေ့ပြီး စကားပြောချင်လို့ ငါ့ကို ပြောခိုင်းလိုက်တာ"

"သူက နင်နဲ့ ဝေးသွားရမှာကို စိုးရိမ်နေတယ်။ ငါတို့ရွာက ငါ့အိမ်ကို နင့်ကိုခေါ်သွားပေးဖို့ ပြောတယ်"

မဆောင်းခင်က မျက်နှာငယ် လေးနဲ့ တွေဝေစွာ စဉ်းစားနေသည်။

"ဟဲ့ . . . ဆောင်းခင်။ နင်ဘာ တွေ ဒေးဒိုင်စဉ်းစားနေတာလဲ။ နင်တို့ ချစ်သူ နှစ်ယောက်အတွက် ငါလာ ပြောပေးနေတာ။ ဒီကိစ္စကို ဦးလှထွန်း သိသွားရင် အလုပ်ပြုတ်မှာက ငါ။ နင် မလိုက်ချင်လည်းနေလေ။ ငါ ရဲကြီးကို ပြောပြလိုက်မယ်"

"ဟာ . . . ကိုကျားမောင်က လည်း၊ ကျွန် မက ဘာဆက်လုပ်ရ မှန်းမသိလို့ စဉ်းစားနေတာ"

"ဘာမှ စဉ်းစားမနေနဲ့။ အချိန် မရှိဘူး။ ညနေ နင့်အဖေ လယ်ထဲက ပြန်မလာခင် ရောက်အောင် ငါပြန်ပို့ ပေးမယ်"

မဆောင်းခင်က အိမ်တံခါးကို စေ့ထားခဲ့ပြီး ကျားမောင်နောက်သို့ လိုက်လာခဲ့၏။ သည်ရွာနှင့် ကျား မောင်နေသောရွာက သုံးမိုင်ခန့် ဝေး လေ၏။

လယ်ကန်သင်းများကို ဖြတ် လျှောက်လာရ၏။ ကျားမောင်က ရွာ နှင့် အတော်လှမ်းသည့် နေရာတွင် တဲအိမ်ကလေး ဆောက်ကာ နေထိုင် သူ ဖြစ်၏။

ကျားမောင်က မဆောင်းခင်ကို သူ့တဲအတွင်းမှာ ဝင်၍နေခိုင်း၏။ မဆောင်းခင်က ဟိုသည်တွေးပြီး ငိုနေ ၏။ ထိုစဉ် ကျားမောင်က တဲအတွင်း သို့ ဝင်လာ၏။

"သူလိုက်လာမှာ သေချာရဲ့ လား ကိုကျားမောင်"

မဆောင်းခင်က ဝမ်းနည်းသံ ကြီးဖြင့် မေးနေ၏။

"ရဲကြီးက နောက်ဆုံးနှစ်ပြန် တက်ဖို့ ကျောင်းကို ပြန်သွားပြီလေ"

"ရှင် . . ."

"ငါက နင့်ကိုချစ်လို့ ခိုးလာ တာ"

"ဘာ . . . လူယုတ်မာကြီး။ ကျွန်မကို လိမ်ညာပြီး ခေါ်လာတယ်"

မဆောင်းခင်က ထပြေးရန် ကြိ



www.burmeseclassic.com

www.burmeseclassic.com

၏။ ကျားမောင်က မဆောင်းခင်ကို အတင်းချုပ်ထားပြီး –

"ဦးလှထွန်းက သူ့သားနဲ့ နင့်ကို သဘောမတူဘူး။ ငါနဲ့ သဘောတူတယ်ဆိုလို့"

"အို ... လွှတ် ... လွှတ် ကျွန်မပြန်မယ်"

"ငါ့အိမ်ထဲ ရောက်နေမှတော့ နင်ပြန်လို့ရတော့မလား"

မဆောင်းခင်က အတင်းရုန်းကန်နေ၏။

"ကျွန်မ အော်လိုက်မယ်နော်။ ဟောဒီမှာ ..."

ကျားမောင်က မဆောင်းခင်အား တင်းကျပ်စွာ ဖက်ထားလိုက်၏။

"နင် ... အော်ချင်သလောက်အော်။ နင်အော်လည်း ဘယ်သူမှ ကြားမှာမဟုတ်ဘူး။ ချစ်လို့ပါ မဆောင်းခင်ရယ်"

"ရှင့်လိုအရက်သမားကို ကျွန်မက စိတ်တောင်မကူးဘူး"

"ဘာ ... စိတ်မကူးဘူးဟုတ်လား။ ရင်တော့ခုန်လိုက်ဦး"

ကျားမောင်က မဆောင်းခင်၏ ဘဝကို အနိုင်ယူရန် ကြိုးစားနေ၏။ မဆောင်းခင်က အားအင်ရှိသ၍ ရုန်းကန်ပေမယ့် မရ။

ကျားသတ္တဝါ၏ ပိုင်နက်အတွင်း ဝင်လာမိသော သမင်မလေးမှာ ကျားသတ္တဝါ၏ ကိုက်သတ်စားခြင်းကို ခံလိုက်ရသည့်ပမာ။

ပျားသတ္တဝါ၏ ဝတ်ရည်စုပ်ခြင်းခံရသော ပန်းပွင့်ကလေး၏ ဘဝမှာ မလန်းဆန်းနိုင်တော့။ နွမ်းကြွေသွားရလေပြီ။

"လူယုတ်မာကြီး၊ လူယုတ်မာကြီး"

မဆောင်းခင်က ငိုယိုရင်း ပြောနေ၏။

"မင်း ... ပြောချင်သလိုပြော မဆောင်းခင်။ အခုအချိန်ဆိုရင် ဦးလှထွန်းက နင့်ကို ငါခိုးသွားပြီလို့ သတင်းလွှင့်နေပြီ။ သူ့သား ရဲသန်းထွန်းဆီကိုလည်း စာရေးပြီး အကြောင်းကြားတော့မှာပဲ။ အခုအချိန်မှာ နင်ဟာ ငါ့မယား ဖြစ်သွားပြီ"

"အဟင့် ... ဟင့်"

ကျားမောင်က သူ့အင်္ကျီအတွင်းမှ ငွေစက္ကူအုပ်လိုက်ကို မဆောင်းခင်ကို ပြလေ၏။

"ဒီမှာတွေ့လား။ ဦးလှထွန်းက နင်နဲ့ငါ လုပ်ကိုင်စားသောက်ဖို့ လက်ဖွဲ့လိုက်တာ။ အတော် သဘောမနောကောင်းတဲ့ ပုဂ္ဂိုလ်ကြီး"

"ထွီ ... တောက် .. ရယ်စရာကောင်းလိုက်တာ။ သူ့သားနဲ့ မပေးစားချင်တ ကြောင့် ရှင့်ကို ကျွန်မဘဝ ဖျက်ဆီးခိုင်းလိုက်တာ လူသူတော်ကောင်းလား။ ရှင်တို့နှစ်ယောက်ကို ကျွန်မ ဘယ်နည်းနဲ့မှ မကျေနပ်ဘူး။ ကျွန်မသေသွားရင်တောင်မှ တမလွန်ဘဝကနေ လက်စားချေမယ်"

မဆောင်းခင်က ပြောပြီးသည်နှင့် အံကြိတ်ထား၏။ မဆောင်းခင် ဘဝက ရွာသို့လည်း မပြန်ရဲတော့။ ငို၍သာနေမိ၏။ ဝါးထရံကြားတွင် တွေ့ရသော ကျားမောင်၏ ဓားမြှောင်ကို ဆုပ်ကိုင်ထားပြီး ...

"ရှင် ကျွန်မဘဝကို ထပ်ပြီး အနိုင်ယူဖို့တော့ စိတ်မကူးနဲ့။ ဓားမြှောင်နဲ့ ကျွန်မရင်ဝကို ထိုးသွင်းပြီး အသေခံသွားမယ်"

ကျားမောင်က မဆောင်းခင် အနားသို့ မလာရဲ။ တဲအပြင်တွင်နေပြီး အရက်သောက်နေ၏။ ထမင်းဟင်း ချက်ပြုတ်ကျွေးပေမယ့် မဆောင်းခင်က မစား။

ညဘက်တွင်လည်း ကျားမောင်ကို စိတ်မချသဖြင့် ဓားမြှောင်ကို ဆုပ်ကိုင်ထားပြီး ထိုင်နေတတ်၏။

ရက်တွေကြာလာတော့ မဆောင်းခင် အားပြတ်ပြီး အိပ်ရာထဲတွင် ဗုန်းဗုန်းလဲတော့သည်။ စိတ်ဝေဒနာကြောင့် တစ်နေ့တခြား ပိန်ချုံးလာ၏။

အိပ်ရာထဲတွင် မထနိုင်တော့။ မဆောင်းခင်၏ အခြေအနေကို ကျားမောင်က ဦးလှထွန်းထံသို့ ညဉ့်နက်ချိန်တွင် သွားရောက်ပြီး ပြောပြခဲ့၏။

"ကောင်မလေးက ဆရာ့သားကို အတော်စွဲစွဲလမ်းလမ်း ချစ်တာဗျ။ ဆရာခိုင်းလို့ သူ့ကို ကျွန်တော် အနိုင်ယူခဲ့ရပေမယ့် အခုလို မကျန်းမမာဖြစ်နေတော့ ကောင်မလေးကို သနားနေမိတယ်"

"ဟ ... ငါက သူနဲ့ငါ့သားကို သဘောမတူနိုင်တာ။ ငါ့သားနဲ့ ပေးစားဖို့ မိန်းကလေးကို ရှာထားပြီးသား။ သူ့ဘာသာ ထမင်းမစား၊ ဟင်းမစား ရေမသောက်တာဟာ မြန်မြန်သေချင်လို့နေမှာပေါ့။ သေချင်ရင်လည်း ရတယ်လေ။ သူသောက်ဖို့ ဆေးပေးလိုက်မယ်။ နင်နေမကောင်းလို့ ဆေးသောက်ဆိုရင် သောက်မှာမဟုတ်ဘူး။ ဒီတော့ ..."

ဦးလှထွန်းက ကျားမောင်ကို တီးတိုးမှာကြားပြီး ဆေးပုလင်းပေးလိုက်၏။

"မဆောင်းခင် နင်အဲသလို သွားရင်တော့ နင် သေသွားလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

ကျားမောင်က မဆောင်းခင်နှင့် လှမ်းမကမ်းတွင်ထိုင်ရင်း ပြော၏။

"ကျွန်မချစ်ရသူနဲ့ မပေါင်းသင်းရတော့မယ့် ဘဝမှာ သေသွားတာဟာ ကျွန်မအတွက် အကောင်းဆုံးပဲ"

မဆောင်းခင်က နှုတ်ခမ်းတစ်ဖက်ကို သွားဖြင့် ဖိကိုက်ထားရင်းမှ ပြော၏။

"အဲသလို မဟုတ်သေးဘူးလေ။ နင်မကျန်းမမာဖြစ်နေတာကို ငါက ဦးလှထွန်းကို ပြောပြတော့ သူ စိတ်မကောင်းဖြစ်သွားတယ်။ နင် ရဲသန်းထွန်းအပေါ် ဘယ်လောက်ချစ်သလဲဆိုတာ သူသိသွားပြီး နင် ငါ့ဆီ ရောက်နေတာကို ဦးလှထွန်းက ရွာထဲမှာ လျှောက်မပြောပါဘူး။ သူ့သားကိုလည်း မပြောဘူး။ နင် စိတ်ညစ်ပြီး တစ်နေရာကို ထွက်သွားတယ်လို့ပဲ လူတွေက ထင်နေကြတယ်။ ငါ နင့်အတွက် ဆေးဆရာဆီက ဆေးဝယ်လာတယ်။ အဲဒီဆေးကို သောက်လိုက်ရင် နင်ထူထူထောင်ထောင် ပြန်ဖြစ်လာမှာပဲ။ မကြာခင်မှာ ရဲကြီးက ရွာကို ပြန်လာဦးမယ်လို့ သူ့ အဖေဆီ စာရေးထားတယ်"

"ဟင် ..."

"ဟုတ်တယ် မဆောင်းခင်။ သူ ပြန်လာရင် နင်တို့ချစ်သူနှစ်ဦး တစ်နေရာမှာ သွားနေနိုင်အောင် ငါ အစွမ်းကုန် ကူညီမယ်။ ငါ နင့်အပေါ် အနိုင်ယူခဲ့မိတာကိုလည်း တောင်းပန်ပါတယ်"

အချစ်စိတ် ဝေဒနာ ခံစားနေရသော မဆောင်းခင်သည် ကျားမောင်စကားကို အမှန်ယုံမှတ်ပြီး ကျားမောင် ယူလာသောဆေးကို သောက်လေ၏။

အနည်းငယ် ကျန်းမာလာတော့ မဆောင်းခင်က စိတ်ညစ်ပြီး အဝေးတစ်နေရာသို့ ထွက်သွားရာမှ ရွာသို့ ပြန်လာသည့် သဘောဖြင့် သူ့အဖေရှိရာသို့ ပြန်လာခဲ့၏။

ကျားမောင် ထပ်ပေးသောဆေးကိုထပ်သောက်ရာ အော့အန်ပြီး အားအင်တွေ ယုတ်လျော့လာ၏။ တစ်ပတ်ခန့်အကြာတွင် မဆောင်းခင်မှာ အော့အန်ရင်း သေဆုံးသွားခဲ့လေ၏။ မဆောင်းခင်၏ အသုဘကို ရွာပြင် သုသာန်၌ သင်္ဂြိုဟ်ခဲ့၏။

ကျားမောင်က အတိတ်က ဖြစ်ရပ်များကို ပြန်တွေးပြီး လိပ်ပြာမလုံချင် ဖြစ်နေ၏။

ရဲသန်းထွန်းနှင့် မညိုမြတို့၏ မင်္ဂလာဧည့်ခံပွဲကို ဦးလှထွန်း၏ လေးပင်သုံးခန်း နှစ်ထပ်အိမ်ကြီးရှေ့ ကွက်လပ်တွင် ကြီးမားသော မဏ္ဍပ်ကြီးထိုးကာ ကျင်းပလေ၏။

ကျေးရွာပေါင်း များစွာမှ လာရောက်ချီးမြှင့်ကြသည့် မိတ်ဆွေအပေါင်းအသင်းများဖြင့် စည်ကားနေလေ၏။ မြစ်မခရွာတွင် အစည်ကားဆုံး မင်္ဂလာဆောင်ဟု ပြောစမှတ်ဖြစ်သွားလေ၏။

ညဘက်တွင် ဦးလှထွန်းက ကျိုးမဲရွာမှ ဦးသောင်းအေး၏ မိသားစု ဆွေမျိုးသားချင်းများ၊ မြစ်မခရွာမှ ရပ်မိရပ်ဖများ၊ မြစ်မခရဲစခန်းမှ စခန်းမှူး ဦးတင်မောင်နှင့် ရဲတပ်ဖွဲ့ဝင်များကို ညစာဖြင့် တည်ခင်းဧည့်ခံရန် စီစဉ်ထားလေ၏။

ကျားမောင်၊ မြစိန်နှင့် ရွာသားများမှာ ချက်ပြုတ်ရေးနှင့် ကျွေးမွေးဧည့်ခံရေးကို တာဝန်ယူထားရလေ၏။

ဦးလှထွန်းက ယမကာ မိုဝဲတတ်သူများ စိတ်ရှိလက်ရှိ သုံးဆောင်နိုင်ရန် အိမ်ဘေးတွင် ပီသာငါးဆယ်ဝင်သည့် စဉ့်အိုးထဲတွင်ထည့်ပြီး ဧည့်ခံထားလေ၏။

ကျားမောင်က ညအမှောင်ရောက်သည်နှင့် စိတ်ချောက်ချားနေတတ်သူဖြစ်ရာ ကြောက်စိတ်ဖြင့် အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်နေလေ၏။

"ဟေ့ကောင် ... ကျားမောင်၊ သိပ်သောက်မနေနဲ့ဦး။ ဧည့်သည်တွေကို ကျွေးမွေးဧည့်ခံရဦးမယ်မဟုတ်လား"

ဦးလှထွန်းက သူ့တပည့်ကို သတိပေး၏။

"ဟုတ် .. ဟုတ်ကဲ့ပါ .. ဆရာ"

ညအမှောင်သို့ ရောက်လျှင် ဧည့်သည်များအား ထမင်းကျွေးမွေးလေ၏။ ဧည့်သည်များသည် ညစာစားပြီးသည်နှင့် ရေနွေးကြမ်းနှင့် လက်ဖက်သုပ်စားကာ စကားပြောဆိုနေကြလေ၏။

ညဦးကတည်းက မောင်းထားသော အင်ဂျင်မီး လျှပ်စစ်မီးက ဘာဖြစ်သည်မသိ၊ မောင်းနေရာမှ ထိုး၍ ရပ်သွား၏။

အနည်းအပါး နားလည်သူများက အင်ဂျင်စက်ကို ပြင်ဆင်နေကြချိန်တွင် ဖယောင်းတိုင်မီး၊ ရေနံဆီမီးခွက်များကိုသာ ထွန်းညှိထားလေ၏။

ကျားမောင်က ဧည့်သည်များအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးရန် အရက်ရှိန်ကလေးနှင့် ထိုင်နေမိ၏။

"ကိုကျားမောင်"

ကျားမောင်၏ နားထဲတွင် ခေါ်သံကို ကြားလိုက်မိ၏။ ထို့ကြောင့် အိမ်ရှေ့သို့ လှမ်းကြည့်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com

အရက်ရှိန်တွေတက်နေသဖြင့် သူ့အမြင်အာရုံက ဝေဝါးနေ၏။

ဦးလုထွန်းရှိရာသို့ လှမ်းကြည့်မိတော့ ဦးလုထွန်းက သူ့ထံကြည့်နေသည်မို့ အကြည့်ချင်းဆုံ၏။

"ကိုကျားမောင်"

သူ့နာမည်ခေါ်သံကို ကျားမောင်၏ နားထဲတွင် ကြားမိပြန်၏။ အမှောင်ထဲသို့ လှမ်းကြည့်မိတော့ လူရိပ်တစ်ခုရပ်နေသည်ကို တွေ့မြင်မိ၏။

ထိုမည်းမည်းအရိပ်ကြီးက သူ့ထံသို့လာနေ၏။ သူ့အနီးသို့ ရောက်လာ၏။ သူခံစားခဲ့ဖူးသော အနံ့က သူ့နှာခေါင်းဝထဲသို့ တိုးဝင်လာ၏။

ကျားမောင် ကြက်သီးထသွား၏။ ကြောက်လန့်စိတ်ဖြင့် အိမ်ဘေးသို့လာခဲ့၏။ စဉ့်အိုးထဲမှ အရက်ကို တစ်ခွက်ပြီးတစ်ခွက် မော့သောက်နေမိ၏။ အရက်ရှိန်တွေက အဆမတန် တက်လာ၏။

သူ့အသိက ဝေးသွားလိုက်၊ နီးလာလိုက်။

သူ့အတွေးထဲတွင် မဆောင်းခင်က သူ့လည်ပင်းကို ညှစ်နေ၏။ သူအသက်ရှူကျပ်လာ၏။

"ကျားမောင် ငါ့ကို ဘယ်သူသတ်တာလဲ နင်ပြော"

ဟု မဆောင်းခင်က တိုက်တွန်းနေသလိုကြားနေရ၏။ အသက်ရှူကျပ်နေသည့်ဒဏ်ကို ကျားမောင် မခံနိုင်တော့။ ကြာလျှင် အသက်ရှူမဝ၍ သေသွားနိုင်၏။

"ငါပြောမယ် ငါပြောမယ်"

ကျားမောင်က သူ့လည်ပင်းကို သူ့လက်နှစ်ဖက်ဖြင့် ကိုင်ထားရင်း ဧည့်သည်များ ထိုင်နေသည့် နေရာသို့ ရောက်လာ၏။

"ကျွန်တော်ပြောမယ်"

"ဟော့ကောင် ကျားမောင်။ အရက်တွေမူးပြီး ဘာဖြစ်နေတာလဲ"

ဦးလုထွန်းက ပြော၏။

"မဆောင်းခင်ကို ရဲသန်းထွန်းနဲ့ သဘောမတူလို့ အားဆေးဆိုပြီး ဦးလုထွန်းက ကျွန်တော့်ကို မဆောင်းခင်အတွက်ပေးတဲ့ဆေးဟာ အူပါးလွှာစေတဲ့ ဓာတုဗေဒဆေးတွေဗျ ..."

အဲဒါကြောင့် မဆောင်းခင်သေရတာ။ မဆောင်းခင်ကို ဦးလုထွန်းသတ်ပစ်တာ"

"ဟာ ..."

"ဟင် ..."

"ရက်စက်လိုက်တာ"

ထိုင်နေသည့် ဧည့်သည်အားလုံး အံ့ဩသွားပြီး အကြည့်များက ဦးလုထွန်းထံသို့ ပြိုင်တူရောက်လာကြ၏။

ကျားမောင်၏ စကားအဆုံးတွင် ဦးလုထွန်းမှာ အံ့အားသင့်နေခိုက် ဧည့်သည်များ၏ အကြည့်အားလုံး သူ့ထံသို့ရောက်လာသည်နှင့် ထိုင်နေရာမှ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေ၏။

"ဒုန်း ..."

သားဖြစ်သူ ရဲသန်းထွန်းက ဦးလုထွန်းအား ပွေ့ထူလိုက်၏။ ဦးလုထွန်းမှာ မလှုပ်ရှားတော့။ လုံးဝငြိမ်သက်နေလေ၏။

ထိုစဉ် ကျားမောင်က အိမ်အပြင်ဘက်သို့ လက်ညှိုးထိုးပြကာ

"ဟော ... ကြားလား ကြားလား။ အမှောင်ထဲက ငါ့ကိုခေါ်နေတာ"

"ကိုကျားမောင် ဘာတွေဖြစ်တာလဲ။ ကျွန်တော်သိအောင် ပြောပြပေးပါဦး"

"နေဦး ... ငါနားထောင်လိုက်ဦးမယ်"

"ဟော့ ... ရဲဘော်တွေ၊ ကျားမောင်ဟာ သာမန်စိတ်မဟုတ်တော့ဘူး။ တစ်စုံတစ်ခုကို ကြောက်လန့်ပြီး စိတ်ဖောက်ပြန်သွားပြီ

သူ ထွက်ပြေးမသွားအောင် ချုပ်ကိုင်ပေးထားကြ။ မောင်ရဲသန်းထွန်း မနက်ဖြန်မနက်ကျရင် ခရိုင်ရဲတပ်ဖွဲ့မှူးကိုတင်ပြပြီး မြို့နယ်တရားသူကြီး၊ မြို့နယ်ဆရာဝန်ကြီးတို့ကို ခေါ်ယူမယ်။

ပြီးတော့ မဆောင်းခင်အလောင်းကို ပြန်ဖော်ရမယ်။ အလောင်းကို မှုခင်းတပ်ဖွဲ့ကို ပေးပို့ပြီး စစ်ဆေးခိုင်းရတော့မယ်။

မောင်ရဲသန်းထွန်းတို့ မင်္ဂလာပွဲမှာ မမျှော်လင့်ဘဲ အခုလို ဖြစ်သွားရတာ အန်ကယ်တို့ စိတ်မကောင်းပါဘူး။ မင်းအဖေရဲ့အလောင်းကို ဆေးရုံပို့ရပါ့မယ်။ ကျားမောင်ကို ခေါ်သွားရလိမ့်မယ်"

စခန်းမှူး ဦးတင်မောင်ပြောပြသည့် အတိုင်း ဆောင်ရွက်သွားကြ၏။

ဇာတ်လမ်းအဆုံးတွင် မဆောင်းခင်အား ဓာတုဗေဒဆေးများ ကျွေးစေပြီး သတ်ဖြတ်ခဲ့သော ဦးလုထွန်းမှာ သေဆုံးသွားခဲ့ပြီး သူ့တပည့် ကျားမောင်မှာ စိတ်ကျန်းမာရေး ဆေးရုံသို့ ပို့လိုက်ရလေသတည်း။

**ဝင်းဇော်(သုံးခွယ်)**



www.burmeseclassic.com

www.burmeseclassic.com


မြန်မာနိုင်ငံရှိ တကောင်းအဘိရာဇာမင်းမှသည် သီပေါမင်းအထိ မင်းဆက်များ၊
ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ ဖ•ဆ•ပ•လခေတ်၊ အိမ်စောင့်အစိုးရခေတ်မှသည်
ယနေ့အစိုးရခေတ်အထိတိုင် မြန်မာ့သမိုင်းဖြစ်ရပ်မှန်များကို
ဓာတ်ပုံပေါင်းများစွာဖြင့် မှတ်တမ်းပြုစုထားသည့် စာအုပ်ဖြစ်သည်။

(စာမူခွင့်ပြုချက်အမှတ် - ၃၁၀၂၇၀၀၈၁၂)

# ခေတ်အဆက် သမိုင်းဝင် မြန်မာ့မှတ်တမ်းပုံရိပ်များ

ဦးသန့်(လာဘ်မိုးစွေ) ပြုစုသည်။

မြန်မာ့သမိုင်းဖြစ်စဉ်များကို လေ့လာဖတ်ရှုမှတ်သားလိုသူများအတွက် ရေးသားထားခြင်းဖြစ်သည်။ အုပ်ချုပ်ရေး စနစ်သစ်များ အုပ်ချုပ်သူ လူတန်းစားတို့၏ အမည်များနှင့် ဖြစ်စဉ်အကြောင်းအရာများကိုလည်းကောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာများကိုလည်းကောင်း၊ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များကိုလည်းကောင်း၊ ခေတ်စနစ်တို့အား တစ်ခေတ်ပြီးတစ်ခေတ် ပြုစုထားရှိသည်။

မြန်မာနိုင်ငံ သမိုင်းကို ဓာတ်ပုံများစွာဖြင့် စုစည်းဖော်ပြထားသည့် ဗဟုသုတစာအုပ်ကြီးဖြစ်ပြီး စာကြည့်တိုက်များအတွက်လည်းကောင်း၊ သမိုင်းသုတေသီများအတွက်လည်းကောင်း မဖြစ်မနေ ဝယ်ယူထားသင့်သည့် စာအုပ်လည်း ဖြစ်သည်။

ထွက်ပြီ

(တန်ဖိုး - ၁၀၀၀၀ ကျပ်)

ဖြန့်ချိရေး

လာဘ်မိုးစွေစာပေ

အမှတ်(၂၁၂)၊ ပ-ထပ်၊ ၃၆-လမ်း(အထက်)၊ ၀၉-၄၂၁၀၀၅၉၂၅၊ ၀၉-၄၃၀၇၅၃၁၁၊
၀၉-၅၀၉၂၄၇၇။

မန္တလေးမြို့ - ထွန်းဦး စာပေ၊ နဂါး စာပေ
ကျော်ကျော် စာပေ(မော်လမြိုင်)၊ သဇင် စာပေ(ပဲခူး)၊ စောဦး စာပေ(ရန်ကုန်)။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မွှေတာတ်သော အမွေ

ချောင်းမြသန်း

ယခင်လမှအဆက်

ညီအစ်ကို မောင်နှမ လေးယောက် ရှိကြသည့်အနက် ငယ်စဉ်က ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာရှိသော မိသားစုအသွင်အဖြစ် နေထိုင်ခဲ့ကြသည်။

သူစိမ်းဝင်လာတော့မှ မိသားစုအတွင်း စိတ်ဝမ်းကွဲပြားမှုတွေ ဖြစ်လာရသည်။

တစ်ဦးအပေါ် တစ်ဦး အမြင်မကြည်မလင် ရှိလာသည်။ ဝင်လာသည့် သူစိမ်းကလည်း ခလောက်ဆန်သလား မပြောနှင့်၊ ကမ်းကုန်အောင်ဟု ဆိုရမည်သို့အောင် . . . ခလောက်ဆန်ခဲ့သည်။

သူတို့ မောင်နှမသုံးယောက်မှာ စိတ်ဝမ်းမကွဲကြ။ သို့တိုင်အောင် တစ်ခါတစ်ရံ သူစိမ်းနှင့် ပတ်သက်သော ကိစ္စကြောင့် အမြင်မကြည်မလင်ဖြစ်ကြသည်မျိုးတော့ ရှိသည်။

မိသားစုအတွင်း ဝင်လာသည့် သူစိမ်းက အတ္တမာန လွန်ကဲပြီး စိတ်ရင်းမကောင်းသည့်တိုင် စိတ်ရိုင်း၊ စိတ်ယုတ်မာ မရှိသူသာ ဖြစ်ခဲ့လျှင် သူတို့မိသားစုအတွင်းမှာ ပြဿနာပေါ်စရာမရှိ။

သူသတ်သေးလို့ ကိုယ့်ဘက်ကြည့်ပြန်တော့လည်း ညီအစ်ကို မောင်နှမရင်းစိတ်ဓာတ် ချို့တဲ့လွန်းသူ ကိုမင်းမောင်က မနိပ်ပြန်။

မယားပြောသမျှ ဟုတ်ပခေါင်း ညိတ်ပြီး ဆုံးဖြတ်ချက် တစ်ဖက်သတ်ချသူ ဖြစ်သောကြောင့် အမြဲတမ်း ပြဿနာကြီးထွားမှု လွန်ကဲခဲ့ရသည်။ ခုတော့ . . . နှစ်ရှည်လများထိန်းသိမ်းခဲ့သော ဒေါသအလျှင်ကို တစ်ခဏချင်း အဆုံးစွန် ဖွင့်ထုတ်လိုက်မိသည်ကြောင့် ပတ်ဝန်းကျင်တွင် မိသားစုဂုဏ်သိက္ခာ ယိုယွင်းခဲ့ရရုံမက လူကြားလို့မှမတော်၊ မဖြစ်သင့်မဖြစ်အပ်ရာ ဖြစ်ခဲ့ရသည်။

လူသတ်မှုတရားခံ။ အကြောင်းဇာတ်မြစ်ရှိသည်က တစ်ပိုင်း၊ အကျိုးထင်အောင် ပြုမိသည်က တစ်ပိုင်း။ မှုခင်းတစ်ရပ်ဖြစ်ပွား၍ တရားရုံးရောက်သည့်အခါ 'ထို့ကြောင့်'၊ 'ထိုသို့' ဆိုသည်ကို အလွယ်တကူ ပြော၍မရ။

ခိုင်လုံသော အထောက်အထား၊ တိကျသော ဖြစ်ရပ်ဖြစ်ကြောင်းကို ပိုင်ပိုင်နိုင်နိုင် ဥပဒေဘောင်ဝင်အောင် ခုခံချေပနိုင်ရမည်။

မိသားစုအတွင်း ဖြစ်ခဲ့သည့် ဖြစ်ကြောင်းဖြစ်ရပ်များကို တရားရုံးက မသိ။ အမွေကိစ္စ၊ အရှုပ်အရှင်းကိစ္စ ပြဿနာကို တရားဥပဒေဘောင်အတွင်းကဖြေရှင်းရန် ပြဋ္ဌာန်းထားသည့် ဥပဒေရှိ၏။

ရာဇဝတ်မှု၊ တရားမမှု။

အမွေကိစ္စမှာ တရားမမှုနှင့်ဆိုင်သည်။ လူသတ်မှုမှာ ရာဇဝတ်မှုနှင့် ဆိုင်သည်။ ရာဇဝတ်မှုသည် ရာဇဝတ်မှုသာ ဖြစ်၏။

ခု ရင်ဆိုင်ရမည်မှာ ရာဇဝတ်မှု။

အချုပ်လွတ် ထုချေခွင့် အာမခံမရနိုင်သော အမှု။

အမှုဆိုင်နေစဉ် ကာလအတွင်း အချုပ်ဆောင်မှာပင် နေရတော့မည်သာ . . .။

✣ ✣ ✣ ✣ ✣

[၄]

ကိုးနာရီ နှစ်မောင်း။

အထဲမှာ မိနစ်အပိုင်းအခြားကို 'မောင်း'အခေါ်အဝေါ်ဖြင့် အသုံးအနှုန်းပြုသည်။

၉ နာရီ ၁၅ မိနစ် 'တစ်မောင်း'၊ ၉ နာရီ ၃၀ မိနစ် 'နှစ်မောင်း'၊ ၉



www.burmeseclassic.com

www.burmeseclassic.com

နာရီ ၄၅ မိနစ် 'သုံးမောင်း'။

အပြင်တွင် နာရီပိုင်းကို အချက်ပေးသံချောင်းခေါက်သည့်အခါ ၉ နာရီကို 'ကိုးချက်'၊ ၁၀ နာရီကို 'ဆယ်ချက်'။

အထဲမှာ ကိုးနာရီဆိုလျှင် လေးမောင်း၊ လေးချက် အရင်ခေါက်ပြီးမှ ကိုးချက် ထပ်ခေါက်ရသည်။

လေးချက် အရင်ခေါက်သည်မှာ လေးမောင်း။ တစ်နာရီပြည့်သွားပြီဆိုသည့် သင်္ကေတ။

၉ နာရီမောင်း (ဝါ) ၉ နာရီခွဲတွင် တန်းစီးနှင့်အတူ မနေ့က သူနှင့်အတူ အချုပ်ဆောင်သို့ ရောက်ခဲ့သူများ မိန်းဂျေး(လ်)သို့ လူသစ်ပြသွားရသည်။

မိန်းဂျေးက အလယ်ကောင်မှာ ရှိသည်။ မိန်းဂျေးကို မြန်မာအခေါ်ဝေါ်ဖြင့် မခေါ်။ အင်္ဂလိပ် အခေါ်အဝေါ်ဖြင့်ပင် လွတ်လပ်ရေးခေတ်နောက်ပိုင်းအထိ ဆက်လက်ခေါ်ဝေါ် သုံးစွဲခဲ့သည်။

မိန်းဂျေးသို့ မသွားမီ တန်းစီးဖြစ်သူက ထောင်မှူးလေးနှင့် ဆက်ဆံသည့်အခါ မည်သို့မည်ပုံ ကိုယ်နေဟန်ထားဖြင့် ဆက်ဆံရမည်ကို ပြောဆိုသင်ပြပေးသည်။ ကိုယ်တိုင်သရုပ်ပြပေးသည်။ အမှားအယွင်းမရှိအောင် သတိထားဖို့လည်း သတိပေးမှာကြားသည်။

မိန်းဂျေးထဲရှိ စားပွဲတစ်လုံးနှင့် ကာကီယူနီဖောင်းဝတ်လျက် ထိုင်နေသူ ထောင်မှူးလေး၏ မျက်နှာထားမှာ တင်းမာလွန်းသည်။ ဟန်ပန်များ ထင်းထင်းဖျပျပေါ်လွင်နေသည်။

သူ႔ျို့အားလုံးမှာ ထောင်မှူးလေး စားပွဲရှေ့၌ နှစ်ယောက်တစ်တွဲ ဆောင့်ကြောင့်လေး ထိုင်နေရသည်။ ခေါင်းကို မော့မထားရ။

ထောင်မှူးလေးက နာမည်ခေါ်သည့်အခါ မောင်၊ ကို၊ ဦး စသည်ဖြင့် အသက်အရွယ်အလိုက် ခေါ်စမြဲ။ အသုံးအနှုန်းမျိုးဖြင့် မခေါ်။

သူ့နာမည် ဆိုပါတော့။

ထောင်မှူး အသက်အရွယ်နှင့် သူ့အသက်အရွယ်အရ ကိုသက်အောင်ဟု ခေါ်ရမည်၊ ကိုမပါ သက်အောင်ဟုပင် ခေါ်သည်။

အပြင်မှာဆို အလွန်ရင်းနှီးကြသည့် ငယ်ပေါင်းချင်းသာ ခေါ်လေ့ခေါ်ထ ရှိကြသည်၊ ကြီးမှသိသည့် အဖော်များ၊ အခြားသော ကိစ္စများဖြင့် ဆက်ဆံရသူများကမူကို ဦးတပ်၍သာ ခေါ်ကြစမြဲ ရှိသည်။

မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံအရလည်း တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် သက်ရွယ်လိုက်၍ ခေါ်ဝေါ်ဆက်ဆံကြသည်။ အထဲမှာတော့ ထိုသို့မဟုတ်။ ကိုသက်အောင်ဟု ခေါ်သင့်ပါလျက် သက်အောင်ဟု ခေါ်သည်။

မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်မှာ အတွင်းဘက်မှာမရှိ။ သူ့အလှည့်။

သက်အောင်။

ဆောင့်ကြောင့် ထိုင်နေရာမှ မတ်တတ်ရပ်လိုက်ရသည်၊ ရိုးရိုးအနေအထားဖြင့် ရပ်၍မရ။ ရိုသေသမှုကိုပြသသောပုံစံဖြင့် ရပ်ရသည်။ ကိုယ်ကို မတ်မတ်ထား၍ လက်ဝါးနှစ်ဖက်ကိုအုပ်ပြီး ရှေ့မှာထား၍ ခေါင်းငုံ့ထားရသည်။

အဘအမည်၊ အသက်၊ ဘာသာ စသည့်မေးခွန်းများကို ခေါင်းငုံ့ထားလျက်က ဖြေရသည်။ ထင်ရှားသော အမှတ်အသားဆိုသည်နှင့် အညီ မပျောက်ပျက်နိုင်သော ထင်ထင်ရှားရှား အမှတ်အသားကို ပြရသည်။ မထင်ရှားသော အမှတ်အသားမျိုးကို ပြမိလျှင် အအော်အငေါက် အကြိမ်းမောင်းခံရသည်။ အဆဲအဆို မပါသည်ပင် တော်သေး၏၊ မှတ်ယူပါလေ။

လူ့သိက္ခာဆိုသည်မှာ ဘာလဲဟု ဆိုရမည်သို့။

မိန်းဂျေးမှာ လူသစ်ပြပြီးသည့်နောက် ဆေးရုံသို့ သွားရပြန်သည်၊ ရောဂါဝေဒနာအကြောင်း ဟုတ်တိပတ်တိ နားမလည်စေကာမူ သူတို့ကို ဆရာကြီးလို့ခေါ်မှ ကြိုက်သည်၊

ဝမ်းရောဂါ ကာကွယ်ဆေးတိုလည်း သူတို့ကပင် ထိုးပေးကြသည်၊ အပ်က တုံးတုံး။ အပ်ကို တင်ပါး အသားထဲ ဆတ်ခနဲ ရိုက်သွင်းပြီးမှ ဆေးထိုးပိုက်ကို တပ်၍ ဆေးထိုးပေးသည်။ ပါးစပ်က အားခနဲ အသံမထွက်သူ၊ တွန့်လိမ်သွားသူဟူ၍ မရှိ။

တာဝန်မကျေလျှင် ကိုယ့်ထောင်ပါးမှာ အနာတရ ဖြစ်မည်၊ ဆေးခြင်းပြီးလျှင် အဆောင်သို့ပြန်။

www.burmeseclassic.com

သူတို့အတွက် ထမင်းကို တန်းစီးလက်ထောက် ဆွဲပေးထားသည် ထိုနေ့အတွက် ရေချိုးချိန် လွတ်သွားသောကြောင့် ရေမချိုးရ။

ချုပ်သစ်များမှာ ရေချိုး၊ ထမင်းစားဖို့ထက် ဆေးထိုးလိုက်သည့် နေရာကို ပွတ်ခြေဖို့က အရေးကြီးသည်။ ကိုသက်အောင်လည်း စိတ်ဓာတ်ကျသည်။ အလွန်အမင်းတော့ မဟုတ်။

ကိုယ့်မိသားစု ပြဿနာအတွက် ကိုယ့်ဟာကိုယ် လုပ်ခဲ့သောကြောင့်သည်လို ဆိုးသောအနေအထား၊ အဆင့်နိမ့်ကျသည့်ဘဝသို့ ရောက်ရသည်ဟု ကိုယ့်ကိုယ်ကိုပြန်၍ အားတင်းနေရသည်။

မတင်းလို့လည်း မဖြစ်။ ဗုဏ္ဍွန်တွင်းသို့ သက်ဆင်းခဲ့ရသည်မှာ ခုမှ အစပဲရှိသေးသည်။ ရှေ့မှာ ဒီထက်ခက်ခဲသည့် လမ်းကြောင်း၊ ထို့ထက် နက်နဲသည့် ပြဿနာပေါင်းစုံကို ရင်ဆိုင်ရဦးမည် မဟုတ်ပါလား။

အချုပ်သားများမှာ နေ့လယ်ဘက်တွင် အလုပ်မလုပ်ရဘဲ နားနေခွင့်ရှိသောကြောင့် ကိုယ်ရရှိထားသော နေရာတွင် ထိုင်သူထိုင်၊ လှဲသူလှဲနှင့် တစ်ခန်းလုံးပင် တိတ်ဆိတ်ငြိမ်သက်နေသည်။

ကိုသက်အောင်သည် ရရှိထားသော နေရာလေးတွင် လွယ်အိတ်ကို ခေါင်းခု၍ လှဲနေသည်။ အိပ်လို့မပျော်စေကာမူ မျက်လုံးကို ပိတ်ထားသည်။

တန်းစီးဖြစ်သူက နားလည်မှုဖြင့် ထုတ်ပေးထားသည့် ဒလီကို ညဘက်တွင်ခင်းအိပ်ရန် ပြောထားသောကြောင့် ကြမ်းပြင်ပေါ်မှာပင် ကျောချလှဲနေရသည်။

သူရရှိထားသည့်နေရာမှာ တန်းစီးနှင့် အိပ်ဖန်စောင့်သားသာ နေထိုင်သည့် သီးသန့်နေရာ ဖြစ်သောကြောင့် သန့်သန့်ပြန့်ပြန့်ရှိသည်။ ထိုနေရာသို့ အခြားသော အချုပ်သားများ ကျူးကျော်ခြေချခွင့် မရှိ။

သူလှဲနေစဉ် အိပ်မပျော်သဖြင့် တန်းစီးတစ်ယောက် စကားပြောနေကြသည်များကို ကြားနေရသည်။

ထိုစဉ် တန်းစီးထံသို့ ဘာယာတစ်ယောက် ရောက်လာပြီး သူ့နာမည်ကိုပြောသည့်အသံ ကြားလိုက်ရသည်။ ထောင်မှူးလေးက ဆိုသည့် စကားလည်း ပါသည်။

"ကဲ . . . ကိုသက်အောင်ထ၊ ထောင်မှူးလေးက ခင်ဗျားကို ခေါ်ခိုင်းလိုက်တယ်။ ဒီမှာလာခေါ်တဲ့ ဘာယာနောက် လိုက်သွား"

တန်းစီးက ထိုသို့ပြောလာသဖြင့် လှဲနေရာမှ ထလိုက်ရသည်။ လာခေါ်သူနှင့်အတူ သူတို့ အဆောင်ဝင်းပေါက်မှထွက်ပြီး မိန်းဂျေးဘက်သို့ လျှောက်ခဲ့ရသည်။

မိန်းဂျေးကို လွန်ပြီးနောက် အဆောင်တစ်ဆောင်၏ အဝင်ပေါက်သို့ ရောက်သွားသည်။

အဆောင်ဝင်ပေါက် တံခါးကို စောင့်နေသည့် ဝါဒါအား သူ့ကိုခေါ်လာသူက ထောင်မှူးလေး ခေါ်ခိုင်းသူဖြစ်ကြောင်း ပြောပြလိုက်ရာ ဝင်းတံခါးကို ဖွင့်ပေးသည်။

အဆောင်သို့ ဝင်ဝင်ချင်း လာခေါ်သူ ဝင်သွားသည်။ အဆောင်အဝင်ရှိ ထိပ်ဆုံးအခန်းသို့ ဝင်လိုက်သွားရသည်။

ထောင်မှူးလေး ကိုတင်မောင်စိုး (ဝါ) ဦးတင်မောင်စိုး။ စာအုပ်တစ်အုပ်နှင့် ရေးမှတ်နေသည်။ ကိုတင်မောင်စိုးက မော့်ကြည့်ပြီး သူ၏စားပွဲရှေ့ရှိ ခွေးခြေပေါ်တွင် ထိုင်ရန် ညွှန်ပြသည်။

အချုပ်ဆောင်တွင် နေရေးထိုင်ရေး အဆင်ပြေမပြေ မေးသည်။ သူက အဆင်ပြေကြောင်းနှင့် ကျေးဇူးတင်ကြောင်းစကား ပြောလိုက်ရသည်။

"ဟိုနေ့က အချိန်မရလို့ မမေးလိုက်ရဘူး။ ကိုသက်အောင် မှုဖြစ်ကြောင်းကို အကျဉ်းရုံးပြီး ပြောပြပါဦး။ စပ်စုတာ မဟုတ်ပါဘူးနော်။ ကျွန်တော်ပေးနိုင်မယ့် အကူအညီရှိရင် ကူညီရအောင် မေးတာပါ"

သူက မှုခင်းဖြစ်ကြောင်းကို အကျဉ်းရုံး ပြောပြရသည်။ အကျဉ်းရုံးတာတောင်မှ မိနစ်နှစ်ဆယ်ခန့် ကြာသွားသည်။

ကိုတင်မောင်စိုးက ခေါင်းညိတ်လိုက်၊ ခေါင်းယမ်းလိုက်ဖြင့် နားထောင်နေသည်။

ပြောသည့်အထဲက နားမရှင်းသည်များကိုတော့ စကားဝင်ထောက်



www.burmeseclassic.com

www.burmeseclassic.com

၍ မေးသည်။

ပြောပြပြီးသည့်အခါ ဘာယာကို ခေါ်၍ ကော်ဖီနှစ်ခွက် ဖျော်ခဲ့ရန် ခိုင်းလိုက်သည်။

"ဦးထွန်းညို အခန်းက ကော်ဖီနှစ်ခွက်ဖျော်ပြီး ယူလာခဲ့"

တစ်ဆက်တည်း သူ့ကိုပါ ရှင်းပြော ပြောလိုက်သည်။

"ဒီအဆောင်က ဦးထွန်းညို အဆောင်လေ။ ဦးထွန်းညိုက အေဂျီက ကိုးသိန်းကိုးသောင်း အမှုနဲ့ ထောင်ကျနေတာ။ သူက ငွေရေးကြေးရေး ပြေလည်တော့ ပေးတဲ့ ရိက္ခာအပြင် အိမ်ကပို့တဲ့ စားစရာတွေ သူ့အခန်းမှာ လိုလေသေးမရှိအောင် ထားတယ်။ ကျွန်တော်နဲ့ သူကတော့ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုသလိုပေါ့။ သူ့ကိစ္စအတွက် အကူအညီပေးရင်း ရင်းနှီးနေကြတာ။ သူကလည်း ကျွန်တော့်အတွက်ဆို အချိန်မရွေးဘဲ"

ထိုသို့ပြောနေစဉ် မတ်ခွက်နှင့် ကော်ဖီနှစ်ခွက် ရောက်လာသည်။

"ကဲ ... ကော်ဖီသောက်လိုက်ဦး။ ကိုသက်အောင်တို့ ကျောင်းလက်ရွေးစင်အသင်းမှာ ကန်နေတုန်းက ကျွန်တော်က ခုနစ်တန်း။ ကျွန်တော်တို့က အားပေးတဲ့ပရိသတ်ပေါ့။ ဒါကြောင့် ရှေ့တန်းမှာကစားတဲ့ ကိုသက်အောင်ကို ကောင်းကောင်းမှတ်မိနေတယ်လေ။ ခုလို အဖြစ်မျိုးနဲ့ ဆုံတွေ့ရလိမ့်မယ်လို့ မျှော်လင့်မထားတော့ တွေ့စက ဟုတ်မှဟုတ်ပါ့မလားလို့၊ ရှေ့နေတွေ ဘာတွေကော ရှာပြီးပြီလား"

"ဟုတ်ကဲ့ အိမ်ကလူတွေပဲ လုပ်ကြရမှာဆိုတော့ ကျွန်တော်လည်း ဘာမှ မသိသေးပါဘူး"

"ခင်ဗျားက ဖြစ်ရပ်ကြောင်းကို အမှန်အတိုင်းထွက်ဆိုပြီး ဖြောင့်ချက်လည်း ပေးထားတာဆိုတော့ အခြေအနေကောင်းဖို့အလားအလာ ရှိပါလိမ့်မယ်။ လိုအပ်တဲ့ အကူအညီရှိရင် အားမနာတမ်းပြောပါ။ ကျွန်တော် တတ်နိုင်တာဆိုရင် အစွမ်းကုန် ကူညီပါ့မယ်။ ပြောစရာရှိရင် တန်းစီးကိုသာ ပြောလိုက်ပါ"

"အေးဗျာ ...။ အများကြီး ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အတွက်လည်း တစ်အားပါပဲ"

ကိုတင်မောင်စိုးက ရှေ့နေငှားပြီးရင် အထူးတန်းလျှောက်ဖို့ကိစ္စ ဦးစားပေးလုပ်ဖို့နှင့် ကိုသက်အောင်၏ ပညာအရည်အချင်း၊ အလုပ်အကိုင်နှင့် လူနေမှုအဆင့်အရ ရနိုင်ကြောင်း အကြံပေး ပြောဆိုသည်။

လှေကြီးထိုး ရိုးရိုးလမ်းကြောင်းအပြင် တစ်ဖက်က အဝင်အထွက် နည်းလမ်းဖြင့် လုပ်ရမည့်လမ်းကြောင်း ဘယ်လိုရှိသည်ကိုလည်း အကြံပေးလမ်းညွှန် ပြောပြသည်။

"ဟုတ်ကဲ့ ကျွန်တော့်အိမ်သားတွေလာရင် ပြောပြပါ့မယ်။ ကျွန်တော်တို့မိသားစုဘက်က ရပ်တည်ပေးနေတဲ့ ဦးလေးတစ်ယောက်တော့ရှိပါတယ်။ အိမ်က မိသားစုတွေ ဘာတွေ ဘယ်လို လာရမယ်ဆိုတာတော့ မိန်းမသားတွေမို့ အခက်အခဲရှိပါလိမ့်မယ်။ ဖြစ်သမျှအကြောင်းပေါ့"

"ဒါဆို ဒီလိုလုပ်မယ်လေ"

ကိုတင်မောင်စိုးက ကိုသက်အောင်တို့အိမ်ကို သွားပေးမည့်အကြောင်း၊ အဆင်သင့်လျှင် သူ၏ ဦးလေးဖြစ်သူနှင့်ပါ တွေ့၍ အကျိုးအကြောင်းပြောပြပေးမည့်အကြောင်း၊ သူတတ်နိုင်သည့် အကူအညီပေး

လူချမ်းသာ မိသားစုဝင်တစ်ယောက်။ ပြန်လည်ဆုံစည်းရတော့ လူသတ်မှု တရားခံအဖြစ်။ သာမန် လူလတ်တန်းစား မိသားစုဝင် ကိုတင်မောင်စိုးက ခုတော့ ဇေတစ်လုံး ပိုင်သည့် စီနီယာထောင်မှူးလေး။ သူက အချုပ်တရားခံ။



www.burmeseclassic.com

www.burmeseclassic.com

မည့်အကြောင်း ပြောပြသည်။

ဘယ်လိုကျေးဇူးတင်စကား ပြန်ပြောရမည်ကိုပင် မသိအောင် ဖြစ်သွားရသည်။ ထိန်းထားသည့်ကြားက မျက်ရည်များ ဝိုင်းလည်လာသည်။

"ကျေးဇူးတင်တဲ့ အကြောင်း ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။ ကျွန်တော့်အတွက် ကိုတင်မောင်စိုးမှာ တာဝန်များလေးနေမလားလို့"

"ရပါတယ် ကိုသက်အောင်။ ကျွန်တော်က လူလွတ်ဆိုတော့ အိမ်ထောင်စုတာဝန်တွေ ဘာတွေ ဘာမှ မရှိပါဘူး။ ဂျူတီပြီးလို့ အပြင်ရောက်ရင် အားနေတာပါ"

သူက အိမ်လိပ်စာပြောသည်ကို ကိုတင်မောင်စိုးက ရေးမှတ်ထားလိုက်သည်။

"ကျွန်တော် ဘူးကြီးသွားရဦးမှာမို့ နောက်မှတွေ့ကြသေးတာပေါ့"

ကိုတင်မောင်စိုးက ထိုသို့ပြောပြီး အံဆွဲဖွင့်၍ အထုပ်တစ်ထုပ် ကမ်းပေးသည်။

"အဆာပြေစားဖို့ ဘီစကစ်ပါ"

သူက ရုတ်တရက် ပြန်လည်လက်ကမ်းရခက်နေသည်။ ကိုတင်မောင်စိုးက အခြေအနေကို သဘောပေါက်သွားဟန်ဖြင့် ဘီစကစ်ထုပ်ကို ရှေ့သို့ ချထားပေးလိုက်သည်။

ဘာယာကိုခေါ်ပြီး လိုက်ပို့ရန်ပြော၍ အထုပ်ကိုပါ ယူသွားခိုင်းသည်။

အချုပ်ဆောင်သို့ အပြန်တွင် နှင့်နှင့်သီးသီး ခံစားရသည့် စိတ်ဝေဒနာ တွဲကပ်ပါလာသည်။

မိတ်ဆွေ အပေါင်းအသင်းလည်း မဟုတ်။ ကျောင်းနေဖက်သူငယ်ချင်းလည်း မဟုတ်ပါဘဲလျက် တစ်ကျောင်းတည်း အတူနေဖူးရုံမျှဖြင့် ထောက်ထားကြင်နာ စာနာစိတ်ထားနိုင်ပုံမှာ ထူးထူးထင်ထင်ရှိပါဘိ။

တစ်အူထုံ့ဆင်း အစ်ကိုရင်းဖြစ်သူကမူ . . .

တကယ်တော့ ကိုတင်မောင်စိုးက အနေသာကြီး။ သို့ပါလျက် သူက မတောင်းခဲ့သော အကူအညီများကို စိတ်ရောကိုယ်ပါ ပေးနေသည်။

ပေးသည့်သူက လိုလိုလားလားပေးသည့်တိုင် ယူရမည့်သူက မျက်နှာပူစရာ ဖြစ်နေသည်။ မေတ္တာတရားဆိုသည်မှာ အစိမ်းအကျက်မရှိ။

မေတ္တာတရားကို မျက်နှာလွှဲသူရှိသလို၊ မျက်ကွယ်ပြုသူရှိသလို၊ မျက်နှာမလွှဲသူ၊ မျက်ကွယ်မပြုသူလည်း ရှိသည်။

ခု ကိုတင်မောင်ဦး ကူညီနေသည်မှာ စေတနာသန့်စင်သည်။ မေတ္တာကိုအရင်းခံ၍ ဆက်ဆံနေခြင်း ဖြစ်သည်။

သူက အထဲရောက်နေသူ လူသတ်မှု တရားခံ။ သူ့ဆီက တုံ့ပြန်ချက်၊ တစ်စုံတစ်ရာသော အခွင့်အရေး၊ အခွင့်အလမ်းကို မျှော်ကိုးပြီး ပေးနေခြင်း မဟုတ်ပေ။

လူသားစိတ် လူတိုင်းတွင်သာ ရှိလျှင် တရားရုံးတို့ အလုပ်ရှုပ်စရာ မရှိသလို၊ အထဲမှာလည်း အကျဉ်းသားဦးရေ လျော့နည်းသွားလိမ့်မည်သာ။

လောကကြီးလူသားများ လူသားစိတ် ပီပီပြင်ပြင် ထားရှိနိုင်ကြမည်ဆိုပါမူ လောက၏ သဘာဝအလှမှာ အကျည်းတန်မှု မရောစွက်ဘဲ သန့်စင်ကြည်လင်သော သဘာဝတရားများ လွှမ်းခြုံနေလိမ့်မည်ပါ။

အထဲသို့ ရောက်နေကြသည့် ဒုစရိုက်သမားများ ပြောလေ့ရှိသည့် ဆိုရိုး စကားရှိသည်၊ သူတို့လည်း ဒုစရိုက်မှုနှင့် မဆက်နွယ်သော အသက်မွေးဝမ်းကျောင်းမှု ပြုချင်ပါသည်။ လုပ်ကိုင်စားသောက်ဖို့ အဆင်မပြေလို့ ဒီလောကထဲရောက်ရတာပါ။

တကယ်တော့ ဒီဆိုရိုးစကားမှာ ဆင်ခြေပါ။ အထဲရောက်သူ ဦးရေမှာ အပြင်မှာရှိသည့် ဦးရေ၏ ဆယ်ယောက်တွင် တစ်ယောက်သော်မှ မရှိပါ။

အုတ်ရိုးအပြင်မှာ ရှိနေကြသည့် လောကသားတွေကော ဘယ်လို လုပ်ကိုင်စားသောက် နေထိုင်ကြလဲ။ အဲဒီလိုနေထိုင်နိုင်အောင် မကြိုးစား၊ မဆင်ခြင်ဘဲ အတွင်းလူအဖြစ်သို့ရောက်ရသည်မှာ ဗီဇစရိုက်ဆိုးကြောင့်ပင် ဖြစ်၏။

တစ်နည်းအားဖြင့် သူတို့မှာ လောကသဘာဝအလှကို အကျည်းတန်ရာ သူများသာဖြစ်လေသည်။ ပြုပြင်ပြောင်းလဲရေး စီမံချက်တွင် လွတ်သူများအား သင့်တော်သည့်



www.burmeseclassic.com

www.burmeseclassic.com

အလုပ်အကိုင် ရှာဖွေပေး၍ သူတို့၏ဘဝ ပြောင်းလဲရေးကိုပါ လုပ်ပေးမည့် အစီအစဉ် ပါရှိသည်။

မအောင်မြင်ပါ။

သူတို့အများစုက ပညာမတတ်။ အကျဉ်ဦးစီးဌာနက ရှာဖွေပေးနိုင်သည့်အလုပ်က လက်ကြောတင်းအောင်၊ ချွေးထွက်အောင် လုပ်ရသည့် အလုပ်။

သူတို့က ဆူလွယ်နပ်လွယ်၊ လက်ကြောမတင်း၊ ချွေးမထွက်သော လုပ်ငန်းဟောင်းဆီသို့ပင် ပြန်လည်ဦးလှည့်ကြသည်။

နှိုက်၊ ခွဲ၊ ဆွဲ၊ ဖြတ်၊ ခါးပိုက်နှိုက် (ခေါ်) ခါးများမှာ ကြော့ကြော့ထင်ထင်လေးဝတ်ပြီး လက်ကလေးအသုံးပြုရုံနှင့် ရာလည်းဟုတ်၊ ထောင်လည်းဟုတ်၊ သောင်းလည်းဟုတ် ရကြသည်။

နှိုက်၊ ခွဲ၊ ဆွဲ၊ ဖြတ် အလုပ်မှာ ကျွမ်းကျင်မှု ရှိနေသော ခါးများအတွက် အခက်အခဲမရှိ။ သူတို့အတွက် အလွယ်တကူသာပင်။

ညသမား သူခိုးကလည်း ညဥ့်အမှောင်ရိပ်ခိုပြီး သူတို့အလုပ်ကို ကျွမ်းကျွမ်းကျင်ကျင်လုပ်နိုင်ကြသည်။

အဆင်မသင့်၍ မိသွားသည့်အခါ ရဲစခန်းမရောက်ခင် တစ်ယောက် တစ်ချက်-နှစ်ချက် ဖိုင်းဘေသည်ကို ခံရသည်။

ထိုသို့ ခံရသည့်တိုင် ကျိုးကန်းပြီး အသက်အန္တရာယ်ထိခိုက်လောက်သည်မျိုးအထိ မခံရ။ လက်လွန် ခြေလွန်ဖြစ်မည်ကို ဝင်ရောက်တားမြစ်သူ ပေါ်လာစမြဲ။

ရဲစခန်းရောက်၊ ထိုမှ တရားရုံးရောက်ပြီး ပြစ်ဒဏ်ချမှတ်ခံရပြန်တော့လည်း အများဆုံးပြစ်ဒဏ်မှာ တစ်နှစ်၊ တစ်နှစ်ခွဲမျှသာ။ ဒီလောက်တော့ သူတို့က မမှု။

အထဲရောက်ပြန်တော့ လုပ်ဖော်ကိုင်ဖက် ပေါင်းဟောင်းသင်းဟောင်းများကြောင့် နေရေးစားရေး အဆင်ပြေသည်။

ဖောက်ထွင်းသမား။ ခါး၊ ခိုးသမားများတွေထက် စွန့်စားရသည်။ ရပြီဆိုလျှင်လည်း အချိုကြီး အလီကြီးရသည်။

အမြင်နှင့်အထင်လွဲပြီး ခါလီပြန်ထွက်ရသည့် အခါမျိုးလည်း ရှိသည်။ သည်သို့မျိုးကတော့ တစ်ခါတစ်ရံသာ။

သူတို့က တံခါးအထပ်ထပ်၊ သော့ခလောက် အထပ်ထပ်ကို မမှုကြ။ လူတစ်ကိုယ်ဝင်ပေါက်ရှိလျှင် အထဲရောက်သည်။ ပြစ်ဒဏ်ခံရပြီဆိုရင်တော့ နှစ်ကြီးသည်။

လူသတ်သမား။ လူသတ်သမားမှာ ချောင်းသည်။ လစ်ရင်လစ်သလိုလုပ်သည်။ မျက်နှာစိမ်းသမားနောက်ကကပ်ပြီးလိုက်ရင် သတိထား။ အသွားအလာနည်းသော လမ်းကြောကို သတိထား။ သူတို့ရှိတတ်သည်။

မှောင်ရိပ်ပျိုးစအချိန်နှင့် အမှောင်လွှမ်းသောအချိန် လူရိပ်ကို သတိထား။ သူတို့ လှုပ်ရှားတတ်သည်။

ခါး၊ ခိုးဖောက်၊ လု၊ တစ်အုပ်စုနှင့် လှုပ်ရှားသည်ထက် တစ်ဦးချင်း လှုပ်ရှားလေ့ရှိကြသည်။ အမှုပေါ်ပြီဆိုရင် အနည်းဆုံး ပြစ်ဒဏ်မှာ ငါးနှစ်၊ ခုနစ်နှစ်။

လူကို ဒဏ်ရာအနာတရ ဖြစ်စေခြင်း၊ သေစေခြင်းမျိုး ပါဝင်လာလျှင် ဆယ်နှစ်မှ တစ်သက်တစ်ကျွန်း။

နှစ်ခါပြန် သုံးခါပြန် ရောက်သူတွေကတော့ နှိုက်၊ ခိုး သမားများဖြစ်၏။ ဖောက်၊ လုတွေထဲမှာလည်း နှစ်ခါပြန် သုံးခါပြန် သမားတွေ ရှိကြသည်။

အမှုမမှန်ဘဲ မတရား အစွပ်စွဲခံရပြီးရောက်လာသူဟူ၍ တစ်ရာတွင် တစ်ယောက်သော်မှ မရှိ။

လူဆိုးဆိုသည့်အတိုင်း ဆိုးသွမ်းကြသူများ ဖြစ်သည်။ စရိုက်အကျင့်ပျက်ယွင်းသူများ ဖြစ်သည်။

စည်းကမ်း ကာလနားအတွက် အသက်မရှိသူများ ဖြစ်သည်။

အဲဒီလို လူမျိုးတွေနှင့် အလိုက်ဖက်ဆုံးမှာ ပုံစံစနစ်ပင် ဖြစ်သည်။ ပုံစံစနစ်ဖြင့် အကိုင်အတွယ် ကြမ်းကာမှ တော်ကာကျသည်။

ကျောင်းတုန်းက ကိုသ... အောင်မှာ စိန်ပေါကျောင်း ဘော... အသင်း၏ ရှေ့တန်းတိုက်စစ်... အကျော်။ သူတို့ကျောင်း၏ ... သားများအတွင်း ဖရက်ဒီသ... အောင်အမည်မှာ ထင်ပေါ်... များခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က စိန်ပေါ်ကျောင်းမှာ ဘရာသာကြီးများ အုပ်ချုပ်သည့် ခေတ် ဖြစ်သောကြောင့် မြန်မာ အမည်အပြင် အင်္ဂလိပ်အမည်ကိုပါ တွဲဖက်၍ အခေါ်အဝေါ်ပြုရသည်။

ကျောင်းတွင် အင်္ဂလိပ်လိုပြော ရမည်ဟူသော သတ်မှတ်ချက် စည်းကမ်းလည်းရှိသည်။

ဖရက်ဒီသက်အောင်မှာ ဘောလုံးကန် ကောင်းသောကြောင့်သာ ကျောင်းမှာ လူသိများသည် မဟုတ်။ ကိုယ်ပိုင်ကားနှင့် ကျောင်းတက်၊ ကျောင်းဆင်း ကျောင်းသားထဲမှာ ပါသောကြောင့်လည်း လူသိများသည်ဟု ဆိုရမည်ပါ။

ဒါကြောင့်လည်း ကိုတင်မောင်စိုးက ကိုသက်အောင်ကို မြင်လွယ် ထင်လွယ် မှတ်မိလိုက်ခြင်းဖြစ်သည်။

လူချမ်းသာ မိသားစုဝင်တစ်ယောက်။ ပြန်လည်ဆုံစည်းရတော့ လူသတ်မှု တရားခံအဖြစ်။ သာမန် လူလတ်တန်းစားမိသားစုဝင် ကိုတင်မောင်စိုးက ခုတော့ စေတစ်လုံးပိုင်သည့် စီနီယာထောင်မှူးလေး။ သူက အချုပ်တရားခံ။

လူ့ဘဝ အပြောင်းအလဲဆိုသည်မှာ မသိမသာ အပြောင်းအလဲ ရှိတတ်သလို၊ မထင်မှတ်ရာသို့တောင် သိသိသာသာ အပြောင်းအလဲမျိုး လည်းရှိတတ်သည်။ သူတို့နှစ်ယောက် အတွက် တရားသဘောမဖက်ဘဲ သံဝေဂယူစရာပင်။

လူ့ဘဝတွင် မထင်မှတ်ရာသော အပြောင်းအလဲမျိုး ဖြစ်လာသည် ရှိသောအခါ ကံကြမ္မာကို ရိုးမယ်ဖွဲ့လေ့ ရှိကြသည်။

လုံးဝ မမျှော်လင့်ရာသည်များ ဖြစ်လာသောအခါ 'ကံကြမ္မာက ပုန်းခြောက်'သည်ဟု ရှေးလူကြီးများ၏ ဆိုရိုးစကားရှိသည်။

ခု ကိုသက်အောင် အဖြစ်ကိုလည်း ကံကြမ္မာကပုန်းခြောက်သည်ဟု ဆိုရလေမလား။

❖ ❖ ❖ ❖ ❖

## [၅]

မိသားစု အကြောင်းနှင့် အခြေအနေ။

ဦးသင်းမောင်။ အင်္ဂလိပ်လက်ထက်က မြန်မာနိုင်ငံ၏ စီးပွားရေး အချက်အချာလုပ်ငန်းများကို အင်္ဂလိပ် မျက်နှာဖြူက စိုးမိုးခြယ်လှယ်ထားသည်။

မျက်နှာဖြူတို့၏ လက်ဝေခံ ကုန်သည်ကြီးများမှာ ကုလား၊ တရုတ် စီးပွားရေးသမားများ ဖြစ်ကြ၏။

သူတို့ကြားထဲသို့ မြန်မာလူမျိုး စီးပွားရေးလုပ်ငန်းရှင် ကုန်သည်ကြီးများ ဝင်တိုးဖို့မှာ မလွယ်။ အများအားဖြင့် တစ်ဆင့်လက်ဝေခံ လုပ်ကြရသည်။

ဆာဦးသွင်၊ ဆာဖိုးသာ၊ ဟာသ်ာတ ဦးမြ၊ ဦးညို၊ ဦးညွန့်၊ ဦးစိန်ဝင်း စသည့် ဆယ်ယောက်ထက်မပိုသော မြန်မာစီးပွားရေးသမားများသာ သူတင် ကိုယ်တင် ယှဉ်နိုင်သည်။

ထိုအထဲမှာ ဦးသင်းမောင်တစ်ယောက်လည်း ပါသည်။ ဂျာမနီအာဏာရှင် ဟစ်တလာ စခန်းထလာသောအချိန်တွင် စီးပွားရေးအပြောင်းအလဲလည်း ဖြစ်လာစမြဲ။

ဂျပန်တို့က အမေရိကန်ရေတပ်ဌာနချုပ် စခန်းကြီးဖြစ်သည့် ပါးလ်ဟာဘာ ဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်မှုဖြင့် ဒုတိယကမ္ဘာစစ်ထဲသို့ အတိအလင်းဝင်ရောက်လာသည်ကို ပြသလိုက်ခြင်း ဖြစ်ပေသည်။

မကြာမီသော ကာလအတွင်း အရှေ့တောင်အာရှဘက်သို့ ကူးစက်လာတော့မည်ကို တွက်ချက်ခန့်မှန်းနိုင်ခဲ့သော ဦးသင်းမောင်က သူ၏လုပ်ငန်းများကို သုံးပုံနှစ်ပုံလောက် လျှော့ချလိုက်သည်။

ဘဏ်တွင် အပ်နှံထားသည့် ငွေအတော်များများကို ထုတ်ယူ၍ လုပ်ငန်းခွင်မှ ပိုလျှံထွက်လာသော ငွေများနှင့် ပေါင်းပြီး အရည်အသွေး ကောင်းပေ့ဆိုသည့် စိန်နှင့် ရွှေတုံးများကို ဝယ်ယူထားလိုက်သည်။

သူတို့မောင်နှမ လေးယောက်မှာ လူမမည်အရွယ်များသာ ရှိသေးသည်။ အစ်မအကြီးဆုံး ခင်မေကြည်၊ အစ်ကိုဖြစ်သူ မင်းမောင်နှင့် သက်အောင်တို့ မောင်နှမသုံးယောက်မှာ ကျောင်းနေကြပြီ။

အစ်မဖြစ်သူက ဗိုင်အိုစီဇင် မိန်းကလေးကျောင်းမှာ။ သူတို့ ညီအစ်ကိုနှစ်ယောက်က စိန်ပေါ်ကျောင်းမှာ ဘော်ဒါ။



www.burmeseclassic.com

www.burmeseclassic.com

ဦးသင်းမောင်က စီးပွားရေးကိုသာအာရုံစိုက်သည်။ အိမ်ထောင်ထိန်းသိမ်းရေးကို ဇနီးဖြစ်သူ ဒေါ်ခင်မေစီက ဦးဆောင်ပြီး အိမ်စေနှစ်ယောက်နှင့် အိမ်ထောင်ကိစ္စအဝဝကို တာဝန်ယူလုပ်ကိုင်သည်။

ခြံအတွက် မာလီနှင့် ကားဒရိုင်ဘာလည်း ထားသည်။ တိုက်ကြီး၏နောက်ဖေးဘက်တွင် အိမ်စေ၊ မာလီ၊ ဒရိုင်ဘာ စသူများ နေထိုင်ရန် လေးခန်းတွဲ သွပ်မိုး၊ ပျဉ်ကာ တန်းလျားငယ်ရှိသည်။

နှစ်ထပ်တိုက်ကြီးမှာ အပေါ်ထပ်၊ အောက်ထပ် နှစ်ယောက်ခန်းရော၊ တစ်ယောက်ခန်းပါ အိပ်ခန်းခြောက်ခန်းရှိသည်။

ဦးသင်းမောင်မှာ စီးကရက်အလွန်အကျွံသောက်သည်ကလွဲ၍ အရက်သေစာ မသောက်။ တစ်ပတ်တစ်ခါတော့ မြင်းပွဲသွားသည်။

ဒါကလည်း လောင်းကစားဖို့အတွက် အဓိကထား၍ သွားခြင်းမဟုတ်။

ထိုစဉ်က မြင်းပွဲမင်ဘာစတင်းသို့ နိုင်ငံ့ဝန်ထမ်း အထက်တန်းအရာရှိကြီးများ၊ စီးပွားရေးလောကမှ ထိပ်ထိပ်ကြဲပုဂ္ဂိုလ်များ၊ လူကုံထံစာရင်းဝင် အထက်တန်းလွှာ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံရင်းနှီးနိုင်သည့် အခွင့်အလမ်းရှိသောကြောင့် ရင်းနှီးသောပေါင်းသင်းဆက်ဆံရေးကို အဓိကထား၍ သွားလာခြင်းဖြစ်သည်။

သဘောလောက် ကစားသည်မျိုးတော့ ရှိသည်။ အငယ်အနှောင်း အရှုပ်အထွေး ပြဿနာမျိုးကင်းသည်။

ဇနီးဖြစ်သူ ဒေါ်ခင်မေစီမှာ မြေပိုင်ရှင်မျိုးရိုး၊ လူချမ်းသာ သားသမီးထဲကဖြစ်သော်လည်း ပပလွှားလွှား မနေတတ်။ တက္ကသိုလ်သို့ မရောက်ခဲ့သော်လည်း အထက်အတန်းအဆင့် ပညာအခြေခံရှိသည်။

ပေါင်းသင်းဆက်ဆံရေး ပရိယာယ်ဝေဝုစ်နှင့် ရင်းနှီးသည်။ မိရိုးဖလာ ဘာသာရေးကိုင်းရှိုင်းမှု ရှိသည်။ ရုပ်ရည်မှာ မချောမောသော်လည်း ရိုးယဉ်သည့် ကျက်သရေရုပ်သွင်ရှိသည်။

ဒေါ်ခင်မေစီ၏ ဖခင်ကြီးမှာ အများနှင့်မတူသော စည်းစနစ်တစ်ရပ် ထားရှိသည်။ မိဘသဘောတူသူနှင့် အိမ်ထောင်ပြုသော သားသမီးတိုင်းအား ထိုက်သင့်သောလက်ဝတ်ရတနာနှင့် ငွေကြေးများကို အမွေသဘော ခွဲဝေပေးသည့် သဘောဖြင့် ပေးသည်။

ခုရှုပ်မှနောင်ရှင်း နှုတ်ဖွင့်စကား ပြောလိုက်သည်။ စေ့စပ်ပွဲလုပ်ကတည်းက တစ်ဖက်မိဘများအား သဘောထားကို ပြောပြသည်။

ဦးသင်းမောင်နှင့် ဒေါ်ခင်မေစီတို့မှာ နှစ်ဖက်မိဘများ သဘောတူကြည်ဖြူစွာဖြင့် လက်ထပ်ထိမ်းမြားပေးခဲ့ခြင်းဖြစ်သည်။

ဒါက ကိုသက်အောင်တို့မိသားစု၏ မူလအခြေအနေ။

အင်္ဂလိပ်ခေတ်က သူတို့မိသားစုမှာ လူကုံထံအထက်တန်းလွှာစာရင်းဝင်အဖြစ် ရပ်တည်နေနိုင်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ် ဖြစ်လာသောအခါ စိန်ရွှေရတနာပစ္စည်းများကို မီးဘေး၊ သူခိုးသူဝှက်ဘေးမှ လွတ်ကင်းရာ မထင်မှတ်ရာသောနေရာတွင် သိုသိုဝှက်ဝှက် သိမ်းဆည်းထားခဲ့သည်။

စစ်ပြေးဘဝ။

ဥက္ကံမြို့လေးရှိ ညီဖြစ်သူမိသားစုနှင့် သွားရောက်ပေါင်းနေထိုင်ခဲ့သည်။ ညီဖြစ်သူက ဆန်စက်ပိုင်ရှင်။

ဦးသင်းမောင်က ကားနှင့် တစ်နိုင်ပစ္စည်းများသာ ယူခဲ့သည်။ ဥက္ကံမြို့ကလေးမှာ ရန်ကုန်နှင့် အလှမ်းမဝေး။ ရန်ကုန်-ပြည် ကားလမ်းပေါ်တွင် ရှိသည်။ ရထားလမ်းဖြင့်လည်း ကူးသန်းသွားလာလို့ရသည်။

မြို့ကလေးမှာ ငယ်ပေမယ့် အေးချမ်းသည်။ အင်းစိန်ခရိုင်နှင့် သာယာဝတီခရိုင် အလယ်ကြောလောက်တွင်ရှိသောကြောင့် လုံခြုံရေးအတွက်လည်း သင့်မြတ်သည်။

ဂျပန်ခေတ်တစ်ခေတ်လုံး ဂျပန်စစ်တပ်က မော်တော်ကားကို သိမ်းဆည်းခြင်းခံရသည်မှ လွဲ၍ အေးအေးချမ်းချမ်းပင် နေထိုင်ခဲ့ရသည်။

ကားကိုသိမ်းဆည်းသွားသည့် ဂျပန်စစ်ဗိုလ်ကြီး ထုတ်ပေးခဲ့သော ဘူးသီးငါးပေါင်းကြော် လက်မှတ်တစ်စောင် ရလိုက်သည်။

နားလည်သူများကို ပြောပြသည်



www.burmeseclassic.com

www.burmeseclassic.com

ရာတွင် ဂျပန်တပ်မတော်ကြီးကို ကူညီခဲ့သူဖြစ်၍ ဂျပန်တပ်များက လိုအပ်သော အကူအညီပေးရမည်ဟူသော ရေးသားထားကြောင်း၊ ဂျပန်စစ်ပိုလ်ကြီး လက်မှတ်ရေးထိုးထားသည့် ဘူးသီးငါးပေါင်းကြော်စာရွက်။

တော်သေးတာပေါ့။ အလကားသိမ်းသွားလည်း ပေးလိုက်ရမည့်အတူတူ စာရွက်ကလေးတစ်ရွက်အစားပေးလိုက်သည်ဟု သဘောမှုလိုက်ရသည်။

ဘယ်လောက် အသုံးဝင်မည်ကိုတော့မသိ။ တရိုတသေ သတ်သတ်မှတ်မှတ် သိမ်းဆည်းထားလိုက်ရသည်။

သူတို့မိသားစုအတွက် ကံတရား၏ ဖေးမခြင်းကို ခံရသည့် ဖြစ်ရပ်ကြောင်း တစ်ရပ်လည်းရှိသေးသည်။ ပြည်လမ်းရှိ သူတို့တိုက်ကြီးမှာ ဗုံးဒဏ် အနည်းငယ်ခံရသော်လည်း မီးဘေးဒဏ် မခံရ။

မြို့၏အနောက်ဘက်ပိုင်းတွင် ကျသည့်ဗုံးက နောက်ဖေးမီးဖိုချောင်ဘက်ကိုသာ အတော်အသင့် အပျက်အစီး ရှိသွားစေသည်။

အိမ်မကြီး၏ အိမ်ရှေ့အဝင်ဘာဂျာတံခါးနှင့် သစ်သား◌ံခါးကြီးမှာ ဖောက်သည်များ လက်ချက်ကြောင့် အတော်ပင်ပျက်စီးသွားသည်။

အိမ်တွင်းပစ္စည်းများ ပွစကျဲနေသည်မှာ မြင်မကောင်း၊ ရှုမကောင်း။ လိုချင်သည့် ပစ္စည်းများကို ယူသွားသည့်အပြင် မလိုချင်သော၊ သယ်၍မရသောပစ္စည်းများကို ဖျက်ဆီးသွားကြသည်။

ဒုတိယကမ္ဘာစစ် အင်္ဂလိပ်အပြေး ဂျပန်အဝင် စပ်ကူးမပ်ကူးကာလတွင် ဖောက်သည်များ လက်ချက်မမီသော တိုက်တာဟူ၍မရှိ။

လူတုံ့ထံရပ်ကွက် တိုက်မှန်သမျှ အားလုံးနီးပါး ဖောက်ထွင်းခံရသည်။ အဖျက်ဆီးခံရသည်။

အဖိုးတန်ပစ္စည်းများ မြှုပ်နှံထားခဲ့သည့်နေရာမှာမူ ခြေရာ၊ လက်ရာမပျက်ရှိနေသည်။ ဒါအတွက်တော့ စိတ်အေး၊ ရင်အေးရသည်။

ဦးသင်းမောင်က မိသားစုကိုမခေါ်သေးဘဲ ညီဖြစ်သူနှင့်အတူ အိမ်အခြေအနေကို လာရောက်ကြည့်ရှုခြင်း ဖြစ်သည်။ အိမ်ကိုရှင်းရမည်။ ပြန်လည်ပြုပြင်ရမည်။

ဥက္ကံနှင့် ရန်ကုန်မှာ တစ်နေ့လယ် ခရီး။ ယာဉ်အသွားအလာ အခက်အခဲကြောင့် မနက်အစောကြီး ဥက္ကံမှထွက်ခဲ့ရာ ရန်ကုန်သို့ ညဆယ်နာရီကျော်မှပဲ ရောက်ကြသည်။

တိုက်ကြီးအထိ ခရီးလမ်းချောသော်လည်း တိုက်ကြီး ရန်ကုန် လမ်းခရီးမှာမူ အဆင်မချော။ ရရာကြုံရာ နွားလှည်းတစ်တန်၊ မြင်းလှည်းတစ်တန်ကို မတန်တဆ ငွေကြေးပေး၍ ငှားရမ်းရသည့်အပြင် ခြေကျင်ခရီးပါ နှင်ခဲ့ရသည်။

မြင်းလှည်း၊ နွားလှည်းများက အချဉ်ဖမ်းပြီး ငွေကြေးစကား ပြောကြသည် မဟုတ်ပါ။ စစ်ဘေးစစ်ဒဏ် အတွေ့အကြုံမရှိ။ စစ်ဘေးဒုက္ခကို တစ်ခါမှ မကြုံဆုံဖူးကြသည့် အလျောက် အလွန်အမင်း ထိတ်လန့်နေကြသည်။

သွားနေလာနေကျ ခရီးတာကိုပင် သွားရလာရမည်ကို စိုးရွံ့နေကြသည်။ ◌ ◌ာက်ပိုင်းကာလတွင် တောကြောင်တွေ လက်ခမောင်းခတ်ပြီး ထကြွသောင်းကျန်းလာကြသည်။

လူတိုင်းကို ယုံရခက်ခက် ဖြစ်လာသည်။ ငါးမိုင်ခရီးလောက် အငှားလိုက်ရန်ပင် ဝန်လေးလာကြသည်။

သူတို့ကို လူကောင်းတွေမှန်းသိပေမယ့် အပြန်ခရီးတွင် အဖော်မရှိ၊ တစ်ယောက်တည်း ပြန်ရမည်မို့ မလိုက်လိုကြ။ လိုက်ချင်အောင် ငွေကြေး မက်လုံးပေး၍ ပြောရသည်။ တောင်းတောင်းပန်ပန် ပြောရဆိုရသည်။

လှည်းတစ်လှည့်၊ ခြေကျင်တစ်လှည့်ဖြင့် ရန်ကုန်သို့ အချိန်မတော်မှ ရောက်ခဲ့ကြသည်။

ဥက္ကံမှာ ဗုံးဒဏ်၊ စစ်သေနတ်ဒဏ်နှင့် ကင်းဝေးခဲ့သောကြောင့် ◌ီဇင်ဘာ ၂၃ ရက်နှင့် ၂၅ ရက်သာ ◌ ◌၏အနိဋ္ဌာရုံကို နဖူးတွေ့ဒူးတွေ့ ကြုံဆုံလိုက်ရသည်။ နောက်ပိုင်းတွင် အေးအေးချမ်းချမ်းနေထိုင်ခဲ့ရသည်။

ဥက္ကံမြို့ကလေးမှာ သားငါး၊ အသီးအရွက် မရှားပါးသောကြောင့် အိမ်သုံးစရိတ် အကုန်အကျလည်း နည်းသည်။ သူတို့ကလည်း တစ်ရွာ တစ်ကျေးမှာ ဟန်ပန်မထည့်◌ ◌ သို



www.burmeseclassic.com

www.burmeseclassic.com

သိုသိပ်သိပ်ပင် နေထိုင်ခဲ့ကြသည်။

မြန်မာလူမျိုးတို့၏ မိရိုးဖလာ ယဉ်ကျေးဖော်ရွေမှု၊ မေတ္တာစေတနာနှင့် စာနာထောက်ထားမှု၊ ကူညီရိုင်းပင်းမှု ထင်ရှားပြည့်ဝသော ကာလကို ပြစမ်းပါဆိုလျှင် ဒုတိယကမ္ဘာစစ်ကာလကိုသာ မီးမောင်းထိုးပြရမည် ဖြစ်ပေသည်။

ဒုတိယကမ္ဘာစစ်ပွဲ အစကာလ၊ စစ်၏ အနိဋ္ဌာရုံပေါင်းစုံက လူတိုင်းကို ကျီးလန့်စာစား ဖြစ်ခဲ့သည်။

မိမိနေထိုင်ရာ ဒေသကို စွန့်ခွာ၍ ပြေးစရာ၊ မှီခိုစရာလမ်းကြောင်း လမ်းပေါက်ကို ရှာဖွေရသည်။

အထူးသဖြင့် ရန်ကုန်မြို့တွင် နေထိုင်သူများ ကိုးဆယ်ရာခိုင်နှုန်းမှာ ရန်ကုန်မြို့တွင် ဆက်လက်မနေထိုင်ရဲကြတော့ပေ။

ဒီဇင်ဘာလ ၂၃ ရက်နေ့နှင့် ဒီဇင်ဘာလ ၂၅ ရက် နှစ်ရက်၊ ခရစ္စမတ်လက်ဆောင်အဖြစ် ဂျပန်စစ်လေယာဉ်များက ရန်ကုန်မြို့ကြီးပေါ်သို့ မီးလောင်ဗုံးအပါအဝင် ဗုံးမိုးရွာချပြီး အနိမ့်အဆင်း တိုက်လေယာဉ်များက စက်သေနတ်ဖြင့် တရစပ်ပစ်ခတ်ခဲ့သည်။

သေသူတွေ သောက်သောက်လဲ၊ ဒဏ်ရာရသူတွေ ဒုနဲ့ဒေး၊ တိုက်တာအိမ်ခြေ အပျက်အစီးတွေက တင်းကျပ်ပြည့်၊ သွေးသံရဲရဲနှင့် ကယ်ပါ၊ ယူပါ အော်ဟစ်သံများမှာ သောသောညံ။

ရန်ကုန်မြို့တွင် နေထိုင်သူတွေ သွေးပျက်လုခမန်း သွေးလန့်ကုန်ကြသည်။ ကျီးလန့်စာစား ဖြစ်ကုန်ကြသည်။ မီးရထားဘူတာရုံမှာ၊ သင်္ဘောဆိပ်မှာ အထုပ်အပိုးများနှင့် လူတွေ ခြေချစရာမရှိအောင် စုပြုံရောက်ရှိနေကြသည်။

ငွေကြေး တတ်နိုင်သူများကလည်း ကိုယ်ပိုင်ကား၊ စီးလုံးငှားကား ကုန်တင်ကားကြီးများဖြင့် ဆွေမျိုးသားချင်းများရှိရာ နယ်ပေါင်းစုံသို့ ထွက်ခွာရန်ပြင်ဆင်ကြသည်။ ထွက်ခွာကြသည်။

ရန်ကုန်-ပြည်လမ်း၊ ရန်ကုန်-မန္တလေးလမ်း ရထားများမှာ ထိုင်စရာ တစ်နေရာရဖို့ပင် မလွယ်။ နေ့ရထား၊ ညရထား ရထားတိုင်းမှာ စစ်ပြေးတွေအပြည့်အသိပ်။

တွဲအတွင်းမှာသာမက ခေါင်မိုးပေါ်ကပါ ရသလိုဖြစ်သလို လိုက်ကြရသည်။ ခေါင်မိုးပေါ်က လိုက်ပါသူတချို့မှာ တံတားအဖြတ်ကို သတိလစ်သွားသောကြောင့် တံတားဘောင်နှင့်တိုက်ပြီး သေကျေဒဏ်ရာရကြသည်။

စစ်ပြေးများအား လမ်းခရီးဘူတာများမှ မြို့ခံနယ်ခံ ဒေသခံများက ရေအိုးများဖြင့် ရေတိုက်ကြသည်။ ထည့်စရာပါသူများကို ဘူးခွက်၊ ချိုင့်များထဲသို့ ရေဖြည့်ထည့်ပေးကြသည်။

အခကြေးငွေမယူ၊ စေတနာဖြင့် တိုက်ကျွေးပေးဝေကြ၏။

ကောက်ညှင်းထုပ်၊ ကောက်ညှင်းပေါင်း၊ ဘိန်းမုန့် စသည်များ ကမ်းဆင့်ပေးဝေကြသည်။ ထမင်းထုပ်များဖြင့် ဒုက္ခသည်များအား ကူညီကျွေးမွေးကြသည်။

တစ်ပြားတစ်ချပ်သော အခကြေးငွေ မယူ၊ မြန်မာလူမျိုးချင်းကို ထားဘိတော့။

ကုလားစစ်ပြေးများ။

ရန်ကုန်-ပြည်လမ်းတစ်လျှောက် ခြေကျင်ခရီးဖြင့် နှင်ကြသည်။ မိုင်ပေါင်းထောင်ချီ၍ တောတောင်လျှိုမြောင်များကို ဖြတ်သန်းရမည့် ခရီးရှည်ကြီး။

စားအိုးစားခွက်များနှင့် ရောက်သည့်နေရာတွင် နေရိပ်ခို၍ ချက်ပြုတ်စားသောက်ကြရသည်။ သူတို့ကိုပင် ဆန်၊ ပဲ၊ ဆီ စသည်များ ပေးဝေကူညီကြသည်။

လုယက်တိုက်ခိုက်၊ အကျင့်စရိုက် ဆိုးရွားသူ စုန်းပြူးများ၏ အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ပေးသည်။

မြန်မာလူမျိုးတို့၏ နှစ်လိုဖွယ်ရာ မေတ္တာတရား၊ နွေးထွေးသည့် ဖော်ရွေသန့်စင်မွန်မြတ်သော စေတနာနှင့် စာနာမှုတို့မှာ ဒုတိယကမ္ဘာစစ် ကာလတွင် တုနှိုင်းမယှဉ်သာအောင် မှတ်တမ်းပြုရမည်သို့ ရှိခဲ့၏။

ထိုမှ နောက်ပိုင်းတွင်မူ . . .

*(ဆက်လက်ဖော်ပြပါမည်။)*

ကျော်မြ



www.burmeseclassic.com

www.burmeseclassic.com

(ယမင်းတစ်ချပ်အတွက်တိုင်းမြန်ကိုမှာထိမ်ဝ့ပါ)





ဦးအန်းစဆွ

အယ်(လ်)ရန်နိုင်ဘရားသားဆေးတိုက်၊

အမှတ်(၇)၊ဓိဇဝါလမ်း၊ကြံခင်းစုရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့။ ☎ -၀၉-၇၃၂၀၇၈၉၁

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ထူးတဲ့စေတမန် လာပြန်လေတော့

○ မော်တင်သိန်းဇော်ဇ

လွန်ခဲ့သောနှစ်ပေါင်း ၆၀ နီးပါး ခန့်မျှ ကြာမြင့်ခဲ့ရာ ၁၉၅၈ ခုနှစ်ကာလ ၏ တစ်ခုသော နွေဦးကာလ၊ ညနေ နေဝင်ချိန် မှောင်ရီပျိုးခါစ နွားရိုင်းသွင်း ချိန်၌ ဖြစ်လေသည်။ မှောင်ထုစဝင်ရာ ဖြစ်၍ ဆောင်းနှောင်းလက်ကျန် မြူနှင်း နှီးတို့က ဝန်းကျင်အနှံ့အပြားတို့၌ ပျံ့ လွင့်ဝေကျနေသလို ကန်ကြီးပတ်လည် ရှိ စိမ်းစိုထူထဲ အုပ်ဆိုင်းလှသော သရက်၊ ကုက္ကို၊ ပိတောက်၊ ကံ့ကော်၊ ထန်း၊ အုန်း၊ ညောင် စသော သစ်ပင်၊ သစ်ကြီးတောအုပ်ထက်ဆီတို့မှ အိပ် တန်းဝင်ကြတော့မည့် ကျီးကန်း၊ စာ ကလေး၊ ခို၊ ဆက်ရက်၊ ဗျိုင်း စသော ကျေးငှက်သာရကာတို့ကလည်း အိပ် တန်းဖော်ကို ခေါ်ငင်ရင်း သဘာဝအလှ သံသာတို့နှင့် အော်မြည်သီကျူးနေကြ သည့်တို့မှာ ဆွတ်ပျံ့လွမ်းမောဖွယ်ပင်



www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေကြီး ဖိုးဂမုန်း လစဉ် ရေးသားဖော်ပြသော တကယ့်အဖြစ်အပျက် ရာဇဝတ်မှုကြီးများကို ဖတ်ကြည့်ရသဖြင့် အထူးနှစ်သက်မိပါသည်။ မိတ်ဆွေကြီးသည် တကယ့်အဖြစ်အပျက် ရာဇဝတ်မှုကြီးများကို လိုက်လံစုံစမ်း၍ တရားခံများမိသောအခါ မနှိပ်စက်မညှဉ်းပန်းဘဲ နည်းပရိယာယ်သုံး၍ အမှုပေါ်အောင်စစ်ပြီး၊ အဖမ်းခံရသော လူဆိုးများကလည်း သူတို့အလိုအလျောက် ပစ္စည်းပြန်ပေးခြင်း၊ ဖြောင့်ချက်ပေးခြင်းတို့ ပြုကြသည်ကို ဖတ်ရ၍ စိတ်ထဲတွင် မယုံ့တယုံ ဖြစ်၍နေပါသည်။ ဤသို့ဖြစ်ရခြင်းမှာ ကျွန်တော်ခေါင်းဆောင်၍တိုက်သော ဓားပြမှုတွင် ကျွန်တော်တို့ကိုမိသောအခါ တိုက်ရာပါပစ္စည်းများကို မမေးမမြန်းသေးဘဲ အကြမ်းဖက်၍ နှိပ်စက်ကြသဖြင့် ဒါလောက်နှိပ်စက်တာ သေပေစေ မဖော်ပြောတော့ဘူးဆိုပြီး နေလိုက်ကြသဖြင့် ကျွန်တော်သာလျှင် လက်နက်ပုဒ်မနှင့်ကျပြီး ကျန်လူများ လွတ်သွားပါသည်။ ဖိုးဂမုန်းကဲ့သို့ နည်းပရိယာယ်များနှင့် မေးမည်ဆိုလျှင် ကျွန်တော်တို့ဟာ တစ်ခါဖူးမျှ ရာဇဝတ်မှု ကျူးလွန်ဖူးသူများမဟုတ်၍ တစ်ယောက်ကမဖော်၊ တစ်ယောက်ကဖော်မည်ဆိုတာ ကျွန်တော်ယုံကြည်မိသည်။

ယခုလက်ရှိ အမှုထမ်းနေကြသော ရဲအရာထမ်း၊ အမှုထမ်းတို့သည် ဟိုတစ်ခါတုန်းက ပုလိပ်များလို အကျိုးမရှိတဲ့ ကြမ်းတမ်းမှု အသုံးမပြု၊ စိတ်မဝင်စားကြစေရန် ရည်စူး၍ ကျွန်တော်ပို့လိုက်သော စာပါအကြောင်းအရာများကို အချိန်ရပါက ဖော်ပြပေးရန် မေတ္တာရပ်ခံပါသည်။

ဗလ

(ကျွန်တော်တို့ရွာ ကျွန်တော်မဖော်ပြလိုပါ။ အတိုက်ခံရသော ရွာနာမည်သာ ဖော်ပြလိုက်ပါသည်။)

× × ×

၁၉၄၆ ခုနှစ်။

ကျွန်တော်သည် ချမ်းအေးသောလတစ်လတွင် နံနက် ၆ နာရီ ထမင်းကြမ်းနှင့် ပဲပြုတ်စားပြီး လက်ဖက်ရည်ကြမ်းသောက်၍ ကျွန်တော့်သူငယ်ချင်းများဖြစ်ကြသော ကြာညွန့်၊ ကျော်မြင့်၊ ဘဟန်၊ အောင်ဖေတို့ ငါးဖမ်းသွားရာမှ ပြန်မလာသေးသဖြင့် စောင့်နေချိန် –

"ဟေ့ ... ဗလ၊ ဘာလုပ်နေသလဲ"ဟု မေးလိုက်သောအသံကို ကြား၍ အသံကြားရာသို့ ကြည့်လိုက်သောအခါ ကျွန်တော်နှင့်အလွန်ချစ်သော ကိုပုသည် လွယ်အိတ်ကိုလွယ်လျက် ကျွန်တော့်အိမ်ပေါက်ဝ၌ တွေ့ရသည်။

"ကိုပု ဘယ်တုံးကလာသလဲ၊ ဘာလာလုပ်သလဲ"

ဟု မေးလိုက်ပါသည်။ ကိုပုသည် စကားပြန်မပြောသေးဘဲ ကျွန်တော်ထိုင်နေသော နေရာသို့ လာ၍ထိုင်လိုက်သည်။

ပု။ "ကိုဗလတို့နဲ့ မတွေ့ရတာကြာလို့ လာခဲ့တယ်။ ကြာညွန့်၊ ကျော်မြင့်၊ ဘဟန်၊ အောင်ဖေတို့ ရှိကြသေးလား၊ မာကြသေးရဲ့လား"

ဗ။ "ရှိပါတယ်၊ မာကြပါတယ်။ သူတို့တစ်တွေ ငါးသွားဖမ်းတာ မကြာမီ ပြန်လာကြပါလိမ့်မယ်။ ဘာကိစ္စတွေနဲ့ လာသလဲ"

ပု။ "ကိစ္စတော့ သိပ်အရေးမကြီးပါဘူး။ ကိုယ့်လူတွေနဲ့ ယနေ့လာတဲ့ကိစ္စ တိုင်ပင်ချင်လို့ လာခဲ့တာ၊ တစ်ချိန်တုန်းက ကိစ္စရှိလာတဲ့ မိတ်ဆွေတွေကို ကျုပ်ဘယ်မေ့နိုင်မလဲ"

ဤသို့ပြောနေချိန် ကြာညွန့်တို့လူသိုက် ပိုက်ကိုတစ်ယောက်ကထမ်း၊ တစ်ယောက်က ငါးထည့်သော ပလိုင်းကို ပခုံးတွင်လွယ်၍ လာသည်ကို ကိုပု မြင်လိုက်၍ ...

ပု။ "ဟေ့ကောင်တွေ၊ တော်တော်နေရာကျခဲ့သလား။ ငါးဘယ်နှပိဿာမိလာသလဲ"

ကြာ။ "ဟာ ..ကိုပုပါလား။ ဘယ်တုန်းက ရောက်သလဲ။ ငါးနဲ့ကုလားအရုပ်ရေးပြရမယ်ဗျို့။ ငါးသိပ်ရှားသဗျ။ ကျွန်တော်တို့ ရေချိုးပြီးလာခဲ့မယ်"

ပု။ "အားလုံးလာကြကွ။ ငါစောင့်နေမယ်"

ကြာညွန့်တို့ ထွက်သွားသောအခါ ကိုပုသည် ကျွန်တော့်ဘက်လှည့်၍ ...

ပု။ "ဟေ့ ..ကိုဗလ၊ ခင်ဗျားတို့လူတွေ အလုပ်မရှာကြတော့ဘူးလား၊ ဒီလိုပဲ နေကြတော့မလား"

ဗ။ "အလုပ်အလွန်ရှားသဗျ။ ကုသိုလ်ကံက မကောင်းတော့ ဘာလုပ်လို့မှ မရဘူး။ အလုပ်ဆိုတာ သိပ်ဝေးပေါ့ဗျာ"

ပု။ "ခက်တာပဲဗျာ။ ...



www.burmeseclassic.com

www.burmeseclassic.com

ခေတ်တုန်းက ပွထားလိုက်လျှင်လည်း အရင်းအနှီးကလေးနဲ့ တစ်ခုခုလုပ်စားရတာပေါ့။ ခုတော့ ကိုရွှေဂျပန် နှိပ်စက်သွားလိုက်တာ လူတောင် မသေလို့ကျန်တော့တာပဲ။ ခင်ဗျားတို့ထဲ ကျွန်တော့်ကြောင့် နှိပ်စက်ခံရတဲ့အထဲ ဗလပါလာသေးတယ်"

ဗ။ "ကုသိုလ်ပေါ့ဗျာ။ ဂျပန်ဆရာတွေ၊ ဂျပန်ကတော်တွေ တစ်နေ့ ကိုယ့်စေတနာ ကိုယ့်အကျိုးပေးပါလိမ့်မယ်"

ပု။ "ကိုဗလလည်း ကျွန်တော့်လို ဂျပန်ဆရာ၊ ဂျပန်ကတော်တွေ စိတ်နာနေပြီထင်တယ်။ ဒါကြောင့် ကျွန်တော် ကလဲ့စားချေဖို့စောင့်နေတာ။ ယခု အချိန်ရတော့ ခင်ဗျားဆီ ကျွန်တော်လာခဲ့တာပေါ့ဗျ"

ဂျပန်ခေတ်က ကျွန်တော်တို့ ကိုပုရွာ ကလတန်းသွားလည်သည့်အခါ ကိုပုကို လယ်ကိစ္စနဲ့ မုန်းနေသည့် မုန်းနေသည့် ကိုကျော်ညွန့် ရွှေမိတို့ လင်မယားက ဂျပန်စကားပြန်နှင့်ပေါင်းပြီး ကိုပုသည် သူလျှိုဆိုကာ ဖမ်းခိုင်းသည့်အခါ ကျွန်တော်တို့ရောက်သည်နှင့် ဆုံနေ၍ ကိုပုနှင့် ကျွန်တော်တို့ငါးယောက် ဖမ်းပြီး ရွာလယ်ကောင်ရှိ သူကြီးအိမ်ရှေ့ ထိပ်တုံးခတ်ပြီး အမျိုးမျိုးရိုက်တာပါပဲ။ အရပ်က ကိုပုဆွေမျိုးများနှင့် သူကြီးတို့က မဟုတ်ရကြောင်း အမျိုးမျိုးပြမှ ခုနစ်ရက်ကြာသောအခါ လွှတ်လိုက်သည်။ ဒီကတည်းက ကျွန်တော်တို့လူသိုက် ကောင်းကောင်းမမာဘဲနေပြီး ယခုမှ မာလာတော့သည်။

ဗ။ "ဘယ်လိုကလဲ့စားချေမှာလဲ ကိုပုရ"

ပု။ "ကိုကျော်ညွန့်နဲ့ ရွှေမိတို့ဟာ ဂျပန်ခေတ်က တော်တော်ပွကြတယ်။ လွန်ခဲ့တဲ့ လေးလလောက်က ကိုကျော်ညွန့်သေသွားတော့ ရွှေမိလက်ထဲမှာ ၄-၅ သောင်းလောက်ကျန်ရစ်ခဲ့တယ်။ ဒီတော့ ဒီကောင်မဆီက ရွှေတွေ ငွေတွေ ကျွန်တော်တို့ရအောင်ယူပြီး ဒုက္ခပေးဖို့ပေါ့ဗျ"

ဗ။ "ခင်ဗျားကိစ္စက တယ်မလွယ်ဘူးဗျ"

ပု။ "ကျုပ်သေသေချာချာ စုံစမ်းပြီးမှ ဒီလာခဲ့တာ။ လွန်ခဲ့တဲ့တစ်လက ရွှေမိအိမ် ဓားပြတိုက်မယ်ကြားလို့ ရွှေမိတို့ မြို့သွားရှောင်နေတာ ယခုပြန်လာကြတာ ၄-၅ ရက်ရှိသွားပြီ။ ရွှေမိတို့အိမ်မှာ သူ့တူမလေး စိန်တင့်နဲ့ သူ့ကူကလေး ငခွေးတို့ပဲရှိတယ်"

ဗ။ "ကိုပုအကြံက ဓားပြတိုက်ရမှာလား"

ပု။ "ဒါပေါ့ဗျ"

ဗ။ "မလုပ်ပါနဲ့ဗျာ။ ယခုပုလိပ်တွေက တယ်ကြမ်းတယ်။ မစားရဘဲ ထောင်ကျနေပါဦးမယ်"

ပု။ "ဒါတွေကို ကျွန်တော်တွေးပြီးသားပါ။ ခင်ဗျားတို့ သစ္စာရှိပြီးသား မိတ်ဆွေတွေမို့ ကျွန်တော် ကြံစည်ဖို့ စိတ်ကူးတာပေါ့။ တခြားလူတွေနဲ့ဆို ဘာစိတ်ကူးမလဲ။ ကျွန်တော့်စိတ်ထဲမှာ ကလဲ့စားလည်းချေ၊ ဥစ္စာလည်းပွ၊ ခင်ဗျားတို့လည်း ရင်းနှီးစားဖို့ ရပေါ့ဗျာ။ ပုလိပ်ဆိုတာ အစအနမတွေ့ရင် ဘယ်သူ့ကို လိုက်ဖမ်းမလဲ"

ဗ။ "ကိုင်း ... ငှါကောင်တွေလာနေပြီ။ သူတို့နဲ့ တိုင်ပင်ကြည့်ပါဦး"

ကျော်မြင့်၊ ကြာညွန့်၊ ဘဟန်၊ အောင်ဖေတို့ ရောက်လာကြသည်။ ကိုပုက သူလုံ့ချင်သောကိစ္စ ပြောပြသည်။ အားလုံး ကျွန်တော့်မျက်နှာကို ကြည့်ကြသဖြင့် ကျွန်တော့်သဘောသိချင်ကြကြောင်း သိ၍-

ဗ။ "မင်းတို့ ဟိုတစ်ခါလို သစ္စာရှိမယ်ဆိုရင် ငါခေါင်းဆောင်မယ်။ မင်းတို့ ဘယ်လိုသဘောရသလဲ"

ကျော်။ "ကျွန်တော်တို့ ယခုအတိုင်းသာ နေသွားမယ်ဆိုလျှင် လူမွေးပြောင်းမှာမဟုတ်ဘူး။ သို့သော်လည်း တစ်ခါမှမလုပ်ဖူးတဲ့ကိစ္စဆိုတော့ ကြောက်တယ်။ ကိုပုပြောတဲ့အတိုင်း လွတ်တယ်ဆိုလျှင်တော့ ကိုဗလအားကိုးပြီး လိုက်မှာပဲ"

ပု။ "အားလုံးသဘောတူလျှင် ကိုးနဝင်းဆုတောင်းပြည့်စေတီကြီးသွားပြီး ငါးပါးသီလခံပြီး သစ္စာရေသောက်ကြလျှင် မကောင်းဘူးလား"

ဗ။ "ကောင်းပါတယ်။ သို့သော်လည်း သစ္စာရေသောက်ပြီး သစ္စာဖောက်တဲ့လူတွေလည်း ရှိပါတယ်။ ယောကျ်ားတစ်ယောက်အနေနဲ့ ကတိပေးလိုက်လျှင်လည်း ရတာပါပဲ"

အောင်။ "ကျွန်တော်တို့အထဲမှာ သစ္စာဖောက်မည့်သူ တစ်ယောက်မျှရှိမှာမဟုတ်ဘူး။ တစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ညီရင်းအစ်ကိုလို နေကြတာ။ သို့သော် သစ္စာရေသောက်ထားတော့ ပိုစိတ်ချရတာပေါ့”

ဗ။ “ဒီလိုဆိုလည်း သောက်ကြတာပေါ့။ တစ်ခုတော့ပြောမယ်။ တကယ်လို့များ တိုက်လို့ ပစ္စည်းရပြီဆိုပါတော့ တို့အထဲက တစ်ယောက်ဖြစ်စေ၊ ၃–၄ ယောက်ဖြစ်စေ မိသွားလျှင် ဒီရတဲ့ ငွေပစ္စည်းနဲ့ လွတ်ဖို့ သုံးမယ်ဆိုတဲ့ စည်းကမ်းတော့ ထားမှဖြစ်မယ်”

ပု။ “ဒါကို သိပ်သဘောကျတယ်။ ပိုတာကိုသာ ခွဲယူကြတာပေါ့”

ညွန့်။ “ကိုင်း...အားလုံးသဘောတူကြတယ် မဟုတ်လား။ ကိုပု အစီအစဉ်ကို ပြောပြပါဦး”

ပု။ “ဒီနေ့ လဆုတ် ၁၀ ရက်။ လဆုတ် ၁၂ ရက်နေ့ ညနေ ၈ နာရီ လေ့ဝှာပြီး ကျွန်တော့်ထံလာခဲ့။ ကျွန်တော် ရွာပြင်က စောင့်နေမယ်။ ကျွန်တော့်ထံမှာ ခြောက်လုံးပြူးတစ်လက်၊ ယမ်းတောင့် ခြောက်တောင့်ရှိတယ်၊ ငှက်ကြီးတောင်ဓားတစ်လက်ရှိတယ်၊ ဓားမြောင်နှစ်လက်ရှိတယ်။ ဒါတွေကိုယူခဲ့မယ်။ ခင်ဗျားတို့က ဘောင်းဘီအနက်ရှိလျှင် ဘောင်းဘီအနက်ကို လုံချည်အောက်ခံဝတ်ခဲ့။ ကျွန်တော်က အချက်ပေးလျှင် ရွှေမိတို့အိမ်သွားမယ်။ ဟိုကျတော့ အိမ်ရှေ့ကတံခါးကို ခေါက်လိုက်။ ဘယ်ကလဲလို့ မေးလျှင် ဒေါ်သေးသေးက အတိုး ၅ဝ ပို့ခိုင်းလိုက်လို့ ပြော။ ဘယ်သူလဲလို့မေးလျှင် မောင်ကျော်လှလို့ ပြောရမယ်။ အိမ်တံခါးဖွင့်တော့ ခြောက်လုံးပြူးနဲ့ ချိန်ပြီး ပစ္စည်းတောင်းပေါ့။ ဒေါ်သေးသေးဆိုတာ ရွှေမိရဲ့ လူယုံကွ။ ရွှေမိချေးတဲ့ နေ့ပြန်ဟိုးကို သူက ကောက်ကောက်ပြီး မောင်ကျော်လှ သူ့သားနဲ့ ပို့ခိုင်းတယ်။ အဲဒီနေ့ ကျွန်တော် ကျော်လှခေါ်ပြီး အရက်တိုက်ထားမယ်”

ဗ။ “ကိုပုတိုက်ထားလို့ တော်တော်ကြာ ပုလိပ်က ကျော်လှကိုစစ်တော့ မပေါ်ဘူးလား”

ပု။ “ဒီလိုပါ။ ကျွန်တော့်ထံမှာ မင်္ဂလာကြေးငွေ ၂ဝ ရထားတယ်။ ကျွန်တော်က ရွာထဲက ကောင်ကလေးတွေကို ကြက်သားချက်ပြီး အရက်နဲ့သောက်မယ်လို့ ပြောထားတယ်။ ကျော်လှလည်းပါတယ်။ ဒီနေ့ ကျွန်တော်အရက်သွားဝယ်မယ်၊ ကြက်လည်းဝယ်မယ်ဆိုပြီး ထွက်လာခဲ့တယ်။ နက်ဖြန် ဒီက မိုးချုပ်ခါနီးမှ ပြန်သွားပြီး တိုက်မယ့်နေ့ ကြက်ချက်ပြီး ကျော်လှကို မူးအောင်တိုက်မယ်။ ဒီတော့ အားလုံး စုသောက်တာ ဒီပုလိပ်ကသိဦးမှာလား”

ဗ။ “တော်တော်တော့ အကြံပိုင်တဲ့ ငခွေးပဲ။ ညနေကျတော့ တို့အားလုံး ကိုးနဝင်းစေတီရှေ့မှာ သစ္စာဆိုကြတာပေါ့”

ဤကဲ့သို့ တိုင်ပင်ပြောဆိုပြီးနောက် ည ၇ နာရီအချိန် ကိုးနဝင်းစေတီတော်ရှေ့သို့သွား၍ လက်မောင်းသွေးဖောက်ကာ ငါးပါးသီလခံပြီး ယခုပြုမည့် အမှုနှင့်ပတ်သက်၍ သစ္စာမတည်၊ သစ္စာဖောက်ပါက ဘေးအပေါင်းသင့်၍ သေပါစေ၊ မဟာအဝီစိငရဲတွင် မကျွတ်တမ်း ခံရပါစေလို့ ကျိန်ကြပြီး သစ္စာရေသောက်ကြသည်။

နောက်တစ်နေ့ ၅ နာရီ ကိုပု ပြန်သွားသည်။ ချိန်းထားသောနေ့ရောက်သောအခါ ကျွန်တော်တို့ အောင်ဖေလေ့ဖြင့် မှောင်စပျိုးချိန်တွင် ထွက်သွားကြသည်။ ကျွန်တော်တို့ ရွာနားရောက်သောအခါ အခန့်သင့် ကိုပုကိုတွေ့၍ ကိုပုထံမှ လက်နက်နှင့်တကွ မျက်နှာဖုံးများပါ ရသည်။ ကိုပုက ကျော်လှတော့ ဒေါ်သေးသေးအိမ် ရွာအနောက် ဘုန်းကြီးကျောင်းနားက တဲထဲတွင် မထနိုင်အောင် မူး၍နေကြောင်းပြောပြသည်။

ဗ။ “ဒီလိုဆို အရင်အစီအစဉ်အတိုင်းပေါ့”

ပု။ “ဒီအတိုင်းပဲ ကိုဗလ။ ရွှေမိတို့အိမ် သိတယ်မဟုတ်လား”

ဗ။ “အရှေ့စာသင်ကျောင်းကအိမ်ပဲ မဟုတ်လား”

ပု။ “ဟုတ်ပါတယ်။ ကျွန်တော်ရှေ့ကသွားမယ်။ ခင်ဗျားတို့ လိုက်လာခဲ့ကြ”

ဗ။ “ကိုပု နေဦး။ ကျွန်တော်တို့အားလုံး ရွာစောင့်နတ် ကန်တော့ရမယ်”

ဤသို့ ပြောလိုက်သော အားလုံး လက်နက်တွေစုပုံပြီး ရွာစောင့်နတ်ကို အစစကို မစေ့ တောင်းပန်၍ ကန်တော့ကြသည်။ နောက် ကိုပုနောက်ကို ဖြည်းဖြည်းလိုက်သွားကြသည်။ ချမ်းအေးသော လဖြစ်၍ အားလုံး အိမ်၊ တဲတို့ ၍ အိပ်ကုန်ကြသည်ကို တွေ့ ရွှေမိတို့အိမ်ပေါက်ရောက်သောအခါ

www.burmeseclassic.com

ခွေးများ ဟောင်ကြသည်။ ကိုပုက ရွှေမိတို့တံခါး ခေါက်လိုက်သည်။

သံ။ "ဘယ်သူလဲ"

အောင်။ "ကျွန်တော်ပါ။ ဒေါ်သေးသေးက အတိုးငွေ ၅၀ိ ကောက်ရတာကို ပေးခိုင်းလိုက်လို့"

ဟု အသံခပ်အုပ်အုပ်ပြောလိုက်သည်။

ရွှေ။ "မောင်ကျော်လှလား။ မိုးချုပ်လှချည်လား"

ဆိုပြီး တံခါးဖွင့်သံကြား၍ ကျွန်တော်အနားကပ်သွားပြီး တံခါးဖွင့်သည်နှင့်တစ်ပြိုင်နက် ရွှေမိ ဗိုက် ခြောက်လုံးပြူးနှင့်ထောက်၍ မအော်ရန် လက်ပြလိုက်သည်။ နောက်က ကျော်မြင့်က ငှက်ကြီးတောင်ဓားနှင့် မိုးလိုက်သည်။ ရွှေမိအံ့အားသင့်သွားပြီး နောက်သို့ဆုတ်လိုက်သည်။ အိမ်ထဲကြည့်လိုက်သောအခါ ဘုရားစင်က ဆီမီးနှင့် ရွှေမိအခန်းဝက ရေနံဆီမီးခွက်ကြောင့် အလင်းရောင်ရှိနေသည်။ ငခွေးကလေးမှာ အိပ်ပျော်နေသည်။ ရွှေမိတူမကလေး မစိန်တင့်မှာ ငခွေးကလေးနားက လူးလဲထလာသည်။ ဘဟန်၊ ကြာညွန့်တို့ မစိန်တင့်အနားသွားပြီး ဓားမြှောင်ဖြင့် မစိန်တင့်ကိုထောက်ပြီး ငခွေးကလေးကိုပါ ထောက်လိုက်သည်။ ငခွေးကလေး ဟိုကြည့်ဒီကြည့်နှင့် အော်မည်လို့လုပ်သဖြင့် ကြာညွန့်က လည်ပင်းနား ဓားမြှောင်နှင့်ထောက်လိုက်သည်။ အားလုံးမအော်နိုင်သောအခါ ရွှေမိနှင့် သူ့တူ၊ တူမကလေးတို့ကို လက်ပြန်ကြိုးတုပ်၊ ပါးစပ်ကို အဝတ်နှင့်စည်းလိုက်သည်။ မအော်နဲ့၊ အော်လျှင် အားလုံးသတ်ပစ်မည်ဟုပြောပြီး ပစ္စည်းတောင်းသည်။ ရွှေမိက မပေးရန်ငြင်း၍ ကျော်မြင့်က ဓားပြားနှင့် ကျောရိုက်သည်။ ထပ်၍ ပစ္စည်းတောင်းသောအခါ မပေးဘဲ ငြင်းနေပြန်၍ နောက်တစ်ချက် ဓားပြားနှင့်ရိုက်ပြီး လည်ပင်းပေါ် ဓားတင်လိုက်သောအခါ အိပ်ခန်းထဲ မေးငေါ့ပြသည်။ ရွှေမိခေါ်သွားပြီး ပစ္စည်းဘယ်မှာထားသလဲ မေးသောအခါ အိပ်ရာပေါ်က ခေါင်းအုံးကို မေးငေါ့ပြသည်။ ခေါင်းအုံးကို မ၊ လိုက်သောအခါ အဝတ်မည်းကို အိတ်ခါးပတ်ချုပ်ထားသော အိတ်နှစ်အိတ်တွေ့ရ၍ ဓားဖြင့်ခွဲကြည့်သောအခါ တစ်အိတ်က လက်ဝတ်လက်စားနှင့် တစ်အိတ်က ငွေစက္ကူများ တွေ့ရသည်။ အိတ်မှာလည်း ခါးကချွတ်ထားတာ မကြာသေး၍ ပူနွေးနေသည်။ ရွှေမိကို အပြင်ထုတ်လာပြီး သူ့တူနှင့် တူမများအနား ခေါ်သွား၍ ထိုင်ခိုင်းလိုက်သည်။ ငခွေးလေးသည် မော့ကြည့်ပြီး ရွှေမိကို တိုးတိုးပြောနေသည်ကို ကျော်မြင့်မြင်၍ ကြည့်ဦးကွဲဆိုပြီး ငှက်ကြီးတောင်ဓားနှင့် ခုတ်လိုက်သည်။ ကျွန်တော် လျှင်မြန်စွာ လက်ကိုဖမ်းဆွဲလိုက်သဖြင့် မခုတ်မိဘဲ ရှိသွားသည်။ ပစ္စည်းများ ရပြီးပြီဖြစ်၍ အားလုံးကို စောင်နှင့်အုပ်လျက် တစ်ယောက်စီ ထွက်ကြသည်။ ကျွန်တော်က နင်တို့မအော်နဲ့၊ အော်တာကြားလျှင် သတ်ပစ်မည်ပြော၍ ထွက်လာသည်။ အပြင်ကစောင့်သော ကိုပုက မြန်မြန်သွားကြရန် ပြော၍ ကျွန်တော်တို့ထားခဲ့သော လှေသို့ သွားကြပြီး ကိုပုကို အခြေအနေ စုံစမ်း၍ လက်နက်များယူသွားရန် ပြောတော့ ကျွန်တော်တို့ လက်နက်များပါ ယူလာခဲ့သည်။

နောက်နေ့ ၁ နာရီလောက် ကိုပုရောက်လာ၍ ရွှေမိတို့ ကျွန်တော်တို့သွ[illegible]ဦး နာရီဝက်လောက်ကြာသောအခါ "လာကြပါဦး အရပ်ကတို့၊ ဓားပြတိုက်နေပါတယ်"ဟု အော်သံကြောင့် အားလုံး မီးတုတ်များကိုင်ပြီး ရွှေမိတို့အိမ်သို့ ပြေးလာကြသည်။ ကိုပုနှင့် သူကြီးလည်း ပြေးလာခဲ့သည်။ ရွှေမိက ဓားပြများ သူ့ထံမှ ငွေနှစ်သောင်းဖိုးခန့် ယူသွားကြောင်း ပြောပြသည်။ ငခွေးကလေးက လူတစ်ယောက်ကို မှတ်မိသလိုလိုရှိကြောင်းပြော၍ တစ်ရွာလုံး ဓားပြတို့ကို လိုက်ရှာကြသည်။ လယ်ကွင်းထဲနှင့် ကမ်းနားသို့ ရောက်ခဲ့ကြသည်။ တစ်ညလုံးရှာ၍မတွေ့။ နောက်တစ်နေ့နံနက် ၉ နာရီ ဂါတ်သွားတိုင်ကြောင်း ပြောပြသည်။

ကျွန်တော်က ပစ္စည်းများ ခွဲဝေယူတော့မလား မေးသောအခါ အေးအေးဆေးဆေးရှိမှ ယူကြရန် ကိုပုက အကြံညဏ်ပေး၍ ကျော်မြင့်ကို [illegible]ကုန်ယူသွားရန် ပေးလိုက်သည်။

ခုနစ်ရက်ရောက်သောနေ့ ကျွန်တော့်အိမ်သို့ ပုလိပ်အဖွဲ့ ရောက်လာကြသည်။ သူတို့နှင့်အတူ ကြာညွန့်၊ ဘဟန်၊ အောင်ဖေတို့အပြင် ရပ်ရွာလူကြီး သုံးယောက်လည်း ပါလာသည်။ ကျွန်တော့်အိမ်ကို ရှာလိုကြောင်း ပြော၍ တက်ရှာပါသည်။

www.burmeseclassic.com

စားပွဲခံဆွဲထဲမှ မျက်နှာဖုံးတွေ့ပါသည်။ နောက်ထပ်ပြီး တစ်အိမ်လုံးကို ရှာတဲ့အခါ ကြပ်ခိုးစင်ပေါ်တွင် အဝတ်နှင့် ပတ်၍ ဝှက်ထားသော ခြောက်လုံးပြူးကို တွေ့သွားသည်။ ကျော်မြင့်အကြောင်းမေး၍ ကျွန်တော်က လွန်ခဲ့တဲ့ ၁၅ ရက်လောက်က မန္တလေးထွက်သွားကြောင်း ပြောပြပါသည်။ အိမ်နားက ဦးဘိုးချက်နှင့် ဦးအေးမောင်တို့က ဟုတ်တဲ့အကြောင်း ထောက်ခံ၍ နောက်ထပ်မမေးဘဲ ကင်းဂိတ်သို့ ခေါ်သွားပါသည်။ ကင်းဂိတ်ရောက်သောအခါ ကြာညွန့်ကို "မင်းတို့ ဘာမေးသေးသလဲ"ဟု တိုးတိုးမေးသောအခါ ရာဇဝတ်အုပ်သည် ကျွန်တော့်ကို "မင်းက ဘာဆရာလုပ်တာလဲ"ဆိုပြီး မျက်ခွက်ပိတ်ရိုက်၊ ခြေထောက်နှင့်ကန်၊ နောက် ကြာညွန့်၊ ဘဟန်၊ အောင်ဖေတို့ကိုပါ ရိုက်၊ သေနတ်ဒင်နှင့်ဆောင့်ပြီး အမျိုးမျိုး ရိုက်နှက်နှိပ်စက်တော့သည်။ ကြာညွန့် ရှေ့သွားကျိုးသွားပြီး၊ ဘဟန် လက်ကောက်ဝတ် ကျိုးသွားသည်။ နောက်လက်ပြန်ကြိုးချည်ပြီး ပက်လက်လှန်ခိုင်းပြီး မျက်နှာပေါ် အဝတ်ပိတ်ပြီး နှာခေါင်းထဲသို့ ရေလောင်းပါသည်။ ကျွန်တော်တို့မှာ လိုမ့်ခံရပါသည်။ နောက်ဆက်၍ နှိပ်စက်မည်ကို သိသော ကျွန်တော်က "အစက ဒီလိုမေးလျှင် ကျွန်တော်တို့ မှန်တာပြောမှာပေါ့။ ခင်ဗျားတို့ နှိပ်စက်တာ လွန်လွန်းတယ်"လို့ ပြောလိုက်တော့ "ဒါဖြင့် မှန်တာပြော"လို့ဆိုတော့ ကျွန်တော်က ကျွန်တော်နှင့်အတူတိုက်တဲ့ စိန်ခိုထံ ပစ္စည်းအားလုံးပါသွားကြောင်း၊ စိန်ခိုမှာ ယခု ရွာတွင်မရှိဘဲ သူ့မိတ်ဆွေများနှင့် ရန်ကုန်ထွက်သွားကြောင်း ပြောပြသည်။ စိန်ခိုကို ဘယ်သူသိသလဲဟု မေးတော့ ရွာက တချို့လူတွေသိကြောင်း ပြောပြလိုက်သည်။ ရာဇဝတ်အုပ်က သူ့တပည့်များ စိန်ခိုရှာရန်ပြောလိုက်၍ ထွက်သွားကြပါသည်။ နောက်များမကြာမီ ဌာနာအုပ်ရောက်လာပြီး ကျွန်တော်တို့၏ ဖြစ်အင်ကိုမြင်သောအခါ မျက်လုံးပြူးသွားပြီး ရာဇဝတ်အုပ်ကို ကြိမ်းတော့သည်။ ကျွန်တော်က ဆရာတို့လိုတာ ရပါစေမယ်၊ ဂိတ်ကြီးသို့ ခေါ်သွားရန် ပြောပြပါသည်။ ကျွန်တော်တို့အားလုံး ဂိတ်ကြီးသို့ ခေါ်သွားသောအခါ လမ်းတွင် ကျွန်တော့်လူတွေကို ကျွန်တော်ပြောသလိုပြောရန် တိုးတိုးမှာထားလိုက်သည်။ ကျွန်တော့်စိတ်ထဲတွင် ပုလိပ်တို့၏ရက်စက်မှုကို စိတ်နာပြီး ဘာတစ်ခုမှဖော်၍မပြောရန် စိတ်ပိုင်းဖြတ်လိုက်ပါသည်။ ဂိတ်ရောက်၍ ဌာနာအုပ်က ကျွန်တော့်ကို မေးသောအခါ အထက်ကပြောသည့်အတိုင်း ပြောပြီး စိန်ခိုနှင့်ပါလာသူ လေးယောက်မှာ တိုက်ခါနီးမှ ခေါ်လာ၍ ကျွန်တော်မသိကြောင်း ပြောပြပြီး စိန်ခိုမိနိုင်ရန် ရန်ကုန်မြို့၊ တာမွေဘက်ညွှန်ပြလိုက်ပါသည်။ ဌာနာအုပ်က ကျွန်တော်တို့ကို ဖြောင့်ချက်ပေးရန်သွေးဆောင်သဖြင့် ကျွန်တော်က သူ့အကြိုက်လိုက်ပြောလိုက်ပါသည်။ နောက်တစ်နေ့ ကျွန်တော်တို့ကို တရားသူကြီးရှေ့ အချုပ်ခန်းကြီးတွင် တန်းစီပြသည်။ ရွှေမိ၊ မစိန်တင်တို့ မည်သူ့ကိုမျှ ဆွဲမပြနိုင်။ ခွေးကလေးကျတော့ လျှောက်ကြည့်ပြီး ကျွန်တော့်အနားရောက်မှ ရပ်ပြီး သေသေချာချာကြည့်၊ နောက် လက်ကိုကြည့်ပြီး ကျွန်တော့်ကိုဆွဲပြပါတယ်၊ ကျွန်တော့်ညာဘက်လက်မောင်းမှာ အင်္ဂလိပ်မ ခြေလိမ်ရုပ် ဆေးထိုးထားတာ ရှိသည်။ ဒီအရုပ်ကိုကြည့်၍ ကျွန်တော့်ဆွဲပြသဖြင့် စဉ်းစားကြည့်သောအခါ ကျော်မြင့် မှာနှင့်စုတ်မည်လုပ်တုန်း ကျွန်တော် ကျော်မြင့်လက်ကို ဆွဲလိုက်သဖြင့် မြင်သွားဟန်တူပါသည်။

တန်းစီပြပြီး ကြာညွန့်နှင့် ဘဟန်တို့က ပုလိပ်တွေ နှိပ်စက်၍ သွားကျိုး၊ လက်ကျိုးသွားကြောင်း တိုင်သောအခါ တရားသူကြီးသည် သူတို့တိုင်ချက်ကို မှတ်ယူပြီး ဆေးရုံသို့ ချက်ချင်းပို့ရန် အမိန့်ပေးလိုက်၍ ကြာညွန့်နှင့် ဘဟန်ကို ဆေးရုံပို့လိုက်ပါသည်။

နောက်တစ်နေ့ အချုပ်ခန်းကြီးသို့ ကျွန်တော့်ညီနှစ်ယောက်နှင့် ဘကြီးတို့ ရောက်လာပါသည်။ သူတို့မှာ တစ်ကိုယ်လုံးဖူးရောင် ဘာ... တွေ့ရသည်။ သူတို့က စိန်ခိုအကြောင်း ပုလိပ်က လာမေး၍ မသိကြောင်း ပြောတာနှင့် မသိရမလားဆိုပြီး ... ဂိတ်ခေါ်၍ နှိပ်စက်သည်။ နော... ဒီကိုပို့လိုက်ကြောင်း ပြောပြသ... အချုပ်ထဲတွင် ကျွန်တော့်ညီအ... ရှုံးသွားပါသည်။ နောက် ကျွန်... တို့တစ်သိုက် စွဲချက်တင်ပြီး...



www.burmeseclassic.com

www.burmeseclassic.com

တော့်ညီနှစ်ယောက်နှင့် ဘကြီးကို လွှတ်ပစ်လိုက်ပါသည်။ ရုံးသို့ရောက်သောအခါ ကိုပုလာတွေ့ပြီး ရှေ့နေ ငှားထားကြောင်း ပြောပါသည်။ အမှုစစ်သောအခါ တရားလို ရွှေမိ၊ မစိန်တင့်၊ ငခွေးလေးအပြင် မိမိတို့ရွာမှ မောင်ကလေးနှင့် လုငွေတို့က ကျွန်တော်တို့လူသိုက် ရွာမှလှေနှင့် နေဝင်ရီတရော ထွက်သွားကြောင်း အစစ်ခံပါသည်။ သက်သေထွက်ချက်များ မခိုင်လုံ၍ ကြာညွန့်၊ ဘဟန်၊ အောင်ဖေတို့ကို လွှတ်ပစ်လိုက်ပြီး ကျွန်တော့်ကို လက်နက်ပုဒ်မနှင့် ထောင်သုံးနှစ် ချလိုက်ပါသည်။ ကျွန်တော်နှင့် အပေါင်းအဖော်တွေရဲ့ နာမည်မှာ အမှန်မဟုတ်ပါ။ နာမည်ပြောင်းထားပါသည်။ ကျွန်တော်ထောင်က လွတ်လာသောအခါ ကျွန်တော့်မိတ်ဆွေများ အထက်မြန်မာပြည် တက်သွားကြကြောင်း သိရပြီး နောက်ထပ် သတင်းမရပါ။

ကိုဗလ၏စာတွင် သူနေသော ရွာနာမည် မဖော်။ နာမည်အမှန်ကိုလည်း မဖော်။ သို့သော်လည်း သူမေးထားသော မေးခွန်းကို ဖြေဆိုရန်မှာ ကျွန်တော့်တာဝန်ဖြစ်၍ အောက်ပါအတိုင်း အကြံပေးလိုက်ပါသည်။

ရဲဆိုသည်မှာ အမှုဖြစ်လျှင် ပေါ်အောင်စစ်ရမည်။ အမှုဖြစ်၍ ပေါ်အောင်မစစ်ဆေးနိုင်လျှင် အထက်လူကြီးများက အပြစ်ပေးသည်။ ကျွန်တော် ဆပ်ကျောင်းက ဆင်းခါစ စိတ်ထဲမှာ တရားခံကို ရိုက်စစ်မှ အမှုပေါ်မည်ဟု ထင်သည်။ သို့ ... ကျွန်တော်နှင့်အတူတူ ဆပ်ကျောင်းဆင်း ရာဇဝတ်အုပ်တစ်ယောက်မှာ တရားခံကို ရိုက်စစ်ရင်း လက်လွန်သွားသဖြင့် တရားခံသေသွား၍ ထိုရာဇဝတ်အုပ် ထောင်ကျသွားသည်။ နောက်တစ်ယောက်မှာ ရာထူးလျှော့ချခံရသည်။ ထိုအဖြစ်အပျက်တွေကို ကိုယ်တွေ့မြင်လာသောအခါ ရိုက်မစစ်ရဲဘဲ အမှုပေါ်ဖို့အတွက် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို ရှေးရှေးက ရဲအရာရှိ ကျွန်တော့်ဆရာကြီးများ မေးသောအခါ သူတို့က မင်းဗဟုသုတရအောင် များများရှာ၊ ဗဟုသုတများလာလျှင် အမှုကြီး၊ အမှုကလေးများ လွယ်လွယ်ကလေးနှင့် ပေါ်နိုင်သည်ဟု ပြောပြသည်။ သူတို့ပြောသော ဗဟုသုတကို ကျွန်တော် ရေးပြရလျှင် ရှည်နေမည်စိုး၍ မဖော်တော့ပါ။ ဗဟုသုတရအောင် ကျွန်တော် အမျိုးမျိုးအပင်ပန်းခံ၍ ရှာခဲ့ပြီး အမှုကြီး၊ အမှုသေးများကို စစ်ဆေးသောအခါ အလွယ်တကူနှင့် အမှုများပေါ်လာသည်ကို တွေ့ရသည်။ ထို့ကြောင့် ကျွန်တော်စစ်ဆေးခဲ့သ မျှ အမှုတို့တွင် တရားခံများကို ငေါက်၍မျှ မစစ်ခဲ့ပါ။ ယခုလက်ရှိ အမှုထမ်းဆောင်နေကြသော ရဲအရာထမ်း၊ အမှုထမ်းတို့သည် တစ်နေ့ မိမိကို ဒုက္ခပေးမည့် ရိုက်နှက်စစ်ဆေးခြင်းများကို စွန့်လွှတ်ကြပြီး ဗဟုသုတကို ရှာကြ၍ အမှုများကို စစ်ဆေးမည်ဆိုလျှင် အမှုများပေါ်နိုင်ကြောင်း တွေ့ရပါလိမ့်မည်။ ဤကမ္ဘာပေါ်ရှိ တိုင်းပြည်အသီးသီးတို့မှ ရဲအဖွဲ့ကို ကြည့်မည်ဆိုလျှင် တရားခံများကို ရိုက်နှက်ညှဉ်းပန်းပြီး အမှုပေါ်အောင် စစ်သည်ကို အတုခိုးရန်မလို။ ကျွန်တော်တို့ မြန်မာပြည်ရဲအဖွဲ့ဝင်များက ကျွန်တော်အထက်က ဖော်ပြခဲ့သော ဗဟုသုတကို ပြည့်ပြည့်ဝဝ ရှာမှီး၍ အမှုကြီး၊ အမှုကလေးများ စစ်မည်ဆိုလျှင် ကမ္ဘာမှာ ထင်ပေါ်လာပါလိမ့်မည်။ ကောင်းတာဆိုလျှင် ဘယ်တိုင်းပြည်က ဖြစ်ဖြစ် အတုခိုးရမည်။ အင်္ဂလန်စကော့တလန်ယာ့ဒ်အဖွဲ့က တချို့ အလွန်ကောင်းသည်။ တကယ့်ရာဇဝတ်မှုကြီးများကို ဖတ်ရှုရ၍ အတုယူရမည်။ စုံထောက်အဖွဲ့ကြီးက တချို့ရာဇဝတ်မှုများကို ဖွဲ့ကောင်းကောင်းနှင့် အနာခံပြီး ၁၀ နှစ်၊ ၁၅ နှစ်ကြာမှ တရားခံများကို ဖမ်းဆီးမိကြပုံကို အတုခိုးရမည်။ တချို့အမှုကြီးများတွင် စုံထောက်အရာရှိများ အသတ်ခံရသည်။ သို့သော် ဇွဲမလျှော့ဘဲ နောက်လူက လိုက်လံစုံထောက်၍ အမှုကြီးများပေါ်ခဲ့သည်။

ဤမျှ ကျွန်တော်ဖော်ပြခဲ့လျှင် ကိုဗလ နားလည်လိမ့်မည်ဟု ထင်ပါသည်။ ဗဟုသုတအကြားအမြင်များလျှင် ရာဇဝတ်မှုကြီးများ မငေါက်ဘဲနှင့် ပေါ်နိုင်ပါသည်။

ရဲဝန်ထောက်(အငြိမ်းစား)

(ရဲကြေးမုံစာစောင်၊ ၁၉၆၃ ခုနှစ်၊ မတ်လ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ထောင်မျှူးများ အလိုရှိသည်

## အပိုင်း(၉၀)

### ထိတ်လန့်သော သံဝေဂများဖြင့်(၃)

တူးတူးတို့ရေ . . .

အဲဒီ ကိုးထပ်က အခန်းနံပါတ်-၂၉၀၅ ကို ပြောင်းရွှေ့ပြီး ဆေးရုံတက်ရတဲ့ ည ၇း၃၅ မှ ၁၀း၃၅ နာရီအထိအေး ဒုတိယအကြိမ် ကျောက်ကပ်ဆေးရပြန်ပါတယ်။ အချိန်သုံးနာရီ ကြာပါတယ်။ စက်နံပါတ်-၂၂ မှာပါ။ ကျောက်ကပ်ဆေးနေတုန်း ဦးခင်မောင်ဌေးကိုယ်တိုင် လာကြည့်ပတယ်။ အခုလို Neck Line ကတစ်ဆင့် ကျောက်ကပ်ဆေးတာ ကြာရင်မကောင်းကြောင်း၊ လက်မှာ အကြောမွေးပြီး သွင်းမှ စိတ်ချရမယ်၊ တာဝန်ကျဆရာဝန်ကို ဒေါက်တာခင်မောင်လွင်နဲ့ ဆက်သွယ်ပေးဖို့ မှာကြားခဲ့ပါတယ်။

ကိုယ့်စိတ်ထဲမှာ အဲဒီ“အကြောမွေး”ဆိုတဲ့ ဝေါဟာရ

**ဇဗဟိုဇော**

www.burmeseclassic.com

www.burmeseclassic.com

အသစ်က လွှမ်းမိုးလာပြီး အသေးစိတ်အခြေအနေကို သိချင်လာပါတယ်။ အဲဒီမှာ တိုက်တိုက်ဆိုင်ဆိုင်ပဲ ကျောက်ကပ်သွေးသန့်စင်ဌာနရဲ့ နံရံတွေမှာ ထူးထူးခြားခြား စာအုပ်တစ်အုပ် ကြော်ငြာထားတာ တွေ့လိုက်ရပါတယ်။ အဲဒါကတော့ ဒေါက်တာမိုးကျော်အောင်နိုင် ရေးတဲ့ "ကျောက်ကပ်တုဖြင့် သွေးသန့်စင်ခြင်း" ဆိုတဲ့ စာအုပ်ပါပဲ။

ကိုယ်နောက်တစ်နေ့မနက် အဲဒီစာအုပ်ကို လိုက်ရှာတော့ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်းနဲ့ ကုန်သည်လမ်းထောင့်က တူးဒေးစာအုပ်ဆိုင်က ဝယ်ရခဲ့ပါတယ်။ အဲဒီစာအုပ်ထဲမှာ အကြောမွေးခြင်းလို့ခေါ်တဲ့ Arterial Venous Fistula (A.V. Fistula) နဲ့ ပတ်သက်ပြီး အသေးစိတ်ရှင်းပြထားတာ တွေ့ရတယ်လေ။

အမှန်တော့ A.V. Fistula ဆိုတာ လက်က သွေးလွှတ်ကြောနဲ့ သွေးပြန်ကြောတို့ကို တိုက်ရိုက်ခွဲစိတ်ပြီး ဆက်သွယ်ပေးထားတာပါ။ ဒါ့ကြောင့် သွေးလွှတ်ကြောထဲက သွေးတွေဟာ ဆံခြည်မျှင်သွေးကြောလေးတွေထဲ မရောက်တော့ဘဲ သွေးပြန်ကြောထဲ တိုက်ရိုက်စီးဆင်းသွားကြတယ်။ သွေးလွှတ်ကြောတစ်ခုမှ သွေးပြန်ကြောတစ်ခုထဲ လမ်းလွှဲစီးဆင်းစေတာမို့လို့ သွေးလွှတ်ကြောထဲက သွေးတွေဟာ နှလုံးက တိုက်ရိုက်ညှစ်လွှတ်လိုက်လို့ ဖိအားမြင့်မားစေတယ်။ အဲလိုမြင့်မားလာတဲ့ သွေးဖိအားတွေက တိုက်ရိုက်ဆက်သွယ်ထားတဲ့ သွေးပြန်ကြောကို ကျယ်ပြန့်ကြီးမားလာစေပြီး ပါးလွှာတဲ့ သွေးပြန်ကြောနံရံတွေကိုလည်း ထူလာစေတယ်။ အဲဒီလို အချိန်တစ်လလောက်ကြာတဲ့အခါ အဲဒီကြီးမားတဲ့ သွေးပြန်ကြောတွေကို စက်နဲ့ သွေးသန့်စင်ဖို့ အသုံးပြုနိုင်ပါပြီ။ အဲဒါကို A.V. Fistula လို့ ခေါ်တာဖြစ်ပါတယ်။

အဲဒီ A.V. Fistula ထဲကို အရေပြားကို ဖြတ်ပြီး အပ်နှစ်ချောင်းထိုးသွင်းရပါတယ်။ ပထမအပ်က သွေးတွေကို သွေးသန့်စင်စက်ထဲပို့ဆောင်ပေးပါတယ်။ သွေးထဲက အဆိပ်အတောက်နဲ့ အန္တရာယ်ရှိတဲ့ ဓာတ်တွေကို သန့်စင်ပြီးတဲ့အခါ ဒုတိယအပ်ကတစ်ဆင့် ခန္ဓာကိုယ်ထဲ ပြန်လည်ရောက်ရှိစေတယ်။ ဒါဟာ အကြောမွေးပြီးတဲ့နောက် လည်ပင်း Neck Line ကိုဖြတ်ပြီး လက်က A.V. Fistula ကတစ်ဆင့် ကျောက်ကပ်သွေးသန့်စင်တဲ့ နည်းပါပဲ။

နောက်တစ်နေ့ ၂၄-၉-၁၃ ရက်နေ့ ည ၁၂ နာရီမှာ ဒေါက်တာခင်မောင်လွင် ရောက်လာပြီး အေးရဲ့ လက်နှစ်ဖက်စလုံးကို အပြန်ပြန်အလှန်လှန် ကိုင်တွယ်စစ်ဆေးကြည့်ပြီး ဘယ်ဘက်လက်ဖျံနေရာမှာ A.V. Fistula အကြောမွေးဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ဒေါက်တာဦးခင်မောင်ဌေးလည်း ည ၁၁ နာရီလောက်မှာ လာစစ်ဆေးကြည့်ရှုပြီး ဆေးရုံမှာ နောက်နှစ်ရက်၊ သုံးရက်လောက် နေရဦးမယ်၊ နောက်ပိုင်းတစ်ပတ်ကို နှစ်ကြိမ် ကျောက်ကင် ဘာဆေးဖို့ ပြောသွားပါတယ်။

တိုက်ဆိုင်တာတစ်ခုက အဲဒီနေ့မှာပဲ တာဝန်ကျဆရာဝန်က အေးမှာ သွေးအားနည်းနေလို့ သွေးအလှူရှင်ရှာဖို့ ပြောလာတာပါပဲ။ အေးရဲ့သွေးက B. Positive ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်တို့တွေ ညီအစ်ကို၊ မောင်နှမ၊ ဆွေမျိုးသားချင်းတွေကို အကြောင်းကြားအသိပေးပြီး သွေးအလှူရှင် အမြန်ရှာဖွေရတော့တာပေါ့ဗျာ။

ကံအားလျော်စွာ နောက်တစ်နေ့ နေ့လယ်ပိုင်းလောက်မှာ သာကေတက အေးမောင်ဝမ်းကွဲ အောင်ခင်ထွန်းကတစ်ဆင့် သွေးမေတ္တာ ပရဟိတအသင်းက အမှုဆောင် ကိုရဲညွန့်နဲ့ ဆက်သွယ်ရသွားတယ်။ သူကတစ်ဆင့် B. Positive သွေးအမျိုးအစားရှိတဲ့ မောင်ရှိန်းထက်ကို အာရုတော်ဝင်ဆေးရုံ ဓာတ်ခွဲခန်းမှာ စပ်းသပ်စစ်ဆေးကြည့်တော့ အောင်မြင်ပြီး အဲဒီညမှာပဲ အေးအတွက်လိုအပ်တဲ့ သွေးကို အချိန်မီလေး သွင်းပေးနိုင်ခဲ့ပါတော့တယ်။

အဲဒီနေ့က အာရုတော်ဝင်ဆေးရုံမှာ တစ်နေ့ကုန်စောင့်ပြီး စေတနာသဒ္ဓါတရား ထက်သန်စွာ သွေးလှူခဲ့ကြသော သွေးမေတ္တာပရဟိတအသင်းက အမှုဆောင် ကိုရဲညွန့်နှင့်အဖွဲ့၊ သွေးလှူရှင် မောင်ရှိန်းထက်တို့အား သွားလေသူ ချစ်ဇနီးအေးရဲ့ကိုယ်စား ဤဆောင်းပါးဖြင့် ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါတယ်ခင်ဗျား။ အဲဒီအဖွဲ့ကို အာရုတော်ဝင်ဆေးရုံအရောက် ကိုယ်တိုင်ဖိတ်ခေါ်ပေးခဲ့တဲ့ ညီငယ် အောင်ခင်ထွန်းကိုလည်း သွားလေသူ အစ်မကိုယ်စား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိပါကြောင်း မှတ်တမ်းပြုအပ်ပါတယ်။

www.burmeseclassic.com

ဒီလိုနဲ့ နောက်တစ်နေ့နံနက် ၃ နာရီကနေ နံနက် ၄း၃၀ နာရီအထိ အကြောဆရာ ဒေါက်တာခင်မောင်လွင် ကိုယ်တိုင် ခွဲစိတ်ခန်းထဲမှာ အေးရဲ့ လက်ဝဲဘက် လက်ကောက်ဝတ်မှာ ခွဲစိတ်အကြောမွေးခဲ့ပါတယ်။ အဲဒီအတွက် ကုန်ကျစရိတ်ကလည်း ၂၂၀၀၀၀/- ကျသင့်ခဲ့ပါတယ်။ ဒေါက်တာခင်မောင်လွင်ကို အကြောဆရာလို့ လွယ်လွယ်ခေါ်ခဲ့ကြပေမယ့် အမှန်တော့ ဒီဆရာဟာ နိုင်ငံခြားက ဆေးပညာဘွဲ့ပေါင်းများစွာ ရရှိထားတဲ့ ရန်ကုန်ပြည်သူ့ဆေးရုံက နှလုံးခွဲစိတ်အထူးကု ဆရာဝန်ကြီးဖြစ်သလို ပါမောက္ခနဲ့ ဌာနမှူးလည်း ဖြစ်ပါတယ်။

ဒေါက်တာဦးခင်မောင်ဌေးနဲ့ Neck Line ဖောက်တုန်းက အောင်မြင်ခဲ့သလို အခု ဒေါက်တာဦးခင်မောင်လွင်နဲ့ အကြောမွေးတာလည်း အောင်မြင်ခဲ့ပြန်ပါတယ်။ ဘာ့ကြောင့်သေချာပြောနိုင်တာလဲဆိုတော့ နောက်တစ်နေ့မှာ အေးအကြောမွေးထားတဲ့ A.V. Fistula ပေါ်ကို လက်တင်ပြီး စမ်းသပ်ကြည့်တဲ့အခါ ညွှန်ကြားချက်မှာ ပါတဲ့အတိုင်း ကြောင်ကလေးရဲ့ ဗိုက်ပေါ်မှာ လက်တင်စဉ် ရရှိတဲ့ ခံစားမှုမျိုး(Thrill) တထုတ်ထုတ်နဲ့ သွေးတိုးနေတာကို ခံစားရလို့ပါပဲ။

အဲဒီညမှာပဲ ဒေါက်တာခင်မောင်လွင် အေးအခန်းထဲ လာစစ်ဆေးကြည့်ရှုပြီး အကြောမွေးတာ အောင်မြင်တဲ့အကြောင်း။ Neck Line ကို နောက်တစ်လနေမှ ပြန်ပိတ်ရမယ်၊ ဒီနေ့ ဆေးရုံက ဆင်းလို့ရပြီဖြစ်ကြောင်း ပြောသွားပါတယ်။ အဲဒီ ၂၇·၉·၁၃ ရက်နေ့ ည ၇း၃၅ ကနေ ည ၁၁း၃၅ နာရီအထိ စတုတ္ထအကြိမ် ကျောက်ကပ်ဆေးရပြန်ပါတယ်။ စက်နံပါတ် ၁၃ မှာပါ။

ထူးခြားတာက အဲဒီနံပါတ် ၁၃ စက်နေရာဟာ Air-con အောက်မှာ တိုက်ရိုက်ကျနေတာမို့လို့ စဆေးပြီး မကြာခင်မှာ အေးချမ်းတုန်သွားတာကြောင့် အောက်စီဂျင်ပိုက်တပ်ပြီး ရှူရပါသေးတယ်။ ည ၁၂ နာရီ ကိုယ့်အခန်းကိုယ် ပြန်ရောက်မှပဲ နွေးနွေးထွေးထွေးနဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါတော့တယ်ဗျာ။

၂၈·၉·၁၃ ရက်နေ့လည်း ၁၁ နာရီ ဆေးရုံဆင်းခွင့်ရတယ်။ ဆေးရုံတက်ခဲ့တဲ့ (၂၀·၉·၁၃ က ၂၈·၉·၁၃) နံနက်ပိုင်းအထိ ကိုးရက်အတွက် ကုန်ကျစရိတ်ရှင်းတော့ လူနာတင်ယာဉ်(Ambulance)နဲ့ အိမ်ကလာခေါ်ပေးတာက စတင်ပြီး အရေးပေါ်ဝန်ဆောင်မှုပေးတာတွေ၊ ဓာတ်ခွဲပြီး ရောဂါရှာဖွေတာတွေ၊ ခွဲစိတ်ခန်းအသုံးပြုတာတွေကအလယ်၊ ဆရာဝန်၊ သူနာပြုတွေက ပြုစုစောင့်ရှောက်တာတွေ၊ ဆေးနဲ့ ဆေးပစ္စည်း သုံးစွဲတာတွေ၊ ဆရာဝန်ကြီးတွေ ခွဲစိတ်ကုသပေးတာတွေ၊ သီးသန့်လူနာခန်းခတွေကအဆုံး စာရင်းရှင်းလိုက်တော့ စုစုပေါင်း ၁၅ သိန်းလောက် ပေးသွင်းခဲ့ရပါတယ်။

ပြီးတော့ မှာကြားချက်အရ ၁·၁၀·၁၃ ရက်နေ့ ည ၁၁ နာရီမှာ တိုကင်နံပါတ်(၈) ဒေါက်တာခင်မောင်လွင်နဲ့ ပြန်လာပြရမယ်။ အဲဒီည ၁၁ နာရီမှာပဲ ပဉ္စမအကြိမ်မြောက် ကျောက်ကပ်ဆေးရမယ်။ နောက် ဒေါက်တာဦးခင်မောင်ဌေးနဲ့လည်း ၅·၁၀·၁၃ ရက်နေ့ ညနေ ၅ နာရီ၊ တိုကင်နံပါတ်(၁၃)နဲ့ ပြန်လာပြရမယ်၊ ၄·၁၀·၁၃ ရက်နေ့ ည ၇ နာရီမှာလည်း ဆဋ္ဌမအကြိမ်မြောက် ကျောက်ကပ်လာဆေးရမယ့်အကြောင်း သေချာမှာကြားလိုက်ပါတယ်။

အေးကတော့ အဲဒီနေ့လယ် ၁၂း၃၀ နာရီမှာ ဖဆပလအိမ် ပြန်ရောက်ပြီးကတည်းက ထမင်းစား၊ ဆေးသောက်၊ ပက်လက်ကုလားထိုင်မှာနား၊ ခဏနေတော့ အိပ်နဲ့ ကိုယ့်အိမ်ကိုယ်ပြန်ရောက်လို့ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ရှိနေပုံပါပဲ။ အေးက အိမ်ပြန်ရောက်တော့လည်း အငြိမ်မနေပါဘူး။ မီးဖိုထဲဝင်လိုဝင်၊ အဝတ်လျှော်စက်ဝင်မောင်းလိုမောင်း၊ ထမင်းဝင်ချက်လိုချက်နဲ့ တကယ့်လူကောင်းတစ်ယောက်လို ပြုမူနေထိုင်လာပါတော့တယ်။

အဲဒီအချိန်မှာ သမီးကြီးထက်ထက်ခိုင်ကတော့ ကန်တော်လေး ၇၉ လမ်းက အိမ်ခန်းကို လိုအပ်တာတွေ အမြန် ပြင်ဆင်မွမ်းမံနေပါတော့တယ်။ သူ့ရည်ရွယ်ချက်က ကျောက်ကပ်ရောဂါဖြစ်နေတဲ့ သူ့အမေကို ဘာအလုပ်မှ မလုပ်စေဘဲ သက်သောင့်သက်သာနဲ့ နားနားနေနေ ထားဖို့ပါပဲ။ ဖဆပလအိမ်မှာဆို လူနာလိုမနေဘဲ ဟိုဟာလုပ်၊ ဒီဟာလုပ် မဟုတ်လားဗျာ။

၁·၁၀·၁၃ ရောက်တော့ ည ၉း၅၀ နာရီမှာ သားကြီးမျိုးနဲ့နှစ်ယောက် အေးကို အာရှတော်ဝင်ဆေးရုံ

www.burmeseclassic.com

www.burmeseclassic.com

ဆီ ပို့ပေးရတယ်လေ။ ပထမတော့ ဒေါက်တာခင်မောင်လွင်နဲ့ အရင်ပြမလို့ပါပဲ။ ဒါပေမယ့် ဆရာက ည ၁၂ နာရီမှ လာမယ်ဆိုတာနဲ့ ကျောက်ကပ်သွေးသန့်စင်ဌာန (H.D)ဆီကိုပဲ တန်းပြီးသွားလိုက်ရပါတယ်။ အဲဒီည ၁၂း၀၅ နာရီကနေ နံနက် ၄း၃၅ နာရီအထိ ကျောက်ကပ်ဆေးရပါတယ်။ ဒါပဋ္ဌမအကြိမ်မြောက် ဆေးတာဖြစ်ပြီး စက်နံပါတ်က ၂၂ ပါ။

အဲဒီညက ကျောက်ကပ်ဆေးရင်း သွေးစစ်ရပါတယ်။ လိုအပ်တဲ့ ဒရစ်(ဖ)ပုလင်းတွေလည်း ဝယ်ရပါတယ်။ ကျောက်ကပ်သွေးအားတိုးဆေး Recommon နှင့် Encifer လည်း သွင်းရပါသေးတယ်။ နောက် လိုအပ်တဲ့ သောက်ဆေးတွေပါ ဝယ်ရတာဆိုတော့ အဲဒီညအဖို့ ကျောက်ကပ်ဆေး၊ အသွားအပြန် ကားခတွေပါ ထည့်ပေါင်းလိုက်ရင် စုစုပေါင်း ၇၀၀၀၀ိ/- ပတ်ဝန်းကျင်လောက် ကုန်ကျသွားပါတယ်။

အေးဟာ အဲလို ကျောက်ကပ်ဆေးနေရင်း မနက် ၃ နာရီကျတော့ ချမ်းပြီးတုန်လာတာကြောင့် ရင်ဘတ်မှာ ရေနွေးအိတ်ကပ်ပြီး ခြေထောက်တွေကိုပါ အနွေးဓာတ်ရအောင် နှိပ်နယ်ပေးရပါသေးတယ်။ ဒါကလည်း ကျောက်ကပ်ဆေးတဲ့အခါ ခန္ဓာကိုယ်ထဲက သွေးတွေကို ကျောက်ကပ်တုဆီ ဖြတ်စီးနိုင်ဖို့ Neck Line ကတစ်ဆင့် ထုတ်ယူလည်ပတ်ရတဲ့အတွက် နှလုံးဆီ သွေးပို့လွှတ်မှု အားနည်းသွားတာကြောင့် ဘေးထွက်ဆိုးကျိုး(Side effect) ဖြစ်တဲ့သဘောပါပဲ။ ဒါပေမယ့် လူနာတစ်ယောက်နဲ့တစ်ယောက်တော့ ခံစားရတာချင်း မတူညီတတ်ကြပါဘူး။

မနက် ၂း၃၀ နာရီလောက်မှာ ဦးခင်မောင်ဌေး ရောက်လာပြီး ကြည့်သွားပါသေးတယ်။ အဲဒီညက အေးရော၊ ကိုယ်တို့သားအဖပါ အိပ်ရေးပျက်သွားရတာပေါ့ဗျာ။ အိမ်ပြန်ရောက်တော့ မနက် ၅ နာရီထိုးတော့မယ်လေ။ ဒီတော့ အဲဒီတော့မှပဲ အိပ်ရာဝင်ကြရတယ် ဆိုပါတော့။

ဘာပဲပြောပြော အေးကတော့ သတ်မှတ်ရက်အတိုင်း ကျောက်ကပ်မှန်မှန်ဆေးနေရတာကြောင့် အတော်လေး နေလို့ထိုင်လို့ ကောင်းလာတယ်။ ထမင်းလည်း ပုံမှန်နီးပါး စားဝင်လာတယ်။ အရသာလည်း ခံစားလို့ရလာတယ်။ အဲ . . . ရေကိုတော့ ဝအောင်သောက်လို့မရဘူးပေါ့လေ။ သတိထားပြီး ချင့်ချိန်သောက်ရတာပေါ့ဗျာ။

၂.၁၀.၁၃ ရက်နေ့ ညနေ ၆ နာရီမှာ ဒေါ်သိန်းတင်လမ်းက ကန်တော်လေးဆေးခန်းမှာ ကျောက်ကပ်သွေးအားတိုးဆေးတွေဖြစ်တဲ့ Recommon နဲ့ Encifer ထိုးဆေးတွေ သွားထိုးရပါတယ်။ Encifer က အကြောဆေးဖြစ်ပြီး ထဘီပြာဝတ် နပ်(စ်)ကိုယ်တိုင် သွင်းပေးပါတယ်။ Recommon ကတော့ အသားဆေးဖြစ်လို့ တာဝန်ကျဆရာမကိုယ်တိုင် အေးရဲ့ဗိုက်ခေါက်မှာ ထိုးပေးခဲ့ပါတယ်။

Encifer က အကြောဆေးမို့လို့ အချိန်မရွေး သွင်းလို့ရနိုင်ပေမယ့် Recommon ကကျတော့ အသားဆေးပေမယ့် ပြဿနာနည်းနည်းတော့ရှိတယ်။ ဆရာဦးခင်မောင်ဌေးက Recommon ကို သွေးပေါင်ချိန် ၁၄၀/၉၀ ကျော်ရင် မထိုးဖို့ ညွှန်ကြားထားတာ ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတစ်ယောက်ဟာ သွေးပေါင်ချိန် ၁၄၀/ ၉၀ အမြဲကျော်နေရင် သွေးတိုးရောဂါသည်လို့ သတ်မှတ်ထားလို့ပါပဲ။ အမှန်တော့လည်း Recommon ဆိုတာ ကျောက်ကပ်ရဲ့ သွေးအားကို တိုးစေတဲ့ဆေးပဲ မဟုတ်လားဗျာ။

၂.၁၀.၁၃ ရက်နေ့က ပုံမှန်အတိုင်း ကျောက်ကပ်ဆေးနိုင်ခဲ့ပေမယ့် အဲဒီနေ့က အကြောဆရာ ဒေါက်တာခင်မောင်လွင်ကို အချိန်တိုက်ဆိုင်နေလို့ ပြသဖို့ ပျက်ကွက်ခဲ့တာ တစ်ခုရှိခဲ့တယ်လေ။ အဲဒါကြောင့် သူနေ့စဉ်ထိုင်တတ်တဲ့ ရွှေဘုံသာလမ်းက ရွှေနဒီဆေးခန်းမှာ ၃.၁၀.၁၃ ရက်နေ့ ည ၁၀ နာရီမှာ သွားပြခဲ့ရတယ်။

ဆရာက အကြောမွေးထားတဲ့ အနားကို ကိုယ်တိုင်ဆေးထည့်ပေးပြီး အကြောတွေ ကောင်းကောင်းမလှုပ်ရှားတာကြောင့် လက်ဖျစ်ပူဖောင်း လေဖြည့်ညှစ်ပေးဖို့ ညွှန်ကြားပြီး နောက်နှစ်ပတ်ကြာရင် ပြန်ပြဖို့နဲ့ သောက်ဆေးတွေ တိုးပေးလိုက်ပါတယ်။ အဲဒီညက အသွားအပြန် တက္ကစီခနဲ့ပါဆို စုစုပေါင်း နှစ်သောင်းလောက်ကုန်ကျခဲ့ပါတယ်။

အဲဒါ နောက်တစ်နေ့မနက်မှာ သားကြီးကို ဆရာဝန်မှာတဲ့ လက်ဖျစ်ပူဖောင်းအမြန်ရှာခိုင်းရတာပေါ့။ ကံအားလျော်စွာ ဆေးပစ္စည်းပါ တွဲရောင်းတဲ့ စတိုးဆိုင်တစ်[illegible] ရလာတယ်။ အဲဒါကို လေဖြည့်သွင်းပြီး အေးကို [illegible]



www.burmeseclassic.com

www.burmeseclassic.com

ညှစ်ပေးဖို့ မှာရတယ်။ ဒါမှ လက်ကောက်ဝတ်ကအကြောတွေ သန်မာလာမှာ မဟုတ်လား။ တကယ်လို့ အကြောတွေ မလှုပ်ရင် ဒုတိယအကြိမ် ခွဲစိတ်ခံရမှာစိုးရတယ်လေ။

ဒီလိုနဲ့ ၅-၁၀-၁၃ ရက် ည ၇ နာရီကျော် ဆေးရုံမှာ ဆရာဦးခင်မောင်ဌေးနဲ့ ချိန်းထားတဲ့အတိုင်း သွားပြရပါတယ်။ ဆရာက Neck Line နဲ့ အကြောမွေးထားတာတွေကို စစ်ဆေးကြည့်ရှုပြီး ကောင်းတဲ့အကြောင်း ပြောပါတယ်။ နောက်တစ်ပတ်ပြန်ပြဖို့နဲ့ သောက်ဆေးတစ်ပတ်စာ ရေးပေးလိုက်ပါတယ်။

တစ်ဆက်တည်းမှာပဲ အဲဒီည ၈ နာရီက ၁၂ နာရီအထိ H.D. မှာ ဆဋ္ဌမအကြိမ်မြောက် Dialysis (ကျောက်ကပ်ဆေး)ရပါတယ်။ စက်နံပါတ် ၂၅ ပါ။ အေး ည ၉ နာရီနောက်ပိုင်း ချမ်းတုန်လာလို့ ရေနွေးအိတ်ကပ်ရပါတယ်။

အဲဒီညက တာဝန်ကျ ဆရာဝန် ဒေါ်ဥမ္မာလှိုင်က ထူးထူးခြားခြား အေးအတွက် သားရေလက်နှိပ်ဘောလုံး တစ်ခု လက်ဆောင်ပေးပါတယ်။ လူ့ခန္ဓာကိုယ်ထဲက ကျောက်ကပ်ပုံသဏ္ဌာန်နဲ့ အရွယ်အစားအတိုင်း ပုံစံတူ အတုပြုလုပ်ထားတာပါ။

အေးဟာ အဲဒီလက်နှိပ်ဘောလုံးလေးကို ဖျစ်ညှစ်ရင်းက သူ့လက်ကောက်ဝတ်နဲ့ လက်ဖျံက အကြောတွေ တဖြည်းဖြည်းသန်မာလာခဲ့တာ ဖြစ်ပါတယ်။ အဲဒီ လက်နှိပ်ဘောလုံးလေးကို သွားလေသူ ချစ်ဇနီးအေးတစ်ယောက် ကျောက်ကပ်ရောဂါဖြစ်လို့ အကြောမွေးရတုန်းက ဖျစ်ညှစ်ခဲ့တာလေးပါလားလို့ မစွန့်ပစ်ရက်နိုင်ဘဲ ခုထိ အမှတ်တရ သိမ်းဆည်းထားတုန်းပါပဲ။ ဒီလို ထူးခြားပြီး တန်ဖိုးရှိတဲ့ လက်နှိပ်ဘောလုံးလေးကို လက်ဆောင်ပေးခဲ့တဲ့ အာရှတော်ဝင်ဆေးရုံ ကျောက်ကပ်နှင့်သွေးသန့်စင်ဌာန (H.D.) က ဒေါက်တာဒေါ်ဥမ္မာလှိုင်ကို ဘဝတစ်ပါးသို့ ကူးပြောင်းသွားရှာပြီဖြစ်တဲ့ ချစ်ဇနီးအေးရဲ့ကိုယ်စား ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း ဒီဆောင်းပါးနဲ့ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါတယ်။

အေးဟာ ဒီလိုညပိုင်း ကျောက်ကပ်ဆေးရတိုင်း ချမ်းတုန်တတ်တာကြောင့်မို့လို့ နောက်တစ်ကြိမ်မှာ နေ့ခင်းပိုင်းပြောင်းဆေးခွင့်ပြုဖို့ ဒေါ်ဥမ္မာကိုပဲ အပူကပ်ရပြန်ပါတယ်။ သူက ချက်ချင်းအာမမခံခဲ့ပေမယ့် နောက်တစ်ကြိမ် ဆေးရမယ့် အင်္ဂါနေ့ ၁၁ နာရီလောက် သူ့ဆီဖုန်းဆက်မေးဖို့နဲ့ အဆင်ပြေရင် နေ့ခင်းဘက်ဆေးဖို့ လုပ်ပေးမယ်လို့ ပြောပါတယ်။

ဒီကြားထဲ အေးအခြေအနေက တစ်ပတ်နှစ်ကြိမ်နှုန်းနဲ့ အာရှတော်ဝင်မှာ ၆၊ ကျောက်ကပ်သွားဆေးနေရလို့ နည်းနည်းလှုပင်ပန်းတာကလွဲလို့ အတော်လေး နေထိုင်ကောင်းလာပါတယ်။ အစားအသောက်နဲ့ပတ်သက်ပြီးတော့လည်း တစ်ခါတစ်ရံ ရင်ထဲပျို့ချင်သလိုမျိုး ဖြစ်တာကလွဲပြီး ပုံမှန်နီးပါး စားနိုင်လာပါတယ်။ လက်ကတော့ တစ်ချိန်လုံးလိုလို လက်နှိပ်ဘောလုံးလေးနှိပ်ရင်း မိသားစုနဲ့ ရယ်ရယ်မောမော စကားစမြည် ပြောလာတတ်ပါတယ်။ ညှိုသည့်လာရင်လည်း လူကောင်းတစ်ယောက်လို ပြုံးပြုံးရွှင်ရွှင်နဲ့ ထိုင်စကားပြောနေတာ တွေ့ရပါတယ်။ တီဗီကိုလည်း ကြည့်နေကျ ကိုရီးယားကား ဇာတ်လမ်းတွဲကို အလွတ်မပေးဘဲ ကြည့်ရှုတတ်လာတာ ဝမ်းသာစွာတွေ့ရပါတယ်။

ဒါတွေဟာ ကျောက်ကပ်ဝေဒနာရှင်အတွက် ဆရာဝန်ညွှန်ကြားတဲ့အတိုင်း ပုံမှန် Dialysis လုပ်ပေးလို့ ရလာတဲ့ အကျိုးကျေးဇူးတွေပါပဲ။ လူသာမန်တစ်ယောက်လို အလုပ်ကောင်းကောင်း မလုပ်နိုင်တော့တဲ့ ကျောက်ကပ်တွေကိုယ်စား ခေတ်မီစက်ကြီးက ကြားဝင်ပြီး ဆေးကြောသန့်စင်ပေးတာကြောင့် သွေးထဲမှာ အဆိပ်အတောက်တွေ ကင်းစင်လာတာမို့လို့ လူကောင်းတစ်ယောက်လို နေထိုင်လာနိုင်တာ ဖြစ်ပါတယ်။

ဒါပေမယ့် ကိုယ်ခန္ဓာထဲက သွေးတွေကို ပလတ်စတစ်ပိုက်ငယ်လေးတွေနဲ့ အပြင်ကိုထုတ်ယူပြီး စက်မှာတပ်ထားတဲ့ ကျောက်ကပ်အတုကို ဖြတ်သန်းပြီး ဆေးကြောသန့်စင်ရတဲ့ "ဒဏ်"ကြောင့် ထင်ပါရဲ့၊ အေးဟာ နေကောင်းလာပေမယ့် ခန္ဓာကိုယ်ကတော့ တစ်နေ့တခြား ပိန်ကျတာကို သတိပြုမိပါတယ်။

တကယ်တော့ ဒီလိုမျိုးဖြစ်ရတာ အေးတစ်ယောက်တည်းတော့ မဟုတ်ပါဘူး။ ကျောက်ကပ်သွေးသန့်စင်ဌာန (H.D.)မှာရှိတဲ့ ခုတင် ၂၀ ပေါ်မှာ ကျောက်ကပ်ဆေးနေ

www.burmeseclassic.com

www.burmeseclassic.com

ကြတဲ့ လူနာတွေကို အကဲခတ်ကြည့်ရင်လည်း အားလုံး လိုလို ပိန်ကျနေတာ တွေ့ရပါတယ်။ ဒါတင်မကသေးဘူး။ (H.D.) မှာ တစ်နေ့ကျောက်ကပ်ဆေးချိန် လေးချိန်ရှိတော့ တစ်ရက်ကို လူနာ ရှစ်ဆယ်ယောက်လောက် ပုံမှန် ကျောက်ကပ်လာဆေးနေရပါတယ်။ အဲဒီလူနာတွေကို လိုက်ကြည့်ရင်လည်း သာမန်လူလို ဝဖြိုးနေတာမျိုး တွေ့ရ ခဲပါတယ်။ အများစုကတော့ ပိန်ကပ်နေတတ်ကြပါတယ်။

ပြီးတော့ ဒီလူနာအများစုဟာ တစ်ယောက်တည်း လမ်းလျှောက်နိုင်လောက်တဲ့ အင်အားမရှိကြပါဘူး။ ဘေး ကပါလာတဲ့ အဖော်က တွဲခေါ်လာရတာများပါတယ်။ ဒါကြောင့် လူနာအတော်များများဟာ (H.D.)ဆီ ရောက် အောင် ဓာတ်လှေကားနဲ့ တက်ရတာဆိုပေမယ့် ဘီးတပ် ကုလားထိုင်(Wheel Chair)နဲ့ တက်ကြတာ များပါတယ်။

အာရုတော်ဝင်မှာ တစ်ခုကောင်းတာက ဘီးတပ် ကုလားထိုင်တွေကို ဆေးရုံအောက်ဆုံးထပ်ကနေ အခမဲ့ စိတ်ကြိုက်ယူသုံးစွဲခွင့် ပြုထားတာပါ။ လူနာအနေနဲ့ အိမ် ကနေ တက္ကစီနဲ့လာပြီး ဆေးရုံအောက်ဆုံးထပ်ထဲအထိ ဝင်လို့ရပါတယ်။ ဆင်းဖို့ ကားတံခါးဖွင့်လိုက်တာနဲ့ ယူနီ ဖောင်းအပြာဝတ် အလုပ်သမားတစ်ယောက်က ဘီးတပ် ကုလားထိုင်အဆင်သင့်ထိုးထားပေးပါတယ်။ ဒါတင်မက လူနာကိုပါ ဘီးတပ်ကုလားထိုင်ပေါ် ပြောင်းထိုင်နိုင်အောင် ဝိုင်းကူညီပါသေးတယ်။ လိုအပ်ရင် ဓာတ်လှေကားထဲအထိ ရောက်အောင် တွန်းပို့ပေးပါသေးတယ်။

ဒါဟာ သူ့တာဝန်အရ စေတနာနဲ့ ဆောင်ရွက်ပေး တဲ့ အခမဲ့ဝန်ဆောင်မှုပါ။ ပိုက်ဆံတစ်ပြားမှ ပေးနေစရာ မလိုပါဘူး။ မယုံရင် အချိန်မရွေးသွားကြည့်လို့ ရပါတယ်။ တစ်ဆင့်စကားမဟုတ်ပါဘူး။. ကိုယ်တွေ့မျက်မြင်မို့လို့ပါ။

ဓာတ်လှေကားထဲရောက်ရင်တော့ လူနာရှင်ကိုယ် တိုင် ဆက်လုပ်ပြီး (H.D.)ရှိတဲ့ ဒုတိယထပ်က သတ်မှတ် ခုတင်ရှိရာအထိ ကိုယ်တိုင်တွန်းသွားနိုင်ပါတယ်။ လူနာကို ခုတင်ပေါ်မှာ နေသားတကျဖြစ်အောင် တင်ပေးပြီးရင် ဘီးတပ်ကုလားထိုင်ကို ခေါက်သိမ်းပြီး (H.D) အဝင်ဝက ကော်ရီတာမှာ တခြားကုလားထိုင်တွေနဲ့အတူ စနစ်တကျ တန်းစီသွားထားရပါမယ်။ ကျောက်ကပ်ဆေးလို့ပြီးချိန်နီး ရင် ပြန်ယူပြီး လူနာကို အလာတုန်းကလို အောက်ထပ် ထိ ပြန်ပို့နိုင်ပါတယ်။ အဲဒီကမှတစ်ဆင့် တက္ကစီခေါ်ပြီး အိမ်ပြန်လို့ရပါတယ်။

အေးလည်း ပထမပိုင်း ကျောက်ကပ်ဆေးတဲ့ ရက် တွေမှာ ဘီးတပ်ကုလားထိုင်ကို အသုံးပြုခဲ့ရပါသေးတယ်။ နောက်ပိုင်းအခေါက်တွေမှာတော့ ဘီးတပ်ကုလားထိုင်စီး ရတာ ငြီးငွေ့လာလို့ဆိုပြီး သာမန်လူလိုပဲ လမ်းလျှောက် တက်လာပါတယ်။ ဒါပေမယ့် ကိုယ်ဘေးကနေ အမြဲတွဲခေါ် ပေးခဲ့ရတာပါပဲ။

ကံကောင်းချင်တော့ အေး သတ္တမအကြိမ် ကျောက် ကပ်ဆေးရမယ့်နေ့မှာ (H.D)ကို ဖုန်းဆက်ကြည့်တော့ ဒေါက်တာဥမ္မာလှိုင်က နေ့လယ် ၁ နာရီမှာ ဆေးခွင့်ရ တယ်သိရတော့ သားကြီးမျိုးနဲ့အတူ အေးကို အာရုတော် ဝင်ဆီ ပို့ပေးရပြန်ပါတယ်။

တိုက်ဆိုင်တာတစ်ခုက သမီး ထက်ထက်ခိုင်က အဲဒီနေ့မှာပဲ အေးနဲ့ ကိုယ်တို့ကို သူပြင်ဆင်ထားတဲ့ ကန်တော်လေး ၇၉ လမ်းက တိုက်ခန်းကို ပြောင်းရွှေ့လာ ကြဖို့ မှာပါတယ်။ ဒီအိမ်ခန်းကို သူ့အမေ ရောဂါသက်သာ ပျောက်ကင်းစေဖို့ ယတြာလုပ်တဲ့သဘောနဲ့ စီစဉ်ထားတာ လို့ သမီးက ပြောပါတယ်။ တစ်နည်းအားဖြင့် သူ့ရော၊ သူ့အမေပါ နှစ်ယောက်လုံး လက်ရှိ ဖဆပလအိမ်က ပြောင်း ရွှေ့လိုက်မှ သူ့လုပ်ငန်းကိုင်ငန်းကော၊ သူ့အမေရောဂါပါ အမြန်သက်သာပျောက်ကင်းသွားမယ်လို့ ဆိုပါတယ်။

ဒါ့ကြောင့် ဒီနေ့ ၈-၁၀-၁၃ ရက်နေ့ဟာ နေ့ ကောင်းရက်သာဖြစ်လို့ အေးရော၊ ကိုယ်တို့ပါ မပျက် မကွက်ပြောင်းရွှေ့လာကြဖို့ ပြောပါတယ်။ ဒါဆိုရင် ဘ[illegible]လို လုပ်ရပါ့မလဲ။ အေးကလည်း ဒီနေ့လယ် ၁း၃၀ နာရီက ၅း၃၀ နာရီ ကျောက်ကပ်ဆေးရဦးမှာဆိုတော့လေ။

ဘာပဲဖြစ်ဖြစ် အားလုံး အဖက်ဖက်က အဆင်ပြေ အောင်တော့ အကောင်းဆုံး စီမံခန့်ခွဲရတော့မှာပေါ့ဗျာ။

*(ဆက်လက်ဖော်ပြပါမည်။)*

ဗဟိုသာ



www.burmeseclassic.com

www.burmeseclassic.com

# အမှုတွေပြေအောင်စေမယ့် ဥပဒေအမေးအဖြေ

ဦးစောလှိုင် [ B.A (HIST:) H.G.P., R.L ]

**ရာထူးချထားခိုက် အသက် ၆၀ ပြည့်သွားပြီး အမှုမပြီးသေးခင် ကွယ်လွန်သွားသော ဝန်ထမ်း၏ ပင်စင်ကိစ္စ**

ဆရာရှင့်...

ကျွန်မရဲ့ ခင်ပွန်းဟာ ဦးစီးဌာနတစ်ခုက ရုံးအုပ်တစ်ယောက် ဖြစ်ပါတယ်။ ကံဆိုးချင်တော့ အောက်က တပည့်ဝန်ထမ်းမလိမ္မာတာနဲ့ ပြဿနာဖြစ်ပြီး ရာထူးက ခေတ္တချထားခြင်းခံရတဲ့အပြင် နယ်ဘက်တရားရုံးမှာ တရားစွဲဆိုခံရပါတယ်။ အမှုဖြစ်ပွားချိန်မှာ ကျွန်မခင်ပွန်းဟာ သက်ပြည့်ပင်စင်သွားဖို့ တစ်နှစ်လောက်ပဲ လိုပါတော့တယ်ဆရာ။

တရားရုံးမှာ အမှုရင်ဆိုင်ရတယ်ဆိုတော့ အမှုစွဲတင်နေတာ၊ တရားလိုပြသက်သေတွေ စစ်ဆေးနေတာ၊ တရားခံနဲ့ တရားခံပြသက်သေတွေစစ်ဖို့ ရှိမန်ကြီးရုံးချိန်တွေနဲ့တင် အချိန်တစ်နှစ်လောက် ကြာနေပါတော့တယ်။ အမှုက ခင်ပွန်းသည် အသက် ၆၀ ပြည့်လို့ သက်ပြည့်ပင်စင်သွားရမယ့်နေ့အထိလည်း မပြီးသေးပါဘူး။

အဲဒါကြောင့်ပဲ ထင်ပါရဲ့။ ခင်ပွန်းသည်ဟာ စိတ်ဓာတ်တွေကျဆင်းပြီး အသက် ၆၀ နှစ်မပြည့်ခင်ကလေးမှာပဲ နဂိုကရှိနေတဲ့ နှလုံးရောဂါအခံနဲ့ ကွယ်လွန်အနိစ္စရောက်သွားပါတော့တယ်။

သူကွယ်လွန်တော့ သားထောက်သမီးခံမရှိဘဲ တစ်ယောက်တည်း ကျန်ရစ်ခဲ့တဲ့ ကျွန်မမှာ စားဝတ်နေရေး ခက်ခက်ခဲခဲနဲ့ ကျန်ရစ်ခဲ့ပါတယ်။ သူများတွေတိုက်တွန်းသလို မိသားစုပင်စင် တင်လျှောက်ဖို့ကျတော့လည်း ခင်ပွန်းသည်ဟာ သက်ပြည့်ပင်စင်မခံစားရသေးခင်မှာ ကွယ်လွန်သွားတာ ဖြစ်နေပါတယ်။ ပြီးတော့ ရာထူးကလည်း ခေတ္တချထားတာ ခံနေရပြီး အမှုကလည်း မပြီးသေးဘူးဖြစ်နေပါတယ်။

ဆရာရှင့်...

အဲဒါကြောင့် ကျွန်မသိချင်တာက မိသားစုပင်စင်ခံစားခွင့်ရအောင် ဘယ်အချိန်အထိ စောင့်နေရဦးမှာပါလဲ။ သူမှုလရာထူး ပြန်ရလာတဲ့အထိလား၊ အမှုပြီးပြတ်တဲ့အချိန် အထိလား။

ကျွန်မအနေနဲ့ တစ်ယောက်တည်း အထီးကျန်ပြီး အလွန်ဒုက္ခရောက်နေပါတယ်ဆရာ။ အဲဒါကြောင့်မို့လို့ ဒီမိသားစုပင်စင် ခံစားရရှိနိုင်ဖို့အတွက် တရားဥပဒေနဲ့အညီ ဘယ်လိုဆက်လက်ဆောင်ရွက်ရမယ်ဆိုတာ အမြန်ဆုံးလမ်းညွှန်ပြောကြားပေးဖို့ အနူးအညွတ် ပန်ကြားမေတ္တာရပ်ခံအပ်ပါတယ်ရှင်။

ရိုသေလေးစားစွာဖြင့်

ဒေါ်လှသီ

အမှတ်(၁၀)ရပ်ကွက်၊ သာကေတမြို့။

ဒေါ်လှသီခင်ဗျား...

ခင်ပွန်းသည်ဟာ သူ့အပေါ်အရေးယူထားတဲ့အမှုနဲ့ ပတ်သက်ပြီး တကယ်လို့အပြစ်ရှိလို့ ရာထူးက ထုတ်ပယ်/ထုတ်ပစ်ခြင်း စတဲ့ အပြီးသတ်အမိန့် မထုတ်ပြန်ရသေးခင်မှာ ကွယ်လွန်သွားတာဖြစ်တဲ့အတွက် သူဟာ ဝန်ထမ်းဘဝနဲ့ပဲ ကွယ်လွန်သွားတာလို့ မှတ်ယူရမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဝန်ထမ်းတစ်ယောက်အနေနဲ့ ရသင့်ရထိုက်တဲ့ ပင်စင်အကျိုးခံစားခွင့်တွေကို ပေးရမှာ ဖြစ်ပါတယ်။ ပြီးတော့ ဝန်ထမ်းစည်းမျဉ်းအရ ကွယ်လွန်သွားတဲ့ ဝန်ထမ်းကို ဆက်လက်အရေးယူနေစရာ မလိုတော့ပါဘူး။ ခေတ္တရာထူးချထားတာကိုလည်း ရုပ်သိမ်းရမှာဖြစ်သလို၊ တရားရုံးတော်အနေနဲ့လည်း ဥပဒေနဲ့အညီ အမှုကို ရုပ်သိမ်းပစ်ရမှာ ဖြစ်ပါတယ်။

ဒါဆိုရင် တရားဝင်ဇနီးဖြစ်တဲ့ ဒေါ်လှသီအနေနဲ့ ကွယ်လွန်သူခင်ပွန်းရဲ့ မိသားစုပင်စင်လစာကို လုပ်ထုံးလုပ်နည်းနဲ့ညီ



www.burmeseclassic.com

www.burmeseclassic.com

မဖြစ်မနေ အကျိုးခံစားခွင့် ရရှိလာမှာဖြစ်ကြောင်း ဖြေကြားပေးလိုက်ရပါတယ်။

## ကွယ်လွန်သူဝန်ထမ်းမှာ တစ်ဦးတည်းသောသား လူပျိုကြီးဖြစ်နေရင် မိသားစုပင်စင် ဘယ်သူရမလဲ

ဆရာခင်ဗျား. . .

ကျွန်တော့်ဆရာကြီးဟာ ဦးစီးဌာနတစ်ခုက ဦးစီးအရာရှိတစ်ယောက် ဖြစ်ပါတယ်။ သူဟာ မွေးချင်းညီအစ်ကို မောင်နှမတစ်ယောက်မှမရှိတဲ့ ဥတစ်လုံးတစ်ကောင်ကြွက် တစ်ယောက်လည်းဖြစ်ပါတယ်။ ပြီးတော့ သူဟာ အိမ်ထောင်မပြုတဲ့ တစ်ကိုယ်တည်း လူပျိုကြီးတစ်ယောက်လည်း ဖြစ်နေပြန်ပါသေးတယ်။

ဒါကြောင့်လည်း သူ့လက်အောက်က အောက်တန်းစာရေးတစ်ယောက်ဖြစ်တဲ့ ကျွန်တော်ကပဲ ရုံးမှာ ဆရာ့ရဲ့ ဝေယျာဝစ္စတွေကို လုပ်ကိုင်ပေးရပါတယ်။ ဆရာဟာ သက်ပြည့်ပင်စင်လည်း နှစ်နှစ်လောက်ပဲ လိုတော့တဲ့အပြင် လူပျိုကြီးပီပီ တစ်ယောက်တည်းနေတယ်လို့လည်း သိရပါတယ်။

အဲဒါကြောင့် ကျွန်တော်ကပဲ ကိုယ့်ဦးကြီး၊ ဘကြီးတစ်ယောက်လိုသဘောထားပြီး ရုံးမှာတင်မက သူ့အိမ်အထိပါ လိုက်သွားပြီး အိမ်မှုကိစ္စတွေကိုပါ လုပ်ကိုင်ပေးလာရပါတယ်။ သူကလည်း ဆွေမျိုးမရှိတော့ ကျွန်တော့်ကိုပဲ သူ့တူ၊ သူ့သားတစ်ယောက်လို ပြောဆိုဆက်ဆံလာတာကို တွေ့ရပါတယ်။

အဲလိုနဲ့ တစ်ခါတစ်ရံမှာ ဆရာ့အိမ်မှာ ညအိပ်စောင့်ပေးရတာမျိုးတောင် ရှိလာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆရာမှာ ပန်းနာရောဂါရှိနေလို့ပါပဲ။ ဒီရောဂါဟာ လပြည့်လကွယ်နေ့တွေမှာ ဝေဒနာစွမ်းပြတတ်လေတော့ တစ်ညလုံး အိပ်လို့မရအောင် ချောင်းတဟွတ်ဟွတ်ဆိုးနေတတ်လို့ ဖြစ်ပါတယ်။ ဒီလိုနဲ့ ကျွန်တော်ဟာ တစ်ခါတစ်ရံကနေ ဆရာ့ကိုပြုစုရင်း ဆရာ့အိမ်မှာ အမြဲလိုလို နေလာရပါတော့တယ်။

ဆရာကလည်း ကျွန်တော့်ကို တစ်နေ့တခြား တူသားအရင်းအချာတစ်ယောက်လို သံယောဇဉ်ဖြစ်လာပြီး သူမရှိတော့တဲ့အခါကျရင် ကျွန်တော့်ကို သူ့ညီအငယ်ဆုံးအနေနဲ့ မိသားစုပင်စင်လစာကို ခံစားခွင့်ရအောင် လုပ်ထားပေးခဲ့မယ်လို့ မကြာခဏ ပြောခဲ့ပါတယ်။

ခုတော့ ဆရာလည်း သက်ပြည့်ပင်စင်ယူပြီးလို့ နှစ်နှစ်လောက်အကြာမှာပဲ ပန်းနာရောဂါနဲ့ပဲ ကွယ်လွန်သွားခဲ့ရှာပါပြီ။ ကျွန်တော့်လက်ပေါ်မှာပဲ ဆုံးပါးသွားခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်ကို သူ့အိမ်မှာပဲ ဆက်လက်နေထိုင်သွားခွင့်ပြုခဲ့ပါတယ်။

ပြီးတော့ သူ့မိသားစုပင်စင်ခံစားနိုင်အောင် ကျွန်တော့်ကို သူ့ညီအငယ်ဆုံးအနေနဲ့ အရင်းပေးထားခဲ့တယ်လို့ သိရပါတယ်။ ဒါပေမယ့် ဒီနေ့အထိတော့ ဒီကိစ္စကို ကျွန်တော် ဘာမှမသိရသေးပါဘူး။ ခုဆို ဆရာကွယ်လွန်ခဲ့တာပဲ တစ်နှစ်နီးပါးရှိလာပါပြီ။

အဲဒါ ကျွ[ံ]ဳတော့်အနေနဲ့ ဆရာ့မိသားစုပင်စင်ခံစားခွင့်ရအောင် ဘယ်လိုဆက်လုပ်ရမယ်ဆိုတာ ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ဆရာ။

အစဉ်လေးစားစွာဖြင့်
**မောင်မောင်အောင်**
ဒိုင်းဝန်းကွင်း၊ မော်လမြိုင်မြို့။

ကိုမောင်မောင်အောင်ခင်ဗျား. . .

ပင်စင်ပေးရေး နည်းဥပဒေသစ်၊ နည်းဥပဒေ-၅ အရ မိသားစုပင်စင်ဆိုတာ ကွယ်လွန်သူရဲ့ဇနီး/ခင်ပွန်း၊ သူတို့မရှိတော့ရင် အသက် ၁၈ နှစ်မပြည့်သေးတဲ့ 'အိမ်ထောင်မပြုရသေးတဲ့ သားသမီး (သို့မဟုတ်) အသက် ၁၈ နှစ်ပြည့်ပြီး တက္ကသိုလ်ကောလိပ်တစ်ခုခုမှာ အချိန်ပြည့်ပညာသင်ကြားနေတဲ့ သားသမီး၊ သူတို့မရှိရင် လင်သေပြီး မုဆိုးမဖြစ်နေတဲ့ သမီး၊ သူလည်းမရှိရင် အိမ်ထောင်မရှိသေးတဲ့ အဖမဲ့မြေး (သို့မဟုတ်) အသက် ၁၈ နှစ်ပြည့်ပြီး တက္ကသိုလ်တက်နေတဲ့ အိမ်ထောင်မရှိတဲ့ အဖမဲ့မြေး၊ သူတို့မရှိရင် အမိအဖ၊ ညီ၊ ညီမ၊ သူတို့မှမရှိတော့ရင် မုဆိုးမဖြစ်နေတဲ့ ညီမ/အစ်မ စသည်တို့ ခံစားကြရမှာဖြစ်ပါတယ်။

အခုကိစ္စမှာတော့ ကွယ်လွန်သူဝန်ထမ်းပင်စင်စားဟာ မိဘမောင်ဖွားတစ်ယောက်မှ မရှိတဲ့ တစ်ကိုယ်ရေ တစ်ကာယ လူပျိုကြီး တစ်ကောင်ကြွက်ဖြစ်နေတာကြောင့် ပင်စင်ပေးရေး နည်းဥပဒေသစ်၊ နည်းဥပဒေ-၅ အရ မိသားစုဝင် စာရင်းမှာ မပါတဲ့ အပြင်လူကို မိသားစုပင်စင် အကျိုးခံစားခွင့်ပေးလို့ရမှာ မဟုတ်ဘဲ နိုင်ငံတော်အစိုးရကပဲ သိမ်းယူသွားမှာ ဖြစ်ကြောင်း ဖြေကြားလိုက်ရပါတယ်။

**ဦးစောလှိုင်[B.A(Hist:) H.G.P.,R.L]**



www.burmeseclassic.com

www.burmeseclassic.com



# စီတန်းလှည့်လည်၊ စုဝေးခွင့်(ဆန္ဒပြခွင့်) ဥပဒေနှင့် ပြင်ဆင်ချက်

ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

ဗိုလ်ချုပ်ကြီးစောမောင်၊ (နဝတ)အစိုးရလက်ထက် ၁၉၈၈ ခုနှစ် အမိန့်အမှတ် ၂/၈၈ မစုဝေးရ အမိန့်အား ၂၈.၁.၂၀၁၃ ရက်နေ့က ပယ်ဖျက်လိုက်ပြီး ဦးသိန်းစိန် (သမ္မတ)လက်ထက်တွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ်(၁၅)ကို (၂.၁၂.၂၀၁၁)ရက်နေ့၌ ပြဋ္ဌာန်းခဲ့၏။ ယင်းဥပဒေကို (ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ)ဟု ခေါ်ပါသည်။

ပြစ်မှုနှင့် ပြစ်ဒဏ်များကို ၎င်းဥပဒေ အခန်း(၇)တွင် ဖော်ပြ ပြဋ္ဌာန်းထားသည်ဖြစ်၍ ကောက်နုတ်၍ အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

ပုဒ်မ(၁၇) - မည်သူမဆို ခွင့်ပြုမိန့်အရ ငြိမ်းချမ်းစွာ စုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်းပြုနေသူများအား နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း၊ စိတ်ပြိုငြင်စေခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း မပြုရ။ ပျက်ကွက်ကျူးလွန်လျှင် ယခင်က ထောင်ဒဏ်(၂)နှစ်နှင့် ငွေဒဏ် ကျပ် ၅၀၀,၀၀၀/၊ ယခု ပြင်ဆင်ချက် ထောင်ဒဏ်(၁)နှစ်နှင့် ငွေဒဏ် ကျပ် ၅၀,၀၀၀/- ကျခံစီရင်ခြင်း ခံကြရပါမည်။

ပုဒ်မ(၁၈) - မည်သူမဆို ခွင့်ပြုမိန့်မရရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်းပြုလျှင် ယခင်ထောင်ဒဏ်(၁)နှစ်၊ ယခုပြင်ဆင်ချက် ထောင်ဒဏ်(၆)လနှင့် ငွေဒဏ်ကျပ် ၃၀,၀၀၀/- ကျခံစီရင်ခြင်းခံရမည် ဖြစ်၏။

ပုဒ်မ(၁၉) - မည်သူမဆို သတ်မှတ်ထားသော စည်းကမ်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ယခင်ထောင်ဒဏ်(၆)လ၊ ယခုပြင်ဆင်ချက် ထောင်ဒဏ်(၃)လနှင့် ငွေဒဏ်ကျပ် ၁၀,၀၀၀/- ကျခံခြင်းခံကြရပါမည်။

မှတ်ချက် - သက်ဆိုင်ရာ တရားရုံးတော်က ပြစ်ဒဏ်ချမှတ်ရာတွင် ငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ ချမှတ်နိုင်ပါသည်။ သို့တည်းမဟုတ် ထောင်ဒဏ်နှင့် ငွေဒဏ်တို့ကိုပါ ပူးတွဲချမှတ်နိုင်သည် ဖြစ်၏။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**

ပြည်ထောင်စုလွှတ်တော်ဥပဒေ၊ အမှတ်(၂၆)၊ (၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်) (ဥပဒေပြင်ဆင်ချက်)

www.burmeseclassic.com

www.burmeseclassic.com

# ပဲလှော်ကြားမှ ဆားညှပ်သံစာ

မြမှုဆိုင်






www.burmeseclassic.com

www.burmeseclassic.com

# ပဲလော်ကြားမှ ဆားညှပ်ခံရသူ

မြမြလှိုင်

မိန်းမလှလေးတစ်ယောက်နဲ့ မတန်တဲ့ သည်နေရာ။ ဟုတ်တယ်။ ကျွန်မအတွက် မရောက်သင့် မရောက်ထိုက်တဲ့နေရာပါ။ ပထမဆုံးမြင်ရတဲ့ ပတ်ဝန်းကျင် အုတ်ရိုးနီနီတွေနဲ့ လေးဘက်လေးတန် အဆောက်အဦတွေ။ ဒီအဆောက်အဦထဲတွင် ရှိကြသောလူသားတွေ။ စည်းကမ်းနှင့် နည်းလမ်းကျကျ အုပ်ချုပ်မှုကို ခံရသည်။ စနစ်ဖယားနှင့် အပြစ်ရှိသူများကို ခွဲခြားဆပ်ခိုင်းသည်။ လွတ်လပ်မှု၊ ယုယမှု၊ ကြင်နာမှု စသည်တို့သည် ပြင်ပကမ္ဘာလေးတွင် ကျန်ရစ်ခဲ့ပြီ။ သီးသန့် စည်းခြားထားသည့် နေရာဖြစ်သည်။ ဘယ်သောအခါကမှ မတွေးခဲ့မထင်ခဲ့သော နေရာကို ယခုတော့ ကျွန်မရောက်နေရပြီ။

ကျွန်မနာမည်လား။ အစ်မတို့က ကျွန်မနာမည်ကို သိချင်တာလား။ နာမည်က အရေးမကြီးပါဘူး။ အဓိကက ကျွန်မအကြောင်းပါ။ နာမည်ကို ပြောပြပါ့မယ်။ အစ်မတို့ သိထားတဲ့ အတိုင်း ကျင်မေဆိုတာ ကျွန်မရဲ့ နာမည်ပဲပေါ့။ သည်လိုရုပ်ရည် လှပရုံနဲ့ ရာဇဝတ်မှု မကျူးလွန်သင့်ဘူးလို့ ထင်ကြ၊ တွေးကြမှာပဲ။ ရုပ်ရည်လှပခြင်းဟာ မိန်းကလေးတစ်ယောက်အတွက် ဥစ္စာပစ္စည်းတစ်ခုပဲလို့ ပြောကြတယ်။ ဘာတဲ့ "ဣတ္ထိရုပံ ဓနံ" တဲ့။ ရုပ်ရည်လှပခြင်းဟာ မိန်းကလေးတွေအတွက်အန္တရာယ်ပဲ။ လှတဲ့မိန်းကလေးတွေဆို ချူချင်သူ၊ ယူချင်သူ၊ လိုချင်ရမ္မက်သဘောနဲ့ သူတို့ဘက် ပါရလေအောင် ဆွဲဆောင်ခေါ်ငင်။ ခြွေချင်ကြသူတွေက များလှတဲ့ ပုရိသယောကျ်ားတွေပဲပေါ့။ လတ်လတ်ဆတ်ဆတ် ပန်းလေးတစ်ပွင့် ရနံ့သင်းသင်းနဲ့ အလှသီတင်းကြွယ်စပြုပြီဆို ရံချင်သူ၊ ပန်ချင်သူတွေက ဝိုင်းဝိုင်းလည်ပေါ့။ အလှပန်းလေးကို မနွမ်းရလေအောင် စိုးရိမ်စိတ်နဲ့ အကာအကွယ်ပေးမယ့်သူတွေက မရှိသလောက် ရှားပါးပစ္စည်း ဖြစ်နေပြီ။

ဓနအင်အား၊ ဂုဏ်အင်အားတွေနဲ့ ချူဖို့၊ ဆွတ်ဖို့ ပြင်ဆင်ကြပြီး မွှေးတုန်းတော့ နမ်းမယ်။ ပန်မယ်။ လက်ပေါင်းများစွာ ဖွဲ့ဆိတ်ခြင်းခံရတဲ့အခါမှာ ရနံ့လည်းကင်း၊ အဆင်းနဲ့အလှကလည်း နဂ္ဂိဘဝရောက်တဲ့အခါမှာ မကြွေခင်ပင် ခြွေလိုသူတွေက ချူငင်ကာ နေကြသည်။

ရနံ့ကို ရှူရှိုက်ခံလိုက်ရပြီး လက်ဆိပ်သင့်သွားတဲ့ ပန်းပွင့်လေးရဲ့ နိဂုံးကတော့ အရှုံးနဲ့ရင်ဆိုင်ရပြီး အဆုံးမလှတဲ့ ဘဝနဲ့ တွေ့ရတော့တယ်။ ချူချင်သူတွေ ဝိုင်းဝိုင်းလည်နေသည်။ ဘဝကို ကျေနပ်ပီတိနဲ့ ဂုဏ်ယူ၍မရပေ။ အနှစ်မှန်းမသိ၊ အကာမှန်းမသိတဲ့ မေတ္တာ၏နောက်ကို လိုက်ရင်း ဘဝကို ရေစုန်မျှောရသူတွေလည်း တစ်ပုံတစ်ပင်။

သည်ဘဝ ကျွန်မလို မိန်းမသားတစ်ယောက်အတွက် ပျော်ရွှင်ဖွယ်ရာ ပီတိခံစားမှုဆိုတာ လိုက်လေပြေးလေ အနေဝေးလေပေါ့ အစ်မရယ်။ ကျွန်မဘဝက သိတတ်စအရွယ်ထဲက တစ်ပါးသူအိမ်မှာ မသေရုံထမင်းစားရပြီး အရှက်လုံရုံ ဝတ်ရတဲ့ ဘဝနဲ့ ရှင်သန်ကြီးလာခဲ့ရတဲ့သူ။ တစ်ပါးသူဆိုတာက သူစိမ်းတော့ မဟုတ်ပါဘူး။ ကျွန်မအမေရဲ့ ညီမအရင်း။ ကျွန်မရဲ့ အဒေါ်ရင်း မိသားစုထဲကို ကျွန်မဝင်ရောက်ခဲ့ရတယ်။ သွေးရင်းခေါက်ခေါက် ဖြစ်ပေမယ့် မိဘအရင်းခြာတွေလို အေးရိပ်မှု၊ ငြိမ်းချမ်းမှုတွေ ပေးပါ့မလဲ။ စိတ်ရင်းစေတနာ သွေးအရင်းအချာဆိုတဲ့ တွယ်တာစိတ်တွေ ကင်းလွတ်နေတဲ့ ပတ်ဝန်းကျင်မှာ မေတ္တာအရင်းခံ ဆိတ်သုဉ်းခဲ့ရတဲ့သူ အတွက် ကျွန်မရဲ့ဘဝက နေလို့မှု၊ ရေလိုမအေးနိုင်တဲ့ ဘဝ။

တစ်ဦးတည်းသော သမီးဖြစ်တဲ့ ကျွန်မကို မိဘနှစ်ပါးစလုံးက လောကအလယ်မှာ သေမင်းကိုသာ ရင်ဆိုင်ပြီး မထားချင်ဘဲ ထားခဲ့ကြတယ်။ ကျွန်မတို့ရွာကနေ မြို့ဘက်ကို လှေနဲ့ကူးတဲ့ အခါမှာ လှေမှောက်ပြီး ဆုံးပါးသွားကြတယ်။

"အမလေးတော်. . . သေဒ့်သူကတော့ သေလို့ အေးသွားပြီ။ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com

မှာသာ ဒီပါးစပ်တစ်ပေါက်နဲ့ ကျွန်ရစ်တဲ့သူကို လူဖြစ်အောင် မွေးရကျွေးရဦးမယ်။ ပေးထား၊ စုထားတာတွေက ရှိတယ်မဟုတ်လား။ ဟင်း ..ဟင်း ဒီတော့ တာဝန်ယူပြီးမွေးရတော့မှာပေါ့"

အဖေနဲ့အမေဆုံးပြီး ရက်လည်တဲ့နေ့မှာပဲ ကျွန်မတို့ရပ်ရွာက လူကြီးတွေရှေ့မှာ အဒေါ်ဆိုတဲ့သူက သူ့ရင်ဘတ်သူထုပြီး ပြောလိုက်တဲ့ စကားပေါ့။ ကျွန်မရဲ့နားထဲမှာ နင့်နင့်နဲနဲ ဝင်လိုက်တဲ့ စကားလုံးတွေ။

အဖေနဲ့အမေ မသေခင်လေးတင်မှာ ကုန်ရောင်းကုန်ဝယ်လုပ်လို့ရတဲ့ အမြတ်ငွေနဲ့ ပြင်ဆောက်ထုံအိမ်နဲ့ ပိုင်းတော့ အဒေါ် ဘယ်လိုစီစဉ်တယ်ဆိုတာ ကျွန်မမသိပေမယ့် ရပ်ရွာလူကြီးတွေနဲ့ လက်မှတ်ထိုးတာတွေကို တွေ့ရတယ်။

"ဒီငွေတွေက သူ့အတွက်ပဲ စီစဉ်ပေးရတာပါ"

"ကျေးဇူးတင်ပါတယ်ဗျာ ..။ အဒေါ်အရင်းတစ်ယောက်လုံးက တာဝန်ယူတော့လည်း သူ့ရှေ့ရေးအတွက် ကျုပ်တို့လည်း စိတ်အေးရတာပေါ့"

ကျွန်မအဒေါ်နဲ့အတူ မြို့ကိုလိုက်လာခဲ့တယ်။ အဒေါ့်မှာ ကျွန်မနဲ့ရွယ်တူ မိန်းကလေးနှစ်ယောက်၊ မောင်လေးနှစ်ယောက်လည်း ရှိတယ်။ ရောက်စမှာတော့ ကျွန်မအတွက် မောင်နှမသားချင်းတွေ ရှိပြီဆိုတဲ့အသိနဲ့ ပျော်မိတယ်။ ဒါပေမယ့် ရောက်ပြီး ရက်ပိုင်းလေး ကြာလာသည်နှင့်အမျှ ကျွန်မအတွက် စိတ်ခံစားမှုတွေက တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာတယ်။ အဒေါ့်ယောကျ်ားက ခပ်တည်တည်ပါပဲ။ ဘာအလုပ်လုပ်သလဲဆိုတာ ကျွန်မမသိသလို၊ ခရီးခဏခဏ ထွက်တတ်တယ်။ ခရီးမထွက်လို့ရှိလျှင်လည်း အိမ်မှာမနေဘဲ အပြင်ထွက်နေတတ်တဲ့သူ။

"ကျင်မေ ...ညည်းက လူကောင်လည်းထွားတယ်။ ခုမှ ကျောင်းပြန်တက်ရမှာ။ ကျောင်းဆက်တက်မနေဘဲ ဒေါ်လေးနဲ့ အိမ်အလုပ် ပိုင်းလုပ်ပေါ့။ ညည်းညီမနဲ့ မောင်လေးတွေက ကျောင်းကတစ်ဖက်၊ ကျူရှင်တစ်ဖက်နဲ့ဆိုတော့ အိမ်အတွက် ဘာမှအကူအညီရတာ မဟုတ်ဘူး"

အပြောချိုပြီး မနေသာပိုတဲ့ စကားက အိမ်စရောက်တဲ့နေ့ကစပြီး ကျွန်မတာဝန်ယူရပါတယ်။ မျက်နှာသုတ်ပဝါကအစ အင်္ကျီ၊ ပုဆိုး၊ ထဘီ၊ အတွင်းခံဘောင်းဘီအဆုံး ဖွပ်ရလျှော်ရတာ။ ကျွန်မတာဝန်။ ဘုရားခန်းကအစ မီးဖိုချောင်၊ ရေအိမ်အဆုံးလည်း သန့်ရှင်းရေးအတွက် ကျွန်မတာဝန်ပါပဲ။

"ညည်းကိုနော် ...သွေးသားမကင်းလို့ သနားတာနဲ့ စောင့်ရှောက်ထားတာ။ အပြင်ထွက်ပြီး ဘာအလုပ်မှ လုပ်မနိုင်းဘဲ ထမင်းကျွေး၊ အဝတ်ဆင်ရတာ။ ဒီတော့ အိမ်ကပစ္စည်းတွေ ဘာတစ်ခုမှ အပျောက်အရှမရှိအောင် ကရုစိုက် သိလား"

ကျွန်မရယ်ချင်လိုက်တာ။ စားရတော့ တစ်လုတ်တစ်ဆုပ်၊ ဝတ်ရတော့ အစုတ်အနုတ်။ ကျွန်မဘဝမှာ ဘယ်နေရာမှ မျက်နှာသာမရခဲ့ပါဘူး။ ထိပ်ခေါက်၊ ပါးရိုက်၊ ပေါင်တွင်းကြောဆွဲခံရတဲ့ အချိန်တွေဟာ ကျွန်မအတွက် အချိန်ဇယားများ ဆွဲထားလေသလား။ တစ်နေ့တစ်မျိုး မရိုးနိုင်အောင် ဒဏ်ရာဒဏ်ချက်တွေက ကျွန်မကိုယ်ပေါ်မှာ နေရာအနှံ့ တွေ့နိုင်တယ်။ မီးဖိုချောင်ရဲ့ဘေးမှာရှိတဲ့ အမှောင်ရိပ်သန်းနေတဲ့ စတိုခန်းရဲ့ ထောင့်အကွယ် နေရာလေးက ညစဉ်ညတိုင်း အဖေနဲ့အမေကို အောက်မေ့ပြီး မျက်ရည်ကိုသာ အဖော်ပြုရတဲ့ ကျွန်မရဲ့နေရာလေးပါ။ အဒေါ်ရဲ့ ခင်ပွန်း ဦးလေးက မသိကျိုးကျွန်ပေါ့။ ညီအစ်မတစ်ဝမ်းသာကွဲတဲ့ အဒေါ်နဲ့ သမီးတွေရဲ့ မျက်လုံးတွေက အဆင့်အတန်းခွဲတဲ့ အကြည့်တွေက ကျွန်မရဲ့ ရင်ကို မြားဆယ်စင်းနဲ့ အမြဲပစ်ခွင်းနေသလို ခံစားရတယ်။

"ဘာ ..အဝတ်အစား ဝယ်ပေးရမယ် ဟုတ်လား။ ညည်းကိုပေးထားတဲ့ အဝတ်အစားတွေက မတော်တော့ဘူးပေါ့လေ။ ညည်းအေ၊ ဘာအလုပ်မှ မလုပ်ရဘဲ အလကားရတိုင်းစား၊ ပျင်းပျင်းနဲ့အိပ်၊ ဒီတော့ ညည်းခန္ဓာကိုယ်က ဖြစ်ညှစ်ဝပြီပေါ့။ နင်းကန်ဖိစားတော့လည်း ဝလာပြီလေ။ အဝတ်အစားတွေက ဘယ်တော်ပါတော့မလဲ"

ကိုးနှစ်သမီးဘဝ စရောက်ကတည်းက အဒေါ်ရဲ့သမီးတွေ မတော်တဲ့ အင်္ကျီအဝတ်အစားတွေက အခုအသက်ဆယ့်ငါးနှစ်အရွယ်မှာ ခန္ဓာကိုယ်နဲ့ အဆင်မပြေ ကျပ်သပ်လာပြီလေ။

"ဟုတ်တယ် မိန်းမ။ သူ့ကိုလည်း အဝတ်အစားလေးဘာလေး ဝယ်ပေးဦးပေါ့။ ငယ်ငယ်က အဝတ်တွေနဲ့ ဘယ်တော်ပါတော့မလဲ။ ကျင်မေကလည်း ထွားလာတာကိုး"

"ကိုလှမောင် ဒါ ရှင်ပြောစရာ မလိုဘူး။ နေရာတကာ ရှင်

www.burmeseclassic.com

ဝင်မပါနဲ့"

တစ်ခါတလေ ဦးလေးက စိတ်လိုလက်ရဝင်ပြောတတ်တယ်။ အဒေါ်ရဲ့မျက်စောင်းက အကြောင်းသုံးပါး မရွေးဘူး။ နဂါးမျက်စောင်းသာဆို ပြာဖြစ်နိုင်တယ်။

"ညည်းနော် နေတာထိုင်တာ ဆင်ခြင် ... ဒါပဲ"

တစ်ခွန်းမှ ပြန်မပြောတဲ့ ကျွန်မကို အဒေါ်က အခွန်းပေါင်းများစွာ ပြောလာတယ်။

"ညည်းနော် အရွယ်က မငယ်တော့ဘူး။ နေတတ်ထိုင်တတ်ရတယ်။ ဘာသံညာသံ ကြားလာရင်တော့ ခေါင်းနဲ့မဆင်းရဘဲ အသက်နဲ့ကိုယ် အိုးစားကွဲလိမ့်မယ် သိလား"

ဈေးသွားဈေးပြန် ရှိတာလေးကို သာဝတ်ပြီး သွားပေမယ့် ကျွန်မရဲ့ ခန္ဓာကိုယ်အလှကြောင့် ကျွန်မနောက်ကလိုက်တတ်တဲ့ သူတွေ၊ အိမ်ရှေ့က နေ ဖြတ်သွားဖြတ်လာ ပြုတဲ့သူတွေ ရှိလာတဲ့အခါ အဒေါ့်ရဲ့ ခုနစ်သံချီတဲ့ အသံဟာ တစ်အိမ်လုံးကို လွှမ်းမိုးသွားတယ်။

"ငါတို့က ဒီရပ်ကွက်ထဲမှာ သိက္ခာနဲ့ နေတာနော်။ ညည်းကြောင့် ရှုပ်ရှုပ်ယှက်ယှက် ဘာသံမှ မကြားချင်ဘူး။ အိမ်ကသမီးတွေ နေတာထိုင်တာကြည့်။ ညည်းက အသက်လည်း ကြီး သေးတယ်၊ ပျံတန်တန် နှံ့တန်နဲ့ တန်နဲ့လုပ်မနေနဲ့။ တို့သိက္ခာကျမခံနိုင်ဘူး"

အကျိုးအကြောင်း အဆိုးအကောင်းကို ပြေရာပြေကြောင်း ပျော့ပျောင်းညင်သာစွာ နားလည်အောင် ဆုံးမရမယ့် စကားတွေဟာ အဒေါ့်အတွက် ရှားပါးကုန်ပစ္စည်း ဖြစ်နေပြီ။ ကျွန်မရဲ့ရင်ထဲမှာတော့ အစိုင်အခဲလေးတွေ တည်လာပြီ။ ထွက်ပေါက်ကို ရှာချင်လာတယ်။

"ဟဲ့ ... ဈေးတစ်ခါသွားတာ ကြာလိုက်တာ။ ဟိုနေ့က ညည်းနဲ့ စကားပြောနေတာ ဘယ်ကအကောင်လဲ"

"ကျွန်မ ဘယ်သိပါ့မလဲ။ သူက ဂန္ဓမာလမ်းက ဘယ်လမ်းလည်းလို့ မေးလို့ လမ်းညွှန်ပြလိုက်တာ"

မှန်သောစကားဆိုတာကို ပြောဖို့ သူတို့အတွက် မလိုအပ်ဘူးလို့ ကျွန်မ သတ်မှတ်ထားလိုက်တယ်။

ဩော် ... အမှုကိစ္စလား။ ပြောမှာပါ အစ်မရယ်။ ဟင်း ... ဟင်း သူတို့က သိပ်ပြီး သိက္ခာသမာဓိနဲ့ နေကြတဲ့သူတွေကိုး"

"မမစိန်တို့က အရုဏ်ဆွမ်းကပ်ဖို့ အကြောင်းကြားတယ်။ အဲဒါ ကျွန်မ သွားအိပ်ရမယ်။ အငယ်နှစ်ကောင် ခေါ် မသွားဘူး။ ထားခဲ့မယ်။ သမီးနှစ်ယောက်ပဲ ခေါ်သွားမယ်။ မနက်စောစော ပြန်လာခဲ့မယ်"

အဒေါ်က သူ့မိတ်ဆွေရဲ့ အိမ် တက်ဆွမ်းကျွေးသွားဖို့ ပြောပြီး ညနေမှာ ဦးလေးက သူ့ကားနဲ့ လိုက်ပို့တယ်။ အပြန်မှာ အငယ်နှစ်ယောက်ကို ကျောင်းကဝင်ကြိုပြီး ကျူရှင်ပို့မှာဖြစ်တဲ့အတွက် အပြန်နောက်ကျမယ်လို့လည်း ဦးလေးက မှာသွားတယ်။

ကျွန်မအတွက်ကတော့ သူတို့နဲ့ တစ်နာရီလောက် မျက်နှာချင်းမဆိုင်ရလေ တစ်နာရီ စိတ်ချမ်းသာလေပါပဲ။ နောက်ပြီး ကျွန်မအတွက်လည်း ပြင်ဆင်သင့်တာကို ပြင်ရဦးမယ်။ ညဘက် တော်တော်လေး နောက်ကျမှ ဦးလေးတို့သားအဖတွေ ပြန်လာတယ်။ ဧည့်သည် အမျိုးသားနှစ်ယောက်လည်း ပါလာတယ်။ ကလေးနှစ်ယောက်ကိုတော့ ထမင်းခူးကျွေးလိုက်တယ်။ ဦးလေးကတော့ ပါလာတဲ့ မိတ်ဆွေနှစ်ယောက်ရဲ့ အလုပ်ကိစ္စလည်းပြောရင်း ယမကာဝိုင်းလေးလည်း ပ်မယ်လေ။

"ကျင်မေ .. သွားအိပ်ချင်အိပ်တော့။ ဒါတွေပြီးရင် ဦးလေးဘာသာ ဦးလေး သိမ်းလိုက်မယ်"

ညဥ့်တဖြည်းဖြည်း နက်လာတဲ့ အချိန်မှာ ကလေးတွေလည်း အိပ်ကုန်ပြီ။ ဧည့်သည်တွေလည်း ပြန်ပြီ။ ဦးလေးက ကျွန်မကို သွားအိပ်ခိုင်းတယ်။ ကျွန်မလည်း ကိုယ့်အတွေးနဲ့ကိုယ်ဆိုတော့ အိပ်လို့မပျော်ဘူး။ ဖြစ်လာမယ့် ပြဿနာတစ်ခုကို ဘယ်လိုအဆုံးဖြတ် ပြုရမလဲလို့ စဉ်းစားနေတယ်။ စပြီးရင် အဆုံးသတ်ရမယ်လေ။ စဉ်းစားတွေး တော်နေရင်း မနက်လေးနာရီတောင် ထိုးတော့မယ်။ ဒေါ်လေးတို့လည်း မနက်အစော ပြန်လာမယ်ဆိုတော့ ကျွန်မ ကိစ္စတစ်ခုကို ပြတ်အောင် အမြန်စဉ်းစားရတယ်။

"ကျင်မေ ... ကျင်မေ"

ခေါ်သံကြောင့် ကျွန်မလည်း [illegible]သွားတယ်။ ဒါ ... ဒါ ဦးလေးရဲ့ အသံ။ ကျွန်မရဲ့ အခန်းတံခါးကို ခေါက်လာတယ်။

"ဟင် ... ဦးလေး ... ဦးလေး ဘာကိစ္စလဲ"

"ငါလေ .. ဟို၊ နင့် .. နင့်ကို"

"ဦးလေး ထွက်သွားနော် ထွက်သွား"

"ဘာဖြစ်လို့ ထွက်ရမှာလဲ နင့်


www.burmeseclassic.com

www.burmeseclassic.com

ဆီကို လာတာပဲ''

အိမ်ရှေ့က ကားသံကြားရပြီ။ သေချာပြီ အဒေါ်တို့ ပြန်လာပြီဆိုတာကို ကျွန်မသိလိုက်တယ်။

ကျွန်မ လုပ်သင့်တာကို လုပ်လိုက်ရတယ်။ အရက်ထွေနေတဲ့ ဦးလေးကို ပြောလည်းပြောပေါ့။

''ကျင်မေ ... ကျင်မေ .. ဟဲ့ ကိုလှအောင် တစ်ယောက်မှ မနိုးကြသေးဘူးလား''

အပြင်ဘက်က တံခါးကို တဒုံးဒုံးထု၊ တွန်းသံရိုက်သံတွေ ကြားရတယ်။ အိပ်မောကျနေတဲ့ ကလေးနှစ်ယောက်ကလည်း သူတို့အခန်းထဲကနေ အိပ်ချင်မူးတူးနဲ့ ထွက်လာကြပြီး အိမ်ရှေ့ကနေ ကျွန်မအခန်းထဲကို လှမ်းကြည့်တော့ မမျှော်လင့်တဲ့မြင်ကွင်းကို တွေ့လိုက်ကြတယ်။ နှစ်ယောက်သား အံ့အားသင့်သွားတဲ့ ပုံစံ။

''ကျင်မေ ... ကျင်မေ''

ကျွန်မလည်း ဖရိုဖရဲဖြစ်နေတဲ့ အဝတ်အစားကို သပ်သပ်ရပ်ရပ် ပြန်ပြီး မပြင်နိုင်တော့ဘဲ အိမ်ရှေ့ကို ပြေးထွက်လာပြီး တံခါးဖွင့်ပေးလိုက်တယ်။

''ဟဲ့ ... ဟဲ့ ... ဒါ ... ဒါ ဘယ်လိုဖြစ်တာလဲ ပြောစမ်း ... ပြောစမ်း''

ကျွန်မကိုယ်ပေါ်မှ အဝတ်အစားက ဖရိုဖရဲ၊ ဆံပင်က ဖွာလန်ကျဲနဲ့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေတဲ့ ကျွန်မကို မြင်လိုက်ရတော့ ...

''ကိုလှအောင် ... ဟောတော့ ညည်းအခန်းထဲမှာ ကိုလှအောင်က ဘာဖြစ်လို့ လဲနေတာလဲ။ အမလေး ခေါင်းမှာလဲ သွေးတွေနဲ့ နင် ... နင်က ပြောစမ်း ဘာဖြစ်တာလဲ''

''ကျွန်မ ... ကျွန်မ အဒေါ်ကို မပြောပါရစေနဲ့''

''ပြောစမ်း ... သေသေချာချာ ပြောစမ်း။ ဒါ့မှာ ဟိုမှာ သမီးတွေကို ထားခဲ့ပြီး ကိုလှအောင်နဲ့ ကလေးနှစ်ယောက်ကို ပြန်လာခေါ်တာ ရင်ထိတ်လိုက်တာ''

''ဦးလေးက ကျွန်မအခန်းထဲကို အခန်းတံခါး ဖွင့်ခိုင်းပြီး ဝင်လာတယ်။ သူနဲ့လိုက်ခဲ့ဖို့ ခေါ်တယ်''

''ဘာ ... ညည်းကို သူနဲ့လိုက်ခဲ့ဖို့ ခေါ်တယ်ဟုတ်လား။ ယုံရမှာလား အေ''

ကားမောင်းသမားက ဦးလေးကို ပွေ့ပြီးမလိုက်တယ်။ ဦးလေးက သတိမေ့နေပြီ။

ဆူသံညံသံတွေက ကျယ်လာတော့ အိမ်နီးနားချင်းတွေပါ ရောက်လာကြတယ်။ မေးကြ မြန်းကြ စပ်စုကြပေါ့။

''ငါမယုံဘူး ကျင်မေ၊ ငါမယုံဘူး''

''ဟင်း ... ဟင်း ... ဒေါ်လေးကို ပြန်ပြောရင် သတ်ပစ်မယ်ဆိုလို့ ကျွန်မ ပြန်မပြောရဲဘဲ နေတာ။ ခုဆို ကျွန်မမှာ ဦးလေးနဲ့ရတဲ့ ကိုယ်ဝန်က နှစ်လတောင် ရှိနေပြီ''

''ကျင်မေ ... နင် ... နင်''

''ဟုတ်ပါတယ် ဒေါ်လေး။ ဒေါ်လေးမယုံရင် ဆရာဝန်နဲ့ စမ်းလို့ရပါတယ်။ အခု ဒီမနက်ကလည်း သူက သူနဲ့လိုက်ဖို့ အတင်းခေါ်တာ မရတာနဲ့ ကျွန်မကို ထပ်စော်ကားမလို့ ဆွဲလွဲတာနဲ့ ကျွန်မလည်း ကြောက်ကြောက်နဲ့ ဟောဒီသနပ်ခါးတုံးနဲ့ ထုလိုက်ရတာပါ''

''အမလေးလေး ရက်လိုက်တာ ရက်လိုက်တာ''

ပတ်ဝန်းကျင်က ဝေဖန်ကြပြီ။ လူကြည့်တော့ ရိုးပုံရိုးလက်။ အရက်သေစား သောက်တတ်တော့လည်း မှားမှာပေါ့တဲ့။ ဦးလေးက ကျွန်မရဲ့ လက်ချက်နဲ့ အတိတ်မေ့ဝေဒနာရှင် ဖြစ်သွားပြီ။ ကျွန်မကိုတော့ ဒေါ်လေးတို့အိမ်မှာ မထားတော့ဘဲ ငွေပေးပြီး မွေးချင်တဲ့နေရာမှာ မွေးဆိုပြီး နှင်ချလိုက်တယ်။ ဟင့်အင်း အဲဒီအမှုနဲ့ ဒီထဲကို ရောက်လာတာ မဟုတ်ဘူး။ အခုရောက်လာတာက ခါးပိုက်နှိုက်မှု။ ခါးမှုပေါ့။ အိမ်ပေါ်က ဆင်းလာတော့ နေစရာ၊ စားစရာမရှိတဲ့ အချိန်မှာ ဈေးသွားရင်း မျက်မှန်းတမ်းမိတဲ့ ရွှေရင်ဆိုတဲ့မိန်းမက သူ့အိမ်မှာနေခိုင်းပြီး အလုပ်လုပ်ခိုင်းတာ။ အလွယ်ဆုံးဖြစ်တဲ့ ကျောင်းဆင်းချိန်မှာ လူတွေရှုပ်နေတုန်း ကျောင်းဆရာမတစ်ဦးရဲ့ ခြင်းထဲက ပိုက်ဆံအိတ်ကို နှိုက်ခိုင်းလို့ နှိုက်တာ မိပါလေရော။

ဒေါ်လေးတို့ကလည်း သူတို့မှ ရင်းနေတဲ့ ရပ်ကွက်ကနေ ဘယ်ကို ပြောင်းသွားကြသလဲမသိဘူး။ သီကွာနဲ့ နေပြသူတွေကို ကျွန်မရင်ထဲက အမုန်းတရား ဘယ်လောက်ကြီးတယ်ဆိုတာ သိမသွားကြဘူး။ တကယ်တော့ ကျွန်မလို မနူးမနပ်ကို အသွေးအသားဝါးမျိုတဲ့သူက လူလိမ်ထိပ်[illegible]လင်းပါ။ ဈေးသွားရင်း ရတဲ့အချိန်[illegible] သူနဲ့ချိန်းတွေ့မိတယ်။ ခုတော့ အ[illegible] လို့ ရှောင်ဖယ်သွားပြီ။ ဒါကို ကျွ[illegible] ရင်ထဲမှာရှိတဲ့ အမုန်းတရားက ဒေါ်[illegible] တို့လာခါနီးလို့ သော့လာတောင်[illegible] ဦးလေးကိုပဲ ...။

မြ[illegible]



www.burmeseclassic.com

www.burmeseclassic.com

# မော်တော်ယာဉ်မောင်းသူများအတွက် ဘေးအန္တရာယ်များ ပိုများလာ

ဦးဦးသိန်း

မော်တော်ယာဉ်များ ပိုများလာသည်နှင့်အမျှ ယာဉ်မောင်းသူများတွင် ဘေးအန္တရာယ်များ ပိုများလာနေ၏။ ဤဘေးအန္တရာယ်များသည် နိုင်ငံတိုင်းတွင် ရှိလာနေ၏။

အလှအယက် ကျော်တက်ခြင်း၊ အရက်သေစာ သောက်ထားပြီး မောင်းခြင်းသည် အန္တရာယ်အပေးဆုံး ဖြစ်၏။

စင်ကာပူနိုင်ငံတွင် ၂၀၁၄၊ ဖေဖော်ဝါရီလ၌ ယာဉ်တိုက်မှုများကို စစ်တမ်းကောက်ရာ၌ အထက်ပါ အချက်နှစ်ချက်သည် ယာဉ်မတော်တဆတိုက်မှုများ၏ သုံးပုံနှစ်ပုံ ရှိနေသည်ကို တွေ့ရ၏။

စင်ကာပူတွင် ယာဉ်မတော်တဆတိုက်မှုများသည် ရှေးကထက် ပိုများလာသည်ဟု သိရ၏။

ညဘက်၌ ယာဉ်မောင်းသူအချို့သည် ယာဉ်၏မီးများကို အသုံးပြုရာ၌ ယာဉ်စည်းကမ်းအတိုင်း အသုံးမပြုကြသောကြောင့် ယာဉ်တိုက်မှုများကို ဖြစ်စေ၏။

ယာဉ်မောင်းရာတွင် အရက်သောက်ပြီး မောင်းလျှင်မည်မျှသာ သောက်ပြီးမောင်းရမည်ဟု စည်းကမ်းသတ်မှတ်ထားသော်လည်း ယာဉ်တိုက်မှုဖြစ်၍ ယာဉ်မောင်းသူကို အရက်သောက်ထားခြင်းနှင့် စပ်လျဉ်း၍ စစ်ဆေးရာ၌ သတ်မှတ်ထားသောနှုန်းထက် ပိုသောက်ထားကြောင်း တွေ့ရသည်က များ၏။

အချို့ယာဉ်မောင်းများသည် သတ်မှတ်ထားသော မိုင်နှုန်းထက် ကျော်လွန်၍မောင်းကြသောကြောင့် ယာဉ်တိုက်မှုများကို ဖြစ်စေ၏။

ယာဉ်မောင်းသွားရင်း တယ်လီဖုန်းငယ်လေးများကို အသုံးပြုခြင်းကြောင့် ယာဉ်တိုက်မှုများလည်း အဖြစ်များလာသည်ဟု သိရသည်။

ယာဉ်မောင်းသွားရင်း တယ်လီဖုန်းက အသံမြည်လာသောကြောင့် ဖုန်းကိုအသုံးပြုလိုက်မိ၍ ယာဉ်တိုက်မှုဖြစ်ရသည်ဟု ဝန်ခံကြ၏။

မော်တော်ယာဉ်များ များလာသောကြောင့် နိုင်ငံတိုင်းတွင် ယာဉ်ထိန်းရဲများ အရေအတွက်သည် နည်းပါးနေ၏။ ထို့ကြောင့် ယာဉ်ထိန်းရဲများကို အရေးကြီးနေရာများ၌ တာဝန်ချထားကြရ၏။ ဤတွင် ယာဉ်ထိန်းရဲမရှိသောနေရာများ၌ ယာဉ်မောင်းသူများသည် စည်းမဲ့ကမ်းမဲ့ ယာဉ်ကိုမောင်းကြ၏။ စိတ်အလိုကိုလိုက်ပြီး ကျော်တက်ခြင်း၊ ကွေ့ချင်သလို ကွေ့ခြင်း၊ အချက်မပြဘဲ ကွေ့ခြင်း စသည့်ပြစ်မှုများကို ကျူးလွန်ကြ၏။

ယခုအခါ စင်ကာပူတွင် ယာဉ်စည်းကမ်းများကို ထိန်းရန် ခေတ်မီကင်မရာများကို လမ်းဆုံလမ်းခွများ၌ တပ်ဆင်ထား၏။ မီးနီစဉ် ဖြတ်ခြင်းကို ကင်မရာများက အမိအရ ရိုက်ယူထားနိုင်၏။

ယာဉ်မတော်တဆတိုက်မှုတွင် လမ်းလျှောက်သူများ၏ စည်းကမ်းကို မလိုက်နာခြင်းသည်လည်း ပါဝင်၏။ လူကူးမျဉ်းကျားမှ မဖြတ်ဘဲ ဖြတ်ချင်သည့်နေရာမှ ဖြတ်သူများကြောင့်လည်း ယာဉ်တိုက်မှုများ ဖြစ်ပွား၏။ သို့ရာတွင် အရေအတွက် နည်း၏။

အားလုံးကို ခြုံငုံကြည့်လျှင် ယာဉ်မောင်းသူများကြောင့် ယာဉ်တိုက်မှုများ ဖြစ်သည်က များလေရာ ယာဉ်မောင်းသူများသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတိုင်း စိတ်ရှည်လက်ရှည်ထား၍ မောင်းနှင်မှသာလျှင် ယာဉ်တိုက်မှုများ လျော့နည်းမည်ဖြစ်၏။

အခြားအရေးကြီးသော အချက်တစ်ချက်မှာ ယာဉ်ကို အသုံးမပြုမီ ယာဉ်၏ဘီးတာယာများနှင့် စက်ပိုင်းကို ဦးစွာစစ်ဆေးရန် လိုအပ်၏။

ယာဉ်ကြံ့ခိုင်ရေးကို မှန်မှန်ပြုလုပ်သွားသင့်သည်ဟု မော်တော်ယာဉ်များကို နှစ်ပေါင်းအတန်ကြာ မောင်းလာခဲ့သော ဝါရင့်ယာဉ်မောင်းသမားတစ်ဦးက အကြံပြုထား၏။

ဦးဦးသိန်း

***Strait Times, 4.6.2014***



www.burmeseclassic.com

www.burmeseclassic.com

# သတင်းထောက်ဒီပနော်နှင့် ပန်းတစ်ပွင့်အမုန်း



www.burmeseclassic.com

# သတင်းထောက်ဒီပဇော် နှင့် ပန်းတစ်ပွင့်အဖုန်း

ဗညားဦး(အိမ်မဲ)

(၁)

ဒီပဇော်၏ မျက်လုံးသည် အနီရောင် နှင်းဆီပွင့်ဆီကို စူးခနဲ ရောက်သွားသည်။

ကြမ်းပြင်ပေါ်တွင် ခွေလျက်လဲကျနေသော လူငယ်တစ်ယောက်၏ လက်ထဲတွင် ဆုပ်ကိုင်ထားသည်မှာ အနီရောင် နှင်းဆီပန်းတစ်ပွင့်။

ဒီပဇော်သည် ဂျာကင်အကျီ အိတ်ထဲမှ ကင်မရာကို ထုတ်လိုက်ပြီး ခွေလဲကျနေသော လူငယ်နှင့် နှင်းဆီပန်းတစ်ပွင့်၊ အခန်းပတ်လည်ကို မှုခင်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံ ရိုက်ယူနေသည်။ ပြီးမှ ကြမ်းပြင်ပေါ်တွင် ခွေလဲကျနေသော လူငယ်ကို စူးစူးရှရှ ကြည့်နေမိသည်။

"ကိုအောင်နွယ် . . . ဒီလူငယ်ရဲ့ ကိုယ်ပေါ်မှာ ဒဏ်ရာတွေတော့ မတွေ့ရဘူး။ အဆိပ်မိတာပဲ ဖြစ်နိုင်တယ်"

"ဟုတ်တယ် ကိုဒီပဇော်။ သူ့လက်ထဲမှာ ကိုင်ထားတဲ့ နှင်းဆီပန်းကို မသင်္ကာစရာပဲဗျ"

ဒုရဲအုပ်အောင်နွယ်သည် နှင်းဆီပန်းကို လှမ်းကြည့်ရင်း ဒီပဇော်ကို ပြောလိုက်သည်။

"ဟုတ်တယ် ကိုအောင်နွယ်။ လူသတ်သမားဟာ နှင်းဆီပန်းကို အသုံးချသွားတာ ဖြစ်နိုင်တယ်"

ထိုစဉ် တပ်ကြပ်နိုင်ကြည် ပြန်ရောက်လာသည်။

"ဆရာ ဒီတိုက်ခန်းက လူနှစ်ယောက်ကို ခေါ်လာခဲ့ပါတယ်"

"ဩော် . . အေး . . အေး"

ဒုရဲအုပ်အောင်နွယ်သည် ထိုလူနှစ်ယောက်ကို ကြည့်ရင်း . . .

"ခင်ဗျားနာမည်ကို ပြောပါဦး"

အကျီအပြာကွက် ဝတ်ထားသောလူကို မေးလိုက်သည်။

"ဟုတ်ကဲ့ ဦးခင်မောင်ပါ။ ဒီအခန်းရဲ့ ရှေ့အခန်းမှာ နေပါတယ်"

"ဒီလူငယ်ကို သိလား"

"သိပါတယ် . .။ ဒီလူငယ်က မောင်တင်မိုးအောင်ပါ။ ကုမ္ပဏီတစ်ခုမှာ ငွေကိုင်မန်နေဂျာပါ"

ဒုရဲအုပ်အောင်နွယ်သည် ဦးခင်မောင်နံဘေးတွင်ရပ်နေသော ဘောင်းဘီရှည်ဝတ်ထားသော လူကို မေးလိုက်ပြန်သည်။

"ခင်ဗျားကကော"

"ကျွန်တော်က သိန်းလင်းပါ။ ပထမအထပ်မှာ နေပါတယ်"

"ဒီတိုက်မှာ ဘာထူးခြားတာတွေ တွေ့ရသလဲ"

"အင်း . . . ည ၆ နာရီကျော်မှာ မိန်းကလေးတစ်ယောက် အပေါ်ထပ်ကနေ ပြေးဆင်းသွားတာတွေ့ရတယ်"

"အဲဒီမိန်းကလေးကို သေချာမှတ်မိလား ကိုသိန်းလင်း"

"လှေကားမှာ မှောင်ရိပ်ကျနေတော့ မိန်းကလေးကို သဲသဲကွဲကွဲ မမြင်လိုက်ရဘူး"

"မိန်းကလေးဆိုရင် ဟိုမိန်းကလေးပဲ ဖြစ်ဖို့များတယ်"

ဦးခင်မောင်က ဝင်ပြောလိုက်သည်။ ဒုရဲအုပ်အောင်နွယ်က ဦးခင်မောင်ကို ပြန်မေးလိုက်သည်။

"ဘယ်မိန်းကလေးလဲဗျ"

"မောင်တင်မိုးအောင် ညဘက်ပြန်လာရင် တစ်ခါတစ်ရံ ပါလာတဲ့ မိန်းကလေးကို ပြောတာပါ"

ဒီပဇော်သည် အခန်းဝန်းကျင်ကို ဓာတ်ပုံရိုက်ယူနေရာမှ စားပွဲဝိုင်း



www.burmeseclassic.com

www.burmeseclassic.com

ပေါ်က ဓာတ်ပုံစာအုပ်ကို လှမ်းယူကြည့်ရာ ဓာတ်ပုံတစ်ပုံက စိတ်ဝင်စားစရာ။

အသတ်ခံရသူ မောင်တင်မိုးအောင်နှင့် တွဲရိုက်ထားသော မိန်းကလေးတစ်ဦး။

"ကိုအောင်နွယ်ရေ .. တွေ့ပြီ။ ဒီမိန်းကလေးပဲ ဖြစ်မယ်"

ဒုရဲအုပ်အောင်နွယ်သည် ဓာတ်ပုံကို လှမ်းယူကြည့်လိုက်သည်။ မိန်းကလေး၏ခေါင်းပေါ်တွင် နေရာယူထားသည်ကား အနီရောင် နှင်းဆီပန်းတစ်ပွင့်။

"ဟုတ်တယ် ဒီပဇော်။ ဒီမိန်းကလေးပဲ ဖြစ်မယ်။ ကဲ ... ဆရာနေကျော်၊ ဒီအလောင်းကို ဆေးရုံကြီးဆီ ပို့လိုက်ပါ။ နှင်းဆီပန်းပွင့်ကို ယူသွားပြီး ဓာတ်ခွဲခန်းကို ပို့လိုက်ပါ။ ထူးခြားတဲ့ သတင်းရှိရင် အမြန်ဆုံး အကြောင်းကြားပါ"

"ဟုတ်ကဲ့ ဆရာ"

"ကိုဒီပဇော် ကျွန်တော်တို့ ပြန်ကြစို့"

ဒီပဇော်သည် ဓာတ်ပုံထဲက မိန်းကလေးကို သေချာစိုက်ကြည့်လိုက်ပြန်သည်။ တီရှပ်အဝါရောင်၊ ဂျင်းဘောင်းဘီ မိုးပြာရောင်၊ နေကာမျက်မှန် အမည်းနှင့် မိန်းကလေး၏ ခေါင်းပေါ်တွင် ရဲရဲနီနေသည်မှာ နှင်းဆီပန်းတစ်ပွင့်။ ပြီးမှ ဓာတ်ပုံကို ဂျာကင်အကျီအိတ်ကို ထည့်လိုက်ပြီး လှေကားအတိုင်း ပြန်ဆင်းလာခဲ့သည်။

•••••••

(၂)

ဗိုလ်ချုပ်ဈေးထဲတွင် မိန်းကလေးများကို ငေးရီကြည့်ပြီး လမ်းလျှောက်လာခဲ့သည်။

မိန်းကလေးကို မြင်တိုင်း ဓာတ်ပုံထဲမှ မိန်းကလေးနှင့်တူသည့် မိန်းကလေးကို ရှာဖွေကြည့်နေမိသူကား ဒီပဇော်။

ထိုစဉ် အမှတ်မထင် အမျိုးသားတစ်ယောက်နှင့် လက်ချင်းတွဲရင်း ရယ်ရယ်မောမော ပြုံးပြုံးရွှင်ရွှင် လမ်းလျှောက်လာသော အမျိုးသမီးကို သေချာကြည့်လိုက်မိသည်။ ခေါင်းပေါ်တွင် အနီရောင် နှင်းဆီတစ်ပွင့် ပန်ထားလျက်။ ဒီပဇော်သည် သေသေချာချာ စူးစိုက်ကြည့်နေမိသည်။

ဓာတ်ပုံထဲက မိန်းကလေးမှ မိန်းကလေး။

ဒီပဇော်သည် အနောက်ဘက် ခပ်လှမ်းလှမ်းမှ လိုက်သွားသည်။

ဗိုလ်ချုပ်ဈေး အပြင်ဘက်တွင် ရပ်ထားသော ကားတစ်စီးနားကို ရောက်သည့်အခါ မိန်းကလေးက အမျိုးသားကို နှုတ်ဆက်ရင်း ကားပေါ်တက်ကာ ကားကို ကိုယ်တိုင်မောင်းထွက်သွားသည်။

အမျိုးသားလည်း ဗိုလ်ချုပ်ဈေးထဲကို လှမ်းဝင်သွားသည်။ ဒီပဇော်က အနောက်မှ လိုက်သွားသည်။ အမျိုးသားသည် ဗိုလ်ချုပ်ဈေးအတွင်းရှိ စတိုးဆိုင်တစ်ဆိုင်ထဲကို ဝင်ထိုင်လိုက်သည်။ ဒီပဇော်လည်း ဆိုင်ထဲကို ဝင်လိုက်သွား၏။

ထိုလူက ဒီပဇော်ကို မြင်လိုက်သည့်အခါ လှမ်းမေးလိုက်သည်။

"ဘာလိုချင်လို့လဲ"

"ဘာမှ မလိုချင်ပါဘူး။ ဒီက မိတ်ဆွေနဲ့ စကားပြောချင်လို့ပါ"

"ခင်ဗျားက ဘယ်သူလဲ၊ ခင်ဗျားနဲ့ကျွန်တော် မသိတဲ့ ဘာစကား ပြောစရာရှိလို့လဲ"

"ကျုပ်က သတင်းထောက် ဒီပဇော်ပါ။ ဒီမှာကြည့်ပါ ... သတင်းထောက်ကတ်"

ထိုလူသည် ဒီပဇော် လှမ်းပြနေသော သတင်းထောက်ကတ်ကိုကြည့်ကာ ..

"ဪ ... သတင်းထောက် ဒီပဇော်ကိုး။ ဘာကူညီရမလဲ"

"ခင်ဗျားနာမည်ကို အရင်ဆုံး သိချင်ပါတယ်"

ထိုလူသည် ဒီပဇော်ကို သေချာကြည့်ရင်း ...

"စိုးသူမိုးပါ"

"ကိုစိုးသူမိုး စောစောကတွဲသွားတဲ့ မိန်းကလေးက ဘယ်သူလဲ"

"ကျွန်တော့်ချစ်သူပါ"

"နာမည် ဘယ်လိုခေါ်သလဲ"

"ဒေစီပါ။ ဘာဖြစ်လို့လဲဗျ"

ဒီပဇော်သည် ဂျာကင်အကျီအိတ်ထဲမှ ဓာတ်ပုံကို ထုတ်ပြလိုက်သည်။ စိုးသူမိုးသည် ဓာတ်ပုံကို သေချာကြည့်နေသည်။ ပြီးမှ ...

"ဒါ ဒေစီပဲ။ သူ့နံဘေးမှာလည်း ယောကျ်ားတစ်ယောက်။ ဟာ ... ဘာတွေဖြစ်ကုန်ပြီလဲ။ ဒီဓာတ်ပုံကို ကိုဒီပဇော် ဘယ်ကရတာလဲ"

"သေချာ ရှင်းပြပါ့မယ် ကိုစိုးသူမိုး။ မနေ့ညက လူတစ်ယောက် အဆိပ်မိပြီး ဆုံးသွားတယ်။ သေဆုံးသူရဲ့လက်ထဲမှာ အနီရောင် နှင်းဆီပန်းတစ်ပွင့် တွေ့ရတယ်။ ဒီနှင်းဆီပန်းပွင့်ဟာ အဆိပ်တွေနဲ့ နှင်းဆီပန်း စုံစမ်းကြည့်တော့ သေဆုံးသူနဲ့ ဒီဓာတ်ပုံထဲက မိန်းကလေးဟာ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com

လို့ သိရတယ်''

"ဘာ ... ဒေစီနဲ့ ချစ်သူဟုတ်လား။ ကိုဒီပဇော် မဖြစ်နိုင်ဘူး။ လုံးဝ မဖြစ်နိုင်ဘူး။ ဒေစီက ဒီလိုသစ္စာမဲ့တဲ့ အလုပ်ကို မလုပ်ပါဘူး''

"ဒါက ဒီလိုရှိပါတယ် ကိုစိုးသူမိုး။ ခင်ဗျား ဒေစီနဲ့ ချစ်သူဖြစ်နေတာ ကြာပြီလား''

"နှစ်နှစ်ကျော်ပါပြီ။ ဒေစီဟာ ဒီလိုမျက်နှာများတတ်တဲ့ မိန်းကလေး တော့ မဟုတ်ပါဘူး''

ဒီပဇော်သည် ကိုစိုးသူမိုးကို စိုက်ကြည့်လိုက်သည်။ ကိုစိုးသူမိုး၏ မျက်နှာပေါ်တွင် အချစ်သောက မှိုင်းရိပ်တွေနှင့်။ ဒီပဇော်သည် အတန်ကြာ စဉ်းစားပြီးမှ ...

"မိန်းကလေးတွေက ယုံရခက် တယ်နော် ကိုစိုးသူမိုး''

"အဲဒီလို ယုံရခက်တဲ့ မိန်းက လေးထဲမှာ ဒေစီမပါနိုင်ပါဘူး''

"ကောင်းပြီလေ ကိုစိုးသူမိုး။ အမှုမှန်ပေါ်အောင် ခင်ဗျားဆီက အကူအညီ အများကြီး လိုပါတယ်။ ဒါကြောင့် ကျုပ်ဖုန်းနံပါတ် ယူထားပါ။ ခင်ဗျားဖုန်းနံပါတ်လည်း ကျုပ်ကိုပေး လိုက်ပါ''

"ရပါတယ် ကိုဒီပဇော်''

ဖုန်းနံပါတ်ယူပြီး ဗိုလ်ချုပ်ဈေး အပြင်ဘက်ကို ထွက်လာခဲ့သည်။ ဗိုလ်ချုပ်ဈေးထဲမှာတော့ မိန်းကလေး များနှင့် အလှဝေနေဆဲ။

•••••••

(၃)

ရန်ကုန်မြို့၏ နေ့လယ်ခင်းသည် နေအပူရှိန် လွှမ်းကဲနေသည်။

ရုပ်ရှင်ရုံဘက်သို့ လျှောက်လာရင်း မိန်းကလေးများကို စူးစိုက်၍ လိုက်ကြည့်နေသူမှာ ဒီပဇော်။

ရုပ်ရှင်ရုံနားက စားသောက်ဆိုင် ထဲက ထွက်လာသော စုံတွဲတစ်တွဲကို အမှတ်မထင် စူးစိုက်ကြည့်မိသည်။ ဓာတ်ပုံထဲက မိန်းကလေးမှ မိန်းက လေး။ ဒေစီမှ ဒေစီ။

တီရှပ်အမည်းရောင်၊ ဂျင်း ဘောင်းဘီ အမည်းရောင်၊ ဖိနပ်အဖြူ ရောင်နှင့် နေကာမျက်မှန် အမည်း ရောင်နှင့် မိန်းကလေးသည် အမျိုး သားတစ်ယောက်နှင့် လက်ချင်းချိတ် လျှောက်သွားသည်ကို တွေ့လိုက်ရ သည်။

အမျိုးသားသည် စိုးမိုးသူမဟုတ်။ ထိုအမျိုးသားသည် အနီရောင် အကွက်လက်တို၊ စတိုင်လ်ဘောင်းဘီ အပြာနုနှင့် ကားပေါ်တက်ပြီး ဒီပ ဇော်၏မြင်ကွင်းပေါ်မှ ပျောက်ကွယ် သွားသည်။ ဒီပဇော်သည် ကားကို သေချာလှည့်ကြည့်ပြီး ပြန်လာခဲ့သည်။

ညနေ ၅ နာရီကျော်ကျော်တွင် ဒုရဲအုပ်အောင်နွယ်ဆီမှ ဖုန်းလာ သည်။

"ကိုဒီပဇော် အမြန်ဆုံးလာခဲ့ပါ''

"ဟုတ်ကဲ့ ကိုအောင်နွယ်''

ဒီပဇော်သည် မြို့ထဲက စား သောက်ဆိုင်ကို အလျင်အမြန်ရောက် ခဲ့သည်။ စားသောက်ဆိုင် အခန်းတစ် ခန်းထဲတွင် အမျိုးသားတစ်ယောက် ကြမ်းပြင်ပေါ်တွင် လဲနေသည်ကို တွေ့ လိုက်ရသည်။ အမျိုးသား၏ လက်ထဲ မှာလည်း အနီရောင်ပန်းတစ်ပွင့်။

ထိုအမျိုးသားကို သေချာစူးစိုက် ကြည့်လိုက်သည့်အခါ ဒီပဇော်သည် ဒုရဲအုပ်အောင်နွယ်ကို လှမ်းပြောလိုက် သည်။

"ကိုအောင်နွယ် နေ့လယ်က ရုပ်ရှင်ရုံရှေ့မှာ ဓာတ်ပုံထဲက မိန်းက လေးနဲ့ တွဲသွားတဲ့လူပဲ''

"ဟုတ်လား ကိုဒီပဇော်။ ဒါဆို ဒီမိန်းကလေးရဲ့ လက်ချက်ပဲ ဖြစ်မယ်။ ဒီမိန်းကလေးက ယောက်ျားတွေကို ဘာလို့ လိုက်သတ်နေတာလဲ။ ကျွန် တော်တို့ အမြန်ဆုံး ဖော်ထုတ်ဖို့လိုပြီ ကိုဒီပဇော်''

"ဟုတ်ပါတယ် ကိုအောင်နွယ်''

ဒီပဇော်သည် မှုခင်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ ရိုက်ယူလိုက် သည်။ ပြီးမှ စိုးသူမိုးထံ ဖုန်းဆက် လိုက်သည်။

"ကိုစိုးသူမိုးလား''

"ဟုတ်ပါတယ်''

"ကျုပ် ဒီပဇော်ပါ''

"ဟုတ်ကဲ့ ကိုဒီပဇော် ပြောပါ''

"ဒီနေ့ ခင်ဗျား ဒေစီနဲ့တွေ့သေး လား''

"မတွေ့ရဘူး။ ဒေစီ အလုပ် ကိစ္စတစ်ခုရှိလို့ အပြင်သွားတယ် ပြော တယ်''

"ဟုတ်ပြီ။ အခု စားသောက် ဆိုင်မှာ အမျိုးသားတစ်ယောက် အသတ်ခံလိုက်ရတယ်။ လက်ထဲမှာလည်း အနီရောင် နှင်းဆီ ပွင့်ကို တွေ့ရတယ်။ ဆိုင်မန်နေဂျာက ပြောတာက ဓာတ်ပုံထဲကမိန်းကလေး နဲ့ ခုအသတ်ခံရလိုက်ရတဲ့လူ ဆိုင် ထဲဝင်လာတာ တွေ့ရတယ်။ အတန် ကြာတော့ အဲဒီ မိန်းကလေးတစ် ယောက်တည်း ဆိုင်အပြင်ကို ထွက် သွားတာတွေ့ရတယ်လို့ပြောပါတယ်''

www.burmeseclassic.com

"မျှ ခတ်ပုံထဲက မိန်းကလေး ဟုတ်လား ကိုဒီပဖော်"

"ကျုပ် ဒေစီနဲ့ တွေ့ချင်တယ်"

"ရပါတယ် ကိုဒီပဖော်။ မနက်ဖန် ဒေစီတို့အိမ်ကို သွားမယ်။ ကိုဒီပဖော် ဆိုင်ကိုလာခဲ့ပါ"

"ကျေးဇူးပဲ ကိုစိုးသူမိုး"

ဖုန်းပိတ်လိုက်သည်။ ပြီးမှ ဒုရဲ အုပ်အောင်နွယ်ဆီ လျှောက်လာလေသည်။

•••••••

(၄)

လေပန်ကာ၏ လေအရှိန်ကြောင့် လွင့်ဝဲနေသော ခန်းဆီးလိုက်ကာ အပြာနုလေးကို ဖယ်ရှားပြီး ထွက်လာသော ဒေစီ၏ ခေါင်းပေါ်တွင် အနီရောင်နှင်းဆီပွင့်က အလှတင့်နေသည်။

ဒေစီသည် စားပွဲဝိုင်း ခုံလွတ်တွင် ဝင်ထိုင်လိုက်သည်။ စိုးသူမိုးက ဒေစီ့ကို ဒီပဖော်နှင့် မိတ်ဆက်ပေးလိုက်သည်။

"ဒေစီ သူက သတင်းထောက် ဒီပဖော်"

"ဩော် ... ဟုတ်ကဲ့ရှင့်"

ဒီပဖော်သည် ဒေစီ့ကို အကဲခတ်ကြည့်နေလျက်။

ဒေစီသည် စကားပြောရာတွင် အေးဆေးတည်ငြိမ်နေလျက်။ အင်္ကျီအဖြူရောင်၊ ချိတ်လုံချည်နှင့် မြန်မာဆန်ဆန်ဝတ်ထားသည်။ လက်ကို ကြည့်လိုက်တော့ လက်သည်းကို သေသေသပ်သပ်ညှပ်ထားပြီး လက်သည်းဆိုးဆေး မဆိုး။ လည်တိုင် ဖြူလွလွပေါ်တွင် အထင်းသားပေါ်လွင်နေသည်မှာ မှဲ့တစ်လုံး။

"လက်ဖက်ရည် သွားယူလိုက်ဦးမယ်နော်။ ခဏထိုင်ဦး မောင်"

"ရပါတယ် ဒေစီ"

ဒေစီသည် အခန်းထဲကို ဝင်သွားသည်။ စိုးသူမိုးက ဒီပဖော်ကို ပြောလိုက်သည်။

"ဘယ်လိုလဲ ကိုဒီပဖော် ဒေစီ့ကို အကဲခတ်ပြီးပြီလား"

"အေးဗျ။ ခတ်ပုံထဲက မိန်းကလေးနဲ့ ဝတ်စားဆင်ယင်မှုကတော့ တခြားစီပဲ။ ဒါပေမယ့် ရုပ်တူတာရယ်၊ နှင်းဆီပန်း ပန်ထားတာရယ်က အတူတူဖြစ်နေတယ်"

ထိုစဉ် ဒေစီသည် လက်ဖက်ရည်နှင့် မုန့်များယူလာပြီး အခန်းထဲမှ ပြန်ထွက်လာသည်။

"မောင် ဘာတွေပြောနေတာလဲ"

"ဟို ... ဟို ... ဘာမှမဟုတ်ပါဘူး ဒေစီ"

"ကဲ .. လက်ဖက်ရည်သောက်လိုက်ပါဦး မောင်။ ကိုဒီပဖော် လက်ဖက်ရည် သုံးဆောင်လိုက်ပါဦး"

ဒီပဖော်သည် ဒေစီ့ကို စူးစိုက်အကဲခတ်နေလျက်။ ဒေစီသည် ဘယ်သန်ဖြစ်နိုင်သည်။ လက်ဖက်ရည်ပန်းကန်၊ မုန့်ပန်းကန် လှမ်းပေးရာတွင် ဘယ်လက်နှင့် လှမ်းပေးသည်ကို တွေ့ရသည်။

"ဒေစီ မနေ့က ဘယ်သွားနေတာလဲ။ မောင်ကတော့ ဆိုင်ကနေ စောင့်နေလိုက်တာ"

"ဩော် .. မောင် သူငယ်ချင်း တစ်ယောက် ဂျပန်ပြန်လို့ လေဆိပ်ကို လိုက်ပို့နေတာ"

ဒီပဖော်သည် ဒေစီ့ကို စူးစိုက်ကြည့်နေရင်း ဝင်မေးလိုက်သည်။

"ဒေစီ့မှာ ညီအစ်မ ဘယ်နှယောက်ရှိလဲ"

"မရှိပါဘူး ကိုဒီပဖော်။ ဒေစီ တစ်ယောက်တည်းပါ။ ဘာဖြစ်လို့လဲ ကိုဒီပဖော်"

"ဘာမှမဖြစ်ပါဘူး ဒေစီ"

ဒီပဖော်သည် လက်ဖက်ရည်ကို မော့သောက်လိုက်သည်။ စိုးသူမိုးက မုန့်ကို လှမ်းယူစားရင်း ...

"ကဲ .. ဒေစီ။ မောင်တို့ ပြန်လိုက်ဦးမယ်"

စားပွဲဝိုင်းမှ ထလိုက်ပြီး တံခါးဝဆီကို လျှောက်လာရင်း ဒီပဖော်သည် ဒေစီ့ကို တစ်ချက်စူးစိုက်ကြည့်ရင်း

"ပြန်လိုက်ပါဦးမယ် ဒေစီ"

"ဟုတ်ကဲ့ရှင့် ကိုဒီပဖော်"

ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့သည်။ ဒီပဖော်သည် ကားမောင်းနေသော စိုးသူမိုးနံဘေးတွင် ထိုင်လိုက်လာရင်း အာရုံရောက်နေသည်မှာ ခတ်ပုံထဲက မိန်းကလေး သို့မဟုတ် ဒေစီ။ ပြီးတော့ အနီရောင်နှင်းဆီတစ်ပွင့်။

•••••••

(၅)

ရုပ်ရှင်ရုံဘက်တွင် ရုပ်ရှင်ကြည့်ရန် စောင့်ဆိုင်းနေကြသော လူများနှင့် စည်ဝေနေလျက် ...။

ဒီပဖော်နှင့် စိုးသူမိုးတို့သည် လမ်းလျှောက်လာရင်း လှပျိုမေများကို စူးစူးစိုက်စိုက် ကြည့်နေသည်မှာ ဒီပဖော်။

ရုပ်ရှင်ရုံအနီး လက်ဖက်ရည်ဆိုင်ရှေ့ရောက်တော့ စိုးသူမိုး

www.burmeseclassic.com

www.burmeseclassic.com

ဇော်ကိုပြောပြီး ပြေးထွက်သွားသည်။

"ကိုဒီပဇော် ... ဟိုမှာ ဒေစီ။ ကျွန်တော်သွားလိုက်ဦးမယ်"

ကားထဲဝင်ရန် ဟန်ပြင်နေသော မိန်းကလေးကို စိုးသူမိုးက အနောက်ကနေ လှမ်းဆွဲရင်း ...

"ဒေစီ ... မင်းဘယ်ပြေးမလဲ။ မင်းတစ်ယောက်တည်း ရုပ်ရှင်ရုံဘက်မှာ ဘာလာလုပ်တာလဲ။ မောင်ကတော့ ဆိုင်မှာစောင့်နေလိုက်ရတာ မောလို့"

မိန်းကလေးသည် စိုးသူမိုးကို ငေးရီစွာကြည့်ပြီး အတန်ကြာမှ ...

"ဩော် ... အချစ်ကလည်း၊ ရှိစီ ကိစ္စရှိလို့ပါ"

"ဘာ ... အချစ်ဟုတ်လား။ ဒေစီကတော့ လုပ်တော့မယ်။ ခါတိုင်း မောင်လို့ခေါ်နေတာ။ ခု ဘယ်လို ဖြစ်သွားရတာလဲ။ နောက်ပြီး နာမည်ကလည်း ပြောင်းတာ မောင်မသိလိုက်ပါလား။ ဒေစီကနေ ရှိစီဖြစ်သွားတယ် ဟုတ်လား"

စိုးသူမိုးသည် မိန်းကလေးလက်ကို ဆွဲကိုင်ထားရင်း ရယ်ရယ်မောမော ပြောနေသည်။

ရပ်ကြည့်နေသူမှာ ဒီပဇော်။ ဒီပဇော်သည် ဂျာကင်အင်္ကျီအိတ်ထဲမှ ကင်မရာကို လျင်မြန်စွာ ထုတ်လိုက်ပြီး စိုးသူမိုးနှင့် မိန်းကလေးကို ဓာတ်ပုံရိုက်ယူထားလိုက်သည်။ မိန်းကလေးသည် တီရှပ်အဖြူရောင်၊ ဂျင်းဘောင်းဘီ အဖြူရောင်၊ ဖိနပ်အမည်းရောင်ကိုဝတ်ထားလျက်။ ခေါင်းပေါ်မှာ တစ်ပွင့်တည်းကား အနီရောင်နှင်းဆီပွင့်။

"ကဲ ... အချစ်က စကားတော်တော်များတယ်။ ကားပေါ်တက်၊ သွားကြမယ်"

မိန်းကလေးက စိုးသူမိုး၏လက်ကို ဆွဲရင်း ကားမောင်းထွက်လာခဲ့သည်။ စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် ကားရပ်လိုက်သည်။ မိန်းကလေးက ရှေ့ဆုံးမှ ကားပေါ်ကဆင်းပြီး စိုးသူမိုးကို လှမ်းပြောလိုက်သည်။

"တစ်ခုခုစားကြရအောင် အချစ်"

စိုးသူမိုးက ခေါင်းညိတ်ပြလိုက်သည်။ အခန်းတစ်ခန်းထဲ ဝင်သွားပြီး စားစရာများကို မှာလိုက်သည်။ မိန်းကလေးသည် စားပွဲပေါ်မှ ရေသန့်ဘူးကို လှမ်းယူပြီး မော့သောက်လိုက်သည်။ ပြီးမှ စိုးသူမိုးကို သေချာကြည့်ပြီး လက်ကိုင်အိတ်ထဲမှ အနီရောင်နှင်းဆီပန်းတစ်ပွင့်ကို ထုတ်လိုက်သည်။

"ကဲ .. အချစ်၊ ဒီနှင်းဆီပန်းကို အမောပြေအောင် နမ်းလိုက်ပါဦး"

"ဟာ ... ဒေစီ မင်းဘယ်လိုဖြစ်နေတာလဲ။ နှင်းဆီပန်းဆိုတာ အလှကြည့်ဖို့ဆို။ နမ်းဖို့ မဟုတ်ဘူးဆိုတာ ဒေစီပဲ ပြောခဲ့တာ မဟုတ်လား။ ခုတော့ ဘယ်လိုဖြစ်သွားတာလဲ။ မနမ်းပါဘူးကွာ"

"အချစ်က စကားတော်တော်များတယ်။ နမ်းလိုက်ပါဆို"

"နှင်းဆီပန်းဆိုတာ နမ်းလိုက်ရင် အလှပြယ်သွားတတ်တယ်ဆိုတာ မင်းလည်း သိရက်သားနဲ့"

"ကဲ ... မနမ်းဘူးဆိုရင်လည်း စားသောက်ပြီး သွားကြမယ် အချစ်"

စားပွဲထိုးက လာချပေးသွားသော စားသောက်ဖွယ်များကို စားသောက်ပြီး ဆိုင်အပြင်ဘက်ကို ထွက်လာကြသည်။

ရန်ကုန်မြို့ပြ၏ မှောင်ရီစပြုချိန်သည် လူများသွားလာနေကြဆဲ။ ကားများ ပြေးလွှားနေကြဆဲ။ မိန်းကလေးသည် ကားကိုမောင်းနှင်လာရင်း တိုက်ကြီးရှေ့တွင် ကားကိုထိုးရပ်လိုက်သည်။ စိုးသူမိုးက တိုက်ကြီးကို ငေးကြည့်ပြီး ...

"ဒေစ် ဘယ်သူ့တိုက်လဲ"

"ရှိစီတို့တိုက်ပေါ့"

"ဟာ မဟုတ်တာ။ ဒေစီတို့ တိုက်က ဒီလိုပုံစံ မဟုတ်ပါဘူး"

"ကဲပါ .. အချစ်ကလည်း စကားသိပ်များတာပဲ။ ဆင်းတော့ တိုက်ထဲသွားကြမယ်"

ကားပေါ်မှ ဆင်းပြီး မိန်းကလေးကို သေချာစိုက်ကြည့်နေသူမှာ စိုးသူမိုး။ ဒေစီနှင့် ပတ်သက်ပြီး အရာရာ ပြောင်းလဲနေသည်မှာ စိုးသူမိုး။ မယုံကြည်နိုင်။ မိန်းကလေးကို သေချာစိုက်ကြည့်နေပြန်သည်။

"ဒေစီမှ ဟုတ်ရဲ့လား"

စိုးသူမိုး ရင်ခုန်နေမိသည်။

"ဘာတွေစဉ်းစားနေတာလဲ အချစ်။ တိုက်ထဲသွားကြရအောင်"

မိန်းကလေးသည် စိုးသူမိုးလက်ကို ဆွဲခေါ်ရင်း တိုက်ထဲကို ဝင်သွားသည်။ တိုက်ထဲကိုရောက်တော့ အခန်းတစ်ခန်းထဲကို ခေါ်သွားသည်။ ပြီးမှ မိန်းကလေးက ...

"အချစ် ... တော်တော်ခေါင်းမာတာပဲ။ နှင်းဆီပန်းကို မနမ်းဘူးဟုတ်လား။ ရှိစီတို့ကတော့ နှင်းဆီပန်းကို အချစ်တို့လို ယောကျ်ားသားတွေ နမ်းမှ ရှိစီပျော်နိုင်မယ်။ ဟား .. ဟား ဟား။ နှင်းဆီပန်းမနမ်းတဲ့ ယောကျ်ားတွေ ဒီအခန်းထဲမှာပဲ နေခဲ့"

www.burmeseclassic.com

"မင်း ဘယ်သူလဲ။ မင်း ဒေစီ မဟုတ်နိုင်ဘူး"

"ဟုတ်ပါတယ် ဒေစီမဟုတ်ပါဘူး။ ရှိစီပါ"

"ရှိစီတွေဘာတွေ ငါနားမလည်ဘူး။ ငါပြန်မယ်"

"ဟား ...ဟား ...ဟား အချစ်။ ဒီလိုဆို ဘယ်ဖြစ်မလဲ။ ပြန်ခွင့်မပေးနိုင်သေးပါဘူး"

မိန်းကလေးက ပြောပြောဆိုဆို အခန်းတံခါးပိတ်ပြီး ထွက်သွားသည်။

"ဒုန်း"

"ဟား ...ဟား ...ဟား"

အခန်းအပြင်ဘက်က မိန်းကလေး၏ ရယ်မောသံသည် စိုးသူမိုး နှလုံးသားကို ထိုးနှက်နေလေသည်။

•••••••

(၆)

"ဟဲလို ကိုဒီပဇော်လား"

"ဟုတ်ပါတယ် ကိုစိုးသူမိုး"

"ကျွန်တော့်ကိုကယ်ပါဦး။ ဒေစီလား၊ ရှိစီလား ကျွန်တော်လည်း မသိတော့ပါဘူးဗျာ။ မိန်းကလေးက တိုက်ခန်းထဲမှာ ကျွန်တော့်ကိုပိတ်ထားတယ်"

"အဲဒီတိုက်က ဘယ်နေရာမှာလဲ"

စိုးသူမိုးသည် သူရောက်နေသည့် တိုက်လိပ်စာကိုပေးလိုက်သည်။

"ဟုတ်ပြီ ကျွန်တော်တို့ လာခဲ့မယ်"

"အမြန်ဆုံး လာခဲ့ပါနော် ကိုဒီပဇော်"

"စိတ်ချပါ ကိုစိုးသူမိုး"

"ဟုတ်ကဲ့ ကျွန်တော် ဖုန်းပိတ်လိုက်တော့မယ်။ အခန်းအပြင်မှာ ခြေသံကြားရတယ် ကိုဒီပဇော်"

စိုးသူမိုးသည် ဟန်းဖုန်းကို ပိတ်လိုက်ပြီး ဘောင်းဘီအိတ်ထဲကို အမြန်ဆုံးထည့်လိုက်သည်။ အခန်းတံခါး ပွင့်လာပြီး ဝင်လာသော မိန်းကလေးသည် စိုးသူမိုးကိုစိုက်ကြည့်ရင်း ပြုံးနေသည်။ မိန်းကလေး၏ အပြုံးသည် အောင်နိုင်သူတို့ အပြုံး။

"လာ..ညှော်ခန်းကို လိုက်ခဲ့"

မိန်းကလေးခေါ်ရာကို လိုက်သွားသူမှာ စိုးသူမိုး။ ညှော်ခန်းမတွင် ထိုင်လိုက်ကြသည်။

"ငါ့ကို ပြန်ခွင့်မပြုသေးဘူးလား"

စိုးသူမိုးသည် ဒေါနှင့်ပြောလိုက်သည်။

"ဟား ...ဟား.. ဟား ပြန်ဖို့ခေါ်လာတာမဟုတ်ဘူး။ ရှင်တို့လို ယောကျ်ားရဲ့ အသည်းနှလုံးကို နင်းခြေပစ်ချင်လို့ ခေါ်လာတာ"

"ငါ့အသည်းနှလုံးက မင်းတို့လို မိန်းကလေးတွေ နင်းခြေပစ်လို့ရမယ့် အသည်းနှလုံး မဟုတ်ဘူး။ မင်းနားလည်လား"

"ဟား ...ဟား ...ဟား ကြိုက်သွားပြီ။ ဒါဆိုရင် မင်းနှလုံးသားက သံမဏိနှလုံးသားပေါ့ ဟုတ်လား။ အေး ...သံမဏိနှလုံးသားကို ခွဲထုတ်ပြီး မီးတင်ရှို့ပစ်ချင်တာ"

အပေါ်ထပ်လှေကားထိပ်မှ အသံကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာသည်။ စိုးသူမိုးသည် လှေကားထိပ်ကို လှမ်းကြည့်လိုက်သည်။ လှေကားထိပ်တွင် ခေါင်းစွပ်အမည်းရောင်လောင်းကုတ်အင်္ကျီရှည် အမည်းရောင်နှင့် ရပ်နေလျက်။ သူ့နံဘေးတွင် မိန်းမဝဝဖိုင့်ဖိုင့်ကြီးတစ်ယောက် ရပ်နေသည်။

လှေကားအတိုင်း ဆင်းလာသည်။ ရယ်မောသံကလည်း ကျယ်ကျယ်လောင်လောင်။

"ဟား ...ဟား ...ဟား ယောကျ်ားတွေကို ငါအမုန်းဆုံး။ စိမ်းစိမ်းကြီး မုန်းတယ်။ ယောကျ်ားတွေကို ငါဘယ်လောက် မုန်းတယ်ဆိုတာ သမီးရှိစီ အသိဆုံးပဲ မဟုတ်လား"

"သိပါတယ် မေမေ"

"ဒါကြောင့် ယောကျ်ားတွေကို လိုက်ပြီး သတ်ခိုင်းခဲ့ရတာပေါ့။ ဒါပေမယ့် ဒီယောကျ်ားကျမှ သမီးတာဝန် မကျေဘူး"

"မဟုတ်ဘူးမေမေ ဒါက"

"သမီးဘာမှ မပြောနဲ့တော့။ အခု သမီးရှေ့မှာရောက်နေတဲ့ယောကျ်ားရဲ့အသည်းနှလုံးကို ခွဲထုတ်လိုက်စမ်း"

ခေါင်းစွပ်ကြီးနှင့်လူက ရယ်ရယ်မောမော ပြောနေသည်။

"သမီးရေ့။ ဒီယောကျ်ားကို ဒီပန်းပွင့်နဲ့ နှလုံးသားကို ဖောက်သိမ်းပစ်လိုက်စမ်း"

ရှိစီသည် ခေါင်းစွပ်ကြီး လှမ်းပေးသော အနီရောင် နှင်းဆီပွင့်ကို လှမ်းယူလိုက်ပြီး စိုးသူမိုးကို ပြောလိုက်သည်။

"ဒီပန်းပွင့်ကို နမ်းလိုက်ပါ"

"မနမ်းနိုင်ဘူး"

"ဟား ...ဟား ...ဟား ကြိုက်သွားပြီ၊ ကြိုက်သွားပြီ။ ကဲ.. ထိုက်ထိုက်အောင် တာဝန်ကျေပါစေ"

ခေါင်းစွပ်ကြီးက ရယ်မောပြီး သူ့နံဘေးတွင် ရပ်နေသော ဝဝဖိုင့်ဖိုင့် မိန်းမကြီးကို ပြောလိုက်သည်။

"စိတ်ချပါ မမကြီး"



www.burmeseclassic.com

www.burmeseclassic.com

ဝဝဖိုင့်ဖိုင့် မိန်းမကြီးသည် စိုးသူမိုးဆီကို လှမ်းလာသည်။ စိုးသူမိုးကို ခြေထောက်နှင့်ကန်ရန် ဟန်ပြင်နေစဉ် ဧည့်ခန်းမထဲကို လူတစ်ယောက် ဝင်ရောက်ပြီး မိန်းမကြီးကျောကို ကန်ထည့်လိုက်သည်။ ထိုလူမှာ ဒီပဇော်။

ထိုစဉ် ဒုရဲအုပ်အောင်နွယ်သည် ဝင်ရောက်လာပြီး ရိုစီ၊ ခေါင်းစွပ်ကြီးနှင့် ဝဝဖိုင့်ဖိုင့် မိန်းမကြီးကို လက်ထိပ်ခတ်လိုက်ကြသည်။ ဒုရဲအုပ်အောင်နွယ်က ခေါင်းစွပ်ကြီးကို သေချာလှမ်းကြည့်ပြီး ...

"ရဲဘော် ခေါင်းစွပ်ကြီးကို ချွတ်လိုက်စမ်း"

ရဲဘော်သည် ခေါင်းစွပ်ကြီးကို လှမ်းချွတ်လိုက်သည်။

"အို ..."

"ဟာ ..."

တစ်ခန်းလုံး ပြိုင်တူထွက်ပေါ်လာသည်။ ခေါင်းစွပ်ကြီးကို ချွတ်လိုက်သည့်အခါ ကြောက်မက်ဖွယ်ကောင်းသည့် မျက်နှာပေါ်တွင် အမာရွတ်ကြီးနှင့်။

"ဟား ...ဟား ...ဟား မင်းတို့ ငါ့မျက်နှာကြီးကိုကြည့်ပြီး ကြောက်လန့်နေကြတာလား။ ဟိုတုန်းက ...ငါ့မျက်နှာအလှကိုကြည့်ပြီး ယောကျ်ားတွေ စကားလုံးလှလှနဲ့ ပိုင်းပိုင်းလည်နေကြတာပေါ့။ ဒါကြောင့် ယောကျ်ားတွေကို ငါအမုန်းဆုံးပဲ"

"ခင်ဗျား စကားရှည်ရှည်ဝေးဝေး ပြောမနေနဲ့။ ခင်ဗျား ဘယ်သူလဲ။ ခင်ဗျားဘာကြောင့် ယောကျ်ားတွေကို လိုက်ပြီး သတ်ခိုင်းရတာလဲ"

ဒုရဲအုပ်အောင်နွယ်က သေချာကြည့်ပြီး ပြောလိုက်သည်။

"ငါ့နာမည်က သူဇာလှိုင်။ ငါ့မှာ အစ်မကြီးတစ်ယောက် ရှိတယ်။ သူ့နာမည်က သူဇာမြိုင်။ တစ်နေ့ မြို့ထဲက မင်္ဂလာဆောင်ဧည့်ခံပွဲမှာ အစ်မကြီး သူဇာမြိုင်ဟာ ကိုမြမျိုးနဲ့ စတင်သိကျွမ်း ချစ်ကြိုက်သွားကြတယ်။ ကိုမြမျိုးဟာ နှင်းဆီပန်းခြံတွေနဲ့ စိုက်ပျိုးရေးသမားတစ်ယောက် ဖြစ်တယ်။ အစ်မကြီးက နှင်းဆီပန်းကို သိပ်မြတ်နိုးတာ။ သူတို့နှစ်ဦး အိမ်ထောင်ကျပြီး အမွှာသမီးလေးနှစ်ယောက် မွေးဖွားခဲ့တယ်။ ဒေစီနဲ့ ရိုစီပါပဲ။ သမီးလေးတွေ နှစ်နှစ်သမီးအရွယ်မှာ ကိုမြမျိုးဟာ သူဌေးသမီးတစ်ဦးနဲ့ ဖောက်ပြန်တယ်။ တစ်နေ့ညမှာ အစ်မကြီးက သိသွားပြီး စကားခဏခဏများတယ်။ တစ်နေ့ညမှာ ကိုမြမျိုးဟာ မိုးအတော်ချုပ်မှာ ပြန်လာတယ်။ အရက်တွေလည်း သောက်ထားတယ်။ အဲဒီညက အစ်မကြီးကို ကိုမြမျိုးက ဘောင်းဘီအိတ်ထဲက အနီရောင် နှင်းဆီပွင့်ကိုထုတ်ပြီး နမ်းခိုင်းတယ်။ အစ်မကြီးကလည်း နှင်းဆီပန်းကို နမ်းလိုက်တယ်။ အဲဒီမှာ အစ်မကြီးဟာ ကြမ်းပြင်ပေါ်ကို လဲကျသွားတယ်။ ဒါကို အခန်းထဲက လှမ်းကြည့်နေတဲ့ ငါဟာ အခန်းထဲမှာတွေ့တဲ့ဓားကို ဆွဲပြီး ကိုမြမျိုးကို ပြေးထိုးတယ်။ ကိုမြမျိုးဟာ ငါ့လက်ထဲကဓားကို အတင်းလုယူပြီး ငါ့ရဲ့မျက်နှာကို ဓားနဲ့ထိုးတယ်။ ငါက ရှောင်လိုက်ပေမယ့် မျက်နှာကိုထိခိုက်သွားတယ်။ ငါ့မျက်နှာပေါ်မှာ သွေးသံရဲရဲနဲ့ ကိုမြမျိုးကို အပေါ်ထပ်လှေကားကနေ အရှိန်ပြင်းပြင်းနဲ့ တွန်းချလိုက်တယ်။ ကိုမြမျိုးလည်း လှေကားအောက်ရောက်တော့ အသက်မရှိတော့ပါဘူး။ အဲဒီအချိန်ကစပြီး အငယ်မဖြစ်တဲ့ ရိုစီကို ငါဆက်မွေးခဲ့တယ်။ အကြီးမဖြစ်တဲ့ ဒေစီကိုတော့ ကိုမြမျိုးရဲ့ညီမတွေက လာခေါ်သွားကြတယ်။ ငါ့ဘဝမှာ ငါ သိပ်ချစ်တဲ့ အစ်မကြီးလည်း ဆုံးရှုံး၊ ငါ့မျက်နှာမှာ ရုပ်ပျက်ဆင်းပျက် ကြီးမားတဲ့ အမာရွတ်ကြီးနဲ့ သစ္စာမရှိတဲ့ ယောကျ်ားတွေကို တစိမ့်စိမ့်တွေးပြီး ယောကျ်ားတွေကို နာကြည်းတယ်။ မုန်းတီးတယ်။ ယောကျ်ားဆိုရင် အသည်းဆတ်ဆတ်ခါ နာကျင်တယ်။ ဒါကြောင့် ရိုစီကိုတော့ ယောကျ်ားတွေကို လိုက်သတ်ခိုင်းတာပဲ"

ဒေါ်သူဇာလှိုင် စကားဆုံးသွားသည့်အခါ စိုးသူမိုးနံဘေးတွင် ရပ်နေသော ဒေစီသည် ရိုစီ့ထံ ပြေးဖက်ကာ

"ညီမလေးရယ်"

"မမ"

ဒေစီနှင့် ရိုစီတို့သည် တင်းတင်းကျပ်ကျပ်ဖက်တွယ်ထားလိုက်သည်။ ဒေစီနှင့် ရိုစီတို့ကိုကြည့်ပြီး ဒေါ်သူဇာလှိုင်သည် မာန်ထန်နေသော ဟန်များ လွင့်ပြယ်သွားလျက်။

"သမီးတို့ရယ် ဒေါ်လေးကြောင့် ဒီလိုဖြစ်ရတာ ခွင့်လွှတ်ကြပါကွယ်"

"ဒေါ်လေးရယ်"

ရဲဘော်များ ခေါ်ဆောင်ရာသို့ ဒေါ်သူဇာလှိုင်၊ ရိုစီ၊ ဒေါ်ထိုက်ထိုက်အောင်တို့ လိုက်ပါသွားရသည်။

စိုးသူမိုး၏ ရင်ခွင်ကျယ်ကြီးထဲတွင် ဒေစီပြေးဝင်ခိုလှုံလိုက်ပြီး မျက်ရည်လှိုင်းများ ရိုက်ခတ်သွားလျက်။

ဗညားဦး(အိမ်မဲ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မင်းတောကျော် ဆယ်သေသားလည်းနှင့် အသားပါမှ...

ဆောင်းကုန်လို့ နွေအကူး မြူနှင့် နှင်းတို့ မမြူးကြတော့။ သို့သော် တောင်တန်းကြီးပေါ်မှာ နေရာယူနေကြလေပြီ။ မကြာမီ တောင်တန်းပြာပြာကြီးကို ကာဆီးလေတော့မည်။ ထိုသို့ ဖုံးအုပ်ကာဆီးသည်နှင့် ညဥ့်အမှောင်က ကြီးစိုးလာတော့မည်ကို တွေးရင်း ငေးနေသည့်အခိုက် -

"ဆရာကျော်"

"ဩော်··အေး ပြော မိုးကျော်"

ပေတစ်ရာခန့် သဲဖြူဖြူ မြက်နစိမ်းစိမ်းလွင်ပြင်လေးအဆုံးမှာတော့ ကျောက်တုံးကြီးတွေအကြားမှ စီးဆင်းနေလေသော စမ်းရေစပ်စပ်သို့ သွားရောက်လေ့လာခဲ့သော မိုးကျော်အောင်နှင့် တင်မြတ် ပြန်ရောက်ခဲ့ကြပြီး ကျွန်တော့်အား ဝမ်းသာအောင် အပြုံးဖြင့် မိုးကျော်အောင်မှ ခေါ်လိုက်၏။

"ခြေရာတွေထပ်နေတယ် ဆရာကျော်။ ဒီဘက် သဲဖြူဖြူမှာ ခြေရာတွေ ပွနေပေမယ့် ရေစပ်စပ်မှာတော့ ခြေရာတွေ အစုံပဲ။ ချေနဲ့ ဒရယ်ခြေရာများတယ်။ ဆတ်လည်း သုံးကောင်လောက် ဆင်းထားတယ်"

"မိုးကျော်···တောမုဆိုးနဲ့ ကျားသစ်ခြေရာလည်း ပြောဦးလေ"

"အေးပါ။ ငါသိပါတယ်ဟ။ တို့

www.burmeseclassic.com

ပစ်မှာက ပထမ ဆိတ်၊ ဒုတိယက ဒရယ်၊ နောက်ဆုံး ချေလေ။ အဲဒီ တောမှဆိုးကျားနဲ့ ကျားသစ်ကို မပစ်ပါဘူးကွာ"

"သိတယ်လေ။ ဒါက တို့ရဲ့သတိထားရမယ့် သားရဲကွ"

"အေးပါဟ။ သားကောင်ပေါတော့ အဲဒီတောမှဆိုးနဲ့ ကျားသစ်ခြေရာလည်း တွေ့တယ် ဆရာကျော်။ ဝက်ခြေရာတော့ မတွေ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီဘက်မှာ ဝါးတော၊ ငှက်ပျောတော မရှိသလို၊ သဲမြေဆိုတော့ ဝက်လှူးကျင်းလည်း မတွေ့ခဲ့ဘူး။ ဝက်တွေ အောက်ဘက်မှာ ရှိမယ်ထင်တယ်"

"အေး··တို့ပစ်ချင်တာက ဝက်မပါဘူးလေ။ ဒီတော့ ဟောဟိုက ရေသဖန်းပင်ကြီးအောက်က စောင့်ရင်ကောင်းမယ်ကွ။ လေတိုက်ခတ်မှုကြည့်ရတာလည်း အဲဒီအပင်ကြီးဟာ မိုးကျော်ပြောတဲ့ သားကောင်ခြေရာတွေရဲ့ လေအောက်လည်းဖြစ်၊ အပင်ကြီးကလည်း အကာအကွယ်ကောင်းပဲကွ"

"ဟုတ်တယ်၊ ဟုတ်တယ်။ အဲဒီဘက် သွားကြစို့"

ခါတိုင်း မိုးကျော်အောင်သာ နေရာရွေး၏။ ယခု သူတို့ သားကောင်ခြေရာခံနေစဉ် လုံခြုံမှုယူပေးရင်း ပစ်ကွင်းနေရာပါ ရှာဖွေခဲ့သော ကျွန်တော်၏ ညွှန်ပြရာ ရေသဖန်းပင်ကြီးဘက် ပြောင်းရွှေ့နေရာယူခဲ့သည်။

နေရာယူအပြီးမှာတော့ အာမီရမ်တစ်လုံးဖောက်ကာ ပါလာသည့် အမဲခြောက်ဖုတ်ဖြင့် တစ်ယောက်သုံးယက်စီခန့် သောက်လိုက်သည်။ နေက ဝင်လုလု၊ အမှောင်က ဖုံးလုလုတွင် ဟန်းကောထဲမှ ထမင်းကို စားအပြီး လုံးဝအမှောင်ဖုံးသွားလေပြီ။ အမှောင်ဖုံးသည်နှင့် တောင်ခြေဘက်မှ တောမှဆိုး ဟိန်းသံက သုံးခါတိတိ ထွက်ပေါ်သည်ကို တင်မြတ်မှ -

"မိုးကျော်ရေ···တို့ကတော့ သားကောင်ပစ်ဖို့ ခြေလုံလက်လုံ ကြိုကြိုတင်တင် စောင့်ရတယ်။ ဟိုတော ကောင်ကြီးကဖြင့် တောဘုရင်ပီပီ သူနိုးပြီလို့ အသံပေးရင်း ရေသောက်ဆင်းတော့မယ် ထင်ပါရဲ့"

"အေး···ရေလည်းသောက်၊ အစာလည်းရှာမယ် ထင်တယ်။ တို့ဘက်တော့မလာပါနဲ့ ကိုယ်တော်ချောကြီးရယ်"

အမှောင်ထုလွှမ်းခါစသည် အင်မတန်မှ မှောင်မည်းသွားသည်ဟု ထင်ကြရသော်လည်း တဖြည်းဖြည်း မျက်စိကျင့်သားရသလို ကြယ်တာရာလေးတွေ၏ အလင်းပင်မရှိသော သောင်ပြင်ဖြူလွလွမှာ အလင်းကလုပနေ၏။

"ဝေါက်··ဝေါက်·· ဝေါက်··ဝေါက်"

"ဝေါက်···ဝေါက်"

"ဟာ···ချေပေါက်နဲ့ ချေမလေးပါလား။ မိုးကျော်··နင်က အမပစ်၊ ငါက အထီးပစ်မယ်"

"အေး···"

"နေကြဦးကွ၊ သူတို့နှစ်ကောင် ကြည့်ရတာ"

"အယ်···ဟုတ်ပ။ မိုးကျော်နဲ့ ညိုချောကျနေတာပဲ···ဟဲဟဲ"

"ခွေးကောင်၊ ကြည့်···ကြည့်၊ ထော်လန်မ မကြည့်မြိုင်ကို"

"ဟော့ကောင်"

ချေပေါက်နှင့် ချေမလေးတို့သည် မြက်နုမစား၊ ရေကြည်အေးအေးပင် မသောက်နိုင်၊ မြိုင်အထ သောင်ပြင်မှာ စတိုင်ကျနေ၏။ ကျွန်တော်သည် ထိုကဲ့သို့ မိတ်လိုက်နေသော စုံတွဲသားကောင်၊ သားသည် မိခင်တွေ လုံးဝပစ်ခွင့်မပေး။ တောမှဆိုး ကျားနှင့် ကျားသစ်တွေကိုလည်း မပစ်။ ကျားသည် တောမှဆိုး။ ကျွန်တော်တို့သည်ကား လူမှုဆိုးတွေ။ ဓာတ်တူသား မစားကောင်း။ တစ်ဖန် ကျားသတ္တဝါကား သုံးနှစ်၊ သို့မဟုတ် လေးနှစ်မှတစ်ကြိမ်သာ သားပေါက်၏။ သားလွယ်ချိန်မှာလည်း သုံးလကျော်ကျော်နေကြရပြီး ပေါက်ပြန်တော့ တစ်ကောင်မှ နှစ်ကောင်ထက် ပိုလှသည်မရှိကြ။ မြန်မာနိုင်ငံ တောရိုင်းတိရစ္ဆာန်များထဲတွင် မပစ်ခတ်၊ မသတ်ဖြတ်ရ စာရင်းဝင်ဖြစ်လေ၏။

"ဟောဗျ၊ ဟို··ဟို··ကျောက်တုံးဘေးမှာ တောမှဆိုးကြီးရောက်နေပြီ ဆရာကျော်"

မျက်စိရှင်သော မိုးကျော်အောင်သည် ထိတ်လန့်တကြား လက်ညှိုးထိုးအပြ၊ ဟုတ်ပါသည်။ လရောင်အလင်းကြောင့် ကျွန်တော်တို့နှင့် ခြေငါးဆယ်ခန့်အကွာ မိတ်လိုက်နေသောသော ချေနှစ်ကောင်နှင့်တော့ ပေ သုံးဆယ်ခန့်ကွာဝေးသော နေရာဝေးဝမ်းလျားမှောက်ပြီး တရွေ့ရွေ့ တိုးလာနေသော တောမှဆိုးကျားကြီး



www.burmeseclassic.com

www.burmeseclassic.com

ခေတ္တရပ်သွား၏။ ကျားကြီး တွေဝေနေပုံရ၏။ အထီး၊ အမ ဘယ်အကောင်အား ခုန်အုပ်ရမည်ကို စဉ်းစားနေပုံရ၏။ အကွာအဝေးမှာ အပိုင်ခုန်အုပ်နိုင်သော အနေအထားသို့ ရောက်နေလေပြီ။

"ဆရာကျော်၊ ချေနှစ်ကောင်တော့ သနားပါတယ်"

"အေး...ဖြစ်နိုင်ရင် တောမှဆိုးကြီး ခုန်အုပ်ဖို့ ဟန်ရေးပြင်တာနဲ့ တင်မြတ်က တောမှဆိုးကြီးရှေ့က ကျောက်တုံးကိုပစ်ကွာ။ တောမှဆိုးတော့ မထိစေနဲ့"

"ကောင်းတယ် ဆရာကျော်"

"ဒါဆို ကျွန်တော်တို့ တောမှဆိုးခြောက်ပြီးရင် နေရာပြောင်းမှပဲ။ ဒီမှာ စောင့်လို့မဖြစ်တော့ဘူး။ သားကောင် ထွက်မှာမဟုတ်တော့ဘူး"

"မှန်တာပေါ့...မိုးကျော်ရာ။ မတတ်နိုင်ဘူးလေ"

ကျွန်တော့်ဆုံးဖြတ်ချက်ကို မိုးကျော်အောင် သိပ်တော့ မနှစ်မြို့။ သို့သော်လည်း ထပ်တွန့်မတက်။ ဆက်မပြောတော့။ တောမှဆိုးကြီးနှင့် ချေမောင်နှံ အတွက်တော့ ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ ဖြစ်သော်လည်း ကျွန်တော်တို့ လူသားမှဆိုးသုံးယောက်အတွက်တော့ ဖွတ်မရ ဓားမဆုံး ပုံစံပေါက်ချေပြီ၊ မတတ်နိုင်တော့။

တောမှဆိုးကြီးသည် သူတို့၏ အချိန်အဆ ကွက်တိဖြစ်အောင် ခုန်မွန်းတတ်မှုမှာ အလွန်အံ့သြစရာကောင်းသော လိမ္မာပါးနပ်သည့် အသိဉာဏ်ရှိသော သတ္တဝါကြီးပီပီ သူ့ရှေ့ကျောက်တုံးဘေးသို့ အနည်းငယ်ရွှေ့အပြောင်း အားကောင်းမောင်းသန်ခုန်အုပ်ရန် အနေအထားပြင်အပြီးမှာတော့ -

"ဟာ...ဟောဗျ။ ဘာလဲမသိဘူး ဆရာကျော်"

"အေး...စောင့်ကြည့် မိုးကျော်။ ပစ်ခတ်မှု မဖြစ်စေနဲ့"

ကျွန်တော် သတိပေးရင် ရေစီးနေသော စမ်းချောင်းလေးအား ဖြတ်၍လာနေသော မီးရောင်နှစ်ခု။ ထိုမီးရောင်မှာ မီးတုတ်၊ မီးအိမ်အလင်းမျိုး မဟုတ်။ သေသေချာချာကြည့်တော့ ကားမီးနှစ်လုံးပုံသဏ္ဌာန် အလုံးအဝိုင်းမှ တစ်ဆင့် မီးချောင်းနှစ်ချောင်း ကန့်လန့်မဟုတ်၊ ဒေါင်လိုက်အလင်းတန်းနှစ်ခု။ ရှေ့ဆက်တိုးလာနေ၏။

"မိုးကျော်နဲ့ တင်မြတ်၊ လူနှစ်ယောက်ကွ"

"မဖြစ်နိုင်ဘူး ဆရာကျော်။ လကလည်းသာပေမယ့် ဒီအလင်းနှစ်ခုက သစ်စုန်းလည်း မဟုတ်ဘူ"

"အေးလေ မိုးကျော်ရဲ့။ သစ်စုန်းဆိုတာ အပင်လုံးပေါ်မှာ နေရမှာကွ။ ခုဟာက ရှေ့တိုးလာနေပြီ။ သရဲခြောက်တာများလား"

"ကြည့်ကြစမ်း။ တောမှဆိုးကြီး တည့်တည့်ကွ။ တောမှဆိုးကြီး ချေမောင်နှံ မကြည့်တော့ဘူး"

"အယ်...ချေမောင်နှံလည်း မီးအလင်းကိုကြည့်နေကြတယ် ဆရာကျော်"

"ဟာ...လူကြီးနှစ်ယောက်ဗျ။ ခုကွပါပဲ"

"ကျားရှိမှန်း မသိဘူးဗျ"

"မိုးကျော်နဲ့ တင်မြတ်၊ ငါ့အထင်တော့ လူတစ်ကိုယ်လုံး အလင်းရောင်တွေ တောက်ပနေမှတော့ သာမန်လူသား မဖြစ်နိုင်တော့ဘူး။ တန်ခိုးဣဒ္ဓိပါဒ်ရှိတဲ့ ပုဂ္ဂိုလ်ထူးကြီးတွေလား မသိဘူးကွ"

"ဆရာကျော်...ဆရာကျော်၊ ဟာ...ဟာ...တောမှဆိုးကြီး အဲဒီလူနှစ်ယောက်ဘက် လှည့်...လှည့်နေပြီဗျ"

"တကယ်လို့ အဲဒီပုဂ္ဂိုလ်တွေ ရန်မူရင်တော့ ခြောက်လှန့်ပစ်ကွာ။ အတတ်နိုင်ဆုံး ဘယ်သူ့မှ မထိနိုက်စေနဲ့"

"ဟုတ်...ဟုတ်"

ကျွန်တော်တို့ သုံးယောက်သား တောမှဆိုးကြီးနှင့်အတူ လာနေသော ပုဂ္ဂိုလ်ကြီးနှစ်ဦးအား မျက်တောင်မခတ်၊ မည်သို့ပင် အသက်ရှူရမှန်းမသိ ဖြစ်နေခိုက် တောမဆိုးကျားသည် တိရစ္ဆာန်ပီပီ သားရဲကြီးတစ်ကောင်ထံသို့ လူသားနှစ်ယောက် တည့်မတ်စွာ တိုးဝင်နေပုံမှာ အညို့ခံထားရသည့် လူသတ္တဝါပမာ၊ သို့မဟုတ် တောမှဆိုးကြီးရှိမှန်း မသိ၍လားဟု တွေးနေခိုက် တောမှဆိုးကျားကြီးမှာ ဒေါသမာန်မပါ၊ အသားစားရန် မေ့လျော့၍ အိမ်မွေးကြောင်ကလေးတစ်ကောင်ပမာ လူပုဂ္ဂိုလ်နှစ်ဦးဘက်သို့ ကန္တွဲ့ကလျ တစ်လှမ်းချင်းလှမ်းနေလေသည်။

"ဟာ...ထူးဆန်းလိုက်တာ

www.burmeseclassic.com

ဆရာကျော်။ ဒီနယ်မြေဟာ မဟုတ်မှ လွဲရောဆိုသလို တစ္ဆေတောလား၊ ကျတ်တီးကုန်းများလား ဆရာကျော်"

မိုးကျော်အောင် သုံးသပ်ချက် မှန်နေမလား မသိ။ အလွန်ထူးဆန်း အံ့ဩစရာကောင်းနေ၏။ စောစောက လူပုဂ္ဂိုလ်နှစ်ဦးအနက်မှ ရှေ့လူသည် လက်တစ်ဖက် မြှောက်လိုက်သည်နှင့် တောမုဆိုးကြီးသည် မြေမှာ ဝမ်းလျား မှောက်ကာ အမြီးတနန့်နန့်လုပ်ကာ ချွဲနေလေသော ကြောင်ကလေးတစ်ကောင်အသွင် ဖြစ်နေ၏။

"ကဲ…ရွှေဝါရေ။ ရေသောက်ပြီးရင် ပြန်တော့နော်။ ကဲ…ကဲ… သွား သွား"

"ရွှေဝါလေး သားစားမကျူးရဘူးနော်"

ဒုတိယလူမှ ဆုံးမစကား ပြောလိုက်၏။ တောမုဆိုးအသွင်မှ အိမ်မွေးကြောင်အသွင် ပြောင်းသွားသော ကျားကြီးသည် လူပုဂ္ဂိုလ်နှစ်ဦးအား သူ၏ခန္ဓာကိုယ်ကြီးဖြင့် ပွတ်တိုက်ရင်းမှ တောထဲသို့ လှည့်ပြန်သွားလေပြီ။

"နောင်ဘုရား ခရီးဆက်ကြပါစို့"

"အင်း…မုဆိုးသတ္တဝါတွေ၊ သူတော်ကောင်းတွေလည်း ရှိကြပါပေ့။ ဆင်ခြင်တုံတရား လက်ကိုင်ထားရင် မမှားပါဘူး ညီတော်"

"မှန်တာပေါ့ နောင်ဘုရား။ သတိတရားအရေးကြီးသလို သန္တာန်ကြင်နာမှုရှိရင် အန္တရာယ်ကင်းကြတာ သေချာပါရဲ့"

"ကဲ…ကဲ…ညီတော်ရေ။ ဒီကျောက်တုံးပေါ်မှာ အာဟာရပြည့်ဝတဲ့ သိဒ္ဓိငှက်ပျောသီးသုံးယောက်စာ သုံးလုံး စွန့်ထားခဲ့ပါ ညီတော်"

"ကောင်းလှပါပြီ နောင်တော်"

ပြောပြောဆိုဆို ဒုတိယပုဂ္ဂိုလ်ကြီး၏ လွယ်အိတ်ထဲမှ ငှက်ပျောသီးတွေ ကျောက်တုံးပေါ် အသာချကာ စမ်းချောင်းလေးအား ပြန်လည်ဖြတ်အကူးမှာတော့ စောစောကလို အလင်းရောင်တွေ ပျောက်ကွယ်ကာ မှောင်အတိကျသွားလေ၏။ ထိုသို့ မှောင်မိုက်သွားသည်အထိ ကျွန်တော်တို့သုံးယောက် စကားပင်မပြောဖြစ်။

"ဆရာကျော်"

"ဘာလဲ မိုးကျော်"

"ဘာတွေလဲ၊ ဘယ်လိုဖြစ်သွားတာလဲ မသိဘူး။ ကျွန်တော်တို့မြင်တွေ့နေရတာ အမှန်တွေလား၊ လှည့်စားမှုတွေလားဟင်"

"ဒီအကောင်ကတော့… နင့်ဘေးလူလည်း နင့်ထောက်ပဲ သိတာပေါ့ဟ"

"တင်မြတ်ပြောတော မှန်တယ် မိုးကျော်။ ဟာ…မိုးလင်းတော့မယ်"

အမှန်ပင် အရှေ့ရွာစူးရှိ တောင်တန်းပေါ်ဝယ် အရုဏ်ဦး၏ အလင်းရောင်တွေ ယှက်သန်းနေလေသည်။ အမှန်ပင် မိုးလင်းပါပြီကော။ သားကောင်လည်း မပစ်ရ၊ ထူးဆန်းသော လူပုဂ္ဂိုလ်ကြီးနှစ်ဦးနှင့် တောမုဆိုးကျား။ ထိုပုဂ္ဂိုလ်ထူးကြီးများ၏ စကားသံကား နန်းဆန်လွန်းပါဘိ။ သူတော်ကောင်းကြီးတွေသာ ဖြစ်ပေမည်။ ပထမ မထင်အပ်သော ကျတ်တီးကုန်းဟု အထင်ကြောင့် ကျွန်တော်တို့တွေးတောနိုက် အညှိုးခံရသည်တော့ မဟုတ်။ မျက်ဝါးထင်ထင် မြင်တွေ့ရသလို စကားသံတွေလည်း ကြားနေရ၏။ ထိုပုဂ္ဂိုလ်ကြီးတွေ ခေါ်ဝေါ်မှုမှာ ညီတော်၊ နောင်တော်ဟူသတည်း။

"ဆရာကျော်၊ ငှက်ပျောသီးရှိမရှိ သွားကြည့်မယ်ဗျာ"

"အေး…တင်မြတ်ပါလိုက်သွား။ ငါဒီက လုံခြုံမှုယူပေးမယ်"

"ဟုတ်ကဲ့"

မိုးကျော်အောင်နှင့် တင်မြတ်တို့ နှစ်ယောက်သား ငှက်ပျောသီးတင်ထားခဲ့သော ကျောက်တုံးဆီရောက်တော့ အမှန်ပင် မွှေးပျံ့နေလေသော ငှက်ပျောသီးသုံးလုံး။ တောတောင်ထဲတွင် မပေါက်သော ရွှေငှက်ပျောသီးကြီးတွေ။ အားရဝမ်းသာ ယူလာရင်း နှစ်ယောက်စလုံး စားချင်စိတ်တွေ ဖြစ်လာကြ၏။

"ဆရာကျော်ရေ…ရွှေငှက်ပျောသီးကြီးတွေဗျ"

"အေးဟ၊ မွှေးနေတာပဲ။ ကဲ ဒီအတိုင်းမစားနဲ့။ တို့သုံးယောက် ငှက်ပျောသီးကိုင်ပြီး ပထမ မြတ်ဗုဒ္ဓကို လှူ၊ ဒုတိယ ရဟန္တာကြီးတွေလှူကွာ"

"ဗျာ…"

"မဗျာနဲ့။ အာဟာရဖြစ်စေတဲ့ အစားအစာကို ပထမဆုံး ဘုရား… လှူရတယ်"

ကျွန်တော့်စကားကြောင့် ထ… နှစ်ဖက်ဖြင့် ငှက်ပျောသီးအား … ဦးတိုက်ကာ အရုဏ်ဆွမ်းပမာ … ဒါန်းနေစဉ် ကျွန်တော်တို့၏ လက်… သည့် ပေါ့ပါးလျက် လေထဲတွင် …



www.burmeseclassic.com

www.burmeseclassic.com

နေသီအလား ထူးခြားစွာ ခံစားရပြီး နောက် ကျွန်တော်တို့သုံးယောက် နံနက်စာအဖြစ် စားသောက်ရင်း ငှက်ပျောသီးစွန့်ခဲ့သော ပုဂ္ဂိုလ်ကြီးတွေကိုလည်း စိတ်မှရည်မှန်း ဦးတိုက်လိုက်ပါသည်။

ကျွန်တော်တို့ ငှက်ပျောသီးစားပြီးချိန်မှ စိတ်ထဲ ကြည်လင်ပြီး အတွေးထဲသို့ ပြေးဝင်လာလေသော အသိအား တစ်မုဟုတ်ချင်း လင်းလက်လာလေတော့သည်။

"မိုးကျော်နဲ့ တင်မြတ်၊ ငါ လွန်ခဲ့တဲ့ ရှစ်နှစ်ခန့် ၁၉၆၄ ခုနှစ်က လွယ်ရှယ်ဘုရားကုန်းမှာ စခန်းထိုင်တော့ လွယ်ဂျယ်ရွာသား ရှမ်းဆေးဆရာကြီး ပြောဖူးတယ်"

"ဘာတွေပြောခဲ့တာလဲ ဆရာကျော်"

"အေး . . . ဒီဘုရားစေတီမှာ ပုဂ္ဂိုလ်ထူးညီနောင် တရားအားထုတ်တာ တွေ့ဖူးတယ်တဲ့။ ဟုတ်ပြီ၊ ဟုတ်ပြီကွ။ အဲဒီ ရှမ်းဆရာကြီးကို ငှက်ပျောသီးတစ်လုံးကျွေးတယ်တဲ့။ နောက်ပြီး စကားပြောတာလည်း အင်မတန်နန်းဆန်ပြီး ညီတော်၊ နောင်တော်လို့ ခေါ်ဝေါ်တယ်ဆိုပဲ"

"နေပါဦး။ သူတို့နှစ်ဦးဟာ အင်မတန်ထူးဆန်းတဲ့ ပုဂ္ဂိုလ်နှစ်ဦးဖြစ်ပြီးတော့ကွာ . . . ဟို . . . အယ် . . . တစ်ဦးက နေတစ်ထောင် နောင်တော်တဲ့၊ တစ်ဦးကတော့ လတစ်ထောင် ညီတော်တဲ့ ပုဂ္ဂိုလ်ထူးကြီးတွေလို့ ပြောဖူးတယ်"

"ဒါဆို သေချာပြီ ဆရာကျော်။ ပုဂ္ဂိုလ်ကြီးတစ်ဦးရဲ့ မျက်နှာတော်ဟာ ရွှေအဆင်း၊ တစ်ဦးမှာတော့ ငွေအဆင်းဆိုတော့ ဟို . . ဆရာကျော် ပြောသလို နေတစ်ထောင်၊ လတစ်ထောင် ညီနောင်ဆိုတာ သေချာပြီ။ အဘတို့ဘုရား . . . ကျွန်တော်တို့ပြစ်မှားမှုရှိပါက ခွင့်လွှတ်ပါ အဘတို့"

မိုးကျော်အောင်သည် ရေဝတီတိုင်းသား ဘုန်းကြီးကျောင်းတွင် ကိုရင်ဝတ်နေရာမှ လူထွက်၍ စစ်ထဲဝင်ခဲ့သောကြောင့် ကိုးကွယ်မှုတွင် ကျွန်တော်တို့ထက်ပင် သာပါ၏။ သူသည် ဘုရားတရားမှလွဲ၍ တခြား မိစ္ဆာဒိဋ္ဌိ အလွန်မုန်းသူ။ သူဦးတိုက်သလို ကျွန်တော်နှင့် တင်မြတ်ပါ ဦးတိုက်အပြီးမှာတော့ -

"ကဲ . . . ပြန်ကြစို့။ သားကောင်မရပေမယ့် သိဒ္ဓိရှိတဲ့ ရွှေငှက်ပျောသီး တန်ခိုးက တို့အင်မတန်ခွန်အားဖြစ်ရပြီ"

"ဟုတ်တယ် ဆရာကျော်။ ဟော . . . ဟော . . ဘာသံလဲ"

"ဒူဝေဝေ . . . ဝေနောင်။ ဒူဝေဝေဝေဝေ . . . နောင်".

ကြေးစည်သံ သုံးကြိမ်ကြားရသဖြင့် ကျွန်တော်တို့လည်း သာဓုသုံးကြိမ် ခေါ်ကာ တောင်စောင်းပေါ် ပြန်တက်ခဲ့ပါပြီ။ သားကောင်မပစ်ရ၍ လုံးဝ စိတ်မကောင်းမဖြစ်ရ။ စိတ်တွေကြည်နူးနေသည်က အမှန်ပင်။ ထိုသို့ တောင်ထိပ်ပေါ်ရောက်ခါမှ -

"ဟာ . . ဟာ . . ဆရာကျော် နေရာယူ"

"ဝေါင်း" ဆိုသော ကျားဟိန်းသံကြီးနှင့်အတူ တောင်စောင်းအထက်မှ လိမ့်ကျလာလေသော ဒရယ်ပေါက်သည် အမြင့်ပေသုံးဆယ်ခန့် ကျောက်တောင်မှအကျ အောက်ရှိကျောက်တုံးဖြင့် ဆောင့်မိကာ သေဆုံးသွားလေပြီ။

"ဆရာကျော် . . . ကျားကြီးအသံသာကြားတယ်၊ အကောင်မတွေ့ဘူး"

"အေး . . . တို့အတွက် လက်ဆောင်ပေါ့ တင်မြတ်"

"ညက တွေ့တဲ့ကျားကြီးလား မသိဘူး"

"ဟာ . . . ခွေးကောင်၊ အသံပဲ ကြားရတာဟ။ အကောင်မတွေ့ရဘူး။ တွေ့လည်း တောမှဆိုးကြီးတွေဟာ တစ်ပုံစံတည်း။ တစ်ရောင်တည်းဟ။ ဘယ်လိုမှတ်မှာလဲ"

"ကဲ . . . ငါ့ညီတို့၊ အပြန်လမ်းမှာတော့ ထူးဆန်းတဲ့ အာဟာရစားရတယ်၊ လက်ဆောင်သားကောင်လည်း ရပြီ။ ကဲ . . . ထမ်းကြစို့"

ကျွန်တော် ပြောပြောဆိုဆို မိုးကျော်အောင်နှင့် တင်မြတ်တို့ ဝါးခုတ်ပြီး ရှေ့တစ်ယောက်၊ နောက်တစ်ယောက် သားကောင်ဒရယ်ထမ်းပြန်ခဲ့ရင်းမှ နေတစ်ထောင်၊ လတစ်ထောင် ဘညီနောင်ပြောခဲ့သောစကား "မုဆိုးသူတော်ကောင်း" ဟူသော အ[illegible]ကြောင့် ရင်မှာအေးလျက် -

"ငါ့ညီတို့ရေ . . . မုဆိုးသူတော်ကောင်းတွေအတွက် တောမှဆိုးကြီး ပေးတဲ့အသေသားပဲ စားကြတာပေါ့ကွာ"


"ဟုတ်တယ် ဆရာကျော်၊ အသေသားလည်း အသားပါပဲဗျာ . . ."

မင်းရဲကျော်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ရှုန်းထွက်ခြင်းအလကော

မောင်သာမန်(ဇီးကုန်း)

(၁)

“စောအောင် ထောင်ကလွတ်လာပြီဟေ့”

အရှေ့ဘက်ရွာလမ်းဆီမှ ရွာသားတစ်ဦး၏ အသံကြောင့် မိညိုလှတစ်ယောက် ထိတ်ခနဲဝမ်းသာသွားရသည်။ နှစ်အတန်ကြာ အကျဉ်းထောင်ထဲတွင်နေလာခဲ့ရသော ကိုစောအောင်အား ပြေးတွေ့လိုသည့် ဆန္ဒသည် မိညိုလှအတွက် မထိန်းနိုင်၊ မသိမ်းနိုင် ဖြစ်နေရသည်။ ကိုစောအောင်ကိုတွေ့သည်နှင့် ဖြစ်သမျှအကြောင်း၊ စီကာပတ်ကုံး ရင်ဖွင့်ပြမည်ဟုလည်း စိတ်ထဲတွင် ကြံရွယ်ထားခဲ့ပါ၏။ ယင်းသို့ဖြင့် ကိုစောအောင်ကို တွေ့လိုမြင်လို၊ စကားပြောလိုသော စိတ်ဆန္ဒတို့ဖြင့် အိမ်ရှေ့ခြံဝသို့ ပြေး၍ထွက်လာခဲ့၏။ ထိုစဉ်အတွင်း သူမ၏မျက်နှာလေးတွင် ပြုံးရမလို၊ မဲ့ရမလိုဖြင့် မျက်ဝန်းများတွင်လည်း မျက်ရည်စများ ရစ်ဝိုင်းလျက်ရှိနေပေသည်။

ကိုစောအောင်သည် အဝတ်နှင့်စောင်ထည့်ထားသော လွယ်အိတ်ကလေးကိုလွယ်၍ ရွာသားများခြံရံလျက် ရွာလမ်းအတိုင်း အနောက်မှအရှေ့သို့ လျှောက်၍လာနေပေ၏။ ရွာသားများဖြင့် စကားတပြောပြောလျှောက်လာနေသော ကိုစောအောင်သည် မိညိုလှကို မြင်တွေ့သော်လည်း၊ မည်သည့်ခံစားချက်မျှ မရှိသည့်ပမာ တစ်ချက်ကြည့်လျက် ရွာသားများနှင့် သူ၏အိမ်ရှိရာသို့ ဆက်လက်လျှောက်သွားနေခဲ့သည်။ မိမိအပေါ်၌ မည်သည့်အရာမျှ မခံစားသည့်ပမာ ရှိနိုင်လွန်းသော ကိုစောအောင်၏ကျောပြင်ကိုကြည့်၍ မိညိုလှတစ်ယောက် ဝမ်းပမ်းတနည်းဖြစ်ခဲ့ရသည်။ သို့ကြောင့်ပင် သူမမှာ ဝမ်းနည်းခြင်းများဖြင့် ငိုချင်စိတ်ကို ထိန်းမထားနိုင်တော့။ ရှိုက်၍ရှိုက်၍သာ ငိုချလိုက်တော့သည်။

အမှန်အားဖြင့် ပြီးခဲ့လေသော ကာလများ၌ သူမ၏ ဟန်ပန်အမူအရာပိုသော အမှားတစ်ချက်ကြောင့် နှစ်အတန်ကြာ ဒုက္ခရောက်ရလေသော သူ့ကို နောင်တများစွာဖြင့် တောင်းပန်လိုပါ၏။ ခွင့်လွှတ်ပါစေကြောင်း ဝန်ချလိုပါ၏။ ထို့ပြင် ပြန်လည်ကြည်ဖြူပါစေကြောင်း ခယလိုပါ၏။ သို့စေကာမူ ယခင်အခါက သူမအား မြတ်နိုးလှပါသည်၊ ချစ်လှပါသည် ကြင်နာလိုလှပါသည်ဆိုသော ကိုစောအောင်သည် သူမကို သူ့ရှေ့၌တွေ့သည်တွင် သူစိမ်းပြင်ပြင် တစ်ချက်ကြည့်၍ ဆက်လက် လျှောက်သွားသည့်အတွက် အလွန်ပင် အခံရခက်လှသည်။ နှလုံးသားရေးနှင့်ပတ်သက်၍ ဇဝေဇဝါ မရေမရာဖြစ်ခဲ့လေသော သူမအဖို့ ကိုစောအောင်ကို နှလုံးသားလျှို့ဝှက်ခန်း၌ ချစ်မိး ည်မှန်သော်လည်း မှားယွင်းသောရွဲ့စောင်းမှုများကြောင့် သူမချစ်မိသောသူ ထောင်နန်းစံခဲ့ရပါသည်။ ချစ်ရသော ကိုစောအောင် ထောင်တွင်းအကျဉ်းကျကာမှပင် မိညိုလှတစ်ယောက် သူ့ကို နှစ်နှစ်ကာကာချစ်မိမှန်း သိလာခဲ့ရသည်။ သို့သော် ဒုက္ခဆင်းရဲမှုများဖြင့် ထောင်နန်းစံခဲ့ရသော သူသည် ယခုအခါ သူမအား နှစ်နှစ်ကာကာ ချစ်နိုင်တော့မည်လားဆိုသည်ကို သူမ မတွေးဖြစ်ခဲ့ပေ။

ယခုတော့ မိညိုလှတစ်ယောက် ထင်သာမြင်သာ ရှိလှပါ၏။ ကိုစောအောင် သူမကို နာကြည်းနေပါလိမ့်မည်။ သူမကို မြစ်ချောင်းကဲ့သို့ ကောက်ကွေ့သော၊ ဉာဏ်များသော မိန်းမဟုဆိုပါလိမ့်မည်။ မိန်းမမာယာဖြင့် လှည့်ဖြား၍ ယောကျ်ားတကာကို မြူဆွယ်သော မြွေဟောက်ကဲ့သို့ မိန်းမဟု သူမကို စွပ်စွဲနေပါလိမ့်မည်။

သို့သော် တစ်ခုတော့ ပြောစရာရှိပါသည်။ ကိုစောအောင်တစ်ယောက် ထောင်မှလွတ်သည့်တိုင် မိညိုလှတစ်ယောက် မိန်းမသားတို့၌ ထိန်းသိမ်းအပ်သည့် ဣန္ဒြေသိက္ခာတို့ဖြင့် ပတ်ဝန်းကျင်ကို အမှုမထားဘဲ ကိုစောအောင်ပြန်အလာကို စောင့်မျှော်နေခြင်းများသည် ကိုစောအောင်ပေါ်၌ သစ္စာစောင့်သိခြင်းတစ်ခုဟုခေါ်ဆိုနိုင်

www.burmeseclassic.com

မည်ဖြစ်သည်။ တကယ်ဆိုရချေသော် မိန်းမသားတို့၏ နှလုံးသား၌ ချစ်ရသူသည် တစ်ဦးတစ်ယောက်တည်းသာ ထာဝရစွဲမြဲစွာရှိတတ်သည်ကို ကိုစောအောင် သိချင်မှသိပါလိမ့်မည်။ သူမ၏ရင်ထဲ၌ ကိုစောအောင်တစ်ယောက်တည်းသာ ရှိနေသည်ကို သူမသာလျှင် သိပါ၏။ ဖြစ်ပြီးခဲ့လေသော ပြဿနာအရပ်ရပ်သည် မိညိုလှအနေဖြင့် ကိုစောအောင်၏အချစ်ကို ပိုင်ပိုင်ရလိုမှုကြောင့် ဖြစ်ခဲ့ရသည်ကို မည်သူတစ်ဦးတစ်ယောက်မျှ မသိသကဲ့သို့ ချစ်ရသော ကိုစောအောင်သည်လည်း သိမည်မဟုတ်ပါပေ။ ထို့ကြောင့်ပင် မိမိ၏နက်ရှိုင်းသောမေတ္တာကို ကိုစောအောင် နားလည်သဘောပေါက်ပါက မည်မျှကောင်းမည်နည်းဟု စဉ်းစားလျက် မိညိုလှမှာ ရှိုက်၍သာနေတော့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ 'ဘယ်သူမပြု မိမိမှု'ဟူသာ မိညိုလှ သဘောပေါက်ခဲ့ပါလျှင် အချစ်နှင့်ပတ်သက်၍ ဖြေသိမ့်စရာရှိသော်လည်း ကိုစောအောင်၏အထင်လွဲမှုကို မိညိုလှတစ်ယောက် မခံရပ်နိုင်သည့်အတွက် သူမအနေဖြင့် ငိုနေရဦးမည်ဖြစ်သည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူမ၏အချစ်ကို ချစ်ရသောသူတစ်ယောက် နားလည်နိုင်ပါစေကြောင်း ရင်ထဲတွင် ဆုတောင်း၍သာ ရှိနေတော့သည်။

(၂)

အမှန်တကယ်အားဖြင့် လက်ပံလှရွာကလေးမှ မိညိုလှသည် ကွမ်းတောင်ကိုင် ညိုချောလေးအဖြစ် လှပချောမောလှပါ၏။ မိညိုလှသည် ညိုလှဆိုသည့်အတိုင်း အသားညိုစိမ့်စိမ့်ဖြင့် ချောမောသူလေး ဖြစ်ပါ၏။ ဘုရားသွား ကျောင်းတက်သည်ဖြစ်စေ၊ ကောက်စိုက်သွားသည့်အခါဖြစ်စေ၊ ရေကန်တွင် ရေခပ်သည်ဖြစ်စေ မရိုးနိုင်သော မြန်မာဆန်သည့် ဝတ်စားဆင်ယင်မှုများဖြင့် အလှပေါ်လွင်လျက်ရှိရာ သူမ၏အချောအလှဖြင့် သူတကာအား ဖမ်းစားနိုင်စွမ်းရှိလေ၏။

ထို့ပြင် သနပ်ခါးရည်ကျဲလေးဖြင့် စွဲမက်ဖွယ် မိညိုလှ၏အလှကြောင့် ရွာရှိ ကာလသားများသာမက တခြားရွာမှ ကာလသားများပင် သူမနှင့်ပတ်သက်၍ တသသဖြစ်လျက် ရှိနေရသည်။ ထိုထိုသောကာလသားများတွင် ကာလသားခေါင်း၊ သို့မဟုတ် လူငယ်ခေါင်းဆောင် လူပျိုကြီးကိုစောအောင်သည် မိညိုလှအား တခြားသူများမရိပ်မိစေဘဲ တိတ်တခိုး ချစ်မြတ်နိုးနေသူဖြစ်သည်။ ထိုအကြောင်းကို လူပျိုကာလသားများ မသိသော်လည်း တခြားသောကွမ်းတောင်ကိုင် မိန်းမပျိုလေးများကမူ ရိပ်မိကြပေသည်။ ယင်းကြောင့် မိညိုလှ၏ သူငယ်ချင်း ခင်မြမြမှ သူမအား ကန်ပေါ်တွင်ရေခပ်လျက် –

"မိညိုလှရယ် .. ကံကောင်းလှချည်လားဟယ်"

ခင်မြမြ၏ မမျှော်လင့်သော စကားကြောင့် မိညိုလှမှာ နားမလည်စွာဖြင့် ...

"နင်ပြောတာ အစမရှိ၊ အဆုံးမရှိ ကောင်မရယ်။ ဘာကိုကံကောင်းတာလဲကွယ့်"

ခင်မြမြသည် တစ်စုံတစ်ရာ သတိရသည့်ပမာ ခစ်ခနဲ ရီ(ရယ်)လိုက်ပြီးနောက် ...

"ကိုစောအောင်ကြီး နင့်အပေါ်မှာ မရိုးဘူးနဲ့တူတယ်။ ဟိုတစ်နေ့ ဘကြီးဖိုးတို့အလှူမှာ ညည်းကိုခဏခဏ ခိုးကြည့်နေတာ ငါတို့အုပ်စု ကမိသွားပြီး ဟားတိုက်ရယ်မိတော့ သူ့ခမျာ ရှက်ကိုးရှက်ကန်းဖြစ်သွားတယ်ဟဲ့"

"အို ..."

ခင်မြမြ၏ ပြောစကားကြောင့် အလှူပွဲအတွင်း အဖြစ်အပျက်လေးများကို မိညိုလှတစ်ယောက် ပြန်လည်သတိရသွားပြီး သူမ၏မျက်နှာ၌ ရဲခနဲ ရှက်သွေးဖြာသွားရသည်။ ထိုအချက်ကို မြင်လိုက်ရသော ခင်မြမြမှာ သူမ၏ကိုယ်လုံးလေးအား လက်တစ်ဖက်ဖြင့် ဖက်လိုက်ပြီး ...

"ကောင်မရယ် ... ရှက်မနေပါနဲ့ဟယ်။ ကိုစောအောင်ကြီးလို ဥစ္စာပေါ၊ ရုပ်ချောပြီး လူပျိုလူလွတ်တစ်ယောက်ရဲ့ အချစ်ကိုရတာ ကံကောင်းတာပေါ့။ အို ... ပြောရမယ်ဆိုရင် ညည်းကို တို့များတောင် အားကျမိပါရဲ့"

မိညိုလှသည် ရယ်မော၍ပြောနေသော ခင်မြမြ၏လက်မှ ရုန်းထွက်လျက် ရှက်ရွံ့စွာဖြင့် ...

"ကောင်မနော်၊ မဟုတ်တာတွေ ပြောမနေပါနဲ့။ ရှက်စရာတွေကွယ်။ ညည်းတို့ပြောစကားအရဆိုရင် ကိုစောအောင်ကြီးက ငါ့ကိုစိတ်ဝင်စားနေတယ်လို့ ဆိုလိုချင်တာပေါ့ ဟုတ်လား။ ကြည့်တာကတော့ကွယ် သူလိုကိုယ်လို ကြည့်တာဖြစ်မှာပေါ့ဟဲ့။ ဟိုအကြောင်းကြောင့်ဟုတ်ဟန်မတူဘူး"

ခင်မြမြမှ –

www.burmeseclassic.com

www.burmeseclassic.com

"အေးပါ ... မယုံရင်ကြည့်နေ။ ဇာတ်သိမ်းပိုင်းမှာ မင်းသားနဲ့ မင်းသမီး ညားကြလေသတည်းလို့ ဖြစ်လာလိမ့်မယ်"

မိညိုလှသည် မျက်နှာလေး ရဲတွတ်သွားရပြီး

"ကောင်မနော် ... ပြောလေကဲလေဗီလား"

မိညိုလှ ရှက်သွေးဖြာမှုသည် ကိုစောအောင်အပေါ်၌ မေတ္တာရိပ်ယှက်သန်းမှုများ ဖြစ်နေသည်ကို ခင်မြမြ အဓိပ္ပာယ်မဖော်နိုင်ပါ။ မသိစိတ်အားဖြင့် မိညိုလှ အမှတ်မထင် ရှိခဲ့သော်လည်း သိစိတ်အရ၌မူ မိညိုလှ၏ အသည်းထောင့်တစ်နေရာ၌ ကိုစောအောင် ရှိနှင့်ပြီးဖြစ်ပါသည်။ ထိုအရာကား ကိုစောအောင်အပေါ် မေတ္တာစစ်ဖြင့် ချစ်မိခြင်းဖြစ်သည်။ သို့သော် မိညိုလှမှာ မြင်းကမလှုပ် သရွေ့ ခုံကလှုပ်မည်တော့မဟုတ်ပေ။

နှလုံးသားအရေး၌ ကိုစောအောင်ရော မိညိုလှပါ ပွင့်လင်းမြင်သာမှု မရှိကြပေ။ ကိုစောအောင်သည် မိမိထက် အသက်ခြောက်နှစ်ခန့်ငယ်သော နုသောလှသော မိညိုလှကို ရင်နှင့်အမျှ ချစ်မိသော်လည်း သူမ၏အလှ ပျက်ယွင်းမည်စိုးသည့်ပမာ မထိဝံ့၊ မကိုင်ဝံ့ဖြင့် မြတ်နိုးယုယစွာ အရိပ်ပမာ ကြည့်လိုသည့်ဆန္ဒ ဖြစ်ပေါ်လျက်ရှိသည်။ မိညိုလှကား လူမသိသူမသိ ကိုစောအောင်အား တိတ်တခိုးအချစ်ဖြင့် မနေစေလို။

ယောကျ်ားပီပီသသဖြင့် သူမကို ရင်ဖွင့်စေလိုသည်။ ဤလက်ပံလှရွာတွင် ကိုစောအောင်နှင့် မိညိုလှတို့ ချစ်သူများဖြစ်ကြသည်ဟူသော သတင်း

**မျက်နှာလွှဲ၍**
**စကားပြောနေသော**
**ကိုစောအောင်အား**
**စိုက်ကြည့်လျက်**
**သူမ မျက်ဝန်း၌**
**မျက်ရည်များ**
**ဝိုင်းတက်လာရ**
**သည်။**
**နှုတ်မှလည်း**
**"ရက်စက်လိုက်တာ**
**အစ်ကိုရယ်"**
**ဟုသာ။**

စကားဖြင့် သူမသည် ပေါ်လွင်ချင်သည်၊ ထင်ရှားလိုသည်။ သို့သော် ကိုစောအောင်ဘက်မှ ဖွင့်ဟမလာသည်အတွက်ကြောင့်ပင် မိညိုလှတစ်ယောက် ကိုစောအောင်အပေါ် အားမလိုအားမရ ဖြစ်ခဲ့သည်။ မိညိုလှသည် ကိုစောအောင် ချစ်စကားပြောနိုင်ရေးအတွက် အမျိုးမျိုးအကြောင်းပြ အခွင့်အရေးပေးခဲ့သော်လည်း ကိုစောအောင်မှာ စိတ်ထဲကသာရှိသည်။ ရင်ဖွင့်နိုင်စွမ်း မရှိခဲ့ပေ။ သို့ဖြင့် မိညိုလှတစ်ယောက် အသည်းနှလုံး လှစ်ဟာမှုများဖြင့် လက်မှိုင်ချ၍ နေခဲ့ရသည်။ တစ်နေ့နေ့တွင် ကိုစောအောင်နှင့် မိညိုလှတို့ ဇာတ်ပေါင်းရမည်ဟူသော ခင်မြမြ၏စကားသည် တဖြည်းဖြည်း ဝေးကွာနေရသည့် အကြောင်းတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

(၃)

တပေါင်းအကုန် တန်ခူးလဆန်းသကြန်မတိုင်မီ လက်ပံလှရွာသို့ မြို့ကြီးပြကြီးမှ စီးပွားရေးလုပ်ငန်းရှင် သူဌေးမိသားစုသည် ရှင်ပြုအလှူမင်္ဂလာပြုလုပ်ရန် ကားကြီးကားငယ်များဖြင့် ရောက်လာကြသည်။ ရွာသားများကြားရသည့် သတင်းအရ ထိုသူဌေးမိသားစုသည် ရွာဦးကျောင်းဆရာတော် ဦးပဏ္ဍဝနှင့် ကျွမ်းဝင်ရင်းနှီးသည်ကြောင့် လက်ပံရွာလေးသို့ လာရောက်အလှူလုပ်ခြင်းဟု သတင်းရသည်။ ထိုသူဌေးမိသားစုသည် ဆရာတော်၏စီစဉ်မှုဖြင့် ကိုစောအောင်တို့အိမ်ကြီး၌ တည်းခိုကြသည်။ အလှူကိစ္စနှင့်ပတ်သက်၍ ကျေးရွာရှိ ရွာမိရွာဖများကို ခေါ်ယူ၍



www.burmeseclassic.com

www.burmeseclassic.com

ဆွေးနွေးတိုင်ပင်ခဲ့ကြ၍ ကျေးရွာမှ ကူညီလုပ်အားပေးရန် စီစဉ်ကြသည်။

မိမိတို့၏ကျေးရွာတွင် တခြားမှ လာရောက်အလှူလုပ်မည်ဆို၍ ရွာရှိ လူကြီးကလေးမကျန် ပျော်ရွှင်နေကြသည်။ ကိုစောအောင်တို့ လူငယ်အဖွဲ့သည်လည်း ဆရာတော်၏ လမ်းညွှန်မှုဖြင့် ပျော်ရွှင်တက်ကြွနေ၏။ အပျိုခေါင်း ဒေါ်အေးသာမှာ ကွမ်းတောင်ကိုင်အပျိုများအား စုစည်း၍ အလှူတွင် လုပ်အားပေးရန် အသင့်ရှိနေကြ၏။ ရွာတောင်ဘက်မှ ဖိုးထော်တို့အဖွဲ့ ဒိုးပတ်ဝိုင်းအတွက် လေ့ကျင့်တီးမှုတ်နေကြ၏။ လူကြီးအပိုင်းမှလည်း အလှူ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးကို ဆရာတော်နှင့် ညှိနှိုင်းကြသည်။

နောက်တစ်ရက်တွင် အလှူအတွက် ကုန်ပစ္စည်းများရောက်လာချိန်တွင် ဒေါ်အေးသာဦးဆောင်သော မိန်းကလေးများသည် ဘုန်းကြီးကျောင်းဝင်း မဏ္ဍပ်အတွင်း၌ ကြက်သွန်များကို တပျော်တပါး အခွံခွာလျက်ရှိနေကြ၏။ ထိုသို့အခွံခွာနေစဉ် ကျောင်းရှေ့၌ ဆပ်ကားတစ်စီး ထိုးရပ်လာ၏။ ထိုကားပေါ်မှ လူငယ်ငါးယောက်ဆင်းလာ၍ ဘုန်းကြီးကျောင်းရှေ့ မဏ္ဍပ်ထဲသို့ ဝင်လာကြ၏။ ထိုလူငယ်ငါးဦးသည် အရက်မူးလာသည့်ပုံသဏ္ဌာန်များရှိနေသည်။ ထိုလူငယ်များသည် ခေတ်ရှေ့ပြေးနေကြသည်။ သူတို့အချင်းချင်း ရယ်ကာမောကာ၊ ဟားတိုက်ကာဖြင့် မိညိုလှတို့ လုပ်အားပေးသည့်နေရာသို့ ရောက်လာ၏။ ထိုလူငယ်များထဲမှ အသားဖြူဖြူ ချောချော လူငယ်တစ်ဦးသည် ကြက်သွန်အခွံခွာနေသော မိညိုလှကို စိမ်းစိမ်းကြည့်၍ သူ၏ငယ်သူငယ်ချင်းများအား . . .

"ကိုယ်အံ့ဩတယ် သူငယ်ချင်းတို့ရေ။ သည်လိုရွာလေးတစ်ရွာမှာ သည်လောက်လှပတဲ့ သူလေးတွေရှိနေတာကို အခုမှသိရတယ်ကွာ။ သည်လို ရွက်ပုန်းသီးအလှလေးတွေ သည်လိုနေရာမျိုးတွေမှာ ဘယ်လောက် ရှိနေလဲမသိဘူး။ ဟဲ . . . ဟဲ . . . ငါတော့ ဒီရွာမှ မခွာနိုင်တော့ဘူးကွာ"

သူ၏ သူငယ်ချင်းများထဲမှ တစ်ဦးက အရက်မူးသည့်အသံဖြင့် "မခွာနိုင်လည်း ဒီမှာနေခဲ့တော့ကွာ"ဟု ပြောလိုက်သည့်အခါ ထိုလူငယ်မှာ ခေါင်းညိတ်လျက် "အေး . . . အဲဒါ ကောင်းတယ်"ဟု ဆိုလေသည်။ မိညိုလှမှာ ထိုလူငယ်တို့၏ ဗရုတ်ဗရက်စကားများကြောင့် မျက်နှာပျက်၍နေ၏။ ဒေါ်အေးသာမှာလည်း ထိုလူငယ်တစ်သိုက်ကို ခပ်တင်းတင်း ပြောကြားရန် အားတင်းလိုက်စဉ် ထိုလူငယ်များအနားသို့ ကိုစောအောင်နှင့် လူငယ်နှစ်ယောက် ရောက်ရှိလာ၏။ ကိုစောအောင်သည် မိညိုလှကို တစ်ချက်ကြည့်လိုက်ပြီး လူငယ်ဘက်သို့လှည့်၍ ဖော်ရွေစွာဖြင့် . . .

"ဟန်မြင့်ဇော်ဆိုတာ ဘယ်သူပါလိမ့်"

ကိုစောအောင်၏ အမေးအား ထိုလူငယ်မှပင် –

"ဟန်မြင့်ဇော်ဆိုတာ ကျွန်တော်ပါပဲ။ အစ်ကိုက ဘယ်သူလဲ"

ကိုစောအောင်မှ –

"အစ်ကိုက ဒီရွာမှာ လူငယ်ခေါင်းဆောင်ပါ။ ကိုစောအောင်လို့ ခေါ်ပါတယ်။ ဦးလေးရဲ့ မိဘနှစ်ပါးက ကျောင်းပေါ်မှာ ရောက်နေပါတယ်။ ဦးလေးတို့ ကျောင်းပေါ်တက်ခဲ့ပါလို့မှာလိုက်လို့ အစ်ကိုလာပြောတာပါ"

ဟန်မြင့်ဇော်သည် သူ၏ရှည်လျားသောဆံပင်များကို ကုတ်ဖွလျက်

"အိုကွာ . . . ဒယ်ဒီနဲ့မာမီကလည်း သူတို့အလိုချည်းပဲ။ သည်မှာဇာတ်လမ်းစရုံ ကျန်ကာရှိသေးတယ်။ ကဲ . . . သွားကြမယ် ဘော်ဒါတို့ရေ ကျောင်းပေါ်ကို"

ဟန်မြင့်ဇော်ဦးဆောင်သော လူငယ်အဖွဲ့ထွက်သွားမှပင် ဒေါ်အေးသာက –

"မင်းလာတာ ဦးသွားတယ် မောင်စောအောင်။ သည်သူငယ်တွေ အရက်သောက်လာကြပြီး တို့မိန်းကလေးအဖွဲ့ကို လာရစ်နေတာ။ မင်းသာနောက်ကျရင် ငါဦးဆောင်ပြီး ဆော်တော့မလို့"

"မလုပ်ပါနဲ့ မမအေးသာရယ်။ သည်လူငယ်တွေ နည်းနည်းသောက်လာလို့ပါ။ နောက်ပြီး အလှူရှင်ရဲ့သားကြီးဆိုတော့ ဘယ်အရာမဆို ထိန်းပါ့မျာ။ ကျွန်တော်တို့လည်း ရှိနေတာပဲ"

ကိုစောအောင်သည် ဒေါ်အေးသာအား စကားပြောနေသော်လည်း သူ၏မျက်လုံးများက မိညိုလှထံ ရောက်နေသည်။ ထိုအခြင်းအရာကို တွေ့သွားသော ခင်မြမြမှ သူမနံဘေး၌ရှိသော မိညိုလှအား တံတောင်တွတ်၍ အသိပေး၏။ ကြို၍သိနေသော မိညိုလှမှာ ကိုစောအောင်၏ အကြည့်အား ရင်မဆိုင်ရဲသည့်ပမာ တွင်တွင်ခေါင်းငုံ့၍သာ နေလေ

www.burmeseclassic.com

www.burmeseclassic.com

ကိုစောအောင်တို့ ထွက်သွားသည့် အခါ ဒေါ်အေးသာမှ သက်ပြင်းရှည်ချ လိုက်ပြီး –

"တော်သေးရဲ့ ... မောင်စော အောင်ရှိနေလို့။ နို့မို့ဆို ဒီငနာလေး တွေနဲ့ငါ တစ်ပွဲတစ်လမ်းပဲ"

ကြက်သွန်နွှာနေကြသော မိန်း မပျိုလေးများမှာ ယိမ်းတိုက်သည့်ပမာ ညီညာစွာပြုံးလိုက်ကြလေ၏။

နောက်ရက်များတွင် ထိုလူငယ် များ အရက်မသောက်ကြတော့။ ထိုလူ ငယ်များမှာ ကိုစောအောင်အိမ်တွင် မအိပ်လိုကြ။ ကိုစောအောင်တို့အိမ် တွင်လည်း သူဌေးဖနီးမောင်နှံနှင့် သားသမီးငယ်များပါသည့်အပြင် ဆွေ မျိုးတချို့နှင့် ကားဒရိုင်ဘာများ တည်း ခိုနေကြသဖြင့် သူတို့စိတ်ကြိုက် ဘုန်း ကြီးကျောင်းတွင် အိပ်ကြသည်။ ဆရာ တော်နှင့် ခန်းနေဦးပဉ္စင်းမှာလည်း ထိုလူငယ်များအား ဆွမ်းစားဆောင် ဘုရားခန်းတွင် တည်းခိုစေ၏။

လက်ပံလှရွာတွင် သူဌေးမိသား စုလာရောက်၍ ကောင်းမှုကုသိုလ်လုပ် နေကြသော်လည်း သူဌေး၏သားဖြစ် သူ ဟန်မြင့်ဇော်မှာ အရက်သေစာ သောက်စားခြင်း၊ မူးယစ်ဆေးစွဲခြင်း တို့ဖြင့် လူ့လောကမှ မြန်မြန်ထွက် နိုင်အောင် ကြိုးစားနေသူဟု ဆိုရပေ လိမ့်မည်။ သူဌေးမှလည်း မိဘများ ကုသိုလ်ကောင်းမှုလုပ်နေချိန် ကောင်း ကောင်းမွန်မွန်နေရန် သတိပေးပြော ဆိုထားသော်လည်း ဟန်မြင့်ဇော်မှာ ခွေးမြီးကောက် ကျည်တောက်စွပ် လျက် ရှိနေတော့သည်။

အလှူမကျင်းပခင် ရက်များ အတွင်း ဟန်မြင့်ဇော်သည် မိညိုလှ အနားသို့ မရမကကပ်ရန် ကြိုးစားခဲ့ သည်။ မိညိုလှအနား ကပ်နိုင်ရန် ပထမ မလွယ်သော်လည်း အပျို ခေါင်းဒေါ်အေးသာနှင့် အပြောအဆို အဆင်ပြေအောင်ကြိုးစားလျက် မိညို လှနားသို့ ကပ်ခွင့်ရခဲ့၏။ မိညိုလှသည် ဟန်မြင့်ဇော်အား လိုက်လျောညီထွေ စွာ ပြေပြေပြစ်ပြစ် ဆက်ဆံခဲ့ပါ၏။ မိညိုလှသည် ဟန်မြင့်ဇော်အား အချိန် ကြာလာသည်နှင့် ခင်မင်လာခဲ့ပါ သည်။ မိညိုလှ၏ ရိုးသားစွာ ခင်မင်မှု ကို အကြောင်းပြုလျက် အခွင့်ရတိုင်း ချစ်ကြောင်း၊ ကြိုက်ကြောင်းများဖြင့် ချစ်ရေးဆိုလေ့ရှိသည်။ မိညိုလှမှာ ရင်ထဲ၌ချစ်နေသောသူ ရှိနေပြီဖြစ် ကြောင်း ဖွင့်၍မပြောသော်လည်း ဟန်မြင့်ဇော်၏ ချစ်ရေးဆိုမှုကို လိမ္မာ ပါးနပ်စွာ ရှောင်ရှားနေရသည်။ တစ် နေ့တွင် မိညိုလှတစ်ယောက် ရေခပ် ရင်း ကန်ပေါင်တွင် ကိုစောအောင် နှင့် ဆုံမိကြ၏။ မိညိုလှသည် မထုံ တတ်သေးနေသော ကိုစောအောင် အား အရဲစွန့်၍ ခုံမှလှုပ်ပြခဲ့၏။

"အစ်ကို ... ဟိုတစ်နေ့ညက ကိုဟန်မြင့်ဇော် လာရှိနေတာ ဘယ် သူ့ကိုလဲဆိုတာ အစ်ကိုသိရဲ့လားဟင်"

"အင်း ... ငါတော့မသိဘူး။ ဒါပေမယ့် သူတို့တွေ အရက်တွေမူးပြီး လုပ်အားပေးတဲ့သူတွေကို လိုက်နှောင့် ယှက်မှာစိုးလို့ လာခေါ်ရတာ"

မိညိုလှမှာ မချင့်မရဲဖြင့် –

"အစ်ကို မသိချင်ယောင်နေ တာလားရှင်။ အဲဒီ ဟန်မြင့်ဇော်က ညိုလှကို နှောင့်ယှက်နေတာရှင့်။ ညိုလှနောက်လိုက်ပြီး ရည်းစားစကား ပြောနေတာ"

သူမ၏အပြောကို ဂရုမစိုက် သည့်ပုံပမာ ကိုစောအောင် ဟန် ဆောင်နေရသော်လည်း သူ၏ရင်ထဲ၌ ပူလောင်နေသည်ကို ကိုစောအောင်မှ လွဲ၍ မည်သူမျှ မသိပါပေ။ သို့သော်

"ဟန်မြင့်ဇော် နင့်ကိုရည်းစား စကားပြောတာ ငါနဲ့ဘာဆိုင်လို့လဲဟ။ တကယ်လို့ နင် သူ့ကိုပြန်ကြိုက်ရင် သူ့မိဘတွေ အခြေအနေနဲ့ နင်ဒုက္ခ မရောက်နိုင်ပါဘူး"

မျက်နှာလွှဲ၍ စကားပြောနေ သော ကိုစောအောင်အား စိုက်ကြည့် လျက် သူမမျက်ဝန်း၌ မျက်ရည်များ ဝိုင်းတက်လာရသည်။ နှုတ်မှလည်း "ရက်စက်လိုက်တာ အစ်ကိုရယ်"ဟု သာ။

(၄)

မိမိမှ သူ့အားချစ်နေသည်ကို သိရက်နှင့်ပင် မသိချင်ယောင်ဆောင် သော သူ့အား နလုံးသားကြေကွဲစေ ရန် မရည်ရွယ်ဘဲ ပညာပေးရန် မိညို လှ ဆုံးဖြတ်ခဲ့သည်။ အလှူရက်မတိုင် ခင် တစ်ရက်တွင် ဟန်မြင့်ဇော်နှင့် သူမ တွဲပြခဲ့သည်။ စကားများ ဖောင် ဖွဲ့ခဲ့ကြသည်။ ကန်ပေါင်အထိပင် ဟန်မြင့်ဇော်မှ လိုက်၍စကားပြော သည်ကို လက်ခံခဲ့၏။ ကိုစောအောင် ရင်တွင် မည်သို့ခံစားရမည်ကို မမှန်း ဆမိသော်လည်း ရွာသားအားလုံးမှ မိညိုလှအပေါ် အထင်လွဲများလာခဲ့ သည်။ အမြင်စောင်းချင်ချင် ဖြစ်လာ ကြသည်။ ပြောဝင်သည့်မှ ရှင်လောင်း များ ရှင်သာမဏေဖြစ်သည့်တိုင် မိညို လှသည် ဟန်မြင့်ဇော်နှင့် တွဲပြခဲ့ သည်။ ထိုရက်များအတွင်း ကိုစော



www.burmeseclassic.com

www.burmeseclassic.com

**တစ်ချက်သာ အော်သံကြား လိုက်ရသည်။ မိညိုလှ၏ ခန္ဓာကိုယ်ပေါ်သို့ အုပ်စီးထားသော လူသည် အရုပ်ကြိုးပြတ် ပစ်ကျသွားရသည်။ မိညိုလှသည် ကပျာကယာ ဖုတ်ဖတ်ခါ၍ ထလိုက်ပြီး ကိုစောအောင် အား ...**

အောင်သည် လုပ်အားပေးလျက်မှ ပင် ရင်နာစွာခံစားခဲ့ရသည်။

"သူ့ရဲ့ လိုအင်ဆန္ဒတွေနဲ့ သူ ပျော်တာကိုပဲ ကျေနပ်ပါတယ်"ဟု စိတ်ထဲတွင် နာကျင်ထိခိုက်စွာ တွေး လျက် ကိုစောအောင်တစ်ယောက် ကြိတ်မှိတ်ခံစားခဲ့ရသည်။

အလှူရှင်သူဋ္ဌေးများ အလှူပြီး၍ ပြန်သွားကြသော်လည်း ဟန်မြင့်ဖော် တို့ သူငယ်ချင်းတစ်သိုက် မပြန်သေး ပေ။ သည်ညအဖို့ မိညိုလှ၏ အချစ် ကို ပိုင်ပိုင်ရယူသွားရန် ဟန်မြင့်ဖော် ဆုံးဖြတ်ထားပုံရ၏။ မိညိုလှ၏မိဘ များသည် ရိုးသားသူ တောသူတောင် သားများ ဖြစ်သည့်အလျောက် ဟန် မြင့်ဖော်၏ စကားပုံပြင်များကို နား ယောင်လျက် ရှိပေ၏။ အလှူပွဲပြီး မြောက်သွားသည့်အတွက် မိညိုလှ သည် ကိုစောအောင်ရင်ထဲတွင် မခံ မရပ်ဖြစ်စေရန် ဟန်မြင့်ဖော်နှင့် တွဲမပြ လိုတော့။ ဟန်မြင့်ဖော်အား မိညိုလှမှ ခပ်တန်းတန်းနေပြလိုက်သည်။ သို့ အတွက် ဟန်မြင့်ဖော် မကျေနပ်သဖြင့် ချက်ချင်းမြို့သို့မပြန်သေးဘဲ အကြံတစ် ခုဖြင့် ရွာတွင် ကျန်နေခဲ့ခြင်းဖြစ်သည်။

ထိုညသည် လမပြည့်သေး သည့် ညတစ်ည။ မကြာမီ ရက်အတွင်း သကြန်ကျပေတော့မည်။ မိညိုလှတစ် ယောက် လသာသာ ညဦးကာလလေး တွင် ခင်မြမြနှင့်အတူ အပျိုခေါင်း ဒေါ်အေးသာတို့အိမ်သို့ သွားလည်ခဲ့ ကြသည်။ မိညိုလှ၏မိခင်မှ စောစော ပြန်ခဲ့ရန် မှာလိုက်သဖြင့် စောစောပင် မိန်းကလေးနှစ်ယောက် ပြန်လာခဲ့ကြ သည်။ မိညိုလှတို့အိမ်နှင့် ဒေါ်အေး သာတို့အိမ် သိပ်ဝေးကွာလှသည် မဟုတ်။ လှမ်းမြင်နေရသည်။ သူမတို့ နှစ်ဦးပြန်လာစဉ် ဖြတ်လမ်းအရောက် တွင် မိန်းမပျိုနှစ်ဦးအား မေ့ဆေး လက်ကိုင်ပဝါဖြင့်အုပ်လျက် ခင်မြမြ ကိုထားခဲ့ကာ မိညိုလှအား ချီပိုးခေါ် သွားကြလေသည်။ ဆယ့်ငါးမိနစ်ခန့် ကြာသော် မေ့ဆေးပြယ်သော ခင်မြ မြမှ ရွာသို့အော်ဟစ် အကူအညီ တောင်းတော့သည်။

"လာကြပါရှင် ... မိညိုလှကို လူဆွဲသွားလို့ပါ"

ဗလုံးဗထွေးအသံကြောင့် ရွာ သားများ ရုတ်ချည်းထွက်မလာကြ ပေ။ နောက်ဆုံး ဘုန်းကြီးကျောင်းမှ ပြန်လာသော ကိုစောအောင်နှင့် ခင်မြ မြဆုံတွေ့၍ ခင်မြမြမှ အကြောင်းစုံ ပြောပြလိုက်၏။ ကိုစောအောင်မှာ ခင်မြမြထံမှ ရုတ်ချည်းကြားရသော စကားကြောင့် စိုးရိမ်သောကများစွာ ဖြစ်လျက် ပူထူသွားရသည်။ ရွာသား များ ရောက်လာ၍ လူခွဲရှာကြသည်။ မိညိုလှသွားတတ်သည့် ကန်ပေါင် ဘက်သို့ တစ်ဦးတည်း ဝါးရင်းတုတ် တစ်ချောင်းဖြင့် ထွက်လာခဲ့ရာ ကန် ပေါင်၏တစ်ဖက် ခင်တန်းလေးတွင် လူငယ်သုံးလေးဦးခန့် ရှိနေသည်ကို ကိုစောအောင်တွေ့လိုက်ရ၏။ ထိုလူ ငယ်များနှင့် ဝါးတစ်ရိုက်ခန့်အကွာ ချုံ ပုတ်များကို ကျော်ဖြတ်လျက် ခင်တန်း တစ်ဖက်သို့ ရောက်ရှိသွားသည်။ ကိုစောအောင် ဖြတ်သွားသည်ကို လူငယ်များ မသိလိုက်ကြ။ ထိုလူငယ် များသည် အတော်ပင်မူးနေပုံရပေ၏ ထိုခင်တန်းဘေးရှိ တစ်နေရာတွင် အသံများကြားနေရ၏။

"လွှတ်စမ်း လူယုတ်မ ... ငါ့



www.burmeseclassic.com

www.burmeseclassic.com

ထောင်းမှတ်လို့ ငါက အရေးတဝင် နေမိတာကို အခွင့်ကောင်းယူတဲ့ အကောင်။ ငါ့ကို ချက်ချင်းလွှတ်"

"မလွှတ်ပါရစေနဲ့တော့ဟာ။ ငါ့ အလိုကိုလိုက်စမ်းပါ။ နင်ကြီးပွားရပါစေမယ်။ ငါကတိပေးပါတယ်"

"နင့်မက်လုံးတွေကို ငါ့ကိုပြောပြီး ငါ့ဘဝကိုဖျက်ဆီးမယ်ဆိုတာ ငါသိပြီးသား။ အေး ... အားမတန်လို့ မာန်လျှော့ခဲ့ရင်တောင် ငါ့ကိုယ်ငါ သတ်သေပစ်မယ် လူယုတ်မာရဲ့"

"ဟား ... ဟား ... ဟား အပြောကောင်းလှချည်လားဟာ။ နင် ငါ့လက် ကမလွှတ်ပါဘူးဟာ။ အေး ကျားပါးစပ်ထဲရောက်နေတဲ့ သားကောင်ကို ပြန်လွှတ်ရိုးထုံးစံ မရှိဘူးဆိုတာ နင်ခုပဲ သိစေရမယ် မိညိုလှရဲ့"

ရှန်းကန်လှုပ်ရှားမှု အသံများသည် တဖြည်းဖြည်းကြမ်းတမ်းလာပြီးနောက် ပြန်လည်ငြိမ်သက်ခါနီး အချိန်တွင် ...

"ခွပ်"

"အမလေးဗျာ"

တစ်ချက်သာ အော်သံကြားလိုက်ရသည်။ မိညိုလှ၏ ခန္ဓာကိုယ်ပေါ်သို့ အုပ်စီးထားသောလူသည် အရုပ်ကြိုးပြတ် ပစ်ကျသွားရသည်။ မိညိုလှသည် ကပျာကယာ ဓုတ်ဖတ်ခါ၍ ထလိုက်ပြီး ကိုစောအောင်အား ...

"အစ်ကို ကျွန်မကို အထင်မလွဲပါနဲ့နော်။ သူ ... သူ မိညိုလှကို အဓမ္မခေါ်လာပြီး အခုလို ... အဟင့်ဟင့်ဟင့်"

ကိုစောအောင်မှ လက်တွင်ကိုင်ထားသော ဝါးရင်းတုတ်အား ပစ်ချလိုက်ပြီး ...

"မိညိုလှ ... နင် ငါ့ရဲ့သံယောဇဉ်ကို မသိဘူးနော်။ အခုကိစ္စလေး နင့်အပေါ်ထားတဲ့ ငါ့ရဲ့မေတ္တာကို ရဲရဲတွံ့တွံ့ ပြခဲ့တာပဲ မိညိုလှရယ်။ အခုတော့ ဟန်မြင့်ဖော်ကိစ္စနဲ့ ငါ ရဲစခန်းကိုသွားပြီး အဖမ်းခံတော့မယ်"

မိညိုလှ ထိန်းမရသိမ်းမရစွာ အတောမသတ် ရှိုက်ငို၍နေရပေပြီဖြစ်သည်။

"အစ်ကိုရယ် ... မိညိုလှကို အသေသာ သတ်ပစ်လိုက်ပါတော့လားရှင်"

မိညိုလှတစ်ယောက် ငို၍ကောင်းနေစဉ်မှာပင် ကိုစောအောင် တစ်ယောက် လသာသာတွင် မြို့ပေါ်ရဲစခန်းသို့ ခပ်သုတ်သုတ် ခြေလှမ်းများဖြင့် လှမ်းလျက်ရှိနေတော့၏။

ယင်းနောက် ကိုစောအောင်မှာ လူသတ်မှုဖြင့် အလုပ်ကြမ်းနှင့်ထောင် ခုနစ်နှစ် ကျသကဲ့သို့ ကွမ်းတောင်ကိုင်မလေး မိညိုလှမှာလည်း ရွာ၏အပြစ်တင်ခြင်းကို ခံခဲ့ရ၏။

ယခုအခါ ကိုစောအောင် ထောင်မှ ပွတ်မြောက်လ ၁သော်လည်း မိညိုလှမှာ မျှော်လင့်ခြင်းရောင်ခြည်များ လင်းလက်သကဲ့သို့ ရှိသော်လည်း ကိုစောအောင်ထံမှ မည်သည့်စကားမျှ ကြားရခြင်းမရှိပါပေ။ တစ်နေ့တွင် ကိုစောအောင်တစ်ယောက် မမျှော်လင့်ဘဲ မိညိုလှထံ ရောက်လာ၏။ အေးမြသော အပြုံးတို့ကိုဆောင်၍ မိညိုလှအား ကြည့်နေလေ၏။ မိညိုလှမှာ အံ့အားသင့်၍ ဝမ်းသာဝမ်းနည်းဖြစ်ရ၏။ ရုတ်ခြည်းဆိုသလို မိညိုလှသည် ပုဆစ်တုပ်ထိုင်၍ သူ့အားကန်တော့လိုက်ပါသည်။ ကိုစောအောင်ကား ယခင်ကို စောအောင် မဟုတ်တော့ချေ။ သင်္ကန်းကို သပ်ရပ်စွာဆင်မြန်းထားသည့် ဦးပဥ္စင်း ရှင်စန္ဒပင်ဖြစ်ချေတော့၏။ ဦးပဥ္စင်းမှ မိညိုလှအား ...

"ဒကာမလေး ဦးပဥ္စင်းကိုတွေ့လို့ ပုထုဇဉ်ပီပီ စိတ်ချောက်ချားသွားပြီမဟုတ်လား။ စိတ်မချောက်ချားပါနဲ့ ဒကာမလေး။ ဟိုအရင်က စောအောင် ဘဝနဲ့ လောကီလူသားပီပီ ကိလေသာစိတ်တွေရှိခဲ့သမျှ အခုချိန်မှာ မြူတစ်မှုန်မျှ မရှိတော့ပါဘူး။ ဒကာမလေးလည်း ဟိုယခင် စောအောင်ကို မေ့ထားလိုက်ပါတော့။ ဦးပဥ္စင်းလည်း ကံကံ၏အကျိုးကို ယုံကြည်တာကြောင့် ကောင်းတဲ့က ဖြစ်ပေါ်ဖို့ပဲ ကြိုးစားတော့မယ်။ ဒကာမလေး ... ပြုဖူးတဲ့ စိတ်ရဲ့ပြစ်မှားခြင်းတွေကို ရှောင်ကြဉ်နိုင်ဖို့ ဦးပဥ္စင်းသည်ရွာနဲ့ဝေးရာအရပ်မှာ သီတင်းသုံးတရားအားထုတ်ဖို့ ဆုံးဖြတ်ချက်ချပြီးပါပြီ ဒကာမလေး ငြိမ်းချမ်းစွာနေခဲ့ပါတော့။ ဦးပဥ္စင်းကို ခွင့်လွှတ်ပါတော့ကွယ်"

မိညိုလှသည် နှလုံးသားတွင် မခံချိစရာ ဝေဒနာများဖြင့် ကျိတ်၍ရှိုက်နေခဲ့ပါသည်။ မိညိုလှတစ်ယောက် မျက်ရည်မဆည်နိုင်စွာ ရှိနေသည့်အခိုက် ဦးပဥ္စင်းမှာ ရွာမှအဝေးတစ်နေရာသို့ ကျောခိုင်းထွက်ခွာလျက်ရှိနေတော့၏။

မကြာမီ နေညိုတော့မည်။

**မောင်သာမန်(ဗိုးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com



# နယ်မြို့လေးထဲကသား၏
# သစ်ကျူးအိမ်



www.burmeseclassic.com

www.burmeseclassic.com

# နယ်မြို့လေးထဲက သားရဲ

(ဖြစ်ရပ်မှန်ရသဝတ္ထုရှည်)

**သစ်ထူးအိမ်**

ယခင်လမှအဆက်

### "ကံ–ကံ၏အကျိုး"

ကိုခင်မောင်(စာအုပ်ဆိုင်)မှာ မည်းမည်းကြီးဆိုသော ဝက်ဝံကိစ္စကြောင့် အလုပ်များနေသဖြင့် စာရေးဆရာ ဦးကျော်ဇော်ဟိန်းထံ မရောက်နိုင်ဖြစ်နေသည်။ ယနေ့အဖို့တော့ ကိုရဲမြင့်ဦး(ကဗျာဆရာ မောင်မောင်မြင့်ခေါင်ထက်)ကို တစ်ပါတည်းခေါ်ကာ ဆရာဦးကျော်ဇော်ဟိန်းရှိရာ နန်းတော်ဘုန်းကြီးကျောင်း ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးကျော်ဝင်းမောင်အိမ်သို့ ထွက်ခဲ့ကြသည်။ ဦးကျော်ဝင်းမောင်အိမ်ပေါ်တွင် မြို့လေးမှ လူလတ်ပိုင်းပုဂ္ဂိုလ်လေးများ တစ်ဆယ့်ငါးဦးခန့် စုဝေးရောက်ရှိနေကြသည်။ ဦးဇင်း မြဆင့်ချယ်မှာ ကလေးမြို့မှ ကဗျာဆရာ မောင်ကံချို(ကလေး) လာရောက်ပင့်သွားသဖြင့် ပြန်ကြွသွားသည်ဟု သိရသည်။

စုဝေးရောက်ရှိနေသော ပုဂ္ဂိုလ်များကိုလည်း ကိုခင်မောင်အနေနဲ့ သိရှိခင်မင်ပြီးဖြစ်သည်။ အားလုံးမှာ စာရေးဆရာ ဦးကျော်ဇော်ဟိန်း၏ တပည့်များဖြစ်ကြသည်၊ မီးသတ်အကြပ်ကြီး ကိုဌေးမောင်(ဥပဒေရုံး)နှင့် ကိုတင်လှ(စာရင်းရုံး)တို့ကိုလည်း လက်အုပ်ချီလျက် တွေ့ရသည်။ အတူပါလာသော ကိုရဲမြင့်ဦး(သမဦးစီး)ခေါ် 'မောင်မောင်မြင့်ခေါင်ထက်' မှာလည်း ဆရာဦးကျော်ဇော်ဟိန်း၏ တပည့်တစ်ဦးပင် ဖြစ်သည်၊ ဆရာဦးကျော်ဇော်ဟိန်း ရောက်တုံးရောက်ခိုက် တပည့်များကစုပေါင်း၍ ကန်တော့ကြခြင်း ဖြစ်သည်။

မြို့ကလေးမှ ဆရာဦးကျော်ဇော်ဟိန်း၏ တပည့်များမှာ ကိုဌေးမောင်(ဥပဒေ)၊ ကိုဌေးမောင်(ဇလဗေဒ)၊ ကိုမြင့်သိန်း(သမဦးစီး)၊ ကိုရဲမြင့်ဦး(သမဦးစီး)၊ ကိုတင်ဆောင်(သမဦးစီး)၊ ကိုသန်းလှ(ဥပဒေ)၊ ကိုမောင်ဌေး(ကျော်ဇင်)၊ ကိုကျော်စိုး(ဘယ်ပန်းချီ)၊ ကိုဌေးလင်း(ကိုင်း)၊ ကိုဌေးကင်း(ကိုင်း)၊ ကိုတင်လှ(စာရင်းရုံး)၊ ကိုမျိုးအောင်(ဘီလူး)၊ ကိုဌေးအောင်(တရားရုံး)၊ ကိုဌေးအောင်(ဆိပ်ကမ်း)၊ ကိုဝင်းမြင့်(ဝပ်ရှော့)၊ ကိုမြင့်အောင်(အတိုလေး)၊ ကိုမြင့်အောင်(ဘဏ်)၊ ကိုလှထွေး(စိန်ထွေးညို)၊ ကိုဘမော်(တောင်တွင်းချောင်)၊ ကိုချို(ကားပိုင်၊ အောင်ချမ်းသာ) စသော လူလတ်ပိုင်း၊ လူရွယ်ပိုင်းများ ဖြစ်ကြသည်။ အားလုံးမှာ ဝန်ထမ်း၊ သို့မဟုတ် လုပ်ငန်းရှင်များ ဖြစ်ကြသည်။

အားလုံးစုပေါင်း၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ကန်တော့ပြီးသောအခါ စာရေးဆရာ ဦးကျော်ဇော်ဟိန်းက ဆုပေးလေသည်။

"သာဓုဗျာ . . သာဓု . . သာဓု။ ဤသို့ ဆရာ့အား သတိရအမှတ်ရရဖြင့် လက်ဆောင်ပစ္စည်းများနှင့်တကွ ရှိခိုးပူဇော်ကန်တော့ကြသော ဆရာရဲ့ တပည့်အားလုံးကို ကျေးဇူးလည်းတင်၊ ဂုဏ်လည်းယူပြီး မျက်ရည်ကျအောင် ဝမ်းသာပီတိဖြစ်မိပါတယ်။

ဤကဲ့သို့ ပူဇော်ကန်တော့ကြ

www.burmeseclassic.com

www.burmeseclassic.com

သော ဆရာ့တပည့်အားလုံးသည် တောင့်တာအပ်သော နိဗ္ဗာန်သို့မရောက်မီစပ်ကြား ကာလများတွင် နတ်ဖြစ်လျှင် နတ်ချမ်းသာ၊ လူဖြစ်လျှင် လူချမ်းသာအဖြစ် အကြိမ်ကြိမ် ရရှိခံစားနိုင်ကြပြီး မရှိမလှ မဝမသိ မရမအကြသော ပုဂ္ဂိုလ်များ ဖြစ်ကြပါစေ။ သူတော်ကောင်းတရား ခုနစ်ပါးကို ကျင့်သုံးဆောက်တည်နိုင်ပြီး သကာလ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ကိုယ်စိတ်နှစ်လုံး ကျန်းမာ၍ ချမ်းသာခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ချွေရံသင်းပင်းပေါများခြင်း၊ ငွေကြေးဥစ္စာပစ္စည်း ပေါကြွယ်ဝပိုင်ဆိုင်ခြင်း၊ ရာထူးဂုဏ်သိမ်တို့ အပြစ်ကင်းစွာရရှိ၍ ရေရှည်တည်မြဲခြင်း စတဲ့ အကျိုးတရားတို့နှင့် ပြည့်စုံကြပါစေ၊ တရားမျှတ၍ အေးချမ်းသာယာသော ဘဝကို ပိုင်ဆိုင်နိုင်ကြပါစေ တပည့်တို့"

"ဆရာပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ခင်ဗျား"

ဆရာ ဦးကျော်ဇော်ဟိန်းက သက်ပြင်းချလျက် . . .

"တပည့်တို့နှင့် ပြန်လည်ဆုံစည်းရတာ ဝမ်းသာပါတယ်။ ဒါပေမယ့် မောင်တင်မြနဲ့ မောင်ဌေးလင်းတို့ အတွက်တော့ စိတ်မကောင်းဘူးကွယ်။ နှစ်ကောင်စလုံးက ဦးနှောက်ပျက်သွားတာဆိုတော့ လူကောင်းအဖြစ် ပြန်မရောက်တော့မှာကိုပဲ တွေးပြီး ဝမ်းနည်းမိပါတယ်"

"ကျွန်တော်တို့လည်း စိတ်မကောင်းကြပါဘူးဆရာ"

ဆရာကျော်ဇော်ဟိန်းမှာ မည်းမည်းကြီး သတ္တဝါကြောင့် ဦးနှောက်ပျက်သွားကြသော တပည့်ဖြစ်သူနှစ်ဦး(ဦးတင်မြနှင့် ဦးဌေးလင်းအကြောင်း ရှေ့ပိုင်းတွင်ဖော်ပြပြီး)အတွက် စိတ်မကောင်းဖြစ်လျက်ရှိသည်။

"ဘာပဲဖြစ်ဖြစ်လေ ကံ-ကံ၏ အကျိုးလို့ပဲ မှတ်ရမှာပေါ့"

ဤတွင် တပည့် မဟုတ်သော်လည်း ဆရာကျော်ဇော်ဟိန်းနှင့် တွေ့ဆုံရန် ရောက်ရှိနေသော ကိုခင်မောင် (စာအုပ်ဆိုင်)က . . .

"ဆရာ . . . ခင်ဗျား။ ဆရာပြောတဲ့ (ကံကံ၏အကျိုး)အကြောင်းကို သီးသန့်ရှင်းပြပေးစေလိုပါတယ်ခင်ဗျား"

"အေးဗျာ အဲဒါကောင်းတယ်။ မမျှော်လင့်ဘဲ တရားဝိုင်း သဘောမျိုးဖြစ်သွားတာပေါ့ဗျာ။ ကိုခင်မောင်နဲ့တကွ တပည့်တို့ကို ပြောချင်တာက ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်းဟာ ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံဆိုတဲ့ သရဏဂုံသုံးပါးကို ယုံကြည်ကိုးကွယ်ဆောက်တည်မှ ဗုဒ္ဓဘာသာဝင် ဖြစ်တယ်ဆိုတာ သိပြီးကြပြီ ဖြစ်မှာပေါ့။ ဒါပေမယ့် ဒီလောက်နဲ့ မလုံလောက်သေးဘူး တပည့်တို့။ ဗုဒ္ဓဘာသာဝင်စစ်စစ် အမှန်ဆိုရင် ကံနှင့်ကံ၏အကျိုးကို မုချယုံကြည်ကြရမှာဖြစ်တယ်။ အတိအကျ ပြောရင်တော့ ဗုဒ္ဓတရားတော်မှာ . . .

(တစ်) ကံအကြောင်းတရားဆိုတာ ရှိတယ်။

ကံဆိုတာ ကမ္မကလာတာပေါ့။ မြန်မာလို အဓိပ္ပာယ်ကတော့ (ကမ္မ-အမှု)လို့ခေါ်တယ်။ အမှုဆိုတာ သတ္တဝါတို့ရဲ့ လုပ်ဆောင်ချက် အဝဝ တစ်နည်း အမှုကိစ္စပေါ့။ အလုပ်လို့လည်း အဓိပ္ပာယ်ရပါတယ်။

(နှစ်) ကံမှာ နှစ်မျိုး ခွဲခြားလို့ရတယ်။ မကောင်းတဲ့ကံနဲ့ ကောင်းတဲ့ကံပေါ့။ ဆိုလိုတာက မကောင်းတာ လုပ်ရင် မကောင်းတာဖြစ်မယ်။ မကောင်းတာ ခံစားရမယ်။ အဲဒါ မကောင်းကံပါပဲ။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ ကောင်းကျိုးကို ခံစားရမယ်။ အဲဒါ ကောင်းတဲ့ကံပေါ့။ တို့တစ်တွေ မှတ်ရမှာက မကောင်းတဲ့ကံကို (ဒုက္ခ)၊ ကောင်းတဲ့ကံကို (သုခ)လို့ အကြမ်းဖျင်း မှတ်သားနိုင်ပါတယ်။ ကုသိုလ်ကံ၊ အကုသိုလ်လို့လည်း ခေါ်တာပေါ့။

ဒုက္ခဟာ ဝေဒနာကို ဖြစ်စေတယ်၊ အနိဋ္ဌာရုံကို ဖြစ်စေတယ်၊ သုခဟာ စေတနာကို ဖြစ်စေတယ်၊ ဣဋ္ဌာရုံကို ဖြစ်စေတယ်။ အဲသလိုမျိုး အကြမ်းဖျင်းအနေနဲ့ မှတ်ထားနိုင်ပါတယ်။

(သုံး) ကံသုံးပါး ရှိတယ်ဆိုတာလည်း သိထားရမယ်။ အဲဒီကံသုံးပါးကတော့ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးမျိုးပဲ ဖြစ်ပါတယ်။ ကောင်းတာပဲလုပ်လုပ် မကောင်းတာပဲလုပ်လုပ် ခြေလက်ခန္ဓာဆိုတဲ့ ကာယနဲ့ပြုလုပ်တာ၊ နှုတ်ဝစီပါးစပ်ဆိုတဲ့ ဝစီနဲ့ပြုလုပ်တာ၊ စိတ်ဓာတ်အာရုံဆိုတဲ့ မနော



www.burmeseclassic.com

www.burmeseclassic.com

နဲ့ပြုလုပ်တာတွေပဲ ဖြစ်တယ်။ ကိုယ်နှုတ်စိတ်တို့နဲ့ လုပ်ကိုင်ဆောင်ရွက်တာကို အလုပ်လို့ ခေါ်တယ်။ အလုပ်ဆိုတာ အမှုကိစ္စ၊ အမှုဆိုတာ ကမ္မ၊ ကမ္မဆိုတာ ကံကိုခေါ်တာဖြစ်ပြီး ကံဆိုတာ အလုပ်လို့ သိထားရမယ်။

ကံဆိုးခြင်း၊ ကံကောင်းခြင်းဟာ သူ့အလိုလို ဖြစ်ပေါ်နေတာမဟုတ်ပါဘူး။ လူသတ္တဝါအားလုံးက လုပ်ဆောင်လို့ ဖြစ်ပေါ်လာကြတာပါ။ ဘာတွေနဲ့ လုပ်ဆောင်နေကြသလဲဆိုတော့ ဆိုခဲ့ပြီးတဲ့အတိုင်း ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးပါးတို့နဲ့ပဲ ဖြစ်တယ်။

ဒီမှာ မေးစရာရှိလာမယ် . . .။ မကောင်းတာလုပ်ရင် မကောင်းကံ ခံစားရမယ်ဆိုပေမယ့် လက်ရှိမှာ ချမ်းသာမှု ကောင်းကျိုးကို ခံစားနေရတဲ့သူတွေ၊ ကောင်းတာလုပ်ရင် ကောင်းတဲ့ကံ ခံစားရမယ်ဆိုပေမယ့် လက်ရှိမှာ ဆင်းရဲမွဲတေသူတွေ၊ ရောဂါဘယ ခံစားနေရသူတွေ ဖြစ်နေတာ ဘာကြောင့်လဲလို့ မေးချင်ကြမယ်၊ သိချင်နေကြမယ် မဟုတ်လား။

ဒါဆိုရင်တော့ အချိန်ကာလ အပိုင်းအခြားဆိုတဲ့ ကံသုံးပါးကိုသိဖို့ မှတ်ဖို့လိုပါ့မယ်။ အဲဒီကံ သုံးမျိုးကတော့ အတိတ်ကံ၊ ပစ္စုပ္ပန်ကံ၊ အနာဂတ်ကံဆိုတာပဲ ဖြစ်တယ်။ အတိတ်ကံဟာ မိမိပြုလုပ်ခဲ့သမျှ ကောင်းဆိုးမှန်သမျှ အမှုကိစ္စအဝဝဟာ မိမိနောက် အရိပ်ပမာလိုက်ပါနေပါတယ်။ ပြုလုပ်ခဲ့တာ များသလောက် တစ်နည်း အသက်ရှင်မှု ကြာရှည်နေသမျှ၊ ဘဝဘဝတွေ ဆက်ရှိနေသမျှ အတိတ်ဟာ ရှည်လျားနေမှာပါပဲ။ အတိတ်ရဲ့အရိပ်ဟာ တစ်နည်းအားဖြင့် ကျူးလွန်လုပ်ကိုင်ခဲ့တဲ့ လုပ်ရပ်များစွာဟာ ပစ္စုပ္ပန်ကိုရော အနာဂတ်ကိုပါ ရိုက်ခတ်စေပါတယ်။

ပစ္စုပ္ပန်ကံကတော့ ယခုချက်ချင်း ပြုလုပ်ဆောင်ရွက်တဲ့ ကံပါ။ လက်ငင်းလက်ရှိ ရင်ဆိုင်နေရတဲ့ အလုပ်ဆိုတဲ့ ကံမျိုးပါ။ ချက်ချင်းကောင်းဆိုးနှစ်တန်ကို ခံစားရသလို ပစ္စုပ္ပန်ကံကြောင့် အတိတ်ကို ရှည်စေပါတယ်။ အနာဂတ်ကံကိုလည်း လွှမ်းမိုးစေပါတယ်။ ဒါပေမယ့် ပစ္စုပ္ပန်ကံကို ရင်ဆိုင်တဲ့အခါ လုပ်ကိုင်တဲ့အခါ ဆုံးဖြတ်ချက် မှန်ကန်ဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ပစ္စုပ္ပန်ကံဟာ တိုတောင်းလွန်းလို့ ဖြစ်ပါတယ်။ နာရီတစ်လုံးရဲ့ စက္ကန့်တံရွေ့ရှားမှု(ချက်)ခနဲဆိုတဲ့ အသံဟာ ပစ္စုပ္ပန်ကံ ကုန်ဆုံးပြီးဆုံးချိန်လို့ သိထားသင့်ပါတယ်။ အရေးအကြီးဆုံး မျက်မှောက်ခေတ်ကံဆိုတာ မှတ်ထားကြပါ။

ဒါကြောင့် ဆရာတော်ကြီးများ၊ ဆရာ့ဆရာကြီးများက ဆိုမိန့်ခဲ့ကြတာက ပစ္စုပ္ပန်ကာလထက် အရေးကြီးသောအရာသည် ဘာမျှမရှိပါ။

ချက်ချင်းလုပ်ရမည့် အလုပ်ကို ချက်ချင်းလုပ်ပါ။ နေ့ညအချိန်မရွေ့ပါနှင့်။ ယခုအချိန်သည် သင့်အတွက် အကောင်းဆုံးဖြစ်သည်လို့ ဆိုမိန့်ခဲ့ကြပါသည်။

ပုဗ္ဗစေတနာဆိုတာ
ငါလှူမယ်။
လှူချင်တယ်ဆိုတဲ့
ရှေးဦးဖြစ်ပေါ်လာတဲ့
ေ ါတနာပါ။
မုဉ္စဆိုတာ
လှူတယ်ကွာ၊
ပေးတယ်ကွာ၊
ကျွေးတယ်ကွာ ဆိုတဲ့
လက်ငင်းဆောင်ရွက်တဲ့
စေတနာ။ လှူရတာ၊
ပေးရတာ၊ ကျွေးရတာ
ကောင်းလိုက်တာဆိုပြီး
ချက်ချင်းဖြစ်
ပေါ်လာတဲ့ စေတနာပါ။
ပရဆိုတာကတော့
ထပ်ပြီးလှူဦးမယ်၊
ထပ်ပြီး လှူချင်သေး
တယ်ဆိုတဲ့ မတင်းတိမ်
မရောင့်ရဲဘဲ
ပွားများနေတဲ့၊
ပေါ်ပေါက်လာတဲ့
စေတနာပါ။



www.burmeseclassic.com

www.burmeseclassic.com

အနာဂတ်ကံကတော့ မျှော်လင့်ခြင်းကံပါ။ ဖြစ်ပေါ်လာမယ့် ကံအကြောင်းတရား ဖြစ်ပါတယ်။ ဘာမျှမသေချာတဲ့ ကံပါ။ အတိတ်ကံရဲ့ ရောင်ပြန်ဟပ်မှု ပစ္စုပ္ပန်ကံရဲ့ ဆောင်ရွက်ချက်ရလဒ်ကြောင့် ဖြစ်ပေါ်လာရတဲ့ ကံပါ။ ဒါကြောင့် အနာဂတ်ကို မျှော်လင့်ကောင်းပေမယ့် အများကြီး မျှော်မှန်းလို့ မရပါဘူး။ နားလည်အောင် ထပ်ပြီးရှင်းပြချင်ပါသေးတယ်။

ဖစ်လာအောင် ဖန်တီးလာတာက အတိတ်ကံကြောင့်ပါ။ လုပ်ဆောင်လိုက်တာက ပစ္စုပ္ပန်ကံပါ။ ဖြစ်ပေါ်လာမယ့် ရလဒ်က အနာဂတ်ကံပါ။ ခြေထောက်နာနေတဲ့ လူနာဟာ ပြီးခဲ့တဲ့ ရက်များက မတော်တဆကြောင့် ဒဏ်ရာဖြစ်ခဲ့တာပါ။ အတိတ်ကံဆိုတာပေါ့။ အတိတ်ကံက အရိပ်လိုလိုက်လာတော့ ပစ္စုပ္ပန်မှာ ခြေထောက်က မခံမရပ်နိုင်အောင် ပြန်ပြီးနာလာတယ်။ ခြေထောက်ကောင်းဖို့ အဓိဋ္ဌာန်ပြု ဆုတောင်းတယ်။ ကောင်းကောင်းအနားယူတယ်။ ဆိုလိုတာက ကောင်းကောင်းနေတယ်။ ဒါပေမယ့် အတိတ်ကပြုခဲ့တဲ့ ကံကပါလာတော့ ကောင်းကောင်းမနေရဘူး။ ဆေးရုံသွားဖို့ဖြစ်လာတယ်။ ဆေးရုံသွားပြတယ်။ ဆေးရုံပြတာဟာ ပစ္စုပ္ပန်ကံပဲဖြစ်တယ်။ ဒါပေမယ့် အနာဂတ်ကံမှာ ခြေထောက်ကောင်းမယ်၊ မကောင်းဘူး ကံသေမပြောနိုင်ဘူးပေါ့။

ဒါဟာ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ သတ္တဝါအားလုံးရဲ့ လုပ်ဆောင်ခြင်း ကံသုံးပါးဖြစ်သလို အတိတ်ကံ၊ ပစ္စုပ္ပန်ကံ၊ အနာဂတ်ကံဟာလည်း ဖြစ်ပေါ်လာတဲ့အချိန်ရဲ့ ကံသုံးပါးဖြစ်ပါတယ်။

တစ်နည်းနဲ့ ပြောလို့ရပါသေးတယ်။ ဒါကတော့ စေတနာကံ ဆိုတာပါပဲ။ စေတနာဆိုတာ အချက်သုံးချက် ညီမှုအကျိုးပေးတာ ဖြစ်ပါတယ်။ ဒါတွေကတော့ 'ပုဗ္ဗ၊ မုဥ္စ၊ ပရ'ဆိုတဲ့ စေတနာ အချက်သုံးချက်ပါ။ ပုဗ္ဗစေတနာဆိုတာ ငါလှူမယ်။ လှူချင်တယ်ဆိုတဲ့ ရှေးဦးဖြစ်ပေါ်လာတဲ့ စေတနာပါ။ မုဥ္စဆိုတာ လှူတယ်ကွာ၊ ပေးတယ်ကွာ၊ ကျွေးတယ်ကွာ ဆိုတဲ့ လက်ငင်းဆောင်ရွက်တဲ့ စေတနာ။ လှူရတာ၊ ပေးရတာ၊ ကျွေးရတာ ကောင်းလိုက်တာဆိုပြီး ချက်ချင်းဖြစ်ပေါ်လာတဲ့ စေတနာပါ။ ပရဆိုတာကတော့ ထပ်ပြီးလှူဦးမယ်၊ ထပ်ပြီး လှူချင်သေးတယ်ဆိုတဲ့ မတင်းတိမ် မရောင့်ရဲဘဲ ပွားများနေတဲ့၊ ပေါ်ပေါက်လာတဲ့ စေတနာပါ။ ဒီစေတနာ သုံးတန်ကြောင့် ကောင်းကျိုးချမ်းသာကို ပြည့်ပြည့်ဝဝ ကြီးကြီးကျယ်ကျယ် ရရှိကြတာပါ။

ဒီလိုပဲ အတိတ်ကံ ပစ္စုပ္ပန်ကံ ကောင်းမှ အနာဂတ်ကံ ကောင်းလာမှာ ဖြစ်ပါတယ်။ မိမိပြုခဲ့တဲ့ အတိတ်ကံမှာ ဒါန၊ သီလ၊ ဘာဝနာတွေနဲ့ ကောင်းမွန်ပြည့်စုံနေရင် ပစ္စုပ္ပန်မှာ ကောင်းနေတယ်။ ကောင်းလာတယ်လို့ ဆိုရမှာပါ။ ဒီလိုပဲ ပစ္စုပ္ပန်မှာ ကောင်းနေရင် အနာဂတ်မှာလည်း ကောင်းလာမှာပါပဲ။ အနာဂတ်ကောင်းလာတယ်ဆိုတာ ပစ္စုပ္ပန်ရောက်မှ သိရတာပါ။ ပစ္စုပ္ပန်ကောင်းနေရင်း ကုန်လွန်သွားရင် အတိတ်ကံမှာလည်း ကောင်းတဲ့အတိတ်ကံ ဖြစ်လာမယ်။ အနာဂတ်မှာလည်း ကောင်းတဲ့အနာဂတ် ဖြစ်လာမယ်။ ဒီတော့ အတိတ်ကံ၊ ပစ္စုပ္ပန်ကံ၊ အနာဂတ်ကံဆိုတာလည်း ကရွတ်ကင်းလျှောက်သလို လည်နေတယ်။ စက်ဝိုင်းမှာ လမ်းလျှောက်သလို ပတ်လို့မဆုံး သံသရာလည်နေတာပေါ့။ စေတနာသုံးတန်ဖြစ်တဲ့ ပုဗ္ဗ၊ မုဥ္စ၊ ပရ စေတနာ ဆိုတာလည်း ဒီလိုပဲဖြစ်ပါတယ်။ ကောင်းသောအကြံ၊ ကောင်းသောအလုပ်၊ ကောင်းသောရည်ရွယ်ချက်နဲ့ ကောင်းမွန်စွာလုပ်နေရင် မိမိဘဝမှာ သံသရာတစ်လျှောက် ကောင်းမွန်မှာ အမှန်ပါပဲ။ ဒါကြောင့် ဘဝမှာ ရှေ့၊ လယ်၊ နောက်ညီဖို့ လိုအပ်ပါတယ်။ ယခင့်ယခင်ဘဝမှာ ဘာလုပ်ခဲ့မှန်း မသိတာကြောင့် ဒီဘဝ ဘာကြောင့် မကောင်းတာပါလိမ့်လို့ တွေးတောနေဖို့ မလိုပါဘူး။ လက်ရှိဘဝမှာ ကောင်းတာကို ကောင်းမွန်စွာ လုပ်မယ်ဆိုရင် ဘဝဆက်တိုင်းဆက်တိုင်း ကံကောင်းခြင်းမှာ မလွဲပါဘူး။ ကံဆိုတာ အလိုလိုဖြစ်နေတာမဟုတ်ဘူးဆိုတာ သိနိုင်ပါတယ်။

(လေး)ဖြစ်ပေါ်လာတဲ့ ကံလေးပါးရှိတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံကြောင့် ဖြစ်ပေါ်လာတဲ့ အဆက်လေးပါး ရှိပါတယ်။ ဒါကတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

၁။ ချက်ချင်း အကျိုးပေးသော်လည်း အကျိုးပေးနည်းခြင်း၊

၂။ တစ်ချိန်ချိန်(သို့)ကာလအတန်ကြာမှ အကျိုးပေးခြင်း

၃။ ကြီးမားစွာ အကျိုးပေးခြင်း

၄။ လုံးဝ အကျိုးမပေးခြင်းဘဲ ဖြစ်ပါတယ်။

မိမိပြုလုပ်ခဲ့တဲ့ အမှုကိစ္စက ချက်ချင်းအကျိုးပေးသော်လည်း အကျိုးပေးနည်းရခြင်းဆိုတာက ငါးကျပ်နဲ့ ဝယ်ပြီး ခြောက်ကျပ်နဲ့ ရောင်းရလို့ တစ်ကျပ်ပဲမြတ်တော့ နည်းပါးတယ်ဆိုတာမျိုးပါ။ နောက်ကံတစ်ခုက အကျိုးတော့ပေးမယ် ကြာမယ်ဆိုတာမျိုးပါ။ ဟိုသီချင်းထဲကလိုပေါ့။ 'တစ်နေ့နေ့တော့ ဖြစ်လာလိမ့်မည်၊ သို့သော် ဘယ်နေ့မှန်းမသိ' ဆိုတာမျိုးပေါ့။ ဂရုကံဆိုတဲ့ ကြီးမားတဲ့ ကံမျိုးကတော့ ငွေ ၂၀၀ နဲ့ ထီထိုးတာ သိန်းရာချီပေါက်တာမျိုးပါ။ လုံးဝအကျိုးမပေးတဲ့ ကံကတော့ 'အဟောသိကံ' ဆိုတဲ့ လုပ်သမျှအဖတ်မတင်ဘဲ သဲထဲရေသွန်ဆိုတာမျိုးပေါ့။ ဒီလိုပေးတဲ့ အကျိုးပေးကံ လေးမျိုးဟာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ ကံသုံးမျိုးနဲ့ ဆိုင်သလို ပုဗ္ဗ၊ မုဥ္စ၊ ပရဆိုတဲ့ စေတနာသုံးမျိုးနဲ့လည်း အထူးသက်ဆိုင်ပါတယ်။

ဒါကြောင့်မို့ မိမိရဲ့ အတွင်းမေတ္တာမနောကို ဗြဟ္မဝိဟာရတရားလေးပါးနဲ့ ထိန်းသိမ်းရမယ်။ တစ်နည်းအားဖြင့် ပြောရရင် 'မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ' ဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါးလို့ ခေါ်ပါတယ်။ သတ္တဝါအားလုံးကို မေတ္တာပွားနိုင်ရမယ်။ သူတို့တော့ ချမ်းသာမှာပဲ၊ ဆာရှာမှာပဲ၊ နာတော့မှာပဲဆိုတဲ့ စာနာစိတ် ကရုဏာတရား ထားရှိရမယ်။ 'ဒီကောင်ကြီး ကြီးပွားသင့်တာကြာပြီပဲ။ ဒီကောင် ချမ်းသာနေတာကြားရတော့ ဝမ်းသာသကွာ' ဆိုတာမျိုး မုဒိတာပွားနိုင်ရမယ်။ နောက်ဆုံးတရားကတော့ အလွန်အရေးကြီးပြီး သတိထားရမယ့် တရားပဲ။ နူးညံ့သိမ်မွေ့လွန်းတယ်။ ဖြစ်ချင်ရာဖြစ်ကွာဆိုတဲ့ ဆိုးဝါးတဲ့ ဥပေက္ခာတရား မဟုတ်ဘူး။ သူလည်း သွားချင်ရာမှာပဲ၊ ပြန်ချိန်တန်တော့ ပြန်ချင်ကြပြီပေါ့။ သွားကြပါစေ၊ ပြန်နိုင်ကြပါစေ၊ ကောင်းမွန်ကြီးပွားကြပါစေဆိုတဲ့ ခွင့်ပြုချက် စေတနာတရားဖြစ်တဲ့ ဥပေက္ခာတရားပါ။ ပေလယျကံဆိုတဲ့ ဆိုးဝါးတဲ့ ဥပေက္ခာ မဟုတ်ဘူး။ ဒီတော့ မိမိရဲ့ အကျင့်စာဂကို ကောင်းမွန်စွာ ထိန်းသိမ်းလုပ်ကိုင် ဆောင်ရွက်ခြင်းအားဖြင့် အကျိုးပေးကံလေးပါးအနက် အဟောသိကံကို ကျော်လွှားပယ်ဖျက်နိုင်ပြီး ကြီးမားတဲ့ ဂရုကံရရှိအောင် ကြိုးစားဆောင်ရွက်နိုင်ကြဖို့ ဖြစ်ပါတယ်။ တိုက်လည်းတိုက်တွန်းပါတယ် တပည့်တို့။

(၅) လူ့ကျင့်ဝတ်အဖြစ် ကံငါးပါးကို စောင့်ထိန်းရမယ်။ ကံငါးပါးဆိုတာက ငါးပါးသီလကို ခေါ်တာပါ။ ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာ မုသာဝါဒါ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာဆိုတဲ့ ရှောင်ကြဉ်ခြင်း ကျင့်ဝတ်ငါးပါးကို ဦးခေါင်းထက်မှာ ဆံပင်မွေးညှင်းရှင်သန်နေသလို အမြဲဆောင်ကြရမယ်။ ကျင့်ကြံကြရမယ်။ ဝေရမဏီ သိက္ခာပဒံသမာဒိယာမိ အဝေးကပင် ရှောင်ကြဉ်ကြရမယ့် ကံငါးပါးဖြစ်တယ်"

"ဒါ့အပြင် ကံကောင်းစေဖို့ ကံကျွေးလုပ်ကြရမယ်ဆိုရင် သိခြင်းပညာငါးပါးကို လေ့ကျင့်၊ မှတ်သားကြရမယ်။ သိခြင်းတရားငါးပါးကတော့

၁။ ဓမ္မညုတ-အကြောင်းတရားကို သိနေရမယ်။

၂။ အတ္ထညုတ- ရရှိလာမယ့် အကျိုးတရားကို သိနိုင်ရမယ်။

၃။ မတ္တညုတ- အတိုင်းအရှည်ကို သိနားလည်ရမယ်။

၄။ ကာလညုတ- အချိန်အခါကို သုံးသပ်သိမြင်ရမယ်။

၅။ ပရိသညုတ-လူ့ပရိသတ်သဘောကို သိရမယ်။

ဒါမှ . . . မိမိလုပ်မယ့် အလုပ်အကြောင်းကို စောကြောမိပြီး ဘယ်လောက်အကျိုးဖြစ်ထွန်းမယ်၊ ဘယ်လောက်ထိကြာမယ်၊ ဘယ်အချိန်မှာပြီးမယ် အားလုံးက သဘာကျမကျဆိုတာမျိုး သုံးသပ်ပြီး လုပ်ကိုင်ဆောင်ရွက်မှ ကောင်းတဲ့ကံ၊ ကောင်းတဲ့အလုပ်၊ ကောင်းတဲ့အမှုကိစ္စ ဖြစ်လာမယ်ဆိုတာ နားလည်ထားရမယ်။ နားလည်သိရှိထားရင် ကျင့်ကြံနိုင်ရမယ်။ ဒါပဲပေါ့။

(ခြောက်) ရှောင်ကြဉ်ရည့် တံ



www.burmeseclassic.com

www.burmeseclassic.com

ခြောက်ပါး။ ကာယကံ၊ ဝစီကံ၊ မနောကံအရ ပြုကျင့်ရမှာ မိမိဘဝ ဆုတ်ယုတ်စေမယ့် အမူအကျင့်တွေကို အမိကရှောင်ကြဉ်ရမယ်။ ဒါတွေကတော့ . . .

၁။ အအိပ်ကြူးခြင်း၊ ၂။ မူးယစ်မေ့လျော့ခြင်း၊ ၃။ ကြောက်လန့်စိုးရိမ်ခြင်း၊ ၄။ စိတ်တို၍ အမျက်

**လူတိုင်းလူတိုင်းဟာ မင်္ဂလာရှစ်ပါးနှင့်အညီ ကျင့်ကြံအားထုတ်နေထိုင်လုပ်ကိုင်ရင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် သုံးပါးလုံးသာမက သံသရာတစ်လျှောက်လုံး ကောင်းမွန်မှန်ကန်တဲ့ ချမ်းသာခြင်းဆိုတဲ့ ကောင်းတဲ့ကံကို ရရှိကြမှာ ဖြစ်တယ်ဆိုတာ ပြောချင်ပါတယ်။**

ထွက်ခြင်း၊ ၅။ ဖျင်းရိုင်းမှိုင်တွေဝေခြင်း၊ ၆။ လေးကန်ဖင့်နွဲ့ခြင်း ဒါတွေပဲဖြစ်တယ်။

ဒါမျှ မကပါဘူး။ ကာယကံ မြောက်လုပ်ကိုင်ကြတဲ့အခါမှာ ကောင်းတဲ့အချက် ခြောက်ပါးနဲ့ ကိုက်ညီအောင် ကြိုးစားရမှာ ဖြစ်တယ်။ ဒီတရားခြောက်ပါးကတော့ တိုးတက်ကြီးပွားကြောင်းတရားလို့ ခေါ်ကြပါစို့။

၁။ ပညာကြိုးစား သင်ယူခြင်း၊

၂။ ဥစ္စာကို ရိုးသားစွာ ကြိုးစားရှာဖွေခြင်း၊

၃။ ကုသိုလ်ကောင်းမှု ဆောင်ရွက်ခြင်း၊

၄။ ကျန်းမာရေး ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊

၅။ မိတ်ဆွေကောင်းတို့နှင့် ပေါင်းသင်းခြင်း၊

၆။ နာမည်ကောင်းရအောင် ကြိုးစားခြင်း၊

ကဲ . . . ဒီခြောက်ချက်ဟာ မိမိဘဝအတွက် အားလုံးပြောဆိုနေကြတဲ့ မိမိဘဝ ကံကောင်းစေဖို့အတွက် လိုက်နာကျင့်ဆောင်ရမယ့် အချက်တွေပဲ မဟုတ်လား။

(၇) ကြီးပွားကြောင်းတရား ခုနစ်ပါး။ ကြီးပွားကြောင်းတရား ခုနစ်ပါးဆိုတာလည်း ရှိသေးတယ်။ မှတ်ထားကြပါဦး။ ဒါတွေကတော့ . . .

၁။ မပျင်းမရိ လုံ့လရှိခြင်း၊

၂။ သတိသမ္ပဇဉ်ရှိခြင်း၊

၃။ သန့်ရှင်းသေသပ် ကောင်းမွန်စွာ လုပ်ကိုင်ခြင်း၊

၄။ စူးစမ်းဆင်ခြင်တတ်ခြင်း၊

၅။ ကိုယ်နှုတ်စိတ်တို့ကို နိုင်နင်းစွာ စောင့်ထိန်းနိုင်ခြင်း၊

၆။ တရားနည်းလမ်းကျစွာ အသက်မွေးခြင်း၊

၇။ ကုသိုလ်တရားကို မမေ့မလျော့တတ်ခြင်း . . .

ဖြစ်တယ်။ ဒါတွေကလည်း လောကီလူ့ဘုံမှာနေသမျှ လိုက်နာကျင့်ကြံရမယ့် တရားတွေပဲ ဖြစ်တယ်။ နောက်ပြီး ခုနစ်ရက်သားသမီးတွေနဲ့ ရောယှက်နေထိုင်ကြသူတွေဖြစ်တော့ ခုနစ်ရက်သားသမီးတွေနဲ့ ကင်းကွာလို့ မရဘူး။ ဆိုလိုတာက လူ့ဝန်းကျင် အသိုင်းအဝိုင်းနဲ့ ကင်းကွာမနေရဘူး ဆိုတာပါပဲ။

(ရှစ်) မင်္ဂလာတရား ရှစ်ပါးနှင့်အညီ နေထိုင်ခြင်း။ ဆရာတို့ တပည့်တို့ဟာ ကံ-ကံ၏အကျိုးကို ယုံကြည်လို့ ထေရဝါဒဗုဒ္ဓ ဘာသာဝင်တွေအဖြစ် ခံယူထားကြတဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓရဲ့ အဆုံးအမ ဩဝါဒတွေကို လိုက်နာကျင့်ကြံကြရမှာ ဖြစ်တယ်။ ဒီနေရာမှာ ရှင်တော်ဘုရားဟောကြားခဲ့တဲ့ မင်္ဂလာတရား ရှစ်ပါးအကြောင်းကို ဆရာ အကျဉ်းရှု ပြောချင်ပါသေးတယ်

၁။ သမ္မာဒိဋ္ဌိ- မှန်သောအမြင်

၂။ သမ္မာသင်္ကပ္ပ- မှန်သော အကြံ

၃။ သမ္မာဝါစာ- မှန်သောစကား ၄။ သမ္မာကမ္မန္တ- မှန်သောအလုပ်၊ ၅။ သမ္မာအာဇီဝ-မှန်သောအသက်မွေးမှု၊ ၆။ သမ္မာဝါယမ- မှန်သော



www.burmeseclassic.com

www.burmeseclassic.com

ထုတ်မှု၊ ၇။ သမ္မာသတိ- မှန်သောမှတ်သားမှု၊ ၈။ သမ္မာသမာဓိ- မှန်သောတည်ငြိမ်မှု။

လူတိုင်း လူတိုင်းဟာ မဂ္ဂင်ရှစ်ပါးနှင့်အညီ ကျင့်ကြံအားထုတ် နေထိုင်လုပ်ကိုင်ရင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် သုံးပါးလုံးသာမက သံသရာတစ်လျှောက်လုံး ကောင်းမွန်မှန်ကန်တဲ့ ချမ်းသာခြင်းဆိုတဲ့ ကောင်းတဲ့ကံကို ရရှိကြမှာဖြစ်တယ်ဆိုတာ ပြောချင်ပါတယ်။

(ကိုး) မတိုင်ပင်အပ်သောပုဂ္ဂိုလ်ကိုးဦး။ ဘာပဲလုပ်လုပ်၊ ဘာပဲဖြစ်ဖြစ် လုပ်ကိုင်ဆောင်ရွက်ကြတဲ့အခါမှာ မိမိတစ်ဦးတည်းနဲ့ လုပ်ဆောင်လို့ မရတာတွေ၊ ကြံစည်လို့ မရတာတွေ ရှိတယ်။ ဒီတော့ ယုံကြည်ရမယ့်သူ တစ်ဦးဦး၊ စွမ်းဆောင်နိုင်မယ့် ပုဂ္ဂိုလ်တစ်ယောက်ယောက်၊ အားကိုးရမယ့် ဆရာတစ်ပါးပါးနဲ့ ပြောဆိုမေးမြန်းတိုင်ပင်ရတော့မယ်။ အကြံကောင်းဉာဏ်ကောင်းတွေ ရယူရတော့မယ်။ ဒီတော့ သတိထားရမှာက မယုံကြည်၊ စိတ်မချရတဲ့သူ၊ တစ်နည်း မတိုင်ပင်အပ်သောသူတွေကို သိရှိထားဖို့ လိုတယ်။ ရှောင်ကြဉ်ကြဖို့ လိုတယ်။ အဲဒီမတိုင်ပင်အပ်တဲ့ ရှောင်ကြဉ်ရမယ့် ပုဂ္ဂိုလ်ကိုးဦး ရှိတယ်။

၁။ လောဘကြီးလွန်းသူ၊ ၂။ ဒေါသကြီးလွန်းသူ၊ ၃။ မောဟကြီးလွန်းသူ၊ ၄။ မာနကြီးလွန်းသူ၊ ၅။ ရာဂကြီးလွန်းသူ၊ ၆။ ပျင်းရိခြင်း ကြီးလွန်းသူ၊ ၇။ အကြောက်အလန့် ကြီးလွန်းသူ၊ ၈။ မိုက်မဲယုတ်မာလွန်းသူ၊ ၉။ မူးယစ်သေစာကျူး စွဲလမ်းလွန်းသူ။

ဒီပုဂ္ဂိုလ်များကို အတ္တကြီးလွန်းသောသူ ကိုးဦးလို့လည်း ခေါ်နိုင်ပါတယ်။ ဒါကြောင့် ဒီကိုးယောက်ကိုလည်း ရှောင်ကြဉ်ကြရမှာ မုချဖြစ်ပါတယ်။ မိမိပြုလုပ်သောကံ ဖြစ်ပေါ်လာတဲ့ကံဟာ ကောင်းကံဖြစ်ဖို့အတွက် ကောင်းသော ရှောင်စရာ၊ ဆောင်စရာတွေအတိုင်း လုပ်ကိုင်ဆောင်ရွက်ရင် ကံကောင်းတဲ့အကျိုး(ဝါ) ကောင်းကျိုးဖြစ်မှာ မလွဲပါဘူး။ ဒါကြောင့် ဆရာတို့ တပည့်တို့အားလုံးဟာ နိဗ္ဗာန်မရခင်စပ်ကြား ဘဝမှာ ကျင်လည်နေသမျှ ကာလပတ်လုံး ကောင်းတဲ့ကံ၊ ကောင်းတဲ့အကျိုးကို ခံစားနိုင်ဖို့ ကောင်းတဲ့လုပ်ငန်းတွေကို လုပ်ဆောင်ရမှာ ဖြစ်တယ်။

ပြောရရင် တစ်သံသရာလုံး မကောင်းတာရှောင်၊ ကောင်းတာဆောင်ရင် ကောင်းတဲ့‘ကံ-ကံ၏အကျိုး’ ရလဒ်ဟာ မလွဲမသွေရရှိမှာဖြစ်တယ်။

ကဲ . . . စကားလည်းရှည်၊ ပြီ အချိန်လည်း အတော်ကုန်သွားပြီပေါ့။ ကိုခင်မောင်မေးတဲ့ ‘ကံ-ကံ၏အကျိုး’ ဆိုတာလည်း ရှင်းလောက်ပြီ ထင်ပါရဲ့ဗျာ”

“ရှင်းပါတယ် ဆရာကျော်ဇော်ဟိန်းခင်ဗျား”

“အေးဗျာ . . . နောက်ဆုံးနိဂုံးပြောချင်တာက တပည့်များနှင့်တကွ ကိုကျော်ဝင်းမောင်၊ ကိုခင်မောင်တို့ အနေနဲ့ ဆရာပြောတဲ့အချက်အလက်(တစ်ကနေ ကိုးထိ)အကြောင်းအရာတွေကို မှတ်သားထားစေလိုတယ်။ နောက်ဆုံးမှာ နံပါတ်တစ်ဆိုတဲ့ ကံဆိုတာနဲ့ပဲ အဆုံးသတ်ပါတယ်။ ကံအကြောင်းတရား၊ ကံဆိုး ကံကောင်းခြင်း၊ လူမနိုင် ကံကိုပုံချ၊ ကံထမ်းလာတာ မမြင်ရ လှံထမ်းလာတာ မြင်ရ၊ ကံကိုယုံပြီး ဆူးချုံမနင်းနဲ့၊ ကံမနိုင် သံတိုင်အိမ်ဆောက်သော်လည်း၊ ကံမှောက်လျှင်ကျိုး၊ ကံမကောင်းရင် ရေကိုကျိုချက် သောက်သော်လည်း သွားကျိုးနိုင်တယ်၊ ကံ,စိတ်,ဥတု,အာဟာရ အကြောင်း တရားလေးပါးနဲ့ ညီအောင်နေပါ။ ကံ,ဉာဏ်,ဝီရိယကို အကျိုးရှိအောင် အသုံးချပါ၊ ကံကောင်းတော့ မင်းလောင်းဖြစ် စတဲ့ ဆိုရိုးတွေ၊ စကားပုံတွေ၊ ရိုးရာအသုံးအနှုန်းတွေဟာ ‘ကံ’ကို အထူးပြုအလေးပေးပြီး ပြောဆိုနေကြခြင်း ဖြစ်တယ်။ ဒီတော့ ကံဆိုတာ ကမ္မ၊ ကမ္မဆိုတာ အလုပ်လို့သိထားရင်း၊ မှတ်ထားရင်း၊ စိတ်ရှင်းစိတ်သန့် ဖြစ်ကြပါလို့ ပြောကြားရင်း အဆုံးသတ်ပါတယ်”

ထိုနေ့က ဆရာဦးကျော်ဇော်ဟိန်းရှင်းပြသည့် ‘ကံ’အကြောင်းကို နားထောင်ရင်း အချိန်ကုန်ခဲ့ရလေသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

## သစ်ထူးအိမ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အဖော်ကောင်းရင် ဖေါ်ထုတ်လိုက်မယ်

✪ မောင်ရွှေစွန်

ယခင်လမှအဆက်

မဝေဠု ဝင်သွားသော အခန်းကလေးကို ကောင်း လှမ်းကြည့်လိုက်သည်။

မကြာခင် မဝေဠုနှင့်အတူ စောစောက ကောင်း ကြည့်ခဲ့သော ဓာတ်ပုံရှင်သည် မဝေဠုနှင့်အတူ ထွက်လာသည်။ ကောင်း အနီးသို့ရောက်ကြလျှင် မဝေဠုရော သူပါ ဆိုဖာတစ်လုံးစီတွင် ဝင်ထိုင်လိုက်သည်။

"သမီး ပြောပြထားတဲ့ သမီးသူငယ်ချင်း ကောင်းဆိုတာ ဖေဖေ"

"အေး・・・အေး၊ သမီးပြောပြထားလို့ ဦးတော့သိနေပါတယ်ကွယ်။ ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေး နေပေါ့။ သွားစရာရှိလဲ သမီးလိုက်ပို့နိုင်။ မောင်ဖာသာမောင် သွားချင်သပဆိုလဲ ကားယူသွားပေါ့"

ဦးဇော်ထွန်းက ကောင်းအား ဖော်ရွေပျူငှာစွာ ပြောဆိုနေသည်။ ထိုအခြေအနေကို တွေ့ရသောအခါ ကောင်းနှင့်ပတ်သက်၍ မဝေဠု ဘယ်လိုများ ပြောဆိုထားသည်ကို ကောင်းသိချင်စိတ်တို့ ပေါ်ပေါက်လာသည်။

ဦးဇော်ထွန်း အခန်းတစ်ခုအတွင်းသို့ ဝင်သွားသောအခါ ကောင်းသည် မဝေဠုအား အသံတိုးတိုးဖြင့် လှမ်းမေးလိုက်သည်။ ကောင်းစကားကြားရသောအခါ မဝေဠုသည် ပြုံးနေ၏။

"မဝေဠု အဖေကို ကောင်းအကြောင်း ဘာတွေပြောထားသလဲ"

"မဝေဠုရဲ့ သူငယ်ချင်းတစ်ယောက်လို့ ပြောထားခဲ့ပါတယ်"

"အလုပ်သဘောအရ ဆက်ဆံတာလား မဝေဠု"

"မဟုတ်ပါဘူးရှင်၊ မဝေဠုရဲ့ ကျေးဇူးရှင်တစ်ယောက်ဖြစ်တဲ့အတွက် ပြောထားတာပါ"

"ကျွန်တော်က မဝေဠုရဲ့ ကျေးဇူးရှင်ဟုတ်လား"

"ဟုတ်ပြီလားရှင်・・・မဝေဠုကို ကောင်း ကူညီခဲ့တာပဲ"

"ဒါကို ကျေးဇူးရှိတယ်လို့ မပြောပါနဲ့ မဝေဠု၊ အပေးအယူနဲ့ လုပ်ခဲ့ကြတဲ့ အလုပ်သဘောဘဲဟာ၊ ကျွန်တော်သူများ ကျေးဇူးတင်နေမှာ မလိုလားဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ကောင်း အနေနဲ့ အလုပ်သဘော အရ ဆက်ဆံခဲ့ပေမဲ့ မဝေဠုအပေါ်မှာ နှောင်ကြိုးတဲ့ထားတဲ့ ကိစ္စတွေကို ကောင်းကြောင့် ခုလို လွတ်လပ်ခဲ့တာ ပေါ့"

"ကျွန်တော့်ကို ပြောပြစမ်းပါ။ အဲဒီ ဖိုင်က ဘာဖိုင်လဲ"

မဝေဠုသည် ကောင်း စကား ကြောင့် ကောင်းကိုလှမ်း၍ အကဲခတ် လိုက်သည်။

"စပ်စုတယ်လို့ မထင်ပါနဲ့၊ ကိုယ်နဲ့ မဆိုင်ဘဲနဲ့ သိချင်တယ်လို့လဲ မယူဆ ပါနဲ့ မဝေဠု"

"မဝေဠုမှာ ပြောပြရမဲ့ ဝတ္တရား ရှိပါတယ် ကောင်း။ ဒါကို ပြောပြသင့် တယ်လို့လဲ မဝေဠု တွေးမိနေပါတယ်။ တကယ်တော့ မဝေဠုဟာ မိကောင်း ဖခင်သားသမီးတစ်ယောက်ပါ။ ရှုပ်ရှုပ် ပွေပွေလဲ မလုပ်တတ်ဖူး။ နားလဲမလည် ပါဘူး၊ ဒါပေမဲ့ မဝေဠုဟာ လူကြုံပေး လိုက်တဲ့ ပစ္စည်းတစ်ခုနဲ့ပတ်သက်လို့ အဖမ်းခံရမဲ့ဆဲဆဲ ဦးသိုက်ထွန်းရဲ့ တပည့်တစ်ဦးက မဝေဠုအစား ဓားစာ ခံသွားခဲ့တယ်လေ၊ အဲဒီတင်မှာ မဝေဠု ကို ဦးသိုက်ထွန်းဟာ စာချုပ်စာတန်းနဲ့ ချည်ထားပြီး ကြိုးရှည်ရှည်နဲ့ လွှတ်ထား တာမျိုး ဆက်ဆံခဲ့ပါတယ်။ နောက်တစ် နေ့မှာတော့ ဦးသိုက်ထွန်းဟာ သူခိုင်းတဲ့ အလုပ်တစ်ခုကို လုပ်ပေးရမယ်၊ အဲဒီ အလုပ်လုပ်ပြီးရင် မဝေဠုကို လွှတ်ပေး မယ်ဆိုတာနဲ့ ဘာအလုပ်လဲမေးတော့ လူတစ်ယောက်နဲ့ သူနဲ့ အလုပ်တစ်ခု စပ်တူလုပ်ခဲ့ကြတယ်။ အဲဒီစာချုပ် စာတန်းတွေကို မဝေဠုက ယူပေးဘို့ပါပဲ။ အဲဒီမှာတင် ကောင်းနဲ့ အဆက်အသွယ် ရပြီး ယူပေးခဲ့လို့ မဝေဠုကို လွှတ်ပေး မယ်ဆိုတာ သိရပါတယ်။ ဒါပေမဲ့ မဝေဠုသိရတာက ဦးသိုက်ထွန်းဟာ စာချုပ်ဖိုင်ထဲမှာပါတဲ့ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးထားတဲ့ ချက်လက်မှတ် တစ်စောင်ကို ရသွားပြီး ငွေထုတ်ယူ မယ်ဆိုတာ မဝေဠုသိလာတယ်။ ဒီတော့ မဝေဠုဟာ ဦးသိုက်ထွန်း လက်ကလဲ လွတ်မယ်၊ ငွေတွေလဲ ရမယ်ဆိုတဲ့ ရည် ရွယ်ချက်နဲ့ ကောင်းနဲ့စီစဉ်ခဲ့ကြတာဘဲ။ ဒီငွေတွေဟာ မဝေဠုတို့နဲ့ မထိုက်ဖူး ထင်တယ်၊ မဝေဠုတို့ထက် လက်ဦးတဲ့ သူနဲ့ တွေ့သွားတော့ မဝေဠုလဲ ဘာမှ မရဘဲ ခု မေမြို့ကို ပြန်လာခဲ့ရတာ ပါဘဲ..."

မဝေဠုသည် သူခံစားနေခဲ့ရသော အခြေအနေများကို အကျဉ်းချုံးနိုင်သမျှ ချုံး၍ ပြောပြနေသည်။ ထိုအခါမှ ကောင်းသည် မဝေဠု၏ အခြေအနေ များကို သိလာရလေတော့သည်။ သို့ရာ တွင် ကောင်းအနေနှင့် မဝေဠု၏ စကားများကို လုံးဝယုံကြည်၍ မဖြစ် သေး။ မိန်းမဆိုသည်က ယုံရခက်သည့် အမျိုး။ ပရိယာယ် မာယာ အသွယ် သွယ်ကလည်း သုံးတတ်သည်။ ပုံပြော လဲကောင်းသည်။ မဟုတ်သည့် လုပ် ဇာတ်ကို မျက်ရည်ဖြင့် ရော၍ ကောင်း တို့လို ပုရိသ ဘသားချောတွေ မြောပါ သွားအောင်လည်း ပြောတတ်ကြသည်။

ထို့ထက် အဖြစ်လဲ အဖြစ်မှန်။ တကယ်လဲ ဖြစ်ခဲ့ပါလျက် တခုခုသော သူတို့ဘဝအတွက်၊ သူတို့ရလာဘ်တခု အတွက်၊ မဟုတ်ပါ၊ မမှန်ပါဟု လျှာတွင် အရိုးမရှိသည့်အတိုင်း အမျိုးမျိုးအဖုံဖုံ မျက်စိကို စုံမှိတ်ချက် မသိပါ။ မရှိပါ။ နားမလည်ပါ . ဟူ၍ ဘူးတလုံးကို ဆောင်တတ်ကြသည့် သဘောရှိသည်။

ဒါတွေကို ကောင်း ကိုယ်တွေ့ကဲ့ သို့ပင် စာတွေထဲ၌ ဖတ်ဖူးသည်။ ထောင်ထဲတွင် မိန်းမဖျက်၍ လူပျက်ရ သော စာရိတ္တကောင်းခဲ့သည့် လူတွေကို တွေ့ခဲ့ရသည်။ မိန်းမကြောင့် ထောင်ထဲ သို့ရောက်ခဲ့ရသူတွေ အတော်များများ သည်၊ တခုတည်းသော တူညီသည့်ဆုံး ဖြတ်ချက်ကို ထားတတ်ကြသည်ကား ထောင်မှ ထွက်လျှင် ထိုမိန်းမကိုသတ်၍ ထောင်ထဲသို့ ပြန်ဝင်မည်ဟူသော သဘောထားများပင် ဖြစ်သည်။

ခုလဲ ကောင်း မဝေဠုစကားများကို မယုံကြည်နိုင်သေးချေ။ အခြေအနေ အရ မိမိဝင်ကမိသော ဇာတ်ကို မိမိ မီးစင်ကြည့်၍ ဆက်ကရပေဦးမည်။

"ကဲ...မဝေဠု ကောင်းနေဘို့ အခန်းပြင်ထားတယ်။ ခဏလောက် နားပြီး ရေမိုးချိုးလေ။ ပြီးတော့ မနက်စာ ထမင်းစားရအောင်..."

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ထမင်းမစားတော့ပါဘူး။ ရေမိုးချိုးပြီး အပြင်ခဏသွားချင်တယ်"

"ထမင်းစားပြီးမှ သွားပါရှင်။ ရေချိုးချင်လဲ ချိုးပါ ကဲ...လာ..."

မဝေဠုသည် ကောင်းအား ဧည့်ခန်းမှ အတွင်းအခန်းတခုဆီသို့ ခေါ်သွားသည်။ အိပ်ခန်းတခန်း တံခါးကို ဖွင့်ပေးလိုက်သည်။ ကောင်း သည် အိပ်ခန်းတွင်းသို့ လှမ်းကြည့်လိုက်၏။ သပ်ရပ်အေးချမ်းသည့်အခန်းကလေးတခန်းကိုတွေ့ရသည်။

"လွတ်လွတ်လပ်လပ် ကြိုက်သလိုနေပါ။ ဟိုဘက်က တံခါးဟာ ရေချိုးခန်းပါ"

မဝေဠုသည် ထိုမျှသာ ပြောပြီး ကောင်းအနီးမှ ပြန်လှည့်ထွက်သွားသည်။ ကောင်း သည် အခန်းတွင်းသို့ ဝင်လိုက်ပြီး အိပ်ရာပေါ်သို့ သူ၏ အိတ်ပြားလေးကို ပစ်တင်လိုက်သည်။အခန်းတံခါးကို ပြန်ပိတ်လိုက်သည်။ အခန်းကလေးမှာ လေလုံခန်းကလေး တစ်ခန်းဖြစ်နေ၍ နွေးနေသည်။

ကောင်းသည် ရေမိုးချိုးရန်အတွက် အဝတ်အစားများ ချွတ်လိုက်သည်။

ပြီးတော့ ရေချိုးခန်းထဲသို့ ဝင်လိုက်သည်။

ကောင်း ရေချိုးခန်းထဲတွင် ရေချိုးနေစဉ်အတွင်း မဝေဠုသည် ဖခင် ဦးဇော်ထွန်းအား ထမင်းပွဲ ပြင်ဆင်ပြီး ကျွေးနေသည်။ ကောင်း ရေချိုးပြီးသောအခါ သိုးမွေးဆွယ်တာလက်ရှည် ခေါင်းစွပ်တစ်ထည်ကို ထုတ်ယူလိုက်သည်။ မီးခိုးရောင်ဘောင်းဘီရှည်ကို ဝတ်ဆင်လိုက်၏။ ပြီးတော့ စပို့ရှပ်လက်တိုအဖြူရောင်ကို ဝတ်လိုက်သည်။

အဝတ်စားများ ဝတ်ဆင်ပြီး ဆွယ်တာကို လက်တဖက်မှဆွဲလျက် အခန်းအပြင်ဘက်သို့ ရောက်သောအခါ ဧည့်ခန်းထဲတွင်ထိုင်လျက် အခါးရည် (ရေနွေးကြမ်း)သောက်နေသော ဦးဇော်ထွန်းကိုတွေ့ရသည်။ထမင်းစားခန်း၌နံနက်စာစားသောက်ရန် ပြင်ဆင်နေသည့် မဝေဠုကိုပါ တွေ့ရသည်။

"ထမင်းစားဘို့ အဆင်သင့်ဘဲ ကောင်း"

ကောင်း သည် မဝေဠုရှိသော ထမင်းစားခန်း အတွင်းသို့ လျှောက်လာခဲ့သည်။ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားသော ထမင်းနှင့် ဟင်းများကိုတွေ့ရသည်။ ကောင်း မငြင်းတော့။ ထမင်းစားပွဲတွင် ဝင်ထိုင်လိုက်သည်။

မဝေဠုကိုယ်တိုင်လည်း ကောင်းနှင့်အတူတူ ထမင်းစားသည်။

စားသောက် ပြီးစီးသွားသောအခါ ဧည့်ခန်းထဲတွင် ဦးဇော်ထွန်းကို မတွေ့တော့။

ဧည့်ခန်းသို့ ရောက်လာသည့် ကောင်းသည် မဝေဠုအား လှမ်းမေးကြည့်သည်။

"ဦး...ဘယ်သွားသလဲ..."

"ဖေဖေက စားပြီးရင် စာဖတ်ခန်းထဲမှာ စာဖတ်နေတယ်။ ညနေဖက်နဲ့ မနက်စောစော လမ်းထလျှောက်တယ်။ တရေးတမော အိပ်ချင်ရင်လဲ စာဖတ်ခန်းထဲမှာဘဲ အိပ်တယ်လေ..."

"အော်...အော်..."

"ကောင်း အပြင်သွားမယ်ဆိုရင် ကားယူသွားပါလား။ ဒါမှမဟုတ် မဝေဠု လိုက်ပို့ပေးရမလား...ဟင်..."

ကောင်း သည် မဝေဠုစကားကို ကြားလိုက်ပြီးသောအခါ မဝေဠုအား ဂရုတစိုက် ငေးကြည့်နေလိုက်မိသည်။ မဝေဠု၏ အသွင်အပြင်သည် သူ့အား အရင်အရင်က ပြောဆိုဆက်ဆံခဲ့သော အမူအရာမျိုးမဟုတ်။ ကောင်းအပေါ်တွင် လိုလေသေးမရှိအောင် ပြုစုချင်သော အိမ်ရှင်ကောင်းတစ်ယောက်၏ ရင်းနှီးသည့် အသွင်မျိုးကို တွေ့ရသည်။

"မဝေဠု ခွင့်ပြုမယ်ဆိုရင်တော့ ကောင်းဖာသာ ကောင်း ဂျစ်ကားယူသွားချင်တယ်"

"ရပါတယ် ကောင်း..."

ကောင်း သည် နောက်ထပ် ဘာစကားမှ ဆက်မပြောတော့၊ အိမ်ပြင်ဖက်သို့ ထွက်လာခဲ့သည်။ ကောင်းနှင့်အတူ မဝေဠုပါ အပြင်ဖက်သို့ လိုက်ပါလာသည်။ ကောင်း ဂျစ်ကားပေါ်ရောက်၍ ကားမောင်းထွက်သွားသည်အထိ ခြံဝန်းထဲတွင် မဝေဠု ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကားမောင်းလာရင်း ကောင်း စဉ်းစားနေမိပြန်သည်။ သူမေမြို့လိုက်လာခဲ့သော ကိစ္စမှာ မဝေဠွထံမှ မိမိ ရသင့်ရထိုက်သော ခံစားခွင့်များကို တောင်းရန်ဖြစ်သည်။ သို့ရာတွင် မဝေဠွသည် သူမ၏ ဘဝကို ဖွင့်ဟပြောပြလာပြန်သောအခါ မဝေဠွအပေါ်တွင် စွပ်စွဲရခက်သလို မိမိမျှော်မှန်းထားသည့် မျှော်မှန်းချက်များမှာလည်း အရာမထင် ဖြစ်ရပေတော့မည်။

ကောင်း သည်မြို့ပတ်လမ်းအတိုင်း မောင်းလာ၏။ လမ်းဒေါင့် တဒေါင့်တွင် ရှိသော ကွမ်းယာဆိုင် တစ်ဆိုင်အား လွှန်းလွှန်းတို့၏ နေကြာမြိုင်ခြံ ဘယ်နေရာတွင်ရှိသည်ကို မေးကြည့်မိသည်။ သိသည့်သူက ညွှန်ပြလိုက်တော့လည်း အလွယ်သားပင်။ နောက်လမ်းတစ်လမ်းသို့ ပြန်ခုတ်၊ ချိုးကွေ့ တည့်တည့်ဆက်မောင်းသွားလျှင် နေကြာမြိုင်ခြံကို တွေ့ရမည်ဟုဆိုသည်။

ညွှန်ပြသူက အသေအချာညွှန်ပြလိုက်သည့်အတွက် ကောင်း သည် နေကြာမြိုင်ကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရလေသည်။

အတွင်းသို့လှမ်း၍ အကဲခတ်ကြည့်မိသည်။ မေမြို့တွင် စိုက်ပျိုးသူ အတော်များများ စိုက်တတ်ကြသော မက်မန်းပင်ကြီးများကို ပေါများလှစွာ တွေ့ရလေသည်။ မက်မန်းပင် အကြိုအကြားမှ ခေတ်မီသော အိမ်ကလေး တစ်ဆောင်ကို ကောင်း တွေ့ရ၏။ ဝင်းတံခါးက ဖွင့်ထားသဖြင့် ခြံထဲသို့ ဝင်သောကားလမ်းအဝိုင်း ကောင်း ဂျစ်ကားကို တောက်လျှောက်မောင်း၍ ဝင်လာခဲ့သည်။

မက်မန်းပင် တစ်ပင်အောက်တွင် ဂျစ်ကားကို ရပ်ပစ်လိုက်သည်။ ခြံဝင်းထဲသို့ ဂျစ်ကားဝင်လာသည်ကို သိလိုက်သည်နှင့်ပင် ခြံဝင်းထဲရှိ ခေတ်မီ အိမ်ကလေး၏ အဝင်အဝ တံခါးမှာ ပွင့်လာသည်။ ပြီးတော့ လွှန်းလွှန်းကို ကောင်း တွေ့ရသည်။

ကောင်းသည် လွှန်းလွှန်းနှင့် အခန့်သင့်ပင် တွေ့လိုက်ရသောကြောင့် မိမိလာရကျိုး နပ်သွားလေသည်။ လွှန်းလွှန်းသည် အိမ်ပေါ်မှဆင်းလာပြီး ကောင်းကို ကြိုဆိုလိုက်သည်။

“အစ်ကို...လာမယ်ဆိုလို့ လွှန်းလွှန်း ထွက်ကြိုနေတာ”

လွှန်းလွှန်းသည် ကောင်း အား ချစ်စဖွယ်အပြုံးမျိုးကလေးဖြင့် ပြုံးပြရင်း ပြောလာသည်။ ကောင်း သည် လွှန်းလွှန်းကို ဘာစကားမှ ပြန်မပြောသေးဘဲ ခြံထဲတွင်ရှိသော ပေါများလှသည့် မက်မန်းပင်များကိုလျှောက်ကြည့်နေမိသည်။

“ခြံထဲမှာ လမ်းလျှောက်ရင်း စကားပြောမလား၊ အိမ်ပေါ်မှာ ပြောမလား အစ်ကို”

လွှန်းလွှန်းက ကောင်းကို မေးလာသည်။ ကောင်းသည် စီးကရက်တစ်လိပ်ကို မီးညှိဖွာလိုက်ရင်း ယဉ်စစနှင့် လှပနေသော လွှန်းလွှန်းကို တစ်ချက်စိုက်ကြည့်လိုက်သည်။

“လွှန်းလွှန်း...မိဘတွေ ရှိတယ်မှတ်လား။ အစ်ကိုနဲ့ မိတ်ဆက်ပေးပါ အုံး”

“ဆောရီးပဲ အစ်ကိုရေ...ဒီနေ့မနက်ဘဲ သူတို့အားလုံး ကျောက်မဲကို တက်သွားကြလေရဲ့။ ခု လွှန်းလွှန်းရယ်၊ အမဝမ်းကွဲ တစ်ယောက်ရယ်၊ လွှန်းလွှန်းတို့ အစ်ကိုတစ်ယောက်လိုအားကိုးရတဲ့ ကိုအိုက်စံရယ်၊ ခြံလုပ်သားတွေရယ်ဘဲ ရှိတယ်”

လွှန်းလွှန်းသည် ကောင်းကိုရှင်းပြအားရ ပြောပြနေသည်။

ကောင်း သည် စီးကရက်မီးခိုးများကို ဖူးကနဲမှုတ်ထုတ်ပစ်လိုက်၏။ ပြီးမှ

“ဒီလိုဆိုလဲ ခြံထဲမှာ လမ်းလျှောက်ရင်းစကားပြောရအောင်လား လွှန်းလွှန်း”

ကောင်းစကားကို လွှန်းလွှန်းသည် ခေါင်းညိတ် အဖြေပေးရင်း သဘောတူလိုက်လေသည်။

နှစ်ယောက်သား ခြံအတွင်းဖက်သို့ လျှောက်လာခဲ့ကြသည်၊ လွှန်းလွှန်း သည် ခြံဝန်းအတွင်း၌ရှိသော မက်မန်း ပင်မှ အကိုင်းများကို တခါတရံ ကွေး ညွတ်ပြီး ကိုင်းလာအောင် နှိမ့်၍နှိမ့်၍ ထိုအကိုင်းတို့တွင် သီးနေသော မက်မန်းသီးများကို အကဲခတ်ကြည့်သွား၏။

“လွှန်းလွှန်း...တခုတော့ မေး ရစေ အစ်ကို”



www.burmeseclassic.com

www.burmeseclassic.com

"ဘာများတုန်း လွှန်းလွှန်းရယ် မေးစရာရှိရင် မေးပါ"

"အစ်ကို…ခု ဘယ်မှာ တည်းသလဲ။ ပြီးတော့ ဂျစ်ကားကရော"

လွှန်းလွှန်း မေးမည်ဆိုလဲ မေးလောက်ပါသည်။ တည်းခိုခန်း တစ်ခုခုတွင် တည်းပါမည်ဟု လွှန်းလွှန်းကို ပြောခဲ့သော်လည်း ယခုတော့ တည်းခိုခန်းတွင်မဟုတ်။ မဝေဠုအိမ်တွင် တည်းနေပါသည်ဟု ကောင်း မပြောချင်ပါ။ သို့သော် မေမြို့ဆိုသည်က သိပ်ကျယ်ကျယ်ပြန့်ပြန့် မဟုတ်။ မြို့ကလေး ကကျဉ်းသည်။ တစ်နေ့မဟုတ် တစ်နေ့တွင် လွှန်းလွှန်းကို ပြောထားခဲ့သော စကားနှင့်မညီလျှင် လွှန်းလွှန်းသည် ပြဿနာတက်မည့် ကောင်မလေးမျိုး ဖြစ်သည်။

"အစ်ကိုတည်းခိုခန်းမှာ သွားတည်းတာဘဲ။ ဒါပေမဲ့ မိတ်ဆွေတစ်ဦးနဲ့တွေ့ပြီး သူ့အိမ်ကို လိုက်တည်းရမယ်ဆိုတာနဲ့ လိုက်သွားရတယ်။ ကားကလဲ သူ့ကားဘဲ လွှန်းလွှန်း"

ကောင်းစကားကို ကြားတော့ လွှန်းလွှန်းက နှုတ်ခမ်းလေးနှစ်ခုကို ဖိပြီး ပြုံးလိုက်သည်။ လွှန်းလွှန်း အပြုံးကို တွေ့တော့ ကောင်း မိမိဖာသာ မလုံမလဲ ဖြစ်သွားသည်။

"ဦးဇော်ထွန်း…အိမ်မှာ မဟုတ်လား အစ်ကို"

လွှန်းလွှန်းသည် ကောင်းအား ထပ်၍ ကောက်ကာငင်ကာ မေးလိုက်ပြန်သည်။

ကောင်း…နှုတ်ကမဖြေ ခေါင်းကလေးသာ အသာညိတ်ပြလိုက်သည်။

"သူ့သမီး…မဝေဠုဆိုတာကိုရော အစ်ကို တွေ့ခဲ့သလား"

လွှန်းလွှန်းသည် ကောင်းအား ဘယ်သို့မှ ငြင်း၍မရအောင် မေးနေပြန်၏။ ဘောစောက လိမ်မပြောမိခဲ့သည်ကိုပင် တော်ပါသေးရဲ့ဟု မိမိဖာသာ ဖြေသိမ့်ရသည်။

"တွေ့ခဲ့ပါတယ်…တော်တော်လေး ဖော်ရွေတဲ့မိန်းကလေးတစ်ယောက်ပါပဲ"

ကောင်း သည် ရှေ့ရေးကို ကြိုတင်တွေးလျက် အကာအကွယ်ပြုရင်း ပြောလိုက်ရသည်။ လွှန်းလွှန်းသည် ယခုအခါတွင်မတော့ နှုတ်ခမ်းကလေးကို ဖွင့်လျက် ပြုံးပြန်သည်။ လွှန်းလွှန်းအပြုံးကို ကောင်းသည် မသိဟန်ပြု၍ နေလိုက်သည်။

"အစ်ကို…မေမြို့မှာ ကြာအုံးမလား"

"ပျော်သရွေ့တော့ နေမယ်လို့ စိတ်ကူးထားတာဘဲလေ"

စကားတပြောပြောနှင့် လမ်းလျှောက်လာကြရာ ခြံထဲသို့အတော်ပင် လျှောက်မိကြလေပြီ။ နောက် လမ်းချိုးလေးတစ်ခုအနားသို့ အရောက်တွင် ကောင်းသည် စီးကရက်တိုကလေးကို လက်ကလေးဖြင့် တောက်ပြီး ပစ်လိုက်သည်။ ပြီးတော့ ခုံတန်းလျားလေးတစ်ခုပေါ်တွင် ထိုင်နေလိုက်သည်။

"အစ်ကို့ကို လွှန်းလွှန်းသိချင်တာလေးတွေ မေးချင်တယ်"

လွှန်းလွှန်းကိုယ်တိုင်ပင် ကောင်း၏အနီးတွင် ဝင်ထိုင်လျက် ပြောလာသည်။ ကောင်း သည် ဘာရယ်မသိ လွှန်းလွှန်းမေးမည့် မေးခွန်းတွေကို တွေးပြီး ထိတ်လန့်နေမိသည်။ မိမိအကြောင်းကို လွှန်းလွှန်း အဘယ်မျှ သိနေသလဲ ဆိုသော စိုးရိမ်စိတ်ကလေးများလည်း ပေါ်လာပြန်သည်။

"အစ်ကို…ဘာလုပ်သလဲ ဟင်"

လာပြန်ပြီ ဒီမေးခွန်း။ ကောင်း အတော့်ကိုအဖြေရခက်သွားရပြန်သည်။ သို့သော် "မရဲသော်လည်း ပြေးခဲစေ" ဆိုသည့် ထုံးကို နှလုံးမူလိုက်ရတော့သည်။

"အစ်ကို…ကျဗန်း လမ်းလျှောက်ပွဲစားလေး ဘာလေးလုပ်တယ်"

"အစ်ကိုဝါသနာပါတဲ့ အလုပ်ကော ရှိသလား"

"ရှိတာပေါ့ လွှန်းလွှန်းရယ်"

"ရှိရင် အဲဒီအလုပ်ကို ဘာလို့ မလုပ်တာလဲ"

"လုပ်ချင်တာပေါ့ လွှန်းလွှန်း။ ဒါပေမဲ့ ငွေက မရှိတော့ ဘယ်လိုလုပ် ဖြစ်မလဲ"

"ဘာအလုပ်မျိုး မှတ်လို့လဲအစ်ကို"

"အစ်ကိုက အဆိုတော် ဖြစ်ချင်တာ"

"သီချင်းကော ဆိုတတ်လို့လား အစ်ကိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဆိုတတ်ပါတယ်ကွယ်…ဘာလဲ ဆိုပြနိုင်းမလို့လား"

"ဟင်အင်းအစ်ကို . . .ဆိုတတ်တယ်ဆိုရင် ဖြစ်အောင်ကြိုးစားပေါ့ ယောက်ျားဘဲ"

လွှန်းလွှန်းစကားကို ကြားလိုက်ရသောကြောင့် ကောင်းသည် ခေတ္တတွေသွားသည်။ နောက်မှ လွှန်းလွှန်း၏ စကားကို ကောင်း လက်ခံချင်လာသည်။

"ဧနက္ခဟာ ပင်လယ်ထဲမှာသင်္ဘော ပျက်တော့ သူ့ကို ကယ်မဲ့သူ ဘယ်သူမှ မရှိဘူးဆိုတာ သိရက်နဲ့ သူ့ကိုယ်သူ အားကိုးပြီး လက်ပစ်ကူးခဲ့တာဘဲအစ်ကို၊ မေခလာနဲ့ တွေ့တော့လဲ သူ့ကိုကယ်ပါလို့ မပြောဘဲနဲ့ သူ့ကိုကယ်မဲ့သူ မရှိဘူးဆိုတာ သူသိပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ သူ့အားသူကိုးပြီး ကူးတာဘဲလို့ ပြောတယ်မှတ်လား။ နောက်မှ ယောက်ျားတစ်ယောက်ရဲ့ ဇွဲနဲ့ သတ္တိကို မေခလာကသိပြီး ကယ်ခဲ့တာဘဲ မှတ်လား အစ်ကို"

ကောင်း အား လွှန်းလွှန်းသည် လူကြီးတစ်ယောက်ပမာ ဥပမာ ဥပမေယျတွေနှင့်ပြ၍ တရားချနေပြန်သည်။

"အစ်ကို…ကြိုးစားပါတယ် လွှန်းလွှန်း၊ ဒါပေမဲ့ အစ်ကို့ရဲ့ ကုသိုလ်ကိုက နံ့ချာတယ်"

"ကြိုးစားပါ အစ်ကို၊ အစ်ကိုဖြစ်ချင်တာတွေ မကြာခင်ဖြစ်လာမှာပေါ့"

လွှန်းလွှန်းစကားကြားတော့ကောင်းသည် အသံကလေးများ ထွက်အောင်ပင် ရယ်လိုက်မိသည်။ ကောင်း၏ ရယ်သံကြားတော့ လွှန်းလွှန်းသည် ကောင်းအား လှမ်းကြည့်လိုက်၏။

"အစ်ကိုက ဘာရီတာလဲ"

"လွှန်းလွှန်းက အာမခံ ရနေလို့ပါ"

"အစ်ကို့ကို ခုတော့ လွှန်းလွှန်း ဘာမှ မပြောသေးဘူး၊ အချိန်ကျရင် လွှန်းလွှန်းပြောစရာရှိတဲ့ စကားကို ပြောမယ်"

လွှန်းလွှန်းစကားသည် ကောင်းအတွက် တွေးတောစရာတစ်ခု ဖြစ်နေပြန်သည်။

ကောင်း ထိုင်ရာမှ မတ်တပ်ရပ်လိုက်သည်။ လွှန်းလွှန်းပါ လိုက်ရပ်သည်။

"အစ်ကို့ကို တစ်ခုတော့ ပြောလိုက်မယ်။ ဦးဇော်ထွန်းတို့ မိသားစုကို အစ်ကို ဂရုစိုက်ပြီး ဆက်ဆံပါ။ သူတို့တွေအကြောင်းကို အစ်ကို့ထက် လွှန်းလွှန်းက ပိုသိနေတယ် ဆိုတာပါဘဲ၊ ကဲ…သွားကြစို့ အစ်ကို"

ကောင်း ဘာစကားတစ်ခွန်းမှ မပြော။ မဝေဠုတို့ မိသားစုကိစ္စနဲ့ ပတ်သက်ပြီး ဘာမှလဲ မမေးတော့၊ လွှန်းလွှန်းနှင့်အတူပြန်လျှောက်လာကြသည်။

လွှန်းလွှန်းကို ကောင်း တခါတရံ ခိုးခိုးကြည့်မိသည်။ လွှန်းလွှန်းသည် ဘာမှ ထူးခြားမှုမရှိ။

ကောင်း စိတ်ထဲကမူ လွှန်းလွှန်းသည် ပဟေဠိ ဆန်လွန်းနေသည်ဟု ယူဆမိ၏။

* * * * *

(၁၀)

မေမြို့၏ နံနက်ခင်း အလှအပ သာယာကြည်နူးမှုသည် စာဖွဲ့၍ မီနိုင်စရာမရှိအောင်ပင် လှပနေတော့သည်။

မြူကလည်း မကွဲသေး။ နှင်းကလည်း ဖွဲဖွဲကလေးကျနေသဖြင့် ကောင်းကင်ပြင်ကျယ်ကြီးဆီမှ ငွေမျှားတံများ ပစ်လွှတ်လိုက်သည့်ကဲ့သို့ ထွက်ပြူစနေရောင်ခြည်၏ အောက်တွင် ကြည်နူးစရာတို့ဖြင့် တန်ဆာဆင်နေတော့သည်။

ကောင်း သည် ကန်တော်ကြီးအတွင်း၌ လှပသော မိန်းမပျိုလေးတစ်ဦးဖြစ်သည့် မဝေဠုနှင့်အတူ ယှဉ်တွဲလျက် လမ်းလျှောက်လာနေသည်။

တရံတခါ ဆော့ရမ်းလိုက်သော လေပြေအေးအေးကလေးသည် အေးခိုက်သွားအောင်ပင် အစွမ်းထက်နေသည်။ ကောင်း သည် မဝေဠုနှင့် နီးနီးကပ်ကပ်နေပြီး မဝေဠုကို လေ့လာချင်သောကြောင့်သာ လိုက်ခဲ့ရသော်လည်း ယခုကဲ့သို့ စိတ်ကြည်နူး လန်းဆတ်ဖွယ်ကောင်းသော နံနက်ခင်းမျိုးကို တွေ့ရလာရသောအခါ စိတ်ကူးနှင့်အတော်ပျော်နေမိသည်။

"ကောင်း ရန်ကုန်ပြန်ဘို့ စဉ်းစားပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com

မဝေဠုသည် ကောင်းနှင့်အတူ ယှဉ်တွဲလျှောက်လာရင်းမှ လှမ်းမေးလာသည်။

"ခုအတိုင်းဆိုရင်တော့ ပြန်ရုံဘဲရှိတော့တာဘဲ မဝေဠု"

"ကောင်း ရန်ကုန်ရောက်ပြီးရင် ဘာဆက်လုပ်မယ်လို့ စိတ်ကူးသလဲ"

"လောလောဆယ် စီစဉ်ထားတာကတော့ ကောင်း ဘဝဟောင်းကနေ ရုန်းထွက်မယ်။ တတ်နိုင်သမျှ ငွေကြေးရှာဖွေစုဆောင်းပြီးရင် ကောင်း ဘဝနဲ့အတူ ကောင်း လုပ်ချင်တာလုပ်နိုင်အောင် ကြိုးစားမယ်"

"ကောင်း ငွေဘယ်လောက် လိုမယ်ထင်သလဲ"

"ကောင်း လောလောဆယ် အဆိုတော်ဘဝရောက်ဖို့အတွက် အနီးစပ်ဆုံးလမ်းကတော့ စတီရီယိုတေးတွေဘဲ ဆိုရမှာဘဲ။ ကိုယ့်ငွေရင်း ကိုယ်စိုက်ထုတ်၊ လျှော့ဈေးနဲ့ သွင်းပြီးသား သီချင်းခွေတွေကို လိုက်ရောင်း၊ တစ်ခါနှစ်ခါလောက်လုပ်ပြီးသွားရင်တော့ အဆင်ပြေသွားလိမ့်မယ် ထင်တာဘဲ"

"တကယ်လို့ ကောင်း ရည်မှန်းထားတဲ့အတိုင်း အဆင်မပြေလာဘူးဆိုရင် ဘယ်လိုလုပ်မလဲ"

"အဆင်ပြေအောင်တော့ ဇွဲရှိရှိနဲ့ ကြိုးစားရမှာဘဲ မဝေဠု"

"အင်း···ဒီလိုဆို ကောင်း ငွေရင်းငွေနှီး ဘယ်လောက်ရရင် အဆင်ပြေမလဲ"

"ဘာလဲ···မဝေဠုက ငွေထုတ်ချေးမလို့လား"

"ချေးမလို့ မဟုတ်ပါဘူး။ ကူညီမလို့ပါ"

"မဝေဠုက ကောင်းကို ငွေထုတ်ပေးမယ်ကြားရတော့ ဝမ်းသာပါတယ်။ ဒါပေမဲ့ ကောင်း မလိုချင်ဘူး။ မဝေဠုအတွက် အလုပ်တစ်ခုခု လုပ်ပေးလို့ရတာမျိုး ဆိုရင်တော့ မဆိုးဘူး"

"မဝေဠုကလဲ အလကား မပေးပါဘူး။ အလုပ်တစ်ခု လုပ်ခိုင်းမှာပါ"

ကောင်း သည် မဝေဠု လုပ်ခိုင်းမည်ဆိုသော "အလုပ်တစ်ခု" ဟူသော စကားကို ကြားလိုက်ရသောအခါ ဦးသိုက်ထွန်းအား သတိရလာမိသည်။

"ဒါနဲ့ ဦးသိုက်ထွန်းနဲ့ ပတ်သက်လို့ ဘာများကြားသေးလဲ မဝေဠု"

ကောင်း မေးလိုက်သော စကားကို မမျှော်လင့်ဘဲ ကြားလိုက်ရသည့် မဝေဠုသည် မျက်နှာလေးတစ်ချက် ကက်ကနဲ ပျက်သွားလေသည်။ မဝေဠုအနေနှင့် ဦးသိုက်ထွန်းနှင့် ပတ်သက်သောစကားမျိုး ကောင်းထံမှ ကြားရလိမ့်မည်ဟု ယူဆထားဟန် မတူချေ။ ကောင်း ကို လှမ်းကြည့်ရှာသည်။

"မဝေဠုကို ခုထိ မယုံနိုင်သေးဘူးလား ကောင်း"

မဝေဠုက ပြန်မေးလိုက်သည်။ မဝေဠုထံမှ ပြန်မေးလာသော စကားကြောင့် ကောင်း သည် မဝေဠုအား အသေအချာကြည့်လျက် အကဲခတ်နေမိပြန်သည်။

"မဝေဠုကို ကောင်း တစ်ခုမေးမယ်"

ကောင်း စကားသည် ခပ်ပြတ်ပြတ်၊ ခပ်မာမာထွက်သွား၏။ မဝေဠုသည် ကောင်းအား ငေးကြည့်နေရှာသည်။ ဘာမှတစ်လုံးမပြောတော့။ လမ်းလျှောက်လာသော ခြေလှမ်းတို့ပင် ခပ်ဆိုင်းဆိုင်း ဖြစ်လာတော့သည်။

"ဦးသိုက်ထွန်း အသတ်ခံရတာနဲ့ ပတ်သက်လို့ မဝေဠု ဘယ်လိုခံစားရသလဲ"

"ရှင်···မဝေဠု···ဘယ်လိုပြောရမလဲ"

"မဝေဠု !ဦးသိုက်ထွန်း အသတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်လို့ မဝေဠုရင်ထဲကဘယ်လိုခံစားရသလဲ။ မဝေဠု ရသင့်ရထိုက်တာတွေကော ရသလား။ အမှုနဲ့ပတ်သက်လို့ ရဲအဖွဲ့သဘောက မဝေဠုအပေါ်မှာ ဘယ်လိုယူဆထားသလဲလို့"

ကောင်း သည် တည်ပြီးသည်ဘုရား လင်းတနားနား၊ ဗျိုင်းနားနား ဟူသောသဘောအတိုင်း ကျင့်သုံးလိုက်ရတော့သည်။ မေးမိမှတော့ မထူးတော့ပြီ။ မဝေဠုထံသို့ လိုက်လာသော ရည်ရွယ်ချက်ကိုက စာရင်းအပြတ်ရှင်းရန် ဖြစ်သည်။ အခြေအနေက လွတ်လွတ်လပ်လပ်မပေးသေးသောကြောင့်သာ မမေးခဲ့ရခြင်းဖြစ်သည်။ ခုတော့ မေးမိပြီ



www.burmeseclassic.com

www.burmeseclassic.com

"မဝေ္သ ရင်ထဲမှာ ဘယ်လိုနေသလဲဆိုတာတော့ မဝေ္သမသိဘူး။ ခုလိုဖြစ်သွားတာကိုတော့ စိတ်မကောင်းဖြစ်မိတာအမှန်ပါဘဲ။ မဝေ္သ ရသင့်ရထိုက်တာတွေ ရသလားဆိုတာတော့ မဝေ္သနဲ့ အလုပ်စပ်တူလုပ်ထားတဲ့ ကိစ္စကလွဲလို့ အဝေ္သ ဘာမှ မခံစားရပါဘူး။ မရတဲ့အပြင် ရဲအဖွဲ့က အထင်မှားပြီး မေးတာ မြန်းတာတွေတောင် ခံရတယ်။ ဖြေရှင်းခဲ့ရတယ်။ နောက်ဆုံး ဆရာဝန်အစစ်ခံချက်အရ မြွေဆိပ်မိပြီး သေဆုံးတယ်ဆိုတာဘဲ အဖြေရပါတယ်။ မြွေကလဲ အပူပိုင်းဒေသက အင်မတန်အဆိပ်ပြင်းတဲ့ မြွေဆိပ်မျိုးဆိုတာ တွေ့ရလို့ မဝေ္သအပေါ်မှာ သံသယရှိတာကလွဲလို့ မဝေ္သ မကျူးလွန်ဘူးဆိုတာကိုအဖြေထုတ်မိကြပြီး မဝေ္သ ခရီးထွက်လာတာကို ခွင့်ပြုလိုက်တာပေါ့"

"မဝေ္သ ဟိုရက်တွေတုန်းက မေမြို့ကို ဘာလို့ ပြန်မလာတာလဲ"

"အဲဒီတုန်းက ဖေဖေ မေမြို့မှာ မရှိဘူးလေ။ ခု ဖေဖေပြန်လာတော့ မဝေ္သ ပြန်လာခဲ့တာပေါ့။ ပြီးတော့ ဦးသိုက်ထွန်းရဲ့ ပစ္စည်းတွေကို ကိုမျိုးထွန်းကို လွှဲပေးဘို့ စောင့်နေရသေးတာပေါ့"

"ဦးသိုက်ထွန်းနဲ့ မဝေ္သ ဆက်ဆံရေးကရော . . ."

မဝေ္သသည် ကောင်း၏စကားကို ကြားလိုက်သောအခါ ဒေါသငွေ့လွှမ်းသော မျက်နှာမျိုးနှင့် ကောင်းကို လှမ်းကြည့်လိုက်သည်။ ပြီးမှ . . .

"ကောင်းကို မဝေ္သ အတော်ကြီး သည်းခံလိုက်ပါတယ် ကောင်း။ မဝေ္သဟာ ယောကျ်ားတစ်ယောက်နဲ့ တရင်းတနှီးတွေ့ဘူး ကြုံဘူးတာဆို မဝေ္သဘဝမှာ ကောင်းတစ်ယောက်ပဲ ရှိပါတယ်။ မဝေ္သကို ယုံချင်မှ ယုံပါကောင်း။ ဦးသိုက်ထွန်းအနေနဲ့ကတော့ မဝေ္သကို ခဏခဏ စည်းရုံးဘူးတာပေါ့။ ဒါပေမဲ့ မဝေ္သက လိမ်မာပါးနပ်စွာနဲ့ ရှောင်ခဲ့ပါတယ်"

ကောင်း သည် မဝေ္သ ပြောသမျှစကားများကို ခပ်ပြုံးပြုံးနားထောင်နေ၏။

"မဝေ္သ ကောင်းကို ဆက်ဆံခဲ့တာ အလုပ်သဘောဆို"

ကောင်းစကားကို မဝေ္သ ဘာမှ ပြန်မပြောနိုင်ပါ။ မိမိ စိတ်လိုက်မာန်ပါ ပြောခဲ့မိသော စကားတစ်ခွန်းကြောင့် ကောင်း သည် မိမိအပေါ်တွင် အထင်အမြင် လွဲနေခဲ့ပြီဆိုသော သဘောကို နားလည်လိုက်ပါသည်။ သို့အတွက်ကြောင့် ဘာမှမပြောဘဲ ငြိမ်နေလိုက်လေသည်။ ထိုအခါ ကောင်းစကားတစ်လုံးက ထိုးနှက်လာပြန်သည်။

"ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းလို့ပြောတယ် မဝေ္သ။ မဝေ္သ ဝန်ခံနေတဲ့ သဘောများလား . . ."

"ကောင်း ကြိုက်သလို ယူဆပါ ကောင်း။ လူတစ်ယောက်ရဲ့ အယူအဆကို မဝေ္သ ဘာမှ မပြောလိုပါဘူး။ ဒါပေမဲ့ ကောင်းအပေါ်မှာ မဝေ္သထားတဲ့ စိတ်ထားကို တစ်နေ့ ကောင်း သဘောပေါက် နားလည်လာမယ်လို့ မဝေ္သ ထင်ပါတယ်"

မဝေ္သသည် သူမ,ပြောချင်သော စကားများကို ပြီးပြည့်စုံအောင် ပြောပြီး သွားပြီဟု တွေးလေသလားမသိ၊ ကောင်းအား ခပ်ရဲရဲ ခပ်တင်းတင်းပင် ပြန်ကြည့်နေသည်။ သည်လိုကျပြန်တော့လည်း ကောင်း နလုံးသားသည် မမာကျောနိုင်တော့၊ မခက်ထန်နိုင်တော့၊ မတင်းပြတ်နိုင်တော့၊ သံသယအကြည့်မျိုးဖြင့် မကြည့်နိုင်တော့၊ လှပသည့် မဝေ္သမျက်နှာကလေး ဒိုမင်းသွားမှာကို စိုးရိမ်လာသည်။ မဝေ္သ၏ အပြုံးလေး မကြည်မလင် ဖြစ်လာမည်ကို တွေးပူမိလာသည်။ နောက်ဆုံး မဝေ္သအပေါ်တွင် မျှင်မျှင်သေးသေးလေး ရှိနေသည့်သံသယောဇဉ်ကြိုးလေးတင်းသွားမှာ မလိုလားနိုင်တော့။ မဝေ္သ၏လက်အေးအေးကလေးကို သူ၏ လက်ဖြင့် လှမ်းကိုင်ရင်း ဆုပ်ထားမိသည်အထိ လှုပ်ရှားလာသည်။

"မဝေ္သအပေါ်မှာ ကောင်းအတွေးအမြင်မှားတယ်ဆိုရင်လဲ ကောင်းစကားတွေကို ပြန်ရုပ်သိမ်းပါတယ် မဝေ္သရယ်။ ကောင်းလေ မဝေ္သအပေါ်မှာ တကယ့်ကို သံယောဇဉ်ဖြစ်နေပါတယ်။ မဝေ္သ ကောင်းကို ခပ်စိမ်းစိမ်း သာဆဲ

www.burmeseclassic.com

သွားတဲ့နေ့က ကောင်း အနေရခက်လိုက်တာ"

ကောင်းသည် ပြောပြောဆိုဆို မဝေဠုအား သူ၏ ရင်ခွင်တွင်းသို့ ရောက်လာအောင် ကြိုးစားကြည့်သည်။ မဝေဠုက ရုန်းသည်။ ပြီးတော့ . . .

"မဝေဠုအပေါ်မှာ ကောင်း အမြင်ရှင်းတဲ့ တစ်နေ့ကျရင် ကောင်းရဲ့မေတ္တာကို မဝေဠု လိုချင်ပါတယ်ကောင်း။ ခုတော့ ရိုးရိုးမိတ်ဆွေတွေလိုဘဲ ဆက်ဆံကြတာပေါ့ . . ."

မဝေဠုစကားကို ကောင်း လက်ခံသည့်သဘောဖြင့် မဝေဠုကို ပြန်လွှတ်လိုက်သည်။

နောက် နှစ်ဦးသား လမ်းဆက်လျှောက်လာကြသည်။ တစ်ယောက်ကို တစ်ယောက် ဘာစကားမှ ဆက်မပြောဖြစ်ကြတော့ချေ။ ကန်တော်ကြီးထဲမှ ထွက်ခဲ့ကြပြီးနောက် အိမ်သို့ရောက်အောင် ပြန်ခဲ့ကြသည်။ ထိုအချိန်မှာပင် မဝေဠုတို့၏ ခြံအတွင်းမှ ဘောက်ဝက်စ်ဂွန်း မက်ကရီဘတ် ကားကြီးတစ်စီး မောင်းထွက်သွားသည်ကို တွေ့ရသည်။

ကားအတွင်းမှ တစ်စုံတစ်ယောက်သောသူသည် ကောင်းကိုလည်းကောင်း၊ မဝေဠုကိုလည်းကောင်း ကြည့်ရှုတွေ့မြင်သွားသည်ကို နှစ်ဦးစလုံး မတွေ့လိုက်ကြချေ။

၎င်းကား မဝေဠုရော ကောင်းပါ နှစ်ဦးစလုံး သိသည့် သူပင်။

သူကား စိတ္တပင် ဖြစ်သည်။

မဝေဠုနှင့် ကောင်းတို့အိမ်အတွင်း ရောက်ကြသောအခါ ဧည့်ခန်းတွင် ထိုင်နေသော ဦးဇော်ထွန်းကို တွေ့ရသည်။ ကောင်းသည် မိမိအတွက် ပေးထားသော အခန်းထဲသို့ ဝင်သွားခဲ့၏။

သို့သော် . . . အခန်းအပြင်ဖက်သို့ အကဲခတ်နိုင်ရန်နှင့် အပြင်ဖက်မှ ပြောဆိုကြသောအသံများ ကြားနိုင်ရန် အခန်းတံခါးကို အံကျအောင် မပိတ်ဘဲ ပိတ်သည်ဆိုရုံမျှလောက် ပိတ်ထားလျက် အပြင်ဖက်မှ အခြေအနေများကို အသာပင် နားစွင့်နေမိသည်။

"စိတ္တ လာသွားတယ် သမီး"

"ဟင် ဟုတ်လား။ သူက ဘာလာလုပ်တာလဲ"

"သူ့ဆရာ သေသွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ လာအကြောင်းကြားတာတဲ့"

"ဒါ...ဘယ်နည်းနဲ့မှ သွေးရိုးသားရိုး မဟုတ်နိုင်ဘူး ဖေဖေ။ သူ တမင်အကွက်ဆင်ပြီး လာတာဖြစ်ရမယ်။ သူ့ဆရာသေတာ အားလုံးအသိဘဲဟာ"

"ဒါတော့ ဒါပေါ့လေ၊ သူလာတဲ့သဘောက သိုက်ထွန်းသေဆုံးမှုနဲ့ ပတ်သက်ပြီး ရဲအဖွဲ့က သမီးအပေါ်မှာ သံသယမရှိတာရော၊ သူ့ဆရာကြီးထားခဲ့တဲ့ ပစ္စည်းတွေအားလုံး မောင်မျိုးထွန်း ရသွားတာတွေရော လာပြောတာတဲ့"

"မဟုတ်ဘူးဖေဖေ၊ သမီးတော့ သူ့ကို မယုံဘူး။ တနည်းမဟုတ် တနည်းနဲ့တော့ သူ သမီးကို ဒုက္ခပေးလိမ့်မယ်ထင်တယ်"

"မစိုးရိမ်ပါနဲ့ကွယ်...သူတို့ ဒီနေ့ဘဲ မေမြို့ ပြန်သွားကြပါပြီ"

စကားသံများ တိတ်သွားသည်။

ကောင်းသည် ရှေ့ဆက် နားမထောင်တော့။ ဒီလောက်ဆိုလျှင် မဝေဠုတို့အကြောင်းကို သိတန်သလောက် သိလိုက်ပြီ၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဦးသိုက်ထွန်း၏ ငွေနှင့်ပစ္စည်းများမှာ မဝေဠုထံတွင် ရှိရမည်ဟူသော အတွေးကို ဆုံးဖြတ်ချက်ချလိုက်သည်။

မဝေဠုထံမှ ရရှိမည်ဖြစ်သော ငွေကြေးကိုတော့ ကောင်းအဖို့ ရအောင်ယူရန်လည်း ဆုံးဖြတ်လိုက်သည်။ မဝေဠုတို့၏အိမ်ကို လေ့လာရန် စူးစမ်းရန် သတိရလာ၏။ သူ၏ ဖွားဘက်တော် သော့ဝိဇ္ဇာလေးကို သူ၏ အိတ်ပြားလေးထဲမှ ထုတ်ယူလိုက်သည်။ ကောင်းသည် စိတ်ကူးကျကျနန ချထားပြီး မဝေဠုထံမှ ငွေများကို သူ၏အစွမ်းအစဖြင့် ရှာဖွေယူရန် ကြံရွယ်လိုက်၏။

ရှေ့လဆက်ရန်

မောင်ရွှေစင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကြက်ခြေခတ်လမ်းကို စွန့်ပြီးသော်

( ယခင်လမှအဆက် )

အခန်း(၇)

နေလွှမ်းတစ်ယောက် ကြွေဖိုးထိန်၏ အိမ်ပေါ်သို့ ရောက်နေခဲ့သည်မှာ ရက်သတ္တနှစ်ပတ်ခန့် ရှိသွားပြီဖြစ်လေသည်။ ပထမရောက်စတွင် နေလွှမ်းအနေဖြင့် ကြွေဖိုးထိန်အား ယခုမှ စတင်တွေ့ဖူးသူမို့ အနေစိမ်းနေသည်က တစ်ကြောင်း၊ ပူပူလောလော သူဖြစ်ပျက်တွေ့ကြုံခဲ့ရသည့် ကြေကွဲဖွယ်အဖြစ်များက သူ့စိတ်ကို လွှမ်းမိုးရိုက်ခတ်ပြီး ပူလောင်နေသည်ကတစ်ကြောင်းတို့ကြောင့် တွေတွေဝေဝေ ငေးငေးငိုင်ငိုင်ဖြင့်သာ နေ့ရက်တို့ကို ကျော်ဖြတ်လာခဲ့သည်။ ကြွေဖိုးထိန်၏ သဘောသဘာဝကိုလည်း ကောင်းစွာမသိသေးသည်ကြောင့် ရောက်စလေးငါးရက်တွင် ဧည့်သည်ပုံစံဖြင့်သာ နေခဲ့လေသည်။

နေလွှမ်း စိတ်ထဲ၌ ဘာတွေဖြစ်နေမည်ကို အတွေ့အကြုံများအရ ခန့်မှန်းသိရှိနေသော ကြွေဖိုးထိန်ကလည်း နေလွှမ်းတစ်ယောက် စိတ်လွတ်လပ်ပေါ့ပါးမှု ရှိစေရန်အတွက် ထိုရက်များအတွင်း မြို့ထဲသို့ အလည်အပတ်လျှောက်ခေါ်သွားခြင်း၊ ရုပ်ရှင်လိုက်ပြခြင်း၊ ဘုရားဖူးပို့ခြင်း၊ ကစားဝိုင်းများသို့ ခေါ်သွားပြီး အပျင်းပြေကစားစေခြင်းများဖြင့် အမျိုးမျိုး နှစ်သိမ့်၍ စိတ်သက်သာအောင် ဖန်တီးပေးခဲ့သည်။

ဤသို့ဖြင့် ရက်သတ္တတစ်ပတ်ခန့် ကြာလာသောအခါ နေလွှမ်း၏ စိတ်မှာ တဖြည်းဖြည်း အနည်ထိုင်လာခဲ့ပြီး သူ့အပေါ်တွင် တူသားအရင်းတစ်ယောက်ကဲ့သို့ သဘောထားနေသော ကြွေဖိုးထိန်၏ စိတ်သဘောကိုလည်းသိလာပြီး နေသားကျလာလေသည်။

ထိုကဲ့သို့ နေသားတကျရှိလာသောအခါ နေလွှမ်းမှာ ကြွေဖိုးထိန်၏အိမ်တွင် ဧည့်သည်နေ၊ ဧည့်သည်စားမဟုတ်တော့ဘဲ သူ့အိမ်လိုသဘောထားကာ လုပ်စရာရှိသည်များကို အောက်ခြေသိမ်း လုပ်ကိုင်လေတော့သည်။ ယခင်က ကြွေဖိုးထိန်မှာ တစ်ကိုယ်ရည် တစ်ကာယသမားမို့ ထမင်းတစ်နပ်အတွက် အကြောင်းတပ်မနေဘဲ ကြုံသည့်နေရာတွင် ကြုံသလိုစားတတ်လေသည်။ နေလွှမ်းရောက်ခါစတွင်လည်း ဧည့်သည်ဖြစ်နေသော နေလွှမ်းကို အိမ်တွင် ချက်ကျွေးသည်က နည်းပါးပြီး အပြင်ဆိုင်တွင် ကြုံသလို ဝယ်ကျွေးနေသည်ကသာ များလေသည်။

ယခုအခါတွင် နေလွှမ်းက သူတို့နှစ်ဦးစားသောက်ရန် ထမင်းဟင်းချက်ပြုတ်မှုကို အစအဆုံး တာဝန်ယူလုပ်ပေးပြီး ကျန်အားလပ်သည့် အချိန်များတွင် ဦးဖိုးထိန်၏ အလုပ်များကို ဝိုင်းဝန်းလုပ်ကိုင်ပေးလေသည်။ သို့ရာတွင် ဦးဖိုးထိန်၏အလုပ်မှာ ကြွေသီးများထွင်းသည့်အလုပ်ဖြစ်သောကြောင့် သူ့အနေဖြင့် မကျွမ်းဝင်သည့်လုပ်ငန်း ဖြစ်ရာ ထဲထဲဝင်ဝင် မကူညီနိုင်ဘဲ ဦးဖိုးထိန်ခိုင်းမှသာ

ကျော်ဆွေဝင်း(ရွှေခေါင်း)



www.burmeseclassic.com

www.burmeseclassic.com

တောက်တိုမည်ရ လုပ်ပေးရလေသည်။ ကျန်အချိန်များတွင်မူ စာဖတ်ခြင်းဖြင့်သာ သာမန်အချိန်များ ကုန်လွန်ခဲ့သည်။

ဦးဖိုးထိန်မှာ ယခင်က လောင်းကစားသမားတစ်ဦးလုပ်ခဲ့ပြီး ယခုအခါတွင်လည်း လောင်းကစားနှင့် ပတ်သက်သည့် အနီထောင် ကြွေသီးများ ထွင်းထုရောင်းချပေးနေသူသာဖြစ်သည်။ သို့ရာတွင် သူ၏အိမ်၌ စုဆောင်းထားသော စာအုပ်အများအပြားကို ကြည့်၍ စာအလွန်ဖတ်သူဖြစ်ကြောင်း နေလွမ်းသိရလေသည်။ ဦးဖိုးထိန်၏အိမ်တွင် သူဖတ်ရသော စာအုပ်များမှာ သူ့အတွက် ဗဟုသုတ များစွာတိုးပွားစေပြီး လူတစ်ဦးတစ်ယောက်၏ ဉာဏ်၊ အတွေးအခေါ် စသည်တို့ကို တိုးတက်ရင့်ကျက်လာစေနိုင်သည့် စာအုပ်များလည်း များစွာပါရှိလေသည်။

တစ်ခုသော နံနက်ခင်းတွင် သူတို့နှစ်ဦး မနက်စောစော ထမင်းကြမ်းစားပြီး ရေနွေးထိုင်သောက်နေကြစဉ် ဦးဖိုးထိန်က စကားစလေသည်။

“ငါ့တူ . . . မောင်နေ၊ မင်းကို ဦးလေး မေးရဦးမယ်။ မင်းလောင်းကစား ဝါသနာပါသလားကွ”

“မပါဘူး ဦးလေး”

“အေး . . . မပါတာကောင်းတယ်။ ဒါဖြင့်ရင် မင်းလောင်းကစားလုပ်စားဖို့ရော စိတ်ကူးရှိသလားကွ”

“ဟာ . . ဦးလေးကလည်း ကျွန်တော်မှ ဝါသနာမပါတာ၊ ဘယ်လိုလုပ်ပြီး လုပ်စားဖို့စိတ်ကူးရှိမှာလဲ”

“အင်း . . ငါ့တူ ရောထွေးနေပြီ။ ဦးလေးဆိုလိုတာက မင်းရဲ့စီးပွားရေး တိုးတက်မှုအတွက်ပဲဖြစ်ဖြစ်ကွာ၊ ဒါမှမဟုတ် ဝမ်းရေးအခက်အခဲ ဖြေရှင်းဖို့ပဲဖြစ်ဖြစ်ကွာ မဖြစ်မနေလုပ်ရတဲ့ အနေအထားမျိုးဆိုရင်ရော မင်းလောင်းကစားကိစ္စကို လုပ်မလား”

“လုံးဝ မဖြစ်မနေ အခက်အခဲနဲ့ ရင်ဆိုင်နေရလို့ ထွက်ပေါက်တစ်ခုအနေနဲ့ လုပ်ရမယ်ဆိုရင်တော့ လုပ်ဖြစ်မလားမသိဘူး။ ဒီအတိုင်းကတော့ လောင်းကစားလုပ်ဖို့ လုံးဝစိတ်ကူးမရှိပါဘူးဗျာ”

“အေး . . ဟုတ်ပြီ၊ ငါဆိုလိုတာက အဲဒါပဲ၊ လောင်းကစားသမားလို့ အမည်ခံထားတဲ့လူတွေမှာ နှစ်မျိုးနှစ်စား ရှိတယ်ကွ”

“ဘယ်လို နှစ်မျိုးနှစ်စားလဲ ဦးလေး”

“တစ်မျိုးက လောင်းကစားကို ဝါသနာပါတဲ့သူကွာ၊ အဲဒီလူမျိုးတွေက လောင်းကစားလုပ်ရတာကို ပျော်နေတဲ့ လူတန်းစားတွေကွ၊ သူတို့က နိုင်ဖို့ချည်းသက်သက်လုပ်နေတဲ့သူတွေ မဟုတ်ဘူး၊ ပြောရရင်တော့ နိုင်တာ၊ ရှုံးတာကို သူတို့က အဓိကမထားဘူး၊ ကစားရဖို့ပဲ အဓိကထားတဲ့ လူစားတွေ၊ ရှုံးရှုံး နိုင်နိုင် ကစားနေရရင် ကျေနပ်နေတဲ့လူစားမျိုးတွေပေါ့ကွာ၊ အဲဒီလို လူမျိုးတွေက လောင်းကစားနဲ့ စီးပွားပျက်တတ်တယ်ကွ”

“နောက်တစ်မျိုးကရော . . . ဦးလေး”

“နောက်တစ်မျိုးက လောင်းကစားအလုပ်ကို လုပ်တဲ့သူပေါ့ကွာ၊ ပိုပြီးတိကျအောင် ပြောရရင်တော့ လောင်းကစားအလုပ်ကို လုပ်စားတဲ့သူပေါ့၊ အဲဒီလို လူတန်းစားတွေကျတော့ နိုင်ဖို့၊ အကျိုးအမြတ်ရဖို့ကိုပဲ ရည်ရွယ်ပြီး ကစားတယ်၊ လောင်းကစားအလုပ်ကို လုပ်နေရရုံနဲ့ ကျေနပ်နေတဲ့လူတွေ မဟုတ်ဘူး၊ ကစားပြီး ငွေရမှ ကျေနပ်တဲ့လူတွေ၊ အဲဒီလို လောင်းကစားကို အလုပ်တစ်ခုအဖြစ်သတ်မှတ်ပြီး လိုက်လုပ်နေတဲ့သူတွေရဲ့ ထူးခြားချက်ကတော့ ရောင့်ရဲတင်းတိမ်နိုင်မှု ရှိတာပဲကွ”

“ဦးလေးပြောတာ ကျွန်တော် သိပ်မရှင်းဘူးခင်ဗျ”

“ဒီလိုကွာ၊ လောင်းကစားကို ဝါသနာအရ လိုက်ကစားပြီး ကစားရရင် ကျေနပ်နေတဲ့ ကောင်တွေက ရောင့်ရဲတင်းတိမ်မှု မရှိဘူး၊ အပြင်မှာ သူတို့ငွေရှာရင် တစ်နေ့ကို ငွေငါးဆယ် ပုံမှန်ရဖို့တောင် မလွယ်မှန်းသိပေမယ့် ကစားဝိုင်းမှာ တစ်နာရီအတွင်း ငွေတစ်ထောင် အနိုင်ရလို့လည်း ဒီကောင်တွေ ရောင့်ရဲကျေနပ်ပြီး မရပ်နားဘူး၊ ဆက်ကစားတယ်၊ ဆက်ကစားလို့ နောက်ထပ်နိုင်ပြန်ရင်လည်း မနားပြန်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို ဆက်ကစားရင်း သူတို့နိုင်ထားတာတွေ ပြန်ကုန်သွားတော့လည်း မရပ်ဘူး။ အိမ်ကပါလာတဲ့ အရင်းတွေ ကုန်သွားလို့လည်း ငါဒီနေ့ အလုပ်လုပ်ရတာ ကံမလိုက်ဘူး၊ အဆင်မပြေသေးဘူး၊ ရပ်ထားပြီး နောက်နေ့မှ ပြန်လုပ်ကြည့်မယ်ဆိုတဲ့ စိတ်မျိုးလည်း မရှိဘူး။ ကုန်သွားရင် မရမက ရှာဖွေ၊ ချေးငှား၊ ရှိတာပေါင်ပြီး ဆက်ကစားကြတာမျိုးပေါ့။ ဒါက မကစားရရင် မနေနိုင်တဲ့ ဝါသနာအိုးတွေ"

"လောင်းကစားလုပ်စားတဲ့သူတွေကရော . . . "

"အေး . . သူတို့ကတော့ ဝိုင်းတစ်ဝိုင်းကစားလို့ နာရီဝက်အတွင်း ငွေငါးရာလောက် အသားတင်နိုင်ထားပြီဆိုရင်တောင် ဒီနေ့အတွက် ငွေငါးရာရပြီဆိုပြီး ဆက်မကစားရလည်း ကျေကျေနပ်နပ် ရပ်ထားနိုင်တဲ့ လူမျိုးတွေ။ သူတို့က ကစားရဖို့ထက် ငွေအများကြီးမြတ်ဖို့ကိုပဲ ရည်ရွယ်တာ။ တကယ်လို့ ဝိုင်းတစ်ဝိုင်းမှာ သူတို့မျှော်မှန်းတာက အမြတ်ငွေတစ်သောင်းရဖို့ ဖြစ်ပေမယ့် အဆင်မသင့်လို့ ငွေတစ်ထောင်လောက်ပဲ မြတ်တယ်ဆိုရင်လည်း သူတို့က နေ့တွက်ကိုက်ပြီဆိုပြီး အဲဒီနေ့ ဆက်မကစားတော့ဘဲလည်း နေနိုင်တယ်၊ ဒါဟာ သူတို့ရဲ့ ရောင့်ရဲတင်းတိမ်နိုင်တဲ့ စိတ်ပေါ့"

"ဒါဆိုရင် သူတို့က လူလည်တွေလို့ ပြောရမှာပေါ့နော် ဦးလေး"

"ဟာ . . သိပ်မှန်တာပေါ့ ငါ့တူရာ။ ကစားသမား လုပ်စားတယ်ဆိုကတည်းက လည်လို့လုပ်စားတယ်သာမှတ်"

"ဒါနဲ့ ဦးလေးက အရင်တုန်းက လောင်းကစားသမားပဲဆို"

"ဟုတ်တယ် . . . ဦးလေးက လောင်းကစားသမားနှစ်မျိုးထဲက ဒုတိယလောင်းကစားသမားမျိုးပေါ့ကွာ"

"ဒါဖြင့်ရင် အခုတော့ ဘာလို့ လုပ်မစားတော့တာလဲ"

"စောစောက ငါ့တူပြောသလိုပေါ့ကွာ။ လောင်းကစားလုပ်စားတဲ့ လူတွေက လူလည်တွေ။ ဒီကစားတဲ့ လုပ်ငန်းပေါ်မှာပဲ ဘယ်လိုနည်းနဲ့ ပိုက်ဆံရအောင်လုပ်မလဲဆိုတာ အချိန်ပြည့် ကြံစည်နေတာ။ အဲဒီတော့ တစ်ယောက်နဲ့တစ်ယောက် ညာကစားပြီး လူလည်ကျတာတွေ၊ လိမ်တာတွေ ပါလာတယ်ကွ။ နောက်တစ်ခုက ဦးလေးပြောတဲ့ လောင်းကစားသမား နှစ်မျိုးမှာ ဝါသနာအရ လုပ်တဲ့ လောင်းကစားသမားတွေက ထိုးသားနေရာကပဲ ကစားတာများတယ်ကွ။ အလုပ်သဘောလုပ်စားတဲ့ သူတွေက ဒိုင်အလုပ်ကို လုပ်တာများတယ်။ ဒီတော့ ဒိုင်တွေဟာ ထိုးသားတွေရဲ့ အိတ်ကပ်ထဲက ပိုက်ဆံတွေ ဘယ်လိုရအောင် ယူရမလဲဆိုတာပဲ အချိန်ပြည့်စဉ်းစားပြီး တီထွင်ကြံဆနေတော့တာလေ။ အဲဒီအပေါ်မှာ မသမာမှုတွေလည်း သုံးလာတာ

ပေါ့။ ဒါကြောင့် ဦးလေးက အဲဒီဒိုင်တွေထက် ပိုပြီးဆရာကျတဲ့အလုပ်၊ သူတို့ကို နှိပ်ကွပ်ချင်ရင် ပြန်နှိပ်ကွပ်လို့ရတဲ့အလုပ်ကို ရွေးပြီး ကြွေသီးထွင်းတဲ့အလုပ်ကိုပဲလုပ်တော့တယ်"

"ဒီကြွေသီးထွင်းတဲ့အလုပ်က ဒိုင်တွေကို ပညာပြလို့ ရသလား"

"ကောင်းကောင်းကြီးရတာပေါ့ ငါ့တူရာ၊ ဒါ့ကြောင့်လည်း ဒိုင်တွေဟာ ငါ့ဆီက ကြွေသီးဝယ်ရင် ကလန်ကဆန် မလုပ်ရဲဘူး၊ ဈေးမဆစ်ရဲဘူး။ တောင်းသလောက်ပေးတာပေါ့"

"ဒီလိုဆိုတော့လည်း ဦးလေး အလုပ်က ဟန်ကျသားပဲဗျ"

"အေးလေ။ ဒါကြောင့် ဒီအလုပ်တွေကို ငါ့တူစိတ်မဝင်စားလည်း နည်းနည်းပါးပါးတော့ လေ့လာထားသင့်တယ်"

"ဟုတ်ကဲ့ ဦးလေး။ ကျွန်တော် ဦးလေးဆီက ရသလောက် ပညာယူပြီး တတ်သလောက် ဝိုင်းလုပ်ပေးပါ့မယ်"

"ဒါပေါ့ ငါ့တူရာ။ လောကမှာ မလုပ်အပ်တဲ့အလုပ်၊ မလုပ်အပ်တဲ့ အရာပဲရှိတယ်။ မတတ်အပ်တဲ့အရာဆိုတာတော့ မရှိဘူးကွ"

"ဟုတ်ကဲ့ပါ ဦးလေး"

"အေး . . . နောက်တစ်ခု မင်းကိုငါပြောရဦးမယ်။ အချိန်အားရတိုင်း စာတွေဖတ်ကွ။ ဘယ်လိုစာမျိုးပဲဖြစ်ဖြစ် ယူတတ်ရင် ကိုယ့်အတွက် ဗဟုသုတရပြီးသားပဲ။ ဘာ



www.burmeseclassic.com

www.burmeseclassic.com

တက်ပြီး စာမဖတ်တဲ့လူဟာ တုန်ဖိုးကြီးတဲ့ ဓားတစ်လက်ကို ဝယ်ထားပြီး မသုံးဘဲ သေတ္တာထဲ ထည့်သိမ်းထားသလိုပဲ၊ ဒီဓားသွားက ကြာလေတုံးလေ တုံးသွားသလို၊ စာတတ်ပြီး စာမဖတ်တဲ့လူဟာလည်း ကြာလေ ဉာဏ်ရည်တုံးတုံးသွားတတ်တယ်"

"ကျွန်တော်လည်း စာဖတ်တာ ဝါသနာပါတယ်ခင်ဗျာ"

"အေး . . . စာများများဖတ်၊ စာများများဖတ်ရင် မင်းဟာ သူဌေးကြီးတစ်ယောက် ဖြစ်ချင်မှ ဖြစ်လာမယ်၊ ထူးချွန်ထက်မြက်တဲ့ ပုဂ္ဂိုလ်ကြီးလည်း ဖြစ်ချင်မှ ဖြစ်လာမယ်၊ အေး . . . ဒါပေမယ့် လူအ တစ်ယောက် မဖြစ်တော့ဘူးဆိုတာတော့ သေချာတယ်ဟေ့"

ဦးဖိုးထိန်က ထိုသို့ပြောပြီးသည်နှင့် အပ်ထားသော ကြွေသီးများကို အပြီးသတ်ဆေးခြယ်ပေးရန်အတွက် ဆေးဘူးဝယ်ရန် ထွက်သွားလေတော့သည်။

နေလွှမ်းမှာလည်း နံနက်ခင်း ထမင်းကြီးစာအတွက် ချက်ပြုတ်ရန် စီစဉ်ရလေတော့သည်။

◆◆◆◆◆

## အခန်း(၈)

နေလွှမ်းမှာ အနည်းငယ်အနေကြာလာသည်နှင့်အမျှ ကြွေဖိုးထိန်၏ စိတ်ရင်း၊ သဘောရင်း၊ ထူးခြားသော အရည်အချင်းတို့ကို တစ်နေ့တခြား သိမြင်လာရလေသည်။

အမှန်စင်စစ် ကြွေဖိုးထိန်မှာ စိတ်ရင်းစိတ်ဓာတ် ဖြူစင်၍ တစ်ဖက်သားအပေါ် တွင် ကြင်နာသနားတတ်သော စိတ်ဓာတ်ခံရှိသူဖြစ်လေသည်။ သို့ရာတွင် အခြားလူများ၏ မရိုးသားစွာ တလိမ်တကျစ်လုပ်မှုများ၊ လူလည်ကျမှုများ၊ လှည့်စားအသုံးချမှုများကို ကြုံတွေ့ရဖန်များလာသောအခါ သည်းခံစိတ်မထားဘဲ ပြန်အရွဲ့တိုက်ပြီး ကျန်လူများထက် သူက ပို၍ကလိမ်ကကျစ်လုပ်ပစ်ရန်၊ ပို၍ လူလည်ကျပစ်ရန်၊ ပို၍ လှည့်စားအသုံးချပစ်ရန် ဝန်မလေးတတ်သည့် လူစားမျိုးဖြစ်သည်၊ တစ်နည်းအားဖြင့်ဆိုရသော် မူလ အရင်းခံစိတ်ကောင်းသော်လည်း ပတ်ဝန်းကျင်၏ ရိုက်ခတ်စေ့ဆော်မှုများဒဏ်ကို သည်းမခံနိုင်ဘဲ အိုးရွဲ့လျှင် စလောင်းရွဲ့နှင့် ဖုံးဝစ်တတ်သည့် လူစားမျိုးဖြစ်သည်။ မည်သည့်ကိစ္စမျိုးမဆို သူ၏ စိတ်က လုပ်သင့်သည်ဟု ဆုံးဖြတ်ပြီးလျှင်လည်း နောက်မဆုတ်ဘဲ လုပ်ပစ်တတ်သည့် လူစားမျိုးဖြစ်သည်။ တစ်ကိုယ်ရေ တစ်ကာယ အထီးကျန်စွာ နေထိုင်ခဲ့ရာမှ ယခု နေလွှမ်းရောက်လာသောအခါတွင် သူ့အတွက် အဖော်တစ်ယောက်ရလာသလို သံယောဇဉ်တစ်မျှင်လည်း တိုးလာသည်ဟု ဆိုရမည်ဖြစ်သည်။ သူ၏စိတ်ထဲ၌ နေလွှမ်းကို သွေးသားရင်းချာတစ်ယောက်လို သံယောဇဉ်ထားသည်ကို နေလွှမ်းကိုယ်တိုင် သတိထားမိလေသည်။ ဦးဖိုးထိန်မှာ ရှေးခေတ်တပင် ဆယ်တန်းအထိ ပညာသင်ကြားဖူးသူ ဖြစ်သဖြင့် လူရည်လည်ပြီး အင်္ဂလိပ်စာနှင့် စကားပြောပါ ကျွမ်းကျင်သည်၊ စာများများဖတ်ထားသူဖြစ်ခြင်းကြောင့် ဗဟုသုတနှံ့စပ်ပြီး တီထွင်ကြံဆတတ်သော ဉာဏ်ရည်ရှိသူလည်း ဖြစ်လေသည်။

ဦးဖိုးထိန်၏ ဝင်ငွေမှာ ပုံမှန်မရှိပေ၊ ပွင့်လင်းရာသီရောက်၍ ကစားဝိုင်းများ၊ ပွဲဈေးများ ပေါ်များလျှင် ကြွေသီးအပ်သူပေါ်များ၍ ကျန်သည့်အချိန်များတွင် အလုပ်ပါးပြီး ဝင်ငွေလည်း နည်းလေသည်၊ ထို့ထက်ဆိုးသည်မှာ ဦးဖိုးထိန်က ငွေကို အလေးထား ဂရုမူတတ်သူမဟုတ်ပေ၊ ရတုန်းရခိုက်တွင် သိုသိုသိပ်သိပ် စုဆောင်းထားသော အကျင့်မရှိသည့်အတွက် တစ်ခါတစ်ရံတွင် သူ့တွင် ငွေပြတ်သွားတတ်သည်၊ ထိုအခါမျိုးတွင် လက်ထဲငွေမရှိတော့လည်း သူက မရှိသလို ဒုက္ခခံနေတတ်သူဖြစ်သည်။

နေလွှမ်းမှာ အိမ်မှထွက်လာစဉ်က ဦးလေးဘမှိ ကြိုတင်ထည့်ပေးထားသော ငွေတစ်သောင်းခွဲခန့် ပါလာခဲ့လေရာ လမ်းတွင်သုံးခဲ့သော စားစရိတ်သောက်စရိတ်၊ မော်တော်ကားခ၊ ဆိုက္ကားခများ နုတ်ပြီး ဤအိမ်သို့ရောက်သည်အထိ ငွေများစွာ ရှိနေလေသည်။ သို့ရာတွင် နေလွှမ်း ထွက်လာစဉ်က ခါးဝတ်ခါးစားနှင့် စစ်လွယ်အိတ်အဟောင်းတစ်လုံးသာ



www.burmeseclassic.com

www.burmeseclassic.com

ဝါခဲ့သဖြင့် သင့်တင့်သော အဝတ်အစားသုံးလေးစုံခန့်အပြင် မရှိမဖြစ်အသုံးလိုသော စောင်၊ ခြင်ထောင်၊ ခေါင်းအုံး စသည်တို့ကို ကိုယ်ပိုင်ဝယ်ယူခြင်း၊ အိမ်တွင် လိုအပ်သည် ထင်ရသော အသုံးအဆောင်ပစ္စည်းများ၊ အိုးခွက်ပန်းကန်ကလေးများ ထပ်ဝယ်ပေးခြင်းအပြင် ဦးဖိုးထိန် ဝင်ငွေမရှိသည့်အခါများတွင် နှစ်ယောက် စားသုံးစရိတ်အတွက် သူ့တွင်ရှိသော ပိုက်ဆံထဲမှပင် သုံးစွဲနေခဲ့ရာ ယခုအခါ၌ သူ့တွင် ပိုက်ဆံ အနည်းငယ်သာကျန်တော့လေသည်။

သည်ရက်များထဲတွင် ဦးဖိုးထိန်ထံ ကြွေသီးလာအပ်သူ လေးငါးဦးခန့် ရှိသဖြင့် ဦးဖိုးထိန်မှာ လက်ခငွေကလေး မြန်မြန်ရရန် အလုပ်ကို အာရုံစိုက်၍ လုပ်နေလေသည်။

နေလွှမ်းမှာ ဦးဖိုးထိန်ဘေးမှ ထိုင်နေ၍ ဦးဖိုးထိန်ခိုင်းသမျှ ဝိုင်းဝန်းလုပ်ကိုင်ပေးရင်း ပညာယူနေလေသည်။ ယခုအနေအထားတွင် သူ့အနေဖြင့် ဦးဖိုးထိန်ပုံစံချပြီးသော ကြွေသီးများကို ချောမွေ့သွားအောင် ကော်ပတ်ညီညီစားပေးရခြင်း၊ တစ်ခါတစ်ရံ အချောကိုင်ပြီးသား ကြွေသီးများကို ဦးဖိုးထိန်လိုင်းချပေးထားသည့်အတိုင်း ဆေးခြယ်ပေးရခြင်း စသည်တို့လောက်ကိုသာ လုပ်ပေးရလေသည်။

ဦးဖိုးထိန် ကြွေသီးထွင်းရာတွင် အများဆုံး အသုံးပြုသော အနိစာတုံးအတွက် ကုန်ကြမ်းမှာ ဆင်စွယ်၊ မာကျောက်၊ ကျွဲချို၊ ကျွဲကော်၊ စကျင်ကျောက် စသည်တို့ပင် ဖြစ်သည်။

ကြွေသီးထွင်းသည့်တီစွမှာ လွယ်ကူသည့်အလုပ်တော့ မဟုတ်လှပေ။ မိမိအသုံးပြုမည့်တီစွကို ရွေးဦးစွာ မျက်နှာပြင်ခြောက်ဖက်ပါသည့် အနိစာတုံးပုံ ကုဗပုံဖြစ်အောင် ပုံသွင်းလှီးဖြတ်သွေးယူရလေသည်။ အနားဆယ့်နှစ်နားစလုံး အတိုင်းအတာ အကွာအဝေး ညီနေရန်လိုအပ်သလို ထောင့်တိုင်းထောင့်တိုင်းသည်လည်း ၉၀ ဒီဂရီ အတိအကျရှိနေသော ထောင့်မှန်ဖြစ်ရန် လိုအပ်လှပေသည်။ အနိစာတုံးမျက်နှာပြင်များကလည်း အဖုအထစ်၊ အပိန့်အချိုင့်မရှိဘဲ မှန်သားမျက်နှာပြင်ကဲ့သို့ ညီညာချောမွေ့နေရန် လိုအပ်လှပေသည်။ အရွယ်မှာလည်း ကြေးအုပ်၏ ပြည့်ဝင်နှင့် တွက်တိဖြစ်ရလေသည်။ ဖော်ပြပါ အချက်များထဲမှ တစ်ခုခု အချိုးမတိုက်ညီသည်နှင့် ဖယားမမှန်တော့ဘဲ ကြွေသီးမှာ စောင်းချင်ရာစောင်းပြီး ပေါ်ချင်ရာပေါ်တာ ဟမောက်တမ ဖြစ်တတ်လေသည်။ ထိုအခါ လျော်စရာရှိကတွန်းလျော်တတ်ရသဖြင့် ဒိုင်များအထိနာတတ်လေသည်။ ထို့ကြောင့် ဒိုင်လုပ်သူများက ကြွေသီးများကို တော်ရုံတန်ရုံနှင့် ရမ်းမဝယ်ကြဘဲ ကျွမ်းကျင်၍ စိတ်ချရသူများထံတွင်သာ အပ်နှံလုပ်ခိုင်းကြလေသည်။

ထို့ထက်ပို၍ ဆိုးသည့်အချက်တစ်ချက်မှာ ကြွေသီးပြုလုပ်သူတချို့က ၎င်းတို့စတင်ပြုလုပ်ကတည်းက ကြွေသီးကို တစ်ဖက်အလေးသာအောင် ပြုလုပ်ထားပြီး မည်သို့ထည့် ထည့်၊ မည်သို့လှုပ်လှုပ် တစ်နေရာတည်း အပေါ်များအောင် လုပ်ထားပြီး ကြွေသီးရော၊ ပြည့်ဝင်အုပ်ပါ တွက်တိပြုလုပ်၍ ဒိုင်လုပ်သူထံ ရောင်းလိုက်လေသည်။

ထို့နောက်တွင်မှ ခာတ်သိဖြစ်သော မိမိလူတစ်ယောက်ကို ဖယားခင်း ဒိုင်ဖွင့်ချိန်တွင် ခာတ်သိလိုက်ထိုးခိုင်းခြင်းဖြင့် ပိုက်ဆံရအောင်လုပ်ယူပြီး ဒိုင်များကို နှိပ်စက်တတ်လေသည်။

ထို့ကြောင့် အနိထောင်ဒိုင်ကြီးများကလည်း သတိကြီးစွာနှင့် ကိုယ့်ဖောက်သည်ဖြစ်သူ၊ စိတ်ချရသောသူများထံတွင်သာ ကြွေသီးများကို အပ်နှံဝယ်ယူလေ့ရှိကြသည်။

နေလွှမ်းမှာ ဦးဖိုးထိန်ဆေးခြယ်ခိုင်းသော ကြွေသီးလေးများကို ဆေးခြယ်ပေးပြီး အခြောက်ပြုထားရင်း အနိထောင်ကစားနည်းအကြောင်းကို စဉ်းစားနေမိလေသည်။

အနိထောင် ကစားခြင်း၏အချုပ်မှာ ဒိုင်လုပ်သူက အနိစာတုံးတစ်တုံး တွက်တိဝင်ရန် တစ်ဖက်နှင့်တစ်ဖက် အံခွက်ပါသော ကြေးအုပ်ကလေးထဲသို့ မျက်နှာပြင်တိုင်း၌ အစိမ်းတစ်ခြမ်း၊ အနီတစ်ခြမ်း ခြယ်သထားသည့် အနိစာကြွေသီးကို ထိုးသားများမသိမမြင်အောင် ထည့်လိုက်ပြီး ထိုအံခွက်ကို တွက်တိအုပ်



www.burmeseclassic.com

www.burmeseclassic.com

စွပ်၍ ဖုံးနိုင်သော ကြေးအုပ်ဖြင့် ပြန်စွပ်ကာ အကြိမ်ကြိမ်ခလောက်ပြီးမှ အံဝင်ခွင်ကျဖြစ်အောင် ပြန်ဖိတ်၍ ထိုးသားများထဲမှ သဘောတူ ရွေးထားသော အုပ်ကိုင်၍ လှည့်ပြီးဖွင့်မည့်သူ(အုပ်မင်းသား)ထံ အပ်ပေးလိုက်သည်။ ထိုအခါ အုပ်မင်းသားက အုပ်ကိုယူ၍ ဇယားပေါ်ရှိ သတ်မှတ်ထားသောနေရာတွင် ထောင်တည်ထားပြီး စိတ်ကြိုက်လှည့်လေသည်။ ထိုသို့ စိတ်ကြိုက်လှည့်ပြီး အုပ်မှာ အုပ်လှည့်သူနှင့် မျက်နှာပြင်အနားတစ်ဖက် တည့်တည့်မတ်မတ် ကျသွားချိန်တွင် အုပ်လှည့်ခြင်းကို ရပ်ထားပြီး တည်ထားရသည်။

ထိုအချိန်တွင် ကြေးအုပ်အဖုံး၏ မျက်နှာပြင်အနားလေးဘက်မှာ တာလပတ်ပြားပေါ်တွင် သဘော်ဆေးဖြင့် ထောင့်မှန်စတုဂံပုံ ဆွဲပြီး ထောင့်ဖြတ်မျဉ်း နှစ်ကြောင်းကြက်ခြေခတ်ဆွဲရာမှ ပေါ်လာသည့် အကွက်လေးကွက်ပေါ်တွင် နံပါတ်တပ်ထားသည့် ဇယားကွက်ပေါ်မှ (7, 8, 9, 10) . . စသည့် နံပါတ်ပါအကွက်တစ်ဖက်ဖက်စီနှင့် တည့်တည့်မတ်မတ် ကျနေကြလေသည်။ သို့ဖြစ်၍ ကြေးအုပ်အတွင်း မမြင်ရသည့် အနီစာမျက်နှာပြင်မှ ဆေးဖြင့်ခြယ်ထားသော အနီရောင်ရှိသည့် အခြမ်းသည်လည်း (7, 8, 9, 10) အကွက်တစ်ကွက်ကွက်နှင့် တိတိကျကျ တည့်နေမည်ဖြစ်သည်။


ထိုးသားများက ထိုမမြင်ရသည့် ကြေးအုပ်ထဲရှိ ကြွေမျက်နှာပြင်မှ အနီရောင် အခြစ်နှင့် တည့်နေသည့် နံပါတ်ကွက်ကို စိတ်ဖြင့်ရွေးချယ်ပြီး ငွေများကို ချထိုးခြင်းဖြစ်သည်။ အားလုံးထိုးပြီးသွားကြချိန်တွင် အုပ်မင်းသားက အုပ်ကို အသာအယာဆွဲဖွင့်ပြီး အဖြေဖတ်ပေးရလေသည်။

အုပ်မှာ ကြက်ခြေခတ်လမ်းဆုံတွင် တည်ထားသည်ဖြစ်ရာ ပေါ်လာသော ကြွေမျက်နှာပြင်အနီခြမ်းသည် နံပါတ်(7)တွင်ပေါ်လျှင် ၎င်းနှင့် မျက်နှာချင်းဆိုင်အကွက်ဖြစ်သော နံပါတ်(9)တွင် အစိမ်းပေါ်လေသည်။ အလားတူပင် နံပါတ်(10)တွင် အနီပေါ်လျှင် နံပါတ်(8)တွင် အစိမ်းပေါ်လေသည်။


ဒိုင်ကမူ အုပ်မင်းသား အုပ်ဖွင့်ပြီးချိန်တွင် အဖြေကို ဖတ်၍ အနီပေါ်သည့်အကွက်တွင် ထိုးထားသူကိုသာ လျော်ငွေပေးရပြီး ကျန်အကွက်များတွင် ထိုးထားသည့်ငွေများကို စားရလေသည်။ ဤသည်မှာ အနီထောင်ကစားခြင်း၏ သဘောတရားဖြစ်လေသည်။

နေလွှမ်းက အနီထောင်ကို ကိုယ်တိုင်တစ်ကြိမ်တစ်ခါမျှ မကစားဖူးသော်လည်း ဘုန်းကြီးပျံများ၊ ဘုရားပွဲများတွင် ပါလေ့ရှိသော ကစားဝိုင်းများကို သွားကြည့်ရင်း သူတွေ့ဖူးသော အနီထောင်ကစားပုံ ဇယားကွက်ကို မျက်စိထဲတွင် ပုံဖော်ကြည့်နေလေသည်။







'ပြည့်'ခေါ် ကြေးအံခွက်အတွင်း ကြွေသီးထည့်ထားပုံနှင့် ကြွေသီးမျက်နှာပြင်နှင့် ပြည့်နှုတ်ခမ်းသား တစ်ညီတည်းရှိနေပုံ




'ပြည့်'ခေါ် အံခွက်ကို အပေါ်မှ စွပ်ချပြီး ဖုံးရမည့် ကြေးအုပ်ပုံ

www.burmeseclassic.com



ကြွေသီးထည့်ပြီးသား
ပြည့်ပေါ်သို့ အုပ်အဖုံးကို
စွပ်ချနေပုံ




အနီထောင်ဝိုင်းတစ်ဝိုင်း ဇယားခင်းထားပုံကို မြင်တွေ့ရသည့် စနစ်ပုံ

အနီထောင်ကစားပုံကို မျက်စိထဲမှာ ပုံဖော်ကြည့်နေရင်း ငေးငိုင်နေသလိုဖြစ်သွားသော နေလွှမ်းအား ဦးဖိုးထိန်က တစ်ချက်စောင်းငဲ့ကြည့်လိုက်ပြီး . . .

"ငါ့တူ မောင်နေ၊ ဘာတွေများ ဒီလောက်ကြီးအတွေးလွန်နေတာလဲ"

ဟု မေးလေသည်။

"အနီထောင်ကစားတဲ့ကိစ္စကို စဉ်းစားကြည့်နေတာပါ ဦးလေးရာ။ ဒီလောက် ကတ်သီးကတ်သတ်နိုင်တဲ့ ကစားနည်းကို ဘယ်သူကများ စထွင်လိုက်သလဲ မသိဘူးနော်"

နေလွှမ်းက သူစဉ်းစားမိသည့် ကိစ္စကို ဦးဖိုးထိန်အား မေးသည့်သဘောမျိုးပြောလိုက်ခြင်းဖြစ်သည်။

"သမိုင်းတွေ၊ မှတ်တမ်းမှတ်ရာတွေနဲ့ အတိအကျ ပြုစုထားတာ မရှိပေမယ့် ငါလေ့လာသိရှိသလောက်ကတော့ ဒီကစားနည်းတွေဟာ တရုတ်လူမျိုးတွေဆီက ဆင်းသက်လာတာကွ။ ငါသိသလောက်ပြောရရင် အန်စာတုံးလိုင်း၊ ကြွေလိုင်းနဲ့ ပတ်သက်တဲ့ ကစားနည်းတွေ တော်တော်များများဟာ တရုတ်တွေဆီက ပြန့်ပွားလာတာပဲ များတယ်"

"ဒီကစားနည်းက မြန်မာပြည်ထဲမှာ တော်တော်ကျယ်ကျယ်ပြန့်ပြန့် ပြန့်ပွားသလား ဦးလေး"

"တစ်ပြည်လုံး အတိုင်းအတာအထိတော့ ကျယ်ကျယ်ပြန့်ပြန့်မရှိဘူးကွ။ အများဆုံးကစားကြတာက မြေလတ်ပိုင်းမှာပဲ။ ဦးလေးသိသလောက်တော့ ငါတို့အထက်မှာ ပျဉ်းမနားဒေသ၊ ပြီးတော့ ပဲခူးတိုင်း ညောင်လေးပင်၊ ရွှေကျင် စတဲ့ မြို့နယ်တွေ၊ အနောက်ခြမ်းမှာက ပြည် ပတ်ဝန်းကျင်၊ အဲဒီနောက် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတချို့နဲ့ မွန်ပြည်နယ်ထဲက သထုံဘက်မှာ အများဆုံးကစားကြတာ တွေ့ရတယ်။ ဒီအနီထောင်ကစားနည်းဟာ ဇယားသဘောနဲ့ အလျော်အစားစည်းကမ်းက လေးကောင်ဂျင်နဲ့ တစ်ပုံစံတည်းဖြစ်ပေမယ့် လေးကောင်ဂျင်ကစား

www.burmeseclassic.com

"အေး ..ငါတို့က
စီးပွားရေး
တိုးတက်မှုအတွက်
မဟုတ်ဘူးကွ။
ဝမ်းရေးအတွက်
လိုအပ်လို့
လုပ်နေရတာ။
အင်း ...ငါ့အထင်
ပြောရရင်တော့ကွာ၊
မကြာခင်ကာလအတွင်းမှာ
ငါတို့တိုင်းပြည်က
အပြောင်းအလဲတစ်ခုခု
ဖြစ်လာနိုင်တယ်ကွ"

နည်းက ပိုကျယ်ပြန့်ပြီး၊ ပိုလူသိများတယ်"

"လေးကောင်ဂျင်ကစားနည်းနဲ့ ဒီအနိုထောင်ကစားနည်း ဘယ်ဟာက ပိုကောင်းပြီး ဘယ်ဟာက ပိုကစားသင့်သလဲ ဦးလေး"

"အမှန်ပြောရရင် ဘယ်ဟာမှ မကောင်းသလို၊ ဘယ်ကစားနည်းမှ မကစားသင့်ဘူးကွ။ တကယ်တော့ ဒီလောင်းကစားဆိုတာတွေကို နိုင်ငံတော်မှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေတလည်း ခွင့်မပြုဘူးလေ။ ငါ့တူရင်ထဲမှာ စွဲနေအောင် မှတ်ထားဖို့ကတော့ လောင်းကစားနဲ့ရတဲ့ ပိုက်ဆံဟာ ဘယ်တော့မှ တည်မြဲလေ့မရှိဘူး။ ဖျာပေါ်ကရပြီး ဖျာပေါ်မှာပဲ ပြန်ကုန်တတ်တယ်။ အဖတ်မတင်ဘူးပေါ့ကွာ။ ဒါကြောင့် လောင်းကစားနဲ့ ကြီးပွားချမ်းသာတဲ့လူရယ်လို့ ရှားတယ်။ လောင်းကစားနဲ့ ဘဝပျက်ချတ်ခြကျတဲ့လူသာ များတယ်ကွ"

"လောင်းကစားလုပ်တာ . . . မကောင်းမှန်းသိရက်နဲ့ ဦးလေးက လောင်းကစားကို တစ်ဖက်တစ်လမ်းက အားပေးအားမြှောက်ပြုရာကျတဲ့ ဒီကြွေသီးထွင်းအလုပ်ကို ဘာ့ကြောင့် လုပ်နေတာလဲ"

"အေး . . မင်းမေးတာ မေးသင့်တယ်ကွ။ မှန်တာပြောရရင် ငါလည်း လောင်းကစားအားပေးတဲ့ အလုပ်ကိုရော၊ လောင်းကစားအလုပ်ကိုရော မလုပ်ချင်ပါဘူးကွာ။ ဒါပေမယ့် မင်းကို ငါတစ်ခါက ပြောခဲ့ဖူးသလိုပေါ့ကွာ၊ စီးပွားရေးတိုးတက်မှုအတွက်ပဲဖြစ်ဖြစ် ဝမ်းရေးအတွက်ပဲဖြစ်ဖြစ်ဆိုတာလေ"

"ကျွန်တော် မှတ်မိပါတယ်"

"အေး . . ငါတို့က စီးပွားရေးတိုးတက်မှုအတွက် မဟုတ်ဘူးကွ။ ဝမ်းရေးအတွက် လိုအပ်လို့ လုပ်နေရတာ။ အင်း .. ငါ့အထင်ပြောရရင်တော့ကွာ၊ မကြာခင်ကာလအတွင်းမှာ ငါတို့တိုင်းပြည်က အပြောင်းအလဲတစ်ခုခု ဖြစ်လာနိုင်တယ်ကွ"

"ဘာအပြောင်းအလဲ ဖြစ်နိုင်တာလဲ ဦးလေး"

"အဲဒါတော့ ငါတိတိကျကျ မသိဘူးကွ။ အခုအချိန်မှာ ခုနစ် ၇၅ ကျပ်တန် ငွေစက္ကူတွေက လိုအပ်တာထက် နည်းနည်းပိုပေါပြီး ဖောင်းပွနေတယ်လို့ ထင်တယ်ကွ။ ဒါကြောင့် ငွေရေးကြေးရေးနဲ့ စီးပွားရေးကိစ္စတွေ အကြောင်းခံပြီး ပြောင်းလဲမှုဖြစ်လာနိုင်တာပေါ့"

"ဒါဆို ကျွန်တော်တို့ကရော ဘာလုပ်သင့်လဲ"

"လက်ရှိ ငါတို့နှစ်ယောက်ရဲ့ အခြေအနေကလည်း ရရစားစားပဲ မဟုတ်လား။ ဝမ်းရေးအတွက် လိုအပ်လာရင်တော့ မင်းတို့၊ ငါတို့ မကြိုက်ပါဘူးဆိုတဲ့ လောင်းကစားဝိုင်းတန်းကို သွားချင်ရင်လည်း သွားနေရဦးမှာကွ။ ဟား . . ဟား . . . ဟား . . . ဟား"

ဦးဖိုထိန်က ပြောပြီး သူ့ဘာသာသူ သဘောကျသွားသလို တဟားဟား ရယ်နေလေသည်။

နေလွှမ်းမှာသာ မရေရာလှသော သူ့ဘဝ၏ ရှေ့ခရီးကို ဘယ်လို စခန်းသွားပြီး ဘာတွေဖြစ်လာဦးမည်နည်းဟု စဉ်းစားရင်း ရင်လေးစွာ သက်ပြင်းချနေမိတော့သည်။

*(ဆက်လက်ဖော်ပြပါမည်။)*

ကျော်ဆွေဝင်း(ရွှေအင်း)

www.burmeseclassic.com

www.burmeseclassic.com

# ခိုးယူခြင်းခံနေရသော ရှေးဟောင်းအမွေအနှစ် အနုပညာလက်ရာများ



ရှေးခေတ် အနုပညာလက်ရာ ရှေးဟောင်းအမွေအနှစ်များသည် တန်ဖိုးမဖြတ်နိုင်လောက်အောင် အဖိုးတန်၏။ အစားထိုး၍မရသော အမွေအနှစ်များဖြစ်၏။

၎င်းရှေးဟောင်းအမွေအနှစ် လက်ရာများကို ကမ္ဘာ့နိုင်ငံအတော်များများ၌ ပြတိုက်များတွင် ပြသထားရာ ယနေ့ခေတ်လူတို့သည် ထိုရှေးဟောင်းအမွေအနှစ်များကို တန်ဖိုးထား၍ ကြည့်ရှုလေ့လာနေကြ၏။

ကမ္ဘာ့ ရှေးဟောင်းအမွေအနှစ်များကို အာရှတိုက်တွင် တရုတ်၊ မြန်မာ၊ အိန္ဒိယ၊ အီရတ် (ယူဖရေးတီးစ်နှင့် တိုင်းဂရစ်စ်မြစ်ဝှမ်းဒေသများ)၊ အာဖရိကတွင် အီဂျစ်၊ ဥရောပတိုက်တွင် ဂရိနှင့် ရောမတို့၌ အများဆုံးတွေ့ရ၏။

အစားထိုးမရသော အဆိုပါ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် လက်ရာများကို ခိုးဝှက်ယူငင်မှုသည် များလာသည်ဟု သိရ၏။

ရှေးဟောင်း အနုပညာလက်ရာများကို ပုဂ္ဂလိကအနေဖြင့် သီးသန့်ရောင်းချသူများလည်း ရှိ၏။

နယူးယောက်မြို့ မက်ထရိုပိုလီတန် အနုပညာပြတိုက်နှင့် မနီးမဝေးနေရာ၌ အိန္ဒိယလူမျိုး မစ္စတာကပူးပိုင်သော ပုဂ္ဂလိက ရှေးဟောင်းပစ္စည်းများ ရောင်းသောဆိုင်တစ်ဆိုင် ရှိ၍ ကပူးသည် ထိုဆိုင်ကို ဖွင့်လှစ်ခဲ့သည်မှာ ဆယ်စုနှစ်သုံးခု ရှိလာလေပြီ။ သူသည် ရှေးဟောင်းအနုပညာလက်ရာများကိုလည်း ကျွမ်းကျင်သူဖြစ်၏။ မည်သည့်နိုင်ငံ၊ မည်သည့်ခေတ်က ဆိုသည်ကို ပြောနိုင်၏။

စင်ကာပူမှ ပြတိုက်မှူးတစ်ယောက်သည် စင်ကာပူရှိ ရှေးဟောင်းပြတိုက်အတွက် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်များကို ၂၀၀၀ ပြည့်နှစ်မှစ၍ ကပူး၏ဆိုင်နှင့် အခြားနေရာများမှ ဝယ်ယူလေ့ရှိ၏။

၂၀၀၀ ပြည့်နှစ်၌ အဆိုပါ စင်ကာပူပြတိုက်မှူးသည် ကပူးထံမှ ၁၁ ရာစု လက်ရာဖြစ်သော ဟိန္ဒူနတ်မိမယ် အူမာပါရာမီရှာဗရီ ကြေးရုပ်ကို ဒေါ်လာ ၆၅၀,၀၀၀ ဖြင့် ဝယ်ခဲ့၏။ စင်ကာပူပြတိုက်တွင် ပြသထားလိုက်၏။ (ပုံ)

နောက်ကိုးနှစ်ကြာသောအခါ အဆိုပါကြေးရုပ်မှာ အိန္ဒိယပြည် တမီလ်နာဒူးမှ ခိုးယူသွားသူကို ရုံးတင်တရားစွဲထားပြီဖြစ်ကြောင်း သတင်းထွက်ပေါ်လာ၏။

ဤတွင် ကမ္ဘာ့အရပ်ရပ်ရှိ ပြတိုက်များသည် ၎င်းတို့ဝယ်ယူထားသော ရှေးဟောင်းပစ္စည်းများကို ခိုးယူပြီး ပြန်ရောင်းသော ပစ္စည်းများ ဟုတ်မဟုတ် စိစစ်ကြရလေတော့၏။

ဩစတြေးလျနိုင်ငံရှိ အမျိုးသားပြတိုက်သည် ၂၀၀၈ တွင် ၁၁ ရာစု ကြေးရုပ်တစ်ရုပ်ဖြစ်သော အိန္ဒိယပြည်မှ "ရှီဗာ" အကာဘုရင်မ ကြေးရုပ်ကို ဒေါ်လာ ၅ သန်းဖြင့် ဝယ်ယူခဲ့ရာ ထိုကြေးရုပ်မှာလည်း ခိုးယူခြင်းခံထားရသော စာရင်းတွင် ပါဝင်နေကြောင်း တွေ့ရ၏။

ခိုးယူခြင်းခံခဲ့ရသော ရှေးဟောင်းပစ္စည်းအများစုမှာ လက်ဆင့်ကမ်း ရောင်းချခြင်းများစွာ ရှိခဲ့ပြီဟု သိရ၏။

အမေရိကန်၌နေသော မစ္စတာကပူးသည် ယခုအခါ အိန္ဒိယပြည်သို့ ရောက်နေပြီး သူ့ပြခန်းတွင်ရှိသော ပစ္စည်းများကို မည်သူ့ထံမှ၊ မည်သည့်နေ့က ဝယ်ခဲ့သည်ဆိုသည်များကို တရားရုံး၌ ထွက်ချက်များ ပေးနေရ၏။

**မြသိန်း**

***T.T.T.; 11.2.2014***



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဘယ်သူမှန်သလဲ

[ တကယ့်ဖြစ်ရပ်မှန် ]

မုံရွာအောခဓိစကြာ

(၁)

"ပြောမပြောချင်ပါဘူး"

"ပြောပါဗျ . . ကိုတာတေရ၊ ခင်ဗျားပြောမှ ကျုပ်က သိရမှာ၊ ကူညီနိုင်တာရှိရင်လည်း ကူညီလို့ရတာပေါ့"

"ဒီလိုရှိတယ် အင်တာနက်ရ၊ လောကမှာ အရေးကြီးဆုံး အရာတစ်ခုရှိတယ်၊ အဲဒါ ဘာလဲဆိုရင် အရေးမကြီးတာကို အရေးတကြီး မလုပ်မိဖို့၊ အရေးကြီးတယ်ကွ"

"ခင်ဗျား အပြောကောင်းနေပြန်ပြီ၊ အရေးကြီးပါတယ်ဆိုမှ အရေးတကြီး လုပ်ရမှာပေါ့"

"အဲဒါ မှားတာပေါ့ အင်တာနက်ရ၊ အရေးကြီးတာ မှန်ပေမယ့် စဉ်းစားတွေးခေါ်ပြီးမှ လုပ်ရတယ်၊ ငါလည်း အရေးမကြီးတာကို အရေးတကြီးလုပ်ခဲ့မိလို့ ရုံးကပြန်လာခဲ့ရတာ"

"ဘယ်လိုကနေ ဘာဖြစ်လို့ ရုံးရောက်သွားရတာလဲ၊ ကိုယ့်ထမင်းကိုယ်စားပြီး အေးအေးမနေဘူး"

"ငါကလည်း မျက်စိထဲ အမြင်မတော်ရင် ပြောလိုက်ရ၊ ဆိုလိုက်ရမှ စိတ်ထဲမှာ ကျေနပ်တဲ့အကောင်ဆိုတာ မင်းလည်း သိသားနဲ့၊ ဒီနေ့မနက် မြို့ကနေ ဈေးဝယ်ပြီး ပြန်လာတယ်၊

လမ်းဘေးမှာ ဆိုင်ကယ်နဲ့ စက်ဘီးနဲ့ တိုက်ထားတာတွေ့လို့ ငါလည်း ဆင်းကြည့်တာပေါ့၊ နေနိုင်တဲ့သူတွေကွာ၊ ဘယ်သူမှ ကားပေါ်က ဆင်းမကြည့်ကြဘူး၊ ငါဆင်းကြည့်တော့မှ ငါတို့ရွာက ကျော်အေးဖြစ်နေတာကွ၊ တော်သေးတယ် မသေလို့၊ စက်ဘီးက ရှေ့ဘီးခွေသွားတာပေါ့၊ ဆိုင်ကယ်ႈ၂မားလည်း စုတ်ပြတ်သွားတာပေါ့၊ အဲနေအထားကြည့်လိုက်တော့ ဆိုင်ကယ်သမားက မှားတာကွ၊

ကျော်အေးကလည်း သောက်ထားလေတော့ ခတ်တိုင်နဲ့ မခိုင်နဲ့တွေ့ကြတာပေါ့၊ ဒါယာဉ်တိုက်မှု၊ ယာဉ်ကြီးနဲ့ယာဉ်ငယ်၊ ရုံးကျမှ ရှင်းမယ်ဆိုပြီး စက်ဘီးရော ဆိုင်ကယ်ရော သုံးဘီးဆိုက်တွဲနဲ့တင်ပြီး ယာဉ်ထိန်းရုံး သွားကြတာပေါ့၊

ဆိုင်ကယ်သမားက ကြောက်လန့်ပြီး စက်ဘီးတစ်စီးနဲ့ ငွေတစ်သိန်းပေးပြီး အမှုမဖွင့်ဖို့ပြောတာနဲ့ ကိစ္စကပြတ်သွားတယ်၊ ရုံးကအဖွဲ့တွေ လက်ဖက်ရည်တိုက်ရတာပေါ့၊ တာဝန်ရှိတဲ့လူကြီးတွေက ကျေနပ်ရဲ့လား ဘာလား မေးတာပေါ့၊ ဒီတော့ ကျော်အေးက ဘာပြောတယ်မှတ်လဲ၊ ကျုပ်က ကျေနပ်ပါတယ်၊ ကိုတာတေကတိုင်ဆိုလို့ တိုင်ရတာပါတဲ့၊ ကဲ . . ကောင်းရောကွာ၊

စက်ဘီးတစ်စီးနဲ့ ငွေတစ်သိန်းသူကရတာ၊ ဆိုက်တွဲငှားခ ငါးထောင်လည်း ငါကပေးရသေးတယ်၊ နာမည်ကလည်း ပျက်သေး၊ ကဲ . . ဘာကောင်းတုန်း အင်တာနက်ရ"

"ဒါ လောကကြီးမှာ ဖြစ်တတ်တဲ့ သဘာဝတွေဆိုတော့ တရားနဲ့ဖြေပေါ့"

"မင်းက ငါ့ကို တရားဟောရအောင် မင်းကိုယ်မင်း ဓမ္မာစရိယဦးလှသိန်းများ မှတ်နေသလား"

"ဒီလိုတော့လည်း မဟုတ်ရပါဘူး ကိုတာတေရာ၊ ခင်ဗျားဟာစကားပြောရင် ဆူးလှည်းကြမ်းမောင်း



www.burmeseclassic.com

www.burmeseclassic.com

လာသလို ဟိုငြိဒီငြိနဲ့၊ ကင်းကင်း ရှင်းရှင်း မပြောတတ်ဘူးလား။

ဒီကိစ္စမှာ ခင်ဗျားဝင်ပြီး အာ ချောင်လို့ ဒီလိုဖြစ်တာ။ လေညာ အရပ်က အချစ်လို အနေသာချည်း။ ကျော်အေးဆိုတာ မှူးကြောင်ရှူး ကြောင်နဲ့၊ ကျားကိုက်ကိုက်၊ ကား တိုက်တိုက် ခင်ဗျားနဲ့ ဘာဆိုင်တုံး"

"မင်း အဲဒီစကားတော့ မပြော နဲ့။ ကျော်အေးက ငါတို့ ရွာသားကွ။ ငါ့ရှေ့မှာ ဆိုင်ကယ်အတိုက်ခံလိုက်ရ တာ လက်ပိုက်ပြီးကြည့်မနေနိုင်ဘူး"

"လက်ပိုက်ပြီး ကြည့်မနေနိုင် လို့ ဆိုက်တွဲငှားခ ငါးထောင် ဘယ် သူပေးသလဲ၊ ကိုယ့်ထမင်းကိုယ်စား ပြီး ငွေငါးထောင်က စိုက်ပေးလိုက်ရ သေးတယ်။ အကောင်းအပြောမခံရ ဘူး။ ကျုပ်သာဆိုရင် လှည့်တောင် မကြည့်ဘူး"

"လှည့်မကြည့်လို့တော့ မရဘူး လေကွာ။ မင်း မြန်မာလူမျိုး မဟုတ် ဘူးလား အင်တာနက်ရ။ မြန်မာ နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား ညီအစ်ကိုတွေဟာ ပြည်ထောင်စုဖွားတွေ။ ပြည်ထောင် စုစိတ်ဓာတ် ရှိရမှာပေါ့ကွ အင်တာ နက်ရ"

"တော်စမ်းပါ ကိုတာတေရာ။ နိုင်ငံတော် ကာကွယ်ရေးအတွက် ခွေးတစ်ကောင်တောင် မသတ်ဖူးတဲ့ သူက ပြည်ထောင်စုစိတ်ဓာတ်တွေ ပြောနေလို့ လူကြားရင် အဟုတ် သား မှတ်နေပါဦးမယ်။ အေးအေး နေစမ်းပါဗျာ"

"အေးအေးနေဆိုမှ သတိရ တယ်၊ အေးဆောင်တို့ရွာမှာ နတ်ပွဲ ရှိတယ်။ ငါ့ကိုလာခဲ့ပါလို့ ဖိတ်ထား တာ သွားရအောင်။ မင်းလိုက်ခဲ့။ ထန်းရည်ဆိုတာ အောတိုက်နေတာ ပဲတဲ့၊ ကြက်ကြော်နဲ့တော့ ကွက် တိပဲ"

"ခင်ဗျားက ကျုပ်ကို မက်လုံး ပေးနေတာလား"

"မင်းက မလိုက်ချင်ဘူးလား"

"ခင်ဗျားနောက်လိုက်ရမှာ စိတ်ထဲ မသိုးမသန့်နဲ့"

"မင်းကလည်း ယောကျ်ားဖြစ် ပြီး သွေးနည်းလိုက်တာ။ အချုပ်ထဲ တစ်ခါတလေဝင်ရတာနဲ့ လန့်နေပြီ လား။ အဲဒါ ဘဝအတွေ့အကြုံလို့ ခေါ်တယ်ကွ"

"ခင်ဗျားရဲ့ ဘဝအတွေ့အကြုံ ကလည်း ကုန်မကုန်နိုင်ဘူး ကိုတာ တေရာ"

"ခါးဆိုတာ သွေးလေ ထက် လေကွ။ နတ်ပွဲသွားကြည့်ရုံနဲ့ အချုပ် ထဲ မရောက်နိုင်ပါဘူး။ မသကာ ရောက် တရားရုံးပေါ့"

"ဟာ မလိုက်ဘူးဗျာ၊ ခင်ဗျား သွားမယ့်၊ လာမယ့်လမ်းမှာ မပြော ကောင်းဘူး"

"အောင်မလေး . . . အင်တာ နက်ရာ၊ အချုပ်လေး တစ်ခါလောက် ဝင်ရတာနဲ့ ဘယ်မှမသွားရဲဘူးတဲ့။ မင်း မရှက်ဘူးလား"

"မရှက်ပါဘူး ကျုပ်က ဘာ လို့ရှက်ရမှာတုံး"

"လူ့ဘဝမှာ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့် ဆိုသလို အချုပ်ကျ မယ့်ကိန်း ပါလာရင် အချုပ်ကျမှာပဲ။ လူ့လောက လူ့ဘဝဆိုတာ ကိုယ် ဖြစ်ချင်သလို ဖြစ်မလာဘူး။ သူဖြစ် ချင်သလို ဖြစ်နေတာကွ။ ကံဇာတ် ဆရာရဲ့ စေခိုင်းမှုနဲ့ ကပြနေကြရ တာ။ သူဌေးခန်းက သရုပ်ဆောင် မယ့်သူက သူဌေး၊ ရဲသားအဖြစ် သရုပ်ဆောင်ရမယ့်သူက ရဲသား။

မင်းရယ် ငါရယ် မိုးခိုင်ရယ်က အချုပ်သားအဖြစ် သရုပ်ဆောင်ကြ ရတာ တကယ်မဟုတ်ဘူး။ တကယ် မဟုတ်လို့ ယမန်ကြီး တစ်ပတ်ပဲ နေခဲ့ရတာပေါ့။ လူသတ်တရားခံ မိုးခိုင်ကလည်း ထောင်ခုနစ်နှစ် ကျ သွားတာ။ သရုပ်ဆောင်နေတာ။

အခု ထောင်ကလွတ်လို့ ဖားကန့်မှာတောင် ကျောက်တူးနေပြီ။ ဒါတွေဟာ ဘဝရဲ့ သရုပ်ကိုဆောင် နေတဲ့ သရုပ်ဆောင်တွေပေါ့ကွာ"

"တော်ပါတော့ သရုပ်ဆောင် ကြီး ကိုတာတေရယ်။ ရှေ့ကသာ သွားပါတော့"

လို့ ကျုပ်လည်းပြောလိုက်ရော ခေါင်းလေး မော့တော့ မော့တော့နဲ့ ရှေ့ကသွားလေရဲ့။

ကျုပ်က နောက်လိုက်ဆိုတော့ နောက်ကလိုက်ရတာပေါ့။ ဖြစ်သမျှ အကြောင်း အကောင်းလို့ပဲ စိတ်ထဲ သဘောထားရတာပေါ့။ ကျုပ်သိ တာလောက်တော့ အောင်မင်းဆိုတဲ့ ကျုပ်နဲ့ ကိုတာတေနဲ့ နှစ်ယောက် ပေါင်းမိလို့ကတော့ အာဖကန်ပုံ ပုံးကြသလိုတောင် ဖြစ်သွား[illegible]မယ်။



www.burmeseclassic.com

www.burmeseclassic.com

မပြောချင်လို့ ကြည့်နေတာတော့ ကြာပြီ။ ပြောပြန်ရင်လည်း အောင်မင်းကို လွန်တယ်လို့ ပြောကြဦးမှာ။ ခုလည်းကြည့်၊ နတ်ပွဲသွားလိုက်ကြတာ။ ဆိုင်ကယ်တွေနဲ့။ ဝီးခနဲ ဝီးခနဲနေတာ။ တစ်လမ်းလုံး လမ်းလျှောက်နေတာဆိုလို့ ကိုတာတေနဲ့ ကျုပ်နဲ့ပဲ ရှိတာ။ ကိုတာတေက ပြောတယ်။ အသက်ရှည်ချင် လမ်းလျှောက်တဲ့။

"ဆိုင်ကယ်ဆိုတာ မအိုဆေးဆိုပဲ"

"ဘာလဲဗျ မအိုဆေးဆိုတာ"

"ဆိုင်ကယ်သမားတွေကို ကြည့်တဲ့။ မြန်နှုန်းမြင့် မောင်းကြတာ။ ခေါင်းမှာ ဦးထုပ်က ဆောင်းမထားကြဘူး၊ တိုက်တာနဲ့ တန်းသေလို့ ဆိုင်ကယ်ဆိုတာ တိုက်တန်းသေတဲ့ မအိုဆေးတဲ့"

"နေကပူတော့ ပင်ပန်းတယ်ဗျ ကိုတာတေရ။ နားရအောင်"

လို့ ကျုပ်ကပြောတော့ ဒါဆိုရင် နေပူခံလေးချရအောင်ဆိုပြီး ရှေ့ကရွာလေးမှာ ဝင်နားကြတယ်။ သူ့မိတ်ဆွေ ကိုဖိုးထိန်ဆိုတာ အရက်ရောင်းတာလို့ ပြောတယ်။ စိတ်တူကိုယ်တူနဲ့ အရက်သောက်ရအောင် ရွာလယ်ပိုင်းက ကိုဖိုးထိန်အိမ် ဝင်ခဲ့ကြတာပေါ့။

အိမ်ရှေ့မှာ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ အများကြီးပဲ။ ကျုပ်တို့လို နတ်ပွဲသွားတဲ့သူတွေ အရက်ဝင်သောက်နေကြတာ နေမှာပေါ့။ ကိုတာတေနဲ့ ကျုပ်နဲ့ မယောင်မလည်နဲ့ အိမ်ထဲလည်း ဝင်လိုက်ရော . . .

အဖြစ်ဆိုးလှချည်လား သမီးလေးရဲ့ဆိုတဲ့ ကိုဖိုးထိန်ရဲ့မိန်းမ ငိုသံကို ကြားလိုက်ရတော့ ဒါပါပဲ ကဲ ကျုပ်မ ပြောဘူးလား။ နိမိတ်မရှိတဲ့ စကားတွေ မပြောပါနဲ့လို့၊ အခု ကျုပ်တို့အရက်ဝင် သောက်တဲ့အိမ်က နာရေးပေါ်နေပြီ။ အိမ်ထဲရောက်ပြီးမှ ထိုင်ရမလို၊ ထရမလိုနဲ့ ဘယ်လိုနေရမှန်းတောင် မသိတော့ပါဘူးဗျာ။ ဆရာဝန်လား၊ ကျန်းမာရေးမှူးလားတော့ ကျုပ်လည်း မသိဘူး။

ကိုဖိုးထိန်က ပိုက်ဆံကန်တော့နေတာတော့ တွေ့တယ်။ ဆေးအိတ်လေးလွယ်ပြီး ဆိုင်ကယ်နဲ့ ပြန်သွားလေရဲ့။ လူနာက သေပြီဆိုတော့ သူ့တာဝန်က ပြီးပြီ။ ကျုပ်တို့မှာသာ ဘာလုပ်လို့လုပ်ရမှန်းမသိ။ တန်းလျားပေါ် ဝင်ထိုင်ပြီး ရေနွေးကြမ်း သောက်နေရတာပေါ့။

ဧည့်သည်တွေကို ရှင်းပြနေလေရဲ့။ သမီးအလိမ္မာလေး နှစ် ၁၀ တန်း ဖြေမှာတဲ့။ ကျန်းမာရေးမကောင်းလို့ မြို့ကဆေးရုံ သွားတက်သေးတယ်။ အကြောင်းမကောင်းလို့ အိမ်ပြန်သယ်လာတာပေါ့။ ရောဂါဖောက်လာလို့ ကျန်းမာရေးမှူးနဲ့ ခေါ်ပြတော့ မရတော့ဘူး။

မီးစာကုန် ဆီခန်းဆိုပါတော့ဗျာ။ ဘာရောဂါနဲ့ သေတာပါလို့ ကာယကံရှင်က ထုတ်မပြောတော့ ကျုပ်လည်း အတိအကျတော့ မသိခဲ့ရဘူး။ သေတယ်ဆိုတာကတော့ အတိအကျပဲ။ အလောင်းက အိမ်ပေါ်မှာဆိုတော့ မမြင်ခဲ့ရဘူး။ ဓာတ်ပုံတွေ့လို့ကြည့်ခဲ့ရတာတော့ အတော်ကလေး ချောတယ်ဆိုပါတော့။

၁၀ တန်းကျောင်းသူလေး ဆိုတော့ နှမြောစရာမှာပေါ့။ သတင်းရလို့ ဆရာ/ဆရာမတွေနဲ့ ကျောင်းသားတွေ တစ်အုပ်ကြီး ဝင်လာလို့ ကျုပ်တို့လည်း နှုတ်ဆက်ပြီးတော့ ကိုတာတေနဲ့ ကျုပ်နဲ့ စကားများကြတယ်။

မသာတွေ့တော့ အင်မတန် လာဘ်ကောင်းသတဲ့၊ ကိုတာတေက ဘာလို့ လာဘ်ကောင်းရမှာလဲ။ ဟိုတစ်ခါ လူသတ်မှုဖြစ်တဲ့ခြံထဲ ရေဝင်သောက်မိလို့ အချုပ်ခန်းထဲ ရောက်သွားတာ လာဘ်ကောင်းတာပေါ့။ ဒီလိုလားလို့ ကျုပ်က ပြောလိုက်တော့ . . .

"ဟား . . ဟား . . ဟား"လို့ မသာမနာ ရယ်ရင်း ကိုတာတေက

"ဒီပတ်သက်မှုနဲ့ ကိစ္စကြီး ပြောရမယ်ဆိုရင် မင်းက အမှားတွေ မြင်လို့ အမြင်တွေမှားနေတာ။ အကောင်းတွေမှတ်မှ အမှတ်တွေ ကောင်းလာမှာပေါ့။ မင်းတို့ငါတို့ လူတွေ ညအိပ်တဲ့အခါ အိပ်မက်တွေ မက်ကြတယ်။

အိပ်မက်ထဲမှာ အလှူတို့၊ မင်္ဂလာဆောင်တို့ မြင်မက်တဲ့အခါ အိပ်မက်မကောင်းဘူးဆိုပြီး ထမင်းတစ်ဆုပ်၊ ရေတစ်မှုတ်နဲ့ သစ်ငုတ်တို့မှာ တင်ပြီး အိပ်မက်ရောင်းကြတယ်။ အိပ်မက်ထဲမှာ မသာတို့အပုပ်

www.burmeseclassic.com

ကောင်တို့မက်ရင် အင်မတန်ကို ကောင်းတယ်လို့ အယူရှိကြပြန်တယ်။

အိပ်မက်ထဲမှာ အူတွေ၊ အသည်းတွေနုတ်ပြီး တိုင်းပြည်ကို ပတ်ရတယ်လို့မက်တာ ရှင်ဘုရင်တောင် ဖြစ်တယ်ဆိုပဲ။ ဥရောပ အနောက်နိုင်ငံတွေမှာ အိပ်မက် သုတေသနလုပ်တဲ့သူတွေ သေဆုံးသူတွေရဲ့ ဝိညာဉ်တွေကို သုတေသနလုပ်တဲ့ အသင်းကြီးတွေတောင် ဖွဲ့စည်းတည်ထောင်ထားကြသတဲ့။ မနောသုတေသီ အသင်းကြီးက သေဆုံးသွားတဲ့သူတွေကို သုတေသန ပြုကြသတဲ့။

နောက်ဆုံး သေဆုံးသွားသူရဲ့ ဝိညာဉ်ဟာ အလေးချိန် ဘယ်လောက်လောက် ရှိသလဲဆိုရင်"

"တော်ပါတော့ ကိုတာတေရာ။ အဟုတ်မှတ်လို့ နားထောင်နေတာ။ သူ့ဟာသူ ဘယ်နှပေါင်ရှိရှိ သိလည်းမသိချင်ဘူး၊ ခင်ဗျားနဲ့လည်း မဆိုင်ဘူး။ ခင်ဗျားပြောသလိုသာ ပြောကြေးဆိုရင် ကျုပ်ကြားဖူးတာ ပြောပြမယ်။

ခင်ဗျားပြောတဲ့ မနောသုတေသနလိုပေါ့။ ဥပမာ ခင်ဗျားနဲ့မတည့်တဲ့ လူတစ်ယောက်ရဲ့အကြောင်းကို ခင်ဗျားက ပြောနေတယ် ဆိုပါတော့ဗျာ။ ကိုယ်နဲ့မတည့်မှတော့ ကောင်းတဲ့အကြောင်း ပြောပါ့မလား။ မကောင်းတာတွေပဲ ပြောမှာပေါ့။

အဲဒီလို ပြောဆိုနေတုန်း အဲဒီလူရောက်လာတတ်တယ်။ ဒါကို ခင်ဗျားလက်ခံသလား"

"အေးကွ ပညာရှိ သတိ ဖြစ်ခဲ ဆိုသလိုပေါ့။ အကြိမ်တော်တော်များများ ကြုံဖူးတယ်။

'မင်းတော့ အသက်ရှည်ဦးမယ်။ ခုလေးတင် မင်းအကြောင်း ပြောနေကြတာ'လို့ လူတိုင်းတွေ့ကြုံနေကြရတာ ငါလက်ခံပါတယ်"

"ကျုပ်ပြောချင်တာက အဲဒါပဲ။ ခင်ဗျားပြောတဲ့ မနောသုတေသနထဲကလိုပေါ့။ ကျုပ်တို့ အခု မသာအိမ်က ထွက်လာကြတာ မတော်လမ်းမှာ ဆီးခြောက်ရင် မခက်ပေဘူးလား။ ကျုပ်ဆိုလိုတာက . ."

"ဘာများလဲလို့ကွာ။ လက်စသတ်တော့ မင်းက သရဲကြောက်လို့ ပြောနေတာကိုး။ နေ့ခင်းကြီးကွာ ဘာမှကြောက်စရာ အကြောင်းမရှိဘူး။ ပြီးတော့ သရဲမလေးက အမျိုးလေး။ သရဲမဆိုရင်တော့ ငါက မကြောက်ဘူး"

"ဒါနဲ့ပဲ သေမှာပဲ။ ရှေ့မှာ ရောက်ရင် နေပူခံလေး သောက်ကြရအောင်။ နားနားနေနေပေါ့ မဟုတ်ဘူးလား"

"အဲဒီ အစီအစဉ်ကောင်းတယ်ကွ။ ငါ့ဘော်ဒါ ကျော်ဝင်းဆိုတာ ရှိတယ်။ သူလည်း အသောက်သမားပဲ။ နတ်ပွဲလိုက်ချင်လည်း ခေါ်ခဲ့တာပေါ့။ သူ့အိမ်မှာ အရင်ဝင်နားပြီး တစ်ခွက်တစ်ဖလား ချကြတာပေါ့ကွာ"

"ခင်ဗျားပြောသလိုသာ လာဘ်ကောင်းလို့ကတော့ ဂွတ်ရှယ်ပဲ"

ဆိုပြီး ကျုပ်နဲ့ကိုတာတေတို့ ကိုကျော်ဝင်းတို့အိမ် ဝင်ခဲ့ကြတာပေါ့။

အိမ်ထဲရောက်လို့ ထိုင်ရုံပဲရှိသေးတယ် ကိုကျော်ဝင်းက ဆီးပြောတယ်။ သူ့နှမလေး မမာလို့ နတ်ပွဲမလိုက်တော့ဘူးတဲ့။ သဘောကတော့ အသည်းအသန် ဖြစ်နေလို့ပေါ့ဗျာ။

ဆရာဝန်တောင် ပင့်ထားရတယ် ပြောတယ်။ ကျုပ်တို့လည်း လူနာရဲ့ ရောဂါအခြေအနေ မေးနေကြတုန်း ဆရာဝန်က အိမ်ပေါ်က ဆင်းလာတယ်။ ကိုကျော်ဝင်းကို ခေါင်းခါပြသွားတယ်။ မြတ်စွာဘုရား ဟုတ်မှဟုတ်ရဲ့လား မသိပါဘူး။

အိမ်ပေါ်က ငိုသံကြားလိုက်ရတော့ ဒါပါပဲ။ သွားပြန်ပြီ တစ်ယောက်။ ကိုကျော်ဝင်းတို့ ညီအစ်ကိုမောင်နှမ လေးယောက်ရှိတာ ညီမတစ်ယောက်တည်း၊ အငယ်ဆုံး ဖြစ်တာဆိုတော့ တစ်အိမ်လုံးက သဲသဲလှုပ်အောင် ချစ်ကြတာ။

အငယ်ဆုံးလေးအတွက် ဘာမဆို စိတ်တိုင်းကျဖြစ်အောင် ထားပေးကြတာ။ အခုတော့ အသည်းဘူးလေးက သေပြီ။ နှလုံးသွေးကြောကျဉ်းတာဆိုလား၊ ကျယ်တာဆိုလား ကျုပ်တော့ အသေအချာ မခေါ်တတ်ဘူး။ အဲဒီရောဂါနဲ့ ဆုံးရတာပေါ့။ ကျုပ်နဲ့ ကိုတာတေလည်း ဒီနေ့ဝင်နားတဲ့အိမ်တိုင်း လူသေနေတာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား မသိဘူး။ တိုက်ဆိုင်မှုဆိုရင်တောင် အတော်လွန်လွန်းနေပြီ။ သတ်ပုံတော့

www.burmeseclassic.com

www.burmeseclassic.com

နေပြီနဲ့တူပါရဲ့။ နတ်ပွဲလည်း သွားချင်စိတ်တောင် မရှိတော့ဘူး။

တစ်သက်နဲ့တစ်ကို ဒါမျိုး တစ်ခါမှကို မကြုံဖူးပါဘူး။ အဟုတ်သားပြောတာ။ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး။ အိမ်ပေါ်ကလည်း သားအမိတစ်တွေ ပြောင်းဆန်အောင်ငို။ ကျုပ်နဲ့ ကိုတာတေကလည်း မျက်လုံးလေး ပေကလောင် ပေကလောင်နဲ့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိတော့ဘူး။ ရွာထဲကလူကြီးတွေ ရောက်လာပြီး ကနားဖျင်းထိုးဖို့ ပြင်နေကြတယ်။

ကိုကျော်ဝင်းရဲ့အမေ အိမ်ပေါ်ကဆင်းလာပြီး သူ့သမီးအကြောင်း နှတ်သံနှောပြီး ပြောနေတုန်း ကိုကျော်ဝင်းရဲ့ညီက အိမ်ပေါ်ကနေ အမေရေ အငယ်မ လှုပ်လာတယ်လို့ ကုန်းအော်ပါရောဗျို့။ ဒါနဲ့ အိမ်အပေါ်ထပ်ကို တစ်အုပ်ကြီး တက်သွားကြတာပေါ့။

ကျုပ်လား၊ နာမည့်ကိုက အင်တာနက်။ ရှေ့ဆုံးကရောက်အောင် သွားတာပေါ့။ ကောင်မလေးက ငုတ်တုတ်ထိုင်နေပြီ။ ကြောင်တောင်တောင်ကလေးဗျ။ မောလိုက်တာ ရေသောက်ချင်တယ်ဆိုတာနဲ့ ရေခပ်တိုက်။ ရေလည်း သောက်ပြီးရော ရှင်တို့က ဘယ်သူတွေလဲ၊ ကျွန်မ အခု ဘယ်ကိုရောက်နေတာလဲလို့ မေးတယ်။ ကိုကျော်ဝင်းအမေက သမီးလေးမိသင်း အမေလေဆိုပြီး ငိုပါလေရောဗျို့။ ကောင်မလေးက သူ မိသင်းမဟုတ်ဘူးတဲ့။ ဟိုဘက်ရွာက မိနှင်းလို့ ပြောတယ်။

ဇာတ်လမ်းကတော့ ရှုပ်ကုန်ပြီထင်ပါရဲ့။ သူက ၁၀ တန်းစာမေးပွဲ ဖြေရမှာ၊ ရွာပြန်မယ်လို့ ပြောတယ်။ ဒါဆိုရင်တော့ လွဲနေပြီ။ ကိုကျော်ဝင်းရဲ့ ညီမက မိသင်းတဲ့။ အိမ်ထဲဝင်လာတုန်းက ကျုပ်မြင်ခဲ့ရတဲ့ခေတ်ပုံက ဘွဲ့ရဝတ်စုံနဲ့ဆိုတော့ လူကြီးတွေလည်း အာရုံနောက်ကုန်ပေါ့။ မိသင်းသေသွားတာက ဟုတ်တယ်။

အခု အသက်ပြန်ရှင်လာတယ်။ ဒါပေမယ့် မိသင်းမဟုတ်တော့ဘူး။ ဟိုဘက်ရွာက ဖျက်စီးသွားတဲ့ မိနှင်းဖြစ်နေတယ်။ မိနှင်းကိုချော့ပြီး ထမင်းကျွေးထားရတာပေါ့။ ဆိုင်ကယ်နဲ့ မိနှင်းရဲ့မိဘတွေကို သွားခေါ်ကြတယ်။ အဟုတ်သား ပြောတာ။ ကျုပ်တစ်သက် တစ်ခါမှမကြုံဖူးဘူး။

လာပါပြီဗျာ။ ဆိုင်ကယ်တွေ တစ်အုပ်ကြီးနဲ့။ ကိုဖိုးထိန်နဲ့ မစန်းမြတို့လည်း မြင်လိုက်ရော ကိုကျော်ဝင်းနှမ မိသင်းက အဖေ၊ အမေဆိုပြီး ပြေးဖက်ပြီး ငိုပါလေရော။ ကိုဖိုးထိန်ကလည်း ငိုသံပါကြီးနဲ့ သမီးလေး မိနှင်း မသေဘူးနော်တဲ့။

တောက်တီးတောက်တဲ့ သမီး မသေပါဘူး အမေရယ်၊ လိပ်ပြာလွင့်သွားတာတဲ့။ ဒီက ကိုတာတေတို့နဲ့ လိုက်လာတာ။ ဒီမှာမိသင်းသေသွားတာတွေ့လို့ သမီးဝင်လိုက်တာလို့ ရှင်းပြတယ်။ ဒီတော့မှ ဇာတ်လမ်းက ရှင်းသွားတယ် ဆိုပါတော့။

ရှင်းတယ်ဆိုမှ ရှုပ်ကုန်ပြန်ပါပြီ။ မိနှင်းက အိမ်ပြန်ရအောင်အမေဆိုပြီး ဆိုင်ကယ်ပေါ်လည်းတတ်ရော ပြဿနာစပြီဗျို့။

ကိုကျော်ဝင်းတို့ညီအစ်ကိုတစ်တွေက သူ့ညီမကို မထည့်နိုင်ဘူး။ တုတ်ဆွဲ၊ ဓားဆွဲနဲ့ ပွဲက ကြမ်းကုန်ရော။ ရွာနှက်ရွာ ပြဿနာအကြီးအကျယ် တကယ်တော့မှာ။ ဒီပြဿနာကို ဥက္ကဋ္ဌကြီးလည်း ပြေလည်အောင် ဖြေရှင်းမပေးနိုင်ဘူး။

ကိုကျော်ဝင်းရဲ့နှမ မိသင်းက သေပြီ။ ထားလိုက်တော့။ ဒါပေမယ့် မိသင်းရဲ့ခန္ဓာကိုယ်က လက်ရှိပကတိ အကောင်းအတိုင်း ရှိနေဆဲ။ ကိုဖိုးထိန်ရဲ့သမီး မိနှင်းက သေပြီ။ ထားလိုက်တော့။ လက်ရှိ မိနှင်းရဲ့ လိပ်ပြာ (ဝိညာဉ်)က မိသင်းခန္ဓာကိုယ်ထဲမှာ သက်ရှိထင်ရှားရှိနေဆဲ၊ ဒီပြဿနာကို ဘယ်လိုဖြေရှင်းကြမလဲ။

ခန္ဓာကိုယ်ပိုင်ရှင် မိသင်းဘက်ကလည်း မပေးနိုင်၊ ဝိညာဉ်ပိုင်ရှင် ကိုဖိုးထိန်တို့ဘက်ကလည်း ရရင်ရ မရရင် ချမယ်ဆိုတော့ တည်ဆဲဥပဒေအရ တရားရုံးရဲ့ အဆုံးအဖြတ်ကို ခံယူဖို့ တရားလိုက ကိုဖိုးထိန်၊ တရားခံက ကိုကျော်ဝင်း။ ပြဿနာရဲ့ သမိုင်းအစမှာ လှိုင်းထအောင် မြစ်ဖျားခံခဲ့တဲ့ ကျုပ်နဲ့ကိုတာတေ နှစ်ယောက်ကတော့ မျက်မြင်သက်သေအဖြစ် တရားသူကြီးရှေ့မှောက် အလျားမှောက်ပြီး ရောက်ခဲ့ရတော့တာပေါ့ဗျာ။

မုံရွာအောင်စကြာ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်အကြောင်း ဟောင်းသည်မရှိ (၁၆)

အ ခ န်း ဆ က် ဝ တ္ထု ရှ ည်

□ မင်းဟိန်းထိုက်

*(ယခင်လမှအဆက်)*

"ဝါးဖောင်လုပ်မယ်ဆိုရင် မြန်မြန်လုပ်ပါ။ ယုမေလည်း လိုက်မယ်"

ယုမေ၏အကြံကို မောင်အေးချမ်းသိသည်။ ထိုကောင်မလေးက မောင်အေးချမ်း၏လက်မောင်းကို ဖက်တွယ်ထားခြင်းနှင့် ယုမေက မောင်အေးချမ်းနှင့်အတူ အချိန်ရသခိုက်နေလိုခြင်းတို့ကြောင့်ပင် ဖြစ်သည်။ မောင်အေးချမ်းအနေဖြင့်လည်း ဤသည်ကို နားလည်မှုပေးရမည်။ ယုမေက သကြိန်လွန်ပြီး ရက်များသိပ်ပြီးမကြာမီပင် ဘော်ဒါနေရန် ကျောက်ဖြူကို ပြောင်းရတော့မည် မဟုတ်လား။

မောင်အေးချမ်းသည် တောင်ကမ်းပါးယံ ဝါးဟိုင်းတောထဲက ခြေသလုံးခန့်ကြီးသော ဝါးဆယ်လုံးကို ခုတ်ပြီး အဖျားပိုင်းကို ဖြတ်ယူကာ ဖောင်ဖွဲ့၏။ ဝါးအဖျားပိုင်းသည် ပါးသောကြောင့် ဖော့တုံးသဖွယ် ရေပေါ်၌ ဆယ်လုံးမျှ ဝါးဖောင်သည်ပင် လုံ့နှစ်ယောက် အေးဆေး တက်စီးနိုင်လေသည်။

မောင်အေးချမ်းက ရခိုင်ရိုးမကြီးထဲမှာ နှစ်နှစ်နီးပါး နေလာခဲ့ပြီဖြစ်၍ သစ်ဝါးများကို ကျွမ်းကျင်စွာဖြင့် ကိုင်တွယ်တတ်သည်။ ထို့ကြောင့်လည်း နာရီပိုင်းအတွင်းမှာပင် နှစ်ယောက်စီး ဝါးဖောင်လေးတစ်ဖောင်ကို ကောင်းစွာ ပြုလုပ်နိုင်လေသည်။ မောင်အေးချမ်း ဝါးဖောင်ကို ထိုးဝါးဖြင့် ထိုးယူလာပြီး ကျောက်ဆောင်ကြီးမှာ ဆိုက်ကပ်လျှင် ယုမေလည်း ခပ်သွက်သွက်ကလေးပင် ဆင်းလာပြီး ဝါးဖောင်ပေါ်ကို တက်လိုက်သည်။ ထိုအခါ ထိုကောင်မလေးကလည်း . . .

"ကိုကြီး မ,တစ်ယောက် လိုက်လို့ရမလား"ဟု မေးသည်။

"ဝါးဖောင်လေးက ငယ်လို့ သုံးယောက်မနိုင်လောက်ဘူးထင်တယ်"

"ဩော် . . ဟုတ် . . ဟုတ်"

ရေက ယင်းတန်းဝဲပြန်သဘောဖြစ်နေ၍ သည်ဘက်ကမ်းနားမှ ရေသည် အပေါ်ဘက်ကို အနည်းငယ်ပြန်လျက်ရှိသည်။ ထို့ကြောင့် ချောင်းဖျားအပေါ်ဘက်ကို ဆန်ပြီး ဖောင်ထိုးရသော်လည်း ဘာမျှ အခက်အခဲမရှိပေ။ ကမ်းနဖူး ချုံတောများအတိုင်း ဆန်ထိုးလာရင်း ထောင့်ကွေ့အကွယ်တစ်ခုသို့ရောက်လျှင် ယုမေသည် နောက်ကိုတစ်ချက် ပြန်ကြည့်လိုက်ပြီး . . .

"ကောင်မစုတ်၊ အဲလောက်ထိ လူရှေ့မရှောင်၊ သူရှေ့မရှောင် ဖက်နေရတာတောင် မကျေနပ်သေးဘဲ ဒီတောင် လိုက်ဦးမလို့တဲ့။ တကယ်သာလိုက်လာရင် ဖောင်မှောက်ပစ်လိုက်ပြီး ရေထဲနှစ်သတ်လိုက်မှာ . . တောက်"

မောင်အေးချမ်းက သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်ပြီး . .

"သူများကို နှစ်သတ်ချင်သာ

www.burmeseclassic.com

ပြောတယ်။ ယုမေကော ရေကူး တတ်လို့ လား"

"ကျွမ်းပ့ါတော်၊ ပြောခဲ့ပြီကော။ ရောဝတီမြစ်ဘေး သဲခုံမှာနေပြီး ကြီးပြင်းလာတာလို့။ အမလေး . . . ဒီတောင်ကျ ချောင်းပေါက်ကလေး များ . . ဟွန်း၊ ဆယ်ခေါက်ဆယ်ပြန် တောင် ကူးပြလိုက်ဦးမယ်။ ဘာလဲ ကိုကိုက ရေမကူးတတ်ဘူးလား"

"အင်း"

"မယုံဘူး။ နေရာတကာစွာနေ တဲ့ လူတစ်ယောက် ရေမကူးတတ် ဘူးဆိုလို့"

မောင်အေးချမ်းက ခက်မငါး ဖြာထွက်နေသော အရိပ်အာဝါသ လည်းကောင်းသည့် သပြေပင်ကြီး တစ်ပင်အောက်တွင် ဝါးဖောင်ကို ထိုးဆိုက်ကပ်လိုက်သည်။

"ဟင် . . ကိုကို၊ သပြေသီးတွေ ပေါလှချည်လား။ ပြွတ်သိပ်နေတာ ပဲ။ ကြည့်စမ်း၊ ရေနဲ့ နီးနီးလေးတွေ မှာကို အများကြီးပဲ။ ချောင်းကမ်း နဖူးမှာ ဒန့်ဒကောက်တွေလည်း တော ထနေတယ်။ ကိုကိုတို့ တစ်ခါမှ လာ မခူးကြဘူးလား"

"ကိုက ချောင်းထဲကို ငါးဖမ်း ဆင်းရင် တောင်ကြောစွယ်အတိုင်း ချောင်းမကြီးဘက်ပဲ တန်းဆင်းကြ တယ်၊ ဒီဘက် မလာဖြစ်ကြပါဘူး"

"ဒါကြောင့် သပြေသီးနဲ့ ဒန့်ဒ ကောက်တွေ ပေါတာဖြစ်မယ်" ဟု ပြောပြီး ယုမေသည် ဖောင်ပေါ်က လှမ်းပြီး သပြေသီးကြီးတစ်လုံးကို လှမ်း ခူးလိုက်သည်။

"ဖယ်နေစမ်းပါ ယုမေ၊ အဲဒီ လိုခူးနေလို့ တော်တော်နဲ့ ပြီးမှာ မဟုတ်ဘူး။ ငါထိုးဝါးနဲ့လှမ်းပြီး ရိုက် ချလိုက်မယ်။ ရေလည်း တိမ်တာပဲ။ ဆင်းကောက်လည်း ရတယ်"

"နေဦး ကိုကို၊ အခု သပြေသီး မခူးနဲ့ဦး။ ပြန်ခါနီးမှ ခူးမယ်။ အခု ဝါးဖောင်လေးပေါ်မှာ အေးအေး ဆေးဆေး နေကြရအောင်"

"ဒါဆိုလည်း ဘာထူးလည်း ယုမေရဲ့။ အခု တစ်ခါတည်း ခူးထား လိုက်ရင် ပိုမကောင်းဘူးလား"

"အေး . . ဒါလည်း ဟုတ်သား ပဲ။ ဒါဆိုရင် ကိုကို ထိုးဝါးနဲ့ရိုက်ချ။ ယုမေ ကောက်မယ်"

"နေစမ်းပါ။ ကောက်တာမကြာ ဘူး။ တော်ကြာ သပြေခေါင်းပေါ် ကျ လို့ ခက်နေပါ့မယ်"

မောင်အေးချမ်းက ထိုးဝါးဖြင့် သပြေသီးများကို တဖြောင်းဖြောင်း ရိုက်ချ၏။ သပြေသီးများလည်း ရေ အိုင်ထဲသို့ တမြုန်းမြုန်း တဂျုံးဂျုံးဖြင့် ကြွေကျလေသည်။ ယုမေက သပြေ သီး ကြွေ၍ ရေစဉ်သည်ကို လက် ကလေးဖြင့်ကာရင်း . . .

"သပြေသီးတွေကလည်း ပေါ လိုက်တာ ကိုကိုရယ်။ သပြေသီးက ဒီလိုပဲ တစ်နှစ်ပတ်လုံး သီးနေတာပဲ လားဟင်"

"ဘယ်ဟုတ်မလဲ၊ သပြေသီး လည်း တစ်နှစ်တစ်ကြိမ်ပဲ သီးတာ ပါ။ ဒါပေမယ့် အခုသီးတာကို မပြန် သီးလို့ ခေါ်တယ်။ သပြေသီးများဟာ လည်း မန်ကျည်းသီးများလို မကောင်း သီး(အများကြီးသီး) မပြန်သီး တစ် နှစ်နှစ်ကြိမ် သီးလေ့ရှိတယ်။ အခုသီး တာကို မပြန်သီးလို့ ခေါ်တယ်"

တစ်အောင့်လေး ရိုက်ချလိုက် သည်နှင့် သပြေသီး အလုံးလေးငါး ဆယ်ခန့် ရရှိသွား၏။ ဤမျှဆိုလျှင် လည်း လုံလောက်ပြီဖြစ်၏။ မောင် အေးချမ်း အရိုက်ရပ်လိုက်သည်နှင့် ယုမေလည်း ဘောင်းဘီလေးကို ပေါင် ရင်းအထိ ဆွဲတင်ပြီး ဝါးဖောင်ပေါ်မှ သပြေကောက်ရန် ဆင်းလေသည်။ ထို့နောက် ရှက်ပြုံးအမူ အရာဖြင့် လည်း သူ့ကိုယ်သူ မလုံမလဲဖြစ်ကာ ပြောသေးသည်။

"ယုမေက ကိုကို့ကို မရှက်ဘူး။ လူသူတော်ကောင်းကြီးဖြစ်လို့ ကြောက် လည်း မကြောက်ဘူး"

မောင်အေးချမ်းက ဘာမျှမပြော ဘဲ ရေနက်ဘက်ကို ကျနေသော သပြေသီးများကိုသာ ထိုးဝါးဖြင့် ရေ တိမ်ဘက်သို့ ဆွဲယူနေသည်။ ထို့ နောက် ကမ်းသို့ ခုန်တက်ပြီး ဒန့်ဒ ကောက်ခူးသည်။ ယုမေလည်း သပြေ သီးများကို ဖောင်ပေါ်တင်ထားခဲ့ပြီး မောင်အေးချမ်းနည်းတူ ဒန့်ဒကောက် လာခူးသည်။

"ပျော်စရာကောင်းလိုက်တာ ကိုကိုရယ်။ တောစခန်းလေးမှာ ချစ် သူနှစ်ဦး တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ပြီး ကြည်နူးနေကြ တယ်ဆိုတာ ဒါမျိုးပဲ နေမှာပေါ့နော်



www.burmeseclassic.com

www.burmeseclassic.com

ဟု ယုမေက ဆို၏။

"ယုမေငယ်ငယ်က တိန္နရီ တိန္နရာဇာတ်ကို ဖတ်ဖူးတယ် ကိုကို ရဲ့။ ဝန္နာဒနတောင်ယံမှာ တိန္နရီ တိန္နရာ မောင်နှံတို့ဟာ တစ်ဦးကို တစ်ဦးကြည့်ပြီး ပျော်မြူးနေကြ သတဲ့။ လက်ချင်းယှက်ပြီး တော တောင်အနှံ့ ဖျော်ဝဲနေကြပါသတဲ့။ ကျောက်ရေတံခွန်တွေမှာ ရေချိုးပြီး စန္ဒကူးနံ့သာတွေကို လူးကြသတဲ့။ တိန္နရီဖိုလေးက တောပန်းတွေကိုခူး ပြီး တိန္နရာမလေးရဲ့ ခေါင်းမှာ ဝေ နေအောင် ပန်ပေးသတဲ့"

ယုမေက သူ့စကားသူသဘော ကျပြီး ပြုံးနေ၏။

"အခု ကိုကိုနဲ့ယုမေလည်း တိန္နရီ တိန္နရာမောင်နှံလေးတွေလိုပဲ ပေါ့နော်။ ယုမေကတော့ အရမ်း ပျော်တာပဲ ကိုကိုရယ်။ အခုလို ချစ်သူနှစ်ယောက်တည်း တောတောင် စခန်းတွေမှာ လွတ်လပ်စွာဖြင့် သွား လာနေရတဲ့ဟာကို ယုမေတစ်သက် မေ့လို့ရမှာတည်း မဟုတ်ဘူးလေ။ နောင်အခါ ကိုကိုနဲ့ယုမေတို့ အကြင် လင်မယားအဖြစ်ကို ရောက်သွားပြီး နောက်လည်း ဒါလေးတွေကို ပြန် ပြောင်းပြီးသတိရရင် အခုနေခါလိုပဲ နေမှာနော်"

မောင်အေးချမ်းက အင်းလိုက် ရုံသာနေ၏။ ယုမေက ပျော်၍မဆုံး တပြုံးပြုံးဖြစ်နေသည်။ တလေးစိတ် မပျောက်သေးသော ယုမေလေး သည် အလွန်အမင်း စိတ်ကူးယဉ်၍ လည်းနေသည်။ သူ၏ မျက်နှာလေး သည်လည်း [illegible] ကြည်နူးပြီး ပြုံး[illegible]

ခန့်ဒတောက် [illegible] တို့ တစ်ငွေ့[illegible] နောက် ဝါး[illegible] သည်။ ထိုအခါ ဝါး[illegible] နှစ်ယောက်မှ [illegible] များ၏ဝန်ကို [illegible] ယ်မျှ လူးလိမ့်[illegible] မောင်အေးချမ်း ဝါး[illegible] ယူပြီး ဝါးမောင်၏[illegible] ကျစ်ကာ သပြုသီးနှင့်[illegible] တို့ မောင်မြို့ယင်းပေါ်သို့[illegible] တင်လိုက်၏။ ထို့နောက် ဝါး[illegible] ဦးပြန်ထောင်လာပြီး [illegible] သည်။

ထို့နောက် မောင်[illegible] သည် ဝါးမောင်ကို ထိုး[illegible] ကမ်းမှခွာလိုက်သည်။ ထိုအခါ[illegible] က . . .

"ကိုကို ဝါးမောင်ကို ထိုး...... ရောက်အောင် ထိုး[illegible] ရေလယ်ရောက်မှာ ထိုး[illegible] ရပ်ထားလိုက်ဦး။ [illegible] ရှိ နေတော့ [illegible] အဆင်ပြေပါတယ်။ [illegible] မှာ အကြာကြီး[illegible] တွေဆီ ပြန်[illegible]"

မောင်အေးချမ်းက ယုမေပြော နေသောနေရာကို [illegible] ဝါး မောင်ကို ထိုး[illegible] တားလိုက်သည်။ [illegible] ချမ်း၏ရင်ခွင်[illegible] နောက် မောင်အေးချမ်းကို[illegible]

"[illegible]ချစ်တယ် ကိုကိုရယ်။ [illegible] အရမ်းလည်း [illegible]။ သကြင်လွှမ်းလို့ ယုမေ [illegible] ရောက်သွားရင် အခု [illegible] ရတော့ဘူးလေ။ ဒေါ်ခါ [illegible] ညီးတစ်ကြိမ်မယ်ဆိုရင် [illegible] ခဏလေး တွေ့ခွင့်ရ [illegible] လွှဲလို့ [illegible] တောင်း [illegible] ပြောခွင့်ရဖို့ မလွယ်တော့ ဘူး။ [illegible] တာလတစ်လျှောက် [illegible] သွားရတော့မှာ။ ဒါ [illegible] ယုမေတော့ အခုက [illegible] ကိုကိုရယ်။ ယုမေက [illegible] ထတ်ရမယ့်သူ [illegible] တန်း အောင် [illegible] သွဲ့ တစ်ခုခုကိုရလို့အထိ [illegible] ကြာမှာ ကိုကိုနှစ်ကြိမ်များ [illegible] ပြောနေဦးမှာနော်"

"[illegible] ဆက်တက်မယ် [illegible] ပုံကြာဦး [illegible] ပညာသင် [illegible] ပညာတလွဲ [illegible] မထား [illegible] ပညာတက်မကြီး [illegible] ခွဲ [illegible] ပညာ[illegible] [illegible]"

"[illegible] ကိုကို ရယ်။ [illegible] နေ [illegible] လည်[illegible] လုံးတို့ [illegible]

www.burmeseclassic.com

စီးထားတဲ့အချိန်မှာ ပညာရှိတို့ရဲ့ စကားတွေစောင်မှ ဘေးရောက် ကုန်တတ်တာ။ အခုတော့ ယုမေရဲ့ ချစ်သူဖြစ်တဲ့ ကိုကိုက ဘယ်လိုပဲ ပြောပြော။ ကိုကိုလွှမ်းမိုးထားတဲ့ နှလုံးသားလေးက လိုက်နာနိုင်ပါ့ မလား"

မောင်အေးချမ်း စိတ်ထဲက ပြုံးမိသည်။ ယုမေမြင်သွားမည်စိုး၍ နှုတ်ခမ်းတွန့်ရှုံ့ပင် မပြုံးမိအောင် ထိန်း၍ ဆင်ခြင်၏။

"ပြောလေ . . . ကိုကို"

မောင်အေးချမ်း ဘာမျှမပြော ပေ။ ယုမေက မောင်အေးချမ်း၏ နှုတ်ခမ်းကို လက်ကလေးနှင့်တို့ပြီး

"နှလုံးသားလေးက မေးနေ တယ်။ ဒီနှုတ်ခမ်းလေးက ပြောလေ"

"ငါ့ကိုချစ်ရင် ငါပြောတာကို နားထောင်ရမှာပေါ့"

"နှလုံးသားလေးက နားမထောင် ဘူးဆိုရင်ကော"

"နားမထောင်လို့ ရမလား။ ပညာရေးဆိုတာက ငါ့အတွက်မဟုတ် ဘူး။ ယုမေအတွက်ပဲ။ အဲဒါကို နား မထောင်ရင် ယုမေမှားတော့မှာပေါ့"

ယုမေ သက်မတစ်ချက်ချပြီး ဟိုဘက်သို့လှည့်သွား၏။ မောင်အေး ချမ်းပြောလိုက်သည်ကို ကြိုက်ပုံမရ ပေ။ တစ်အောင့်လေး ငြိမ်နေပြီး နောက် . . .

"ကိုကိုနဲ့ပြောရတာ အရမ်း ခြောက်တယ်ကွာ။ သမီးရည်းစား ပြောနေတာနဲ့မတူဘဲ သားအဖ ပြောနေကြသလိုပါပဲလား"

ယုမေ ငြိမ်၍နေ၏။ ယုမေ သဘောကရက်များမကြာမီ ခွဲခွာရ တော့မည့် ချစ်စခင်စ ကြင်နာစ ချစ် သူနှစ်ဦးတို့၏ လွမ်းပုံပြင် လွမ်းဇာတ် လမ်းလေးကိုသာ တခမ်းတနားခင်း ပြီး ကြည်နူးတသ ပြောနေချင်ပုံရ သည်။ မောင်အေးချမ်းကလည်း ယုမေ စိတ်ကူးလွန်၊ သဘာဝလွန်၊ စတိုရီလေးကို မလိုက်နာလိုသော ကြောင့် ခပ်ခွာခွာသဘောမျိုးကိုသာ ဆောင်၍ထားသည်။

ဆိုခဲ့သည့်အတိုင်း ယုမေသည် မောင်အေးချမ်း၏ အပေါ်တွင် သူ၏ဘဝတစ်ခုလုံးကို ယုံကြည်အား ကိုးစွာဖြင့် ပုံ၍ခြုံထားခြင်း သဘော ကို ဆောင်နေသောကြောင့် မောင် အေးချမ်းကို အကြည့်မျိုးစုံဖြင့် ကြည့် ၏။ ဦးစွာ တွေ့မြင်စက အသိမိတ် ဆွေကောင်းတစ်ယောက်လို ရှုမြင်ခဲ့ ၏။ ထို့နောက် ရင်းနှီးလာသောအခါ ဦးလေးတစ်ယောက်လို၊ အစ်ကိုကြီး တစ်ယောက်လိုလည်း သဘောထား ခဲ့၏။

ထို့နောက်တစ်ဖန် ယခုအခါ ချစ်သူတစ်ယောက်၏ အဖြစ်မှသည် ဘဝ၏ တည်ရာမှီရာ၊ အားကိုးရာ အစစ်ဟူသော ယုံကြည်ချက်ဖြင့် ဆုံး ဖြတ်လျက်ရှိသော သူ၏သဘောကို လင်းလင်းကြီးပြ၏။ သို့သော် သူ ထင်သလို တစ်ခုမှ ဖြစ်၍မလာရှိနေ သောအခါ မောင်အေးချမ်းအား စိတ်နှင့်မတွေ့ ဖြစ်နေပုံရသည်။

ဤအရွယ်လေးတို့သည် စိတ် ကူးယဉ် အားကြီး၏။ စိတ်ကူး၍ နှလုံးသားခံစားရသည့် အကြောင်း အရာကိုလည်း ပုံဖော်ကြည့်တတ် ၏။ ပုံဖော်သည့်အတိုင်းလည်း ခံစား ကြည့်တတ်၏။ ဇာတ်လမ်းတွင် သရုပ် ဆောင်ကြရသော မင်းသား၊ မင်းသမီး တို့ကဲ့သို့သော သဘောမျိုးဆန်၏။ ဤသည်ကား ယုမေတို့အရွယ်၏ သဘောမျိုး ဖြစ်ချေ၏။

ဆိုခဲ့သည့်အတိုင်း ယုမေသည် မောင်အေးချမ်းအား အရင်းနှီးဆုံး အသိမိတ်ဆွေ တစ်ယောက်အဖြစ်မှ သည် ဦးလေး၊ အစ်ကို၊ ချစ်သူ၊ ကြင်ရာ စသည်ဖြင့် အတွင်းကျကျ အနီးကပ်၊ အလွတ်လပ်ဆုံးနေလာခဲ့ရာမှ လက် ရှိအဲနေသို့တိုင်အောင် ရောက်လာ သဖြင့် အဖုံဖုံသော သရုပ်ဆောင် အခန်းခန်းတို့ကို လွန်လာခဲ့ပြီဖြစ်ရာ အနယ်ထိုင်၊ အနှစ်ကျသော ပြုမူ ပြောဆို၊ ဆက်ဆံပုံမျိုးကို လိုချင်၏။

ချစ်စခင်စ နှစ်ယောက်တို့၏ ခွဲခွာခါနီး လူတို့နှင့်ဝေးသော တော လမ်းခရီး၊ လွတ်လပ်သော တော စခန်းလေးတစ်ခုတွင် လာရောက် တွေ့ဆုံနေကြရသောအခါ ရွှန်းရွှန်း ဝေသည့် စကားလုံးလေးများကို ပြော ဆိုထိတွေ့ ခံစားနေကြသည့် အဖြစ် မျိုးကိုလည်း ရယူလို၏။ ကာလ ကြာကြာ စွဲရစ်ထင်မည့် ခံစားခြင်းကို လည်း ယုမေ စိတ်ကူးယဉ်၍နေ၏။

ဤသည်ကို နားလည်မိ၍ မောင်အေးချမ်းသည် တစ်ဖက်သို့ လှည့်၍ နှုတ်ခမ်းစူနေသော ယုမေ ၏ပခုံးလေးကို ခပ်ဖွဖွ ဆွဲကာလှည့် ၏။ ယုမေကား လှည့်၍မလာ[illegible]

www.burmeseclassic.com

www.burmeseclassic.com

တောင့်တောင့်လေး တည်၍နေ၏။ နောက်တစ်ကြိမ် ဆွဲလှည့်၏။ ယုမေက မောင်အေးချမ်း၏လက်ကို ပုတ်ချ၏။

"ယုမေလေး"

ယုမေ မထူးဘဲနေ၏။

"ချစ်စရာ ကြွေရုပ်ကလေး"

ယုမေ တုတ်တုတ်မျှမလှုပ်။

"အသက်ကလေး၊ နှလုံးကလေး၊ မျက်လုံးကလေး"

ယုမေသဘောကျပြီး တစ်ချက်မျှ အသံထွက်အောင် ရယ်လိုက်ကာ

"အခုမှ လာပြီး ချွဲနေရသလား ဘိန်းစားရဲ့"ဟု အော်ပြောပြီး မောင်အေးချမ်း၏ ရင်ဘက်ကို ဆောင့်တွန်းဖက်လိုက်သဖြင့် ဝါးဖောင် ယိမ်းထိုးလှုပ်ခါသွားပြီး မှောက်မလို ဖြစ်သွား၍ မောင်အေးချမ်း ကပျာကယာ တစ်ဖက်လက်က ဝါးဖောင်ကိုကိုင်ထိန်းပြီး တစ်ဖက်လက်က ယုမေကို ဖက်ထားလိုက်ရ၏။

"ဟ . . . ဟ . . . ဝါးဖောင်မှောက်လို့ နှစ်ယောက်လုံး သေတော့မှာပဲ"

"သေပစေ။ ခုနေချိန်မှာ နှစ်ယောက်လုံး သေသွားရင် ပိုကောင်းတယ်"

"ဘယ့်နှယ်ကြောင့် နှစ်ယောက်လုံး သေချင်ရတာတုံး။ ဒါဆိုရင် ကိုနဲ့ ယုမေတို့ မပေါင်းရဘဲ နေတော့မှာပေါ့"

"ဒါမှ မြန်မြန်ပေါင်းရမှာ။ နှစ်ယောက်လုံး သေဆုံးပြီးနောက် ဝိညာဉ်လိပ်ပြာလေးတွေ အဖြစ်နဲ့ ရခိုင်ရိုးမကြီးကို လူးလာတဲ့ခါက် ပျံလွှားပြီး သွားနေကြမှာပေါ့"

မောင်အေးချမ်း အသံထွက်အောင် ရယ်လိုက်၏။

"ရယ်ပြန်ပြီ တွေ့လား။ အဲဒါ ကိုကို ယုမေကို သရော်တာ။ ယုမေကသာ ကိုကို့ကို ချစ်တာ။ ကိုကိုက ယုမေကို မချစ်ဘူး။ ယုမေက ကိုကိုနဲ့တွေ့ဆုံခွင့်ရတိုင်း အရမ်းပျော်ရွှင်၊ အရမ်းလည်း ကြည်နူးပြီးနေပေမယ့် ကိုကိုက ယုမေကို ကြည်နူးမှုမျိုး မရှိဘူး။ အဖေတစ်ယောက်၊ ဦးလေးတစ်ယောက်ရင်ခွင်ထဲ ဝင်ကြည့်ရသလိုမျိုးချည်းပါပဲ။ ယုမေ ဖက်ရင်လည်း ကိုကို ပြန်မဖက်ဘူး။ ယုမေက ချစ်တဲ့၊ လွမ်းတဲ့၊ အောက်မေ့တဲ့ စကားတွေကို ရွှန်းရွှန်းဝေပြောရင်လည်း ကိုကိုက နားထောင်ပြီးပဲနေတယ်။ အဲလိုမှ မဟုတ်ရင်လည်း တည်တည်ခံ့ခံ့ စကားလုံးကြီးတွေနဲ့ပဲ ပြန်ပြောတယ်။ အဲဒါတွေကို ယုမေ မကြိုက်ဘူး။ ယုမေရဲ့ဘဝဟာ ရေမျောကမ်းတင်သဘောမျိုးနဲ့ တွယ်ရာမဲ့ စီးမျောလာခဲ့ရာက အခု ကိုကိုနဲ့တွေ့ဆုံခွင့်ရတဲ့အခါ ယုမေ အရမ်းအားကိုးပြီး အရမ်းလည်းပျော်ခဲ့မိတယ်။ ဝမ်းသာကြည်နူးလို့ မဆုံးအောင်လည်း ယုံကြည်ပြီး စွဲမှတ်ထားခဲ့မိတယ်။ ဒါပေမယ့် အခုတော့ ကိုကိုရဲ့ စိတ်နေသဘောထားတွေဟာ ယုမေရဲ့အပေါ်မှာ တဖြည်းဖြည်းလျော့ကျလာနေသလိုမျိုး ခံစားမိတယ်။ ဒါကြောင့် ဒီကံဆိုးမလေးဟာ တွယ်ရာမဲ့ဘဝမျိုးကိုပဲ ပြန်ရောက်ရလေမလားလို့တောင် ခံစားလာမိပါရဲ့ကွယ်"

မောင်အေးချမ်း သက်ပြင်းတစ်ချက် ချလိုက်မိ၏။ ယုမေ၏ စကားလေးတွေကို နားထောင်နေရင်းကလည်း စိတ်ထဲမကောင်း ဖြစ်သွားမိသည်။ မောင်အေးချမ်းထင်သည်ထက်တောင် ယုမေခံစားချက်က ပို၍နေ၏။ ယုမေစိတ်ကူးယဉ်လေးက တကယ့်ခံစားချက် ကြီးမားစွာဖြင့် ရိုက်ကူးတင်ဆက်ထားသော ရုပ်ရှင်ဇာတ်ကားကြီး တစ်ကားကို ကြည့်ရှုခံစားရသကဲ့သို့ပင် ရှိနေလေသည်။ ထို့ကြောင့် မောင်အေးချမ်းသည် ယုယကြင်နာစွာဖြင့် ယုမေ၏ နဖူးလေးကို ခပ်ဖွဖွလေး တစ်ချက်မျှ ငုံ့နမ်းလိုက်ပြီး သက်ပြင်းတစ်ချက်ကိုလည်း ချလိုက်မိပြန်သည်။

"စကားတွေ တတ်လိုက်တာ ယုမေလေးရယ်"

ဟုဆိုကာ ပါးပြင်နုနုလေးကိုလည်း ဖွဖွလေးတစ်ချက် လိမ်ဆွဲလိုက်၏။

"ယုမေ ထင်သလို တစ်ခုမှ မဟုတ်ပါဘူးကွယ်။ အခုလို ယုမေအပေါ်မှာ ခပ်ခွာခွာသဘောမျိုး နေတာကလည်း ယုမေကို သံယောဇဉ်မရှိလို့၊ မကြင်နာလို့ မဟုတ်ပါဘူး။ အကြောင်းရှိလို့ပါ။ ကိုယ့်မှာလည်း ခံစားချက်တွေ ရှိခဲ့ဖူးပါတယ်။ အဲဒီ ခံစားချက်တွေကို သင်ခန်းစာယူပြီး



www.burmeseclassic.com

www.burmeseclassic.com

သာ အခုလို ယုမလေးနဲ့ အိမ်ထောင်တန်းသဘောမျိုးကိုတောင်းပြီး နေတာပါကွယ်၊ အခြားတစ်ချိုးလောက မထင်လိုက်ပါနဲ့၊ ယုမလေးအပေါ်မှာ သံယောဇဉ်တွေ အများကြီးရှိပြီးမှ အစပထမကတည်းက ယုမရဲ့သဘောကို တာဝန်ယူပြီး အစစအရာရာလျှော့ပြီး ဆောင်မပေးမယ်လို့ ကတိကျူး ပေးခဲ့တာပဲ မဟုတ်လား၊ အဲဒါလေးကို ယုမ နားလည်နိုင်မယ်ဆိုရင် ယုမပြောခဲ့တဲ့ ခုထင်တ စကားလုံးလေးတွေကို ချေဖျက်လိုက်ပါကွယ်၊ ယုမလေး ကိုယ့်ကိုယုံပါ၊ ကိုယ်ဟာ ယုမဘက်က ကျောက်တိုင်ကြီးတစ်တိုင်လို အမြဲတမ်း မားမားမတ်မတ်ကြီးရပ်လို့ ရှိပါတယ်"

ယုမသည် ငြိမ်၍ နားထောင်နေရင်းက မောင်အေးချမ်း၏ လက်တွေကိုလည်း ဆုပ်နယ်၍နေ၏၊ ထို့နောက် ဆတ်ခနဲမော့လာပြီးမေး၏၊

"ကိုကိုမှာ ခံစားချက် ရှိတယ်ဆိုတာ ဘာလဲ၊ အဲဒါယုမ သိလို့ရမလား၊ မရဘူးလား၊ ခစ်ခစ် . . . ပြောနိုင်ရင်ပြောပြပါလား" ဟု မောင်အေးချမ်း၏ မျက်နှာကို စိုက်ကြည့်ရင်းက ပြုံးရယ်ရင်း မေးသည်၊

"သိလို့ရပါတယ် ယုမရယ်၊ အခြားအကြောင်း ဟုတ်ဘူးလား၊ ကိုယ်လည်း နှလုံးသားနုနယ်တဲ့ အရွယ်လေးမှာ ကောင်မလေးတစ်ယောက်ကို သံယောဇဉ်တွယ်ခဲ့ဖူးတယ်၊ အဲဒီကောင်မလေးမှာလည်း မိဘမရှိပါဘူး၊ အဘွားနဲ့နေတာပါ၊ ကိုယ်ကတော့ အဲဒီအချိန်က လူ့ဘဝ လူ့ဘောဂအကြောင်းတွေကို ယုံဝ နားလည်ခြင်း မရှိသေးတဲ့ ကိုရင်လူထွက်လေးပေါ့၊ အဖေဆုံးသွားတော့ ကျောင်းမှာလူထွက်ခဲ့နေတဲ့ အမေကိုလုပ်ကျွေးဖို့ လူထွက်ခဲ့ရတယ်လေ၊ အဲဒီအချိန်မှာပဲ မိုးဦးကျ လေပြင်းကြီးတိုက်ခတ်လို့ အိမ်တွေ အတော်များများ ပျက်စီးတုန်ကြတယ်၊ သူ့တို့အိမ်လည်း ခေါင်မြုတ်သွားတယ်၊ အဲဒါကို ပြုပြင်ပေးဖို့ ကိုယ်သွားရင်းက ပြုပြင်သွားတဲ့ခေါင်မိုးကို ကြည့်ရှုရင်းက သံယောဇဉ်ဖြစ်ခဲ့ကြတယ်၊ အဆိုးခြင်းတတ်တဲ့ အတတ်ပညာလည်း သိပ်မရှိသေးတဲ့ အချစ်ဆိုတဲ့ဒဿနတွေကိုလည်း နားမလည်နိုင်သေးပါဘူး"

"ဒါပေမယ့် ကိုကို သာသနာ့ဘောင်ထဲပြန်ဝင်မယ်ဆိုတဲ့ အတိုန်အလေး ရှိနေတာတော့ အမှန်ပဲ၊ ဒါကို သူ့လည်း ဖွင့်မပြောဘူး၊ ဒါကြောင့်လည်း ကိုယ့်ကို စွဲစွဲမြဲမြဲ အရူးအမူးကြီးပဲ ချစ်နေခဲ့ရှာတယ်၊ ဒီလိုနဲ့ ကိုယ်ဆင်ခြင်တတ်တဲ့ အသိဉာဏ်လေးကို ရလာတဲ့အခါ ဒီအကြောင်း ကိုယ်တိုင်ဖွင့်မပြောဘဲ အောင်သွယ်တော်တစ်ယောက်နဲ့ ပြောခိုင်းလိုက်တယ်"

"အဲဒီအချိန်က ကိုယ်လည်း ဒီရှင်ရိုင်ရှိုးကြီးကို ရောက်နေပြီး အမိုးရအလုပ်တွေကိုလည်း လုပ်ကိုင်နေပြီ၊ သူ့ဟာ အဲဒီစကားကို ကြားလိုက်ရတဲ့အချိန်ကစပြီး တစ်သက်မှာ တစ်ယောက်သာ ဦးစွာပထမ ချစ်ခဲ့မိတဲ့သူက သူ့ကို စွန့်ခွာသွားတော့မယ်ဆိုတဲ့ အသိကြောင့်၊ အဲဒီအသိက သူ့ရင်ကို လောင်တော့တာပဲ"

"ကိုယ် ဒီကရောက်သွားတဲ့အခါ သူ့ဗျာဗျာ ရှိတော့တယ်၊ ယုကိုရော ဘဝကိုပါ လောင်ကျွမ်းသွားတယ် ဆိုပါတော့၊ အပြင်ခန်းမှာ ဝတ်လတ်လေးနေရင်းက ကိုယ့်ကိုမြင်တော့ တစ်အောင့်လေး စိုက်ကြည့်နေပြီး လက်လေးကို ကမ်းပေးတယ်၊ ပြီးတော့ ကိုယ့်လက်ကို ဆုပ်ကိုင်ထားရင်းက ပြောတယ်"

"ချစ်သူရယ်၊ လမ်းခွဲမယ်ဆိုရင် အစကပင်ဘာလို့ချစ်ကြလဲကွယ်၊ အသည်းနုတဲ့မိန်းကလေးတစ်ယောက်ရဲ့နှလုံးသားကို မသနားဘူးလား၊ ချစ်သူရဲ့ ကြီးမားလွန်းတဲ့ ဆုံးဖြတ်ချက်ကြီးကိုတော့ မတားရက်ပါဘူး၊ သံသရာခရီးအတွက် ကိုယ့်ရဲ့နှလုံးသားကို လမ်းခင်းပေးလိုက်မယ်၊ ရဲရဲကြီးသာလျှောက်ပါ၊ တမ်းကြိုထားတဲ့ ကိုယ့်ရဲ့လက်ကလေးတွေဟာလည်း ဘယ်တော့မှ ရုပ်သွားမှာမဟုတ်ပါဘူး၊ ဆုပ်ချင်ဆုပ်ပါ၊ ဖုတ်ချင်ဖုတ်ပါ၊ ချစ်သူထားခဲ့တဲ့ နေရာမှာပဲ နေရစ်ခဲ့မှာပါ"

"အဲဒီလို ပြောရင်းက ကိုယ့်ကို ဖက်တယ်၊ နမ်းတယ်၊ ငိုတယ်၊ ပြီးတော့ ပြောတယ်၊ ကိုယ်မနေရတော့ဘူး ချစ်သူရယ်၊ ရှေ့ဆက်လျှောက်မယ့်ခရီးမှာ အခြားသူလေး တစ်ယောက်ယောက်ဟာ ကိုယ့်ကို မမြင်ပါစေနဲ့၊ ဒီတစ်ခုကိုတော့ ကတိပေးပါတဲ့၊ အဲဒီလိုစကားတွေကို ပြော

www.burmeseclassic.com

www.burmeseclassic.com

ရှင်းက သူ့ရဲ့စကားတွေက ဖြတ်တောင်းဖြတ်တောင်း ဖြစ်လာတယ်။ နောက် သူ့အာရုံတွေ ပြောနေတော့ သူ့စကားတွေက ထွက်မလာတော့ဘဲ သူ့ရဲ့လည်ချောင်းထဲမှာပဲ ပျောက်ကွယ်သွားပြီး သူလည်း ဆုံးပါးသွားတာပါပဲ"

နောက်မှာ ကျန်ရစ်ခဲ့ပြီဖြစ်သော အကြောင်းအရာတစ်ခုကို ပြောပြရင်းက မောင်အေးချမ်းလည်း စိတ်ထဲတွင် ဝေကောင်းဖြစ်နေမိ၏။ ယုမေလည်း ငြိမ်၍နားထောင်နေသည်။

"ဒီတော့ ယုမေ သူပြောခဲ့တဲ့ စကားတွေက တွေတွေတ်အောင် မှန်နေတယ်။ ရှည်လျားတဲ့ ကာလတွေတစ်လျှောက်လုံးလည်း မှန်နေဦးမှာပဲ။ အချစ်ဆိုတာ ဘဝတစ်ခုလုံးရဲ့နေရာကို ယူလိုက်ပြီး လူ ကားကားမှန်စေတဲ့ အဲဒီအချစ်ကို အချစ်နေရာမှာပဲ ထားသင့်တယ်။ စီးပွားရေး လူမှုရေး ပညာရေး စတဲ့ အရာအားလုံးနဲ့သာ ညှိပြီး စကား တစ်ရင် ရောထွေးကုန်တော့မှာပဲ။ ရောထွေးသွားချင်လည်း ရှုပ်ထွေးကုန်တော့မှာပဲ။ ဒါတွေကို ထိန်းထိန်း နားလည်နိုင်မှ မျှော်ခဲ့တဲ့အတွက် သေတဲ့လူက သေချိုးပြီးလေး ဘယ် တော့မှ ဖြစ်လာမှာလည်း မကျတ် တော့ဘူး။ ဒါကြောင့် တွေ့ရင်း ဖြင့် ခွင့်ရှိဆိုတာလည်း မရှိတော့ပါဘူး [illegible] အချစ်ဆိုတာ ကို သူ့ရဲ့ [illegible] အဖြစ်နဲ့ ဘဝကို ထိုက်ထိုက်တန်တန်ပြီး ဘဝထဲကို ကျဆင်းသွားခဲ့ပါပြီ။ ပြီးတော့ သူပြောသွားခဲ့တဲ့ စကားတစ်ခုကို လည်း မမေ့သင့်ဘူး။ အပြောသူက ကောက်ကောက်ကော သူ့ထိုကဲ ချိုမြိန် ပါစေနဲ့ ဆိုတာပါပဲ"

ယုမေ အာရုံစိုက်ကာ ငြိမ်ငြိမ် နားထောင်နေသည်။ ထို့ကြောင့် မောင်အေးချမ်းက ဆက်ပြောသည်။

"ကတော့ အချစ်ဆိုတဲ့ အသနက ရွှေရောင်နဲ့ ချောင်း ငြင်းရှိသလို စာရေးသက်ကြိုက်တဲ့ အခါလည်း ပျောက်ဆိုင်တျောက် [illegible] အဆေါင်း များစွာ အာရုံနေတတ်ကြတယ်။ အချစ်ကြောင့် ဘဝတစ်ခုလုံးကို ကောင်းအောင်လာလေအောင် ဘဝ ကိုရော ကောင်းကိုပါလည်း အချစ် ကြောင့် ပျက်စီးကြရ ပျောက်ကွယ် သွားခဲ့ကြပါတယ်။ သူက စိတ်ချ ကောင် [illegible] ဖြစ်တဲ့ [illegible] ဖြစ်နေလ [illegible] [illegible] [illegible] [illegible] ပါ။ ဒါတွေက ယုမေ [illegible] အချစ်ကြီး [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible]

တော့မှ အချစ်ကြောင့် ဒဏ်ရာဒဏ်ချက် အမာရွတ်တွေအဖြစ် မခံနိုင်ဘူးတွေလည်း ဒါကို ယုမေလေး ယုံပါ။ နားလည်ပါ။ သိမှာပါ။ အချစ်ကို ထားကျိုးထားပါ။ အချစ်ကို မြတ်နိုးပါ။ ဘာတော့မှလည်း နှလုံးသားကို အချစ်ကြောင့် ညစ်နွမ်းမခံပါနဲ့။ ဖန် သားထဲမှာထည့်ထားတဲ့ ခရုသင်းပွတ် လိုပဲ အမြဲတမ်းဖြူစင်ပြီး သန့်ရှင်းပါ စေ။ ထပ်တူပဲ အချစ်၊ ဘဝ၊ ပညာ ဒီသုံးခုလုံးကိုလည်း ယုမေ တန်ဖိုး ထားပါ။ ဘဝဆိုတာ လုံးဝ အတိမ်း အစောင်းခံတာမျိုး မဟုတ်ပါဘူး။ ထားချက်တလေး တိမ်းစောင်းသွားခဲ့ ရင် ကြာလေ ဦးတည်ချက်နဲ့ဝေးဝေး ဝေးသွားတတ်ပါတယ်။ ဒါကြောင့် ထပ်ပြောမယ်၊ ပြောခဲ့ဆိုခဲ့၊ တွေ့ကြုံ ခဲ့တဲ့ အဖြစ်မျိုးလို ဘယ်တော့မှ ယုမေလေးတစ်ယောက် မဖြစ်စေ ရဘူးလို့ ကို ဆုံးဖြတ်ထားပါတယ်"

ယုမေသည် သူ့တိုယ်လေးကို ရှိုးပြီး မောင်အေးချမ်း၏ ရင်ခွင်ထွင် ထဲသို့ အိပ်လိုက်၏။ တစ်ချက်မျှ နှိမ် ထား ချုတ်ရည်ကို သုတ်သည်။ ထို နောက် သူ၏လက်တလေးတွေကို ဖွတ်သိမ်ဆုပ်နယ်ရင်း . . .

"အဲဒီမမရဲ့ အဖြစ်တွေကို ကြား ရောင်ရင်းက ယုမေ ငိုချင်လိုက်တာ ကိုကိုရယ်။ သူက အရမ်းအချစ်ကြီး တာပဲနော်။ အသက်နဲ့တောင်မှ ချစ် သွားတယ်။ ချစ်ဦးသူနဲ့ အတူတူ ယဉ်ခွဲရတော့မယ်ဆိုတဲ့အခါ [illegible] ဖေးကြားနိုင်တဲ့အဆုံး ဘဝတစ်ခုလုံး ပါ ရှုံးသွားလိုက်တာပဲ။ [illegible]



www.burmeseclassic.com

www.burmeseclassic.com

တဲ့စကားတွေလည်း အရမ်းကောင်းပါတယ်။ ကိုကို့ရဲ့ နှုးလည်ခံယူချက်တွေကိုလည်း ယုမေမြတ်နိုးပါတယ်။ ကိုကို့လို လူကောင်းလူမှန်၊ ချစ်သူကောင်း ချစ်သူမှန် တစ်ယောက်ကို တွေ့ကြုံဖို့ဆိုတာလည်း လွယ်မှာ မဟုတ်ပါဘူး။ ဒီတော့ ယုမေ ကိုကို့ကို တစ်ခုပြောထားချင်တယ်"ဟုဆိုကာ ယုမေသည် မောင်အေးချမ်း၏မျက်နှာကို မော့ကြည့်၏။ ထို့နောက် ပြောသည်။

"ကိုကို ဘဝချို့ငဲ့တဲ့ ယုမေလေးကို စိတ်လည်းမဆိုးရဘူး၊ ဒေါသလည်း မထွက်ရဘူး။ ပြီးတော့ မဆူမငေါက်၊ မရိုက်ရဘူး။ ဘယ်လိုသဘောမကျတဲ့ အကြောင်းတွေပဲရှိရှိ ဥပေက္ခာလည်း မပြုရဘူး။ အဲဒါတော့ ကတိပေးပါ"

မောင်အေးချမ်း ဘာမျှမပြောသေးဘဲ ယုမေမျက်နှာကို စိုက်ကြည့်နေ၏။

"အဲဒီကတိဟာ အခုချိန်ကပင် တစ်သက်လုံးတည်ရမယ်နော် ကိုကို။ ယုမေက မိဘမရှိဘူး။ ဆွေမရှိ မျိုးမရှိ မွေးရာအရပ်ကိုတောင် မသိနိုင်တဲ့ သူလေးတစ်ယောက်ပဲ ကိုကိုရယ်။ ဒီတော့ ယုမေရဲ့ ဘဝတစ်ခုလုံးက ကိုကို့တစ်မျက်နှာတည်းပဲလေ။ ဒါလေး ကိုကိုရက်စက်လို့ ဘယ်ဖြစ်မလဲ။ ကိုကိုမကြိုက်တာတွေ့လို့ပြောရင်လည်း ယုမေ နားထောင်မယ်လေ။ နော် . . ကိုကို"

မောင်အေးချမ်း ခေါင်းညိတ်၏။ ယုမေပျော်သွားသည်။ မောင်အေးချမ်း၏ရင်ခွင်ထဲတွင် တစ်အောင့်ကြာအောင် ဝင်ခွေနေသည်။ ထို့နောက် မောင်အေးချမ်း၏ပခုံးကို သိုင်းဖက်ထားပြီး ပြောသည်။

"ယုမေရဲ့ဘဝက ကံဆိုးချင်တိုင်းဆိုးလာခဲ့ပြီး အခုတော့ တကယ်ကံကောင်းသူလေးအဖြစ်ကို ရောက်နေတယ်လို့ပဲ ယုံကြည်တယ်။ ဒါကြောင့် ပျော်လည်းပျော်တယ်။ ယုမေလို တွယ်ရာမဲ့ ရေမျောကမ်းတင် ကောင်မလေးတစ်ယောက်ကို ကိုကိုဆိုတဲ့ အရွယ်နဲ့မလိုက်အောင် သီလသမာဓိတွေ ပြည့်စုံပြီး တည်ကြည်ခံ့ညားတဲ့ လူကောင်းလူသန့် တစ်ယောက်က ဘဝထပ်တူသဘောထားပြီး ပညာရေးကစလို့ အစစအရာရာပြည့်စုံအောင် ပြုလုပ်ဖန်တီးပေးမယ်ဆိုတော့ ယုမေထက် ကံကောင်းတဲ့သူ ရှိပါဦးမလားလို့နော်။ ဒီလိုမျိုး လူသန့်လူခံ့တစ်ယောက်ကို အိမ်ထောင်ဖက်ရမယ့် ယုမေအဖို့လည်း ဘဝတစ်လျှောက်လုံး ဘယ်လောက်အထိ စိတ်ချမ်းသာရလေမလဲလို့ ဆိုပြီး ဝမ်းသာလို့မဆုံး ဖြစ်နေမိတာ အမှန်ပဲ။ ဒါကြောင့် ကိုကိုနဲ့ ယုမေ တစ်ယောက်နဲ့တစ်ယောက် တစ်သက်ပတ်လုံး စိတ်ဆိုး၊ ဒေါသထွက်တာမျိုးတောင် မဖြစ်အောင် နေသွားကြမယ်နော် ကိုကို"

မောင်အေးချမ်းက ခေါင်းညိတ်၏။ ယုမေ အသံတိုးတိုးဖြင့် ရယ်ကာ မောင်အေးချမ်းအား ဖက်၏။ ထို့နောက် ယုမေသည် သူ၏စိတ်ကူးယဉ် အကြောင်းလေးတွေကို အများကြီးပြော၏။ သူ ကျောက်ဖြူရောက်သွားပြီးနောက် သူ့ဆီကို မောင်အေးချမ်းက တစ်လတစ်ခေါက် လာတွေ့ရမည်ဟူ၍လည်း ပါ၏။ နွေရာသီကျောင်းပိတ်ရက်များတွင် မောင်အေးချမ်းနှင့် အတူလာနေမည်ဟူသော စကားများကိုလည်း ဝေဆာနေအောင် ပြောသည်။

ထို့နောက် မောင်အေးချမ်းနှင့် ယုမေတို့ ငှက်ကလေးတွေလိုလုပ်ပြီး ရခိုင်ရိုးမကြီး တစ်နံတစ်လျားကို တောင်ပံချင်းယှက်၍ ပျံသန်းသွားနေကြမည်ဟူ၍လည်း ဆို၏။ စမ်းရေသောက်ခြင်း၊ ပန်းကောက်ခြင်း အကြောင်းများကိုလည်း သူကြားဖူးတိုင်း စိတ်ကူးတည့်ရာ လျှောက်ပြော၏။ မြီးကောင်ပေါက် စိတ်ကူးယဉ်တတ်စအရွယ်တို့၏ သဘောဟူ၍ပင် ဆိုရပေတော့မည်။

ထို့နောက် စမ်းချောင်းများ၊ ကျောက်ကမ်းပါးယံကြီးများကို လျှောက်သွားပြီး စမ်းရေသောက်ကြသည်။ တောပန်းကလေးတွေကိုလည်း ခူးကြသည်။ ဘောင်တန်းများကိုလည်း အကြောင်းမဲ့ လျှောက်သွားကြသည်။ ယုမေမှာ ပျော်မဆုံး တပြုံးပြုံးဖြစ်၍နေ၏။ မောင်အေးချမ်းကလည်း ယုမေစိတ်ကို အပြည့်အဝ အလိုလိုက်၍ပေးထား၏။

*(ဆက်လက်ဖော်ပြပါမည်။)*

---

**မင်းဟိန်းထိုက်**

---



www.burmeseclassic.com

www.burmeseclassic.com

# အလှပြင်ရာမှ အလှပျက်သွားသူများ

ဦးဦးသိန်း

မလှသူကို လှအောင်ပြုပြင်ပေးသော အတတ်ပညာဖြစ်သည့် ပလတ်စတစ်ဆာဂျီရီသည် ယနေ့ကမ္ဘာတွင် အလွန်ခေတ်စားနေ၏။ အထူးသဖြင့် အမျိုးသမီးများသည် သူတို့၏ မျက်နှာအလှ၊ ရင်သားအလှ စသည်တို့ကို လှသည်ထက်လှအောင် ပြုပြင်လာကြ၏။

အာရှတိုက်တွင် တောင်ကိုရီးယားသည် ပလတ်စတစ်ဆာဂျီရီနည်းဖြင့် အလှပြင်ပေးရာ၌ ယခုအခါ နာမည်ကြီးနေ၏။ ဈေးနှုန်းလည်း ချိုသာ၏။

ထို့ကြောင့် ငွေကြေးကြွယ်ဝသူတို့သည် တောင်ကိုရီးယားသို့သွား၍ အလှပြင်ကြ၏။ ဤသို့သွားရောက်အလှပြင်ရာ၌ လှလာသူများရှိသလို၊ မလှလာဘဲ နဂိုအလှထက်ပင် ပျက်သွားရခြင်းနှင့် ကြုံရသူများလည်း ရှိလာ၏။

စင်ကာပူမှ အမျိုးသမီးတစ်ယောက်သည် ၂၀၁၃၊ စက်တင်ဘာလက တောင်ကိုရီးယားသို့သွား၍ ဒေါ်လာ ၁၀,၀၀၀ အကုန်အကျခံပြီး သူမ၏ မျက်နှာကို အလှသွားပြင်၏။ အထူးသဖြင့် သူမ၏ မျက်ခွံများမလှ၍ မျက်ခွံများလှရေးကို အဓိကထားပြီး သွားရောက်ပြုပြင်ရာ ပြုပြင်ပြီးသောအခါ သူမ၏မျက်ခွံများမှာ မညီမညာဖြစ်သွား၏။ ထို့အပြင် ဆရာဝန်သည် သူမ၏ ဝမ်းဗိုက်သားမှ အဆီပြင်ကို သူမ၏ ခွင့်ပြုချက်မယူဘဲ ထုတ်ယူပြီး သူမ၏ နဖူးထဲတွင် ထည့်သွင်းလိုက်၏။ သူမ၏ မျက်နှာသည် နဂိုထက်ပင် ပို၍အကြည့်ရဆိုးသွား၏။ သူမ စင်ကာပူသို့ ပြန်ရောက်လာသောအခါ သူမ၏ အိမ်သားများနှင့် မိတ်ဆွေအပေါင်းအသင်းများက "နင့်မျက်နှာဟာ အရင်ကနဲ့မတူဘဲ ပြောင်းသွားပြီ" ဟုသာ ပြောကြ၏။ ထိုအမျိုးသမီးသည် စိတ်မချမ်းမသာ ဖြစ်နေရရှာ၏။

သူမသည် စင်ကာပူရှိ ပလတ်စတစ်ဆာဂျီရီ ဆရာဝန်အချို့နှင့် သွားရောက်တွေ့ဆုံပြီး သူမ၏မျက်နှာကို ပြန်ပြင်၍ရရေး ဆွေးနွေးနေရ၏။

တောင်ကိုရီးယားသို့သွား၍ မျက်နှာအလှနှင့် ခန္ဓာကိုယ်အလှပြင်ခဲ့သူအချို့သည် သူတို့ထင်ထားသလို သူတို့လိုချင်သော အလှကိုမရဘဲ အလှပင်ပျက်သွားသောကြောင့် စင်ကာပူတွင် ပလတ်စတစ်ဆာဂျီရီဆရာဝန်များနှင့် ပြန်ပြနေရသော ဦးရေသည် တစ်ရာမကရှိလာပြီဟု စင်ကာပူမှ ဆရာဝန်တစ်ဦးက ပြောပြ၏။

တောင်ကိုရီးယားသို့သွား၍ အလှပြင်ပြီး စိတ်တိုင်းကျမဖြစ်သောကြောင့် စင်ကာပူသို့လာ၍ ပလတ်စတစ်ဆာဂျီရီ ပညာရှင်များနှင့် လာပြကြသော မလေးနှင့် အင်ဒိုနီးရှားမှ နိုင်ငံသူများလည်း ရှိသည်ဟု သိရသည်။

ပြဿနာအများစုမှာ ရောဂါကူးစက်ခြင်းများ၊ အမာရွတ်များ ထင်ကျန်နေခြင်းများနှင့် မျက်နှာအရေပြားများ တွန့်သွားခြင်းတို့ ဖြစ်၏။

တောင်ကိုရီးယားတွင် ပလတ်စတစ်ဆာဂျီရီအတွက် ကုန်ကျစရိတ်မှာ စင်ကာပူမှာထက် ထက်ဝက်ခန့် သက်သာ၏။

တောင်ကိုရီးယားသို့ သွားရာ၌ စကားအသုံးအနှုန်း ကွဲပြားသောကြောင့် လူနာက ပြောသည်ကတစ်မျိုး၊ ဆရာဝန်က နားကြားလွဲပြီး ပြုပြင်လိုက်သည်ကလည်း တစ်မျိုးဖြစ်တတ်၏။

ဆရာဝန်နှင့် ကာယကံရှင်သည် ဦးစွာပထမ ဆွေးနွေးမှုများ ပြုလုပ်ရမည်။ ကာယကံရှင်အကြိုက်ကိုသာ ဆရာဝန်က လုပ်ပေးရမည်၊ ဆရာဝန်က သူ့အကြိုက်ကို မလုပ်ပေးရ။ အကြံသာပေးရမည်ဖြစ်ပြီး ကာယကံရှင်က သဘောတူမှသာ လုပ်ပေးရမည်ဖြစ်၏။

တောင်ကိုရီးယားမှ ပြန်ရောက်လာသူအများစုသည် သူတို့ထင်သလိုဖြစ်မလာ၍ စိတ်ဆင်းရဲခြင်းကို ရကြရ၏။ လှလာသူများရှိပါ၏။ သို့သော်လည်း ထင်သလောက် မများဟု သိရသည်။

**ဦးဦးသိန်း**

***Sunday Times, 11.5.2014***

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဆိုတဲ့ကောင်က ထောင်ထဲနဲ့ ထောင်ပြင်ကို လူးလာခေါက်ပြန် သွားလာနေတတ်တဲ့သူ။ ကျုပ်အတွက် ထောင်ဆိုတာ ခြင်ထောင်လို့ပဲ မှတ်ထင်တယ်။ ဟုတ်တယ်လေ။ ကျုပ်လို ခြေသလုံးအိမ်တိုင် သမားတစ်ယောက် အပြင်မှာနေရတော့ ဘာထူးသေးလဲ။ ဘယ်မှာလဲအိမ်၊ ဘယ်မှာလဲ နေစရာ။ ဘယ်မိဘဆီကမှ အမွေခွဲဝေပေးစရာလည်း မရှိဘူး။ ကျုပ်ဘဝက တစ်ကောင်ကြွက်။

ဒီတော့ ကျုပ်အဖို့ ထောင်လောကထဲက လွတ်လာခဲ့ပြီဆိုတော့ ကျုပ်ကို နွေးနွေးထွေးထွေး ကြိုဆိုနေမယ့် မိသားစုလည်း မရှိဘူး၊ နေစရာအိမ်လည်း မရှိဘူး။ အဲ . . နေစရာအိမ်ဆိုတာသာ မရှိတာ။ ကျုပ်တစ်သက်လုံး နားခိုလာခဲ့တဲ့ နေရာတော့ ရှိတယ်။ အဲဒါ ကန္တားက ဂိုဒေါင်ကြီးဘေးတွေပဲ။

အဲဒီမှာအဆင်မပြေရင် ဘူတာကြီးပေါ်က ပလက်ဖောင်း စင်္ကြံတွေ၊ ဘုရားပရိဝုဏ်ထဲက ဇရပ်တွေ၊ ပန်းခြံတွေထဲက ခုံတန်းလျားတွေ ဒါတွေအားလုံးက ကျုပ်ဘဝအတွက် နားခိုစရာနေရာတွေ မဟုတ်လား။

ဒီနေ့မနက်ပဲ ကျုပ် ထောင်ကလွတ်လာခဲ့ပြီ။ ကျုပ်ဘယ်ကိုပြန်ရမလဲ စဉ်းစားတွေးတောရင်းလျှောက်လာနေခဲ့တယ်။ လက်ထဲမှာတော့ ထောင်ကပေးလိုက်တဲ့ လွတ်ဝါရမ်းလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတယ်။ ဒါက ကျုပ်တို့လို ထောင်ထွက်တွေရဲ့ ပင်မသွေးကြောပဲ။ အမြင်ရောက်လို့ ပြဿနာတစ်ခုတစ်ရာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာလျှင် ရှင်းနိုင်မယ့်အထောက် အထားပဲ။

လောလောဆယ် အရေးကြီးတာက ဒီနေ့မနက် စောစောထဲက နေ လွတ်လူဆိုပြီး ထောင်ကျုံးခေါ်သွား၊ အမှတ်အသားကြည့်နဲ့ အလုပ်တွေ ရှုပ်နေခဲ့တယ်။ ဒီတော့ အိပ်ဆောင်မှာ နံနက်တိုင်း ဆွဲနေတဲ့ ပုံစံဝါးတီးလေးတောင် မမှီဝဲခဲ့ရဘူးဗျာ။

ဘာပဲဖြစ်ဖြစ် ကျုပ်တို့လို အိမ်ခြေယာမဲ့ သာတီးဒီသမားတွေက ထောင်ထဲကကျွေးတဲ့ပုံစံ ဆန်ပြုတ်ရည်ကြဲကိုပဲ အဟာရဖြစ်အောင် မှီဝဲနေကြရတာ။ ခုတော့ လွတ်လူပေါ့ဆိုပြီး လာခေါ်သွားတာနဲ့ ဘာမှတောင် မစားမသောက်ရတော့ ဗိုက်ထဲက တဂွီဂွီနဲ့ သံစုံတီးဝိုင်း မြည်သံပေးနေပြီ။ ကျုပ်တို့အတွက် နံနက်စောစောစာ ဘရိတ်ဖတ် ဆန်ပြုတ်တော့ လက်လွတ်သွားခဲ့တယ်။

ကျုပ်အတွက်ကတော့ ထောင်ကျနေရတာ ပိုပြီး အဆင်ပြေတယ်။ စားစရာ အချိန်မှန်စား၊ အချိန်မှန်အိပ်နဲ့။ ဘယ်လောက် ကျန်းမာရေးနဲ့ ညီညွတ်လိုက်သလဲ။

ဒါကြောင့်လည်း ထောင်ဆိုတာကြီးက ကျုပ်တို့လို လူမျိုးတွေအတွက် နေချင်စရာ အိမ်ဂေဟာကြီးလိုပဲ။ အပြင်မှာဆို အိပ်ရနေရတာ ဇိမ်မကျဘူး။ ကျုပ်တို့ဝန်းကျင်တစ်ဝိုက်မှာ ရာဇဝတ်မှု ဖြစ်ပွားသွားလို့ကတော့ အရင်ဆုံး လာဆွဲခေ့သွားမှာက ကျုပ်တို့ပဲ။ အမှုထဲမှာ ပါပါမပါပါ နဂိုထောင်ထွက်ဆိုတဲ့ အိပ်ချက်ရှိပြီးသားတွေမို့ လောလောဆယ် စစ်စရာ ဆေးစရာရှိတယ်ဆိုပြီး အချုပ်ထဲ ဆွဲသွင်းတာပဲ။

အဲဒါပေါ့ဗျာ။ မြေနိမ့်ရာလှံစိုက်တယ် ဆိုတာမျိုးပေါ့။ တကယ်လုပ်သွားတဲ့လူက အဝေးပြေးရှောင်နေချိန်မှာ ကျုပ်တို့က အချောင်ဆွဲထည့်ခံရတယ်။ အဲဒီလို ကျုပ်တို့လို ပစ္စည်းမဲ့ လူတန်းစား ဘဝတွေက အပြင်မှာ ကောင်းကောင်းမွန်မွန် နေချင်လို့လည်း နေမရပါဘူး။

အမြဲတန်း ကျီးလန့်စာစားဘဝနဲ့ နေနေကြရတာ။ ဘယ်လိုပဲ ကောင်းကောင်းမွန်မွန် နေလို့မရတဲ့ဘဝမျိုး ဖြစ်နေတော့ မထူးဇာတ် ခင်းခဲ့ကြတာ များပါတယ်။ ကျုပ်တို့လို အိမ်ခြေရာခြေမရှိတဲ့ လူတွေအတွက် ဒုစရိုက်မှုကို ဘယ်လိုမှ ရှောင်ကွင်းမရတော့ ထောင်ထဲမှာနေရတာက ပိုပြီး လုံခြုံစိတ်ချရတယ်။

ဒီနေ့တော့ ကျုပ်ထောင်ခြောက်လကျခဲ့ပြီး ထောင်ထဲကနေ လွတ်လာခဲ့ပြီပဲ။ အထက်မှာ တင်ပြခဲ့သလို ကျုပ်အတွက် ပြန်စရာနေရာ မရှိလေတော့ ခြေသလုံးအိမ်တိုင် ဘဝနဲ့ပဲ လျှောက်သွားနေခဲ့တယ်။

လောလောဆယ် သံစုံမြည်နေတဲ့ ဗိုက်ကို အဟာရဖြည့်တင်းနိုင်ဖို့ ငွေဟာ အရေးပေါ် လိုအပ်နေပြီ။ ထောင်ထဲကထွက်လာတဲ့ လူအတွက် ဘယ်က ငွေဝင်လာနိုင်မှာလဲ။ အိတ်ကပ်ထဲမှာ ခြူးတစ်ပြားမှ မရှိတော့ လွတ်ဝါရမ်းလေးပဲ အိတ်ထဲထည့်ပြီး လျှောက်လာနေခဲ့တယ်။

ကျုပ်ကတော့ နေဒဏ်လေဒဏ်ရှောင်ပြီး အရိပ်ကောင်းကောင်း ရနိုင်မယ့် လမ်းကြီးတွေထဲကို ဖြတ်လျှောက်လာနေခဲ့တယ်။ ရပ်ကွက်ကြီးတလည်းဗျာ . . အိမ်ကြီးအိမ်ကောင်း၊ ဝင်းခြံကြီးတွေ ခတ်လို့။ လူဂုဏ်တန်ရပ်ကွက် ဖြစ်ဟန်တူတယ်။ ကျုပ်လည်း ထောင်ထဲမှာ အနေကြာလာတော့ ပြင်ပက အိမ်ခြေတိုက်တာ အဆောက်အအုံတွေနဲ့စိမ်းနေတယ်။

ကျုပ်အတွက် အရေးပေါ် သုံးစွဲလို့ရနိုင်မယ့် ငွေကို အရေးတကြီး ရှာဖွေနိုင်ဖို့ ခရီးသွားဟန်လွှဲ လုပ်ငန်းတစ်ခုခု လုပ်မှ ဖြစ်မယ်ဆိုတာ သဘောပေါက်လာတယ်။ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်နေတယ်။ ကျုပ်လည်း လူခြေတိတ်လွန်းတဲ့ရပ်ကွက်ထဲ ဖြတ်လျှောက်လာနေရင်း အခြေအနေကို အကဲခတ်ကြည့်နေတယ်။ အိမ်ကြီးတွေက ခိုင်ခိုင်ခံ့ခံ့ဆောက်လုပ်ထားပြီး ခြံစည်းရိုးမြင့်မြင့်ကြီးတွေ ကာရံထားတယ်။

တစ်နေရာကို ရောက်သွားစဉ်မှာ ခြံစည်းရိုးထိပ်က အုတ်တိုင်မှာ ပစ္စည်းထဲည့်တဲ့ သေတ္တာလိုလို ဟာလေးထဲမှာ သတင်းစာဂျာနယ်တွေ ထိုးထိုးထောင်ထောင်ထည့်ထားတယ်။ နွားနို့ပုလင်းနှစ်လုံးလည်း ထည့်ထားတယ်။ ကျုပ်လည်း တိုက်အိမ်ကြီးရဲ့ အနေအထားကို မနီးမဝေးကနေ အကဲခတ်ကြည့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com

အမှန်တော့ တိုက်တာခြံဝင်းကြီးတွေနဲ့ နေထိုင်နေခဲ့ကြတဲ့ လူတွေဟာ သူဌေးသူကြွယ်တွေပီပီ အပြင်ကို ကိစ္စဝိစ္စရှိလို့ သွားတဲ့လာတဲ့အခါ ကားအမျိုးမျိုး ထည့်လဲစီးပြီး သွားကြလာကြတာ များတယ်။ အိမ်အတွက် နေ့စဉ် မှာကြားထားတဲ့ ပစ္စည်းတွေ၊ သတင်းစာဂျာနယ်တွေကို သတ်မှတ်နေရာမှာ ထည့်ထားနိုင်ဖို့ ထည့်စရာ အဆင်သင့် လုပ်ပေးထားကြတယ်။

ကျုပ်လည်း ခြံဝင်းကြီးရှေ့ မလှမ်းမကမ်းနေရာဆီမှ အတန်ကြာအောင် စိုက်ကြည့်နေပြီး စိတ်ချရပြီထင်တော့မှ ခြံစည်းရိုးနားအသာကပ်လိုက်တယ်။ အိမ်ရှေ့ခြံဝင်းကြီးမှာ သော့ခတ်ပိတ်ထားပြီး ဘေးနားမလှယ်ပေါက် တံခါးသေးသေးလေးကိုတော့ ချက်ထိုးထားတယ်။

ကျုပ်လည်း အခြေအနေအကဲခတ်ပြီး ချက်တံခါးလေးကို အပြင်မှနေ လက်လျှိုနှိုက်ဖွင့်လိုက်တယ်။ ခြံတံခါးကို ခပ်တည်တည်ပဲ ဖွင့်ဝင်သွားလိုက်တယ်။ အကယ်၍ ခြံထဲမှာ တစ်စုံတစ်ယောက်နဲ့ တိုးနေခဲ့လျှင် အလုပ်လေးများ ရမလား လာရှာတာပါဆိုပြီး ဖြီးဖြန်းပြောမလို့ပေါ့။

အဲဒီလို ခြံကြီးထဲ ရောက်သွားသည့်တိုင် လူသူအရိပ်အယောင်ကို မမြင်ရတဲ့အတွက် တိုက်အိမ်ကြီးနားဆီ ချဉ်းကပ်သွားခဲ့တယ်။ တိုက်အိမ်တံခါးမကြီးက အခိုင်အမာ ပိတ်ထားတော့ ဘေးဘက်ပြူတင်းပေါက်ဘက် လျှောက်သွားကြည့်နေတယ်။ အုတ်တိုင်မှာ တပ်ထားတဲ့ လူခေါ်ခေါင်းလောင်းလေးကို အသာနှိပ်ကြည့်လိုက်တယ်။ အိမ်ထဲကနေ တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိတော့ လူမရှိမှန်း သေချာသွားတယ်။

ကျုပ်လည်း ပိုပြီးစိတ်ချသေချာသွားအောင် ဘေးပြတင်းပေါက်မှန်ကနေ အထဲကိုပတ်ပြီး လျှောက်ကြည့်နေတယ်။ ဧည့်ခန်းထဲက နေရာမှာတော့ အဖိုးတန်ပစ္စည်းတွေ ခင်းကျင်းထားတယ်။ စကိုင်းနက်တီဗီကြီးတွေကော၊ ဗီစီဒီစက်တွေနဲ့ ကွန်ပျူတာပါရှိနေတယ်။ သိန်းကျော်တန် ပရိဘောဂတွေကလည်း အနှံ့မှာ ခင်းချထားတယ်။

ကျုပ်ကိုယ်တိုင် ထံခါးပေါက်ဝက လူခေါ်ဘဲလ်ကိုနှိပ်ထားတာတောင် တစ်စုံတစ်ယောက်မှ ထွက်မလာတော့ လောလောဆယ် အိမ်ထဲမှာ လူသူကင်းရှင်းနေမယ်ဆိုတာ သေချာနေတယ်။ ဒါကြောင့် အိမ်နောက်ဖေးဘက်ဆီ ပတ်ကြည့်ပြီး ဝင်လို့ရနိုင်မည့်နေရာကို ဝင်ပေါက်လိုက်ရှာကြည့်နေတယ်။

နောက်ဖေး မီးဖိုဆောင်နေရာအထက်ဘက် ပြတင်းပေါက်နေရာ သေးသေးလေးမှာ လေဝင်ပေါက်တစ်ခုလို သံတိုင်လေးချောင်း ကာရံပြီးထားတာ တွေ့ရတယ်။ ကျုပ်လည်း ဝတ်လာတဲ့ လုံချည်ကိုချွတ်လိုက်ပြီး အိမ်နောက်ဘက်က အုတ်ကန်ကြီးထဲမှာ ရေစိုအောင် နှစ်လိုက်တယ်။ နောက် ရေကုန်အောင် ညှစ်ထုတ်ပစ်လိုက်တယ်။

အိမ်နောက်ဖေးဆောင် အပေါ်ကို နောက်ဖေးမှာ ကာရံထားတဲ့

**ခုတော့ ကိုယ့်အဖြစ်က ဆွမ်းခံရင်းငှက်သင့်ဆိုသလို မည်သူ့ရဲ့လက်ချက်နဲ့ သတ်ဖြတ်ခံထားရလို့ အိပ်ရာပေါ်မှာ ရင်ဝဓားတန်းလန်း စိုက်ဝင်နေတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ လူသေအလောင်းတစ်လောင်းနဲ့ ပက်ပင်းတိုးနေတယ်။**



www.burmeseclassic.com

www.burmeseclassic.com

အုတ်တံတိုင်းပေါ်ကနေ တစ်ဆင့်တက်ပြီး သံတိုင်နှစ်ချောင်းစီကို ရေစိုနေတဲ့ လုံချည်နဲ့ ပတ်ချည်လိမ်နေတယ်။

မကြာမီမှာ ပြူတင်းပေါက် သံတိုင်နှစ်ချောင်းစီ ပူးကပ်သလိုမျိုး ကွေးသွားတယ်။ ပြူတင်းပေါက်သံတိုင်က လူဝင်ပေါက်လို ဖြစ်သွားတဲ့ နေရာနားမှာ ခေါင်းကိုလျှိုသွင်းကြည့်တယ်။ ကျုပ်လည်း ခေါင်းဝင်ကိုယ်ဆံ့သလို ခေါင်းကို အသာသွင်းပြီး ကိုယ်ကိုပါ လိမ်သွင်းလိုက်တယ်။

မကြာခင်မှာ ကျုပ် အိမ်ကြီးထဲကိုရောက်သွားတယ်။ အိမ်ကြီးထဲမှာ လူသူကင်းမဲ့နေလို့ အပ်ကျသံမကြားရအောင် တိတ်ဆိတ်နေတယ်။ လောလောဆယ် မီးဖိုချောင်ထဲမှာ တွေ့မြင်နေရတဲ့ ပေါင်မုန့်တွေကိုပဲ အငမ်းမရ စားပစ်နေတယ်။ ငှက်ပျောသီး နှစ်လုံး သုံးလုံးကိုလည်း အခွံနွှာ စားပစ်နေတယ်။

နောက်ဖေးခန်းထဲက အိမ်ရှေ့ဆီ ထွက်လာတဲ့အခါ ဧည့်ခန်းထဲရှိ ဆက်တီစားပွဲပေါ်မှာ နောက်နေ့မှစ၍ နွားနို့ မပို့ရန် စာတစ်စောင်ကို ရေးထားတယ်။ စာအိတ်ကို ရေးထားပြီးမှ အိမ်အပြင်ဘက် စာတိုက်သေတ္တာထဲ မထည့်ဖြစ်သေးဘဲ မေ့ထားခဲ့ဟန်တူတယ်။

ကျုပ် စာကိုဖတ်ပြီး မဲ့ပြုံးတစ်ချက် ပြုံးလိုက်တယ်။ အိမ်ရှင်ဟာ ကတိုက်ကရိုက်နိုင်ပြီး ပေါ့တီးပေါ့ဆ နေတတ်သူမှန်း အကဲခတ်လိုက်မိတယ်။ ကျုပ်လည်း အောက်ထပ် အိမ်ခန်းများဆီ လှည့်ပတ်နားထောင်ကြည့်သော်လည်း မည်သည့်အသံမျှ မကြားရဘဲ တိတ်ဆိတ်နေတယ်။ အိမ်ဖော်များအတွက် နေထိုင်ရန် ပေးထားသော အခန်းများဟု စိတ်မှာထင်မှတ်၍ အပေါ်ထပ်ဆီ ဖြည်းဖြည်း တက်လာခဲ့တယ်။

ပထမဆုံး အပေါ်ထပ်ရှိအခန်းကျယ်ကြီးမှာ ဝင်းလက်ပြောင်နေအောင် ကြမ်းပြင်မှာ ပါလစ်ရောင် ဖိတ်ဖိတ်တောက်နေတယ်။ ကျုပ်လည်း မနင်းရဲနင်းရဲ ဝင်လိုက်တယ်။ နှစ်ယောက်အိပ် မွေ့ရာကြီးကလည်း ပိုင်ရှင်မဲ့နေသလို ခေါင်းအုံးနှင့်စောင်များ ထားရှိတယ်။

ကျုပ်စိတ်ထဲမှာ တစ်စုံတစ်ရာ လေးလံလာသလို ခံစားလာနေရတယ်။ ဤမျှ လူသူကင်းရှင်းနေသော တိုက်အိမ်ကြီးထဲမှာ တစ်ကိုယ်တည်း ဝင်ရောက်ကာ လှည့်လည်သွားလာနေရသည်ကို ကျောချမ်းသလိုလို၊ ကြောက်ချင်သလိုလို ဖြစ်ပေါ်ခံစားနေမိတယ်။

ကျုပ်အဖို့ ဒီလို အတွေ့အကြုံမျိုး ကြုံခဲ့ဖူးပေါင်း များနေပြီမို့ စိတ်ကို ဖြေသိမ့်လိုက်တယ်။ ပထမဆုံး ဗီရိုကြီးကို ဆွဲဖွင့်ရှာဖွေကြည့်နေလိုက်တယ်။ အမျိုးသမီးသုံး အဝတ်အစားများနှင့် အဆောင်အယောင်များသာ ဖြစ်နေတယ်။ ထဘီထပ်များကို တစ်ထပ်ချင်းစီ လှန်လှောရှာဖွေကြည့်နေတယ်။ ဗီရိုကြီးထဲမှ အံဆွဲကို အသာအယာ ဆွဲဖွင့်ကြည့်လိုက်တော့မှ ယွန်းသေတ္တာဘူးလေး တစ်ဘူးကို တွေ့မြင်လိုက်ရတယ်။

ယွန်းသေတ္တာဘူးထဲတွင် ရွှေငွေလက်ဝတ်ရတနာ ပစ္စည်းများဖြစ်သော လက်စွပ်၊ လက်ကောက်၊ ရွှေဘီး၊ ရွှေဆံထိုး စသည်တို့ ဖြစ်နေတယ်။ ကျုပ်လည်း ဘာဘာညာညာ စဉ်းစားမနေတော့ဘဲ ဗီရိုဘေးက လက်ဆွဲအိတ်ကြီးတစ်လုံးကို လှမ်းယူပြီး သွန်ထည့်လိုက်တယ်။

နောက် မှန်တင်ခုံပေါ်လျှောက်ရှာဖွေကြည့်ပြီး အံဆွဲထဲမှ လက်ကောက်ကွင်းများနှင့် ဆွဲကြိုးတစ်ကုံးကိုထပ်တွေ့သဖြင့် အိတ်ထဲကောက်ထည့်လိုက်တယ်။ ထိုကဲ့သို့ အိပ်ခန်းထဲမှပစ္စည်းများ ထည့်သိုနေစဉ် ကျောထဲစိမ့်သွားသလို ခံစားလာနေရသဖြင့် အောက်ထပ်မှ တစ်စုံတစ်ရာ အသံဗလံကြားဟန်ထင်၍ နားစွင့်ကြည့်နေတယ်။

ယင်းနောက် ပစ္စည်းများ ထည့်ထားသော သားရေအိတ်ကိုလွယ်လျက် လှေကားမှ အောက်သို့ တစ်ထစ်ချင်း နင်းပြီး ဆင်းလာခဲ့တယ်။ ထိုစဉ် လေနုအေးကလေးတစ်ချက် ကသုတ်ကယက် တိုက်ခတ်သွားသလိုစိတ်အသိမှာ ခံစားလိုက်ရသဖြင့် မည်သည့်အကြောင်းကိစ္စ ဖြစ်သည်ကို တွေးမရနိုင်အောင် ဖြစ်နေတယ်။

သို့သော်လည်း ကျုပ်စိတ်ထဲ တွေးထင်နေတာ ဖြစ်မည်ဟု တွေးကာ အောက်ထပ်ဆီ ဆင်းလာခဲ့

www.burmeseclassic.com

www.burmeseclassic.com

တယ်။ အောက်ဘက် လှေကားနား ဆီ ရောက်လာတော့မှ မူလအိမ်ပေါ် တက်သွားစဉ်က ပိတ်ထားသော လှေကားအောက်မှ အခန်းတံခါး ခပ်ဟဟပွင့်နေသည်ကို တွေ့မြင် လိုက်ရတယ်။

ကျုပ် မျက်စိမှားတာလား . . ၊ အမှတ်တမဲ့ ဖြစ်သွားခဲ့တာလားဟု စိတ်ထဲ ဇဝေဇဝါဖြစ်သွားတယ်။ ကျုပ်ပထမဦးဆုံး အိမ်ကြီးပေါ်မတက် ခင်အချိန်တုန်းက ယင်းအခန်း ပိတ် ထားသည်ဟု ယုံကြည်နေတယ်။ ယခု အခန်းတံခါးမှာ ခပ်ဟဟ ပွင့် နေသောကြောင့် စိတ်ထဲ မသိုးမသန့် ဖြစ်ပေါ်လာကာ ရုတ်တရက် အခန်း တံခါးကို ဆွဲဖွင့်ကြည့်လိုက်တယ်။

ကျုပ်စိတ်တွေ သည်းအူတုန် လောက်အောင် ကြောက်ရွံ့အော် ဟစ်ပစ်ချင်သလိုလို လန့်ဖျပ်တုန် လှုပ်သွားတယ်။ ကျုပ် နှလုံးခုန်နှုန်း တွေဟာ သိပ်ကို မြန်ဆန်လာနေ တယ်။ ကျုပ်အဖြစ်က အိမ်ကြီးတစ် အိမ်ထဲမှာ လူသူကင်းရှင်းနေတုန်း မှာ ရှာဖွေလို့ရသမျှ ပစ္စည်းတွေကို အလွယ်တကူ ထုခွဲရောင်းချပြီး စား သောက်နေထိုင်မယ်ဆို တစ်နှစ်တာ လောက် ကောင်းကောင်းနေနိုင်မယ့် အခြေအနေမျိုး။

ခုတော့ ကိုယ့်အဖြစ်က ဆွမ်းခံ ရင်းငှက်သင့်ဆိုသလို မည်သူရဲ့လက် ချက်နဲ့ သတ်ဖြတ်ခံထားရလို့ အိပ်ရာ ပေါ်မှာ ရင်ဝဓားတန်းလန်း စိုက်ဝင် နေတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ လူ သေအလောင်းတစ်လောင်းနဲ့ ပက် ပင်းတိုးနေတယ်။

ကျုပ်လည်း ဘာဘာညာညာ သိပ်တွေးမနေနိုင်တော့ဘူး။ နောက် ကျတဲ့ခြေထောက် သစ္စာဖောက်လို့ သတ်မှတ်ပြီး ထိုနေရာကနေ တစ် ချိုးတည်းလစ်ထွက်ပြေးဖို့ ကြိုးစား လိုက်တယ်။

ဟော . . . ကျုပ်ဝင်လာတုန်း အချိန်က အိမ်ရှေ့ဝင်ပေါက် တံခါး မကြီး သေသေချာချာ ပိတ်ထား တယ်လို့ ထင်ခဲ့တယ်။ ခုတော့ ကျွန်း တံခါးကြီးဟာ ဘယ်လိုဘယ်လို စေ့ရုံ စေ့ထားတာကို အမှတ်မထင် တွေ့ မြင်လိုက်ရတယ်။

ကျုပ်ထက်ဦးတဲ့ လူတစ်ယောက် ယောက်က ဤအိမ်ကြီးထဲမှာ အိမ် ရှင်ကိုသတ်ပြီး လူသတ်မှု ကျူးလွန် သွားခဲ့တာကို အသာတကြည် ရှောင် ထွက်သွားခဲ့ဟန် တူတယ်။ ကျုပ် ကိုယ်ကျုပ် လည်လှပြီ မှတ်နေတာ။ ခုတော့ ဂျင်ပေါ်ကထုံးက ကျုပ်ကို ပညာပြသွားခဲ့ပြီ။

ကျုပ် ဝင်ပေါက်တံခါးကြီးကို ဆွဲဖွင့်လိုက်စဉ်မှာပင် ခြံဝင်းထဲကို ဥသြသံတွေ ဆူညံအောင် မြည်ဟီး ပြီး မောင်းဝင်လာနေတဲ့ ရဲဝိုင်ယာ လက်ကားလေးနှင့်အတူ ရဲတပ်ဖွဲ့ဝင် တွေကို တွေ့မြင်ခဲ့ရတော့တယ်။

မည်သည့်အချိန်ကမှား ရဲတပ် ဖွဲ့စခန်းဆီကို တစ်စုံတစ်ယောက်က နေ ဖုန်းဖြင့် လှမ်းအကြောင်းကြားခဲ့ ဟန် တူတယ်။ ကျုပ်လည်း ကိစ္စဝိစ္စ ပြီးစီးလို့ အိမ်ထဲတနေအထွတ်မှာ အချိန်ကိုက် ကြိုတင်စီစဉ်ထားခဲ့ပုံရ တယ်။

ခုတော့ ကျုပ်ကို လက်ထဲမှာ ခိုးထုပ်ခိုးထည်နှင့်။ အိမ်ထဲကနေ ထွက်လာနေစဉ်ခိုက်မှာ . . .

"ဟောဒီလူပါပဲ။ ကျွန်တော် အပြင်ကနေ အိမ်ကို ပြန်လာတုန်း ကျွန်တော့်အိမ်ထဲကို ဖောက်ထွင်း ဝင်ရောက်နေတဲ့လူပါ။ အိမ်ထဲမှာ တော့ ကျုပ်ဇနီးတစ်ယောက်လုံး ရှိ နေတာ သူဘယ်လိုများ လုယက်ပြီး ထွက်လာခဲ့တာလဲ မသိဘူး။ ကျွန် တော့်ဇနီး တစ်ခုခုများ ဖြစ်နေပြီလား ဝင်ကြည့်ကြပါဦး ခင်ဗျာ"

လို့ ရဲအရာရှိကို သတင်းပို့ တိုင်ကြားနေတာကို တွေ့မြင်ခဲ့ရ တော့တယ်။ ကျုပ်မှာ နေရင်းထိုင် ရင်း ဘုန်းကြီးအမှု ရွာပတ်တယ် ဆို မလားဘဲ။ သူများ ကျူးလွန်သွားခဲ့တဲ့ လူသတ်မှုမှာ ကျုပ်က ဓားခုတ်ရာ လက်ဝင်လျှိုမိသလို ဖြစ်နေတယ်။

ကျုပ်ကို ရဲတပ်ဖွဲ့ဝင်တွေက တစ်ကိုယ်လုံး ရှာဖွေစစ်ဆေး ကြည့် နေတုန်းမှာ ထောင်လွှတ်လက်မှတ် လေးတစ်စောင်က ကျုပ်ဘဝအတွက် ကံဆိုးမိုးမှောင်ကျစေမယ့် သက်သေ ခံချက် ဖြစ်နေမယ်ဆိုတာတော့ မြေကြီးလက်ခတ်မလွဲ အသေအချာ ပဲပေါ့ဗျာ။

**မိုးဓေ**

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# မရှိမာန ရှိမာန

ကာတွန်းကြည်ဝင်း

'ဒေါင်းကြီး' ...တဲ့။

သက်တူရွယ်တူများက ဤသို့ခေါ်ကြ၏။

ငယ်ရွယ်သူတွေကတော့ 'ဦးဒေါင်း' တဲ့၊ 'လေးဒေါင်း'တဲ့၊ 'ဘကြီးဒေါင်း'တဲ့၊ စသည်ဖြင့် ခေါ်ကြပါသည်။

သူ့နာမည်အပြည့်အစုံမှာ ဒေါင်းစိန်။ အသက်က ငါးဆယ်ဝန်းကျင်ရှိလာခဲ့ပြီမို့ ဦးဒေါင်းစိန်ပေါ့။

ဒေါင်းကြီးလုပ်ခဲ့သည့် အလုပ်တွေက စုံလှပါပြီ။ လက်ရှိ သူ့အလုပ်မှာ သယ်ယူပို့ဆောင်ရေးဆရာ၊ ဆိုက်ကားသမား။ အလပ်စုံအောင်လုပ်ခဲ့သူ ဖြစ်၍လည်း ဒေါင်းကြီး၏ အတွေ့အကြုံတွေမှာ မနည်းတော့။ အဆင်ပြေမှု၊ မပြေမှုဆိုသည့် ဘဝအမောတွေနဲ့ ကြုံခဲ့ဆုံခဲ့ ဖြတ်သန်းခဲ့ရတာတွေလည်း များခဲ့ပါပြီ။

ဒေါင်းကြီးသည် ပင်ကိုကပင် စိတ်ကောင်း၊ စေတနာကောင်းရှိသူ၊ ကိုယ့်အားကိုယ်ကိုးတတ်သူ၊ မဟုတ်လျှင် မခံတတ်သူ၊ သူတစ်ထူးထံ လက်ဖြန့်မခံလိုသည့်စိတ်ဖြင့် မာနကြီးသူတစ်ယောက်သာ။ သူ့မိသားစုစားဝတ်နေရေးအတွက် ဆိုက်ကားနင်းနေရသည် ဆိုလင့်ကာမူ လောဘဖြင့် ငွေမရှာ ...။ ဘုရားပေးသလောက်၊ ကံရှိသလောက်ဟုသာ သဘောပိုက်သည်။ ဆိုက်ကားနင်းနေစဉ် သက်ကြီးရွယ်အိုများ၊ တုန်တုန်ချည့်ချည့် သွားလာနေတာတွေ့လျှင်ပင် သွားလိုရာသို့ အဖိုးအခမယူ ပို့ပေးတတ်၏။ လမ်းထဲ၊ ရပ်ကွက်ထဲ သာရေးနာရေးဆိုလျှင်လည်း ကိုယ်ဖိရင်ဖိ အကူအညီပေးတတ်သ-သို မီတာဆောင်ခြင်း၊ ရေစည်ရင်းတိုင်ခြင်းနှင့် တောက်တိုမည်ရ နိုင်းသည့်အလုပ်များဆိုလျှင်လည်း မညည်းမညူ လုပ်ပေးတတ်၏။

သို့အတွက်ကြောင့်လည်း လုပ်ဖော်ကိုင်ဖက်များနှင့် တစ်ရပ်ကွက်လုံးမှ ဒေါင်းကြီး၊ ဦးဒေါင်း၊ လေးဒေါင်း၊ ဘကြီးဒေါင်းဟူ၍ ချစ်ကြသည်၊ ခင်ကြသည်။

ဒေါင်းကြီး၏ ပါရမီဖြည့်ဖက်ဇနီးမှာ ဒေါ်ပန်းနု။ နာမည်က ပန်းလိုနုနယ်သည်ဆိုသော်ငြား ဘဝကောက်ကြောင်းမှာ ကြမ်းလိုက်ပါဘိ။ နာမည်နှင့်မလိုက်ဖက်။ ဒေါ်ပန်းနုသည်လည်း အလုပ်တွေစုံအောင်လုပ်ခဲ့သူပါ။ ဒု ..သူတို့မှာ ဘဝအမောတွေကြား လူဖြစ်အောင်မွေးဖွားခဲ့ရသည့် ရှစ်တန်းကျောင်းသားတစ်ယောက်၊ ငါးတန်းကျောင်းသူတစ်ယောက် သားနှင့်သမီး နှစ်ယောက်ရှိသည်။

သည်သားနှင့်သမီး နောင်ရေးပညာတတ်တွေဖြစ်ဖို့ ဒေါင်းကြီးတစ်ယောက်လုပ်စာဖြင့် မလုံလောက်။ သည့်အတွက် မောင်တစ်ထမ်း၊ မယ်တစ်ရွက်စကားကို ပမာပြု၍ ဒေါ်ပန်းနုသည် ရပ်ကွက်ထဲတွင် တစ်အိမ်တက်ဆင်း အဝတ်လျှော်သည်။ မီးပူတိုက်၊ ရေခပ်သည့်အလုပ်ကို မနားမနေလုပ်သည်။ သာရေးနာရေးဆိုလျှင်လည်း အနိမ့်ဆုံးအလုပ် ပန်းကန်ဆေးသည့်နေရာကို တာဝန်ယူတတ်သူပါ။

ငွေကြေးဥစ္စာ ဆင်းရဲသော်လည်း စေတနာချမ်းသာသော ဦးဒေါင်းစိန်နှင့် ဒေါ်ပန်းနုတို့၏ ဘဝအဆိုးအကောင်း ဖြတ်သန်းခဲ့ရသည့် လွန်လေပြီးသော ပုံရိပ်များသည် ...။

●

ဒေါင်းစိန်လေးမှာ ငယ်စဉ်အခါ ပညာမသင်ခဲ့ရသော်လည်း ရွာဘုန်းတော်ကြီးပညာသင်ကျောင်းတွင် ပရိတ်ကြီး (၁၁)သုတ် ကုန်စင်အောင် သင်ခဲ့ရသည်။ ဘုန်းတော်ကြီးဆိုဆုံးမမှုအောက်တွင် ကြီးပြင်းခဲ့ရသူ ဖြစ်၍လားမသိ။ ဒေါင်းစိန်သည် ငယ်စဉ်ကတည်းကပင် ယဉ်ကျေးသည်၊ ရိုးသားဖြောင့်မတ်သည်။ မဟုတ်တာမလုပ်၊ မဟုတ်လျှင်မခံ။ ပြီးတော့ ကိုယ့်အားကိုယ်ကိုးချင်သည့် မာနလည်း ရှိသည်။ ပေးတိုင်းမယူ၊ ကျွေးတိုင်းမစား။ သူများဆီ လက်ဖြန့်မခံ။ ဒါက ဒေါင်းစိန်၏ ပင်ကိုစရိုက်။

ဒေါင်းစိန်အရွယ်ရောက်လာတော့ တစ်ရွာမပြောင်း သုံးကောင်းမဖြစ်ဆိုသည့် ထုံး နှလုံးမူ၍ ရန်ကုန်ရောက်လာပြီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ စားပွဲထိုး ဝင်လုပ်ခဲ့၏။ စားပွဲထိုးလုပ်သက် အတော်အသင့်ရလာခဲ့ပြီးနောက် သူကြုံစားမှု

www.burmeseclassic.com

ရိုးသားမှုဖြင့် ကြော်ဆရာ ဖြစ်လာခဲ့ပါသည်။ ကြော်ဆရာတို့၏ ထုံးစံအတိုင်း တစ်ဆိုင်အဆင်မပြေ တစ်ဆိုင်ပြောင်း။ ဆိုင်တော်တော်များများမှာ လုပ်ကိုင်ခဲ့ဖူးသူပါ။

ကြာလာတော့ အိပ်ရေးအပျက်ခံ၊ မီးအပူခံ၊ ညှော်နံ့ခံလုပ်ရတဲ့ ကြော်ဆရာအလုပ်ကို ဒေါင်းစိန်စိတ်ပျက်စပြုလာသည်။ ပိုဆိုးသည်မှာ ဆိုင်ပိုင်ရှင်တို့၏ မောက်မာစွာ ပြောဆို၊ မတရားခိုင်းစေမှု၊ အလုပ်ရှင်နှင့် အလုပ်သမား အပေးအယူ မမျှတမှုများကို မခံချင်တော့။ ဒါကြောင့်ပင် ဒေါင်းစိန် သူ့အလုပ်သူ ငြီးငွေ့စိတ်ပျက်စွာ စွန့်ခွာခဲ့ပြီး ပန်းရန်အဖွဲ့တစ်ဖွဲ့ထဲ ဝင်၍ လုပ်ခဲ့ပါသည်။ ပထမတော့ လူကြမ်းပေါ့။ သိပ်မကြာပါ။ ပညာမတတ်သော်လည်း ဉာဏ်ကောင်းသော ဒေါင်းစိန် သန့်လျက်ကိုင်ဖြစ်လာပြီး နေ့စားခလည်း ပိုရလာသဖြင့် ပန်းရန်ဆရာဘဝကို ပျော်ပိုက်လာပါသည်။

ထိုပန်းရန်ဆရာဘဝမှာပင် ဒေါင်းစိန်တစ်ယောက် လူပျိုဘဝကို စွန့်လွှတ်ခဲ့ရပါ၏။ ဆိုရသော် သူ့အလုပ်ဆိုက်မှ မဆလာသယ်သည့် အလုပ်ကြမ်းသမလေး ပန်းနုဆိုသူနှင့် ဖူးစာဆုံခဲ့ပါသည်။ သူတို့နှစ်ဦးသည် ဆိုးတူကောင်းဘက်ဘဝကို လက်တွဲလျှောက်ကြမည်ဟု ဆုံးဖြတ်ချက်အခိုင်အမာဖြင့် လက်ထပ်ယူခဲ့ကြပါ၏။

ညားခါစမို့လားမသိ၊ ဒေါင်းစိန်နှင့် ပန်းနု သူတို့ဘဝလေးကိုသူတို့ ပျော်ပိုက်ခဲ့ကြပါသည်။ ဒေါင်းစိန်ကလည်း ပန်းနုကိုချစ်သည်။ အလိုက်အကြိုက်ဆောင်သည်။ ပန်းနုကလည်း ဒေါင်းစိန်ကို ချစ်သည်။ အားကိုးသည်။ တစ်ယောက်နှင့်တစ်ယောက် ယုံကြည်ကိုးစားမှုများဖြင့် တည်ဆောက်ထားသည့် နှစ်ယောက်တစ်ဘဝ ဇနီးမောင်နှံဟု ဆိုရမည်သာ။

သူတို့နှစ်ဦးသည် အလုပ်ဆင်းလျှင်လည်း တစ်ဆိုက်တည်းမို့ ပို၍ အဆင်ပြေပါသည်။ အလုပ်နား ထမင်းစားချိန်များဆိုလျှင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၊ တစ်လုတ်စီ ဟင်းထည့်ပေး၊ အပြန်အလှန်ခွံ့ကျွေးဖြင့် အမောပင်ပြေလို့။

သိပ်မကြာပါ။ ပန်းနုမှာ ဒေါင်းစိန်၏ ရင်သွေးလေး လွယ်ထားခွင့် ရခဲ့ပါပြီ။ သည်တုန်းက ဒေါင်းစိန်သည် သူ့ကိုယ်သူ 'လူဖြစ်ပြီကွ' ဆိုကာ လက်နှစ်ဖက်မြှောက် ပျော်လိုက်သည့်ဖြစ်ခြင်း။

သို့ငြားလည်း ...

အပျော်ဆိုတာ ထာဝရမရနိုင်တဲ့ လောကသဘာဝတရားအရ ရန်ဖန်ရန်ခါ ပြောင်းလဲတတ်သည်သာ။ အကြောင်းသော် ပန်းနုမှာ ကိုယ်ဝန်ရင့်လာတော့ အလုပ်မဆင်းနိုင်။ ဝင်ငွေမှာ လျော့သွားခဲ့ပြီ။ ဝင်ငွေလျော့သွားပေမဲ့ ထွက်ငွေက ဒီရေအလား တက်လာခဲ့သည်မှာ မျက်ဖြူဆိုက်စရာပါ။ ကိုယ်ဝန်ဆောင်ခြင်းသည် သဘာဝတရားအရ လွယ်သည် ဆိုငြား ကိုယ်ဝန်ဆောင်ရသည့်အချိန် ကိုယ်ဝန်ဆောင်အားဆေးမှအစ အစာအာဟာရ၊ ဆေးရုံသွားပြ၊ သွားအပ်ရသည့် စရိတ်စက ဒုက္ခတွေမှာ ရှောင်လွှဲ၍မရ။ သည်ဒုက္ခတွေ ဖြေရှင်းဖို့ဆိုတာ ငွေအရင်းအနှီးကလည်း ကြီးမားလွန်းလှပါ၏။

သည့်အတွက် ဒေါင်းစိန် ခေါင်းကုတ်အဖြေရှာရသည့် အခါပေါင်းကမနည်းတော့။ ဒါပေမဲ့ ဒေါင်းစိန် ကြံ့ကြံ့ခံကာ ရင်သွေးအတွက်ဆိုသည့် ဖခင်လောင်းတစ်ယောက်၏ မေတ္တာစိတ်က သူ၏ခွန်အားကို တက်စေခဲ့ပါသည်။

သို့ပါ၍ ဒေါင်းစိန်သည် နေ့ဘက် ပန်းရံအလုပ်ဆင်းပြီး ညဘက် ဆိုက်ကား ထွက်နင်းသည်။ အဆင်ပြေသွားသည်ဟု မဆိုသာသော်လည်း ခုမိကာမိသည့်မို့ ဒေါင်းစိန် အပင်ပန်းခံရကျိုးနပ်သည်ပင်။ ပန်းနုကတော့ ဆင်းရဲပင်ပန်းရှာသော သူ့လင်သားကို အသနားပိုရသည်။ သူလည်း ဘာမျှဝင်မကူနိုင်သည့်အတွက် ရင်ထဲမကောင်း။

"ကိုဒေါင်းရယ် .. ကိုဒေါင်းလည်း ပင်ပန်းလှပါပြီ။ မွေးဖို့ရက်ကလည်း မလိုတော့ဘူး။ ခုထိလည်း ကလေးအတွက် လိုအပ်တာတွေ မဝယ်ရသေးဘူး။ မွေးတဲ့ရက်ကျရင်လည်း ဘာတွေဘယ်လောက်ကုန်ဦးမလဲ မသိဘူး"

လင်သားမျက်နှာကို အကြင်နာမျက်လုံးနဲ့ ဝေ့ဝဲကြည့်ရင်း ပန်းနုစိတ်မကောင်းစွာ ဆိုလာသည်။

"မိန်းမရယ် ... ဘာတွေနေတာလဲ။ အချိန်တန် ဖြစ်သွားမှာပေါ့။ စိတ်အေးအေးထားပါကွာ။ ကိုဒေါင်းပင်ပန်းတယ်ဆိုတာ မိန်းမနဲ့ ရင်သွေးလေးအတွက်လေ။ သားသမီးအတွက်ဆိုရင် မိဘတွေမှာ ပင်ပန်းတယ်ဆိုတာ မရှိပါဘူး"

သို့ဖြင့်ပင် ဒေါင်းစိန်နှင့် ပန်းနုတို့အတွက် သားဦးရတနာလေး အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ပါသည်။ သားလေးမျက်နှာ မြင်လိုက်ရသည့် အခိုက်မှာပင် ဆင်းရဲပင်ပန်းခဲ့သည်များမှာ အလိုလိုပြေလျော့သွားပါတော့သည်။

မိသားစုတွင် တစ်ယောက်တိုးလာပြီမို့ ဒေါင်းစိန်သည် လုပ်မြဲအတိုင်း နေ့ပန်းရံအလုပ်ဆင်း၊ ညဆိုက်ကားနင်း မပျက်ခဲ့ပါ။ သားလေးနောင်ရေးဆိုသည့် အသိဖြင့် ခွန်အားတွေ ဖြစ်စေခဲ့ပါ၏။ ဒီလိုနဲ့ နောက်သုံးနှစ်အကြာမှာ ဒုတိယရင်သွေး သမီးလေးမွေးခဲ့ပြန်ပါသည်။ ဒုတိယရင်သွေးမွေးခဲ့စဉ်မှာလည်း အခက်အခဲတွေ များစွာကြုံတွေ့ခဲ့ရပါသည်။ ဒေါင်းစိန်သည် မည်မျှပင် အခက်အခဲ



www.burmeseclassic.com

www.burmeseclassic.com

တွေ့ကြုံခဲ့သော်လည်း မည်သူ့ထံမှ ငွေကြေးအချေးအငှား မလုပ်။ သူများဆီ လက်ဖြန့်ခံ အကူအညီမယူခဲ့။ ကိုယ့်ဒုက္ခ သူများဒုက္ခ မဖြစ်စေလို။ ဒါက ဒေါင်းစိန်ရဲ့ ရိုးရင်းစွဲ စိတ်ဓာတ်မာနပင် ဖြစ်ချေ၏။

ဒေါင်းစိန်နှင့် ပန်းနုတို့၏ လွန်လေပြီးသော ဘဝကောက်ကြောင်းမှာ သည်မျှသာ။

အခုတော့ အသက်ငါးဆယ်ဝန်းကျင် ဦးဒေါင်းစိန်၊ ဒေါ်ပန်းနုအဖြစ် အရွယ်တရား ပြောင်းလဲလာခဲ့ပြီ။ သားနဲ့သမီး ပညာရေး၊ မိသားစုစားဝတ်နေရေး အတွက် မောင်တစ်ထမ်း၊ မယ်တစ်ရွက် လုပ်ကိုင်ရင်းဖြင့် ဘဝကို ရောင့်ရဲတတ်စွာ ဖြတ်သန်းနေကြဆဲ ...။

●

တစ်နေ့ ...။

ဒေါင်းကြီးတို့အိမ်ရှေ့ မျက်စောင်းထိုး ခေတ်မီနှစ်ထပ်တိုက်ကြီးသို့ လူသစ်များ ပြောင်းလာကြသည်။ ခေတ်မီပရိဘောဂပစ္စည်းတွေမှာလည်း မနည်းမနော။ ကားကြီးနှင့်အပြည့်။ အိမ်ရှင်များသည် အလွန်ချမ်းသာဟန်တူ၏။ ကိုယ်ပိုင်ကား အကောင်းစား သုံးလေးစီးနှင့်။ အလှမွေး စုတ်ဖွားခွေး သုံးလေးကောင်လည်း ပါသေး၏။ ငှားလာသော အလုပ်သမားတွေလား၊ မိသားစုဆွေမျိုးတွေလားမသိ။ ပစ္စည်းများကို မနိုင်မနင်းချနေကြပါ၏။

ထိုအချိန် ထမင်းစားပြန်လာသော ဒေါင်းကြီးသည် မနိုင်မနင်းဖြစ်နေကြသည့် မြင်ကွင်း ကြည့်၍မနေတတ်တော့ဝင်ကူသည်။ ထိုအခိုက် အိမ်ကြီးရှင်ဖြစ်ဟန်တူသော အမျိုးသမီးကြီးတစ်ဦး စုတ်ဖွားခွေးလေးပိုက်ထွက်လာပြီး ပြောလိုက်သည်မှာ ...

"ဟဲ့ ... ဟဲ့ ... ဟိုတစ်ယောက်က ဘယ်ကလဲ၊ ဘယ်သူလဲ၊ ပစ္စည်းတွေက တန်ဖိုးကြီးပါဘိနဲ့၊ ပျောက်ရှပျက်စီးကုန်ရင် ဘယ်လိုလုပ်မလဲ၊ ခက်တော့တာပဲ၊ မင်းတို့ကလည်း ကိုယ့်ဘာသာလုပ်ကြပါ"

ကြားလိုက်ရသည့် အသံကြောင့် ဒေါင်းကြီးစိတ်ထဲ တင်းခနဲဖြစ်သွား၏။ မ,ချနေသည့်ဗီရို အောက်ရောက်အသွားမှာ ဒေါင်းကြီး ဆက်မကူတော့ဘဲ လှည့်ထွက်ခဲ့ပါ၏။ ဒေါင်းကြီးလှည့်ထွက်အလာ ကားဒေါင်းနားအရောက်မှာ ကားရှေ့တစ်ဖက်မှ ဖြတ်ပြေးလာသည့် စုတ်ဖွားခွေးလေးနှင့် တိုက်မိမည်အပြု ဒေါင်းကြီး စိုးရိမ်ကြီးစွာ ရှောင်လိုက်ရာ သူ့အိမ်ရှေ့ ရေမြောင်းထဲ ခြေချော်ပြုတ်ကျပါတော့သည်။ စုတ်ဖွားခွေးလေးမှာလည်း ဒေါင်းကြီးခြေထောက်နှင့် ခတ်မိကာ ချာချာလည်၍ အော်ပါတော့၏။

သည်တွင် စောစောက ပြောခဲ့သော အမျိုးသမီးကြီး ကားတစ်ဖက်မှ ပတ်ထွက်လာပြီး စုတ်ဖွားခွေးလေးကို ကောက်ချီလိုက်ပါသည်။ နောက်တော့

"ဟဲ့ ... ကစ်ကစ် ... ကစ်ကစ် သမီးလေး ဘာဖြစ်တာလဲ၊ ဟဲ့အို ... လာကြပါဦး၊ လာကြပါဦး၊ ရှိစ .. မိနှင်"

အမျိုးသမီးကြီးသည် စိုးရိမ်ကြီးစွာ စုတ်ဖွားကောင်လေးကို ပွေ့ဖက်နမ်းရှုံ့ပြီး ပွတ်သပ်ပေးနေပါတော့၏။ ဒေါင်းကြီးမှာတော့ ရေမြောင်းထဲမှာ ပက်လက်။

နောက် သမီးဖြစ်ဟန်တူသူ၊ အိမ်ဖော်ဖြစ်ဟန်တူသူနှစ်ယောက် ရောက်လာကာ စုတ်ဖွားကောင်လေးကို ပြုစုပေးနေကြပါ၏။ မြောင်းထဲတွင် ကျသွားရှာသော ဒေါင်းကြီးကိုတော့ ဘာဖြစ်သွားသလဲ မေးဖော်မရ။ မြောင်းထဲမှလည်း ဆွဲတင်မပေးကြသည့်အပြင် "ဒီလူကလည်း ခွေးတစ်ကောင်လုံးတောင် မမြင်ဘူးလားမသိဘူး"ဟု ပြောဆိုသွားပါသေး၏။

ဒေါင်းကြီးခမျာ ကြားလိုက်ရသည့် စကားကြောင့် ရင်ထဲမသက်မသာရှိသော်လည်း မည်သို့မျှ မတုံ့ပြန်နိုင်။ ရေမြောင်းရွှံ့ဗွက်ထဲမှ ကုန်းရုန်းထနေပါသည်။ ချော်နေ၍ တော်တော်နှင့် ထမရ။ အိမ်ထဲမှ သူ့သားကြီး ထွက်လာဆွဲတင်မှ ကုန်းပေါ်ရောက်လာခဲ့ရသည်။ ဒေါင်းကြီးတစ်ကိုယ်လုံး ရွှံ့ဗွေနဲ့ မြင်မကောင်း။

ဒေါင်းကြီး တိုက်အိမ်ကြီးကို အတန်ကြာလှမ်းကြည့်သည်။ သက်ပြင်းတစ်ချက် ချဖြစ်သွားပါ၏။

●

သည်ကနေ့မနက်စောစော လက်ဖက်ရည်ဆိုင်မှာ ဒေါင်းကြီးတစ်ယောက်တည်း ထိုင်ဖြစ်နေပါ၏။ ထိုင်နေရင်းမှပင် မနေ့က အဖြစ်တွေသည် သူ့ခေါင်းထဲ ရောက်လာသည်။ သို့ပါ၍ ...

"အင်း ... လူမဆန်သောလူတွေ၊ လူမပီသသောလူတွေ။ လူကို လူလို့မမြင်တတ်သောလူတွေ၊ လူသားလောကကြီးထဲမှာ အနုတ္တမ ရှိနေပါသေးလား။ ဒီလူတွေ လူကို ခွေးလောက်မှ တန်ဖိုးမရှိ ပြုမူခဲ့တာကတော့ အရုပ်ဆိုးလွန်းပါတယ်"ဟု မကျေနပ်စွာ တွေးချင့်နေမိခိုက် –

"ဟာ ... ဒေါင်းကြီး စောစောစီးရောက်နေပြီလား"

ဒေါင်းကြီးနှင့် လက်ဖက်ရည်ဆိုင်မှာ ထိုင်နေကျ လုပ်ဖော်ကိုင်ဖက် ဦးသိန်းရောက်လာပြီး ဝင်ထိုင်ရင်း မေးလိုက်ပါသည်။

"အေးကွာ ... ဈေးကြိုပြီး ဆာလည်းဆာ၊ မောလည်းမောတာနဲ့ စောစောရောက်နေတာ"

"နေပါဦး ဒေါင်းကြီး၊ ဒီနေ့ ဒေါင်းကြီးအိမ်ရှေ့တိုက်မှာ အိမ်တက်တာနေ ရှိတယ်မဟုတ်လား။ ဒ်ပေါက်ကျွေးဆို၊

www.burmeseclassic.com

မဖိတ်ဘူးလား။ အဲဒီသွားစားရင်ပြီးရော''

"ဟား ... ဟား ... အေး မဖိတ်ဘူး သေိန်းရေ မဖိတ်ဘူး။ ငါ ခုပဲ အဲဒီအိမ်က လူတွေအကြောင်း စဉ်းစားနေတာ။ အင်း ... သူတို့မိသားစုကို ကြည့်ရတာ ငါတော့ ဘဝင်မကျချင်ဘူး။ ငါ့အိမ်၊ ငါ့ယာ၊ ငါ့သား၊ ငါ့သမီး၊ ငါ့ဥစ္စာ၊ အဲ ... ငါ့ခွေးဆိုတဲ့ အတ္တမာနသမားတွေကွ''

"ဟာ .. ဒေါင်းကြီး၊ ဘယ်ကခွေး ပါလာရတာလဲ။ မကြားဘူးပေါင်ကွာ''

"ဒီလိုကွ သေိန်းရ ...'' ဆိုကာ ဒေါင်းကြီး သူကြုံတွေ့ခဲ့ရသည့် အဖြစ်ကို ပြောပြလိုက်ပါသည်။ ဒေါင်းကြီးစကားအဆုံးမှာ ဦးသိန်းပါးစပ်အဟောင်းသားနှင့် အံ့ဩသွားပါ၏။

"ဟာ ... အဲဒီလိုကြီးလား''

"ဟုတ်တယ် သေိန်းရေ၊ သူတို့က တော်တော်တန်တန်လူကို သူတို့အိမ်မှာ မွေးထားတဲ့ ခွေးလောက်တန်ဖိုးမထားချင်ကြဘူးကွ။ အစစပြည့်စုံနေတော့ မာန်တွေတက်ပြီး မာနတွေကြီးနေကြတာ။ ရှိမာန၊ အတ္တမာနပေါ့ကွာ''

ဒေါင်းကြီးပြောရင်းမှ တစ်ချက်ပြုံးသည်။

"အေး ... ဒါပေမဲ့ မာနဆိုတာ ထားအပ်တဲ့နေရာမှ ထားရတာ။ မာနရှိတာနဲ့ မာနကြီးတာ မတူဘူး။ ဒါကို အဲဒီလူတွေမသိဘူး။ ပစ္စည်းသခါချ လူသခါရဆိုတာကိုလည်း နားမလည်။ ငါတို့လည်း မွေးကတည်းက မာနဆိုတာ ရှိခဲ့တာပဲ။ ဒါပေမဲ့ တို့မာနက မဟုတ်တာမလုပ်တဲ့မာန၊ ဘယ်သူ့ကိုမှ အောက်ကျို့မခံဘဲ ကိုယ့်အားကိုယ်ကိုးတဲ့မာန၊ မရှိမာနပေါ့ကွာ''

"နေပါဦး ဒေါင်းကြီး။ သူတို့က တစ်လမ်းလုံးကို မဖိတ်တာလား''

"မဟုတ်ဘူးကွ။ ငါတို့လို တဲစုတ်မှာနေ၊ ကန်စွန်းရွက်ပြုတ်စားနေရတဲ့သူတွေ ဒံပေါက်နဲ့မတန်ဘူးဆိုပြီး ချန်ထားခဲ့တာများလား မသိပါဘူးကွာ''

"ဟာ ... ဒေါင်းကြီးကတော့ ပြောချလိုက်ပြန်ပြီ''

"ကဲ ... ထားပါကွာ။ ငါက ရယ်စရာပြောတာပါ။ ငါ့ကို မဖိတ်ရကောင်းလားဆိုတဲ့ မကောင်းမြင်စိတ်မရှိပါဘူး။ ဒါက သူ့သဘောသူဆောင်တာပဲ။ ကဲ .. ကဲ .. ငါကိတ်ပြန်လိုက်ဦးမယ်။ မင်းကော ...''

"ငါတော့ ဒီမှာစောင့်ရင်း ခလုတ်တိုက်ပါစင်ကျယ် စောင့်လိုက်ဦးမယ်''

"အေး ... ဒါဆို ငါသွားပြီ''

နေ့လယ် ထမင်းစားချိန် ဒေါင်းကြီး အိမ်ပြန်ရောက်လာသည်။ သမီးငယ် စာကျက်နေရာမှ အဖေကို မော့ကြည့်ပြီး သူထမင်းအိုးတည်ထားကြောင်း၊ မေကြီးပြန်မလာသေးကြောင်း၊ ဘာဟင်းမှ မရှိသေးကြောင်း ဆီးပြောသည်။

"ထမင်းရှိရင် ပြီးတာပဲပေါ့ သမီးရယ်။ ငါးပိရည်တော့ ရှိသေးတယ်မဟုတ်လား။ ကဲ .. ဖေကြီး ခြံထဲဆင်း ကန်စွန်းရွက်ခူးလိုက်ဦးမယ်။ သမီးစာဆက်ကျက်''

ဒေါင်းကြီး သမီးငယ်ခေါင်းကိုပွတ်ကာ အိမ်ပေါ်မှဆင်းလိုက်ပါ၏။ ထိုစဉ် ခြံဝမှာ ပလတ်စတစ်အိတ်တစ်လုံးကိုဆွဲလျက် အမျိုးသမီးတစ်ဦး ရောက်လာပါသည်။

"ဩော် ... ဦးလေး၊ ကျွန်မက အိမ်ရှေ့တိုက်အိမ်ကပါ။ ဒံပေါက်ထမင်း လာပို့တာပါ''

ထိုတိုက်အိမ်ကြီးမှ အိမ်ဖော်ဖြစ်ဟန်တူသူ အမျိုးသမီးငယ်သည် ပြုံးရွှင်စွာဖြင့် အထုပ်ကို လှမ်းပေးသည်။ ဒေါင်းကြီး တိုက်အိမ်ကို လှမ်းကြည့်သည်။

"ရော့ ... ယူပါဦးလေး။ အိမ်မှာ ဒံပေါက်တွေလည်း ပိုနေတာနဲ့''

အမျိုးသမီးငယ်၏ ဒုတိယစကားသည် ဒေါင်းကြီးရဲ့ မွေးရာပါမာနစိတ်ကို နှိုးဆွပေးသလိုမို့ ဒေါင်းကြီးသည် လက်ကာပြ ပြောလိုက်သည့်မှာ။

"ကျေးဇူးတင်ပါတယ် တူမကြီး။ ဦးတို့က သက်သတ်လွတ်စားတာမို့ ပြန်ယူသွားပါ။ ဘယ်လိုမှ မထင်နဲ့နော်၊ ဒီမှာဆို ဒံပေါက်တွေ အလကားဖြစ်သွားမှာ''

ဒေါင်းကြီးစကားကြောင့် အမျိုးသမီးငယ် ပြန်လှည့်သွားသည်။

ဒေါင်းကြီးလည်း အိမ်ခြေရင်းဘက်ဆင်းကာ ကန်စွန်းရွက်ခူးသည်။ ထိုအခိုက် သမီးငယ် ပြတင်းပေါက်မှ ခေါင်းပြူထွက်လာပြီး ...

"ဖေကြီး ... သမီးတို့က သက်သတ်လွတ်စားတာမဟုတ်ဘဲနဲ့ ဘာလို့ မယူလိုက်တာလဲ။ ဒံပေါက်ဆိုတာ သမီးတို့ တစ်ခါမှ စားဖူးတာမဟုတ်ဘူး''

သမီးငယ်ခမျာ မကျေမနပ် နှုတ်ခမ်းစူ၍ ပြောသည်။ ဒေါင်းကြီး သမီးငယ်ကို ပြုံးပြ၏။ နောက် ... လက်ထဲမှ ကန်စွန်းရွက်များကို ထောင်ပြသည်။

"ဒီမှာလေ ... သမီးရဲ့။ အဖေတို့ စားနေကျ သက်သတ်လွတ်။ ဟင်း ... ဟင်း ... စားနေကျပဲ ကောင်းပါတယ် သမီးရယ်။ ပါးစပ်အပျက်မခံချင်ပါနဲ့''

"ဟွန်း ... ဖေကြီးက ဘာမှန်းလဲ မသိဘူး။ အသားလွတ် မာနကြီးနေတာ''

သမီးငယ်မှာ မကျေမနပ်ဖြစ်ကာ တံခါးကို ဆွဲပိတ်လိုက်ပါ၏။

ဒေါင်းကြီး တစ်ချက်ပြုံးသည်။ နောက် ... ရင်ထဲမှ ထိုးထွက်လာသည့် သူ့စကားလုံးကတော့ ...

"အဲဒါ မာနကြီးတာမဟုတ်ဘူး သမီးလေးရေ၊ မာနရှိတာ၊ မာနရှိတာ။ မရှိမာနပေါ့သမီးရယ် ...''

ဟူ၍ပင် ...။

ကာတွန်းကြည်ဝင်း

www.burmeseclassic.com



# ကျွန်တော်ခေါင်းဆောင်တိုက်သော ဓားပြမှု

ရဲဝန်ထောက်(အငြိမ်းစား)

■ (ဤအောက်ပါစာကို ကျွန်တော်ရပြီးနောက် ဓားပြဗိုလ်ဗလ မေတ္တာရပ်ခံသည့်အတိုင်း ဖော်ပြသင့် မပြသင့်ကို စဉ်းစားလိုက်ပြီး စာထဲတွင် ပုလိပ်တို့ မတရားလုပ်မှုများကို ရေးထား၍ ယခုလက်ရှိ ရဲများ ထိုကဲ့သို့မပြုလုပ်ကြရန် စိတ်ကောင်းစေတနာဖြင့် ဖော်ပြလိုက်ပါသည်။) ■

www.burmeseclassic.com

www.burmeseclassic.com

ရှိနေတော့သည်။ နေ့အချိန်လွန်မြောက်ရာ ညအမှောင်ထုချိန်ကာလဆီသို့ နီးစပ်ကူးပြောင်းနေပြီဖြစ်၍ ကန်ကြီးပတ်လမ်းကြောတစ်ခို၌ လမ်းသွားလမ်းလာ၊ ကားသွားကာလာ ဖြတ်သွားဖြတ်လာတို့ပင် အတော်နည်းပါး ပြတ်လပ်နေချေပြီ။ ထိုစဉ် ရော်ရွက်ဝါတို့ တဖွဲဖွဲ ဝေလွင့်ကျနေသော ကန်ကြီးပတ်လမ်းတစ်ကွေ့တစ်ဝိုက်ပေါ်မှ ကွေ့ကာပတ်ကာ ဖြည်းညင်းစွာနှင့် လေညင်းခံရင်း ဖြည်းဖြည်းမောင်းနှင်လာသော အဲစိမ်းရောင် "Hillman" ကားကလေးပေါ်ရှိ ညားခါစမောင်နှံနှစ်ဦး ကြင်စဦးတို့သည် ပျော်ပွဲစားရုံ၊ စားသောက်ဆိုင်မှ စားသောက်ပြီး ပြန်လာကြတော့ စကားစမြည်ကိုယ်ရေးများကို ပြောဆိုလာကြလေသည်။

ချမ်းသာပြည့်စုံ၍ လုပ်ငန်းရှင်တစ်ဦးဖြစ်သော ခင်ပွန်းသည်ဖြစ်သူမှာ အသက် ၄၀ ကျော်ခန့်မျှရှိ၍ လှပချောမောသော ဇနီးသည်ကလေးမှာ အသက် ၂၀ ကျော်ခန့်မျှ ရှိလေသည်။ ညားခါစဖြစ်ကြသော ယင်းမောင်နှံနှစ်ဦးတို့မှာ ကန်တော်ကြီးနှင့် အနီးကလေးမျှသာရှိသော ကန်တော်ကလေးရပ်ကွက်တွင် ဝယ်ယူနေထိုင်ကြကာ စိတ်တူကိုယ်တူဖြစ်သော ယင်းမောင်နှံနှစ်ဦးတို့အနေနှင့်က နေ့စဉ်နေ့တိုင်းပင်ဆိုသလို အားလပ်မငရသည်နှင့် နံနက်အရုဏ်၊ သို့မဟုတ် ညနေပိုင်းအချိန်ပိုင်းတို့၌ ကန်တော်ကြီးသို့ ကားကလေးနှင့် သွားရောက်၍ တစ်ပတ်ပတ်ကာ လေညင်းခံလေ့၊ အပန်းဖြေခံစားလေ့ရှိတတ်ကြလေသည်။

ယနေ့တွင်လည်း အလုံ၊ ကြည့်မြင်တိုင်ဘက်မှ စားသောက်ပြီးကြ၍ ဦးထောင်ဗိုလ်လမ်းမကြီးမှ ဆင်းသက်မောင်းနှင်၍ ကွေ့ပတ်လာကာ ဗဟန်းဘက်၊ ထိုမှ ကန်တော်ကြီးကို ပတ်မောင်းကာ ကနေဒီကျွန်း၊ ဘုတ်ကလပ်၊ ပြီးက တိရစ္ဆာန်ရုံရှေ့၊ ထိုမှ ခရစ်ယာန်သုသာန်ရှေ့နားဆီသို့ မောင်နှံနှစ်ဦးတို့ ကားပေါ်၌ အာလာပသလ္လာပများကို အချီအချ တုံ့လှယ်ပြောဆိုမိလာကြရင်း ခင်ပွန်းဖြစ်သူက ကားကလေးကို ဖြည်းညင်းစွာပင် မောင်းနှင်လာခဲ့လေသည်။ တစ်ဖန် ထိုမှ နေအိမ်ရှိရာ ရပ်ကွက်ဆီသို့ ပြန်ရန် ဖဆပလ ရပ်ကွက်ကြီးဘက်သို့ ဦးတည်နေသော ကားလမ်းမကြီးပေါ်သို့ အကွေ့အချိုးတွင် လူလည်းအပိုမတင်လာခဲ့သလို လမ်း၌လည်း အလျဉ်းမျှ မရပ်တန့်ခဲ့ဘဲ အလုံပိတ်ထားသော ကားနောက်ခန်းဆီမှ စူးရှပြင်းပြလှသော ထူးဆန်းသော ရေမွှေးနံ့တို့က ဟောင်ခနဲဆိုသလို ထွက်ပေါ်လာလေသည်။

ထိုသို့ ကားနောက်ခန်းဆီက ပြင်းပြစူးနစ်လှသော ရေမွှေးနံ့များကို ရုတ်တရက် ရုတ်ခြည်း အမှတ်မထင်မျှ ရှူးခနဲမျှ အထင်အရှားကြီးပင် ဆန်းကြယ်ထူးခြားလှစွာ ရရှိခံစားလိုက်ကြရသဖြင့် ကားမောင်းနေသော ခင်ပွန်းသည်ဖြစ်သူက အံ့အားသင့်သွားကာ စတီယာတိုင်အပေါ်ရှိ နောက်ကြည့်ကားမှန်ကလေးကနေ၍ နောက်ခန်းဆီသို့ ပျာပျာသလဲနှင့် လှမ်း၍ ခိုးကြည့်လိုက်သလို ဇနီးသည်ဖြစ်သူကလည်း နောက်ကျောရှိ ကားနောက်ခန်းဆီသို့ ကပျာကယာ အမြန်အဆန်နှင့် ဆတ်ခနဲမျှ လှည့်စောင်း၍ ကြည့်လိုက်လေရာ အလွန်တရာမှ ချောမောတင့်ဆန်း လှပပြီး ထူးခြားဆန်းကြယ်သော အသွင်ရှိသည့် သက်လတ်တန်းအရွယ်မျှ ရှိပုံရသော မိန်းမသားတစ်ဦးက ထိုင်၍လိုက်ပါလာသည်ကို အံ့သြတကြီးနှင့် ရင်သပ်ရှုမောဆိုသလို ပြိုင်တူမျှ ထပ်ကာမြင်တွေ့ ရင်ဆိုင်ကြရလေသည်။

ကားနောက်ခန်းဆီမှ ထိုင်လိုက်ပါလာသော မိန်းမသားမှာ အလွန်တရာမျှ ချောမောလှပသလို၊ အစိမ်းနုရောင်ဝမ်းဆက်ကို ဝတ်ဆင်ထားပြီး ရွှေထည်များကိုလည်း ညွှန်နေအောင်ပင် ဝတ်ဆင်ထားသည်။ အလွန်ရင်းနီးဖော်ရွေသော မျက်နှာနှင့် အပြုံးကလေးဝင့်၍လည်း သူတို့မောင်နှံတို့ထိုင်ရာ ကားရှေ့ခန်းဆီသို့ တည်ငြိမ်စွာပင် ကပ်ကာကြည့်ရှုနေသည်ကိုလည်း သူတို့မောင်နှံတို့က သတိထားမိပြန်လေသည်။

လူပိုလည်းမတင်၊ လမ်း၌လည်း မရပ်ခဲ့ဘဲ တံခါးကိုပိတ်ကာ မောင်းနှင်လာခဲ့သော ကားနောက်ခန်းဆီမှ အမွှေးနံ့များနှင့်အတူ ထိုင်လိုက်လာ၍ ပါလာသော မိန်းမသားထူး၊ မိန်းမဆန်းကို မထင်မှတ် မမျှော်လင့်ပါဘဲ ရုတ်တရက်ကြီး ဘွားခနဲဆိုသလို ကပ်ကာ နဖူးတွေ့ ဒူးတွေ့မျှ ဆန်းကြယ်စွာ မြင်တွေ့ရင်ဆိုင်လိုက်ကြရ၍ ပုထုဇဉ်လူသားတို့၏ သဘောသဘာဝ ဓမ္မတာအတိုင်း မောင်နှံနှစ်ဦးတို့မှာ ရင်ဝယ် ဒိန်းခနဲဆိုသလို ထိခတ်တုန်လှုပ် ထူပူမိကြကာ ကြောက်လန့်တကြား သည်းထိတ်ရင်ဖိနှင့် အိမ်သို့ ကားကို တရကြမ်းမျှ အမြန်အတင်းမောင်းနှင်၍ ပြေးကြသ

www.burmeseclassic.com

သည်။ ဇနီးသည်ဖြစ်သော မိန်းမငယ်မှာ ကြောက်လန့်ရာလွန်း၍ တဆတ်ဆတ်ပင် တုန်ယင်နေရှာမိတော့သည်။ ကျော့ချွမ်းနေရှာတော့သည်။

သူတို့နေထိုင်ရာ အိမ်ရှေ့ဆီသို့ ကားရပ်မိသည်နှင့် သူတို့မောင်နံတို့သည် နောက်ခန်းကို ငုံ့စောင်း၍ပင် ထိုင်နေသော မိန်းမကို လှည့်ကာပြန်မကြည့်ကြတော့ဘဲ မကြည့်ရဲတော့ဘဲ ကားတံခါးကို အမြန်ဖွင့်ကာ ကားပေါ်မှ ကြောက်လန့်တကြားနှင့် ဝုန်းခနဲဆို သလို ဆင်းသက်ကာ အိမ်ပေါ်သို့ ပြေးတက်ကြလေသည်။ ထိုသို့ အိမ်ပေါ်သို့ အမောတကော အပြေးအလွှား ကမူးရှူးထိုး အလုအယက်နှင့် ပြေးတက်လာကြသော ထိတ်လန့်နေသည့် မောင်နံနှစ်ဦးတို့ကို အိမ်ပေါ်ရှိ ကွမ်းယာနေသော မိခင်အိုကြီးဖြစ်သူက လှမ်းတွေ့မြင်လိုက်ရ၍ စိုးရိမ်ပူပန်မိသွားပြီး -

"ဟဲ့...ဟဲ့...ဘာဖြစ်လာကြတာလဲ။ လန့်လိုက်တာကွယ်"

ဟု ပြေးတက်လာကြသော သမီးနှင့် သမက်တို့ကို မေးလေသည်။

တုန်လှုပ်ကြောက်လန့်ကာ မောဟိုက်နေရှာသော သမီးဖြစ်သော မိန်းမငယ်ဖြစ်သူလေးမှာ သူမ၏ လှုပ်ခုန်နေသော ရင်ဘတ်ကလေးကို လက်နှင့်က အသာအယာဖိလိုက်ကာ အပူတပြင်းနှင့် လှမ်းကာ အငမ်းမရနှင့် မေးစမ်းနေသော မိခင်ကြီးအား -

"အမလေး...အမေရဲ့ ကျွန်မတို့ကားပေါ်ကို မိန်းမတစ်ယောက်က ကန်တော်ကြီး သုသာန်ရှေ့နားက အတင်းထိုင်ပြီး လိုက်လာလို့ ကြောက်လိုက်တာ အမေရယ်။ ရေကိုသာ အရင်ပေးပါဦး"

ဟု အမောတကောနှင့် လှမ်းတောင်းသဖြင့် မိခင်ကြီးပေးသော ရေကို အငမ်းမရ သောက်ရှာလေသည်။ ထို့အတူ -

"ဟုတ်တယ် အမေရေ။ ကျွန်တော်တို့ စားသောက်ဆိုင်က စားသောက်ပြီး အပြန်မှာ နောက်ခန်းကို အသေအချာကြည့်ပြီး အသေအချာပိတ်လို့ လမ်းမှာ လူမတင်၊ လုံးဝမရပ်မနားဘဲ တန်းပြီး ကန်တော်ကြီးဘက်ကို အမြန်ပဲ မောင်းခဲ့တာ။ အဲဒီလို မောင်းနေတုန်း ကားနောက်ခန်းဆီက ဗုခနဲ ဟောင်ခနဲနဲ့ အမွှေးနံ့တွေကို ရုတ်တရက်ကြီး ရကြလို့ လှည့်ကြည့်လိုက်တာ အသံမပြုဘဲ တိတ်တဆိတ်ကလေးနဲ့ ထိုင်လိုက်လာတဲ့ မိန်းမတစ်ဦးကို တွေ့ရတယ်။ ကျွန်တော်တို့ အိမ်ရှေ့ခြံဝ ကားရပ်လိုက်တဲ့အထိ ထိုင်လိုက်လာတယ်။ ကျွန်တော်တောင် ကြောက်မိတယ်။ လူတော့မဟုတ်ဘူး အမေ။ သရဲမလား။ တစ္ဆေမလား မသိဘူး"

ဟု သမက်ဖြစ်သူကလည်း ယောက္ခမဖြစ်သူ မိခင်အိုကြီးကို တုန်တုန်ယင်ယင်နှင့် ရင်ဖွင့်ပြန်လေသည်။

သမက်နှင့် သမီးဖြစ်သူတို့၏ ရင်ဖိစကားသံများအဆုံးတွင် မိခင်အိုကြီးဖြစ်သူက -

"ကေ့တွေတော့ မကြာခဏပဲ ကြားရဖူးတဲ့ ကန်ကြီးနားတစ်ဝိုက်ဆီက ခေါင်းပြတ်ကြီးပုံစံနဲ့ အဂှားကားမောင်းသမားတွေ၊ ရှေးသည်နဲ့ လမ်းလျှောက်တဲ့သူတွေ၊ ဖြတ်သွားဖြတ်လာတွေကို ခြောက်လှန့်ပြတတ်တဲ့ ခေါင်းပြတ်သခဲ့သေးပဲလား" (ယခင်ကာလများဆီက ဖြစ်ပါသည်။)

"တစ်ခါ သုသာန်ရှေ့ နံရံ သစ်ပင်ကြီးတွေအပေါ် သစ်ကိုင်းပေါ်မှာ ထိုင်ပြီး သူ့ရဲ့ ရေမခြေထောက်ရှည် ရှည်ကြီးတစ်ချောင်း ပေ ၂၀ ခန့်ကျော်ကို အောက်ဘက်ရှိ ချောင်းစပ်ကလေး အထိ တွဲလောင်းကြီးချထားပြကာ တဟားတရား ခြောက်လှန့်ပြတတ်တဲ့ သရဲကြီးလား" (ယခုမရှိတော့ပါ။)

"ဒါမှမဟုတ် သူတို့လင်မယားနှစ်ဦးဖြစ်သူတို့ စားသောက်ဆိုင်က စားသောက်ကြပြီး အိမ်အတွက် ဝယ်ခြမ်းလာတဲ့ သားငါးဟင်းလျာတွေကို စားသောက်ချင်ကြလို့ ကပ်လိုက်လာကြတဲ့ သရဲတစ္ဆေတွေပဲလား"

စသဖြင့် တောင်တောင်အီအီ သူမကြားဖူးနားဝ ကြားသိမှတ်ရှုရသည်တို့အား တောင်တောင်အီအီ လျှောက်သွားပြီး အကြောက်မပြေကြသေးသော သမီးနှင့် သမက်တို့ကို ရေမန်းများတိုက်ကာ နှစ်သိမ့် ဖျောင်းဖျရှာလေသည်။ ချွေးသိပ်ရှာလေသည်။

တင်ပြပါ ညားခါစ မောင်နံနှစ်ဦးဖြစ်သူတို့ တစ်ညနေစောင်း၌ ကန်တော်ကြီးတစ်ပတ်မျှ ကားမောင်းကာ လေညင်းခံထွက်ခဲ့စဉ်၌ အလုံပိတ်ထားသော ကားနောက်ခန်းဆီက အမွှေးနံ့ တသင်းသင်းနှင့် ထိုင်လိုက်လာသော နာမ်ပရလောကသားဖြစ်နိုင်သော မိန်းမ တူ။ မိန်းမဆန်းတစ်ဦးနှင့် တွေ့ကြုံခဲ့ရ ဆိုင်ကြရသည့် ဂျွန်ဖြစ်ရပ်ဆန်းတစ်ခု ကို မေ့မေ့ပျောက်ပျောက် ဖြစ်လာကြ သည်။ နောင်ခြောက်လခန့်အကြာ



www.burmeseclassic.com

www.burmeseclassic.com

သော နေ့တစ်နေ့တွင် ဇနီးသည်ဖြစ်သူ မိန်းမငယ်ကလေးက သူမ၏ ခင်ပွန်းဖြစ်သူနှင့် မိခင်အိုကြီးအား ဆိုင်းမဆင့် ဗုံမဆင့် ထူးထူးဆန်းဆန်းဆိုသလို အပူတပြင်း အရေးတကြီးနှင့် အရေးပေါ် အမြန်အစီအစဉ် တစ်ရပ်အနေနှင့် ကောက်ကာငင်ကာမျှ တောင်းဆိုတင်ပြလာလေသည်။

သူမဆန္ဒပြုရာနှင့် တောင်းဆိုလာသည်တို့မှာ -

(၁) မန္တလေး၊ စစ်ကိုင်း၊ မုံရွာ အစရှိကြသော မြို့များသို့ ဘုရားသွားဖူးလိုသည်။ တန်ဆောင်းများ လှူလိုသည်။

(၂) ကိုတ္တိမသားတစ်ဦး ရှာကြံ၍ ဒုလ္လဘ ရဟန်းဘောင်သွင်းကာ ရဟန်းဒါယကာမအဖြစ် လှူဒါန်း၍ ကုသိုလ်ယူလိုသခည်။

(၃) ရန်ကုန်မြို့ရှိ နွမ်းပါးသော မိဘအကြီးအကဲ စသဖြင့် ဆွေမျိုးရင်းချာ တစ်စုတို့နှင့် ကျောင်းနေဘက်မိတ်ဆွေသူငယ်ချင်းအရင်းတို့ကို ရှာကြံစုစည်းကာ ငွေကြေးများထောက်ပံ့လိုသည်။

(၄) ရပ်ရွာအကျိုးအတွက် ငွေကြေးများ လှူဒါန်းလိုသည်။

(၅) ရန်ကုန်မြို့နှင့် ဆင်ခြေဖုံးတစ်ဝိုက်ရှိ စေတီပုထိုး၊ ဘုရားအားလုံးကို တစ်ဆူတလေမျှပင် မကျန်ရအောင် ဖူးတွေ့လှူဒါန်းလိုသည်တို့ဖြစ်ကြသည်။ မိန်းငယ်ကလေးအနေနှင့် သူမ၏ တင်ပြပါ အာသီသဆန္ဒအားလုံးတို့ကို တစ်ချက်တလေမျှပင် မကြွင်းမကျန်ရလေအောင် နေ့ညရက်လမဆိုင်းဆိုသလိုပင် စနစ်တကျနှင့် အထက်မြန်မာပြည်တစ်ဝိုက်ရှိ ဘုရားဖူးထွက်သည်။ စစ်ကိုင်းတောင်ရိုး၌ စကြံ၊ နတ်ဆောင်းနတ်လမ်းများ လှူသည်။ ကိုတ္တိမသားတစ်ဦးအား ပဉ္စင်းခံပေးကာ ရဟန်းအမအဖြစ် ခံယူ၍ အလှူကြီးများပေးသည်။ ရန်ကုန်မြို့ရှိ နွမ်းပါးသော ဆွေမျိုးသားချင်းနီးဝေးတို့နှင့် မိတ်ဆွေသူငယ်ချင်းအရင်းအပေါင်း၊ အနီးအဝေးအားလုံးတို့ကိုလည်း လိုက်လံရှာဖွေ ဆက်သွယ်ကာ ထောက်ပံ့သည်။

ထိုသည်တို့ထက် ထူးခြားဆန်းကြယ်သည့် သူမ၏ လုပ်ရပ်ဆန်း ပြုမူချက်တစ်ရပ်မှာ ဘုရားဖူးမှအပြန် တစ်လခန့်မျှအကြာ၌ စားသောက်၊ အိပ်စက်၊ သွားလာ၊ ဆက်ဆံ၊ ရယ်မောစသဖြင့် အကောင်းပကတိ ပုံမှန်အနေအထားများ ရှိရာမှ ဇနီးသည်ဖြစ်သော မိန်းမငယ်ကလေးသည် တစ်နေ့၌ ကောက်ကာငင်ကာ ရုတ်တရက် အဆန်းတကြယ် မြန်းစားကြီးဆိုသလို သူမကိုးကွယ်သော မြရာကုန်းဆရာတော်ဘုရားကြီးထံသို့ ခင်ပွန်းသည်နှင့်အတူ အပူတပြင်းမျှ သွားရောက်ဖူးတွေ့ကာ ဆရာတော်ဘုရားကြီးအား -

"အရှင်ဘုရား...ဘုရားတပည့်တော် နေချင်မှသာ နေရတော့မှာပါ။ အရှင်ဘုရားကို ရွှေဘန်ကောက်သင်္ကန်းနဲ့ နဝကမ္မဝတ္ထုငွေတွေ ကပ်လှူသွားချင်ပါတယ်ဘုရား"

ဟု ရိုခိုးဦးတင် နှုတ်ဆက်သည့်သဲသော နိမိတ်နမာမရှိဆိုသလို တရိတသေမျှ လျှောက်ထား၍ လှူဖွယ်တို့နှင့် ဝတ္ထုငွေတို့ကို အမြန်အရေးပေါ် အစီအစဉ်ထူးတစ်ရပ်အဖြစ် လှူဒါန်းခြင်းပင် ဖြစ်လေသည်။ ရေစက်လည်းချလေသည်။

ထိုသို့ ဇနီးသည်ဖြစ်သော မိန်းမငယ်ကလေးဖြစ်သူသည် သူမကိုးကွယ်သော မြရာကုန်းဆရာတော်ဘုရားကြီးအား ရွှေဘန်ကောက်သင်္ကန်းနှင့် ဝတ္ထုငွေများကို ကိုယ်တိုင်ရေစက်ချ၍ လှူဒါန်းပြီး နောင် ၁၀ ရက်ခန့်အကြာတွင် ထိုမိန်းမငယ်ကလေးသည် အကောင်းပကတိကြီးမှ ရုတ်တရက် ကောက်ကာငင်ကာ ရုတ်ခြည်း၊ မြန်းစားကြီးဆိုသလို နာမကျန်းဖြစ်ကာ ရန်ကုန်မြို့ရှိ စံပြဆေးရုံသို့ အရေးပေါ်အဖြစ် တက်ရောက်ကုသရလေသည်။ ဆေးရုံတက်ပြီး နှစ်ရက်ခန့်မျှအကြာတွင်ပင် အမောဖောက်ကာ မျက်ဖြူစိုက်လာသော အခြေအနေဆိုးသော မိန်းမငယ်ကလေးသည် သူမ၏ ခုတင်ဘေးဝဲယာနှစ်ဖက်အပြည့်တွင် ဝိုင်းအုံခဲ၍ အားပေးပြုစုကြည့်ရှုနေကြသော မြရာကုန်းဆရာတော်ဘုရားကြီး၊ ဆရာဝန်ကြီးများ၊ မိခင်နှင့် ခင်ပွန်းသည်၊ ဦးလေး၊ အဒေါ်၊ ဆွေမျိုးတစ်စုနှင့် မိတ်ဆွေများ၊ အခြွေအရံများနှင့် လာကြည့်သော ဧည့်သည်တို့ကို -

"ကျန်ခဲ့တဲ့လသားအရွယ်သားကလေးနဲ့ အမေ့ကို စောင့်ရှောက်ကြပါ။ အပ်ခဲ့ပါရစေနော်။ ဆေးကို ဖယ်ပေးကြပါ။ ဟိုမှာ သူတို့လာခေါ်ဖို့ လာနေကြပြီ...လာကြပြီ"

ဟု မျက်ရည်ပေါက်ကြီးများ တွေတွေကျဆင်းလျက် သူမ၏ လက်နှစ်ဖက်ကို ခုတင်နောက်ဘက်ရှိ အဝင်တံခါးပေါက်ဆီသို့ ဆန့်တန်းပေးကာ အသက်ထွက်သွားရှာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကားနှင့်၊ တိုက်နှင့်၊ ရွှေနှင့်ငွေနှင့်၊ အဆောင်အယောင်တွေနှင့်အတူ အခြွေအရံတွေနှင့် တစ်တုံးတစ်ခဲ ဆူဆူဖြိုး ဖြိုးကြီး အကောင်းပကာတိ ချောချော လှလှ၊ အရွယ်ကောင်း။ အရွယ်ငယ် ငယ်ကလေးနှင့် လေ့လော့်ရင်း တက် ကျိုးရဆိုသလို နမြောတသ မပစ်ရက် စရာကောင်းလှသော ကောင်းစားနေ တုန်း ဖြုန်းခနဲ ရုတ်ခြည်းမှု ကွယ်လွန် သွားရှာသော မိန်းမငယ်၏ ဖြစ်အင် ဆန်း။ ဖြစ်အင်ထူးအား ပတ်ဝန်းကျင်ရှိ ရွာခံ၊ မိတ်ခံ၊ ဆွေမျိုးသားချင်း မိတ် သင်္ဂဟတစ်စုတို့က အမျိုးမျိုးအဖုံဖုံပင် ဝေခွဲတွေးဆကြ၍ ဝေဖန်ကြ ထင်ကြေး ပေးကြလေသည်။ ပြောစမှတ်ပင် ဖြစ် ကြလေသည်။

ဂမ္ဘီရလမ်းကြောင်းကို လိုက်စား လေ့လာ၍ အတွေ့အကြုံရှိသူအချို့ကမူ တစ်လေသံတည်းပင်ဆိုသလို တလေး တနက်နှင့်...

"လောကကြီးက နက်နဲတယ်။ ဉာဏ်မမီနိုင်တဲ့ ဖြစ်အင်ကိစ္စတွေ၊ ဘုံ လောကသားတွေက အများကြီးရှိကြ တယ်။ ကွယ်လွန်သွားရှာတဲ့ မိန်းက လေးဟာ သိုက်နွယ်ဝင်ထဲက သိုက် ဆက်၊ ဥစ္စာစောင့်မကလေးတစ်ဦး ဖြစ် နိုင်တယ်။ ဥစ္စာစောင့်တွေဟာ တစ်ခါ တစ်ရံဆိုရင် လူ့လောကထဲကို ဒါနပြုပြီး ကုသိုလ်ယူချင်လို့ အလည်အပတ် အဖြစ် လာလည်ချင်လို့ သူတို့နဲ့ ပတ္တာန်း ဆက်ရှိခဲ့ဖူးသူတွေဆီကို လာရောက်[illegible] ပေါင်းသင်းရှင်သန် နေထိုင်တတ်[illegible] တယ်။ ခုလည်းကြည့်ကြည့်ပါ။ သခမန် အညတြနဲ့ မုဆိုးမရဲ့သမီးကလေးဟာ ရုပ်ရည်ရူပကာ ထူးခြားပြီး ချမ်းသာသူနဲ့ အကြောင်းပါတယ်။ လာရာ မုဆိုးမ သမီးရဲ့ မပွဲချာလှသော ဘဝပေးကို ဆန် ကျင်လှန်ချိုး ပြောင်းပြန်ဖြစ်ပြီး မတူ မတန်ဆိုသလို ချမ်းသာသူနဲ့ အကြောင်း ပါရတယ်။ ကား၊ တိုက်၊ ရွှေ ငွေ၊ ဥစ္စာ ပစ္စည်း၊ အခြွေအရံတွေနဲ့ သုံးဖြုန်းဝတ် စား၊ လည်ပတ်အလှူတွေ တဝကြီးပေး လို့ မတန်တရာ အဆမတန်မှု ကောင်း စားခဲ့တယ်။ အံ့ဩကုန်နိုင်ဖွယ်ဖြစ်ခဲ့ရ တယ်။

နောက်တော့ မပြောမဆို မထင် ရဘဲနဲ့ ရုတ်ခြည်းလျှပ်တစ်ပြက်နဲ့ ကောက်ကာငင်ကာ ကွယ်လွန်သွားရှာ တယ်။ တစ်ညနေမှာ သူမကားနောက် ခန်းဆီက လိုက်ပါလာခဲ့တယ်ဆိုတဲ့ မိန်းမထူး မိန်းမဆန်းဟာ အချိန်စေ့လို့ သူမကို လာခေါ်တဲ့ သူမရဲ့ သိုက်ဆက် နွယ်ဝင်ထဲက စေတမန်ဖြစ်နိုင်တယ်။ ဥစ္စာစောင့်တွေနဲ့ ပတ်သက်တဲ့ အထင် ကရဖြစ်ရပ်၊ အကြောင်းခြင်းရာတွေ၊ ဇာတ်လမ်းတွေနဲ့ ဓာတ်ပြား၊ ကက် ဆက်၊ ရုပ်ပြအချို့တောင် အထင်အရှား ပဲ ရှိပါတယ်။ အတွေ့အကြုံတွေအရ ဆိုရင် ဥစ္စာစောင့်တွေဟာ အများအား ဖြင့် သာမန်လူသားရင်းနွယ် စစ်စစ်တွေ လို အသက်ကို ပုံမှန်မှု မနေကြရဘတ် ဘူး။ မရှည်တတ်ကြဘူး။ လှူပြီးတန်း ပြီး၊ အိမ်ထောင်ကျပြီး၊ သားသမီးရပြီး ရင် [illegible]နည်းနည်းနဲ့ ရုတ်တရက် [illegible] ပြန်သွား[illegible]ရှိတတ် ကြ[illegible] [illegible]ကြ တယ်ဟု ထင်ကြေးပေးကြလေသည်။

ယခုအခါမှာတော့ တင်ပြခဲ့သည့် ဇာတ်လမ်းအဖြစ်ဆန်း အခြင်းအရာကို ပြန်ပြောရှာခဲ့သော ပုဂ္ဂိုလ်တွေရော၊ သက်ဆိုင်ရာ အမိက ကာယကံရှင် မောင်နံ့တို့နှင့် ဆွေမျိုးတစ်စုတို့ပါ အသီး သီး အသက်ပင် မရှိကြတော့ပါ။ အံ့ဩ စရာကောင်းလှသော ဂမ္ဘီရဇာတ်လမ်း ဖြစ်ရပ်ဆန်းတစ်ရပ်လည်း ဖြစ်ကာ ထို စဉ်အခါကလည်း စာရေးသူအနေနှင့် လည်း ထိုဇာတ်လမ်းဖြစ်ရပ်ဆန်းပါ မိသားစုဝင်တွေကို အတူနေ လူရင်း၊ မိတ်ဆွေရင်းတစ်ဦးအဖြစ် အနီးကပ်မှု ခင်မင်တွေ့မြင် သိရှိခဲ့ရဖူး၍ ထိုစဉ်က ပင် ရေးသားဖော်ထုတ် တင်ပြချင်ခဲ့ သော်လည်း ရေးသားတင်ပြရာတွင် စိတ်ကူးယဉ်ဇာတ်လမ်းအဖြစ် ထင်မြင် ကြမှာ စိုးရွံ့လှ၍ ယင်းဖြစ်ရပ်ဆန်းအား နှစ်ပေါင်း ၆၀ နီးပါးခန့်မှပင် သိုဝှက် သိမ်းဆည်းခဲ့မိပါသည်။ ယခုအခါတွင် တော့ ကိုယ်တွေ့လည်းဖြစ်၊ အထူးစိတ် ဝင်စားစရာလည်း ကောင်းလှသော ထို ဇာတ်လမ်းဖြစ်ရပ်ဆန်းကို ဂမ္ဘီရဝါသနာ ရှင်များအတွက် မဖြစ်မနေဆိုသလို တင်ပြလိုက်ရပါတော့သည်။

မှတ်ချက် ။ ထိုဖြစ်ရပ်ဆန်းနှင့် ထိုငနီးသည့် မိန်းကလေးတို့၏ ဖြစ်အင် အား ထိုစဉ်က မြင်တွေ့သိရှိခဲ့ရသော အနီးကပ်[illegible]ထိုင်သော လမ်းသူလမ်း သား၊ မိတ်ဆွေတို့က ထိုဖြစ်ရပ်ဆန်း အား ယ[illegible]ထက်တိုင် မမေ့နိုင်ကြသေး ဘဲ အမှတ်တရ[illegible]စွာနှင့် ကြုံတိုင်း [illegible]လည်း[illegible] [illegible]ပြောဆိုနေ[illegible]ကြ ဆဲပင် [illegible]သည်။

[illegible]တင်သိန်း[illegible]

www.burmeseclassic.com

# သိသာစေကြောင်း
# မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိင်္ခ၏နည်းစနစ်အတိုင်းဟောသည်
## ဒေါက်တာဇော်ယုနွယ်



တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မှတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်
ဖုန်း ၀၁–၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com



# တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် အကောင်းဆုံးအချိန် ဖြစ်ပါတယ်။ ကိုယ့်ကို မလေးစားတဲ့သူတွေတောင် ကြည်ညိုလေးစားလာမယ်။ မမျှော်လင့်တဲ့ဆီက ငွေတွေဝင်လာမယ်။ ဆုံးပြီလို့ထင်တဲ့လူတွေဆီက ငွေပြန်ရတတ်တယ်။ ငွေအစုလိုက်အပုံလိုက် ဝင်လာလိမ့်မယ်။ မိမိ၏ အလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ဝင်လာတတ်တယ်။ အလှူအတန်းကိစ္စများ မုချလုပ်ရမယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သော ကိစ္စများ အကျိုးပေး အောင်မြင်မယ်။ မကြာခဏ ခရီးထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေးအောင်မြင်လိမ့်မယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်သွားမယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေမြင့်တက်ခြင်း ကြုံရလိမ့်မယ်။ အထက်လူကြီးများ၊ မိသားစုအကြီးအကဲများကြောင့် စိတ်ညစ်ရမယ်။ အတူနေမိသားစုထဲမှ အကြီးအကဲ၊ အဘိုးအဘွားများ ကျန်းမာရေး ညံ့တတ်တယ်။ တခြားနေရာ ပို့ထားပါ။ စာရွက်စာတမ်း၊ စာချုပ်ကိစ္စများအတွက် စိတ်ညစ်ရတတ်တယ်။ မိမိလုပ်ငန်းများကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်းမလိုက်ပါနှင့်။ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ သားသမီးနှင့် ပတ်သက်ပြီး အနည်းငယ် ပူပန်ရတတ်တယ်။ ရွှေထည်ပစ္စည်း ထွက်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆီးရောဂါ၊ မျက်စိရောဂါ၊ အစာမှား၊ ဆေးမှား ဖြစ်တတ်တယ်။ အကျိတ်အခဲနှင့် ပတ်သက်သော ဝေဒနာကို ခွဲစိတ်ကုသခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီး(၃)ညွန့် (ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကန္နက်ကဒါန်ထီးဖြူ(၅)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္လာ၊ စနေ

**ညံ့သောရက်**

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

**ကံကောင်းသောနံပါတ်**

၂၅၊ ၂၉၊ ၃၂၊ ၃၉

**အထူးသတိပြုရန်**

ယခုကာလအတွင်း အရက်ပုလင်း(သို့မဟုတ်)လွယ်အိတ်တစ်လုံး လက်ဆောင်ရပါက လက်မခံပါနှင့်။ ချက်ချင်းပြန်ထုတ်လိုက်ပါ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် စနေနေ့တိုင်း နှင်းဆီပန်း ဆွမ်းတော်ကပ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လူမျိုးခြားက ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ရခြင်းများ ဖြစ်တတ်တယ်။ အာမခံ မလုပ်ပါနှင့်။ ရေတွင်း၊ ရေကန်ကိစ္စများ အောင်မြင်မယ်။ လုပ်ငန်းများအောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ ယခုကာလအတွင်း မည်သည့်အခက်အခဲနှင့် ကြုံသည်ဖြစ်စေ အားကိုးမရှာပါနှင့်၊ ဒုက္ခပေးမည့်သူများသာ ပေါ်လာတတ်တယ်။ အောက်လက်ငယ်သား ထွက်သွားခြင်း၊ ကျန်းမာရေးညံ့ခြင်း ကြုံရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်းများနှင့် လမ်းခွဲရတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေး အဆင်မပြေဖြစ်နေမယ်။ လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ်ပေါ်လာမယ်။ မပြောင်းပါနှင့်။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ ကြီးကဲသူ အထက်လူကြီးများကြောင့် စိတ်ညစ်ရတတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းပေးရတတ်တယ်။ မနာလိုသူလည်း ပေါ်လိမ့်မယ်။ မိမိထက်မြင့်သူ၊ နိမ့်သူ နှစ်ဦးလုံးက ဒုက္ခပေးလာတတ်သောအချိန် ဖြစ်ပါတယ်။ ကျန်းမာရေးအနေဖြင့် သွားနှင့်ပတ်သက်သောဝေဒနာ၊ အကြောနှင့်ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ ကျောဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကြက်လျှာအလံ(၈)ခုစဉ့်ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၁၄၊ ၅၃၊ ၇၅၊ ၇၆

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်ပြင်၊ အိမ်ဆောက်၊ အိမ်ပြောင်းခြင်း မပြုပါနှင့်။ တနင်္ဂနွေသားသမီးရှိလျှင် အိမ်မှ ထွက်သွားတတ်သည်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း မုန့်ဖက်ထုပ် (၅)ထုပ် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်သောခရီးများ၊ မရည်ရွယ်သောခရီးများ သွားရတတ်တယ်။ ကိုယ့်ကိစ္စမဟုတ်ဘဲ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လူမျိုးခြားက ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ ပညာသစ်တစ်ခု သင်ရတတ်တယ်။ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်းများနှင့်လည်း စိတ်ဝမ်းကွဲတတ်တယ်။ မနာလိုသူလည်း ပေါလိမ့်မယ်။ မိမိထက်မြင့်သူ နိမ့်သူ နှစ်ဦးလုံးက ဒုက္ခပေးလာတတ်သောအချိန် ဖြစ်ပါတယ်။ ကြီးကဲသူ အထက်လူကြီးများကြောင့် စိတ်ညစ်ရတတ်တယ်။ ပျိုရွယ်သူတွေအဖို့ မင်္ဂလာပွဲအစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ခြင်းများ ကြုံရတတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူတွေအတွက် အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ဘက်နှင့် စိတ်တိုင်းမကျခြင်း၊ အိမ်ထောင်ရေး အဆင်မပြေမှုများ ဖြစ်နေတတ်တယ်။ အိမ်ထောင်ဘက် ကျန်းမာရေး ညံ့တတ်တယ်။ ခါးအောက်ပိုင်း ဒုက္ခပေးတတ်တယ်။ မိမိကိုယ်တိုင်လည်း ကျောဉ် ရောဂါရတတ်တယ်။ ကျောက်ကပ်ဝေဒနာ အထူးဂရုစိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်(၆)ညွှန့်၊ နှင်းဆီ(၇)ပွင့်၊ ကြက်လျှာ(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၄၊ ၅၇၊ ၇၅၊ ၇၆

### အထူးသတိပြုရန်

မိမိအိမ်သို့ ဘိုးတော်တစ်ပါး ကြွလာသောနိမိတ်တွေ့လျှင်လည်းကောင်း၊ စွယ်တော်ဓာတ်ပုံ ဖူးရလျှင်သော်လည်းကောင်း ထီပေါက်တတ်တယ်။ ယခုကာလတွင် အမှုအခင်း မဖြစ်ရန် အထူးဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ပေါင်မုန့်ကို ထောပတ်သုတ်၍(သကြားမထည့်ရ) လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် ကောင်းတယ်ဆိုပေမယ့် အနည်းငယ် အတိုက်အခံများတတ်တယ်။ မထင်မှတ်ဘဲ အလုပ်တစ်ခု ပူးတွဲလုပ်ရတတ်တယ်။ အိမ်နေရာအသစ်ရခြင်း၊ နေရာထိုင်ခင်း မွမ်းမံပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ပြုလုပ်ရတတ်တယ်။ လုပ်သမျှ အဆင်မပြေတတ်ဘူး ဖြစ်နေမယ်။ ယခုကာလတွင် ဝါခေါင်လ၊ ကဆုန်လများ ပါဝင်နေရင်တော့ မြေကိစ္စ၊ အမွေကိစ္စ စကားပြောရခြင်း၊ မိန်းမနှင့်ပတ်သက်၍ အမှုအခင်းဖြစ်ခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ မထင်မှတ်ဘဲ အပြောင်းအလဲတွေ ကြုံရတဲ့ကာလဖြစ်တယ်။ လူတွေ အထင်ကြီးမှု၊ ချီးကျူးမှုတွေ ခံရတတ်တယ်။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ ရပိုင်ခွင့်တိုးခြင်း တွေ့ကြုံရတတ်တယ်။ မထင်မှတ်ဘဲ ပညာတစ်ခု သင်ကြားရခြင်း၊ သင်တန်းတစ်ခု တက်ရတတ်တယ်။ ခရီးတို၊ ခရီးရှည်များ သွားနေရလိမ့်မယ်။ ထိုခရီးများသည်လည်း သင့်အတွက် အကျိုးထူးစေပါလိမ့်မယ်။ ငွေဒလဟောထွက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ တနင်္ဂနွေ၊ သောကြာအမည်ပါသော ဆွေမျိုးသားချင်းက မထင်မှတ်ဘဲ အကူအညီကောင်းပေးလာလိမ့်မယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ အိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်တွင် သွေးထွက်သံယို ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၁၊ ၆၄

### အထူးသတိပြုရန်

ငါးကျည်းစူး စူးမိလျှင်လည်းကောင်း၊ ရေမြွေတွေ့လျှင်လည်းကောင်း
သင်သည် စွပ်စွဲပြောဆိုခံရတတ်တယ်။
လူမျိုးခြား ဒုက္ခပေးတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ကဘုရားတွင် အုန်းသီးစိတ်(၆)စိတ်ကို
ကြေးလင်ဗန်းထဲထည့်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ညှံ့ပေမယ့်လည်း လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်၊ အာမခံ မလိုက်ပါနှင့်၊ သတိပြု၍ ရှောင်ကြဉ်ပါ။ ယခုကာလတွင် ငွေစုလို့ဆောင်းလို့ မရနိုင်သေးပါ။ ထွက်နေတဲ့ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းတွေ ပြန်ဝင်မယ်။ ကွဲကွာနေတဲ့ ဆွေမျိုးဟောင်း၊ မိတ်ဆွေဟောင်းများနဲ့ ပြန်လည်တွေ့ဆုံရတတ်တယ်။ အိမ်မှာ သားပျို၊ သမီးပျိုများ ရှိပါက အိမ်ထောင်ကျခြင်း၊ အိမ်မှ ခွဲထွက်သွားခြင်းမျိုး ကြုံရတတ်တယ်။ မိသားစုချင်း စိတ်ဝမ်းကွဲစရာတွေလည်း ဖြစ်ပေါ်လာတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နှင့် အဆင်မပြေ ကြီးစွာဖြစ်တတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ အောက်လက်ငယ်သားတွေက ဒုက္ခပေးတတ်တယ်။ အမှုတွေလည်း သယ်လာတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်တတ်တယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေထိုးလေအောင့် အစာအိမ်နှင့် ပတ်သက်တဲ့ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၄၆၊ ၆၄၊ ၄၂၊ ၂၄

### အထူးသတိပြုရန်

မိမိအိမ်သို့ ဘုရားတစ်ဆူ ကြွလာသော နိမိတ်တွေ့ပါက ငွေအစုလိုက် အပုံလိုက် ရတတ်တယ်။

ယခုကာလတွင် မြောက်အရပ်သို့ ရေလမ်းခရီး မသွားပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်ကြည်နူးမှုများနဲ့ ခရီးသွားရမယ့် ကာလဖြစ်ပါတယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားလျှင် ယခု [illegible]အတွင်း သွားလိုက်ပါ။ အလုပ်နှင့် စပ်သက်ပြီး နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်းမျိုး ကြုံရတတ်တယ်။ လုပ်ငန်းများ တိုးချဲ့ရတတ်တယ်။ ခရီးဝေးလည်း သွားရတတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်မယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ ဤကာလတွင် ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာ ဖြစ်တတ်တယ်။ အိမ်ထောင်ရှင်တွေအဖို့ အိမ်ထောင်ဘက်ရဲ့ ကောင်းသတင်းကြားရလို့ ဂုဏ်ယူရမယ့်အချိန် ဖြစ်ပါတယ်။ ငွေအထုပ်အထည်နှင့် ရတတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများ ဝင်တတ်တယ်။ ထိုငွေများ ရကာနီးတွင် ငွေကြေးအထစ်အငေါ့ ကြီးစွာဖြစ်ခြင်းမျိုး ကြုံရတတ်တယ်။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျခြင်း၊ ခန္ဓာကိုယ်တွင် အဖုအပိန့်များ ထွက်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ငြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၄၊ ၄၆၊ ၆၇၊ ၄၅

### အထူးသတိပြုရန်

ယခုကာလတွင် မိမိအိမ်သို့ မုဆိုးဖို၊ မုဆိုးမများ လာရောက်တည်းခိုလျှင် လက်မခံပါနှင့်။

မိမိအိမ်ကို ပေါင်နှံ၍ အလုပ်လုပ်ခြင်းမျိုး မပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် သရက်သီး ဆွမ်းတော်ကပ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အိုးအိမ်နေရာထိုင်ခင်း ပြုပြင်မွမ်းမံရခြင်း၊ အဆောက်အဦအသစ် ဆောက်လုပ်ပြင်ဆင်ရခြင်း ကြုံရတတ်သည်။ လုပ်ငန်း(၂)ခု၊ နေရာဌာန(၂)ခု ပူးတွဲလုပ်ကိုင်ရတတ်သည်။ စက်ပစ္စည်းဟောင်း ဝင်တတ်တယ်။ စာအုပ်တစ်အုပ် လက်ဆောင်ရတတ်တယ်။ ငွေအဝင်အထွက်ကြမ်းတတ်တယ်။ ဝင်လာသလောက် ပြန်ကုန်သွားတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စ၊ ငွေကြေးကိစ္စတို့နှင့် ပတ်သက်၍ စကားပြောရတတ်တယ်။ ခရီးကိစ္စ စီစဉ်ထားပါက အောင်မြင်စွာ သွားလာရတတ်တယ်။ သားသမီးရှိရင် သားသမီးအတွက် စိတ်ပူရတတ်တယ်။ ရွှေ လက်ဝတ်ရတနာ ပျောက်ဆုံးတတ်တယ်။ လူမျိုးခြား၊ အောက်လက်ငယ်သားတို့ကြောင့် ပူပင်သောက ကြုံရတတ်တယ်။ နိုင်ငံရပ်ခြားနဲ့ ဆက်သွယ်ရတဲ့ လုပ်ငန်းတွေ အဆင်မပြေ ဖြစ်တတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စနှင့် ပတ်သက်ပြီး စကားများရတတ်ပါတယ်။ အိမ်မှာရှိနေတဲ့၊ အိမ်မှာသုံးနေတဲ့ ရေပိုက်တွေ၊ ရေကန်တွေ ပြုပြင်ရတတ်တယ်။ လျှပ်စစ်ကြိုးတွေနှင့် ပတ်သက်တာတွေကိုလည်း ဂရုစိုက်ပါ။ အိမ်ထောင်ရှိသူတွေအဖို့ အိမ်ထောင်ဖက်နှင့် စိတ်တိုင်းမကျခြင်း၊ စိတ်ဝမ်းကွဲခြင်း၊ ကိုယ့်ကို အထင်လွဲခြင်းမျိုး ကြုံရတတ်တယ်။ ငွေနှင့်ပတ်သက်ပြီး ပူပန်ရမယ့်ကာလဖြစ်တယ်။ ရပ်ဝေးမြေခြားက အမျိုးသမီးတစ်ယောက်နှင့် ငွေကြေးကိစ္စ၊ ငွေလိမ်တာမျိုး ကြုံရတတ်တယ်။ ဘာပဲလုပ်လုပ် အပင်ပန်းခံသလောက် အကျိုးမရှိတဲ့ကာလဖြစ်တယ်။ စိတ်တွေက ဘာလုပ်ရမှန်းမသိ ယောင်ချာချာ ဖြစ်နေတတ်တယ်။ အလုပ်တွေလည်း တစ်ပိုင်းတစ်စ ဖြစ်နေတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျတတ်တယ်။ ခေါင်းမကြာခဏ ကိုက်တတ်တယ်။ ပျောက်နေပြီဖြစ်တဲ့ ရောဂါဝေဒနာဟောင်း ပြန်ပေါ်တတ်တယ်။ ခွဲစိတ်ကုသတာမျိုး ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရား တစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ညွန့်၊ တံခွန်အဖြူ (၉)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁ ။ ၁၁၊ ၁၁၊ ၁၇

### အထူးသတိပြုရန်

အမျိုးသမီးများ ဝမ်းဗိုက်ခွဲစိတ်ခံရတတ်သည်။ အမွေနှင့် ပတ်သက်ပြီး အမှုအခင်း ဖြစ်တတ်သည်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းပူပူနွေးနွေး ဆီဆမ်း၊ သားဖြူ၊ အုန်းသီးတစ်စိတ်ထည့်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် အညှဲထဲက စိဟ်ပျော်စရာလေးတွေ တွေ့ရမယ့်ကာလ ဖြစ်ပါတယ်။ အလုပ်သစ်တစ်ခုကို စတင်လုပ်ရတတ်တယ်။ စပ်တူလုပ်ငန်းတွေလည်း ပေါ်လာတတ်တယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ ဝန်ထမ်း ဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေအဆင့်အတန်း မြင့်တက်ခြင်းများကြုံမယ်။ မိဘ်ဆွေကောင်း၊ ဆရာကောင်းများနှင့် တွေ့မယ်။ အဖိုးတန်စက်ပစ္စည်းများ ဝင်ပိုင်မယ်။ ငယ်ရွယ်သူများအဖို့ သင်တန်းတစ်ခုတက်ရခြင်း၊ ပညာကောင်းရခြင်းများ ကြုံမယ်။ မြေကိစ္စ၊ အမွေကိစ္စများ အဆင်ပြေမယ်။ ရင်းနှီးသူများနှင့် အဆင်မပြေ လမ်းခွဲရခြင်းမျိုး ကြုံမယ်။ ဘုရားဖူးခရီးများ၊ စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပခရီးများ သွားရတတ်တယ်။ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့်အချိန်ဖြစ်ပါတယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ အမှုအခင်း ရုံးကိစ္စများနှင့် ပတ်သက်ရတတ်တယ်။ စိုးရိမ်စရာ မရှိပါ။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက် စိတ်ညစ်ရတတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေးအသည်းအသန် ဖြစ်တတ်တယ်။ စနေသားသမီး၊ ဗုဒ္ဓဟူးသားသမီးများကြောင့် စိတ်အနှောင့်အယှက် ဖြစ်စရာမျိုး ကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဒူး၊ နား ဒုက္ခပေးတတ်တယ်။ နှလုံးနှင့်ပတ်သက်၍ ကျန်းမာရေး ညံ့တတ်တယ်။ ဒါကြောင့်ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ တံခွန်ဖြူ(၂၁)လုံးတို့ကို လှူပေးပါ။ အညှဲများ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### အထူးသတိပြုရန်

ယခုကာလတွင် သချိုင်းမြေ လုံးဝမနင်းရပါ။

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တို့စံပယ်ပန်းများကို ပန်းမွေ့ယာခင်းပြီး လှူဒါန်းပေးပါ။

### ကံကောင်းသောနံပါတ်

၅၂၊ ၅၉၊ ၉၅၊ ၉၈